

ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ သက်တော် (၉၀) ပြည့် အထိမ်းအမှတ် အဖြစ် ထုတ်ဝေသည်။
မန္တလေးမြို့၊
မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယက
ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
ဒိုင်ယာရီ
မှတ်တမ်းများ
၁၉၆၆-၆၇-၆၈-၇၀-၉၀ ခုနှစ်များ
ပါဝင်သည်။
SEIKO
၁၃၈၅-ခု၊ ပထမဝါဆိုလပြည့်ကျော် (၁၃) ရက်
( ၂၀၂၃၊ ဇူလိုင်၊ ၁၅ )

ဆရာတော် ဦးရာဇဓမ္မာဘိဝံသ ၏ ဒိုင်ယာရီမှတ်တမ်းများစာအုပ်

# ဓမ္မဒါနကုသိုလ်ရှင်

တိပိဋက ပါဠိ + မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်

ရန်ကုန်မြို့ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်

လှည်းကူးမြို့ ဓမ္မာစရိယဥယျာဉ်ကျောင်းတိုက်

စစ်တွေမြို့ ဓမ္မာစရိယတက္ကသိုလ်နှင့် ဓမ္မာစရိယနိကာယကျောင်းတိုက်

မြောက်ဦးမြို့ ဓမ္မာစရိယသာမဏေကျော်ကျောင်းတိုက်တို့၏ နာယကချုပ်

ဝါကျူဥယျာဉ်ကျမ်းပြုဆရာတော်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

**ဘဒ္ဒန္တသုစိတ္တာဘိဝံသ**

ရန်ကုန်မြို့။

dEsigN myonyinyihtun 09-958885200


မန္တလေးမြို့

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယက

## ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ

# ခိုင်ငြိယာရှိမှတ်တမ်းများ


(၁၉၆၆–၆၇–၆၈–၇၀–၉၀ ခုနှစ်များ ပါဝင်သည်)



ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
သက်တော် (၉၀)ပြည့် အထိမ်းအမှတ်အဖြစ်
ထုတ်ဝေသည်။

<u>ပုံနှိပ်မှတ်တမ်း</u>

- စီစဉ်သူ – အရှင်ကဝိန္ဒာဘိဝံသ
- ကွန်ပျူတာ – ခြူးနှစ်ကောင်
  ဘုရားကြီးအရှေ့မုခ်၊ မန္တလေး။
  ဖုန်း ၀၉–၂၀၃၅၃၀၄
- အုပ်ရေ – ၁၀၀၀
- စီတီပီ – King
- ခုနှစ် – ၂၀၂၃–ခုနှစ်၊ ဇူလိုင်လ
- ပုံနှိပ် – မဇ္ဈိမအောဖ်ဆက်၊ မန္တလေး။
- တန်ဖိုး – ဓမ္မဒါန



ဦးရာဇဓမ္မာဘိဝံသ (၁၂၈၅–၁၃၇၄)



၁၃၆၆ – ခု တော်သလင်းလကွယ်နေ့ (၂ – ၁၀ – ၂၀၀၅) ရိုက်ကူးသည်။

နောက်တန်း။ ➡ ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ (မတ္တရာ–ပေါက်ဝဲ)၊ ဦးနန္ဒာဘိဝံသ (တန့်ဆည်)၊ ဦးပညာဇောတာဘိဝံသ (နတ်မောက်)၊ ဦးကုသလာဘိဝံသ (ကလေး)၊ ဦးသူရိယာဘိဝံသ (ယင်းမာပင်)၊
ဦးပညိန္ဒာဘိဝံသ (ဘိုကလေး)၊ ဦးသုစိတ္တာဘိဝံသ (ရေဦး)၊ ဦးတိက္ခိန္ဒြိယာဘိဝံသ (ကျိုက်လတ်)၊ ဦးဏ္ဍနန္ဒကာလင်္ကာရာဘိဝံသ (ခင်ဦး)၊ ဦးကဝိန္ဒာဘိဝံသ (ခင်ဦး)၊ ဦးဓာနေယျာဘိဝံသ (နတ်မောက်)၊

ရှေ့တန်း။ ➡ ဦးဝိမလာဘိဝံသ (ကန့်ဘလူ)၊ ဦးဝိလာသာဘိဝံသ (ဘုတလင်)၊ ဦးဝါသေဋ္ဌာဘိဝံသ (ဆင်ပေါင်ဝဲ)၊ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ မုံရွာ)၊ ဦးကေသရာဘိဝံသ (ခရမ်း)၊
ဦးသုစိတ္တာဘိဝံသ (မြေပုံ)၊ ဦးတိက္ခိန္ဒြိယာဘိဝံသ (ဝေါ)၊



(က)

(၁၂)

# ☆ မန္တလေးမြို့-ပရိယတ္တိသာသနဟိတအသင်း ☆

## ၁၃၂၄-ခုနှစ်၊ (၅၆)ကြိမ်မြောက် (နယုန်လ)စာချေကျက်မေးခန်း

## အမှတ်များရာ အလိုက်-စာအောင်ပုဂ္ဂိုလ်များစာရင်း

သီးခြားစာချတန်း ကျွမ်းအပြည့်အောင်ပုဂ္ဂိုလ်များ။

| စဉ်အမှတ် | ခုံအမှတ် | ဘွဲ့တော် ကျောင်းတိုက် | ပါရာဇိကဏ် | သီလက္ခန် | အဋ္ဌသာလိနီ | |
|---|---|---|---|---|---|---|
| ၁ | ၉ | ဦးမာဃဝိန္ဒ မွေခင်္ဂတရွှေဘီးကျော်ကျောင်းငွေတောင်တိုက် | အောင် | ပြီး | ပြီး | [illegible] |
| ၂ | ၁၁ | ဦးသြမာဝီရ စည်ရှင်ကျောင်းမဟာဂိသုဒ္ဓါရုံမန္တလေး | ပြီး | အောင် | ပြီး | |
| ၄ | ၃ | ဦးရာဇဓမ္မ သာသနနယုပဒေသကျောင်းမစိုးရိမ်တိုက် ။ | ပြီး | ပြီး | အောင် | |
| ၃ | ၁၄ | ဦးသုဇန ဇယဝတီကျောင်းမိုးကောင်းတိုက် ။ | အောင် | ပြီး | အောင် | |

သီးခြားစာချတန်း ကျွမ်းအစိတ် အဝက်အောင်ပုဂ္ဂိုလ်များ။

| စဉ်အမှတ် | ခုံအမှတ် | ဘွဲ့တော် ကျောင်းတိုက် | ပါရာဇိကဏ် | သီလက္ခန် | အဋ္ဌသာလိနီ | |
|---|---|---|---|---|---|---|
| ၁ | ၇ | ဦးတေဇနိယ (၂)* မဟာဂန္ဓာရုံကျောင်းတိုက်-အမရပူရမြို့ | အောင် | အောင် | မ | [illegible] |
| ၂ | ၈ | ဦးကုသလ မလွန်အုန်ကျောင်းမဟာဝိသုဒ္ဓါရုံတိုက် မန္တလေး | မ | အောင် | မ | |
| ၃ | ၁၅ | ဦးဇိန္ဒိမာ အာဂမနယုပဒေသကျောင်းမစိုးရိမ်တိုက် ။ | အောင် | မ | မ | |
| ၄ | ၁၀ | ဦးသြဘာသ ပုခန်းကျောင်းဒက္ခိဏာရာမတိုက် ။ | ပြီး | အောင် | မ | |
| ၅ | ၁၉ | ဦးဇယဒိသ သာသနနယုပဒေသကျောင်းမစိုးရိမ်တိုက် ။ | အောင် | မ | မ | |
| ၆ | ၂၃ | ဦးသောဘန မလွန်အုန်ကျောင်းမဟာဝိသုဒ္ဓါရုံ ။ | အောင် | အောင် | မ | |
| ၇ | ၂၄ | ဦးပညာဝံသ ဗိဋကနယုပဒေသကျောင်းမစိုးရိမ်တိုက် ။ | မ | အောင် | မ | |

သီးခြားစာသင်တန်းအောင်ပုဂ္ဂိုလ်များ။

| စဉ်အမှတ် | ခုံအမှတ် | ဘွဲ့တော် ကျောင်းတိုက် | |
|---|---|---|---|
| ၁ | ၄၁ | ဦးစန္ဒောဘာသ နယားကျောင်းဘုရားကြီးတိုက် မန္တလေး | [illegible] |
| ၂ | ၂၉ | ဦးသီရိန္ဒ စည်ရှင်ကျောင်းမဟာဝိသုဒ္ဓါရုံတိုက် ။ | |
| ၃ | ၇၀ | ဦးဇောတိန္ဒ ရှင်း ရှင်း ။ | |
| ၄ | ၃၀ | ဦးနန္ဒမာလာ* မဟာသုဗောဓာရုံတိုက် စစ်ကိုင်းမြို့ | |
| ၅ | ၃၄ | ဦးပညာဝံသ မလွန်အုန်ကျောင်းမဟာဝိသုဒ္ဓါရုံ မန္တလေး | |
| ၆ | ၇၇ | ဦးမုနိန္ဒ ရွှေဂေါ်ကျောင်းကနောက်သီးလင်းတိုက် ။ | |

မှတ်ချက်။ ။ ( * ) ဤအမှတ်ပြပုဂ္ဂိုလ်သည် ( ပရဒေသီ ) ဖြစ်ပါသည်။

**၁၃၂၄-ခုနှစ်၊ နယုန်လဆန်း (၁၅) ရက်နေ့။**

တိုက်ဆိုင်သူများ

၁။ သိန်းအောင်

၂။ မောင်ကြီး ရွှေပြည့်

၃။ ဦးပေါ

၄။ ဦးဥာဏ်

၅။ ဦးအုံးမောင်

ဝဏ္ဏကျော်ထင်-ဦးဆိုင်


ဥက္ကဋ္ဌကြီး

ထွန်းကြည်

စာချေကျက်မေးခန်း

အတွင်းစာရင်းကိုင်

ပ-သ-အ။



ဦးရာဇဓမ္မာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်၊
အသက်————......——၂၈
သိက္ခာတော် ၉

ဦးရာဇဓမ္မသည် မုံရွာမြို့အပိုင် အင်တိုင်းရွာ ခမည်းတော် ဦးဘဝင်း–မယ်တော် ဒေါ်နှင်းဦး တို့မှ တတိယမြောက်ဘွားမြင်သော သားရတနာဖြစ်ပါသည်၊ လေးနှစ်သားအရွယ်တွင် အင်တိုင်းရွာ တောင်ကျောင်းဆရာတော် ဦးရဝိန္ဒ ထံတွင် အပ်နှံ၍ ပညာများ စတင်ဆည်းပူးစေခဲ့ပါသည်၊ ၎င်းဆရာတော်ဘုရားထံတွင် ငယ်ရွယ်သူကျောင်းသား သင်သင့်သင်ထိုက်သော ပရိတ်ကြီး လောကနီတိစသည်ကို သင်ယူဘတ်မြောက်ခဲ့ပါသည်၊ ၁၃၀၃ ခုနှစ် တန်ခူးလဆန်း ၃-ရက်နေ့တွင် မိဘတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆရာတော်ဦးရဝိန္ဒကိုဥပဇ္ဈာယ်ပြု၍ရှင်သာမဏေအဖြစ်သို့ တက်ရောက်ခဲ့ပေသည်၊အသက် ၁၇–နှစ်သား အရွယ်တွင် သာမဏေအဖြစ်နှင့်အင်တိုင်းတောင်ကျောင်း စာချဆရာတော်ဦးကောဝိဒထံတွင် ပထမငယ်ဆိုင်ရာ ကျမ်းစာများကို သင်ယူ၍ ၁၃၁၂–ခုနှစ်တွင် အငယ်တန်းကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပါသည်၊၁၃၁၃–ခုနှစ်တွင် မုံရွာမြို့ မဟာဇောတိကာရာမ့ကျောင်းတိုက်သို့ ပြောင်းရွှေ့၍ ၎င်းတိုက် စာချဆရာတော်များ၏ ပညာနိဿယ ညည်းကိုခံယူခါ အလတ်အကြီးတန်းများကို ဝင်ရောက် ဖြေဆိုအောင်မြင်ခဲ့ပါသည်၊ ၁၃၁၅ ခုနှစ်တွင် အင်တိုင်းတောင်ကျောင်းဆရာတော်ဦးရဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ သန်းစတိုးဆိုင်ပိုင်ရှင် ခေတ်စက်ခေတ်ပြားကိုယ်စားလှယ် ဦးစော–ဒေါ်မြှင့် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းပဉ္စင်းအဖြစ်သို့တက်ရောက်ခဲ့ပါသည်။ ၎င်းနှစ်တွင် မန္တလေးမြို့–မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့ပါသည်။

**အသင်းစာမေးပွဲ ဘယ်လိုအောင်မြင်ခဲ့သလဲ၊**

ဦးပဉ္စင်း ဤအသင်းမှ ကျင်းပသောစာမေးပွဲ အောင်မြင်လာခြင်းမှာ ကံကောင်း၍ အောင်ခြင်းလော ဉာဏ်ကောင်း၍ အောင်ခြင်းလော ဝီရိယကောင်း၍အောင်ခြင်းလော ကံ, ဉာဏ်, ဝီရိယသုံးပါးစုံ၍ ပယောဂကြောင့် အောင်ခြင်းလော၊မည်သို့ပင်ဖြစ်စေ ဦးပဉ္စင်းဤအ

သင်းမှကျင်းပသော စာမေးပွဲအောင်လာခြင်းမှာ တော်တော်ကလေး ထူးဆန်းသည်ဟု ဆိုနိုင်ပါသည်၊ အောင်မြင်ပုံထူးဆန်းခြင်းမှာလည်း ဝင်ရောက်ဖြေဆိုရန်စိတ်ဖြစ်ပေါ်လာပုံ ထူးဆန်းခြင်းကြောင့်ပင် ဖြစ်ပါသည်။

ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း၍ ပြောဆိုရသော် လွန်ခဲ့သော ရှစ်နှစ်ခန့်က ဤအသင်းမှ ကျင်းပသော စာမေးပွဲဖြေဆို၍ပြီးသော နေ့တနေ့တွင် မစိုးရိမ်တိုက်သာသနကျောင်း ဆရာတော်ဘုရားက ကျောင်းနေသံဃာအားလုံးအား သြဝါဒမိန့်ခွန်းစကား မြွက်ကြားပါသည်၊ ဆရာတော်၏ သြဝါဒမှာ ဦးပဥ္စင်းတို့ သည်နေ့ အကျသီဟစာမေးပွဲဖြေပြီးသွားပြီ၊ တပည့်တော်တို့ကျောင်းမှာ သံဃာ ( ၈၀ ) ကျော်ရှိတယ်၊ ဒီထဲက တပါးမှ သကျသီဟ စာမေးပွဲမဝင်နိုင်ကြဘူး၊ တော်တော်ရှက်စရာကောင်းတယ်၊ ဝင်နိုင်ဘို့နေနေသာသာ သကျသီဟစာမေးပွဲရှိတယ်ဆိုတာမှ သိကြပါလေစဟူ၍ပင် ဖြစ်ပါသည်။

ဆရာတော်သည် ဤသြဝါဒကို တပည့်တို့အပေါ် နှိမ်လို၍ မိန့်မြွက်ခြင်း မဟုတ်တန်ရာ တပည့်တို့၏ စိတ်ဓာတ်ကို ဆွပေးခြင်း၊ တနည်းအားဖြင့် မီးထိုးပေးခြင်းပင် ဖြစ်တန်ရာသည်ဟု ယုံကြည်မိပါသည်၊ ဤယုံကြည်ချက်အတိုင်း သူငယ်ချင်းအရင်းနှီးဆုံးဖြစ်သော ဦးလာဘိအနှင့် တိုင်ပင်၍ ၁၃၁၇ ခုနှစ်တွင် ဤအသင်းစာမေးပွဲ ဝင်ဖြစ်အောင် ဝင်မည်ဟု ဆုံးဖြတ်လိုက်ပါသည်၊

၁၃၁၇ ခုနှစ်တွင် စ၍ဖြေဆိုရာ(၁၉)ခုနှစ်တွင်စာသင်တန်းကိုအောင်မြင်ပါသည်၊ ၎င်းနှစ်တွင်ပင် အစိုးရစာချတန်းကိုလည်း အောင်မြင်ပါသည်၊ စာသင်တန်း အောင်မြင်ပြီးနောက် အဋ္ဌကထာကြီးသုံးကျမ်းကို ဆက်လက်ဖြေဆိုရာ ၄ နှစ်မြောက်တွင် ခက်ခဲပင်ပန်းစွာ အောင်မြင်ခဲ့ပါသည်၊

ဤအသင်းစာမေးပွဲအတွက် စာလိုက်ခဲ့သော ဆရာတော်များမှာ မစိုးရိမ်တိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးနှင့်တကွ စာချနာယကဆရာတော်များ၊ တောင်သမန်တိုက် ပုသိမ်ကျောင်းဆရာတော်၊ မြင်းဝန်တိုက် ပတ္တမြားကျောင်းဆရာတော်၊ ဘုရားကြီးတိုက် ( အဂ္ဂမဟာပဏ္ဍိတ ) ဆရာတော် ဦးနာရဒ၊ ဦးဥက္ကံသဆရာတော်များဖြစ်ပါသည်၊

အထူးအားဖြင့် အဋ္ဌကထာသုံးကျမ်းကို တောင်သမန်တိုက် မဟာမြိုင်ကျောင်းဆရာတော် ဦးကေဝသ၊ ဘုရားကြီးတိုက် ဆရာတော် ဦးအရိယဝံသ၊ မစိုးရိမ်တိုက် သာသနကျောင်းဆရာတော် ဦးသီရိနန္ဒာဘိဝံသ – ဦးတေဇောသာရ ဆိဝံသ၊ နောင် တော်ကြီး ဖြစ်သော ဦးထောသလ္လ-ဦးဝိလာသာဘိဇေတို့ထံတွင် သင်ယူခဲ့ပါသည်၊




၁၃၁၉ ခုနှစ် (၁၉၅၈ ခုနှစ်)

စာချတန်းတွင် အောင်မြင်တော်မူသော

သာသနဓဇ ဓမ္မာစရိယ

## ဦးရာဇဓမ္မ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်

---

| | | | |
|---|---|---|---|
| အစီအစဉ်နံပါတ် | .... | .... | ၃၆၃ |
| သက်တော် | .... | .... | ၂၄ နှစ် |
| သိက္ခာတော် | .... | .... | ၅ ဝါ |

ဦးရာဇဓမ္မသည်၊ မုံရွာမြို့၊အင်းတိုင်းရွာ၊ အဘ ဦးဘဝင်း၊ အမိ ဒေါ်နှင်းဦးတို့မှ၊ ၁၂၉၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင်ဖွါးမြင်သော သားရတနာဖြစ်ပါသည်။

၁၃၀၃ ခုနှစ်၊ တန်းခူးလဆန်း ၃ ရက်၊ ကြာသပတေးနေ့တွင်၊ သာသန ဘောင်သို့ ဝင်ရောက်ခဲ့၍၊ ၁၃၁၅ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင်၊ ဆရာတော်ဦးကိတ္တိကို ဥပဇ္ဈာယ်ပြုလျက်၊ မုံရွာမြို့၊ သန်း စတိုးပိုင်ရှင် ဦးစော-ဒေါ်မြိုင်တို့၏၊ ပစ္စယာနုဂ္ဂဟကိုခံယူကာ၊ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ပါသည်။

၁၃၁၉ ခုနှစ်၊ တန်းခူးလ စာချတန်းစာမေးပွဲကို၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ ဆရာဘော် ဦးဝိသုဒ္ဓထံမှ၊ ဝင်ရောက်ဖြေဆိုအောင်မြင်ပါသည်။

### အောင်မြင်တော်မူခဲ့သောစာမေးပွဲများ

အစိုးရ ငယ်၊ လတ်၊ ကြီး၊ မုံရွာမြို့၊ မဟာဇောတိကာရာမတိုက် ပရိယတ္တိသာသနဟိတကာရီ စာမေးပွဲ၊ငယ်၊ လတ်၊ သကျသီဟ၊ စာသင်တန်း၊ အစိုးရစာချတန်းဘွဲ့ဖြစ်ပါသည်။

### စာလိုက်ခဲ့သောကျောင်းတိုက်နှင့်ဆရာတော်များ


မုံရွာမြို့၊အင်းတိုင်းရွာ၊ တောင်ကျောင်း ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော် ဦးကောဝိဒ၊မုံရွာ မဟာဇောတိကာရာမတိုက် စာချဆရာတော်များ၊ မန္တလေးမြို့၊တောင်သမန်တိုက် ပုသိမ်ကျောင်းဆရာတော်၊မန္တလေးမြို့၊ မစိုးရိမ်တိုက် နာယကဆရာတော်များဖြစ်ပါသည်။

ယခုအခါ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၌၊ သာသနတာဝန်ကို၊ ထမ်းဆောင်လျက် ရှိပါသည်။



B

(c)



၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ ကြာသပတေးနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်)
Thursday, 30th December 1965

၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ သောကြာနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်)
Friday, 31st December 1965

၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ စနေနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်)
Saturday, 1st January 1966

ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ လက်ရေးမူ

ဇန္နဝါရီလ ၂ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်)

Sunday, 2nd January

[illegible] who did it first [illegible]

ဇန္နဝါရီလ ၃ ရက်၊ တနင်္လာနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်)

Monday, 3rd January

[illegible]

ဇန္နဝါရီလ ၄ ရက်၊ အင်္ဂါနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်)

Tuesday, 4th January

[illegible]

ဇန္နဝါရီလ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်)

Wednesday, 5th January

[illegible]

ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ လက်ရေးမူ

# ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ

## (၁၂၉၅-၁၃၇၄)

၁၂၉၅-ခု၊ ဝါဆိုလပြည့်ကျော် (၁၃)ရက် ဗုဒ္ဓဟူးနေ့တွင် မုံရွာမြို့အပိုင် အင်တိုင်းရွာ ခမည်းတော် ဦးဘဝင်း၊ မယ်တော် ဒေါ်နှင်းဦးတို့မှ တတိယမြောက် ဘွားမြင်သော သား ဖြစ်သည်၊

၁၂၉၉-ခု လေးနှစ်သားအရွယ်တွင် အင်တိုင်းရွာ တောင်ကျောင်းဆရာတော် ဦးရဝိန္ဒထံတွင် အပ်နှံ၍ ပညာများ စတင်ဆည်းပူးစေခဲ့ပါသည်၊ ၎င်းဆရာတော်ဘုရားထံတွင် ငယ်ရွယ်သူ ကျောင်းသား သင်သင့်သင်ထိုက်သော သင်ပုန်းကြီး မင်္ဂလသုတ် စသည် ပရိတ်ကြီး လောကနီတိ ဂဏန်းသင်္ချာစသည်ကို သင်ယူတတ်မြောက်ခဲ့ပါသည်၊

၁၃၀၃-ခု တာကူးလဆန်း (၃)ရက်နေ့တွင် မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော် ဦးရဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ တက်ရောက်ခဲ့ပေသည်၊

၁၃၁၂-ခု အသက် (၁၇) နှစ်သားအရွယ်တွင် သာမဏေအဖြစ်နှင့် အင်တိုင်းတောင်ကျောင်း စာချ ဆရာတော် ဦးကောဝိဒထံတွင် ပဌမငယ်ဆိုင်ရာ ကျမ်းစာများကို သင်ယူခဲ့သည်။

၁၃၁၃-ခု နှစ်တွင် မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်သို့ ပြောင်းရွှေ့သည်။

၁၃၁၃-ခု နယုန်လ အစိုးရစာမေးပွဲ၌ စဉ် ၈၅၄၊ ခုံ စ-၆၇၂၊ ရှင်ရာဇဓမ္မ၊ အသက် ၁၇၊ ဦးဘဝင်း၊ အင်တိုင်း၊ မဟာဇောတိကာရာမတိုက်၊ ဆရာတော် ဦးဥတ္တမသာရ-ဟု ပဌမငယ်တန်း အောင်သည်။

၁၃၁၄-ခု နယုန်လ အစိုးရစာမေးပွဲ စဉ် ၅၂၁၊ ခုံ စ-၁၁၄၊ ရှင်ရာဇဓမ္မ၊ အသက် ၁၈၊ ဦးဘဝင်း၊ အင်တိုင်း ရွာ၊ မုံရွာ ဇောတိကာရာမကျောင်းတိုက်၊ ဆရာတော် ဦးဥတ္တမသာရထံမှ ပဌမလတ်တန်း အောင်သည်။

၁၃၁၅-ခု ပဌမဝါဆိုလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့တွင် အင်တိုင်းတောင်ကျောင်း ဆရာတော် ဦးရဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ သန်းစတိုးဆိုင်ပိုင်ရှင် ဓာတ်စက်ဓာတ်ပြားကိုယ်စားလှယ် ဦးစော ဒေါ်မြိုင် သားသမီး တစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းပဥ္စင်းအဖြစ်သို့ တက်ရောက်ခဲ့ ပါသည်၊ ၎င်းနှစ်တွင် မန္တလေး မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ မစိုးရိမ် ဝါဆို မှတ်တမ်းနှင့် တပေါင်းလ မစိုးရိမ်တိုက် စာမေးပွဲတို့၌ ဦးရာဇဓမ္မ၊ အသက် ၂၀၊ အဘ ဦးဘ ဝင်း၊ မုံရွာမြို့နယ် အင်တိုင်းရွာ ဇာတိ-ဟု စတင်တွေ့ရသည်။

၁၃၁၅-ခု တပေါင်းလစာမေးပွဲ၌ မစိုးရိမ်တိုက်မှ ပထမကြီးတန်း အောင်သည်။

၁၃၁၉-ခု သက္ကျသီဟစာသင်တန်း အောင်သည်။ အစိုးရစာချတန်း တနှစ်တည်း (၃)ကျမ်းပြီး အောင်သည်။ စာလိုက်ခဲ့သော ဆရာတော်များမှာ မစိုးရိမ်တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးနှင့်တကွ စာချနာယကဆရာတော်များ၊ တောင်သမန်တိုက် ပုသိမ် ကျောင်း ဆရာတော်၊ မြင်းဝန်တိုက် ပတ္တမြားကျောင်း ဆရာတော်၊ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနာရဒ၊ ဦးဥက္ကံသ ဆရာတော်များ ဖြစ်ပါသည်၊ အထူး

အားဖြင့် အဋ္ဌကထာသုံးကျမ်းကို တောင်သမန်တိုက် မဟာမြိုင်ကျောင်း ဆရာတော် ဦးကေသဝ၊ ဘုရားကြီးတိုက် ဆရာတော် ဦးအရိယဝံသ၊ မစိုးရိမ်တိုက် သာသနကျောင်း ဆရာတော် ဦးသိရိန္ဒာဘိဝံသ၊ ဦးတေဇောသာရာဘိဝံသ၊ နောင်တော်ကြီး (အကိုအရင်း) ဖြစ်သော ဦးကောသလ္လ၊ ဦးဝိလာသာဘိဓဇ (အင်တိုင်း၊ ရွှေနွယ်ရိုး) တို့ထံတွင် သင်ယူခဲ့ပါသည်။

၁၃၁၉-ခု ၁၃၂ဝ-ခုတို့၌ မစိုးရိမ်တိုက်အတွင်း မစိုးရိမ်ပါဠိဝေဒဂူသမိတိ-အမည်ဖြင့် ပါဠိစကားပြောအသင်း တည်ထောင်ပြီး ပါဠိစကားပြော ပြိုင်ပွဲများ ကျင်းပပေးသည်။ (ဓမ္မာစရိယဦးဌေးလှိုင်၏ မှတ်တမ်း၌ ၁၃၁၇-ခု တည်ထောင်ကြောင်း ရေးသည်။)

၁၃၂၁-ခု သီတင်းကျွတ်လမှ စ၍ မစိုးရိမ်ပါဠိတက္ကသိုလ်ကထိက ဖြစ်သည်မှာ ၁၃၂၆-ခု၊ ကဆုန်လဆန်း (၁၂)ရက်နေ့ ပါဠိတက္ကသိုလ်တခေတ် ကုန်သည်အထိ ဖြစ်သည်။

၁၃၂၂-ခု သကျသီဟ ပါရာဇိကဏ်နှင့် သီလက္ခန် (၂)ကျမ်းစွဲသည်။

၁၃၂၄-ခု အဋ္ဌသာလိနီအောင်ကာ သကျသီဟကျမ်းပြီးသည်။ မစိုးရိမ်တိုက် စာချနာယက ဖြစ်သည်။ ဝါဆိုလ၌ ဓမ္မနယူပဒေသကျောင်း ကျောင်းထိုင်နာယက ဖြစ်သည်။ စာဝါပေါင်းစုံ ပို့ချပေးသည်။

၁၃၂၇-ခု ပြာသိုလပြည့်နေ့ မစိုးရိမ်တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ ဖွဲ့စည်းပြီး အဘိဓာန်ရေးသားရာ၌ ပါဝင်သည်။

၁၃၂၈-ခု တပို့တွဲလဆန်း (၁၄)ရက်နေ့ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ၁၃၂၉-ခု၌ မစိုးရိမ်တိုက်သစ် ဝါဆိုသံဃာ (၆၄)ပါး ရှိသည်။

၁၃၃ဝ-ပြည့် (မတ်လ ၁၉၆၉)၌ မစိုးရိမ် နာယကဆရာတော်များ ရေးသားသည့် မစိုးရိမ် တိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ (၅) ထွက်လာသည်။

၁၃၃၄-ခု ဝါခေါင်လဆုတ် (၅)ရက် (၂၉-၈-၁၉၇၂)၌ မုံရွာခရိုင် ဘုတလင်မြို့နယ် ရေဘုတလင်ရွာ မြသိန်းတန်ဘုရားသမိုင်းစာအုပ် ရေးသားထုတ်ဝေသည်။

၁၃၃၄-ခု (ဩဂုတ် ၁၉၇၂)၌ မစိုးရိမ် နာယကဆရာတော်များ ရေးသားသည့် မစိုးရိမ် တိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ (၆) ထွက်လာသည်။

၁၃၃၅-ခု ဝါဆိုလပြည့်ကျော် (၇)ရက်နေ့ မစိုးရိမ်တိုက် ကျောင်းထိုင်နာယက တင်မြှောက်သည့်ဥပဒေ၌ လိုအပ်သည့် ဥပဒေကို သဘောတူ ဖြည့်စွက်သည်။

၁၃၃၇-ခု တပို့တွဲလ (၁၉၇၆-ခု ဖေဖော်ဝါရီလ)၌ သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်း၌ ဆောင်းပါးများစတင်ရေးသားသည်။

၁၃၃၈-ခု ဝါခေါင်လပြည့်ကျော် (၉)ရက် (၁၈-၈-၁၉၇၆)နေ့ မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာကို ရေးသားထုတ်ဝေသည်။

၁၃၄၁-ခု တန်ခူးလပြည့်ကျော် (၈)ရက် (၁၉-၄-၁၉၇၉)နေ့ မစိုးရိမ်တိုက် ပရိယတ္တိနယူပဒေသကျောင်း နာယက ဆရာတော် ဦးစန္ဒောဘာသာဘိဝံသ၏ ထေရုပ္ပတ္တိကထာကို ရေးသားထုတ်ဝေသည်။

·A

၁၃၄၄-ခု (ဇူလိုင် ၁၉၈၂)၌ မစိုးရိမ် နာယကဆရာတော်များ ရေးသားသည့် မစိုးရိမ်တိပိဋကပါဠိမြန်မာ အဘိဓာန် အတွဲ (၁၅) ထွက်သည်။

၁၃၅၀-ပြည့် (ဖေဖော်ဝါရီ ၁၉၈၉)၌ မစိုးရိမ် နာယကဆရာတော်များ ရေးသားသည့် မစိုးရိမ်တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ (၁၆) ထွက်သည်။

၁၃၅၁-ခု တပေါင်းလဆန်း (၆)ရက် (၁၉၉၀-၃-၁)ကြာသပတေးနေ့ အိန္ဒိယနိုင်ငံသို့ (ဂုရုကြီး ဂိုအင်ကာ၏ ပင့်လျှောက်ချက်အရ) ကြွရောက်ခဲ့သည်။

၁၃၅၉-ခု နယုန်လ မန္တလေးမြို့ ပြည်ကြီးတံခွန်-မစိုးရိမ်တိုက်သစ် တည်ထောင်သည်။

၁၃၆၀-ပြည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရသည်။

၁၃၆၃-ခု နယုန်လဆန်း(၁)ရက် (၂၂-၅-၂၀၀၁)နေ့ အမေရိကန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်သည်။

၁၃၆၄-ခု တပေါင်းလပြည့်ကျော် (၂)ရက် (၁၉-၃-၂၀၀၃)နေ့ စင်္ကာပူနိုင်ငံသို့ ကြွရောက်သည်။

၁၃၆၅-ခု တန်ခူးလကွယ်နေ့ ဆရာတော် ဦးသိရိန္ဒာဘိဝံသ ပျံလွန်တော်မူသဖြင့် မစိုးရိမ်တိုက်သစ်၌ မဟာနာယက ဖြစ်လာသည်။

၁၃၆၅-ခု၊ (၁၁-၁၁-၂၀၀၃)၌ မစိုးရိမ်နာယကဆရာတော်များ ရေးသည့် တိပိဋက ပါဠိမြန်မာ အဘိဓာန်၊ အတွဲ (၄) အပိုင်း (၂) ထွက်သည်။

၁၃၆၅-ခု နတ်တော်လဆန်း (၇)ရက် (၃၀-၁၁-၂၀၀၃)နေ့ စင်္ကာပူ အင်ဒိုနီးရှားနိုင်ငံများသို့ လေ့လာရေးခရီး ကြွရောက်သည်။

၁၃၆၅-ခု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ရသည်။

၁၃၆၆-ခု (၁၆-၂-၂၀၀၄)နေ့ မစိုးရိမ်တိုက်သစ် နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပွဲ ကဆုန်လပြည့်နေ့၌ ကျင်းပသည်။

မစိုးရိမ်တိုက်သစ် ရွှေရတု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ်

(၁) မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ ဒုတိယအကြိမ်

(၂) ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ခရီးသွားမှတ်တမ်းစာအုပ်၊

(၃) မစိုးရိမ်တိုက်သစ်မှ ဆရာတော်ကြီး (၃)ပါး အတ္ထုပ္ပတ္တိအကျဉ်း၊ သကျသီဟကျမ်းပြီးများနှင့် အစိုးရအထူးအောင်များ အတ္ထုပ္ပတ္တိစာအုပ် စုစုပေါင်း(၃)အုပ် ရေးသားထုတ်ဝေသည်။

၁၃၆၆-ခု ကဆုန်လပြည့်ကျော် (၁၄)ရက် (၁၇-၅-၂၀၀၄)နေ့ စင်္ကာပူ မလေးရှားနိုင်ငံများသို့ လေ့လာရေးခရီး ကြွရောက်သည်။

၁၃၆၆-ခု ပြာသိုလပြည့်ကျော် (၂)ရက်နေ့ (၂၆-၁-၂၀၀၅)နေ့ အိန္ဒိယနိုင်ငံသို့ ကြွရောက်သည်။

၁၃၆၇-ခု ဦးတန်ခူးလပြည့်ကျော် (၆)ရက် (၂၉-၄-၂၀၀၅)နေ့ တောင်ကိုရီးယားနိုင်ငံသို့ ကြွရောက်သည်။

၁၃၆၇-ခု နယုန်လ မန္တလေးမြို့ ဦးပေစိမစိုးရိမ်တိုက်သစ် တည်ထောင်သည်။

၁၃၆၇-ခု တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက် (၂၉-၁၁-၂၀၀၅)နေ့ ထိုင်းနိုင်ငံသို့ ကြွရောက်သည်။

၁၃၆၈-ခု ကဆုန်လပြည့်ကျော် (၈)ရက် (၁၉-၅-၂၀၀၆)နေ့ အင်္ဂလန် အီတလီ ပြင်သစ် နိုင်ငံများသို့ ကြွရောက်သည်။

၁၃၆၈-ခု ဝါခေါင်လပြည့်နေ့ (၈-၈-၂၀၀၆)နေ့ မစိုးရိမ်တိုက်သစ် ကျောင်းထိုင်နာယက တင်မြှောက်သည့် ဥပဒေ၌ လိုအပ်သည့် ဥပဒေကို သဘောတူ ဖြည့်စွက်သည်။

၁၃၆၉-ခု ပဋ္ဌမဝါဆိုလပြည့်ကျော် (၁၃)ရက် (၁၂-၇-၂၀၀၇)နေ့ မစိုးရိမ်တိုက် နှစ်တရာပြည့် အထိမ်းအမှတ်အဖြစ် မစိုးရိမ်သမိုင်းနှင့် သာသနာဝင်စာအုပ် ရေးသားထုတ်ဝေသည်။ မစိုးရိမ်တိုက် ရာပြည့်ပွဲကို ၁၃၆၉-ခု တန်ဆောင်မုန်းလ၌ ဦးဆောင်၍ ကျင်းပသည်။

၁၃၇၀-ပြည့် ဝါဆိုလ (၂၀၀၈)ခု၌ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဩဝါဒတရားတော်များစာအုပ် ထုတ်ဝေသည်။

၁၃၇၁-ခု ကဆုန်လဆန်း(၁)ရက် (၄-၅-၂၀၀၉)နေ့ အင်္ဂလန်နှင့် အီးယူနိုင်ငံများသို့ ကြွရောက်သည်။

၁၃၇၁-ခု သီတင်းကျွတ်လဆန်း (၁၃)ရက် (၁-၁၀-၂၀၀၉)နေ့ စင်္ကာပူ မလေးရှားနိုင်ငံများသို့ ကြွရောက်သည်။

၁၃၇၂-ခု ဝါခေါင်လဆန်း (၆)ရက် (၁၆-၈-၂၀၁၀)နေ့ ထိုင်း သီရိလင်္ကာနိုင်ငံများသို့ ကြွရောက်သည်။

၁၃၇၂-ခု၊ (၂၀၁၀)၌ မစိုးရိမ် နာယကဆရာတော်များ ရေးသားသည့် တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ (၄)၊ အပိုင်း (၃) (ဦ-ဩဠုမ္ပိက) ထွက်လာသည်။

၁၃၇၃-ခု ကဆုန်လပြည့်ကျော် (၁)ရက် (၁၈-၅-၂၀၁၁)နေ့ အမေရိကန်နိုင်ငံသို့ ဒုတိယအကြိမ် ကြွရောက်သည်။

၁၃၇၄-ခု ကဆုန်လဆန်း(၃)ရက် (၂၃-၄-၂၀၁၂)နေ့ ဂျပန်နိုင်ငံသို့ ကြွရောက်သည်။

၁၃၇၄-ခု နယုန်လပြည့်ကျော် (၈)ရက် (၁၂-၆-၂၀၁၂)နေ့ ဩစတေးလီယားနိုင်ငံသို့ ကြွရောက်သည်။

၁၃၇၄-ခု ဒုတိယဝါဆိုလဆန်း (၈)ရက် (၂၆-၇-၂၀၁၃)၌ ဓမ္မစေတီယကျောင်း (၆)ထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် မစိုးရိမ်တိုက်သစ် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ ကျင်းပသည်။ မစိုးရိမ်တိုက်သစ် ဝါဆိုသံဃာ (၂၈၅၉) (နှစ်ထောင်ရှစ်ရာငါးဆယ့်ကိုး)ပါး ရှိသည်။

၁၃၇၄-ခု တပို့တွဲလဆန်း (၁၃)(၁၄)(၁၅)ရက်တို့၌ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ သက်တော် (၈၀) ဂုဏ်တော်ပူဇော်ပွဲ ကျင်းပသည်။ ဆရာတော် ပို့ချခဲ့သည့်

(၁) သီလက္ခန်စာဝါ ပို့ချမှု (၂)တွဲ

(၂) အဋ္ဌသာလိနီ စာဝါပို့ချမှု (၂)တွဲ၊

(၃) ဋီကာကျော် စာဝါပို့ချမှု

(၄) ကိုယ်တိုင်ရေးသား စာပေများ

(၅) မစိုးရိမ်တိုက်သစ် စာအောင်သံဃာများ အတ္ထုပ္ပတ္တိ (သကျသီဟစာချအောင် (၂၅)ပါး၊ အစိုးရစာချအောင် (၈၂၂)ပါးတို့၏ အတ္ထုပ္ပတ္တိများ ပါဝင်သည်)

(၆) ဂုဏပူဇာ မဂ္ဂဇင်း စာအုပ်တို့ကို ထုတ်ဝေသည်။

၁၃၇၄-ခု တပေါင်းလဆန်း (၂) (၁၃-၃-၂၀၁၃)နေ့ ည ၁၁း၃၈နာရီအချိန် သက်တော် (၇၉) သိက္ခာတော် (၅၉) အရ မန္တလေး ဆေးရုံကြီး၌ ပျံလွန်တော်မူသည်။

◆

-B

## ကတညုတ ကတဝေဒီ

၁၃၇၄-ခု ဒုတိယဝါဆိုလဆန်း (၈)ရက်နေ့က မန္တလေး မစိုးရိမ်တိုက်သစ် ဓမ္မစေတီယကျောင်း ရေစက်ချအလှူ၊ လောကနာထစေတီတော် ရွှေထီးတော် စိန်ဖူးတော် တင်လှူပွဲနှင့်အတူ မဟာနာယက ချုပ် ဆရာတော်ကြီး၏ သက်တော် (၇၉)နှစ်ပြည့် ဝိဇာတမင်္ဂလာကို ပြုလုပ်ကြသည်။

နေ့လယ် (၁)နာရီအချိန်တွင် မစိုးရိမ်ကျောင်းသားဟောင်း သံဃာတော်များစွာတို့က ကန်တော့ ပန်း ဆင်မြန်းပြီး သြဝါဒခံယူကြသည်။ သြဝါဒခံယူပြီးသည်နှင့် တပြိုင်နက် ရဟန်းရှင်လူတပည့်များစွာ တို့၏ ရှေ့မှောက်မှာပင် မိမိက လျှောက်ထားခဲ့သည်မှာ

သုစိတ္တ။ ။ ဆရာတော်ဘုရား ယခုရောက်ရှိနေကြသည့် မစိုးရိမ်နွယ်ဝင် သံဃာတော် အရှင်မြတ် တို့၏ ဆန္ဒအတိုင်း တပည့်တော် လျှောက်ထားခွင့်ပြုပါဘုရား။ ယခု ရောက်ရှိနေကြသော မစိုးရိမ်တပည့် သံဃာတော်တို့က ဆရာတော်၏ သက်တော်(၈၀)ပြည့် ကျရောက်မည့်အခါတွင်လည်း ယခုလိုပဲ ဆရာတော်၏ သြဝါဒကို ခံယူလိုကြပါတယ်ဘုရား။ ပန်းပဲသမားတို့၏ ထုရိုက်မှု မခံရသေးသော သံတုံး သံရိုင်းများသည် ပေါက်တူး ဓားလှံစသော လူ့အသုံးအဆောင် ဖြစ်မလာနိုင်သကဲ့သို့၊ ကျောက်ဆစ်ရုပ်ထု ပန်းပုသမားတို့၏ ထုရိုက်မှုကို မခံရသော ကျောက်တုံးကျောက်ခဲတို့သည် တန်ဖိုးကြီးမား ဘုရားဆင်းတု စသည် ဖြစ်မလာနိုင်သကဲ့သို့၊ ဆရာမြတ်တို့၏ အဆုံးအမ သြဝါဒကို မရရှိကြသော တပည့်တို့သည်လည်း လောက/သာသနာ မည်သည့်နေရာမှာမှ တန်ဖိုးရှိသော အသုံးဝင်သော ပုဂ္ဂိုလ်များ ဖြစ်လာကြမည် မဟုတ်ပါ။ ဒါ့ကြောင့် နောင်နှစ် ဆရာတော်၏ သက်တော် (၈၀)ပြည့် မွေးနေ့မှာလည်း ယခုလိုပဲ ပူဇော်လို ကြကြောင်း, သြဝါဒ ခံယူလိုကြကြောင်း ခွင့်ပြုနိုင်ပါရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်။ ။ ငါက (၈၀)ပြည့်အောင် နေရမယ်လို့ ဘယ်သူက တာဝန်ယူမှာလဲ၊ ဘယ်သူကမှ တာဝန်မယူနိုင်တဲ့ ကိစ္စပဲ မဟုတ်လား။ အဲ (၈၀)အတွင်း မသေသေးဘူးဆိုရင်တော့ လုပ်ကြပေါ့ကွာ၊ ဒါပေ မယ့် ခုလို ကြီးကြီးကျယ်ကျယ် လုပ်ဖို့မလိုဘူး။ ခုဟာက သိပ်ကြီးကျယ်လွန်းတယ်။

၁၃၇၄-ခု၊ ဝါဆိုလဆန်း (၁၂)ရက် ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဝါဆို သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲသို့ ဆရာတော်ကိုယ်တိုင် ကြွရောက်ချီးမြှောက်သည်။ ညနေ ဘုရားဝတ်ပြုပြီး သြဝါဒခံယူကြသည်။ ၎င်းသြဝါဒ၌ (၁) သမဂ္ဂသီတင်းသုံးဖော် အချင်းချင်း ညီညီညွတ်ညွတ် နေတတ်ထိုင် တတ်ဖို့။ (၂) ပရိသတ်အများနှင့် နေရင် ခန္တီမေတ္တာတရား လက်ကိုင်ထားကြဖို့။ (၃) အဂါရဝ အမူအရာများ ကို ရှောင်ရှားကြဖို့။ (၄) ဆရာတပည့် သားအဖပမာ နေထိုင်ကြဖို့။ (၅) အနုရုဒ္ဓါ နန္ဒိယ ကိမိလ မထေရ်သုံး ပါးကို အတုယူ နေထိုင်ကြဖို့။ (၆) ခေါင်းဆောင်ကောင်းဆိုတာ ကဿပဘုရား လက်ထက်က ဂဝေသီ ဆရာကြီးကို အတုယူနိုင်ဖို့ အရေးကြီးကြောင်း။ (၇) ၎င်းအပြင် မင်းတို့ဆရာ မောင်သုစိတ္တ ကိုရင်ဘဝက ငါ အဋ္ဌသာလိနီ ပို့ချရင်း ဓမ္မသင်္ဂဏီအနုဋီကာကျမ်းပြု အရှင်ဓမ္မပါလ၏ သြဝါဒကို ပေးလေ့ရှိတယ်။

၁။ ဥဋ္ဌာရဇ္ဈာသယ-မြင့်မြတ်သော စိတ်နေစိတ်ထား ရှိရမယ်။

၂။ နိသမ္မကာရီ-နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတဲ့အတိုင်း စဉ်းစဉ်းစားစားလည်း လုပ်တတ်ရမယ်။

၃။ ပယောဂသမ္ပတ္တိ-လုပ်ကိုင်ပုံလည်း မှန်ကန်ရမယ်။

ဒီသုံးချက် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ စံပြခေါင်းဆောင်တဦး ဖြစ်မှာ သေချာတယ်။ ဤသို့ စသည်ဖြင့် ဓမ္မာစရိယတက္ကသိုလ်သို့ ကြွရောက်တိုင်း ဩဝါဒကထာ မိန့်ကြားလေ့ ရှိတယ်။

**ဆရာတော် သက်တော် (၉၀)ပြည့် နဝရတ်ရတုမင်္ဂလာပြုလုပ်ခြင်း**

ယင်းသို့ ၁၃၇၄-ခု ဝါဆိုလ ဩဝါဒကထာ ပေးပြီးချိန်မှာပင် ဆရာတော်ဘုရား တပည့်တော် အသက် (၁၈)နှစ်အရွယ် သာမဏေဘဝမှ စ၍ ယခု (၅၆)နှစ်ထဲ ရောက်လာသည့် အချိန်တိုင်အောင် ဆရာတော်၏ ရင်အုပ်မကွာ စောင့်ရှောက်မှု, ဩဝါဒခံယူမှုကို ရရှိခဲ့ပါသည်။ ဒီနေ့တိုင်အောင် ဆရာတော်၏ ဩဝါဒ လမ်းညွှန်မှုအတိုင်း လိုက်နာကျင့်သုံး နေထိုင်ခဲ့ပါသည်။ ဒါ့ကြောင့် ဆရာတော်၏ သက်တော် (၈၀)ပြည့်မွေးနေ့၊ (၉၀)ပြည့် မွေးနေ့နှင့် ရာပြည့်မွေးနေ့ပွဲတွေကို အောက်မြန်မာပြည် တပည့်များစွာတို့လည်း ပူဇော်ခွင့် ကြည်ညိုခွင့် ဩဝါဒခံယူခွင့် ရအောင် တပည့်တော်များ၏ ရန်ကုန် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်မှာ ပြုလုပ်လိုကြောင်း လျှောက်ထားခဲ့သည်။ ဆရာတော်ကလည်း ကြည်ဖြူစွာပင် ခွင့်ပြုခဲ့ပေသည်။

ဆရာတော်က "ငါ့မွေးနေ့အချိန်က ၁၂၉၅-ခု ဝါဆိုလပြည့်ကျော် (၁၃)ရက် (၁၉၃၃-ဇူလိုင်-၁၉)ဆိုတော့ မင်းတို့ရဲ့ ရန်ကုန်မှာ မိုးရာသီ ဖြစ်နေတော့ မင်းအသက် (၅၆)နှစ်ပြည့် တပေါင်းလမှာပဲ ငါ့ရဲ့ (၈၀)ပြည့် မွေးနေ့ကို ပေါင်းလုပ်ကွာ။

ဆရာတော်ထံမှ ခွင့်ပြုချက် ရယူပြီး ၁၃၇၄-ခု တပေါင်းလဆန်း (၈)ရက်နေ့မှာ ဆရာတော်၏ သက်တော်(၈၀)ပြည့် ဝိဇာတမင်္ဂလာရက် သတ်မှတ်ပြီး စနစ်တကျ စီစဉ်ခဲ့ပေမယ့် ၁၃၇၄-ခု တပေါင်းလဆန်း (၂)ရက်နေ့မှာပင် ဆရာတော်ဘုရား ဘဝနတ်နန်း ကြွမြန်းတော်မူခဲ့လေသည်။ ယခု သက်တော် (၉၀)ပြည့် နဝရတ်ရတု မွေးနေ့ပူဇာအချိန်မှာ ဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက် မစိုးရိမ်နွယ်ဖွား သံဃာတော်များ သာမဂ္ဂီသုခ တပေါသုခ အပြည့်အဝ ရရှိနိုင်အောင် ပြုလုပ်မည်ဟု ဆုံးဖြတ်ပြီး ဆရာတော်ကြီး၏ တပည့်ကြီး နာယကဆရာတော်များနှင့် တိုင်ပင်ကာ ဆရာတော်၏ သက်တော် (၉၀)ပြည့် နဝရတ်ရတု ပူဇာမင်္ဂလာကို ပြုလုပ်ရခြင်း ဖြစ်ပါသည်။ ယင်းသို့ ပြုလုပ်ရာ၌ စာအုပ်အဖြစ်သို့ မရောက်သေးသော ဆရာတော်ကိုယ်တိုင် ရေးထားသည့် ဒိုင်ယာရီမှတ်တမ်းကိုပါ စာအုပ်ရိုက်နှိပ် လှူဒါန်းလိုကြောင်း လက်ရှိမစိုးရိမ်နာယက အရှင်ကဝိန္ဒာဘိဝံသထံ ဆက်သွယ်အကူအညီ တောင်းခံခဲ့သည်။ ပင်ပန်းကြီးစွာဖြင့် ရှာဖွေစုဆောင်းထားသော စာမူများကို အစအဆုံး စာအုပ်အဖြစ်သို့ ရောက်အောင် နဝရတ်ရတု မွေးနေ့အမီ ပြီးမြောက်အောင် ကြိုးစားအားထုတ် ဆောင်ရွက်ပေးပါသော မစိုးရိမ်တိုက်သစ် နာယက ဆရာတော် ဦးကဝိန္ဒာဘိဝံသကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**အထူးလျှောက်ထားတောင်းပန်ခြင်း**

ယခု နဝရတ်ရတု ဝိဇာတမင်္ဂလာကဲ့သို့ ရာပြည့်ပွဲကိုလည်း ရန်ကုန်မြို့ ဓမ္မာစရိယတက္ကသိုလ်၌ပင် ဆင်ယင်ကျင်းပ ပြုလုပ်သွားပါမည်၊ ဆရာတော်ကြီး၏ မစိုးရိမ်နွယ်ဖွား တပည့်ကြီးငယ်များ ကြွရောက်ချီးမြှောက်တော်မူကြပါဘုရား။

အရှင်သုစိတ္တာဘိဝံသ
၂၃-၆-၂၀၂၃

## စီစဉ်သူ အမှာစာ

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်း မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးရာဇဓမ္မာဘိဝံသသည် ၁၂၉၅-ခု ဝါဆိုလဆုပ်(၁၃)ရက်နေ့ မွေးဖွားပြီး ၁၃၇၄-ခု တပေါင်းလဆန်း (၂)ရက်နေ့ ည ၁၁း၃၈-၌ ပျံလွန်တော်မူခဲ့သည်။ ယခု ထင်ရှား ရှိဦးမည်ဆိုလျှင် ၁၃၈၅-ခု ပဌမဝါဆိုလဆုပ် (၁၃)ရက်နေ့၌ သက်တော် (၉၀)ပြည့်မည် ဖြစ်သည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သက်တော်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် စာအုပ်လှူလိုကြောင်း ၁၃၈၅-ခု ပဌမဝါဆိုလဆန်း (၂)ရက်နေ့ နံက် ၇း၅၃ အချိန်က အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆရာတော် ဦးသုစိတ္တာဘိဝံသမှ အမိန့်ရှိသဖြင့် ဆရာတော် ရေးသားခဲ့သည့် ဒိုင်ယာရီမှတ်တမ်း-စာမူ ရှိကြောင်း လျှောက်ထားလိုက်သည်။ ယင်းစာမူကိုပင် ဆရာတော်၏ သက်တော်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် စာအုပ်ထုတ်ပါ၊ လှူဒါန်းမည်ဖြစ်ကြောင်း ပြန်လည်အမိန့် ရှိသည်။

ယင်းဒိုင်ယာရီများကို ဆရာတော်ပျံလွန်တော်မူပြီးနောက် ဆရာတော်၏ အခန်းထဲမှ ဓမ္မသီတဂူနာယက ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ ရရှိခဲ့ပြီး မိမိအား တဆင့် အပ်နှံခဲ့သည်။ ၁၉၆၆-ခု ၁-၁-ရက်နေ့မှစ၍ ၁၉၆၈-ခုအထိ ရေးသားထားသည့် မှတ်တမ်းများ ဖြစ်သည်။ နောက်ထပ် ၁၉၇၀-ပြည့် ၁၉၉၀-ပြည့် ဒိုင်ယာရီများ ထပ်မံ ရရှိခဲ့သည်။ ယင်းဒိုင်ယာရီများကို ဆရာတော်၏ (မြန်မာ အင်္ဂလိပ် ဟိန္ဒီ သက္ကဋ) လက်ရေးစကားလုံးများကို ဖတ်နိုင်သည့် ဓမ္မဒါယာဒကျောင်း ဦးသူရိယာဘိဝံသ (ပုလဲ)က လိုင်းပေါ်သို့ မူရင်းလက်ရေးပုံများနှင့် စာစီပြီးမူကို တင်ပေးခဲ့သည်။ ယင်းမှတ်တမ်းများကို မိမိက သိမ်းယူထားခဲ့သည်။

မစိုးရိမ်တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း စတင်ရေးသားသည့်အချိန်က ဤဒိုင်ယာရီများ စတင်ရေးသားခဲ့သည်။ ဒိုင်ယာရီများ၌ မစိုးရိမ်အဘိဓာန်အကြောင်းများနှင့်၊ နေ့စဉ် တွေ့ထိ ဆက်ဆံ ဖတ်မှတ်ခဲ့သမျှကို တချို့ မူရင်းအတိုင်း, တချို့ မှတ်ချက်, တချို့ ဝေဘန်လျက် တို့ကာ ထိကာ မှတ်တမ်းတင်ထားသည်။ မစိုးရိမ်တိုက်ကြီးမှ မစိုးရိမ်တိုက်သစ်သို့ ဆရာတော်ဦးရာဇဓမ္မ ပြောင်းရွှေ့ခြင်းဆိုင်ရာ ဘဝမှတ်တမ်းလည်း ပါဝင်သည်။

ယင်းဒိုင်ယာရီမှတ်တမ်းများကို “**သက်တော် (၉၀)ပြည့် အထိမ်းအမှတ် ဆရာတော် ဦးရာဇဓမ္မာဘိဝံသ ဒိုင်ယာရီမှတ်တမ်းများ**” အမည်ဖြင့် မူရင်းသတ်ပုံအတိုင်း စာအုပ်ထုတ်ဝေလိုက်ပါသည်။

စာအုပ်အလှူရှင်ဖြစ်သည့် ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ၊ မန္တလေး မစိုးရိမ်တိုက်သစ်မှ ဓမ္မသီတဂူကျောင်း နာယက ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ၊ ဓမ္မဒါယာဒကျောင်း ဦးသူရိယာဘိဝံသ (ပုလဲ)၊ အချိန်တိုအတွင်း စာအုပ်ဖြစ်အောင် စီမံပေးသည့် ခြူးနှစ်ကောင်စာပေ မန္တလေး-တို့အား ကျေးဇူးတင်စွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အရှင်ကဝိန္ဒာဘိဝံသ
ဓမ္မသုဝဏ္ဏမေတ္တာကျောင်း (နာယက)
မစိုးရိမ်တိုက်သစ်၊ မန္တလေး
၁၃၈၅-ခု၊ ပဌမဝါဆိုလဆန်း (၂)ရက်နေ့

ဆရာတော် ဦးရာဇဓမ္မာဘိဝံသ ဒိုင်ယာရီမှတ်တမ်းများစာအုပ်

# ဓမ္မဒါနကုသိုလ်ရှင်

မစိုးရိမ် တိပိဋက ပါဠိ + မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်

ရန်ကုန်မြို့ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်

လှည်းကူးမြို့ ဓမ္မာစရိယဥယျာဉ်ကျောင်းတိုက်

စစ်တွေမြို့ ဓမ္မာစရိယတက္ကသိုလ်နှင့် ဓမ္မာစရိယနိကာယကျောင်းတိုက်

မြောက်ဦးမြို့ ဓမ္မာစရိယသာမဏေကျော်ကျောင်းတိုက်တို့၏ နာယကချုပ်

ဝါကျူဥယျာဉ်ကျမ်းပြုဆရာတော်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

**ဘဒ္ဒန္တသုစိတ္တာဘိဝံသ**

ရန်ကုန်မြို့။

# ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏
# နေ့စဉ်မှတ်တမ်းများ

၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်၊ စနေနေ့ (၁၃၂၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်)

နဲ-ဗု-သ အဖွဲ့မှ လှူဒါန်းသော ဤစာအုပ်ကို လက်ခံရရှိသည်။ သုတ္တန်ကျောင်းဘုန်းကြီး (ဦးတေဇောသာရ) ရန်ကုန်မှ အပြန်တွင် လှူဒါန်းလိုက်သည်။ အဘိဓာန်လုပ်ငန်းအတွက် အဋ္ဌကထာ ဋီကာ စာအုပ်များကို လေးပုံစီ ခွဲဝေကြသည်။ အလုပ်လုပ်သော ပုဂ္ဂိုလ်များမှာ (၁) ဂန္ထ (ဂန္ထနယူပဒေသ မဟာနာယက) (၂) ပိဋက (ပိဋကနယူပဒေသ ဦးကောဝိဒ) (၃) ဓမ္မ (ဓမ္မနယူပဒေသ ဦးရာဇဓမ္မ) (၄) သုတ္တန္တ (သုတ္တန္တနယူပဒေသ ဦးတေဇောသာရ) (၅) (မာဂဓ သု) (မာဂဓနယူပဒေသ ဦးသုမန) (၆) (သာ ဇယ) (သာသနနယူပဒေသ၊ ဦးဇယဒိသ) ဖြစ်ကြသည်။ နေ့ ၂:၄၀ မှ ၃:၂၅ ထိ စီစဉ်ရသည်။ ဤသည်မှာ အဘိဓာန်လုပ်ငန်းအတွက် အလုပ်စခြင်းပင် ဖြစ်သည်။ တာဝန်ကြီးသော်လည်း တက်ညီလက်ညီလုပ်က အောင်မြင်ရာ၏။

2.1.66

နံက် ၁၀ နာရီတွင် ပါ နိဿယနှင့် မြန်မာပြန်များကို လေးစုခွဲသည်။ လုပ် ဓမ္မ သာ (ဓမ္မနယူပဒေသ၊ သာသနနယူပဒေသ)။ နေ့ ၂ နာရီတွင် ကျမ်းစဉ်စာကပ်ကြသည်။ လုပ် ဓမ္မ သုတ္တန္တ မာဂဓ။ ၃ နာရီတွင် အိုင်ရေ့ သုမင်္ဂလရောက်။ တောရွာများတွင် ထားပြ (ဓားပြ) ဆူပူကြောင်း ကြားရ၍ စိတ်မကောင်း။ Who did it first ကုန်သည်။

3.1.66

နံက် ၁၀ နာရီတွင် ကျမ်းစဉ်စာကပ် ဆက်လုပ်သည်။ လုပ် ပိ ဓမ္မ သာ (ပိဋက ဓမ္မ သာသန)။ နေ့ ၁ နာရီတွင်လည်း ကျမ်းစဉ်စာကပ် အပြီးသတ်လုပ်သည်။ ပါ (ပါဠိနယူပဒေသ) နှင့် မာ (မာဂဓနယူပဒေသ) ဘုန်းကြီးမှတပါး အားလုံး စုံစုံညီညီ လုပ်ကြသည်။ ဓာန်လုပ်ငန်းအတွက် ပုဂ္ဂိုလ်တွဲမှု ရာ(လျာ)ထားချက်ကို အကြမ်းဖျင်းစဉ်းစားကြသည်။ တရားဝင်အတည်မဖြစ်သေး။ ပျဉ်းမနား ဦးအဂ္ဂထံမှ စာရောက်။ ယဉ်ပုံဘုန်းကြီးအား ငွေလာချေး၍ တတ်နိုင်သမျှ အကူအညီပေးရန် ကတိပေးခဲ့သည်။ ရှာမပေးရသေး။ ၃-၁၂-၆၅ နေ့ အစည်းအဝေးမှတ်တမ်း အပြည့်အစုံ လက်ခံရရှိသည်။ သဒ္ဒ (သဒ္ဓမ္မနယူပဒေသ)ဘုန်းကြီး အပြန် ပါလာသည်။

4.1.66

ခန်လုပ်ငန်းအတွက် မူကြမ်း အဖွဲ့ ဖွဲ့ကြသည်။ ညနေ ၄ နာရီအချိန် ကျောင်းကြီးပေါ်တွင် တိုက်သံဃိက ရှိသမျှ နိဿယစာအုပ်များကို စုဆောင်းကြသည်။ အုပ်ရေ (---) ရသည်။ လုပ် ပိ ဓမ္မ ဂန္ထ။ ပါဠိတော်များကိုလည်း စီစစ်ကြသည်။ မူကြမ်း အဖွဲ့ ဖွဲ့ကြသည်။ အစည်းအဝေးတွင် မာ သီ နာ (မာဂဓ၊ ဦးသိရိန္ဒ၊ ဦးနာယက)မှတပါး စုံညီစွာ တက်။ လုပ်ငန်းလုပ်ဆောင်ရင်း ပိုမိုကောင်းမွန်သော ဖွဲ့စည်းပုံမျိုးပေါ်ပေါက်က ထပ်မံဖွဲ့ရန် သဘောတူကြသည်။

နံက်ပိုင်းတွင် ယဥ်ပုံဘုန်းကြီး ငွေ(၂၀၀) လာချေး၍ ပေးလိုက်၏။

မုံရွာ ကိုဘိုလေးမှ လေဖိုတလုံး လှူဒါန်းသည်ကို လက်ခံရရှိသည်။

လူ့သဘာဝအရ သက်သာခိုလိုသော စိတ်ဓာတ်ရှိသည်ကို အစည်းအဝေးတွင် တွေ့ရသည်။

5.1.66

ခန်လုပ်ငန်းအတွက် ဘာမှ မယ်မယ်ရရ မလုပ်ရ။ ယဥ်ပုံဘုန်းကြီးအား ကဟာပဏ သဟာဿခေတ္တ ပေးလိုက်၏။ သူ အလိုရှိနေစဥ် ချေးရ၍ မိမိအတွက် များစွာဝမ်းမြောက်မိ၏။ အချင်းချင်း တတ်အားသမျှ တတ်နိုင်သမျှ ကူညီကြရမည်မှာ မိတ်ဆွေကောင်းတို့၏ ဝတ္တရားပင်။

ANNA PURNA စာအုပ် ၂အုပ် ဝယ်၏။ ယနေ့ပင် စဘတ်သည်။ မခက်လှ။ မည်သည့်စာအုပ်မဆို ကြိုးကြိုစားစား စဥ်းစဥ်းစားစား ဘတ်က ရနိုင်သည်ကို သတိပြုမိသည်။ လူ့စိတ်ဓာတ်က အားကိုးလိုခြင်းနှင့် မကြိုးစားလိုခြင်း ဖြစ်နေသည်မှာသာ အခက်အခဲတခုဖြစ်၏။

6.1.66   ၁၃၂၇၊ ပြာသိုလဆန်း ၁၅-ရက်

ပါ-(ပါဠိ)က အလုပ်များ၍ ခန်အဖွဲ့မှ ထွက်မည်ဟု လေသံထွက်သည်ကို ကြားရသည်။ ၄-၁-၆၆ နေ့ အဖွဲ့ဖွဲ့စည်းစဥ်တွင် စာပြု ဩသာန နှစ်လုပ်လုပ်ပါမည်ဟု ကတိပေးပြီး ယနေ့ ထွက်မည့် လေသံမျိုး ကြားရသည်မှာ အံ့ဩစရာ ကောင်းလှသည်။ အဖွဲ့ဝင်များနှင့် ကာယစိတ္တသာမဂ္ဂီဖြစ်လျှက် ခန်ပြုရာဌာနသို့ လာရောက်လုပ်ရမည်ကို ဝန်လေးနေသည်လား မပြောတတ်။ အချင်းချင်းတွင် ငြင်းခုံတတ်ကြ၍ ပြင်ပတစိမ်းများနှင့်မူ ဘုရားလောင်းလိုကို ခန္တီပါရမီနှင့် ပြည့်စုံတတ်ကြသည်မှာလည်း ကျွန်ုပ်အဘို့ အားမရနိုင်။ ခန္တီမဟုတ် ဟန္တီမျှသာ။

6.1.66

ယနေ့ ခန်လုပ်ငန်းအတွက် တိုက်သစ် ဆရာတော်ကြီးရှေ့တွင် ထပ်မံဆွေးနွေးကြသည်။ ဆရာတော်ကြီး၏ အကြံပေးချက်ကိုလည်း အဖွဲ့မူကြမ်းဆုံးဖြတ်ချက်တွင် ထပ်မံဖြည့်စွက်သည်။ အတွဲကိုလည်း အနည်းငယ်ပြင်သည်။

မာ-(မာဂဓ)က သူ သိရသလောက် န-ဗု-သ သဘောထားကို ပြောသည်။ ကျွန်ုပ်တို့ အဖွဲ့က ခန်လုပ်ငန်းမှာ စင်ပြိုင်မဟုတ်၊ ကူညီခြင်းမျှသာ ဖြစ်သည်ကို သက်ဆိုင်ရာများ နားမလည်ကြသည်မှာ သနား

စရာကောင်းလှသည်။ အဖွဲ့သဘောထားအဖြစ်ဖြင့် ပြောသင့်လျှက် တဦးတည်းသဘောထားအဖြစ်ဖြင့် ပြောခဲ့သည်ကို သိရ၍ ဝမ်းနည်းမိသည်။

နိဿယစာအုပ်များကို ကျောင်းတိုင်း ရှာဖွေ၍ ဓာန်ပြုရာဌာနသို့ ပို့ကြသည်။ ဦးပဥ္စင်းများ၏ အကူအညီ ယူရသည်။ ၎င်းအလုပ် လုပ်နေစဉ် တာဝန်ကြီးရှိသူ ပုဂ္ဂိုလ်ထံမှ အားကျိုးမာန်တက် ဆောင်ရွက်သည်ကို လူကျယ်လုပ်သည်ဟု ထင်သော လေသံထွက်၍ စိတ်မကောင်း။ စေတနာနှင့် ဆောင်ရွက်ခြင်းကို အလွဲထင်ခံရလျှင် ခံရသူအဘို့ နစ်နာလှသည်။ တလွဲထင်သူအဘို့ မထောင်းတာ။ (မ ထောင်းသာ)

7.1.66

ဓာန်ကို ၁၂-နာရီအချိန် စတင်ရေးသားကြသည်။ အစနေ့ဖြစ်၍လား မပြောတတ်၊ အဖွဲ့ဝင်အားလုံး စိတ်တက်တက်ကြွကြွရှိကြသည်။ သည်အတိုင်း စိတ်ဝင်စားက မှန်းခြေကာလအတွင်း၌ ပြီးနိုင်ရာသည်။ ပါ-(ပါဠိ)က ထွက်စာတင်သည်။ ရေးသားရာတွင် ပုဒ်ဆန်းကလေးတွေ တွေ့လာရသည်။ ပို၍ စိတ်ဝင်စား မိသည်။

(ကမ္ဘူ) ဤပုဒ် မာ(ဂဓအေဘိ)ဓာန်တွင် တင်ပါး ခါး ဟော မတွေ့ရ။ (con)ဓာန်၌ hip ဟု တွေ့ရ သည်။ တင်ပါး ခါး ဖြစ်သည်။ ပါ ဋ္ဌ ဋ္ဌီ၌ ရှာမတွေ့သေး။ ဆင်ပါးစောင်ဟု မာ(ဂဓအေဘိ)ဓာန်တွင် တွေ့ရ၏။ ဖောင်းခါးမျက်ဟော ကာသကိုလည်း တွေ့ရ၏။

ကတပုဒ်မှာ ကပ် (ကဒ်) ၃၁ဂ တွေ့ရ၏။ ဖွင့်မရှိသော်လည်း ကပ်ပြားတိုင်းအတွက် အဖွင့်ကြည့်ရ သည်မှာ တာဝန်ကြီး၏။ သံဂါ-တင်မူ မဟုတ်၍ ကျမ်းညွှန်းနံပါတ်မှာ အထူးအခက်အခဲတွေ့ရ၏။ သံဂါ-မူ ကျမ်းညွှန်းတွေ့ရက အခက်အခဲတဝက် ကျော်လွန်သွားတော့မည်။ ညနေ ၆ နာရီမှ ပြီးဆုံး၏။ အစနေ့ ဖြစ်၍ ခရီးမတွင်လှ။

8.1.66

ကျမ်းညွှန်းတခုသာ ရှိသော ပုဒ်ရေ (၉)ခု ပြီးသည်။ ဓာန်ပြုစုရာ၌ ပုဒ်စုကတည်းက သေချာဘို့ လို သည်။ ပုဒ်စုပုဒ်ထုတ် မသေချာ၍ များစွာ အခက်အခဲတွေ့ရသည်။ ယနေ့လည်း အဖွဲ့ဝင်အားလုံး စိတ်တက် ကြွစွာ လုပ်ဆောင်ကြသည်။ လုပ်ချိန်မှာ ၄-နာရီ။ စာအုပ်မပြည့်စုံသေး၍ ရပ်ဆိုင်းထားရသော ပုဒ်များ လည်း ရှိသည်။ သို့သော် ယမန်နေ့နှင့်စာလျှင် ခရီးတွင်ပါသည်။

ဦးသြဘာ လိပ်ခေါင်းကုဆေးတိုက်မှ ဆင်းလာ၏။ ရောဂါပျောက်ကင်းကြောင်း ကြားရ၍ ဝမ်းသာ လှ၏။ အလုပ်များ၍ သူနှင့်ပင် အေးအေးဆေးဆေး စကားမပြောရ။

ကုန်အမျိုးပေါင်း (၄၀၀)ကျော် မရောင်းရဟူသော ကြေငြာကို ရန်ကုန်သတင်းစာတွင် တွေ့ရ၏။

9.1.66

ပုဒ်(၉)ပုဒ်မျှ ပြီးသည်။ ဆ္ဆ နှင့် တ္တ ပုဒ်ထုတ်သူများက လွဲထုတ်ကြ၍ ခက်ခဲစွာ ရှာဖွေရသည်။ ခပေါင်းရေကြည်စေ့နှင့် ဆောင်းမေးခါးစေ့ နှစ်ခု ပမာဏကို မသိသဖြင့် ကမ္ဗူကမ္ဗ ကတကမ္ဗ ၂ချက် ဘယ်

ဟာဖြစ်သင့်သည် မဆုံးဖြတ်။ မြန်မာခာန်ဦလည်း ခပေါင်းရေကြည်သည် အပွင့်သေး၏၊ အစေ့တစေ့သာ ရှိ၏ဟုသာ ပါ၏၊ ပမာဏမပါ။

ကိုတင်အောင် ရောက်လာသည်။ ဦးလောကနာထရေး စာအုပ်နှင့် မာ့က်စ်နှင့် ဗုဒ္ဓ နှိုင်းယှဉ်ချက် စာအုပ်များ ညတွင် သူ့အိမ်မှ ယူခဲ့၏။ စွယ်စုံကျမ်းလည်း ပြန်ယူခဲ့၏။

10.1.66

(၆)ပုဒ်သာ ပြီး၏။ ကတာကမ္ဘ ကျမ်းညွှန်းများ၍ ခရီးမတွင်။

သံရုံးအချို့သည် မတရား အလုပ်သမားများအား နှိမ်ပုံ-ခြင်းအကြောင်း ဦးစိုးရ ဆောင်းပါးကို လူထုတွင် တွေ့လိုက်၏။ အာရှ အာဖရိကတွင် Cheap labours ပေါသည်ဟု အချို့နိုင်ငံအများက ထင်ကြသည် ဟူ၏။

ဗီယက်နမ်ကိစ္စ အစီရင်ခံစာသတင်းကိုလည်း ဘတ်လိုက်ရ၏။ မြောက်ဗီယက်နမ်သည် တရုတ်ကို ပိုအားကိုးလာရသောအခြေအနေဖြစ်လာလျှင် တရုတ်သဘောမကျဘဲ (တရုပ်သဘော မကျက်ပဲ) စေ့စပ် နိုင်လိမ့်မည်မဟုတ်။ အရှိုက်ထိုးသော စကားတခုတွေ့ရသည်။

ညတွင် ပိ(ပိဋ္ဋက)လင်းရောင်ခြည်စာကြည့်သင်းမှ အသင်းဝင်ကဒ်ပြား လာပေး၏။ ဗဟုသုတ တိုးတက်ရေးအတွက်ဖြစ်၍ ဤအသင်းဖြစ်လာသည်ကို ဝမ်းမြောက်ကြောင်း ပြောလိုက်ရ၏။ မိမိထံမှ စာအုပ်ဟောင်းများကိုလည်း လှူရန် ကတိပြုလိုက်၏။

11.1.66

ကျမ်းညွှန်းများ၍ ပုဒ်တခုမျှသာ ပြီး၏။ အဖွဲ့ဝင်အားလုံး စိတ်တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လျှက်ပင်။ စာအုပ်ယူပြီး ကိုယ့်အလိုကျ ထားသဖြင့် ရှာဖွေရခက်ခဲ၏။ စံနစ်တကျထားဘို့ ပြောသော်လည်း ပုဂ္ဂိုလ်အလတ်ပိုင်းများက မနာယူကြ။

အိန္ဒိယဝန်ကြီးချုပ် ရှပ်စထရီ တာ့ရှကင့်တွင် သေဆုံးကြောင်း နံက် လေဒီရို(ရေဒီယို)မှ သိရ၏။ ဗမာအခေါ်အားဖြင့် လေသင်ခုန်းဖြတ်ခြင်းပင် ဖြစ်ပေမည်။

လူအရောင်းအဝယ်လုပ်ခြင်း သတင်းဆောင်းပါးကို လူထုတွင် ဖတ်လိုက်ရ၏။ မောင်မဲ ရေးသည်။

12.1.66

နံက် ၆:၁၀ နာရီ ရထားနှင့် ရွာ အလှူကိစ္စနှင့် ရှားပါးသော နိဿယစာအုပ်များ ရလိုရငြားအတွက် မန်းမှ ထွက်ခဲ့သည်။ ဦးဩဘာ ဘုန်းကြီး ဦးသုမင်္ဂလတို့လည်း ပါလာကြသည်။ ကိုသန်းထွန်းနှင့် မောင်ကျော်ရှိန်တို့ မုံရွာမှ ကြိုဆိုနေကြသည်။ ရွာအရောက်တွင် မိသားစု ဆွေမျိုးများ စုံစုံလင်လင် တွေ့ရ၍ ဝမ်းသာလှသည်။ ပြောကြသော စကားများမှာ မထူးလှသော်လဲ မေတ္တာအပြည့်အဝပါသဖြင့် အရသာရှိလှသည်။ အထူးအားဖြင့် ဆရာသမား ၂ပါးကို ဖူးရခြင်းနှင့် စကားလက်ဆုံ ဆွေးနွေးရခြင်းမှာ အကျိုးရှိပါသည်။

ယံပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ ဟူသော ပါဠိတော်ကို LOTUS BLOSSOMS က Not to obtain that for which we long is suffering ဟု ပြန်ထား၏။ အင်္ဂလိပ်စာတတ် နိုင်ငံခြားသားများအတို့ အဓိပ္ပါယ်ကို အတိအကျ နားလည် မလည် မသိရသော်လည်း ပါဠိတတ်ပြီး အင်္ဂလိပ်စာတတ်များအတို့ကား လိုရင်း အဓိပ္ပါယ်ကို ဒက်ခနဲနေအောင် သိနိုင်ပါပေသည်။

13.1.66

(မုံရွာမြို့နယ် အင်တိုင်းရွာ) ရွှေနွယ်ရိုး(ကျောင်း)မှ စာအုပ် ၅-အုပ် ငှါးခဲ့သည်။ ထေရဂါထာ အဋ္ဌကထာမှာ အရှားပါးဆုံးဖြစ်၍ တန်ဘိုးရှိလှသည်။ အနောက်ကျောင်းနှင့် ကျွန်ုပ်တို့ (ကောဝိဒါရာ မ)ကျောင်းတွင် ပေစာများ ရှာကြသော်လည်း လိုချင်သော စာမူကို မတွေ့။ အနောက်ကျောင်းမှ သီဟဠ ဝတ္ထုပါဠိ နိဿယ ပေစာ ယူခဲ့သည်။

ကိုလှသောင်း မငွေးကြွယ်တို့ အလှူတွင် ချောင်းဦး ဓမ္မာရုံဆရာတော် (ဦးမာနိတ) တရား ဟောသည်။ ဆရာတော်က အနာဂတ်သာသနာ့ဝန်ကို ကျွန်ုပ်တို့ လက်ထဲတွင် ရှိ၍ ကြိုးစား သာသနာပြု ရန် သြဝါဒပေးသည်။ ညပိုင်းတွင် မိသားစုနှင့် ဆွေမျိုးများ တပျော်တပါး စကားပြောကြသည်။

14.1.66

ရွာမှ ပြန်ခဲ့သည်။ သာစည်ကားဂိတ်ထိ ကိုသန်းထွန်း ကားနှင့် လာကြိုနေသည်။ ချောင်းဦး ဓမ္မာရုံ ဆရာတော်နှင့် ဆရာတော် ဦးသုမင်္ဂလတို့ကိုလည်း ကားနှင့် ကြွရန် ပင့်လျှောက်ရသည်။ ဓမ္မာရုံ (ဆရာတော်)က “ကားမဆန့်လျှင် ကားကြီးနှင့်ပင် ကြွမည်”ဟု ပြောသေး၏။ “ကားမဆန့်လျှင် တပည့်တော် ခြေလျင်လျှောက်ပါမည်၊ ဆရာတော်သာ ကားနှင့် ကြွတော်မူပါ”ဟု လျှောက်လိုက်ရသည်။ ရဟန်းဒကာ ဒကာမများ (မုံရွာ သန်းစတိုး) အိမ်မှ ဆွမ်းကပ်သည်။ ဓမ္မာရုံဆရာတော်ကို လိုက်ပို့ရသည်။ ဦးဇော ဦးကုဏ် ဦးဥတ်တို့နှင့် တွေ့သည်။ ကိုဘိုလေးကိုလည်း သွားတွေ့သည်။ ဝက်အူချောင်း ပဲဆံများ လှုဒါန်းလိုက်၏။ ၄:၃၀ ရထားနှင့် မုံရွာပြန် စီးခဲ့၏။ ၉-နာရီထိုးမှ မန္တလေးကို ရောက်သည်။ ဇန် ၁၆-ရက် ကိစ္စကို မြင်းလှည်းဆရာက ပြောသဖြင့် မန်းမြို့အခြေအနေကို အနည်းငယ် ခန့်မှန်းမိ၏။ ရန်ကုန်ရထား များလည်း ၎င်းနေ့တွင် အရောက်နောက်ကျ၏။

15.1.66

ပုဒ်သစ် သိပ်မပြီးလှ။ ရေးပြီး အဟောင်းများကို သြသာနများက အနည်းငယ် ပြင်ရေးခိုင်းသဖြင့် ရေးနေရသည်။ ဗဟုဗ္ဗီဟိပုဒ်များကိုလည်း ထွက်ပြီး အဘိဓာန်နှင့်တူညီစေရန် (တိ)ဟု အားလုံးပြင်လိုက်ရ သည်။

ညနေတွင် ကိုဘိုလေးတို့ ဇနီးမောင်နှံရောက်လာကြသည်။ ကိစ္စထူး သိပ်မရှိလှသော်လည်း ခင်မင်၍ အလည်လာကြခြင်း ဖြစ်သည်။ အလုပ်လည်း ထုံးမရောက်၍ အားနေကြသည်ဟူ၏။ ညဈေးတန်း တွင် သွားကြသော်လည်း ပစ္စည်းပေါသလောက် ဈေး ထင်သလောက် မကျသဖြင့် မဝယ်ကြ။

16.1.66

၆-ပုဒ်ပြီးသည်။ ၁၅-၁-၆၆ နေ့ထုတ် လူထုတွင် ဦးလှရေးသော ဆောင်းပါးတွင် ကိန်းဘရစ် အောက်စဖို့ဒ် တက္ကသိုလ်များ မူလက ဘုန်းကြီးကျောင်းဖြစ်ကြောင်း, တစတစ တိုးတက်လာကြောင်း, ဗမာနိုင်ငံတွင် ဘုန်းကြီးကျောင်းများရှိ၍ စာမတတ် ဦးရေ နည်းပါးကြောင်း ဘတ်ရသည်။ ရဟန်းငယ်များ မိမိကိစ္စပြီးပါမူ တောရွာများတွင် စာသင်၍ သာသနာပြုဘို့ ကောင်းလှ၏။ သန်းထွတ်က ဦးစန္ဒိမာ၏ စံပြကျောင်း အမည်ဖြင့် သာသနာပြုလုပ်ငန်းအကြောင်း ရေး၏။ (ဆားတောင်)ရွာမှာ ရှိ၏။

17.1.66

၂-ပုဒ်မျှသာ ပြီးသည်။ သို့သော်လည်း ကျမ်းစုံကြည့်ရ၍ ဗဟုသုတတိုးပါသည်။

နိုင်ဂျီးရီးယားတွင် စစ်တပ်က အာဏာသိမ်းသလိုလို ၁၆-၁-၆၆ နေ့ထုတ် လူထုတွင် ဘတ်ရသည်။ ၁၅-၁-၆၆ နေ့က သိမ်းခြင်းဖြစ်ရမည်၊ အတည်မပြုနိုင်ဟူ၏။

ကယားပြည်နယ်တွင် လူမျိုးပေါင်း (၈)မျိုးရှိကြောင်း လူထုဦးလှ ဆောင်းပါးတွင် တွေ့ရသည်။ ကယား ပဒေါင် ယင်းဖော် ကယ်ခို ကယ်ဘ မနူး မနော ယင်းတလဲ ဟူ၏။ ငွေတောင်ပြည်ဟူလည်း ခေါ်ဟန်ရှိ၏။

ခန်သုံးအုပ်ရောက်လာကြောင်း ပရိ (ပရိယတ္တိနယူပဒေသ)ဘုန်ကြီးက ပြော၏။

ဦးလောကနာထ၏ BUDDHISM The Science of deliverance ကို ဘတ်ရသည်။ ဓမ္မပဒက သူ့ဘဝကို ကြီးမားစွာ ပြောင်းလဲပေးသည်ဟူ၏။ သူ၏ သိပ္ပံပညာဗဟုသုတနှင့် သူ၏ ဘာသာဟောင်း ရိုမင်ကက်သလိတ်ကို ဆန်းစစ်ရာ သိပ္ပံဘာသာက အထက်တန်းကျ၍ ဘာသာဟောင်း တဖြည်းဖြည်းနောက်ဆုတ်လက်လျှော့သွားသည်ဟု ရေးထား၏။

18.1.66

၃-ပုဒ်ပြီးသော်လည်း ယမန်နေ့နှင့် အနက်မထူးလှ။ ဘာဝ တာ တ္တ ဆက်(ဘက်)ထားသောပုဒ်များဖြစ်သည်။ ယင်းပုဒ်များ ဖြုတ်သင့်သော်လည်း လိုင်အတွက် အခက်အခဲရှိရန် မြင်သဖြင့် မဖြုတ်ဘဲ ရေးလိုက်ရသည်။ စာအုပ်စဉ်များ အသစ်ပြီး၍ ခန်ပြုရာဌာနတွင် ယူပြီးလျှင် စာအုပ်များ စံနစ်တကျ ထားကြသည်။ ကိုဗိုလ်မောင် လာ၍ တွေ့ရသော အခက်အခဲ အနည်းငယ် ပြောလိုက်၏။ သို့သော် အခက်အခဲ ဖြေရှင်းရန်မှာ အချိန်ကျော်လာပြီဖြစ်၍ မလွယ်လှ။

ယဉ်ပုံဘုန်းကြီးက ဘဝရှေ့ရေးစကား အနည်းငယ်ပြော၏။ သာယာရေးကို ရှေးရှုသဖြင့် ဝမ်းသာပါသည်။

၁၇-၁-၆၆ ထုတ် လူထုဟောင်းတွင် မောင်မဲ၏ ရှင်းတမ်းဆောင်းပါး၌ သူတို့နယ်မှ ဘုန်းကြီးများက တနှစ်အတွင်း ရသမျှ လာဘ်လာဘကို ကန်ထရိုက်စံနစ်နှင့် ရောင်းသလိုလို ရေး၏။ ဟုတ်လျှင် သာသနာအတွက် ရင်လေးမိ၏။ မဟုတ်လျှင်ကား သာသနာဖျက် ဆောင်းပါးရှင်မှာ အပါယ်လားရှာရော့မည်။

19.1.66

၆-ပုဒ်ပြီးသည်။ ယခင်ပြီးခဲ့သော အဟောင်းများကိုလည်း အနည်းငယ်ပြင်သည်။ (ကမ္ဘာအေးမှ) ဦးလှမောင် ဦးချစ်တင် ကိုဗိုလ်မောင်တို့ လာကြသည်။

ကတာကဖလ၌ ဠ/တ နှစ်မျိုးတွေ့နေ၍ အတည်ပြုသင့်သည့်ပုဒ်ကို ဆွေးနွေးလိုက်ကြသည်။ တ-ကို အမှန်ရေး၍ ဠ-၌ မှာရန် သဘောတူကြသည်။ လိုအပ်သမျှကိုလည်း ပြောကြသည်။
ကိုသန်းထွန်း လာ၍ မိုးကာပေးသည်။

ဦးလှမောင်က စာအုပ်စင်များကိုလည်း ကျစျေး ငွေချေမည်ဟု ပြောသည်။

ကမ္မပုဒ်ရောက်သောအခါ၌ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များ နားလည်စေရန် ကျယ်ကျယ်ပြန့်ပြန့် ရေးဘို့ လျှောက်ထားသည်။ မင်းကွန်း ဦးဝိစိတ္တအား ကမ္မအကြောင်း စာတအုပ်ရေးဘို့ လျှောက်ထားဘူးသည်ဟူ၏။ ကျယ်ကျယ်ပြန့်ပြန့်ဟူသည် စာအုပ်ငယ်တခုခန့် ကျယ်ပြန့်စေလိုသည်ဟူ၏။

20.1.66

၁၉-ပုဒ်ပြီးသည်။ ကျမ်းညွှန်းနည်းလျှင် ပုဒ်များများပြီးသည်။ နောက်ထပ်ထုတ်သော ပါဠိတော်ပုဒ်စုများကိုလည်း ဦးလှမောင် လာပေးသည်။ ဝိသုဒ္ဓါရုံမှ ဖောင်တိန်တောင်းသည်ဟု ကိုဗိုလ်မောင်မှ တဆင့်ပြော၍ သိရသည်။

ယဉ်ပုံဘုန်ကြီး ဒွေသတာဓိကကောသဟာဿ အချေးဆပ်လိုက်သည်။ ကျွန်ုပ်ယူထားသော ကဟာပဏာများကိုလည်း ယနေ့ပင် ပေးချေလိုက်သည်။

တက္ကသိုလ်ပေါင်းဆုံ (ပေါင်းစုံ) အ,သုံးလုံးကြေသင်တန်း၌ သင်တန်းစကာလတွင် ၂၀၀ ရှိသော်လည်း သင်တန်းပြီးဆုံးသည်အထိ သင်တန်းသားမှာ ၂၇ဦးမျှသာ ရှိ၏။ ၁၉-၁-၆၆ လူထုတွင် တရုပ်ပြည်၌ နွားနှင့်လူ တကယ်ဖက်ရန်းနေရသည်ဟု ဦးလှ-ရေး ဆောင်းပါးတွင် ဘတ်ရသည်။ ရေလွှမ်းသော (*)မြစ်ကို ရေကာတာလုပ်ရာ ယခု မလွှမ်းမိုးတော့ဟူ၏။

21.1.66

နိဿယစာအုပ်များကို ကြည့်ရှုလွယ်ကူစေရန် ကျမ်းအမည် စာကပ်ကြသည်။ ဝိနည်း သုတ္တန် အဘိဓမ္မာများကိုလည်း သီးသန့်စီ(တသန့်စီ) ခွဲထားသည်။ လုပ်အားပေးသောပုဂ္ဂိုလ်များမှာ ပိ(ပိဋကေ) ဓမ္မ , သာသန, အရှင်ဥတ္တရ , သုတ္တန်-တို့ ဖြစ်ကြသည်။ လုပ်အားပေးပုဂ္ဂိုလ်တဦးမှာ မသေမသပ် လုပ်သဖြင့် မကျေနပ်။ မသေမသပ် လုပ်အားပေးမည်ထက် လုပ်အားမပေးဘဲ နေသည်ကို ကျွန်ုပ်အဘို့ ပိုသဘောကျပါသည်။

နံက် ပွဲကုန်းဆွမ်းစားတွင် ဓာန်လုပ်ငန်းနှင့်ပတ်သက်၍ အနည်းငယ်ဆွေးနွေးကြ၏။ ဈေးချိုမှ စာအုပ်သည်အချို့နှင့် ရှိနိုင် ရနိုင်သော စာအုပ်များကို မေးကြည့်ကြ၏။ နေ့လည်တွင် သာသန(နယူပဒေသ) ဓာန်ဌာန လာ၍ ပရိယတ္တိဘုန်းကြီး ဈေးချိုတွင် ရနိုင်မည်ထင်သော စာအုပ်များကို စာရင်းပြုလုပ်၏။

22.1.66

၁၄-ပုဒ်ပြီးသည်။ ကျမ်းညွှန်းနည်းသည့်ပုဒ်က များသည်။ ဦးလှမောင် ကိုဘိုမောင် ကထိက ဦးမောင်မောင်တင် တို့ လာကြသည်။ "ခာန်အဖွဲ့ ကျမ္မာရေးအတွက် ဒေါက်တာသိန်းမောင်ကို ပြောထားသည်"ဟု ဦးလှမောင်က လျှောက်၏။ မြန်မာမှုစသည် အကူအညီလိုလျှင် ကထိက ဦးမောင်မောင်တင်တို့က ပေးရန် ခာန်(အဖွဲ့)နှင့် ဦးမောင်မောင်တင်အား မိတ်ဖွဲ့ပေးခဲ့၏။ ကထိကဆိုသည်မှာလည်း ကျွန်ုပ်တို့ထက် သာလှမည်မဟုတ်သဖြင့် အကူအညီတောင်းရန် လိုမည်မဟုတ်ပါပေ။ ဘဝင်မြင့်သည်သာ ပိုလိမ့်ဦးမည် ထင်၏။

23.1.66

၁၄-ပုဒ်ပြီး၏။ နံက်ပိုင်းတွင် ကိုဗိုလ်မောင်နှင့် ကိုတင်စိုးတို့ မစိုးရိမ်ပါဠိအဘိဓာန် (သဒ္ဒတ္ထရတနာဝလိ မဟာပါဠိအဘိဓာန်) ၁၅-စုံ လာယူ၍ ပေးလိုက်သည်။ ပရိယတ္တိဘုန်ကြီးလည်း ရှိ၏။ ငွေကို ပွဲကုန်း ဦးလှမောင် နမထံတွင် ပေးခဲ့သည်ဟူ၏။ အ က ယ (အ-တွဲ က-တွဲ ယ-တွဲ) ၁၅-စုံ ပြည့်စုံစွာ တွေ့သော်လည်း ပ-မှာ (ပ-တွဲ) လေးအုပ်သာ တွေ့သည်။ ပရိယတ္တိဘုန်းကြီး၏ သော့တွဲဖြင့် မြောက်ခန်း စားပွဲအံဆွဲကို ဖွင့်ရ၏။ (မစိုးရိမ် သဒ္ဒတ္ထရတနာဝလိပါဠိအဘိဓာန် အ-တွဲ က-တွဲ ပ-တွဲ ယ-တွဲ)

24.1.66

၁၅-ပုဒ်ပြီးသည်။ (၃၅)ပုဒ် သြသာနကို အပ်လိုက်သည်။ ဇာဋ္ဌါ၃၌ ဖောင် ၃၁ အစား ၁၃ကို ထည့်ထား၍ လဲရန် ဌာနမှူးဆီကို စာရေးသည်။ နှစ်အုပ်လဲရမည်။ စာရေးသူမှာ ပိဋကဖြစ်သည်။

ကိုသန်းထွန်း မိုကာများ ကားအမိုးချုပ်ရန် လာယူသည်။

ခါးရိုးနှစ်ခုမှာ အိုးထိန်းသည်၏ ဖိုခနောက်သဏ္ဍာန်ရှိသည်ဟု ခုဒ္ဒကါဋ္ဌ။၃၈-တွင် တွေ့ရသည်။ သမ္မောဋ္ဌ၌ ၎င်းနည်းတူ ပါသည်။ (ကဋိဋ္ဌိနိ ဒွေပိ ကောဇဒ္ဓါနိ ဟုတွာ ကုမ္ဘကာရေဟိ ကတစုလ္လိသဏ္ဌာနာနိ)

ကိုမြမောင်က သူ၏ wedding feast အတွက် ဆွမ်းစားလာပင့်၏။

25.1.66

၈-ပုဒ်ပြီးသည်။ ကတဇာတိဟိင်္ဂုလပဉ္စင်္ဂုလိကပုရိသပုဒ်မှာ ကျမ်းညွှန်းနံပါတ်မကိုက်၍ ကဒ်ပြားများကို ထုတ်ကြည့်ရှုသဖြင့် အချိန်နှောင့်နှေးလှသည်။ ဇာတိဟိင်္ဂုလ ဟာသ်ပြဒါးဟု ပြန်၏။

၂၄နေ့က ရေးသောစာကို ယနေ့ ဌာနမှူးထံ ထည့်၏။

ဦးမြဦး စာအုပ်များ လာပို့၏။ မြန်မာပြန်များ ဖြစ်သည်။ ၇ဆ္တ မှာထား၏။

အမေရိကန်တွင် ကပ္ပလီတယောက် လူထုက ရွေးကောက်ပါလျှက် သစ္စာအဆိုမခံဟု လူထုခေါင်း(လူထုသတင်းစာ ခေါင်းကြီး)တွင် ဘတ်ရသည်။ ဂျော်ဂျီယာနယ် ရွေးကောက်ပွဲတွင် လူထုက ကပ္ပလီ ၈-ယောက်ကို အမတ်အဖြစ် ရွေးကောက်၏။ သို့သော်လည်း (ဂျူလီယန်ကွန်း)ဆိုသူ ကပ္ပလီတဦးကို ဂျော်ဂျီယန်လွှတ်တော်က ကျမ်းကျိန်ဆိုခွင့် ငြင်းပယ်သည်ဟူ၏။ (ရှုးကုန်၏)

26.1.66

၉-ပုဒ်ပြီးသည်။ ကျမ်းညွှန်းများသော်လည်း ကျွန်ုပ်တို့အဖွဲ့မှာ စာရှာအမြန်တွင် ဘက်ညီကြသောကြောင့် ဤမျှ ခရီးတွင်ခြင်းဖြစ်သည်။ ဝိသုဒ္ဓိ၌ နိဿယ ပထမအုပ် ယနေ့ ရသည်။ ပရိယတ္တိဘုန်းကြီး ယူလာခြင်းဖြစ်သည်။ ညနေဘက်တွင် ပိဋကနှင့် လမ်းလျှောက်သွားရင်း (မစိုးရိမ်)တိုက်သစ်ဘုန်းကြီး (ဦးသိရိန္ဒ) ထံ ဝင်သည်။ သက္ကဋစာအုပ်လေးများ ယူခဲ့သည်။ **သက္ကဋသင်ရန် လမ်းစ အနည်းငယ် ရခဲ့သည်။**

မြေဂရမ်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ကျောင်းဖြစ်ခြင်း ဘုန်းကြီးအချင်းချင်း လှူဒါန်းခြင်းဖြစ်သော်လည်း စာချုပ်စာတမ်းအခိုင်အမာမရှိပါက နောင် ရှုပ်ထွေးနိုင်ပုံကို အရှေ့ပြင် မောင်းထောင်ရိပ်သာကို သာဓကယူ၍ သိရမည်ဖြစ်ကြောင်း အများသဘောတူ လက်ခံကြသည်။ (မစိုးရိမ်)တိုက်သစ်မှာလည်း ယနေ့အချိန်ထိ ဂရမ်နှင့် ပတ်သက်၍ မရှင်းလင်းဟု သိရ၏။ လှူဒါန်းသူဘုန်းကြီးထံမှ မပြတ်မသား စကားထွက်နေသည်ဟူ၏။ ယင်းဘုန်းကြီးမှာလည်း ကျွန်ုပ်အမြင် ရေးရပါမူ အလွန်ရမက်လောဘကြီးသော ဘုန်ကြီးတပါးဖြစ်သည်။ အတိတ်လုပ်ဆောင်ချက်ကလည်း သက်သေခံလျှက်။

27.1.66

၁၃-ပုဒ်ပြီးသည်။ ပုဒ်ပေါင်း (၃၀) သြသာနလက်သို့ အပ်လိုက်သည်။ ကတတုလာသဃာ်တပုဒ်၌ အပ၌။၁ ညွှန်းရမည့်အစား ညွှန်းသောပုဂ္ဂိုလ်များက အံ၌။၁ကို ညွှန်း၍ ကျမ်းညွှန်းမသေချာသည့်အတွက် အချိန်ကုန်လှသည်။ ခန်လုပ်ငန်းမှာ စာစုမှ သြသာနအထိ ပုဂ္ဂိုလ်တိုင်း သေချာစေ့စပ်မှု အင်မတန်လို၏။ ညပိုင်းတွင် ပိဋကဘုန်းကြီးနှင့် ပဋ္ဌိစ္စ-ပါဒအကြောင်း (ပဋ္ဌိစ္စသမုပ္ပါဒ်) ဆွေးနွေးရ၍ တန်ဘိုးရှိသည်။ မသဲမကွဲဖြစ်နေသော အဓိပ္ပါယ်များ ရှင်းလာသည်။

န-ဗု-သအဖွဲ့မှ ကိုတင်စိုး လာသည်။ လိုရာရာများကို ပြောလိုက်ကြသည်။

28.1.66

နံက် ၄-နာရီသာသာတွင် ကျောင်းကြီးပေါ်၌ မိမိ စာချနေစဉ် ဆင်တကောင် မြောက်ဘက်လေခါးမှ တက်၍ အထက်ဆုံးလှေခါးထစ်မှ စုံရပ်လျှက် စာ လာ၍ နာသည်ဟု အိပ်မက်မက်သည်။ မိမိက ဆင်းတော့ဟု လက်ခါပြရာ ရှောရှောရှူရှူဆင်းသွားသည်။

အလုပ်မှာ ၂-ပုဒ်မျှသာ ပြီး၏။ ကတတ္တာမှာ ကျမ်းညွှန်းများ၍ ခရီးမတွင်ခြင်းဖြစ်သည်။

ဝန်ထောက်ဟောင်းကြီးတဦးထံမှ မြေရာ ပြောင်းလွှဲရေးကိစ္စနှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဘွယ် စကားကို ကြားရ၏။ ရေစစ္စရီရုံးမှ လယ်ဝန်ရုံးကို ပို့ထားသော မှတ်ပုံတင်ပြီး မြေရာစာချုပ်ဟူသမျှ လယ်ဝန်ရုံးမှ နာမည်ပြောင်းပေးရန်မှာ လုပ်ရိုးလုပ်စဉ်ကိစ္စဟု ဆို၏။ ယခုကား ငွေပေးမှ ပြောင်းပေးလိုကြ၏။

29.1.66

ယနေ့ ဥပုသ်နေ့ဖြစ်သော်လည်း ခန်လုပ်ငန်းကို အနည်းငယ် လုပ်ကြ၏။ ကတကိုလည်း ဆက်လက်ရှာဖွေ၏။ နေ့စဉ် ဇယားမသွင်းမိသောပုဒ်များကို ဇယားတွင် သွင်းကြ၏။

မောင်ကြင်သက် အပြောအရ စစ်ဗိုလ်တဦး စည်းကမ်းမဲ့ပုံကို ကြားရ၏။ မီးနီပြလျှက် ကားမောင်းသွားသည်ဟူ၏။

"**မစိုးရိမ်မှာ သတင်းစာက အဖြူရေးတိုင်း(အဖြူရေးလို့လဲ) ဖြူမည်မဟုတ်၊ အမဲရေးတိုင်းလည်း မဲလိမ့်မည်မဟုတ်**"ဟူသော ဆရာတော် (ကျောင်းတိုက် စစ်တပ်မှ) ဝိုင်းစဉ်က ပြောစကားကို ယနေ့မှ ကြားရ၏။

ဗဟုဗ္ဗီဟိအတွက် တိ (တိလိင်) သို့မဟုတ် ဆိုင်ရာလိင် ထားသင့်/မသင့် အနည်းငယ် ဆွေးနွေးမိကြ၏။

ကံအကြောင်း တစိတ်မျှ မလေ့လာဘူးပဲနှင့် ကံကို မယုံကြည်ဟု ပြောသူများ အလွန်ပေါကြောင်း မောင်ကြင်သက်က လျှောက်၏။

30.1.66

၂၂-ပုဒ်ပြီးသည်။ ကျမ်းညွှန်းများသောပုဒ်အချို့ ပါသည်။ သို့သော်လည်း ပုဒ်ရင်းနှင့် အဖွင့်ထူးများကို စာရွက်နှင့် အကြမ်းရေးကူးသဖြင့် ကျမ်းညွှန်းများသောပုဒ်များ၌ လွယ်ကူသောရေးသားနည်းကို ရလာသည်။

ညနေဘက်တွင် ပိ(ပိဋကေ)နှင့် လမ်းလျှောက်သွားရာ ယဉ်ပုံတွင် ဂန္ထနှင့် တွေ့၍ သာရ-နိ(သာရတ္ထဋီကာနိဿယ) ရွှေပြည်တိုက်က ငှါးကြည့်ခဲ့ဘူးကြောင်း သိရသည်။

၂-နာရီအချိန် ပဋ္ဌာန်း စ၍ ချ၏။

၁၉၆၆-ခု၊ ဇန္နဝါရီလ ၃၁ ရက်၊ တနင်းလာနေ့ (၁၃၂၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်)

၁၆-ပုဒ် ပြီး၏။ အာဂမ (အာဂမနယူပဒေသ ဦးဝိစိတ္တာဘိဝံသ) စစ်ကိုင်းအလှူကြွနေ၍ နှစ်ပါးတည်း လုပ်ကြရသည်။

ဒဂုဏ်နိုင်ငံရေး ရှင်းလင်းပွဲတွင် ဗိုလ်ချုပ်က နိုင်ငံရေးသမားမှန်လျှင် တိုင်းပြည်ကို ချစ်သည်။ တိုးတက်စေချင်သည်။ စိတ်ကူးရင်ချက် ရှိသည်။ စိတ်ကူးရင်ချက်အတိုင်း အကောင်အထည်ဖော်ရာတွင် အောင်သည်လည်း ရှိ၍ မအောင်သည်လည်း မြောက်များစွာ ရှိသည်။ ဗမာပြည်တွင် ဖဆပလ ခင်ဗျားတို့တတွေ စိတ်ကူးရင်ချက်ကို အကောင်အထည်ဖော်လာသည်မှာ ၁၀နှစ်ကျော်ပြီ၊ ဘာမှ ဖြစ်မလာ။ ခင်ဗျားတို့ အကောင်အထည်ဖော်ရာတွင် ကျနော် ထားရာက နေ၍ ကူညီခဲ့သည်။ ကျနော်လည်း နိုင်ငံရေးသမားတယောက်ဖြစ်၍ တိုင်းပြည်အတွက် စိတ်ကူးရင်ချက် အကောင်အထည် ဖော်ပါဦးမည်၊ ကျနော့်အလှဲ့ ပေးပါဟု နိုင်ငံရေသမားဟောင်းကြီးများအား ပြောသည်ဟု ပြင်စည် ဦးဥက္ကဋ္ဌက ကျော်ဇောမှတဆင့် သိရသည်ဟု သူ့ထံ အလည်သွားရင်း သက္ကဋ္ဌဆရာ စုံစမ်းရင်း သွားရာတွင် ပြောပြသည်။ ဟုတ် မဟုတ် မသိ။

---

1966-ခု၊ ဖေဖေါ်ဝါရီလ ၁ ရက်၊ အင်္ဂါနေ့ (၁၃၂၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)

၁၈-ပုဒ်ပြီးသည်။ ယနေ့လည်း အာဂမ (ဦးဝိစိတ္တာဘိဝံသ) မရှိ၍ နှစ်ပါးတည်း လုပ်ကြရသည်။ ပရိယတ္တိဘုန်းတော်ကြီး တောင်ခွင်တိုက်မှ သာရဋီ-နိ-ပေမူ (သာရတ္ထဒီပနီဋီကာနိဿယ-ပေမူ) ယူလာသည်။

ဇာတ်ငြိမ့်ကာများလည်း အချို့ပါသည်။ သာရ-နိဿယမှာ ရှားပါး၍ တန်ဘိုးရှိ၏။ ကစ္စည်းငြိမ့်သစ် နိဿယလည်း ပါသည်။

မတ္တရာနယ် ပင်းယမှ ဦးသုဇာတ ကျောင်းကြီးတွင် (သာသနနယူပဒေသတွင်) နေဘူးသည် လာသည်။ သူထံမှ ပါးစပ်ရာဇဝင်တခုမှာ အသောကမင်း၏ သားတော် မဟိန္ဒက သေလေပြီးသောအခင်းကို ကြည့်ရာ တောင်ဖြစ်၍ သားကြည့်တောင်ဟု တွင်သည်။ ကာလလျားသဖြင့် (စချင်တောင်)ဟု ယ္ခုဖြစ်နေသည်ဟူ၏။ မွေ(မြွေ)ဖြစ်စဉ်က ငါးများကို စား၍ အရိုးကောက်ပုံထားသောနေရာကို ကောက်ရိုးပုံရွာဟု ခေါ်၏။ ထိုအရိုးများ ဌပနာထားသော စေတီကို (မွေအံတော်)ဟု ခေါ်သည်။ ၎င်းစေတီအနီး၌ မွေအမည်ပါသောရွာ ၁၂-ရွာ ရှိသည်ဟူ၏။ ပင်းယ၏ ရာဟုဒေါင့် ၁-မိုင်မျှဝေးသည်ဟူ၏။ ဗမာပြည်၌ ရွာတိုင်းကို ပါးစပ်ရာဇဝင်ရှိသည်မှာ အံ့ဘွယ်ပင်။

2.2.66

အအေးမိပြီး နေမကောင်း၍ ခန်ပြုရာဌာနသို့ မသွားနိုင်။ နေမကောင်းခြင်းမှာ အနိမ့်ဆုံးဗျာဓိဖြစ်ပါသည်။ သို့သော်လည်း ခံရသည်မှာ မသက်သာလှပါ။ ဤသည့် အနိမ့်ဆုံးဗျာဓိ၏ ဒဏ်ကိုသော်မှ ခံရဒါ မသက်မသာ ရှိသေးလျှင် ဒီထက်ကြီး၍ ဆိုးဝါးသော ဗျာဓိများ၏ ဒဏ်ကိုကား ပြောပြဘွယ်ရာမရှိအောင် ခံကြရပါလိမ့်မည်။ သို့ကြောင့်ပင် ဘုရားလောင်းစသော ရှေးသူတော်ကောင်းများက မအိုရာ မသေရာ မနာရာ ဌာနကို ရှာကြခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်အဘို့လည်း တကြိမ် အနိမ့်ဆုံးဗျာဓိ၏ဒဏ်ကို ခံရသည်နှင့်ပင် ဘုရားလောင်းတို့၏ ကြောက်နည်းမျိုး ကြောက်သည်ဟု မဆိုနိုင်စေကာမူ လူမိုက်တို့၏ ကြောက်နည်းမျိုးကား အမှန်ကြောက်မိကြောင်း ရိုးသားစွာ ဝန်ခံရပါမည်။ ပိဋ္ဌကမှ အခိုးထုတ်ဆေးနှင့် ရှာပွတ်ဆေးကို ယူ၍ သောက်၏။ ကျွန်ုပ် မလုပ်နိုင်သော်လည်း အဖွဲ့မှ ယနေ့ ၁၂-ပုဒ်ပြီးသည်ဟု သိရ၍ ဝမ်းမြောက်လှ၏။

3.2.66

၁၆-ပုဒ်ပြီး၏။ ကျမ္မာရေးအခြေအနေ မကောင်းလှသေးသော်လည်း ပျက်ဦးမည့်အလားအလာကို မြင်သဖြင့် အလုပ်ကို လုပ်မြဲတိုင်း လုပ်လိုက်ရသည်။ ညနေတွင် ပိ(ပိဋ္ဌက)နှင့် သက္ကဋ္ဌဆရာ လိုက်ရှာသော်လည်း လမ်းစမတွေ့ရသေး။ eighty fiveကို လက်ခံရရှိသည်။

မန်းခေတ် ဦးကြာညို ခွေးရုပ်ပန်းချီပုံတူဆွဲရာ အခြားခွေးများက ဟောင်လောက်အောင် တူသည်ဟူ၏။ (စခန်းနော် လိုရာကွန့်နိုင်တဲ့ မန်းပေါ်မှာ ကိုကြာညွှန့်သော်မှ စိုးရွံ့ပါလိမ့် သူ့နိကာယ် ရှိတယ်လို့ ဟုတ်ပြီဘူး) အချုပ်တန်း ဆရာဖေ ရေးမှာလည်း အရိပ်အမြွက်ပါ၏။

စပိန်ပြည်သား ပက်ဘလိုပီကာဆိုမှာ (၈၅)နှစ်ထိ တက်ကြွစွာ အလုပ်လုပ်သောဟူ၏။ (ဦးလှဆောင်းပါး) ပဲရစ်မြို့ အရှေ့တိုင်းအနုပညာပြတိုက်မှာ မန္တလေးခေတ် ပန်းချီဆရာကြီး ဦးကြာညွှန့်၏လက်ရာ ပုရပိုက် ၂-ဆူရှိသည်ဟူ၏။

ယဉ်ပုံဘုန်းကြီးလာ၍ သူတပါးကိစ္စ စေတနာကောင်းနှင့် ဆောင်ရွက်ပေးလျှက် စိတ်ရှုပ်ရပုံကို ပြော၏။

4.2.66

၉-ပုဒ်ပြီး၏။ ကတပဒံဟူသောပုဒ်ကို ဖွင့်ရိုးထုံးစံမဟုတ်သော ကဋ္ဌမဂ္ဂဝိဟိတဘာဝနာမဂ္ဂံဟု ဖွင့်ထားသည်ကို တွေ့ရ၏။ သံဝဏ္ဏောတဗ္ဗကို သံဝဏ္ဏနာဘွင့်ရာတွင် သဒ္ဒါရေးနှင့် အနက် ရှင်းထွက်လာရမည့် အစား ရှုပ်ထွေးဘွယ်ရာ ဖွင့်ထား၏။ မူရင်း အဋ္ဌကထာစကား ဟုတ်ဟန်မတူ။ သံဂါယနာဆရာများ လက်တည့်စမ်းဟန်ရှိ၏။ ပါဠိတော်ကို လှန်ကြည့်ရာ ကတမဂ္ဂဟု အဖွင့်ကိုးထားသည်ကို တွေ့၏။ မူရင်းဖြစ်တန်ရာသည်။ သံဂါယနာဆရာများ လက်တည့်စမ်း၍ လွဲမှားနေသောနေရာများကို မကြာမကြာ တွေ့ရသည်။ သင်ပုန်းကြီး(၃)ခေါက်လောက် ပြန်ဘူးသူများကို ပဋ္ဌိ ဩသာန စသည် ခန့်ကြလေသလား မပြောတတ်ပါ။ ထင်ရှားသောပုဒ်များပင် မှားကြသည်ကို တွေ့ရ၏။

5.2.66

ကဋ္ဌကန္ဓကာရဟူသောပုဒ်အတွက် မရှင်းလင်းသည်နှင့် မာလာလာဆောကရ၏ ပါဠိပရောပါးနိမ်းမ်စာအုပ်ရှိရာ တက္ကသိုလ်ပါမောက္ခ (သမိုင်း) ကိုသန်းထွန်းထံ သွားကြည့်ကြရသည်။ ကျောင်း ရွာ၏အမည်ဖုသထေရ် နေထိုင်သည်ဟူ၏။ ကတန္ဓကာရနှင့် အတူတူဟူ၍လည်း ဆိုထားသည်။ တလတွက် ရေးပြီးပုဒ်စုများကို ရန်ကုန်သို့ ပို့ရန် ဌာနကြီးမှူးအား အပ်လိုက်သည်။

ညပိုင်းတွင် ပိ(ပိဋ္ဌက), ယဉ်ပုံတို့နှင့် လောကရေးရာ ဆက်ဆံရေးအကြောင်းများကို ဆွေးနွေးကြသည်။ ဆက်ဆံရေးနှင့်ပတ်သက်၍ မှားခဲ့သော အချက်အလက်အချို့ကို ကျွန်ုပ်က ဝန်ခံဘော်ထုတ်လိုက်သည်။ ဒါယကာဒါယိကာမများနှင့် ဆက်ဆံရေးကို ဆိုလိုပါသည်။

6.2.66

၆-ပုဒ်မျှပြီး၏။ ညနေပိုင်းတွင် ရွှေပြည်တိုက်ဆရာတော်ထံ ပေစာများ ရှာကြသည်။ ဝိမတိ သာရတ္တတေရသကဏ် ဋီကာ နိဿယများ ရခဲ့၏။ တန်ဘိုး အင်မတန်ရှိပါသည်။ မြင်းလှည်းခ ၅/။ နှစ်ကျပ်ပေးရသော်လည်း ယဉ်ပုံဘုန်းကြီးက ကုသိုလ်ပါဝင်သည်။ အပါဒါန်ပါဠိတော်နိဿယလည်း ရ၏။

မတင်ညွှန့် မော်ကျွန်းမှ ပြန်လာသည်ဟု လာလျှောက်၏။

7.2.66

၁၈-ပုဒ်ပြီးသည်။ ညနေတွင် ပိ(ပိဋ္ဌက), ယဉ်ပုံဘုန်းကြီးများနှင့် ဗားကရာ မြသိန်းတန်ဆရာတော်ထံ ရှားပါးသော နိဿယဟောင်းများ ရှိ/မရှိ ရနိုင်/မရနိုင် စုံစမ်းကြသည်။ လိုလည်း လိုချင် ရှားလည်းရှားပါးသော ပေစာများ များစွာရှိပါသည်။ သို့သော် ရနိုင်/မရနိုင် မသိရသေး။ နှစ်ရက်လောက်နေမှ လာရန် ချိန်းလိုက်သည်။

ည (၇)နာရီမထိုးမီ လျှောင်လှုပ်သည်နှင့် မန်းမြို့သူမြို့သားများက တောထုတ် သံပုံးစသည်များ တမြို့လုံး ဆူညံစွာ တီးကြသည်။ မန်းမြို့သို့ ကျွန်ုပ်ရောက်သောနေ့မှစ၍ ယနေ့ထိ တောထုတ်သည်မှာ နှစ်ကြိမ်မျှသာ ရှိသေး၏။ (၁၃)နှစ်အတွင်း နှစ်ကြိမ်မျှသာဟူလို။ နိုင်ငံရေးပါတီကို မကြိုက်ကလည်း တောထုတ်သည့်ဟန် ပြုလုပ်တတ်ကြ၏။

8.2.66

၂၂-ပုဒ်ပြီးသည်။ လူထုတွင် သန်းထွတ်(ဆရာအတတ်သင်)၏ ဆောင်းပါးတိုကို ဘတ်ရသည်။ ဆရာများ၏ ဆရာလုပ်နေသူပင် တဝဂ်နှင့် ဋ္ဌဝဂ် အသံကွဲသည်ကို မသိရှာသည်မှာ သနားစရာကောင်းလှသည်။ ပဏ္ဍိတမာနီပုဂ္ဂိုလ်များ ပေါကြောင်း ဆောင်းပါးစာတွေကို ဘတ်ယုံနှင့် သိနိုင်သည်။

ရေစကြိုနယ် (____)မှ ရိပ်သာဘုန်းကြီးတပါး ရောက်လာ၏။ ကမ္မဋ္ဌာနာစရိယလုပ်သည်မှာ ကြာပြီဟူ၏။ လက်တွေ့တွင် သတ္တဝါများ သံသရာမှ ထွက်ရမှာ ကြောက်ကြသည်ဟူ၏။ ပါးစပ်မှ ထွက်မြောက်ရပါလို၏ဟု အဖန်ဖန် ဆုတောင်းကာမူ လက်တွေ့ကျ မထွက်လိုကြဟူ၏။

9.2.66

၁၅-ပုဒ်ပြီး၏။ ပုဒ်(၈၀) ဩသာန အပ်။ နေ့ ၂-နာရီအချိန်တွင် ပိ(ပိဋ္ဋက), ယဉ်ပုံ-တို့နှင့်အတူ ဗားကရာ မြသိန်းတန်ဆရာတော်ထံသို့ သွား၍ ပေစာထုပ် ငှါးကြသည်။ ဝဇီရဗုဒ္ဓိဋီကာနိဿယ (ပါစိတ်မှစ) ဥပရိပဏ္ဏာသ၊ဠ သံယုတ္တ၊ဠ နေတ္တိ၊ဠ ပဋိသမ္ဘိဒါ၊ဠ နေတ္တပါဠိ ဥဒါန ဣတိဝုတ်ပါဠိ နိဿယများ ငှါးခဲ့သည်။ ထွက်ပြီးခါနီတွင် အတိရေလိ အတိတေမေတိပုဒ်များမတွေ့ရ၊ ဝဇီရဗုဒ္ဓိဋီကာတွင် ယင်းပါဠိများ တွေ့ရသည်။ သုတ္တနိ၊ဠ နိဿယပေထုပ်လည်း ငှါးခဲ့ကြသည်။ အလွန်ရှားပါးသော နိဿယများဖြစ်၍ မြသိန်းတန်ဆရာတော်အား ကျေးဇူးတင်ရပေမည်။

ပိ(ပိဋ္ဋက) နှင့် မိမိတို့မှာ စိတ်အားထက်သန်စွာ နိဿယများ ရှာကြသော်လည်း ရှာနေသော်လည်း အယောနိသော ရှိသောသူ ယောနိသော မရှိသောသူများက လူတွင်ကြယ်လုပ်သည် ထင်မှာလည်း ကြောက်ရသည်။ မည်သို့ထင်စေ ကျွန်ုပ်တို့အဘို့မှာမူ လူတွင်ကြယ် မလုပ်ရိုး မလုပ်လိုရိုး အမှန်ဖြစ်ကြောင်း ကျိန်ဆို၍ ပြောရန် အသင့်ရှိကြောင်း မှတ်တမ်းတင်ရပေလိမ့်မည်။

10.2.66

ပုဒ်ရေ ၂၀ ပြီးသည်။ ကိုဘိုလေးထံမှ စာရသည်။ သူငယ်ချင်းတဦးအား မိမိအကူအညီက ကျေးဇူးလက်တွေ့ပြုကြောင်း သိရ၍ ဝမ်းသာသည်။ ပုဂံစာအုပ်တွင် မင်းယုဝေ-ရေး ကျန်စစ်သားနှင့် ကျနော်၊ ပံသုကူမထေရ်နှင့် ကျနော် ဆောင်းပါးများကို ဘတ်ရသည်။ ၎င်းစာအုပ်ထည်းတွင် ကျွန်ုပ်အကြိုက်ဆုံးစာ နှစ်ပုဒ် ဖြစ်သည်။ အထူးသဖြင့် ပံသုကူမထေရ်အကြောင်းကို ပို၍ နှစ်သက်အားကျမိသည်။ ဆရာတော်၏ မဟုတ်က မင်းကိုပင် ပြောရဲဆိုရဲသော သတ္တိကို အကြိမ်ကြိမ် အောက်မေ့၍ ဦးတိုက်မိသည်။ ချီးကျူးမိသည်။

11.2.66

၂၃-ပုဒ်ပြီးသည်။ မြသိန်းတန်ဆရာတော်ထံမှ ယူလာသော သုတ္တနိ၊ဠ နိဿယကို ယနေ့ကြည့်ရာ စုန္ဒသုတ်ဆုံးခါနီးတွင် ပြီးဆုံးသည်။ ပေထုပ်တွင် ဒုတိယဟု ရေးသော်လည်း ပဌမထုပ်ဖြစ်သည်။ ကိုဌေးလှိုင်

ခေတ္တလာသည်။ ဝိသုဒ် (ဝိသုဒ္ဓါရုံ) အဖွဲ့၏ အခြေအနေကို စုံစမ်းရာ သိပ်မဆွေးနွေးကြဟု သိရ၏။ ညောင်ကန် ဦးပါရမီလည်း ရောက်လာသည်။ ဘုရားပူဇော်ရန်ဟူ၏။

မြလေး ရွှေခေးဗိုလ်ကို စ၍ ဘတ်သည်။ အင်းဝနှင့် ဟံသာဝတီကို နောက်ခံထား၍ ရေး၏။ ဆရာဇေယျ၏ ငယ်စဉ်က လက်ရာဖြစ်သည်။ ရွှေခေးဗိုလ်၏ အံ့သြစရာကောင်းလောက်အောင် ပရိယာယ်ဆင်နိုင်ပုံကို ရေးထား၏။

12.2.66

၅-ပုဒ်မျှသာ ပြီးသည်။ ကျမ်းညွှန်းများ၍ ခရီးမတွင်ကျယ်လှ။ အဖွင့်မရှိဟု တပ်အပ်သိသော်လည်း ရှိလိုရှိငြား ကြည့်ရှုရ၍ ခရီးဖင့်နွှဲ့ခြင်းဖြစ်သည်။

ဦးလှမောင်လာသည်။ ဝိသုဒ္ဓါရုံမှ ဆွေးနွေးချက်အနည်းငယ်ကို လျှောက်ထား၏။ ဆုံးဖြတ်ချက်များလည်း ပို့မည်ဟု ဆိုသည်။ P-T-S ရမည်ဟု ဆို၏။ သို့သော် မရောက်သေး။

တရားဆုံးဖြတ်ရာ၌ တိကျသော မျက်မြင်သက်သေကိုသာ ထည့်ရ၏။ တဆင့်ကြား မျက်မြင်သက်သေများကို မထည့်ရဟု ဆိုသည်။

13.2.66

ကတကို ဆက်လက်ရေးသည်။ မပြီးသေး။ ဦးချစ်တင်နှင့် ကိုတင်မြင့်တို့ ဘားပလက် စီ ဆေးနှစ်ပုလင်းဆီ လာလှူကြသည်။ မန်းတွင် ဝယ်မရဟု သိရ၏။ လိုသော စာအုပ်များလည်း ပါလာသည်။

ရွှေခေးဗိုလ် ဖတ်ပြီး၏။ အချိန်ကုန်သလောက် မှတ်သားစရာ မကျန်ရစ်။

**(၁) မတရားသည်ကို မတရားဟု သိရမည်၊**

**(၂) တရားသဖြင့် ဖြစ်အောင် ပြောရဲရမည်၊**

**(၃) မရသော် တော်လှန်ရဲရမည်။ ဤသတ္တိမျိုးပေါ်မှ စာကောင်း။**

14.2.66

နံက်ပိုင်းတွင် ကတကို ဆက်လက်ရှာဖွေရေးသားသည်။ ၂၉-ပုဒ် ပြီးသည်။ ကျမ်းညွှန်းနည်းသောပုဒ်များသာ ဖြစ်သည်။

စာသင်နေသူတဦးက သူ့အလိုမကျသဖြင့် စိတ်ဆိုးရောင် အမူအရာ ပြ၏။ ကျွန်ုပ်မှာလည်း ကိစ္စများသည်ကို သူ သိလျှက်နှင့် အချိန်ကို ခေးပြတိုက်ယူချင်သည်မှာ သူ့ရဲ့ ပြစ်ချက်ဖြစ်သည်။ သို့သော် သူ့ပြစ်ချက်ကိုကား မမြင်၊ တပါးသူကိုသာ အရမ်းမဲ့စိတ်ဆိုးသည်။ သူ့အလို ဖြည့်ခဲ့သည်မှာလည်း နှစ်နှစ်ခန့်ရှိပြီ။

ဦးနန်းနွယ်အား ဘားပလက်တဗူး ပေးလိုက်၏။ သူ့ကျေးဇူးကလည်း များစွာရှိ၍ ဤမျှနှင့် အားမရပါ။ ကျေးဇူးဆပ်လိုသေး၏။

15.2.66

တောင်ကြီးရထားမှောက်၍ လူ ၂၃-ယောက် သေ၏။ ကတ ဆက်လက်ရေး၍ ပြီးဆုံးသည်။ ကိုတင်မြင့်နှင့် ဒကာတယောက် ဇာ၁၅။၁ ဖောင်မှား စာနှစ်အုပ် လဲသည်။ ပဥ္စမကြိမ်မူ အနုဋီလည်း လာလဲသည်။ သို့သော်လည်း တအုပ်သာ အမှားတွေ့၍ လဲသွားသည်။ ကျန်တအုပ်မှာ အမှားမတွေ့၍ လဲမသွားရ။ မှတ်သူ၏ ညံ့ဖျင်းမှုတရပ်။

ပိ(ပိဋက)နှင့် လမ်းလျှောက်စဉ် စာပေသမားအဘို့ စာပေနှင့် ဆက်သွယ်၍သာ လာဘ်လာဘ ဖြစ်လာသင့်သည်၊ ရလာသင့်သည်။ ဘုန်းကြီး၍ ဖြစ်လာသော လာဘ်မျိုးကား စာပေလုပ်ငန်းကိုလည်း အနှောက်အယှက်ဖြစ်လာနိုင်သည်ဟု ဆွေးနွေးမိသည်။

ညတွင် ယဉ်ပုံ အိပ်၍ ဘုန်းကြီးနှင့် ရှေ့ရေး ဆွေးနွေးကြသည်။ အထူးအားဖြင့် ပရိယတ္တိသာသနာ ကြီးပွားရေးနှင့် ပတ်သက်၍ ဖြစ်သည်။

16.2.66

ပုဒ်ရေ ၂၀ ပြီးသည်။ ကိုမြင့်အုန်း လာ၍ ကျမ်းညွှန်းစာအုပ်များ ရေတွက်စစ်ဆေးပြီးလျှင် ပရိ(ပရိယတ္တိ) ဘုန်းကြီးအား လွှဲအပ်သည်။ ၎င်းပြင် ပုဂ္ဂိုလ်အသီးသီး လိုသော ဆေးများကိုလည်း စာရင်းပေးရန် သို့မဟုတ် စာရေးအကြောင်းကြားရန် လျှောက်ထားသည်။ ကိုတင်မြင့်ကလည်း လျှောက်ထားခဲ့သည်။

ညပိုင်း ယဉ်ပုံဘုန်းကြီးနှင့် ထွေရာလေးပါး စကားပြောရာ ယဉ်ပုံက သူကျောင်းစတွင် မူနှစ်မျိုးချခဲ့ကြောင်း တခုမှာ ဒါယကာဒါယိကာမနှင့် ပတ်သက်၍ ယခုက စ၍ လျှော့လျှော့ပေါ့ပေါ့ ဆက်ဆံလျှင် နောင်လည်း လျှော့ရမည်ဖြစ်သဖြင့် ခပ်တင်းတင်း ဆက်ဆံရန် မူချသည်ဟူ၏။ တင်းပြီးမှ လျှော့ရသည်မှာ ကောင်း၏။ လျှော့ပြီးမှ တင်းရပါမူ ခက်ခဲသည်။

PTSကို ကြည့်ရာ ကတန ဟူသောပုဒ်ကို တွေ့ရသည်။ စရိယာနှင့် ဇာ များကို ညွှန်းထားသည်။ အေးအေးဆေးမှ ရှာရန် မှတ်သားထားလိုက်သည်။

17.2.66

၁၆-၂-၆၆ ထုတ် လူထုတွင် မောင်မဲ၏ (***)ရွာ ဆောင်းပါးကို ဖတ်ရသည်။ ဘားအံမှ ၃၆မိုင် ဝေးသည်ဟူ၏။ ခရစ္စယံ မူစလင် ဗုဒ္ဓဘာသာဝင် အမျိုးမျိုးရှိသော်လည်း ဘာသာရေးနှင့် ပတ်သက်၍ အငြင်းအခုံမရှိ။ ဗလီဆရာကြီးများက ကမကထပြု၍ ဗုဒ္ဓဘာသာ ဘုရာကျောင်းများကို ဆောက်လုပ်သည်ဟူ၏။ ဘာသာရေးနှင့် ပတ်သက်၍ တကမ္ဘာလုံး စံထားသင့်သော ရွာပေ။

ယနေ့ ၂၇-ပုဒ်ပြီး၏။ နိုင်ငံရေးနှင့် ပတ်သက်၍ အငြင်းအခုံ လုံးဝမရှိ၊ ညီညွတ်သောရွာအကြောင်းကိုလည်း သိန်းဖေမြင့် ရေးတွင် ဖတ်ဘူး၏။

18.2.66

၂၆-ပုဒ်ပြီးသည်။ **လူထုဦးလှသည် နိုင်ငံသိ စာရေးဆရာ သတင်းစာဆရာတဦးဖြစ်လျှက် ရှမ်းပြည်နယ် ဆင်တောင်ဘူတာအလွန် ရထားမှောက်မှုတွင် မိမိ၏ မိတ်ဆွေများနှင့် ဆွေမျိုးနီးစပ်သော**

**ပုဂ္ဂိုလ်များအတွက်သာ ကွက်၍ စိတ်ပူမိသည်မှာ အံသြစရာ ကောင်းလှသည်။ ပို၍ အံသြစရာ ကောင်းသည်မှာ ဆောင်းပါးတွင် ယင်းအဓိပ္ပါယ် ပေါ်အောင် ရေးခြင်းဖြစ်သည်။** (ကတရဒဏ္ဍာမှာ ကျမ်းညွှန်းစာရွက်တွင် မတွေ့ရသေး၍ ရှာရဦးမည်။) ကမ္ဘာအေးအနီး မီးလောင်ရာတွင် အိမ်ခြေ ၈၀၀ခန့် ဖြစ်သည်ဟူ၏။

စာဖြေကြီးကြပ်ရေး ယခုနှစ် မလိုက်တော့ဟု ပရိ(ပရိယတ္တိ) နှင့် ဦးသိရိန္ဒတို့က ပယ်ခဲ့သည်ဟု ယနေ့ သိရသည်။

မန္တလေးတွင် နေ့ ၁-နာရီကျော်ကျော်မှာ မီးလန့်သည်။ စက်တခုမှ မီးခိုးထွက်သည်ကို လန့်ခြင်းဖြစ်သည်။

19.2.66

နာယကကြီးများနှင့် စကားပြောရာတွင် မိမိ၏ အမူအရာ ရိုင်းနေ၍ ပိ(ပိဋ္ဌက)က သတိပေးသည်။ ကျေးဇူးတင်လှ၏။ ဒုရွှေအင်ပင်ကျောင်းမှ စရိယာပိဋ္ဌကၤဋ္ဌ နိဿယနှင့် ကခ်ါဂဏ္ဍိ ပေထုပ်များ ငှါးခဲ့သည်။ ကိုမြင့်အုန်း လာ၍ သူ ၂၀ရက်နေ့ ပြန်မည်ဖြစ်သဖြင့် လိုအပ်ရာကို မှာရန် လျှောက်သည်။ ပရိ(ပရိယတ္တိ)ဘုန်းကြီးက ကပ္ပဏ-စသောပုဒ်များ လိုနေသေးကြောင်း စာပေးလိုက်သည်ဟူ၏။

ခန်အတွက် အစီအစဉ် တသမတ်တည်းဖြစ်ရန် သိမ်ထဲတွင် အနည်းငယ် ဆွေးနွေးကြသည်။ ထွက်ပြီး ခန်နှင့် တူရန်ဟု ဆိုသော်လည်း ယင်းခန်ကိုက ရှေ့နောက်မညီသဖြင့် စည်းကမ်းကို လိုက်နာရန် ခက်လှမည်ဖြစ်ကြောင်းကို အနည်းငယ်လျှောက်ထားလိုက်၏။ (ကတရဏ္ဍက)ကို ဋ္ဌ၌ တွေ့လိုတွေ့ငြား ရှာသော်လည်း မတွေ့ရ၍ ရေးထိုက် မရေးထိုက် စဉ်းစားရပေဦးမည်။

20.2.66

လွယ်၍ ၄၁-ပုဒ်ပြီးသည်။

ဦးဂျိုးဇက် ပြည်ထောင်စုနေ့တွင် တင်ပြသော ကချင်ဘာသာစာပေနှင့် ပတ်သက်၍ လူထုတွင် ဦးလှက တဆင့် တင်ပြသည်။ လီရှောစသော လူမျိုး၏ ရေးစာပေသည် သင်္ကေတမျှ ဖြစ်၏။ မီးခဲ ငရုပ်သီး စသည် ထုတ်လျှင် အမြဲတမ်း ရန်ငြိုးမပြေကြောင်းကို ပြသည်ဟူ၏။

သူငယ်ချင်းကောင်းရှိလျှင် တော်ရုံတန်ရုံ အဆင်မပြေဖွယ်ရာများကို တွေ့ပေမင့် စိတ်မပျက်ရသည်ကို လက်တွေ့သိရ၏။

21.2.66

ခင်နှင်းယု၏ ပုံပြောကောင်းသောမိန်းခလေးကို ဖတ်ရှုမိသည်။ မဆိုးလှ။ ခေတ်ပညာတတ်များ နတ်ကို ယုံကြည်မှု မယုံကြည်မှုနှင့် ပတ်သက်၍ ထိုပညာတတ်များ၏ ယေဘုယျ အယူအဆကို ဖော်ပြသောနေရာမှာ ကောင်းလှ၏။ ထိသည်။ ဇနက္ကဇာတ်ကို သာဓကထုတ်၍ ရှင်းပုံမှာလည်း သဘာဝကျသည်။

၂၆-ပုဒ်ပြီး၏။ အစာငတ်သူကို လက်တွေ့ အစာကျွေးပါဟူသော မောင်မဲ၏ ဆောင်းပါးလည်း မဆိုးလှ။ ကတနာသကို မကျေနပ်၍ ဝိဘင်း အနုဋီ နိဒ္ဓ ရှာသည်။ ဋ္ဌ(ဋ္ဌဲ)ချုပ် ကျောဘက်၌ တွေ့ရသည်။ ကတ

ဝိဇ္ဇာပရိယာယပုဏ္ဏနာဒိကိုလည်း တွေ့ရသည်။ ရှေးဆရာတော်များ၏ ကျေးဇူးကား ကြီးမားလှ၏။ ပိ(ပိဋ္ဋက)ကိုလည်း ကူရှာပေး၍ ကျေးဇူးတင်ရပေမည်။

22.2.66

ပုဒ်ရေ ၂၀ ပြီးသည်။ ဗမာပြည်တွင် စာမတတ်သူ ဦးရေ ၉သန်း ၆သိန်း ရှိသည်ဟူ၏။

ဆရာတော် ဦးနာရဒ(တောင်ပြင်)၏ အတ္ထုပ္ပတ္တိကို ဖတ်ရသည်။ သီးခံကြဘို့ အမြဲမပြတ် ဆုံးမတတ်သော ဆရာတော် ဖြစ်သည်။ ယခုဘဝ သီးခံလျှင် နောင်ဘဝ အနိုင်ရမည်ဟူ၏။ ပစ္စည်း လာဘ်လာဘနှင့် ဆက်စပ်၍လည်း အလွန်အလိုနည်းသော ဆရာတော်ပါပေ။ ကဗျာအရာ၌လည်း အလွန်ကျွမ်းကျင်သည်ဟူ၏။ ဆရာတော်၏ ဆရာမှာ ဒုတိယ ပင်းသာ ဆရာတော် ဦးခန္တီ ဖြစ်သည်။ ငယ်စဉ်က ရွှေဇလုံနှင့် ထမင်းစားချင်သည်ဟု မိဖကို ပူဆာဖူးသည်။ ဆရာတော် မွေးဖွားပြီး မကြာခင် မိဖနှစ်ပါး ကွဲသွားကြသည်။

23.2.66

ဝီလ်ဆင်(ဗြိတိသျှဝန်ကြီးချုပ်) မော်စကို သွားသည်ဟု လူထုတွင် တွေ့ရသည်။ (၇)နှစ်အတွင်း ဗြိတိသျှဝန်ကြီးချုပ်များ မော်စကို မသွားခဲ့ကြ။ ယခုအကြိမ် ပထမဟု ဆိုသည်။ ဗီယက်နမ်ကိစ္စ အမေရိကန်ဘက်မှ ထွက်ပေါက် အဖြေရှာရန် ဆွေးနွေးလိမ့်မည်ဟု ခန့်မှန်းရ၏။ ဗြိတိန် ရေတပ်ဝန်ကြီး ရာထူးမှ နုတ်ထွက်သည်ဟူ၏။ အကြောင်းပြမှာ မလိုအပ်ဘဲ အမေရိကန်ကို အားကိုးမှုများ များလွန်းသည်ဟူ၏။

ဥပုသ်တော်ကုန်း သရဏဗောဓိရိပ်သာ အနောက်ဘက်မှ ဆေးဆရာ ဆရာမြို့ထံတွင် သက္ကဋနှင့် ပတ်သက်၍ မေးခဲ့သည်။ လမ်းစရခဲ့၏။ သူလည်း အတန်သင့် ဖတ်နိုင်သည်။

၃၁-ပုဒ်ပြီး၏။ ဥပရိပဏ္ဏာသ၊ဋ္ဌ နိဿယ ပေထုပ်မှာ နံပါတ် ၁၃၅ ဗာကုလသုတ်မှ စသည်။ ကတဝေဒိကာကာရကို ဝိမတိ နိဿယ၌ ဖော ကျော၌ တွေ့ရသည်။ သာရတ္ထ။၃ နိမှာ ပါစိတ်အဖွင့်တွင် ပြီးဆုံးသည်။ မဟာဝါ စူဠဝါ ပရိဝါအတွက် မပါပေ။ ယင်းနိဿယအတူ ဇာလိနီနိဿယလည်း တွဲလျှက်ပါသည်။ သြဿနသို့ (၄၇) အပ်လိုက်သည်။ ပရိ(ပရိယတ္တိဘုန်းကြီး)ထံမှာ အပ်လိုက်ခြင်း ဖြစ်သည်။

24.2.66

၃၄-ပုဒ်ပြီးသည်။ ညပိုင်းတွင် ပိ-ယဉ်-တို့နှင့် စပ်မိစပ်ရာ ပြောကြရာ “နာညတြ ဗောဇ္ဈာ တပသာ” ဂါထာမှာ နာနာဘာဝများမှ တားဆီးနိုင်ရေးအတွက် လက်တွေ့အကျိုးများသည်ဟု ပိ(ပိဋ္ဋက)က ပြော၏။ သူ့ဆရာ တပည့်များသည် ၎င်းဂါထာကို လယ်ထွန်ရင်း သစ်ပင်အောက် နားနေစဉ် ၎င်းဂါထာကို ရွတ်လေ့ရှိသည်ဟူ၏။ နာနာဘာဝများက ရွာထည်းတွင် ၎င်းဂါထာကို သစ်ပင်အောက်များမှာ မရွတ်ဘို့ ဘုန်းကြီးက တပည့်များအား တားမြစ်ပေးရန် ပူးပြောသည်ဟူ၏။ ရွှေဘိုနယ်မှ ကျောင်းတကျောင်း၏ အဖြစ်အပျက်ကိုလည်း ပြောပြ၏။

ယဉ်ပုံက ပြောရာတွင် ခရမ်းဘုန်းကြီးတပါးသည် ပယောဂဆရာ လုပ်လျှက် တပည့်တယောက်အား ဆေးထိုးပေးရာ ၎င်းတပည့်ကို ဆေးထလျှင် သူပင် မနိုင်ဟူ၏။ အောက်လမ်းမျိုးဖြစ်ရမည်။

စိတ်ဆန်းကျယ်ပုံမှာ လူတယောက် ပိုးကောင်ကိုက်၏။ အကိုက်ခံရသူပါ ပိုးကောင်ရှာကြ၏။ မြွေပွေးကို တွေ့ရာ ထိုလူသည် ချက်ချင်းလဲသွားသည်။ ကု၍ပင် မရဟူ၏။

25.2.66

ပုဒ်ပေါင်း ၂၁၄-ပုဒ် ဩသာန ပရိ(ပရိယတ္တိ)ဘုန်းကြီးထံ အပ်လိုက်၏။ ၁၂-ပုဒ်ပြီးသည်။ ကျမ်းညွှန်းများ၍ သိပ်မပြီးလှ။ ဂန္ထဆရာတော် မွေးနေ့မှ သင်္ကန်းဒွိစုံ ရသည်။ ဆရာတော်မှာ ကျွန်ုပ် နာယကဖြစ်သည်မှစ၍ နှစ်စဉ် သင်္ကန်းဒွိစုံစီ နာယကစာချမျှားအား လှူဒါန်းမြဲဖြစ်သည်။ နာယကမဖြစ်ခင်ကလည်း အခါအခွင့်သင့်လျှင် လှူဒါန်းခဲ့ဟန်တူသည်။ညတွင် ယဉ်ပုံသိမ်သစ်ထည်းမှာ ယဉ်ပုံနှင့် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ရွတ်ဖတ်ပူဇော်သည်။

၂၄-နေ့ ထုတ် လူထုတွင် တန်ဂွန်နာဂတို့၏ ကိန်းရေး ကိန်းဖတ် ဆောင်းပါးကို ဖတ်ရသည်။ ၁။ (ထာယက) ၂။ (စီးနီး) ၃။ (ကွတ်ချီး) ၄။ (***)စသည် ဖြစ်သည်။ ကမ္ဘာတွင် မည်သည့်ဘာသာနှင့်မျှ မတူသော ကိန်းရေးကိန်းဖတ် ဖြစ်သည်။ ၁၁-မှာ ထားလန်း ၁၂-မှာ စီးလန်းဖြစ်သည်။ လန်းကို ၁၀-ဟု ယူနိုင်သည်။ သို့သော် ၁၀-မှာ သီးခြား သရွှားဟု

26.2.66

၂၁-ပုဒ်ပြီး၏။ ၂၅-ရက်နေ့ထုတ် လူထုတွင် ၂၄-ရက် ဂါနာသမတ ပီကင်းရောက်၊ ထိုနေ့၌ပင် ပုလိပ်စစ်ဘက် ပေါင်း၍ ဂါနာတွင် အာဏာသိမ်း၊ ဂါနာ သမတ နကရူးမား ဦးစီးသည်။ အစိုးရအဖွဲ့ကို ဖြုတ်ချလိုက်၏။ ဗိုလ်မှူးကြီး ကိုတိုးကားက အသံလွှင့်ကြေညာ၏။

မောင်မဲ၏ ဆောင်းပါး၌လည်း ယခင် ဗမာငွေ ဒိ ယိုးဒယားဘတ်ငွေ ၄ဘတ်နှင့် ညီမျှ၏။ ယခု ဗမာ ဒိ ယိုးဒယား စတန်း ၈၀ (ပြား ၈၀)ဟူလို။ မှောင်ခိုငွေဈေးကား ဗမာအတွက် နစ်နာလှ၏။
ဘုရားကြီးတိုက် ပုသိမ်ကျောင်းဘုန်းကြီး သက္ကဋ္ဌ တတ်သည်ဟု သိရ၏။

ညပိုင်းတွင် ယဉ် ကုံတို့နှင့် စကားပြောရာ (***)၌ စာရေးတယောက်အား လျှောက်လွှာတင်သည်။ တယောက်က ငွေပေးပါမည်၊ သူ၏ လျှောက်လွှာကို အရင်ဦးပေးရန် ပြော၍ ဦးစားပေးလိုက်ရာ ငွေမပေးပဲ လစ်ပြေးသည်ဟု သူတို့ကိုယ်တွေ့ ပြောပြ၏။ ခက်လှသည်တကား။

27.2.66

ကိုဘလှ လာ၍ ပဲဒီစိမ်း အနည်းငယ် ပို့သည်။

ကတ္တရာစေးခင်း မော်တော်ကားလမ်း တမိုင်လျှင် ၁၀၀၀၀၀ (တသိန်း)ခန့် ကုန်ကျကြောင်း လူထုခေါင်းတွင် တွေ့ရ၏။

ဘားပလက်(စ်)စီတဖူးလည်း ကိုဘလှ လာလှူ၏။ ဝယ်မရသော်လည်း သူ့သူငယ်ချင်းထံမှ ရသည်ဟူ၏။

ပေမူ နိဿယများကို စာရင်းလုပ်၏။ ကတာကတဘာဂါပေက္ခ-ကို သာရနိ (သာရတ္ထနိဿယ) ပေတွင် ရှာ၏။ တွေ့သော်လည်း ကြံစည်ထားသော အနက်နှင့် မထူးလှ။

မောင်မဲ ဆောင်းပါးတွင် မဲစနစ်၏ မဟန်ပုံကို ရေးထား၏။ ယခင် အကောင်း ဘန်ကောက် (အကောင်းစား ဘန်ကောက်သင်္ကန်း) ၃၅ သာ ပေးရသော်လည်း ယခု သက်သာချောင်ရေးခေတ်တွင် ၄၉ ရောင်းသည်မှာ အံ့စရာ။

၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ တနင်းလာနေ့ (၁၃၂၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်)

၁၈-ပုဒ်ပြီးသည်။ ဒီလအတွက် ပေါင်းချုပ် (၄၅၄)ပုဒ် ပြီးသည်။ သည်မျှ ပြီးသည်မှာ ရေးသောပုဒ်စုက လွယ်၍ ဖြစ်သည်။ ခက်ပါမူ ဤမျှ ပုဒ်ပေါင်း ပြီးနိုင်မည်မဟုတ်ပေ။

David Copper Field စဖတ်သည်၊ မခက်လှပါ။ စာအုပ်လည်း ဝယ်သည်။ ကျွန်ုပ်အတွက် မဟုတ်၊ ပိ(ပိဋကနယ)အတွက် ဖြစ်သည်။ (ပိ = ပိဋကနယူပဒေသကျောင်း ဆရာတော် ဦးကောဝိဒါဘိဝံသ)

လူထုတွင် (သလ္လာ တေဇ)က အထက်တန်းပညာ ခါးမပြတ်သင့်ကြောင်း အကြံပေး ဆောင်းပါး ရေးသည်။

ဂါနာဝန်ကြီးချုပ် (ယခင်) ယခု သမတက မကြာမီ ဂါနာကို ပြန်မည်ဖြစ်ကြောင်း ပီကင်းတွင် ကြော်ငြာသည်ဟူ၏။ ကြော်ငြာချက်ကို ဂါနာနိုင်ငံခြားရေးဝန်ကြီး အလက်ကွိုင်ဆုံဆက်ကီးက သမတ ကိုယ်စား ကြော်ငြာခြင်း ဖြစ်သည်။

အိုင်ရှေမှ မောင်ကော ပြန်လာသည်။ သူတို့ဘက်တွင် ဒါးပြ နွားခိုးမှုများ ပေါသည်ဟူ၏။

---

၁၉၆၆ ခု၊ မတ်လ ၁ ရက်၊ အင်္ဂါနေ့ (၁၃၂၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်)

သာသပကကျေနေ မဋ္ဌ၊၃။၂၀၉ ၌ ကဏ္ဍရှိ၏။ သတိပြု။ ၁၇-ပုဒ်ပြီးသည်။ ကျမ်းညွှန်းသူများက ကတ နှင့် ကထ မကွဲကြ၍ ယခုရက်ပိုင်းအတွင်း အထူးခရီးဖင့်နွှဲရသည်။

၁။ အသိဉာဏ်ဖြင့် စီးရုံးထားသော အဖွဲ့အစည်း၊

၂။ အခွင့်အရေးဖြင့် စည်းရုံးထားသော အဖွဲ့အစည်း ဟု နှစ်မျိုးရှိသည်။

ကျွန်ုပ်တို့ နိုင်ငံတွင် (၁) မပေါ်ဘူးသေး။ (၂)ကား ပေါ်ပြီး ပေါ်ဆဲ ပေါ်လတံ့။

ဦးအောင်ညွှန့်ထံ သွားသော်လည်း ရန်ကုန်သွားနေ၍ မတွေ့ခဲ့ရ။

ဂါနာသမတ ပီကင်းမှ ထွက်သွားပြီဖြစ်ကြောင်း လူထုတွင် ဖတ်ရသည်။

မြောက်ကိုရီးယား မြို့တော် ပြုံယမ်း၊ တောင် (ကိုရီးယား မြို့တော်) ဆိုးလ်။ ၁၉၅၀ ဇွန် ၂၅ နေ့ ကုလအလံထူ၍ တောင်ကိုရီးယားမှ ဝင်တိုက်သည်ဟူ၏။ ခရစ်မပေါ်မီ ၁၂ရာစုနှစ်မှာ တရုပ်ပညာရှိ ကီဇီက ပြုံးယမ်းကို တည်၏။ (လူထု) လှ ဆောင်းပါး။

2.3.66

၈-ပုဒ်မျှသာ ပြီး၏။ ကျမ်းညွှန်းများသော်လည်း အနက်ထူးမထွက်။ ကျမ်းညွှန်း ရာကျော်သော်လည်း အနက်တမျိုးသာ ထွက်သောပုဒ်များ ဖြစ်ကြ၏။

မတ်လ ၁ ရက်နေ့ ထုတ် လူထုတွင် အစိုးရချင်း အသိအမှတ်ပြု ငွေဈေးကို မောင်မဲက ရေးထား၏။

ဗမာငွေ ၁ဝိ ဒဿမ ၃၃၃ (၁၃.၃၃၃)ဟာ တပေါင်နဲ့ ညီ၏။ ၄ိ ဒဿမ ၇၆၂ ဟာ အမေရိကန် တဒေါ်လာနှင့် ညီ၏။ အိန္ဒိယ ဗမာနှင့် တူ၏။

ယိုးဒယား ဘတ်ငွေ ၅၈ ဘတ် ၄၂ စတန်းသည် တပေါင်နှင့် ညီ၏။ ဘတ် ၂၀ ၈၆ စတန်းသည် တဒေါ်လာနှင့် ညီ၏။

ထိုင်ဝမ် ငွေ ၁၁၂ နဲ့ ဆင့် ၃၈သည် တပေါင်နဲ့ ညီ။ ၄၀ နှင့် ၁၀ ဆင့်သည် တဒေါ်လာနဲ့ ညီ၏။

၂ ဒေါ်လာ ဆင့် ၈၀ သည် တပေါင်နဲ့ ညီ၏။

မိုးရွာနေပူမှာ သူ့အလုပ်, ပညာသင်ချိန် မပျက်ကွက်ရန်မှာ ပညာသင်သူ၏ အလုပ်။ (ဆရာမြို့)

ကာလာမသုတ်လာ ချင့်ချိန်ယုံ စကားနှင့် ဥပရိပဏ္ဏာသလာ ငါ်ဘုရား စကားကို သက်သေထားဟူသော စကားနှစ်ရပ် စဉ်းစားရန် ကောင်း၏တဲ့။ ပုဂ္ဂိုလ်သတ္တဝါဟု ယူရုံနဲ့ သက္ကာယဒိဋ္ဌိ ဖြစ်ရောလား? စဉ်းစားစရာများ။

ဦးနာရဒ (ယဉ်ပုံဆရာတော်) လာ၍ တာကူးပြည့်ကျော် ၇-ရက်နေ့ သိမ် ရေစက်ချမည်ဖြစ်ကြောင်း ပြောသည်။ ဝန်ထောက်မင်း (ဦးနန်းနွယ်) အား စာအုပ်ပေးလိုက်၏။

3.3.66

၂၆-ပုဒ်ပြီးသည်။ သက္ကဋကို ဆရာမြို့ထံတွင် ယနေ့ကစ၍ လေ့လာသည်။ မည်သည့်ဘာသာမဆို ရေနည်းသားနည်း စနစ်ကျမှ ကြည့်လှသည်ကို သိလာရသည်။ စေတနာကောင်းသော ဆရာတဦး ဖြစ်သည်။

လူထုထံတွင် ရှိသောအားကို အခွင့်သင့်လာသည့်အခါ သုံးသင့်သည့်အခါ ထိထိရောက်ရောက် သုံးတတ်အောင် စုစုစည်းစည်းရှိဘို့ လိုကြောင်း ဗိုလ်ချုပ်က ပြော၏။ စည်းမကျ ကမ်းမကျ လုပ်နေသော အထက်လူကြီးကို ခံတိုက်ရမယ်။ မဟုတ်ရင် ခံနေတာထက် ပြန်တိုက်ခြင်းက သဘာဝကျ၏တဲ့။ သတ္တိလည်း မွေးမြူရမယ်။ ခင်ကြီးပျော်နှင့် ပြော၏။ နွားမကျောင်း ဆရာတော်ထံ ရောက်ပုံကို ဆရာမြို့ ပြောပြ၏။ နွားမကျောင်း ဆရာတော်ဟူသည် ကျော်အောင်စံထား ဆရာတော်ပင်ဟူ၍လည်း ပြော၏။ သုတေသီများ လေ့လာရန် ကောင်း၏။

4.3.66

ဆရာဝန် တင်ရွှေ၏ တွေ့ခဲ့ရသည့် အဖြစ်ဆန်းများမှ မိခင်ကိုပင် သံဝါသပြုသော ရောမဘုရင် နီရိုး, သမီးရင်းကို သံဝါသပြုသော အင်္ဂလန်ဘုရင် ဟင်နရီဟိတ်, သံတမန်တိုင်းနှင့် အချစ်ပလူးသော ပထမ အဲလိဇဘက်, ၁၅-၁၆-နှစ်ရွယ် အမျိုးသမီးများကိုသာ ခြေတော်တင်သော အီဂျစ်ဘုရင် ဖာရော့။

ကျောက်ဖြူရခိုင်များသည် တပို့တွဲလ၌ ရထားလုပ္ပွဲ ပြုလုပ်လေ့ရှိ၏။ ဗမာတွင် လွှန်ပွဲနှင့် ရည်ရွယ်ချက်သဘောတူ၏။ မတ် ၂ လူထုဆောင်းပါးမှ။

၃၄-ပုဒ်ပြီး၏။ ၁၁၇-ပုဒ် ပရိထံ အပ်သည်။ (ပရိ = ပရိယတ္တိနယူပဒေသကျောင်း)

၆၄ မေ ၂၄ နေ့ ပီရူးနှင့် အာဂျင်တီနား ပြိုင်သော ဘောပွဲတွင် အဓိကရုဏ်းဖြစ်ရာ လူပေါင်း ၃၀၀ခန့် သေ၍ ၄၀၀၀ခန့် ဒဏ်ရာရကြသည်ဟူ၏။

**သက္ကဋမှာ သက်သက်နေသော သရက ပုံစံတမျိုး, ဗျည်းနှင့်တွဲသော သရက ပုံစံတမျိုး ဖြစ်သည်။ ပါဠိနှင့် တူ၏။**

မတ်လ ၁ ရက်နေ့ထိ ဂါနာသမတမှာ မော်စကိုမှာ ရှိသေးသည်ဟု သိရ၏။ နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုက လေဆိပ်မှ ကြို၏။

5.3.66

ပုဒ်ရေ ၂၀ ပြီးသည်။ ကျမ်းညွှန်းသူက တ နှင့် ထ မကွဲဘဲ ညွှန်းသဖြင့် အချို့ပုဒ်များမှာ ရေးခွင့်မကြုံသေးဘဲ ရှာဖွေနေရသည်မှာ ခရီးအလွန်ဖင့်၏။

အိပ်ဆေးကို အလွန်အကျွံ သောက်မိက “ဆားသုံးဇွန်းခန့် ရေနွေးနှင့် ဖျော်တိုက်၍ အံအောင် လုပ်ရမည်”ဟု ဆရာတင်ရွှေ၏စာအုပ်တွင် ဖတ်ရ၏။

**ဂျီစီဘီအေ (General Council of Burmese Association) နဝမကွန်ဖရင့် မန်းဌ် ကျင်းပရာ မစိုးရိမ်ကျောင်းဒကာ ဦးကျော် တက်၏။** ၁၉၂၁ အောက်တို ၂၁ (၁၃၄၉)သင်းက ဆက်သွယ်၏။ ဒီပဲရင်းဝန်ထောက် (ဦးမြဲ) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။

6.3.66

၆-ရက်နေ့ထုတ် လူထုတွင် ဂီနီသမတ ဆေကူတိုရီက ရာထူးမှ ထွက်၍ ဂါနာသမတကို ဂီနီသမတအဖြစ် တင်သည်ဟု ဖတ်ရှုရ၏။ ဂါနာနိုင်ငံခြားရေးဝန်ကြီး ကွိဆုံဆက်ကေးက အာဏာသိမ်းသူများကို ထောက်ခံမည်ဟု ကျေညာ၍ အက္ကမ္မာမြို့သို့ ပြန်၏။ နကရူးမားမှာ ၂ရက်နေ့က မော်စကိုမှ ဂီနီသို့ လာ၏။ ဂီနီမြို့တော် ကော်နာကရီ ရေဒီယိုမှ ကျေညာချက်ဟူ၏။

စာမေးပွဲအတွက် ပုစ္ဆာရေးကြသည်။ ညပိုင်းတွင် ပိ-ယဉ်-တို့နှင့် ထွေရာလေးပါး စကားပြောကြသည်။

ဆရာဝန် နှစ်လောင်းပြိုင် သေကြောင်း ဝန်ထောက်မင်းက ပြောပြ၏။ မိမိမယား သေရာတွင် ဆရာဝန်ကပါ အဆိပ်သောက်၍ သေသည်ဟူ၏။ အချစ်မှာ စံယူထိုက်သည်ဟု ဆိုရမည်လော။

7.3.66

၂၇-ပုဒ်ပြီးသည်။ သက္ကဋကို ညနေ ၅:၂၀မိနစ်တွင် သင်ရသည်။ ည သင်က မိမိမျက်စိအတွက် ငဲ့ကွက်ရ၍ ညမှာ မသင်တော့ဘဲ ညနေ သင်သည်။ ကတုပ္ပယိတဟူသော ပုဒ်ဆန်းကို ဝဇီရ(ဗုဒ္ဓိဋီကာ)တွင် တွေ့ရသည်။ ကြိုးစား၍ အနက်ပေးရမည်။ Eighty Five ကို လက်ခံရရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များသည် လေယာဉ် ၁၈၃ စီးဖြင့် အမေရိကန်၏ စစ်အခြေခံ ပုလဲဆိပ်ကမ်းကို ဖျက်ဆီးတိုက်ခိုက်ကြသည်။ အဖြစ်ဆန်းတခုမှာ ဗုံးချ အလွန်တော်သော ဂျပန်စစ်သားတယောက်သည် စစ်တိုက်ရတော့မည်၊ လေယာဉ်ပေါ် တက်ကြဟု အမိန့်ပေးသည်နှင့်တပြိုင်နက်

ခြေထောက်နှစ်ဘက်မှာ လုံးဝလှုပ်မရတော့ဟူ၏။ ဆရာဝန်အမျိုးမျိုး ကုသော်လည်း မထူးခြား။ သို့သော် ဂျပန် လက်နက်ချပြီး စစ်ကြီး ပြီးပြီဟု ကျေညာသည်နှင့်တပြိုင်နက် ခြေထောက်မှာ တဖြေးဖြေး ကောင်း လာသည်ဟူ၏။ စိတ်ဝေဒနာတမျိုး ဖြစ်ပေလိမ့်မည်။ ဆရာဝန်တင်ရွှေ စာအုပ်မှ။ (ကိုမြင့်အုန်း တိုက်ပရိုက် လာပို့၏။)

8.3.66

၃၇-ပုဒ်ပြီးသည်။ ဗစ်တာဖောင်တိန်တချောင်းစီ နဗုသအဖွဲ့မှ လှူဒါန်းသည်။ ရေးပြီးပုဒ်များကို ကို မြင့်အုန်းက စတင်၍ တိုက်ပရိုက် ရိုက်သည်။ ကိုဗိုလ်မောင်လည်း လာသည်။

နာမည်ကြီး စလင်းဆရာတော်မှာ ငါန်းဇွန်နားအနီး ကောင်းစင်ရွာ ဇာတိဟု ဆရာမြို့က ပြော ပြသည်။

၅၅ ခုနှစ်မှစ၍ ရန်ကုန်တွင် ခရစ်ယာန်ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ဘုန်းကြီး ဗစ်တာဂျော့ချ်ရှီ ယာဘန်က ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီး ပြုလုပ်ရန် ခရစ်ယာန်ဘုန်းကြီးအဖြစ်မှ နုတ်ထွက်သည်ဟု မတ် ၄ ရက်နေ့က ကျေညာကြောင်း အင်အေဘီရိုက်တာကြေးနန်းအရ သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်လူမျိုး မာတင်ဘိုမန်းသည် လူပေါင်း တသိန်းကျော်ကို သတ်ပစ် ခဲ့သည်။ သို့မဟုတ် ရန် (သတ်ရန်) အမိန့်ပေးခဲ့သည်ဟူ၏။

မောင်နမ တဝမ်းကွဲပင် ဖြစ်လင့်ကစား မြီးကောင်ပေါက်များအား လွှတ်မထားသင့်ကြောင်းကို မြီးကောင်ပေါက်တို့၏ အချစ်ဇာတ်လမ်းမှာ တကယ့်အဖြစ်အပျက်ဖြင့် ဆရာဝန်တင်ရွှေက ရေးထား၏။

9.3.66

မောင်မဲ၏ ပေါင်းချောင်ဗေဒင်ဆောင်းပါးကို ဖတ်ရသည်။ ဝယ်သောအခါ ပေါင်းချောင်ဖင်မှ အပေါက်ကလေးများထဲသို့ ဟောင်းဗားဟေး ဟောင်းဗား (မစားရဘူး စားရတယ်) ဆို၍ ဒုတ်ခနောင်းဖြင့် တို့ရသည်။ နောက်ဆုံးပေါက်မှာ ဟောင်းဗား (စားရတယ်) ကျက အစာရေစာပေါသည်ဟု ပိုးကရင်များ အယူရှိ၏။

၁၃၂-ပုဒ် ပရိ(ပရိယတ္တိဘုန်းကြီး)ထံ အပ်။ သမာသ်ပုဒ်များကို ပုဒ်တိုင်း ခွဲသင့် မသင့် ဦးလှမောင် ကို ဗိုလ်မောင် ရှေ့တွင် ဆွေးနွေးကြသည်။ ကိုဗိုလ်မောင်က အပေါင်း သမာသ်သာ ခွဲသည်။ အကယ်၍ အသိ ခက်၍ ခွဲသူအဘို့ တွေဝေလောက်ပါက မလွဲနိုင်တဲ့နည်းဖြင့် တပုဒ်စီခွဲသည်ဟု သူတို့ လုပ်ပုံကို ပြော ပြသည်။ ကျွန်ုပ်က အပေါင်း အဓိက သမာသ်သာ ခွဲရန် ပြောလိုက်သည်။ ပိ(ပိဋကတ)ကလည်း ပြောသည်။

ရေဦး ချမ်းသာကြီးတိုက် ပျံလွန်တော်မူလေပြီးသော ဆရာတော်မှာ ငယ်စဉ်ကပင် ညစာ မစားဟု ယဉ်ပုံက ပြောပြသည်။ ၎င်းကျောင်းတိုက် ကျောင်းဒကာမှာလည်း ရဲဘော်ခေတ် တခေတ်လုံး ကျောင်းတိုက်ရှိ သံဃာတော် အားလုံးအား ဆွမ်းကျွေးထားသည်ဟု သိရသည်။

ပုဒ်ပေါင်း ၄၀ ပြီးသည်။ လွယ်ကူသောပုဒ်များချည်း ဖြစ်ပါသည်။ (ကတ္တဗ္ဗာဝသ)ပုဒ်မှာ ရှာမတွေ့ သေး၍ မရေးရသေးပေ။

10.3.66

တိုက်စာမေးပွဲ တတိယအကြိမ် ကျင်းပနေ၍ ခါန်လုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားကြသည်။ ဆေးတအိုးကျွမ်းမျှ ရသော အားလပ်ချိန်ကလေး၌ ရေးပြီးပုဒ်များကို မှန် မမှန်, မှန်သော်လည်း ကောင်း မကောင်း စစ်ဆေးရသေးသည်။ ထပ်ခါထပ်ခါ စစ်ဆေးလေ ကောင်းလေဖြစ်သည်။

ဖျာပုံ နောင်တော်ကြီးထံမှ စာရောက်သည်။ ဘိနပ်တရံကိုလည်း လူကြုံကောင်း၍ လှမ်းလှူဒါန်းလိုက်သည်။

ဆရာဝန်တင်ရွှေ၏ ခါးနာခါးအောင့်လျှင် ဆောင်းပါးကိုလည်း ဖတ်ရသည်။ မတ်ရပ်ကုလားထိုင်ကို ထိုင်လျှင် ကုလားထိုင် နောက်မှီနှင့် ခါးရိုးများ ကပ်မိအောင် ထိုင်ရမည်။ ကုန်း၍ မထိုင်ရ၊ စာမရေးရ။ ယင်းသို့လုပ်၍ ခါးရိုးကြွက်သားများ ဒဏ်ပိ၍ ခါးနာတတ်သည်ဟူ၏။ နာလျှင် မာသော အိပ်ယာထက် ဆန့်အိပ်ခြင်းဖြင့် အနားယူရမည်ဟူ၏။ ကိုယ်ကို လိမ်၍ တွန့်၍ စာရေးခြင်း ဖတ်ခြင်းကို ရှောင်ပါ။

11.3.66

မိမိထုတ်သောပုစ္ဆာများကို စစ်ဆေး အမှတ်ပေးရ၍ ခါန်မလုပ်ရပေ။ ပဋ္ဌိသြဿာန ပူးတွဲ သြဿာနက သမာသ်ပုဒ်များကို ပုဒ်ရှိတိုင်း ခွဲသည်ဟု သိရ၍ နောင်ကာလအတွက် ရင်လေးမိသည်။ သဘာဝ ကျ/မကျ လေးနက်စွာ မစဉ်းစားဘဲ ဆုံးဖြတ်ချက်အတိုင်းဟူသော သဘာဝမကျသည့် ဆုံးဖြတ်ချက်ကို ကိုးကား၍ ပြောကြသည်မှာ အဆိုးဆုံး။ မစိုးရိမ် နာယကအဖွဲ့မှ ပြုစုသည်ဟု မျက်နှာဖုံးက ရိုက်နှိပ်ပြီး အတွင်းမှာ ကလေးကလား ပုဒ်ခွဲများကို တွေ့က ရယ်၍ အပြစ်ပြောကြမည့် အနာဂတ်ပညာရှင်လေးများကို ရှက်မိ၏။

ဂုပိဿာဝင် အိုးနှင့် ၄ပိဿာဝင် အိုး တလုံးစီသာ ရှိသူသည် ၆ပိဿာအတိ ရေချိန်လိုသော် ဘယ်လိုချိန်မည်နည်းဟူသော အပျင်းပြေပုစ္ဆာကို တွေ့၏။

12.3.66

ပုစ္ဆာဆက်လက်စစ်နေရ၍ ခါန်ကို မလုပ်နိုင်သေး။ လူထုတွင် ဆရာသန်းထွဋ်က မန္တလီသီချင်း (မြို့မငြိမ်းရေး) ၏ အဓိပ္ပါယ်ကို ဖွင့်ပြသည်။ သူ့ ထင်မြင်ချက် သက်သက်ဖြစ်သော်လည်း မှတ်စရာကောင်းသည်။

လူတို့၏ ကံကြမ္မာကို မည်သူမျှ မဆုံးဖြတ်နိုင်။ ဆရာဝန် ဒေါက်တာ ရိချ်သည် ခြေက မွေးသော မိန်ခလေးတယောက် ဒူးမှ စ၍ ခြေတဖက် မပါသဖြင့် လူ့လောကတွင် အသုံးဝင်မည့် ကလေး မဟုတ် ယူဆမိ၍ သတ်ပစ်ရန် စိတ်ကူးခဲ့မိသော်လည်း ကရုဏာတရား၏ နှိုးဆော်ချက်အရ သတ်မပစ်ခဲ့။ ၎င်းကလေး ကြီးလာသောအခါ ကမ္ဘာပေါ်တွင် သာမန်လူသားများထက် ထူးချွန်သည်ကို တွေ့ရသည်ဟူ၏။ ခြေက မွေးသော ကလေးများ၌ ခြေထွက်ပြီးသော် ပြင်ပလေစိမ်းနှင့် တွေ့ပြီး ကလေး လန့်၍ အသက်မရှူမိစေရန် ထွက်ပြီး ခြေကို အဝတ်ဖြင့် ဖုံးရသည် ထွေးပေးရသည်ဟူ၏။ (ဆရာဝန် တင်ရွှေ)

13.3.66

လူထုတွင် ကိုရင်အေး၏ "မောင့်ဂျီးထူပုံ အကုန်သိရင် ခံပုံမရပြီ"ဟူသော မန္တလီသီချင်းပိုဒ် အဖြေကို ရေးထားသည်။ သန်းထွတ်နှင့် မတူ။ စာသားကို ထောက်လျှင် ကိုရင်အေး အဖြေက သဘာဝကျ၏။

စအိုဝကို ဖနောင့်ဖြင့် ပိတ်၍ ထိုင်ခြင်းကို ပိဒ္ဓန်းပိတ်ထိုင် ခေါ်သည်။ ဓားပီးဒုတ်ပီးသူများကို ရိုက်လျှင် ပိဒ္ဓန်းပိတ်ထိုင် ရိုက်ရ၏။ အင်္ဂလိပ် တော်လှန်ခဲ့သော ဗိုလ်ကျားကို ဤနည်းဖြင့် ရိုက်ခဲ့သည်ဟူ၏။

ပုစ္ဆာစစ်၍ အလုပ်မလုပ်ရ။ ဝန်ထောက်မင်း ဖျားနေ၍ စာမဆွေးနွေးရ။ သူ့ရဲ့ (ဘုရား)အတွေ့အကြုံ ဘဝအတွေ့အကြုံများကို လျှောက်ပြောနေသည်။ စိတ်ဝင်စားဘွယ် ကောင်း၏။ သူ မြို့အုပ်လုပ်စဉ်က ဆည်ဘက်နှင့် အထေ့အငေါ့မှာ မှတ်ဘို့ကောင်း၏။

14.3.66

လူ၏ ခန္ဓာကိုယ်တွင်း၌ သွေး ငါးလီတာ(ငါးဆယ်သားပုလင်းဆယ်ပုလင်းခန့်သာ) ရှိ၏။ ၎င်းသွေးများသည် နှလုံးမှတဆင့် ခန္ဓာကိုယ်တွင်း သွားလာနေကြ၏။ မလှုပ်မရှားဘဲ ရပ်နေက သွေးများသည် ခန္ဓာကိုယ် အောက်ပိုင်း ခြေထောက်တွင် စုနေကြ၍ ဦးဏှောက်သို့ သွေးအလုံအလောက် မရောက်တတ်ပေ။ ထို့ကြောင့် မတ်ရပ်မှ လဲခြင်း ဖြစ်တတ်သည်။ လဲသောအခါ ဦးခေါင်းမှ မပွေ့ပါနှင့်။ ကြမ်းပေါ်တွင် သိပ်၍ ခြေထောက်ကို တခုခုဖြင့် မြှင့်ပေးပါ။ ယပ်ခပ်ပေးပါ။ ရေနွေး (အိမ်)စောင်များနှင့် ထွေးထားနိုင်ပါသည်။ သတိရလျှင် ရေနွေး ကော်ဖီတခုခု သောက်ပါစေ။ ရှူဆေးပေး ခြေထောက်နှိပ်ပေး ပြုပါ။(တင်ရွှေ)

ဆရာတော် ဦးဉာဏက အင်္ဂလိပ်(စစ်ကိုင်း)အရေးပိုင် မှတ်စုတွင် "ဘာမားပြည်တွင် ဘုန်းကြီးများ ရှိနေသ၍ အင်္ဂလိပ်တာ သိမ်းထားသော်လည်း စိတ်မချရ"ဟု မှတ်သားထားသည်ဟု ပြောဖူး၊ ၎င်းနယ် ဘုန်းကြီး ယနေ့ ပြန်ပြော၏။

ဘိုးတော်ပွားဆိုသူမှာ ငယ်မည် အေးဖေ (***) ကြီးသည်ဟူ၏။ ဝန်ထောက် ဦးနန်းနွယ်နှင့်က ၎င်းသူ ငယ်စဉ်ကပင် သိသည်ဟူ၏။ မောင်ပွားအမေကပင် ဒီကောင် လိမ်စားနေသည်ဟု ပြောသည်ဟူသတတ်။

15.3.66

၁၃-ပုဒ်ပြီးသည်။ တိုက်စာမေးပွဲ ဂေဇက်ထုတ်ကြရ၍ ဓာန်ကို အားသွန်ခွန်စိုက် မလုပ်နိုင်ပေ။

creative genius တီထွင်ဖန်တီးတတ်သော ပါရမီဉာဏ် နည်းပါးကြ၍ နေရာတကာ သူများနောက်လိုက် ဖြစ်ကြရသည်။

social revolution aimed at lettering the life of peasants and workers. လူမှုတော်လှန်ရေးဟာ တောင်သူလယ်သမားနဲ့ အလုပ်သမားများရဲ့ ဘဝတိုးတက်ရေးကို ရည်ရွယ်သတဲ့။ ယုံရမှာလားတော့ မပြောတတ်။

Be as jewel in the pulic(public) eye. လူထုမျက်စိထဲမှာ ကြည့်မဝတဲ့ ရတနာကလေးများ ဖြစ်အောင် ကြိုးစားပါ။

ကိုဗိုလ်မောင်နှင့် ကိုမြင့်အုန်း နက်ဖြန် ပြန်မည်ဖြစ်ကြောင်း လာလျှောက်ကြသည်။ ပထမပြန် ကြီးကြပ်ရေး မလိုက်နိုင်ကြောင်း ပင့်စာ လာပေးသူအား ပြောလိုက်၏။

16.3.66

၁၀-ပုဒ်ပြီးသည်။ ကတ္တိကာနက္ခတ်နှင့် ပတ်သက်၍ အထူးအဆန်းတခု တွေ့ရသည်။ "ကြတ္တိကာ ဝယ်၊ ခုနစ်သွယ် ၊ ကြက်ငယ်စုသန်ဟန်"ဟု ရဘူးသော်လည်း ဆတာရာ ခုရသဒီသာ ကတ္တိကာ-ဟု သူစိဋ္ဌ တွေ့ရသည်။ ကြတ္တိကာကား၊ ခုနစ်ဖြာမှတ်သား၊ လုံးရေပြား၏၊ ကြက်ဘားစုမျှ၊ ဧည၀တီ၊ ပြည်အမှီတည်း။ (အာကာသသျှတ္တရ မုံရွေး)

တာရာနက္ခတ်ဆိုသည်မှာ ဗေဒင်၌ ကွဲသည်ဟု ဦးအောင်ညွန့်က ပြောပြသည်။ ဤပုဂ္ဂိုလ်က တဘက်နားဝင်၍ အခြားခာန်အဖွဲ့များကို အထင်သေးသရောင် ပြောသဖြင့် မပြောချင်သော်လည်း နဂါး မှန်းသိအောင် အမောက်ထောင်ပြရသေးသည်။ လောကကြီးကိုက ဆွေမျိုးပတ်ဝန်းကျင် အသိုင်းအဝန်း ကောင်း၍ ကြွားဝါတတ်သူကိုသာ စာတတ် ပေတတ် ပညာတတ်ဟု ထင်သည်။ ကျွန်ုပ်အဖို့ကား မိမိ၌ တကယ်ရှိသော ဂုဏ်ထူးနှင့် ပညာကိုပင် သူတပါး(တရံစံ)အား ကြွားဝါသော သဘောဖြင့် မပြောလို။ ဆိုင်ရာ ပတ်ဝန်းကျင်ကိုလည်း မပြောရန် အမြဲတမ်း မြစ်ခဲ့၏။ သူငယ်တန်းလောက် ရောက်ဖူးသော်လည်း ကြွားဝါတတ်က ပိဋကတ်သုံးပုံဆောင် ဒီလစ်ဘွဲ့ရသလောက် ထင်တတ်ကြသည်။ မိုးထိအောင် တော် သော်လည်း အနေကုတ်က ဘာမျှမဟုတ်ဟု ထင်တတ်ကြသည်တကား။ ကျွန်ုပ်အထင် တဖက်ပုဂ္ဂိုလ်မှာ တော်သင့်သလောက် တော်သော်လည်း မိုးထိအောင် တော်သူ မဟုတ်ပါ။ သို့ငြားလည်း သူနဲ့ ဝန်းကျင်၏ ကြွားဝါမှုက ပိုလွန်းကြသဖြင့် ပညာမဲ့သူ လူပြိန်းများက မိုးထိအောင် တော်သည်ဟု ထင်ကြ၏။ ခက်စွ။

17.3.66

သုတ္တန်ဘုန်းကြီး ယူလာသော ဝဇီရဋ္ဌိ နိမှာ အစမှ နိဿဂ္ဂိ ကောသိယဝဂ် အဆုံးထိ ပါသည်။ ၁၈-ပုဒ်ပြီးသည်။

လူထုတွင် မောင်မဲက ဂရံကိစ္စနှင့် ပတ်သက်၍ လျှောက်လွှာတင်ထားရာ နယ်ပိုင်ရုံးမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ ငွေမပေး၍ ကြန့်ကြာအောင် လုပ်ကြသည်ကို ရေးပြထားသည်။ ကျွန်ုပ်တို့ ယည်ပုံ သိမ်မိန့်ခံစဉ် က ကိုယ်တွေ့ဖြစ်ရ၍ ဗမာတွင် ရုံးကိစ္စဆိုက ရာဇဝင်လမ်းကြောင်း မပြောင်းသေးပါလားဟု စဉ်းစား မိသည်။

ယည်ပုံဘုန်းကြီး လာ၍ မန်းသီရိဈေးနားတွင် ကားတိုက်, ၁၇-နှစ်အရွယ် အမျိုးသမီးတဦး ပွဲချင်းပြီး သေ၍ လေးဦးခန့် ဒဏ်ရာရကြသည်ဟူ၏။ ကားသမားများ၏ ရန်းကားမှုပင်။

အင်ဒိုနီးရှားကို ဒပ်ချ်များက နှစ်ပေါင်း ၄၀၀ခန့် ကျွန်လုပ်ခဲ့ကြသည်။

To cease from evil, to keep it far away from one, to shun intoxicating liquors, to give good heed to the teaching- this is a great blessing. Mangala Sutta

18.3.66

Long is the night to the watcher. Long is the way to him who is weary. Long is the world wandering to blinded beings that know not the truth. Dhammapada

၁၈-ပုဒ်ပြီးသည်။ ယဉ်ပုံနှင့် ညတွင် ထွေရာလေးပါး ပြောကြရာ သူတွေ့ဘူးသူတယောက်မှာ အပြင်ပန်း နူတ်ချိုသလောက် အတွင်းကောက်၍ မပေါင်းမဖြစ်သဖြင့် မပေါင်းပဲနေသော်လည်း ထိုသူ အရှက်မရှိလာရောက်ပေါင်းသင်းကြောင်း ပြောပြသည်။ ရတနမဥ္ဇူ အနောက်မုခ်မှ ကျောင်းတကျောင်း အတ္ထုပ္ပတ္တိကို ပြောပြသည်မှာလည်း သင်ခန်းစာယူစရာ ကောင်းသည်။ မ-နှင့် ပတ်သက်လျှင် ညီအကိုပင် အဆင်မပြေ တတ်ကြပေ။

19.3.66

၃၅-ပုဒ်ပြီး၏။ တိုက်ပုံအင်္ကျီမှာ ဝန်ထောက်မင်းတို့ ငယ်ငယ်က တရုပ်ပုံအင်္ကျီဟု ခေါ်သည်ဟူ၏။ တရုပ်နှင့် ဗမာမ လင်မယားတွင် တရုပ်သေသောအခါ အမွေကို သားသမီးများက သူတို့သာ ရထိုက်ကြောင်း တရားစွဲရာ တရားသူကြီးက တရုပ်ဥပဒေကို ပြည်ကြီးမှ အိပ်ထောင်တွင် ထည့်၍ ယူမလာနိုင်ကြောင်း ဗမာတရားဥပဒေအရ မယား ရထိုက်ကြောင်း ဆုံးဖြတ်သည်ဟု ဝန်ထောက်မင်းက ပြောပြ၏။ မနုဗျူဟာ ဓမ္မသတ်အရ ပု(ပုရိသ-ယောကျ်ား) ထီ(ဣတ္ထီ-မိန်းမ)တို့ ဘုရားသွား ကျောင်းသွား ပျော်ပွဲရှင်ပွဲသွား အတူပြုနေကြလျှင် လင်မယားဟု ယူဆနိုင်ကြောင်း ပါသည်ဟူ၏။ ဗမာအတွင်းခံ အင်္ကျီများမှာ အင်္ဂလိပ်ကို တု၍ ပုဆိုးမှာ အိန္ဒိယ တောင်ပိုင်းသားကို အတုခိုးသည်ဟူ၏။ ကုလားကို အုပ်စိုးရ၍ တရုပ် ကုလားတွင် ကုလားကို ဥပဒေက အရေးပေး၏ဟု ယူဆနိုင်ကြောင်းလဲ ပြော၏။ (ဘုန်း စစ် ကုန် အစေခံ)ဟု ဟိန္ဒီလေးမျိုးတွင် အစေခံဟိန္ဒူနှင့် ဗမာ ရက ဗမာဥပဒေအတိုင်းဟူ၏။

20.3.66

ကိုကိုကြီးက သူ့မွေးနေ့ဖြစ်၍ ဆွမ်းကျွေးသည်။ To give alms - This is a great blessing. The gift of truth excels all other gifts.

၁၆-ပုဒ်ပြီးသည်။ မိန်းမများ မွေးပြီးနောက် လေးရက်ကြာမှ နို့ထွက်ကြောင်းကို သက္ကဋမှတွင် တွေ့ရသည်။ ဝ သူများများမှာ နဘန်းသတ်ရာ၌ အသုံးဝင်သော်လည်း ခက်ခဲသော ပြဿနာကို ဖြေရာ၌ ပိန်သော်လည်း ဉာဏဗလ ရှိသူကိုသာ အားကိုးရမည့်အကြောင်း လျှောက်လိုက်ရသည်။ ပိ-နှင့် ယဉ်တို့က အိန္ဒိယတွင် ဘုန်းကြီးများနှင့် ပတ်သက်၍ ဖတ်ဖူးသော ဆောင်းပါးတစောင်အကြောင်း ပြောရာ မှတ်ဖို့ ကောင်း၏။ လူလည်ကို ဖမ်းသောနည်းမှာ နိပါတ်တွင် ပါသော အဖြစ်နှင့် ခပ်ဆင်ဆင်။

21.3.66

ကျွန်ုပ်ကား appearance ကို ကြည့်၍ ခန့်မှန်းလျှင် တကယ်ရှိသော အရည်အချင်းထက် သုံးဆ လောက် နိမ်၍ ခန့်မှန်းခံရသူ ဖြစ်သည်။ ဤသို့ ဆိုသဖြင့် ကျွန်ုပ်တွင် အရည်အချင်းတွေ ဒင်းကြမ်းပြည့် နေသည်ဟု မဆိုလိုပါ။ လောက၏ ပြင်ပပုံသဏ္ဍာန်ကို ကြည့် ခန့်မှန်းတတ်ကြခြင်းကို ပေါ်လွင်စေလိုရင်း

ဖြစ်ပါသည်။ တပည့်များအပေါ်၌ အရည်အချင်းနှင့် ထိုက်တန်သော အရေးပေးမှု မရှိခြင်း, နာယကချင်း ဆက်ဆံရာ၌ ဓမ္မကို အလေးမမူပဲ ပုဂ္ဂိုလ်ကို အလေးမူ၍ ဆက်ဆံခြင်းများက တိုက်တာ ပျက်စီးရေးသို့ ဦး ဆောင်လျှက် ရှိသည်။ တရားသူကြီးတဦးသည် သက်သေမထင်ရှားပဲ ရာဇဝတ်ဝန်က အမှုသည်အား ထောင်ဒဏ် အပြစ်ပေးရမည် ဆိုသဖြင့် ပေးလိုက်ရာ အထက်တရားရုံးမှ ထုခြေလွှာ တောင်းသဖြင့် အမှန် အတိုင်း ထုခြေလွှာ သွင်းရာ ပထမတရားသို့ တတိယသို့ လျှော့ချခံရသည်ဟူ၏။ နောင် နိုင်ငံရေးခေတ်တွင် ၎င်းသည် ဥပဒေကျောင်း လုပ်သည်ဟူ၏။

22.3.66

၁၃-ပုဒ်ပြီးသည်။ ကျမ်းများ၍ ခရီးမတွင်ပေ။ ရှေဦး ချမ်းသာကြီး ဆရာတော်ကြီးမှာ ကာမမှောင်ကို မပယ်လှန်နိုင်သဖြင့် ကြီးသော်လည်း လူထွက်သွားရှာသည်ဟူ၏။ အရှက်ကို မငဲ့နိုင်ဘဲ လယ်ထဲသို့ ခဏခဏ သွားရှာသည်ဟူ၏။ ဆင်ခြင်စရာပင်။

ဥက္ကလာပတွင် ဘုန်းကြီးများသည် လဗိမာန်သို့ ရောက်နိုင် မရောက်နိုင် အငြင်းပွားရာက ရန်ခိုက်ဒေါသဖြစ်ကြသဖြင့် ဒါယကာများက ဖျင်လွှတ်ရသည်ဟု သိရ၏။ ဗဟုသုတ စပြည့်စုံသူ နှစ်ဦး တွေ့က ငြင်းတတ်သည်မှာ သဘာဝပေ။

Courtesy is the most precious of jewels. Beauty without courtesy is like a garden without flowers. Buddhacarita ယဉ်ကျေးမှုသည် ရတနာများတွင် အဖိုးတန်ဆုံး။ ယဉ်ကျေးမှုမပါသော အလှသည် ပန်းမဲ့သော (မရှိသော) ဥယျာဉ်နှင့် တူသည်။

23.3.66

ကတ္တာနှင့် ကတ္တာန နှစ်ပုဒ်သာ ပြီးသည်။ ကျမ်းညွှန်း အလွန်များ၍ ခရီးမတွင်။ ကထပုဒ် ကျမ်း ညွှန်းစာအုပ် ဂန္ထက ယနေ့ အပ်သည်။

ကိုတင်အောင် (မလွန်)နှင့် ညပိုင်းတွင် စပ်မိစပ်ရာ ပြောကြရာ သူတို့ရပ်ကွက်တွင် အိမ်ထောင်စု စာအုပ် ၂၃ဂကျော် ရှိရာ သားလိုးမား အချောင်း ၂ဂသာ ချပေး၍ အဝေခက်နေကြောင်း လျှောက်၏။ သူ့မှာ လည်း (၃)ဦးကော်မတီတွင် ပါနေ၍ တာဝန်ရှိကြောင်းလည်း ပြော၏။

ဆရာကြီး ရွှေဥဒေါင်းက ရန်ကုန် စာရေးဆရာကလေးများ ဂါရဝတရား မရှိပုံကို ရေး၏။ သူတို့ကိုယ် သူတို့ အထင်ကြီးကြောင်း ဆောင့်ကြွားကြွားနိုင်ကြောင်း ဗမာစာ အင်္ဂလိပ်စာ ဟန်ကျပန် မရေးဘတ်ပဲနှင့် ဘဝင်မြင့်ကြောင်း စသည် ရေးထားသည်ဟု ပြောသေး၏။

Goodwill towards all beings is the true religion. Even if a man has power over others, yet ought he to be gentle with the weak.

အခြားလူများအပေါ် သုံးနိုင်တဲ့ အာဏာရှိစေကာမူ အားနည်းသူများကိုကား ကြင်နာစွာ ပြုမူ ဆက်ဆံရပေမည်။

24.3.66

ကျမ်းညွှန်းများသော ကထံပုဒ်ကို ရေးရ၍ တပုဒ်ပင် ကောင်းကောင်းမပြီးပါ။ ယင်းပုဒ်ကို ရှာရင်း ရေးပြီးပုဒ်များအတွက် ဖြည့်စွက်ဖွယ်ကောင်းသော ပုဒ်များ တွေ့ရ၍ ကျေးဇူးများပါသည်။

မုံရွာမှ မတရားသက်သေလိုက်စားသူ တယောက်သည် တရားသူကြီးသစ် ရောက်စ ၂လအတွင်း ၃ကြိမ် သက်သေလာခံသဖြင့် ဟိုအမှုလဲ ခင်ဗျား ဒီအမှုလဲ ခင်ဗျားဘဲ သက်သေဟု ပြောရာ ဒါကတော့ လူကြိုက်များလို့ ရှိမှာပေါ့ ကိုယ်တော်ဟု ပြောသည်ဟူ၏။ ဟိုစပ်စပ် ဒီစပ်စပ် ပါခြင်းသည် မကောင်းပေ။

ညပိုင်းတွင် ဩဘာစာကို အနည်းငယ် ပြင်ဆင်ကြသည်။ အကောင်းကြီး မဟုတ်သော်လည်း မဆိုးသော ဩဘာစာတမ်း ဖြစ်နိုင်ရန် ပြင်ဆင်ခြင်း ဖြစ်သည်။ ကိုယ်ကြိုက်လုပ်က အကောင်းဆုံး ဖြစ်သော်လည်း လူမုန်းခံရမည်ကိုလည်း သတိပြုရသည်။

25.3.66

ကထံကို လက်စသတ် ရေးနိုင်သည့်ပြင် ရေးပြီးပုဒ်များထဲ၌ မပါဝင်သောပုဒ်များကို တွေ့၍ ရေးသားထားလိုက်သည်။ သုံးပုဒ်ခန့် တွေ့သည်။ ဌာနမှူးထံမှ ကျမ်းညွှန်းညီညွတ်ရန်အတွက် ပုံစံလွှာများ ပို့လိုက်သည်။

ဂန္ဓီကြီးသည် အာဖရိကသွား ရထားအထူးတန်းလက်မှတ်ကို ယူ၍ စီးရာ အင်္ဂလိပ်မျက်နှာဖြူတဦးကလည်း ၎င်းရထားတွဲ စီးရန်အလာတွင် လူမဲ ဂန္ဓီကို တွေ့သဖြင့် တွဲပြောင်းရန် ပြောရာ ဂန္ဓီက ဥပဒေနှင့်ညီစွာ လက်မှတ်ရှိ၍ မပြောင်းနိုင်ကြောင်း ပြောသောအခါ ၎င်းမျက်နှာဖြူက ဂန္ဓီ၏ မျက်နှာကို ခြေနှင့်ကန်သဖြင့် သွေးများ ယိုစီးသော်လည်း စိတ်မဆိုးပဲ မိတ်ဆွေ ခြေထောက် နာများ သွားလေမလားဟု မေးသည်ဟူ၏။ သေခါနီး၌လည်း သတ်သောရန်သူကို အာဃာတမထားရန် ပြောခဲ့သည်ဟူ၏။

26.366

၁၀-ပုဒ်ပြီးသည်။ ညပိုင်းတွင် ယဉ်ပုံသို့ သွား၍ သိမ်အောင်စာကို အသံသွင်းကြသည်။ စိတ်ကြိုက်မဟုတ်သော်လည်း ကျေနပ်ဘွယ်ဖြစ်လောက်အောင် အောင်မြင်မှုရပါသည်။ ပိဋကတ် ပါဠိတော် နိဿယများကို ယဉ်ပုံနှင့် သွားဝယ်ကြသည်။ ၃၅၀ဘိုး ဖြစ်သည်။ မူဆလင် ဓမ္မကထိကတဦးက သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ စတဲ့ ပါဠိပါဌ်သားတွေ ရွတ်ပြနေ၍ အံသြရသေးသည်။ ထိုသူမှာ ရွှေဘိုကဟု ဆိုသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များက ခရစ်ယာန် မူဆလင် စာပေကို လုံးဝမလေ့လာကြသော်လည်း ထိုဘာသာဝင်များကမူ ကျွန်ုပ်တို့ စာပေကို လေ့လာကြပေသည်။ သူတို့ဘာသာရေး စာပေတွင် ဘာတွေ ရေးထားသည်ကို လေ့လာသင့်၏။

27.3.66

၁၆-ပုဒ်ပြီးသည်။ လင်းမီးဖွဲ (လင်းမြီးဆွဲ)ငှက်သည် အားကြီးသော ရန်သူများကို အနိုင်မခံ အရှုံးမပေး တိုက်ခိုက်သော်လည်း အားနည်းသော ငှက်ငယ်များကို ရန်မမူတတ်ပေ။

၁၉၄၅ မတ် ၁၇ ရက်နေ့တွင် တော်လှန်ရေးပန်းခြံ၌ တပ်မတော်များ စုဝေး၍ ဂျပန်ကို တော်လှန်ရန် ပရိယာယ်ဆင်၍ စစ်ထွက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းအနည်းငယ် ပြောသည်။

ညတွင် ယည်ပုံအိပ်၍ သိမ်အောင်စာ အသံသွင်းပြီး ကြိုးခွေကို နားထောင်သည်။ အဖြတ်အတောက် အနည်းငယ် လွဲသည်မှအပ အားလုံး ကောင်းပါသည်။ စံနစ်တကျ ဖြတ်တောက်ပေးရလျှင် ပို၍ ပြည့်စုံသော ကောင်းသော စာတပုဒ် ဖြစ်ပေသည်။

28.3.66

စစ်ကြိုခေတ်က ကမ္ဘာ့ ဆန်ရောင်းဝယ်ရေးသည် တန်ချိန် ၉-သန်း ရှိသည်။ ဗမာက တန်ချိန် ၃-သန်းထိ ရောင်းခဲ့ဘူးသည်။ စစ်ပြီးခေတ်တွင် ကမ္ဘာ့ ဆန်ရောင်းဝယ်ရေးသည် တန်ချိန် ၆-သန်းအထိ ကျဆင်းခဲ့သည်။ ဗမာက တသန်းခွဲမှ နှစ်သန်းသာ ရောင်းနိုင်လာခဲ့၏။ ၆၃-ခုထိ ဗမာက ဆန် အရောင်းနိုင်ဆုံးဖြစ်၏။ ၆၄-ခု၌ ယိုးဒယားက ပထမစွဲသည်။ (တော်လှန်ထူး)သုတေသနဆွေးနွေးပွဲမှ။

ဝါရှင်တန်မှာ တောင်သူကြီး ဖြစ်သည်။ မုသား အလွန်နည်းသူလဲ ဖြစ်သည်။

ယနေ့ ၁၁-ပုဒ်ပြီးသည်။ တိုက်သစ်မှာ အလှူရှိ၍ လုပ်အားကို အချိန်ပြည့် မပေးနိုင်ပေ။

ဗိုလ်ဗထူးမှာ တော်လှန်စဉ်က ပရိယာယ် အလွန်ကောင်းသူ ဖြစ်သည်။ ဗိုလ်ချုပ်တို့ကို မထိခိုက်အောင် ဗိုလ်ချုပ်တို့ကိုပါ တော်လှန်ကြောင်း စာရွက်စာတမ်း ဝေသည်။ သို့အတွက် ဂျပန်တို့ ဗိုလ်ချုပ်တို့ကို သံသယမဖြစ်ပေ။

29.3.66

ခေတ်ကျမ်းများတွင် ရှာဖွေ၍ မတွေ့ရသော ကတ္တရိပုဒ်ကို ဆက္ကနိပါတ် သုဝဏ္ဏကဋ္ဌကဇာတ် ဋီကာသစ် ပေမူ ဆီချပ်တွင် ဝိဂြိုဟ်နှင့်တကွ ခေတ်ပါ တွေ့ရသည်။ မိမိတို့ ကြံစီထားသော ခေတ်နှင့် ထပ်တူကျနေ၍ ဝမ်းမြောက်မိပါသည်။ ကတ္တရရထက အဖွင့်ကိုလည်း ၎င်းအချပ်မှာပင် တွေ့ရ၏။

ရေဦး ချမ်းသာကြီးတိုက် ဆရာတော် ဦးတေဇဝန္တသည် အမှုတခုအတွက် ရုံးသွားရာ တရားသူကြီးက ဘွတ်ဘိနပ်နှင့်ဖြစ်၍ ဘိနပ်ချွတ်မှ အစစ်ခံမည်ဟု ပြောရာ ဗုဒ္ဓဘာသာ အားကောင်းစဉ်ဖြစ်၍ ဘိနပ်ချွတ်ရသည်ဟူ၏။ Just for the sake of learning. တတ်ချင်လို့ကို အင်္ဂလိပ်စာ သင်သည်ဟု မတရားမေးက ဖြေရမည်။

30.3.66

၁၀-ပုဒ်ပြီးသည်။ အဖွဲ့ပေါင်း ၂၅၀ မျှရှိ နိုင်ငံခြား သာသနာပြုများသည် အစိုးရ၏ အမိန့်အရ ဧပြီလတွင် ပထမသုတ်အဖြစ် ပြန်ကြရမည်ဟူ၏။

ရေပုတ်တလင်မှ ဘုန်းကြီးလူထွက် ဒကာတဦးက မြို့များ၌ ရိပ်သာပြုလုပ်ကြခြင်းသည် သုညာဂါရေဟူသော အင်္ဂုတ္တိုရ်ကထာစကားနှင့် မဆန့်ကျင်သလောဟု မေး၍ မဆန့်ကျင် ဆန့်ကျင်သည်ကို အသာထား သမာဓိ ရ မရတော့ ယောဂီများမှ သိကြမည်။ ဘေးက ဆုံးဖြတ်၍ မဖြစ်နိုင်ဟု ပြောလိုက်ရသည်။

တပ်မတော်သည် တိုင်းပြည်အတွက် ဖြစ်စေရမည်ဟု ၂၁-ကြိမ်မြောက် တော်လှန်ရေးနေ့တွင် စန်းယု မိန့်ခွန်းပေးသည်။ တိုက်ခိုက်ရင်း စည်းရုံး, စည်းရုံးရင်း တိုက်ခိုက်ရသလို လေ့ကျင့်ရင်း ကုန်ထုတ်, ကုန်ထုတ်ရင်း လေ့ကျင့်ကြရမည်ဟူ၏။ အပြောအတိုင်း လုပ်ကြလျှင် အတိုင်းထက်အလွန် ကောင်းပါသည်။ ယထာဝါဒီ တထာကာရီ မဖြစ်သည်က ခက်လှသည်တကား။

၁၉၆၆ ခု၊ မတ်လ ၃၁ ရက်၊ ကြာသပတေးနေ့ (၁၃၂၇ ခု၊ နှောင်းတန်းခူးလဆန်း ၁၀ ရက်)

၂၃-ပုဒ်ပြီးသည်။ စုက္ကတေးမှာ ကွန်းထမ်းမင်း ရာဇာ၏ (ကွမ်းဆော်မင်း) မြောက်နန်းမတော် သားဖြစ်သည်။ တောင်နန်းမတော်မှာ ကေရာဇာ တွင်သည်။ လူလားမြောက်သော် ဖခင် ကွန်းထမ်းမင်းကို ပုပ္ပါးတောင်ခြေတွင် ကျောင်းဆောက်၍ ပရိယာယ်ဖြင့် ဘုန်းကြီးဝတ်စေသည်။ ကေရာဇာမိဖုရားကိုလည်း တောင်ညာတင်သည်။ တသိန်းတန် မြဘုရားကို ဌာပနာ၍ ထားသော ဘုရား ပုဂံမှာ ရှိသည်။ ရေဘုတလင်ရွာထိ ရွာများက ၎င်းဘုရားကို လုပ်သီး ၁၀ခိုင့်တခိုင် လှူရသည်ဟူ၏။ နောင်တွင် ပုဂံဘုရားကိုယ်စား ရေပုတ္တလင်ရွာကို ကေရာဇာမိဖုရားက မြသိန်းတန်တဆူ တည်ပြန်သည်။ ရည်ရွယ်ချက်မှာ ပုဂံထိ ရွာသားများ မလာတော့ပဲ နောက်တည်ဘုရားတွင်သာ လှူဒါန်းရန်ဖြစ်သည်။ သားတော် စုက္ကတေးနှင့် လက်ထပ်သော မိဖုရား ကေရာဇာ တည်သော ရွာဖြစ်၍ ပုတ္တလင်ရွာ တွင်သည်။ သားစစ်မဟုတ်။ step mother ဖြစ်သည်။ ၃၇၈-မှာ ရွာတည်။

———————————————————————————————————————

၁၉၆၆ ခု ဧပြီလ ၁ ရက်၊ သောကြာနေ့ (၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၁ ရက်)

၁၃-ပုဒ်ပြီးသည်။ မတ်လအတွက် ၄-ဖွဲ့ပေါင်း (၁၀၂၇)ပုဒ်ပြီးသည်။ ကထနာပဒေသကို မကျေနပ်၍ ရှာရာ စရိယာ၁၄ နိ ဆောချပ်တွင် တွေ့ရသည်။ ၁၀ချောင်းပေ တအင်္ဂါ (၁၂)ချပ်မှ ပေရေးခမှာ (၁၀)မူးသာ ရသည်ဟု (----)က ပြောပြသည်။ ပေရေးသူများကို ကျောင်းစာရေး ခေါ်သည်ဟူ၏။

ညပိုင်းတွင် သိမ်အောင်စာကို အသံသွင်းကြသည်။ ပထမ သွင်းသလောက် မကောင်းသော်လည်း ဖြစ်သလိုနှင့် ကျေနပ်လိုက်ရသည်။ မဟာအောင်မြေ ဥပုသ်တော်ကုန်းရပ်သူ-သားများမှာ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ အရပ်သားထိလျှင် မခံကြဘဲ ညီညီညွတ်ညွတ် ပြန်ခုခံသည်ဟု သိရသည်။ ရပ်(ရပ်ကွက်)ဘုရားပွဲမှာလည်း တောထုံးစံအတိုင်း ဆွမ်းမုံ့စသည် အိမ်စေ့ လောင်းသည်ဟူ၏။

2.4.66

၃၅-ပုဒ်ပြီးသည်။ ဗြိတိန် ရွေးကောက်ပွဲ မတ် ၃၁ နေ့တွင် စလုပ်သည်။ လူဦးရေ ၃၆-သန်းခန့် မဲပေးနိုင်ခွင့် ရှိသည်။ အမတ်နေရာ ၃၆၀ ရှိသည်။

ပါမောက္ခချုပ် (မန္တလေးတက္ကသိုလ်) ဦးကျော်ရင် သေကြောင်း သိရသည်။ ၃၀ ရက်နေ့က သေသည်ဟု ကြားသော်လည်း မယုံခဲ့။ ယခုမှ သတင်းစာတွင် ဖတ်ရ၍ ယုံရတော့။ လူ့အဖိုးတန်ဖြစ်၍ နှမြောမိ၏။ ဂျပန်တော်လှန်ရေးတုန်းက မန်းဝင်းမောင် ချစ်ကောင်းတို့နှင့်အတူ လေထီးနှင့် ဆင်းခဲ့ကြဘူးကြောင်း သိရ၏။ (လူထု) သတင်းစာအမည်ကိုလည်း သူနှင့် တိုင်ပင်၍ ရွေးကြသည်ဟူ၏။ စကားပြောရာ ဟာသမြောက်အောင် အလွန်ပြောနိုင်သူ ဖြစ်သည်။ အလုပ်လည်း အလွန်ကြိုးစားသူ တယောက်ပင်။

ဆပ်သွားဖူး အမြစ်ကို သုံးခွက်တခွက်တင် ကြို၍ သကြားနှင့် သောက်က ဆီးကောင်းသည်ဟု ဆရာမြို့ ပြော၏။ (သရဏာဗောဓိ)

3.4.66

၂၅-၃-၆၆ မှ ၁-၄-၆၆ ထိ ရေးသော ပုဒ်များကို ကတပုဒ်နှင့်တကွ ဩသာန အပ်လိုက်သည်။ ၂၆-ပုဒ် ပြီးသည်။

ဦးရန်ကုန်၏ ဘွဲ့မှာ ဦးသုဇာတဖြစ်သည်။

အင်္ဂလိပ်ရွေးကောက်ပွဲတွင် လေဘာက အပြတ်အသတ် နိုင်သည်။ အမတ် ၄၇ကျော် နိုင်နေကြောင်း သိရ၏။

ဆရာ ဦးကျော်ရင်မှာ ရှရှားအကြောင်း စာအုပ်ရေးဘို့ ကြံစည်ထားသော်လည်း မရေးရခင် သေရှာ၍ တိုင်းပြည်အတွက် နစ်နာဆုံးရှုံးရသည်။ အလုပ်မရှိပဲ လေလွင့်နေစဉ် ပါမောက္ခ ဆရာ ဦးအေးမောင်က မြန်မာစာ ကျူတာအဖြစ် ခန့်အပ်၍ တက္ကသိုလ်နယ်မြေ ရောက်သည်ဟူ၏။ ရခိုင်ဖြစ်သည်။ တိုင်းပြည်ကို ချစ်တတ်သူပေ။

4.4.66

၁၃၅နယ် ရေတွက်ပြီးရာ အနိုင်အရှုံးစာရင်းမှာ လေဘာ ၃၂၆, ကွန်ဆာဗေးတစ် ၁၈၆, လစ်ဘရယ် ၉, ပုဂ္ဂလိက ၁။ ဧပြီ ၂ရက်ထုတ် ရန်ကုန်မှ။ ၁၃-ပုဒ်မျှသာ ပြီးသည်။

မုံရွာ ဦးဘသန်းဆိုသူ လှူနည်းမှာ ဘိတ်စာကမ်း၍ ရောက်လာသော ပရိသတ်များအား ကျွေးမွေး၍ ကုန်ကျစရိတ်နှင့် အရပ်ရပ် ကုန်ကျစရိတ်ကို တွက်၍ ရသမျှ ငွေကို ဆန်အိပ်ဝယ်၍ သူတောင်းစားများအား လှူ၏တဲ့။ ဘိတ်စာရသူများအား အိမ်မှ သာခုခေါ်ရန် အကြောင်းကြား၏။

ဆရာ တရားဟော ပြန်လာရာ တပည့်များက ယပ်တောင်မှ လှမ်းမယူကြသဖြင့် ဘုန်းကြီးက အဖေ တို့ ကျွန်ကြီး ပြန်လာပြီဟု ငေါ့သည်ဟူ၏။ ဒို့ရွာက မိန်းမများက သူများ ကစွန်းရွက် ခူးလဲ ခူးရဲ့, ချဉ်ပေါင်ရွက် ခူးလဲ ခူးရဲ့, သူများ အဝှါပြုရင်လဲ ပြုကြမှာဘဲဟု ဥပမာခိုင်း၏တဲ့။

5.4.66

ဗြိတိန် ရွေးပွဲ အပြီးသတ်အနိုင်အရှုံးစာရင်း - လေဘာ ၃၆၃, ကွန်ဆာ ၂၅၃, လစ်ဘရယ် ၁၂, အိုင်းရစ် ရီပတ်ဘလစ်ကင် ၁, တသီး ၁။ မဲဆန္ဒနယ်ပေါင်း ၆၃၀ ဖြစ်သည်။

နောင်ကြီးကောထံမှ စာရောက်၍ (ဦးဓမ္မာနန္ဒ)အကြောင်း သိရသည်။ သာသနပါလိနီသိမ်အတွက် သီမန္တရစ်ထားဘို့ တိုင်းထွာပေးခဲ့သည်။ စာပင် ဝန်ထောက်မင်းထံ သွား၍ မဖတ်ဖြစ်ပေ။ လယ်တီ ဦးဝိလာသ တိပ်ခွေ နားထောင်ရသည်။ သင်ပေးလိုက်သော သံချပ် မေ့တတ်သူအကြောင်း ဟာသပုံပြင်မှာ မှတ်ဖို့ ကောင်းလှ၏။ မပြောပါနဲ့ဆိုလေ ပြောချင်လေ ဖြစ်တတ်တဲ့ လူ့သဘာဝကို ပေါ်လွင်အောင် ပြောသော ပုံပြင်မှာလည်း ကောင်းပါသည်။

ကထိက ဦးကျော်ရင်မှာ သေခါးနီး၍ပင် အလုပ်စွဲလမ်း၍ ကယောင်ခြောက်ခြား စကားပြောနေကြောင်း (ကျော်ဦး) အသံလွှင့်ဌာနက ရေး၏။

6.4.66

၂၉-ပုဒ်ပြီးသည်။ အံ၊၄။၂ အဘိ၊၄။၁ စာအုပ်များနှင့် စာမူရေးရန် စာအုပ်များ ကိုတင်မြင့်တို့ မုံရွာအသွားတွင် ဝင်ပေးသွားကြသည်။ ဝိ၊၄။၄ မှာ ရိုက်ပြီး မရှိ၍ မပေးနိုင်သေးဟူ၏။

ရန်ကုန်သတင်းစာတွင် (စပ်ဖြဲခန်း)က ဗြိတိန်လူမျိုးများ မဲပေး လိမ္မာပါးနပ်ပုံကို ရေးသားထားသည်။ စစ်ကြီး ဖြစ်မည့် အရိပ်အယောင် မြင်သောအခါ၌ ကွန်ဆာဗေးတစ်ကို မဲပေးတတ်ကြ၍ သာမန်အခါမျိုး၌ လေဘာကို မဲပေးတတ်ကြပုံ ရေးသည်။

(ဦးကေလာသ) ပခုက္ကူ (ယ္ခု) သီဟိုဠ်နေသူ အကြောင်းလည်း ပါသည်။ သူ့မှာ သီဟိုဠ်တွင် ဘီအေဂုဏ်ထူး အောင်မြင်သည်ဟူ၏။ မြန်မာပြည်တွင် သကျသီဟ မအောင်သဖြင့် စိတ်ပျက်၍ ဆင့္မှာ ပဋ္ဌိလုပ်သည်ဟု သူက ပြောဘူး၏။ ယင်းမှတဆင့် သီဟိုဠ်သွား၍ ပညာသင်ရာ ဘီအေတန်းထိ အောင်ခြင်းဖြစ်သည်။ တဖက်တွင် ရှုံးသော်လည်း သူ မြတ်သောဖက်မှာ ကျွန်ုပ်တို့ထက် သာသည်ဟု မဆိုနိုင်သော်လည်း မလျော့ပါ။ ကျွန်ုပ် စာသင်တန်း အောင်သောနှစ်က သူ့ခမျာ နှစ်ပြုတ်ရှာခြင်း ဖြစ်သည်။ နှစ်ပြုတ်၍ ပိုကျေးဇူးရှိသူများလည်း များစွာ ရှိပါသည်။

7.4.66

ပုဒ်ပေါင်း ၄၀ ပြီးသည်။ ဟောင်းဗားဟေး (အစ ဆို) ဗေဒင်က ဆောင်းပါးကို လူထုတွင် ဖတ်ရသည်။ ပေါင်းချောင် ဝယ်ရာမှာ မဟုတ်, မုဆိုး တောလိုက်ရာမှာ စ၍ အသုံးပြုခဲ့သည်ဟူ၏။

ညတွင် ယဉ်ပုံအိပ်သည်။ သိမ်သမုတ်ရန်အတွက် ပုဗ္ဗဘာဂပရိကံပြုလုပ်ရန် ဖြစ်သည်။ လုံးဝအိပ်ရသည် မရှိပါ။ မျောက်မြည်းအိပ်ခြင်းဆိုသည်ကို ယခုမှ သဘောကျမိ၏။ လျှုကြီးတန်းကြီး တခုခုလုပ်လျှင် မလွယ်ပါ၊ စားခန်းသောက်ခန်းကို သွားများကြည့်လျှင် အကုသိုလ်ဖြစ်ရသည်က များသည်။ တောမဆန်မြို့မကျ ဌာနဖြစ်သော စိန်ပန်းလို အရပ်မျိုး၌ ပို၍ ဆိုးလှပါသည်။ ယဉ်ပုံရပ်သည် အဆိုးဆုံးဟု ကင်ပွန်းတပ်ချင်သည်။ ဗဟုသုတ မရှိဘဲ ရှိဟန်ဆောင်သူကား မရှား။

8.4.66

သာသနပါလိနီသိမ်ကို ၅:၃၀ နာရီတွင် စတင်သမုတ်သည်။ ၆:၃၀ နာရီတွင် အောင်မြင်စွာ ပြီးစီး၏။ ကျွန်ုပ်ကိုလည်း သိမ်ကျောင်း ဒကာဒကာမများက သိမ်ထပ်ကြသည်။ ကျွန်ုပ်အဘို့ ဒကာဒကာမကို ပညာလောက် မမက်ပါ။ သို့အတွက် ငြင်းလိုလှသော်လည်း ကြိုးစားသော ပုဂ္ဂိုလ်နှစ်ဦးကို အားနာလှ၍ လက်ခံလိုက်ခြင်း ဖြစ်သည်။ သောစတိ ပုတ္တေဟိ ပုတ္တိမာဟူသော ဘုရားဟော ဒေသနာကိုလည်း အလွန်သဘောကျလှ၍ သက်ဆိုင်လာသူ ပေါမည်ကို ကြောက်လှပါသည်။ သဘောရိုးနှင့် ဆုတောင်းရပါမူ သိမ်ထပ်သော ဒကာဒကာမများက ဆက်လက်၍ ဂရုမစိုက်ပါစေနှင့်ဟု ဆုတောင်းမိပါသည်။ စေတနာကောင်းသည်ကို သိသော်လည်း သူတို့အလိုကျ ကျွန်ုပ် နေနိုင်မည်မထင်ပါ။ ခေတ်ဒကာဒကာမများက ချော့ပေါင်း

မှ ကြိုက်ချင်(---)ကြသည်။ ကျွန်ုပ် ဝါသနာက မှန်သည်ထင်လျှင် မချော့လို။ ဝေါက်၍သာ ဆိုလိုက်ချင်သည်။ ဤသည်ပင် ကျွန်ုပ်နှင့် ဒကာဒကာမများ ပေါင်း၍ မရသော မျဉ်းဖြောင့် နှစ်ကြောင်း ဖြစ်သည်။

9.4.66

၂၆-ပုဒ်ပြီးသည်။ (မာဃ)ဆိုသူ စာပြင်မှူးနှင့် ပုဂ္ဂိုလ်တဦး လာ၍ စာစကား အနည်းငယ် ပြောကြရာ သဒ္ဒါသမိုင်းရေးရန် အချက်အလက် စုနေကြောင်း သိရသည်။

သာရိ မောဂ် သုဒိန်တို့သည် သူဌေးများ ဖြစ်ကြသည်။ လက်ရှိ စည်းစိမ်ကို စွန့်လွှတ်၍ သာသနာ့ဘောင် ဝင်လာကြသည်။ သို့ဖြစ်လျှင် သာသနာ့ဘောင်၌ လောကီစည်းစိမ်ထက် သာသော အဘိုးတန် ပစ္စည်း ရှိရမည်မှာ သေချာသည်။ ယင်းပစ္စည်းကား ဘာနည်း research လုပ်ဘို့ အလွန်ကောင်းသည်။ ဒုလ္လဘသည် ညနေတွင် ထမင်းမစားရုံနှင့် မိန်းမနှင့် မအိပ်ရုံမျှသာ ဆိုလျှင် ဥပုသ်သည်ထက် သက်န်းဝတ်ထားသည်သာ သာလွန်သည်။ ဒီထက် ဘာမျှ မပိုချေ။ ဒုလ္လဘဝတ်ခိုက် သာသနာ၏ အဆီအနှစ်ကား ဘာလဲဆိုသည်ကို ထိုက်သလောက် သိအောင် လုပ်ရမည်။

10.4.66

၂၇-ပုဒ်ပြီးသည်။ ဆိုဗီယက် ကွန်မြူနစ် ၂၃-ကြိမ်မြောက် ညီလာခံမှ မီကိုယန်နှင့် တဦးကို ပေါ်လစ်ဗြူရိုအဖွဲ့မှ ထုတ်ပယ်လိုက်သည်။ ဘရေဇနေက်သည် ပထမတန်း ခေါင်းဆောင် ဖြစ်လာသည်။

လူထုတွင် ဗိုလ်မှူးကြီး လှဟန် မိန့်ခွန်းကို ဖတ်ရသည်။ တိုင်းပြည်တွင် ဘဏ္ဍာရေးအခြေအနေ ချို့တဲ့လှသော်လည်း ပညာရေး တိုးတက်ချင်လွန်း၍ ပညာရေးဘက်တွင် ငွေပိုသုံးကြောင်း ပြောပြသည်။ ကာကွယ်ရေးစရိတ် ကြမ်းခြင်းကိုကား ဘာမှ မပြောကြပေ။

၂ မှ ၇ ရက်ထိ ပုဒ်များ ဩသာန အပ်။

11.4.66

၂၅-ပုဒ်ပြီးသည်။ မန်းမြို့တွင် ကိုယ်ရေပြား ရောဂါသည်ပေါင်း (၆၉၀၀)ရှိသည်ဟု သိရသည်။ ယင်းရောဂါမျိုးမှာ ဖြစ်စတွင် ကုသက အလွန်လွယ်ကူသည်ဟူ၏။ ခြေလက်စသည် တိုမှ ကုလျှင် ပျောက်နိုင်သော် ခြေလက်ကား ပကတိအတိုင်း မဖြစ်နိုင်တော့ပေ။

ယဉ်ပုံနှင့် ဦးတေတို့ လာကြ၍ အနည်းငယ် စကားပြောကြရာ ဦးတေ ကျောက်နိမိတ်နှင့် ပတ်သက်၍ (၃၂)ပို ဟူသည် အချိန် မည်မျှရှိရမည်ကို မေး၍ အချိန်ကို ဆိုလိုသည်မဟုတ်ကြောင်း (၃၂)ပို အချိန်ရှိသော တင်လဲခဲပမာဏရှိရမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ သူတို့ အထင်မှာ အချိန်ပမာဏဟု ထင်သည်။ အကြီး အသေး ပမာဏဟု မထင်ပေဟု ဆို၏။

12.4.66

ကြိယာများကို အပြီးသတ် ရေးသားကြသည်။ ရေးသားနည်းစနစ်မှာ စုပေါင်း၍ ရေးနည်း, သူ့အကၡရာဝလိနှင့်သူ ရေးနည်းဟု နှစ်မျိုးကွဲနေကြသည်။ ကိုယ့်တွင် ဦးဇော်ကမရှိသလို နေရာတကာ သူတ

ပါးကို အားကိုးချင်ကြသည်မှာ ဆိုးလှသည်။ ကောင်းအောင် စီစဉ်နိုင်ခွင့်ရှိလျှက် မစီစဉ်သည်မှာ ညံ့ဖျင်းလှသည်။

မူဆလင်တို့၏ တမန်တော် အထွဋ်အထိပ် စစ်သားများ လိုက်၍ ပြေးလာရာ ရေတွင်းထဲ ပုန်းနေစဉ် စစ်သားများက ဂူးဂူးဝါးဝါးလုပ်သဖြင့် အနားမှာ ရှိသော ပုတ်သင်ညိုက ဘာသာဘာဝ ခေါင်းညိတ်ရာ ရေတွင်းထဲမှ တမန်တော်ကို တွေ့သွား၍ ညှင်းဆဲဘူးသော ဇာတ်လမ်းရှိသဖြင့် မဟာမေဒင်များက ပုတ်သင်ကို မုန်းကြသည်ဟု ဝန်ထောက်က ပြော၏။

13.4.66

မျက်စိတွင် ထုံးမှုန့်ဝင်လျှင် သကြားကို ရေဖျော်၍ ခပ်က ပျောက်သည်ဟု ဝန်ထောက်မင်းက ပြောပြ၏။ သူ မြို့အုပ်လုပ်စဉ်က ရွာတရွာတွင် ဘုန်းကြီးတပါးက ကျောင်းသားငယ်တဦးအား စိတ်လိုက်မာန်ပါ ကြေးစည်ထုသော ဘုနှင့် ရိုက်ရာ သေ၍ သေမှုသေခင်းနှင့် တရားစွဲသည်တွင် စက်ရှင်တရားသူကြီးက ဒေါသကို မထိန်းနိုင်၍ ဖြစ်သော အမှုဖြစ်သဖြင့် လွှတ်လိုက်သည်ဟူ၏။

လူထု ဦးလှ၏ ပုံပြင်တွင် သူဌေးကြီးတဦး သေခါနီးတွင် သူငယ်ချင်း သူဌေးတဦးအား လူမမယ် သားကို စောင့်ရှောက်ဘို့ ငွေတသိန်း တကွအပ်ခဲ့သည်ဟူ၏။ သား လူလားမြောက်သောအခါ ငွေတသိန်းထဲမှ ကြိုက်သလောက် ပေးရန် မှာခဲ့သည်ဟူ၏။ နောင်အခါတွင် သူကြိုက်သလောက် ငွေကို မပေးဘဲ တသောင်းသာ ပေးသဖြင့် မကျေနပ်၍ သားက တရားစွဲရာ တရားသူကြီးက သေတမ်းစာတွင် ကြိုက်သလောက် ပေးရန် ပါသည်။ ထိမ်းသိန်းသူက ငွေ ဘယ်လောက်ကြိုက်သလဲဟု မေးသောအခါ ငွေ ကိုးသောင်း ကြိုက်သည်ဟု ပြောသဖြင့် ကြိုက်သော ငွေ ကိုးသောင်းကို သားအား ပေးစေ, မကြိုက်သော ငွေ တသောင်းသာ ထိမ်းသိန်းသူ ပိုင်စေဟု ဆုံးဖြတ်ပေးလိုက်၏။ (သတိ - ကြိုက်သလောက် ပေးပါဟု ပြောခြင်းဖြစ်သည်၊ ကြိုက်သလောက် ယူပါဟု ပြောခြင်း မဟုတ်ပေ။)

14.4.66

ယဉ်ပုံ ဥပုသ်ဇရပ်တွင် အင်္ဂတ္တိုရ်လာ ပုဂ္ဂိုလ်လေးမျိုးကို တတ်စွမ်းသလောက် ဟောပြောခဲ့သည်။ စတုက္ကနိပါတ် ဥဋ္ဌာနဖလသုတ် ဖြစ်သည်။ အကဲခတ်ကြည့်ရာ ဒါယကာတဦးက လိုလိုချင်ချင် စာရေးမှတ်သားသည်ကို တွေ့ရ၍ ဟောရကျိုး နပ်သည်။ ဒကာဒကာမများရဲ့ ညံ့ဖျင်းမှုမှာ ကိုယ့်ကို အသိဉာဏ်ရအောင် ဘုန်းကြီးများက အဆင်းရဲခံ ဟောလျှက် စိတ်ဝင်တစား မနာယူကြသည်မှာ ကြီးမားသော ညံဖျင်းမှု ဖြစ်သည်။

တနေကုန် ပိ(ပိဋ္ဋက)နှင့် စာကြည့်ကြ စာဖတ်ကြ ရေးကြသည်။

**လောကုတ်စာပေသည် အသိဉာဏ် အပေးဆုံး စာပေဖြစ်မှန်း သိသော်လည်း ယုဉ်လျှင် အောက်တန်းမကျရေးအတွက် လောကီကိုလည်း ကြိုးကြား အားထုတ်ရသည်။**

ရေထဲတွင် ည မှောင်သောအခါ၌ လရောင်ကဲ့သို့ လင်းသော အကောင်တမျိုး မြင်ဘူးကြောင်း ပိ(ပိဋ္ဋက)က ပြောသည်။

15.4.66

သကြံ့န်မင်းသည် မြွေ, မြင်း, ဘီလူး, ကျဲ, နွား, ဂဠုန်, နဂါး အားဖြင့် ၇-ကောင်သာ စီး၍ ဆင်းသည်။ "တဘက်စလေး အသာခြုံ၊ ဒူးလေးလုံးစုံ၊ မဘုတ်ဆုံ တောင်ကို စောင်းမှ ဘေးသင့်အောင် ကောင်း" ဟူသော လူ့ရှင်တော်ပျက်လုံးကို ကြားမှ သင်္ဂဇာ(သင်္ဂဇာဆရာတော်)သည် "သုန္ဒရံ မနော"ကို သဘောကျသည်ဟူ၏။

ဖြဟ္မဏဝါဒ ထွန်းကားသောခေတ်ဖြစ်၍ မယားမယူဘဲ ဘုရားဖြစ်သွားလျှင် ဖြဟ္မာဟု ထင်ရန်ရှိ၍ လူထဲမှ ဘုရားဖြစ်သည်ကို သိစေရန် မယားယူပြီးမှ တောထွက်သည်။ ဋီကာတစောင်က ရေးသည်ဟူ၏။

"အဆိပ်ကို သောက်မိလျှင် ကျင်ကြီးဖျော်တိုက်။

ခတ်ချုပ်လျှင် ထမင်းခြောက်ကို ပြာချတိုက်။

ဆေးမိလျှင် ထွန်ချေးကို ရေစိမ်၍ တိုက်ရမည်"ဟု ဘေသဇ္ဇခန္ဓကတွင် တွေ့ရ၏။ ဘုရားပေးသော ဆေးများဖြစ်၍ မလွဲနိုင်ရာပေ။ "နွားချေးပြာ သွေးဆေး သကြား ရော၍ တိုက်၊ ဓမ္မတာလွန်ကောင်း၏"တဲ့။ (ပိ(ပိဋက)ပြော)

16.4.66 (၁၃၂၈ ခု)

မင်းလှမြို့နယ်ရှိ စိန်ကန့်လန့်ရွာ သကြံ့န်အကြောင်းကို ကြေးမုံတွင် တွေ့ရ ဖတ်ရသည်။ ကြမ်းကြမ်းတမ်းတမ်း ရေကစားကြသည်။ ကားကို ရှေ့က သစ်တုံးခံ၍ တားပြီး ထိုတုံးကို ဖယ်က ဆဲဆိုကြိမ်းမောင်းကြသည်။ နယ်ဘက် စစ်ဘက် ရဲဘက် ပူးပေါင်း၍ တားမြစ်ပေးရသည်။ နှစ်စဉ် ယဉ်ကျေးလာစေရန် ကြမ်းသူများကို အရေးမယူဘဲ ဖြောင့်ဖြတရားဟောကြသည်ဟူ၏။ အာဏာရှိသူများသည် နေရာတိုင်းမှာ အာဏာမသုံးဘဲ ဤသို့ ပြုက ကောင်းလေစွ။

သားသမီးအဖြစ် မွေးစားဘို့ ခေါ်လာပြီး အိမ်စေအဖြစ် ခိုင်းသော ဆောင်းပါးလည်း ဖတ်ရသည်။ လက်တွေ့အားဖြင့် ယဉ်ပုံရပ်မှ လှလှမြင့်ကို ဝီလျံသားက သားသမီးအဖြစ် မွေးစာဘို့ ခေါ်ထားသော်လည်း အိမ်စေအဖြစ် ထွင်းချက် အဝတ်လျှော်မှ စ၍ အားလုံး ခိုင်းသည်ဟု လှလှမြင့် ကိုယ်တိုင်က ပြောပြသည်။ မပျော်သော်လည်း ပေ၍ နေရရှာသည်။ ကလေးဖြစ်လင့်ကစား သူ့ဘဝကို ကောင်းစွာ နားလည်သည်။

17.4.66 (၁၃၂၈ ခု)

မင်္ဂလာပါ၊ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ပိ(ပိဋက)ဘုန်းကြီး ကြုံတွေ့ရသော အဖြစ်အပျက်လည်း စိတ်ပျက်စရာ ရယ်စရာ ကောင်းလှ၏။ ဖေါ်ရေးလို့ပင် မတော်ပါပေ။ လှလှမြင့်ရဲ့ အကြောင်းကလည်း ရယ်စရာကောင်းလှ၏။ ထုတ်ရေးလို့ပင် မသင့်လျော်ပါပေ။

တိုင်းပြည်တိုင်း(တွင်) ရှင်ဘုရင်က "မိန်းမကို ကြောက်သူများ အလံစိမ်းဘက် သွားရမည်၊ မကြောက်သူများ အလံနီဘက် သွားရမည်"ဟု အမိန့်ထုတ်ရာ လူတယောက်သာ အနီဘက် သွား၍ ကျန်အားလုံး အစိမ်းဘက်ကို သွားကြ၏။ ဘုရင်က အနီဘက် သွားသူအား "သင် မိန်းမကို မကြောက်သလော" ဟု မေးရာ သူ့မိန်းမက "သူများ သွားသည့်ဘက် မသွားရ"ဟု အမိန့်ပေးလိုက်၍ အနီဘက် သွားရကြောင်း သံတော်ဦး တင်၏တဲ့။

18.4.66

ကထိနပုဒ်ကို ကင်္ခါယောဇနာမဟာဋီကာမှာ ခတ်ပစ္စည်းအမျိုးမျိုး ကြံစည်ထားသည်ကို တွေ့ရ၍ ယင်း၏ အယူအဆအားလုံး ပါဝင်ရန် ပြန်ရေးသားသည်။

ရှေးက ဝန်ကတော်တဦးသည် ထမီအောက်ခံအတွက် ပိတ်မရှိသဖြင့် ဘုန်းကြီးကျောင်းကို သွား ဝယ်ရာ "စံထားကျောင်း လှူရန်"ဟု ကမ္ပည်းထိုးထားသော ပိတ်စကို ရ၍ ပွဲတွင် ဝတ်သွားရာ ဒိုးပတ်ဆရာ များက စောင်းမြောင်း၍ သံချပ်ထိုးကြသည်ဟူ၏။

ဦးပဏ္ဍာဝံလာ၍ ကမ္ဘာအေးတွင် ဘုန်းကြီးထဲမှ တာဝန်အရှိဆုံး ပုဂ္ဂိုလ်တဦးက "စည်ရှင်က ပုဂ္ဂိုလ် များက သူတို့ချည်း အခွင့်အရေးအားလုံးကို သိမ်းကြုံးယူသည်"ဟု ပြောသည်ဆို၏။ ကိုရင်အား ခြင်ထောင် တလုံး လှူဒါန်းလိုက်သည်။

ရက်ပိုင်းအတွင်းမှ ထောင်ထွက်ဆိုသူတဦးက "အာဂမမှ ထောင်ကျ ကိုရင်ဦးဇင်းများ ကျမ္မာ ကြောင်း" အာဂမ(ဆရာတော်)အား လျှောက်နေသည်ကို တွေ့ခဲ့ရ၏။

19.4.66

ခင်နှင်းယု၏ "လမင်းကြီး သာစမ်းပါ"ကို ဖတ်ရသည်။ ဇာတ်လမ်း မထူးခြားသော်လည်း သုံးနှုန်းထား သော စကားလုံးများ ကောင်းလှ၏။ တရားဓမ္မဘက်ကို ဦးစားပေး၍ ရေးသားထားသည်။

ယမန်နှစ်က ဤနေ့ဤရက်တွင် abhorrent ပုဂ္ဂိုလ်များက လာ၍ အနိုင်ကျင့်ကြသည်။ မဖြစ်စလောက် အဖြစ်ကိုပင် ရိုးမယ်ဖွဲ့၍ နိုင်တိုင်း ကျင့်ကြသည်ကို မျက်စိတွင် မြင်ယောင်မိ၏။ ဥဒါန်း ကျေနိုင်ဘွယ်ရာ မရှိသောနေ့ဟု သတ်မှတ်ရပေမည်။

(၁၃၂၇-ခု တန်ခူးလဆုတ်(၃)ရက် (၁၉၆၅-၄-၁၉) မစိုးရိမ်ကျောင်းတိုက်မှ "တင်းဝင်ဒန်အိုးကြီး အလုံး(၆၀)နှင့် ကျည်ဆံများမိခြင်း" သတင်းပါလာသည့်အဖြစ်အပျက်ကို ရည်ညွှန်းဟန်တူ)

ချစ်ခြင်းကြောင့် ဒုက္ခမခံလိုလျှင် မချစ်ဘဲ နေလိုက်ရုံသာ ရှိသည်။ ထို့အတူ မုန်းခြင်းကြောင့် ဒုက္ခမ ခံလိုကလည်း မမုန်းဘဲ နေရုံသာ ရှိသည်။ ချစ်ခြင်း မုန်းခြင်း ကင်းသော နှလုံးသားပိုင်ရှင်သာ ဖြစ်ရပါ လို၏ဟု ဆုတောင်းမိပါသည်။ ပိုင်ဆိုင်ခြင်းဆိုတာကလဲ လိုအပ်တာထက် ပိုင်ဆိုင်လျှင် ပူပန်သောက ဖြစ် တတ်သည်။ သတိပြု ဆင်ခြင်စရာ ကောင်းလှ၏။

20.4.66

အထူးအားဖြင့် ရေးပြီးသော ကတပုဒ်ကို ပါဠိ အဋ္ဌကထာသုံးများ ပါဝင်ရန် ထပ်၍ ဖြည့်စွက် ရေးသားသည်။

ဦးစိန္တိတနှင့် တွေ့၍ ဦးဝိသုဒ္ဓ အကြောင်းကို အတန်သင့် စုံလင်စွာ သိရ၏။ သပိတ်မှောက်စေလို သော ဆန္ဒ ရှိသော်လဲ အများက သဘောမတူဟူ၏။ သာမန် လူဝတ်ကြောင် ပုဂ္ဂိုလ်များ မလုပ်ရဲသော ညစ်ပတ်မှုမျိုးကိုပင် လုပ်ရဲသော ပုဂ္ဂိုလ်ဖြစ်၍ သူ့အတွက်ကား ထူးခြားသည် မဟုတ်ပါပေ။

ရေတက်ရေကျ တကြိမ်တွင် မျှင်အမျိုးအစား ငါးပေါင်း (၇၀၀)ဘိုးခန့် ရသည်ဟု သိရသည်။ အင်ဒီယားပြည် အင်ဒရာနယ်တွင် ဆန်ရေစပါးကို မဆိုထားဘိ ရေပင် ငတ်ကြလှ၍ ရထားကို ရပ်စေပြီး ရေလုကြသည်ဟု ရန်ကုန်တွင် ဖတ်ရှုရသည်။ ယခုနှစ် သင်္ကြန်တွင် လမ်းသရဲများ သောင်းကြမ်းကြပုံကို လူထုတွင် တွေ့ရ၍ ဝမ်းနည်းမဆုံး ဖြစ်မိသည်။ ဘုန်းကြီးကျောင်းဆိုသည်ကို တခါမှ မရောက်ဖူးကြသောသူများ၍ ဘာသာယဉ်ကျေးမှု ခေါင်းပါးလှသဖြင့် လမ်းသရဲ ပေါ်ခြင်း ဖြစ်ပေလိမ့်မည်။ အနောက်နိုင်ငံများမှ ကူးစက်လာသော ရောဂါဟု ဆိုသော်လည်း ဘာသာယဉ်ကျေးမှု ကိန်းအောင်းပြီးသူ လူငယ်လူရွယ်များအဘို့ ယင်းရောဂါမျိုး ကူးစက်မည် မဟုတ်ပါ။ လွတ်လပ်ရေးခေတ်တွင်မှ ဘာသာယဉ်ကျေးမှု ခေါင်းပါး၍ ပေါ်လာခြင်း ဖြစ်ပါသည်။ ဆီရာလ်ကွမ်းခံတပ်ကြောင်းကို လူထုတွင် ဖတ်ရှုရ၏။

21.4.66

ပဂ်မူလီ ကဗန္ဓမှ စ၍ ရေးသည်။ ၁၉-ပုဒ်ပြီးသည်။ ဒီ၌၊၃၊၈ တွင် ကဗရက္ခိ ရှိသော်လည်း ၎င်းဋီကာက ကမ္မနက္ခိကို တည်ပုဒ်ပြု၍ ဖွင့်ထားသည်။ ဌနှင့် ဋီ အမြီးအမောက် မတည့်သောပုဒ်များကို မကြာမကြာ တွေ့ရ၍ သင်္ဂါယနာ ဝိသောဓကများကို အကြိမ်ကြိမ် ချီးကျူးမိပါ၏။ ပါဠိတတ်သော နိုင်ငံခြားသားများ ကြည့်ရှု၍ မညီညွတ်သည်ကို တွေ့လျှင် ရှက်ဖွယ်ပင်။

စိန်တောင်ကျောင်း ခေါင်မိုးတွင် စည်းကမ်းမရှိသူ ကိုရင်တပါးက ဆေးလိပ်တို ပစ်သဖြင့် မီးလောင်ရာ ကျောင်းသားသုံးဦးက ကြိုးစား၍ မီးသတ်သဖြင့် တကျောင်းလုံး မလောင်။ မီးသတ်သူများအား ဖောင်တိန်စသည် ဆုချီးမြှင့်သည်ဟု သိရ၏။ (old event) ဖြစ်သည်။

ဆီရာလ်ကွမ်းခံတပ်အကြောင်းကို ဦးလှက ဆက်ရေး၏။ ချင်းတောင်တွင် ချင်းနာမည်ယူထားသော ဗမာများ ရှိသည်ဟု ၎င်းဆောင်းပါးတွင် ဖတ်ရှုရ၏။ သပြေတန်းခံတပ် စသည်ထက် အသုံးဝင်လှသည်ဟူ၏။

22.4.66

ကာဘို့ဆည်သည် “အောင်ကျော်သာဦး၊ (၁၂၆၁)၊ စ၍တူး” ဖြစ်သည်။ ၁၅-ပုဒ်ပြီးသည်။

ကျွန်းမြေပဲမှာ လေးစေ့မှ တစေ့သာ ပေါက်တတ်သည်။ ကုန်းမြေပဲမှာ လေးစေ့လျှင် ၃-၂ စေ့ခန့် အပင်ပေါက်တတ်သည်။ ဆီထွက်မှာ ကျွန်းမြေပဲက ပို၍ ထွက်၏ဟု လူထုဆောင်းပါးတွင် တွေ့ရ၏။ ကုန်း၌ ကုန်းမြေပဲ တတောင်း စိုက်လျှင် ၁၂-တောင်း အနဲဆုံး ရနိုင်သည်။ အခန့်သင့်က ၁၆-၇ တောင်း ရနိုင်သည်။

ခနုံလွတ်ချောင်း(မုံ့လက်ဆောင်း)သည် တဦး၏ ပြောပြချက်အရ ႐ှ ၅၀ပြားလောက် ရင်းလျှင် ၃ိ အနဲဆုံး မြတ်သည်ဟု သိရ၏။ မည်သည့် အစားအသောက် ဈေးသည်မဆို ထက်ဝက်လောက် မြတ်ကြသည်က များသည်။ အလေးခိုး တောင်းခိုးနေစရာ မလို။ လောဘကို မသတ်နိုင်ကြ၍သာ ယင်းခိုးမှုတို့ ပြုလုပ်ကြခြင်း ဖြစ်သည်ဟူ၏။

23.4.66

Dr. Fleming ပယ်နင်စလင်ကို စတွေ့သူ။ Dr. Waksman စထရက်တိုမိုက်စင်(အဆုတ်ရောဂါ) ဆေးကို စတွေ့သူ။ ချင်း ဦးစီးဥက္ကဋ္ဌ ဦးဆန်ခိုလျန်၏ ဇာတိရွာ ထုတ်လိုင်ကို ဖို့ဝိုက်ဟု ကင်ပွန်းတပ်၏။ ချင်းတောင် တိုက်ပွဲမှာ ကွပ်ကွဲတဲ့ ဗိုလ်ချုပ်ဝိုက်ကို ဂုဏ်ပြုခြင်းဖြစ်သည်။

သာသနာ တဖြည်းဖြည်း ဆုတ်ယုတ်ပျက်စီး ဆုံးရှုံးမည်ကို သိသော်လည်း လွန်ဆွဲသကဲ့သို့ တောင့်ခံလျှင် အရှုံးနှေးစေရန် တောင့်ခံနေရသည်။ လောကုတ်ထဲတွင် အချင်းချင်း ပြောဆို၍ မျက်နှာပျက်သွားသော တရား မပါပေ။ မညီညွတ်သော လောကထဲတွင် အညီအညွတ် နေနိုင်အောင် ကျင့်ရမည်။

၃၃-ပုဒ်ပြီးသည်။ အင်းစိန်တွင် ဈေးရုံ(၆)ရုံကို မီးလောင်သည်ဟု သိရ၏။ ဗမာပြည် မီးဘေးကားကြောက်စရာ ကောင်းလှသည်တကား။

24.4.66

အသုံးလုံး သင်တန်းအတွက် လုပ်အားပေး ဆရာပေါင်း ၁၅၇၁၈။ စာမတတ်သူ ဦးရေ ၉.၁ သန်း ရှိသည်။ ၂၂-ပုဒ်ပြီးသည်။

တီကောင်၏ အမြီးကို ဖြတ်လျှင် ယင်းအမြီးသည် မကြာမီ အသစ် ပြန်ပေါက်လာနိုင်သည်ကို လူတိုင်း သိရှိကြ၏။ power of regeneration အားကောင်း၍ ဖြစ်သည်။ လူမှာ အင်္ဂါ အစိတ်အပိုင်း တခုခု ဖြတ်ပါက ရှင်ပြန်ဖန်တီးအင် မကောင်း၍ အသစ်ပြန် မပေါက်နိုင်တော့ချေ။ သတ္တဝါဘုံစဉ်ဖြစ်လျှင် အချို့ အစိတ်အပိုင်းက ဆုတ်ယုတ်လာတတ်သည်ကို သတိပြုရာ၏။

25.4.66

၂၆-ပုဒ်ပြီးသည်။ ငွေ(၄)ရာ ပါသော မန္တလေးသွား ရထားတွင် ချိတ်ရမည့် ရထားတွဲတခုကို မြစ်ကြီးနားသွား ရထားတွင် ချိတ်ဆွဲသွား၍ မြင်းကသာဘူတာရောက်မှ ရပ်နား၍ ဖြုတ်ထားရသည်။ ယင်းဘူတာတွင် ငွေတိုက်ဝန်ထောက်နှင့် အစောင့်များ မအိပ်မနေဝံ့ဘဲ ၄-နာရီလုံးလုံး စောင့်နေရသည်ဟူ၏။ ရွှေဘိုဘူတာမှ လွဲခြင်း ဖြစ်သည်။ ဖြစ်နိုင်စရာ မကောင်းသော ချွတ်ယွင်းမှုမျိုးပင်။ ပွင့် လွန်မှ ရထားလွဲမှန်း သိရှာသော ငွေတိုက်ဝန်ထောက်လဲ သနားစရာပင်။

စိန်ထွန်း(မြင်းမူ)၏ တနှစ်တွင် ပျက်စီးဆုံးရှုံးသော နိုင်ငံပိုင် အရပ်ရပ် ပစ္စည်းများ၏ တန်ဘိုးကို အစိုးရ၏ တရားဝင် ကြေညာချက်မှ ကောက်နုတ်၍ ပြသည်။ တနှစ်တွင် အနည်းဆုံး (၁၀)ကုဋေကျော်ခန့် ပျက်စီးသည်။ ဤသို့ ပျက်စီးပါမူ ရင်လေးစရာ ကောင်းလှ၏တကား။

26.4.66

စောမွန်လှ နှင်ထုတ်ခံရ၍ ပုဂံမှ အပြန်တွင် မိမိ၏ ဇာတိရွာနှင့် နီး၍ စိတ်ရဲလာသော နေရာဖြစ်သောကြောင့် ရဲရွာဟူ၍ ခေါ်တွင်သည်။ ဆက်သွားရာ မမာမကျန်းဖြစ်၍ ကြောင်စာလောက်သာ ထမင်းဝင်သော အရပ်ကို ကြောင်ရွာဟူ၏။ ရမန်းရည်သာ ဝင်သော အရပ်ကို ရမန်းရွာ။

၄၀-ပုဒ် ရေးပြီးသည်။ သာသနပါလိနီသိမ်တွင် ဝတ်ယူ၍ ဝတ်ဆောက်တည်သည်။

ဟိတောပဒေသစာအုပ်ကို စ၍ လေ့လာ၏။ မြန်မာပြန်နှင့် တိုက်ကြည့်ရသဖြင့် အခက်အခဲ မတွေ့ရပေ။ မိလိန္ဒပဥှာတွင် ပါဠိဟာရိယ လွတ်သော စေတီသုံးမျိုးအကြောင်းကို တွေ့သည်။

ဘုရားလောင်း ပဋိသန္ဓေနေစဉ် မယ်တော် တပါးယောကျ်ားနှင့် မဖောက်ပြားအောင် နတ်များက စောင့်ရှောက်သည်မှာ ဓမ္မတာတပါးဟု ဒီ၊၂ ဓမ္မတာ(၃၀)ပြအခန်းတွင် တွေ့ရ၏။

(၁၇၀) လက်ခံရရှိသည်။ ကိုနာဂထံမှ စာရောက်သည်။ အတ္တဟိတကို ငါးတော့မည် ဆိုပါလား။

27.4.66

ရုရှားပြည် အဇာဘောဂျန်ပြည်နယ်တွင် ကိုင်ရန်ကစ်ရှလက်ရွာ၌ အသက်အကြီးဆုံး ဖွားဖွား(ဘီအင်မိကရာလီယာဘာ)(၁၃၄)နှစ်မြောက် မွေးနေ့ကို အသက်(၉၀)ရွယ် သားမြေးမြစ်နှင့်အတူ ကျင်းပ၏။ တောင်တန်းများမှ တိုက်လာသော လေကို ရှူရှိုက်၍ ဓာတ်သတ္တုပါသော စမ်းရေကို အသုံးပြုရသောကြောင့် ရွာသူသားများ၏ ပြမ်းမျှအသက်မှာ ၈၀-၉၀ ကြားတွင် ရှိသည်ဟူ၏။

တနေကုန် ပိ(ပိဋက)နှင့် သက္ကဋ္ဌ အင်္ဂလိပ်စာများကို ဖတ်ကြည့်သည်။ သက္ကဋကို ဟိတောပဒေသ မိတ္တလာဘကဏ္ဍမှ စ၍ လေ့လာကြသည်။

**ပါဠိနှင့် နှိုင်းယှဉ်ရပါမူ သက္ကဋ္ဌမှာ ကာရီပုဒ်အဖြစ်ဖြင့် အနေများသည်။**

**ဥပမာ မာဂဓပါဠိမှာ မစ္စုနာ-ပုဒ်သည် ကာရိယ နိပ္ဖန္နပုဒ်ပြီးဖြစ်သည်။ မတျု-မှာ ကာရီ မပြီးဆုံးသေးသောပုဒ် ဖြစ်သည်။ သက္ကဋ္ဌ၌ मत्युना (မတျုနာ)သည် ပုဒ်ပြီးအဖြစ်ဖြင့် တည်ရှိသည်။ ပါဠိမှာကဲ့သို့ တျကို စ္စ မပြုတော့။**

**ထို့အတူ विद्य ဝိဒျ, ပါဠိ ဝိဇ္ဇ ဖြစ်သည်။ ဒျကို ဇ္ဇ မပြုဘဲ သက္ကဋ္ဌမှာ ရှိသည်။**

**र्प ရေဖသည် ပါဠိ သံယုတ္တအက္ခရာ အမြဲတမ်း ဖြစ်သည်။ सर्वत्र သဗ္ဗတြ-ဟု ဖြစ်လာသည်။**

**ဤမျှဆိုလျှင် သက္ကဋ္ဌနှင့် ပါဠိ နှိုင်းယှဉ်ချက်ကို အတန်သိတန်ကောင်းပါသည်။ ကြိုးစားလျှင် မည်သည့် ပညာမှ အလွန်မခက်ပါပေ။**

28.4.66

ညတွင် မကြူးတို့ လာကြသည်။ ဖျာခင်းမပေးသဖြင့် ဒကာမတဦးက ကြိုက်ဟန်မတူ။ ခင်းပေးလျှင် သူတို့ အပြစ်ဖြစ်မည်ကိုကား မသိရှာကြပေ။ ခက်လိုက်တဲ့ ဒကာမများပါပေ။

မိမိ အသက်မှန် ပြောသော်လည်း မယုံကြည်ကြ။ ရှိရင်း အသက်ထက် မိမိ ရုပ် ကျလွန်းနေသည်မှာ သေချာသည်။ အလုပ်မှ မည်သည့်အခါမှ အနားမယူခဲ့ဘူးသဖြင့် ဤမျှ ရုပ်ကျခြင်း ဖြစ်ပေလိမ့်မည်။

ဆရာမြို့က သူ့ထံတွင် ဆေးတဖုံထည်း ၅၀၀လောက် ကျမည့် ဆေး ရှိကြောင်း, လိုအပ်ပါက လှူဒါန်းနိုင်ကြောင်း, သူ့ထံ ရှိသော မည်သည့်ဆေးမဆို လိုအပ်ပါက လှူဒါန်းမည့်အကြောင်း အလှူခံရန်လည်း ဘိတ်ကြားထားသည်။ သူ မရှိသော်မှ ဘီဒိုကို လှစ်၍ ယူရန် ဘိတ်ကြားသည်။ ကျေးဇူးတင်ကြောင်း ပြောကြရ၏။

၁၃-ပုဒ်သာ ပြီးသည်။ သြသာနနှင့် စကားပြော ရှင်းလင်းနေရ၍ အလုပ်မတွင်။ မောင်ထွန်းကြည် (အင်တိုင်း မုံရွာ) အလှူမှ တရားဟောရန် ပင့်စာရသည်။ တတ်စွမ်းသမျှ ဟောရပေမည်။

29.4.66

၁--ပုဒ်ပြီး။ ဘီလူးကျွန်းတွင် ရွာပေါင်း ၆၆-ရွာ ရှိသည်။ ညှော်သည်ကို ငှါး၍ ညှော်ခံကြသည်မှာလည်း ချစ်စရာကောင်းသော အလေ့အထတခု ဖြစ်သည်။

(ဂေါမုတြ)၏ အစွမ်းကို (ဂေါမုတြံ ကဋ္ဌု --- စာရ)စသည်ဖြင့် ဘာဝပ္ပကာသ သက္ကဋ္ဌ ဆေးကျမ်းတွင် တွေ့ရသည်။ လက်တွေ့ စမ်းသပ်သောက်ကြည့်ရာ (--) အကျိုးတရားကို မသိရသေး။

ဆရာတော် ဦးရန်ကုန်က စာအုပ်သေတ္တာပေါ် တက်ထိုင်နေရာ ဘုန်းကြီးတပါးက "အရှင်ဘုရား ဘာကြောင့် စာအုပ်သေတ္တာပေါ် ထိုင်သလဲ"ဟု လျှောက်သည်တွင် "ပိဋကတ်ပေါ် ပိဋကတ် ဆင့်ခြင်း ဖြစ်သည်"ဟု ပြန်ဖြေသည်ဟူသတတ်။

(ဘာဝပြကာသ)ဟူသော သက္ကဋ္ဌဆေးကျမ်း ကျမ်းပေါင်းစုံကို ညှိနှိုင်း၍ ရေးသားသောကျမ်း ဖြစ်ဟန်ရှိသည်။ ကျမ်းပေါင်းစုံ၏ နာနာဝါဒကို ညွှန်ပြသည်။ လေ့လာဘို့ အလွန်ကောင်း၏။

၁၉၆၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ စနေနေ့ (၁၃၂၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်)

နံက် ၃-နာရီကျော်ကျော် ၄-နာရီမထိုးမီ တောင်ပြင် ကြာဖံစက် မီးလောင်သည်။ မီးတောက်မှာ စိန်ပန်း ယဉ်ပုံရပ်မှ အတိုင်းသား မြင်ရသည်။

(---)ချင်းများမှု လင်ကွဲမယားကွဲ အလွန်နဲ(ရဲ)သည်ဟု လူထုဆောင်းပါးတွင် တွေ့ရသည်။

ရဟန်းဒါယကာ လာသော်လဲ မတွေ့ရ။ ရွှေဥဒေါင်း တသက်တာမှတ်စုကို ပေးခဲ့၏။

၂၇-ပုဒ်ပြီးသည်။ ဝိမာနဋ္ဌ။၁၅၁-၂ တွင် သဘာဝမကျသော ဖွင့်နည်းကို တွေ့သည်။ အာဂမ ဆရာတော်ကလည်း ၎င်းဖွင့်နည်း သဘာဝမကျကြောင်း ပြောပြသည်။ ဋ္ဌဟောင်းတွင်ကား ဤသို့ ဖွင့်မည် မထင်။ (သာသနေ ဒုဋ္ဌော ဓမ္မာစရိယော)ပုဒ်အရ သံဂါယနာ ဓမ္မာစရိယများ ဖျက်လိုက်ဟန်ရှိသည်။

---

၁၉၆၆ ခုနှစ်၊ မေလ ၁ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်)

၁၆-ပုဒ်ပြီးသည်။ ကမ္ဘောဇိဂုမ္ဘကို ဇာတ်ဋီကာတွင် အဖွင့်မတွေ့ရ၍ ရနိုင်သမျှ ရေးလိုက်ရသည်။ သံဝဏ္ဏောတဗ္ဗပုဒ်ကိုက လေဂလ(ဒန့်ကျွဲ) လေဂဏ(သမန်းမျက်)ဟု ၂-မျိုး တွေ့နေ၍ အဆုံးဖြတ် ခက်လှသည်။ အဓိကအားဖြင့် သက္ကဋ္ဌ သင်ခြင်းကို ရပ်စဲလိုက်သည်။ အတန်သင့် ဘတ်တတ်ပြီဖြစ်၍ ဆရာမြို့ကို ကျေးဇူးတင်ရပေသည်။

ချင်းအပျိုကလေးက ချစ်နိုင်သည်ဆိုလျှင် ငုံစရာ ဆေးရေ ဗူးခါးသီး တဝက် ပေးသည်။ မချစ်နိုင် လျှင် ဆေးရေဗူးခါးကို လာတောင်းသူ လူပျိုအား အပြည့်ပေးလိုက်သည်။ ဤသည်မှာ (တနိုင်း)ချင်းတို့၏ အပျိုလူပျိုကိစ္စဖြစ်သည်ဟူ၏။ တရွာတပုဒ်ဆန်းပေ။

2.5.66

ကျုံးပေါင်းပြတိုက်သို့ ပိ-ယဉ်-တို့နှင့် သွားကြသည်။ ဘာစာအုပ်မှ မရခဲ့။ အမှုထမ်းတို့၏ ဆက်ဆံပုံလည်း မကြိုက်။ ပြီးလွယ်စလွယ် နိုင်လှသည်။ စာကြည့်တိုက် အမှုထမ်းသည် -ရှိ (စာကြည့်တိုက်ရှိ) စာအုပ်များကို အကြမ်းဖျင်း သိဘို့ ကောင်းသော်လည်း ဘာမှ မေးမရ။

အရိယသမဂ္ဂသို့ ဝင်၍ အနည်းငယ် စကားပြောခဲ့၏။ မိလိန္ဒပဉှာ ဓမ္မပဒ ဟိန္ဒီစာအုပ်များ ထုတ်ပြသည်။ လိုချင်သော်လည်း မရနိုင်ဟူ၏။

ကမ္မပုဒ်ကို စရေးသည်။ ရေးဆိုသော်လည်း စုဆောင်းရုံမျှသာ။ အချက်အလက် တော်တော်ပြည့်စုံမှ ရေးရန်ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်လည်း ဖြစ်စေလိုသည်။

လဆုတ် ၂ ရက်နေ့ မောင်ဘိုလေး မွေးနေ့ဆွမ်းကျွေး ပင့်သော်လည်း ကျွန်ုပ်မှာ ဒီထက် အရေးကြီးသော ရွာပြန်ရန်ကိစ္စ ရှိနေသဖြင့် လာနိုင်မည်မဟုတ်ကြောင်း ပြောခဲ့ရသည်။ သူတို့အိမ်မှ ပင့်၍ လွဲသည်မှာ ၂ ကြိမ်ရှိပြီ။

ဟိန္ဒီစာအုပ်ဆိုင် ၂၇ လမ်းမှ ဓာတုမာလာ သက္ကဋ္ဌစာအုပ်တအုပ် ပိ(ပိဋက) ဝယ်ခဲ့သည်။ ဘဝတိ ဘဝန္တိ စသည်ဖြင့် ဒွိဝုစ်ပါ ဂိုဏ်းစဉ်ထားသည်ကို တွေ့ရ၏။ (धातुरूपावलिः) (ဓာတုရူပါဝလိ)

3.5.66

ကမ္မကို ဆက်လက်ရှာဖွေရသည်။

ကိုချစ်တင် လာ၍ ဆွမ်းစားပင့်သော်လည်း မတွေ့လိုက်ရ။

ပါမောက္ခချုပ် ဦးကာမှာ သင်္ချာအရာ အလွန်တော်သည် ဝန်ထောက်မင်းက ပြောပြ၏။

ဘုန်းကြီးဆိုသည်မှာ လောကီဘက်က အရာရာ ဆုံးရှုံးနေသည်။ သို့ဖြစ်လျှက် ကောင်းစွာ မကျင့်ဟု ဆိုလျှင် အင်မတန်မှ ရင်လေးစရာ ကောင်းကြောင်းလည်း ဝန်ထောက်မင်းက လျှောက်ထားသည်။

ယနေ့ စာဖတ်ရသည်မှာ အလွန်တွင်ကျယ်လှပါသည်။ ရွာသွားရန် ကိစ္စရှိသဖြင့် စောစော ယဉ်ပုံမှ ပြန်ခဲ့ကြသည်။

ကိုချစ်တင်၏ ဆွမ်းစားပင့်စာမှာ ရက်မှားသည်ဟု ထင်၍ ပြန်အမေးခိုင်းရာ နောက်ထပ် ပြောသော စကားကလည်း ထပ်မှားသည်။ နောက်မှ သူကိုယ်တိုင် လာ၍ ပြင်သည်။

မမှားသင့်သော ကိစ္စများ မှားသည်ကို ထောက်၍ အကဲခတ်ရလျှင် လူပုဂ္ဂိုလ်များမှာ ကိစ္စများသဖြင့် သတိမကောင်းသည်ကို သိရသည်။

4.5.66

နံက် ၄:၃ဝနာရီတွင် ရွာအလှူသို့ ပြန်ရန် ဘူတာကြီးသို့ လာခဲ့ကြသည်။ စောစောရောက်သော်လည်း ရထားစီးခရီးသည် ပေါလှ၍ နေရာမရ။ ဂါတ်ဗိုလ်ကို ပြော၍ သူ့အခန်းမှာ စီးကြရသည်။ သဘောကောင်းသော ဂါတ်ဗိုလ်ပေ။ စိတ်ရောကိုယ်ပါ နွမ်းနယ်နေသော အချိန်တွင် ခရီးသည်များ သူ့အတွက် စိတ်မထိခိုက်စေလိုသဖြင့် ဥပဒေမရှိသော်လည်း သူ့အခန်းမှ စီးခွင့်ပြုသည်ဟူ၏။ ခရီးသည်များ၍

တွဲပိုချိတ်ပေးရန် စာအစောင်စောင် ရေးသော်လည်း အထက်က အရေးမစိုက်ဟု ဂါတ်ဗိုလ်က ပြောပြသည်။ ရထားစီး ခရီးသည်များ၏ ထိခိုက်ဒဏ်ရာ အနာတရ ဖြစ်သမျှ ဂါတ်ဗိုလ်က တာဝန်ယူရသည်ဟု သိရသည်။ ကျွန်ုပ် ခရီးသွားခဲ့ဘူးသော အခေါက်များအနက် ဤအခေါက်မှ ခရီးသည် အများဆုံး ဖြစ်သည်။ မုံရွာ ဘူတာရုံမှ ကိုသန်းထွန်း လာရောက်ကြိုဆိုနေသည်။ ရွာထိအောင် သူတို့ ကားနှင့်ပင် လိုက်ပို့လိုက်သည်။ သာစည် စေတီ၏ ဘုရားကြီးကိုလည်း ဝင်ရောက် ဖူးခဲ့၏။ ကဆုန်လပွဲနှင့် ဆုံသော်လည်း ကျွန်ုပ်တို့ ငယ်ငယ်ကလောက် မစီလှတော့။ ယွှင် ဈေးသည် စောင်းတန်းပြည့်မျှ လာထွက်ကြသော်လည်း ယွှကား အိုးသည်နှင့် ဖျာသည်များသာ ရောင်းလျှက် ရှိကြ၏။ စောင်းတန်းကလည်း ဂိုထောင်တပိုင်း ဖြစ်နေသည်။ မောင်ကုလ္လသရိယတို့၏ အရှုပ်ဇာတ်လမ်းလည်း ဦးသြဘာနှင့် ရွှေနွယ်ရိုး ဆရာတော်များက ပြောပြ၍ သိရသည်။ အခွင့်အရေး ကောင်းလွန်းလျှင် ဘယ်တော့မှ မကောင်းသည်ကို လက်တွေ့ သိရ၏။ အစွမ်းအစ ရှိပါလျှက် တောပြန်ကပ်ချင်သော မောင်ကုလ္လသရိယကိုလည်း စိတ်ထဲမှ အပြစ်တင်မိ၏။ ညနေတွင် လေမိုး ပြင်းထန်စွာ တိုက်ရွာ၏။

5.5.66

တောလေ့ နယ်ဘုန်းကြီးများနှင့် စပ်မိစပ်ရာ ပြောကြ၏။ ငွေတန်ဘိုးကိုလည်း သိသမျှ ရှင်းလင်းပြောပြရ၏။ သူတို့ခမျာ သုတနဲပါးရှာကြပေသည်။ အလှူ ရှင်လောင်းယူစဉ် မိုး အနည်းငယ် ရွာ၏။ အလှူ့ ဒကာဒကာမများမှာ ငယ်ရွယ်သူများ ဖြစ်၍ စိတ်ကောင်းချင်မှ ကောင်းနိုင်ကြပေမည်။ မဏ္ဍပ် အလှူလည်ရာမှာ ပျက်အောင် ဖျက်နိုင်သော်လည်း မိမိတို့ သန္တာန်၌ ဖြစ်နေသော ကုသိုလ်စိတ်ကိုကား ဘယ်မိုး ဘယ်လေမှ မဖျက်ဆီးနိုင်ကြောင်း တရားဟောရာတွင် ထည့်ပြောခဲ့၏။ အဘယသုတ်ကိုလည်း အနည်းငယ် ထည့်စွက်၍ ဟောလိုက်၏။ ၄၅-မိနစ်ခန့်သာ ကြာမည်ဟု ခန့်မှန်းမိ၏။ ဒါကို နမတယောက်က တရားရှည်သည်ဟု ပြောသေး၏။ ခက်လိုက်သည့် ရွာပင်။ သူတို့အတွက် တရားသည် လိုရင်းမဟုတ်။ အလှူလည်ရာ လှုလှပပ စည်စည်ကားကား ဖြစ်ကြဖို့သာ လိုရင်း ဖြစ်ဟန် ရှိ၏။ အလှူ့ဒကာဒကာမများကား မိမိ တရား ချီးမြှင့်သဖြင့် ဝမ်းသာလှကြ၏။

6.5.66

ရွာမှ ပြန်ခဲ့သည်။ ကိုသန်းထွန်း ကားဂိတ်ကို လာကြို၏။ ရဟန်းဒကာဒကာမများ အိမ်တွင် ဆွမ်းစား၏။ ဟင်းလည်းစုံ ဆာနေသောအချိန်လည်း ဖြစ်သဖြင့် စားကောင်းလှ၏။ ကားနှင့် မန်းကို ပြန်ခဲ့သည်။ လမ်းတလျှောက်လုံး လပြည့်နေ့ ၁-ရက်နေ့များတွင် မိုးရွာထားသည့် လက္ခဏာများကို တွေ့ရ၏။ လပြည့်မတိုင်မီလောက် မပူလှ။

ကုလ မေ ၂ သတင်းအရ အီရန်က တနေ့ စစ်သုံးစရိတ် ဒေါ်လာ ၇၀၀၀၀၀ ကျပ်ငွေ ၃-သန်း ၅-သိန်း ခန့်ကို စာမတတ်သူ ပပျောက်ရေး ရန်ပုံငွေအတွက် ကုလ လူမှုရေး ကော်မရှင်သို့ လှူဒါန်းလိုက်၏။

**နှစ်ပေါင်း (၁၇၀)ခန့် မျက်နှာဖုံးတွင် သတင်းမထည့်ဘဲ ကြော်ညာထည့်နေကျ လန်ဒန်တိုင်းမ် သတင်းစာက မေ ၂-ရက်ထုတ် သတင်းစာမှ စ၍ ပြည်တွင်းသတင်းများကို မျက်နှာဖုံးမှ ထည့်၏။**

၁၉၁၂-ခု မေ ၅-ရက်နေ့မှ စ၍ စိန့်ပီတာစဘက်=လီနင်ကရက်မြို့တွင် လီနင် ဦးဆောင်၍ ပရာဗဒါကို စတင်ထုတ်ဝေသည်။ ရုရှား လူ ၂၅၃-ယောက်လျှင် မိုတာကားတစီးကျ အမေရိကန် လူ ၂-ယောက်လျှင် မိုတာကားတစီးကျ ပိုင်နေ၏။ (ကျောဖုံး မေ ၄-ရက်)

အဖွဲ့မှ ကမ္မကို ဆက်ရေးကြသည်။ စရုံမှူးသာ ရှိသေး၏။

7.5.66

ကမ္မပုဒ်ကိုပင် ဆက်ရေးသည်။ အနက်ပေါင်း (၃၀)ကျော် ရပြီ။ ရဟန္တပေါင်း ကုဋေ(၁၀၀)ရှိကြောင်း မိလိန္ဒပဥှာတွင် တွေ့ရသည်။ ပရိပက္ကဝေဒနီယနှင့် ဒိဋ္ဌဓမ္မဝေဒနီယကံ နှစ်မျိုး၏ ထူးခြားမှု ရှိပုံကို မဋ္ဌ။၄ တွင် တွေ့ရသည်။

ကျောင်းရင်းမှ ပုဂ္ဂိုလ်များက ဆွမ်းစားပင့်ရာတွင် ကားပေါ် အရင်တက်ကြသဖြင့် ကြိုက်မည် မဟုတ်သော်လည်း သဘာဝမကျဟုတော့ ပြောလိုက်သည်။

အင်ဒိုနီးရှား ဗိုလ်ချုပ် ဆူဟာတိုက မလေးရှား ဆန့်ကျင်ရေးဝါဒကို ဦးစားမပေးတော့ဟု ပြောကြောင်း ၅ မေနေ့က ပြောပြသည်ဟု သိရ၏။

နာဂ မောင်ကြည်ဇင်၏ (အကယ်ဒမီကိုလမ်းပွဲ)ဝတ္ထုကို ပြန်ကြားရေးဌာနက သိမ်းသည်ဟူ၏။ နောင်ကြီးကောထံတွင် စာပေးလိုက်သည်။

အီတလီ ရုရှားက စပ်တူ ဖီးယက်ကား ထုတ်ကြမည်ဟူ၏။ စတာလင်ပေါင် သန်း၂၀၀ မ,တည်မည်ဟူ၏။

8.5.66

ကမ္မကို ဆက်ရေးသည်။ ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးနိုင်ပုံကို မိလိန္ဒပဥှာ၌ မက္ခလိနှင့် မိလိန္ဒအမေးအဖြေတွင် ဥပမာများနှင့် ပါသည်။ ဘရစ်စတိုကရေစီ ဗြူရိုကရေစီ ဒီမိုကရေစီ အောက်တော့ကရေစီ စသည်ဖြင့် ကရေစီပေါင်း များစွာရှိသည်။

ဂျေရုဆလင်မြို့ကို အပြစ်မရှိသူများသာ တိုက်၍ ရမည်ဟု ဗေဒင်ယောင်ယောင် စာရေးဆရာတဦးက ရေးသဖြင့် ရိချာ(ဒ်)ဘုရင်က ယုံကြည်၍ ၇-၈ နှစ်အရွယ် ကလေးများကို သင်္ဘောများနှင့် တင်၍ အတိုက်လွှတ်လိုက်ရာ လူရောင်းဝယ်သောခေတ် ထွန်းကားချိန်ဖြစ်၍ ကုန်သည်တဦးက ၎င်းကလေးငယ်များကို ရောင်းစားရလိုက်သည်ဟူ၏။

9.5.66

ကမ္မကို ဆက်ရေးရသည်။ အသုံးတွင်ကျယ်သော ပုဒ်ဖြစ်၍ ဂရုစိုက် ရေးရပါသည်။ ကိုချစ်တင် ဆွမ်းစား လာပင့်သည်။

၁၉၀၉-ခု မေလ(၈)ရက်နေ့တွင် ကြက်ခြေနီအသင်း စတင်ဖွဲ့၏။ ၁၉၂၀-နှစ်တွင် ဗမာနိုင်ငံသို့ အသင်းခွဲအဖြစ် ရောက်လာသည်။ ၁၉၃၇-ခုတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဟု သီးခြားဖြစ်လာသည်။

ဆွစ်ပြည်တွင် ပေါ်ပေါက်ခဲ့သော ဟင်နရီဒူးနန့် စတင်ခဲ့သည်။ သူ့မွေးနေ့ကို ကြက်ခြေနီနေ့ဟု သတ်မှတ်သည်။

ကိုချစ်တင် ဆွမ်းစာပင့်ပုံမှာ အတုယူဘို့ ကောင်းသည်။ ရင်းနှီးသော်လည်း ဘယ်နေ့ ဆွမ်းစားဟု ပြီးလွယ်စလွယ် မပင့်။ တောကျောင်းသားလေးများ အိမ်အပြန်တွင် ဘုရား သို့မဟုတ် ဘုန်းကြီး ရှေ့၌ ဒူးတုပ်၍ အကြောင်းအရာကို လျှောက်ရသည့် နည်းတူ ရှိခိုး ဒူးတုပ်၍ ကျကျနန ရှိသေစွာ ထိုင်ပြီးမှ လျှောက်သည်။ ရှေးဆရာသမားများ၏ အဆုံးအမကို ရခြင်း ဖြစ်ပေလိမ့်မည်။ မောင်ဘိုလေးကို မိုးမိတ်ပို့မည်ဟု လျှောက်သွား၏။

10.5.66

ကမ္မကိုပင် ဆက်ရေးသည်။ ချင်းတောင် ဆောင်းပါးတွင် မယား အယောက်၂၀ ယူသော ချင်းတယောက်အကြောင်းကို ဖတ်ရသည်။ မြို့ကြီးသူ-သားများပီပီ ကျုံးရေကို စံနစ်တကျ သန့်သန့်ရှင်းရှင်း ချိုးကြဘို့ သုံးကြဘို့ လူထုခေါင်းကြီးက ရေးထား၏။

ညပိုင်းတွင် ပိ-ယဉ်-တို့နှင့် ဝိနယသင်္ဂဟအဋ္ဌကထာ ဝိနယာလင်္ကာရဋီကာ ဝတ်ခန်းကို ကြည့်ကြသည်။ ပုဂ္ဂိုလ်ထံ ပရိဝါသ်ကြားရာ၌ တပါးဖြစ်လျှင် အာယသ္မာ, နှစ်ပါး အာယသ္မန္တာ, ၃-ပါး အာယသ္မန္တောဟု ပြင်ဆိုရန် ပါ၏။ ကျွန်ုပ်တို့မှာ သံယော ဆိုနေကျဖြစ်၍ သံယောကို နှုတ်ကျိုးနေသည်။ မသိပဲ ၁၂-တောင် အတွင်း၌ ပကတတ်ရဟန်း ဝင်လာခဲ့သော် ရတ္တိစ္ဆေဒသာ ဖြစ်၏။ ဝတ်မပျက်ဟူ၍လည်း သိရ၏။ ဝတ်ခန်းမှာ အလွန်အရေးကြီးသည်ဖြစ်၍ အေးအေးဆေးဆေး လေ့လာသင့်၏။

တဂရသိခီ ပစ္စေကဗုဒ္ဓါအား ကွာယံ ကုဋ္ဌိ ဆိုမိသဖြင့် နောက်ဘဝ၌ ကုဋ္ဌိဖြစ်ရသောဝတ္ထု ဥဒါနတွင် တွေ့ရ၏။

11.5.66

ကမ္မ၏ အကြမ်းဖျင်း အနက် ပြီးသည်။ **အသုံး**-ဆိုသော စကားရပ်ကို တရားဝင်မဟုတ်သော်လည်း ဆွေးနွေးကြသည်။ ကမ္ဘာ့အေးက ပုဂ္ဂိုလ်များက သံဝဏ္ဏနာ အသုံးများကို သံဝဏ္ဏေတဗ္ဗပုဒ်သို့ ညွှန်းခြင်ကြသည်။ ကျွန်ုပ်တို့ကလည်း တခါတရံ ညွှန်းပါသည်။ တချို့ပုဒ်များမှာ အဓိပ္ပါယ်မရှိဘဲ အသုံးဆိုသည်ကို ထည့်နေရသည်။

ညပိုင်းတွင် ဝိနယသင်္ဂဟကို ဆက်ကြည့်ကြသည်။ အန္တရာပတ်ဆိုသည် ဝတ်မချဘဲ သင့်သော အာပတ်ကိုသာ အန္တရာပတ်ဟု ဆိုရသည်။ ဝတ်ချပြီး ပကတတ်အဖြစ်နှင့် သင့်သော အာပတ်ကို အန္တရာပတ်ဟု မဆိုရဟု သိလာရသည်။

ဝိနည်းအရာတွင် ကျွမ်းကျင်သော မဟာသုမထေရ် မဟာပဒုမထေရ်ဟု နှစ်ပါးရှိသည်။ ဥပတိဿ၏ တပည့်များ ဖြစ်ကြသည်။ သုမထေရ်သည် ဝိနည်းကို ၉-ခေါက် တက်ဘူးသည်။ ပဒုမထေရ်သည် ၁၈-ခေါက် တက်ဘူးသည်။ သုမထေရ်သည် ၉-ခေါက် တက်ပြီးနောက် ကျောင်းထိုင်သည်။ ပဒုမထေရ်က "သူရော ဝတ ရေ"ဟု သုမထေရ်ကို ဆရာလွှတ်၍ ဝိနည်း ၉-ခေါက် တက်ဘူးရုံမျှနှင့် ကျောင်းထိုင်သဖြင့် အပြစ်ပြောသည်ဟူ၏။ ပဒုမထေရ် ဝါဒကို ပို၍ အလေးပြုကြသည်။

12.5.66

ကိုဘလှအိမ် သွား၍ သွေးဆေးနှင့်သက်န်း ရွာကို ပို့ရန် ပေးခဲ့သည်။ မောင်စိန် အလှူအတွက် တရားပူဇော်ရန် သင်္ကန်းတစုံနှင့် သင်းပိုင်တထည် လှူဒါန်းသည်။

ညပိုင်းတွင် ယဉ်ပုံကျောင်းမှာ စစ်ထဲက ဆိုသူ လူလိမ်ဟု ယူဆရသူ တယောက် လာသည်။ မောင်ကဝိန္ဒ ခေါ်လာခြင်းဖြစ်သည်။ လျှပ်စစ်နာရီ လိုချင်က ထုတ်ပေးမည်ဟု ပြောသော်လည်း လူလိမ်ဟု ယူဆရသဖြင့် မည်သူမျှ သူ့ကို မယုံကြည်ကြပေ။ ယဉ်ပုံက ရွှေဒါးတိုက် ဘုန်းကြီးအား ကုလားတယောက်က နာရီကို လိမ်ရောင်းသွားဘူးကြောင်း ပြောပြသည်။ လိမ်နည်း အမျိုးမျိုး အလိမ်ခံရပုံ အမျိုးမျိုးကို မိမိတို့၏ အတွေ့အကြုံများအရ ပြောပြကြသည်။

မာနတ်တောင်းသည်။ မာနတ်မှာ ပုဂ္ဂိုလ် ဂိုဏ်းထံ နေစဉ်(မှာလည်း) တောင်းကောင်း ချကောင်း ကြောင်း ဝိနယသင်္ဂဟ၌အရ သိရသည်။ လက်တွေ့မေးကြည့်ရဦးမည်။

13.5.66

၁၀-ပုဒ်ပြီး၏။ ကမ္မကိုလည်း ဆက်ရေးသည်။ ဘားပလက်စီ ၂-ဗူးစီ လှူဒါန်းလိုက်ပြန်သည်။ Pali proper name စာအုပ် ဝိသုဒ္ဓါရုံ အဘိဓာန်စာအုပ်များလည်း ဂန္ထအပြန်တွင် ပေးလိုက်ကြသည်။ ဝိသုဒ္ဓါရုံနှင့် ဆွေးနွေးချက်မှတ်တမ်း(၃)လည်း ရရှိသည်။

ကျွန်ုပ်အဖွဲ့မှ ရေးပြီးပုဒ်များကို ပါဠိထည့် နည်းသည်ဟု လျှောက်ထားသည်ဟူ၏။ အကျိုးမထူးသော ပါဠိများကိုကား ကျမ်းလေးရုံ နေမည်ဖြစ်သဖြင့် ကျွန်ုပ်အဘို့ မထည့်လို။ ကမ္ဘာအေးက သူများက “အကျိုးထူး မထူးကို မကြည့်ဘဲ ပါဠိဝေဆာလျှင် စာအုပ်အတွက် လေးနက်သည်”ဟု ယူဟန်ရှိသည်။ သနားစရာ ကောင်းလေစွ။ တဘက်သားအား အထင်သေး အမြင်သေး ဖြစ်လိုက်ကြသည်မှာလည်း သူတို့အပြင် နှစ်ဦးမရှိတော့။

14.5.66

၁၃-ပုဒ်ပြီးသည်။ ကမ္မကိုလည်း ဆက်ရေးသည်။ ပဝါရဏာကံ(၄)မျိုးကို အဓိပ္ပါယ် မကျဉ်းမကျယ် ရေးသည်။

ကလေးမြို့သို့ လုပ်အားပေး သွားခဲ့သော ကိုမြသန်းနှင့် တွေ့၍ စကားပြောကြည့်ရာ “လုပ်အား တကယ်မပေးကြပဲ လျှောက်လည်နေသူက များကြောင်း, ပေးပြန်ပါသော်လည်း အမေးအမြန်းစသည် မတတ်၍ လိုချင်သော စာရင်းမှန် မရကြောင်း” ပြောပြသည်။ စရိတ်ပေးသည်မှာ (၄၀)သာ ပေးသည်ဟူ၏။ ဒီထက် ပိုကုန်ပါက အပြန်မှ ကုန်စရိတ်ကို တင်ပြ တောင်းကြရသည်ဟူ၏။ ကျောင်းသား (လုပ်အားပေးသူ) တဦးက တော အဘိုးကြီးအား “တရက် ကွမ်း ဘယ်လောက် စားသလဲ”ဟု မေးရာ “ငါ စားချင်သလောက် စားသည်”ဟု ဖြေသည်ဟူ၏။

15.5.66

၁၅-ပုဒ်ပြီးသည်။ ကမ္မကိုလည်း ဆက်၍ရေးသည်။

သဒ္ဓါတရားနှင့် ပြည့်စုံသူ ဒါယကာများအား ဆဲရေးမိလျှင် သီးခံစေရကြောင်းကို ဝိ၊၄ ပဋိသာရဏီယ ကံ၌ တွေ့လာရသည်။

ဂန္ထမှာ အလျှုရှိ၍ သုတ္တန် ပိ(ပိဋက) နာယကများ မလာကြပေ။ "အချိုးနီးဖြစ်မည့် နေရာမျိုး၌ ပြိုင်ဆိုင်လျှင် အားသာ ကုန်၍ နှစ်ဦးနှစ်ဝ ကျေးဇူးမရှိကြောင်း" တွေ့မိသည်။

ညပိုင်းတွင် ကြောင်လိမ်လေ့ခါးများနဲ့ ထူးဆန်းသော ဘုရားတဆူကို ဖူးရကြောင်း အိပ်မက်ကောင်း မက်သည်။

16.5.66

၁၅-ပုဒ်ပြီးသည်။ ကမ္မကိုလည်း ဆက်ရေးသည်။ ကျောင်းကြီးပေါ်တွင် ဘီဒို လှူဘူးသူ၏ သားက လာ၍ ငွေတဆယ် လှူဒါန်းရာ ဘိလပ်ရေ သောက်ကြသည်။

တပြည်လုံး ကော်ဖီစေ့ (၈၆၀၀) ဧက, လိမ္မော် (၁၂၅၄), ပန်းသီး (၅၂၀), သစ်တော် (၉၈၇), မက်မန်း (၁၈၅), လိုက်ချီး (၁၁၅) ဧက စိုက်ပျိုးထားသည်ဟူ၏။

हितोपदेशः (ဟိတောပဒေသ)တအုပ် ရန်ကုန်မှ ဝယ်ပို့လိုက်၏။ ၄ိ ပေးရသည်။ အဟောင်းက (---)ဟု ရေး၍ အသစ်က (श्लोक)ဟု ရေးသည်။ (-) နှင့် (-) ကွဲပြားနေသည်။ ပါဠိထုတ်သောအခါ သိလောကချည်း ဖြစ်လာမည် ဖြစ်သဖြင့် နှစ်မူစလုံး ပါဠိဘက်မှနေ ကြည့်လျှင် အမှန်ချည်း ဖြစ်ရပေမည်။ သက္ကဋမှာကား ဘာကို အမှန်ဟု မသိနိုင်ပေ။ ဧပြီလတွက် ပြီးသောပုဒ်များကို ဂန္ထထံတွင် အပ်လိုက်သည်။

17.5.66

၁၇-ပုဒ်ပြီးသည်။ မ၊ဋ္ဌီ၊၂။၉၇၃၌ အဋ္ဌနဝုတိရောဂါဟု တွေ့ရသည်။ အနာမျိုး(၉၆)ပါးဟု ပြော ရိုး(ရှိ)သော်လည်း ပါဠိနှင့်တော့ မကိုက်။ အံ၊၂ ကမ္မကာရဏာဝဂ် ဝဇ္ဇသုတ်တွင် ကံကြမ္မာ ၂၆-ပါး တွေ့ရ သည်။ (၃၂)ပါး ရေတွက်၍ မရ။

ကုသိုလ်တော် စန္ဒာမုနိထဲမှာ ရှိတဲ့ ကျောက်စာတွေကို မေးငေါ့ပြလိုက်ရင် ပြီးတာဘဲတဲ့။ နောက်ပွင့် မယ့် ဘုရားကျ တရားဟောနေရန် မလိုဘူးလို့ မန်းမှ ဆရာတော်ကြီးတပါးက ပြောဘူး၏တဲ့။

ကမ္မပုဒ်ကို ပစ္စုပ္ပန် အတိတ် ခွဲခြားသည်။ သို့သော် မပြီးသေးပေ။ ကဝဂ်မူလီ ဒုအကြိမ် ရိုက်ပြီး ပုဒ် များကို သန္နိဋ္ဌာပက ထိုင်ကြသည်။ သို့သော် ကျွန်ုပ် မထိုင်ပေ။ အဖွဲ့မှ အာဂမဆရာတော် ထိုင်ပေးသည်။ ကံအကြောင်း ရေးရသည်မှာ စိတ်ဝင်စားပါသည်။

18.5.66

၁၂-ပုဒ်ပြီးသည်။ "သုရာပါနပါ ထည့်၍ ကမ္မပထ(၁၁)ပါးရှိကြောင်း" ကေစိများက ဘုရားဟော ပါဠိ ကို ကိုး၍ ယူဆကြကြောင်းကို ဋီကာတစောင်တွင် တွေ့ရသည်။

အာဒံနှင့် ဧဝတို့က ကမ္ဘာပေါ်ရှိ ခွေး ကြက် ဝက်စသော သတ္တဝါများ အမည်မှည့်ခဲ့သည်ဟု ဝီလျံက ပြောပြသည်။ သို့ဖြစ်လျှင် ဗမာလို ကြွက် အင်္ဂလိပ်လို (Rat) စသည်ဖြင့် ဘာသာအမျိုးမျိုးနဲ့ မှည့်ခဲ့ပါ သလား? မေးတော့ မဖြေနိုင်။ သတ္တဝါအများကို ထာဝရဘုရား ဖန်ဆင်းသည်ဆိုလျှင် ရုပ်လှ ရုပ်ချောနှင့် သူ ဌေးချည်းသာ ဖန်ဆင်းဘို့ ကောင်းသည်။

**မလ္လိကာ၏ မဟလ္လတာ-တန်ဆာနှင့် ပတ်သက်၍ "ဝတ်ဟန်မတူကြောင်း, ဒီလို မဟလ္လတာရှိ ကြောင်းသာ ထင်ရှားစေရန် ဖြစ်သည်။ "လှည်း အစီးငါးရာ တိုက်ရသည်"ဟူရာမှာလည်း သာမန်တန်ဆာ ထက် ကြီးကြောင်း ထင်ရှားစေရန်သာ ဖြစ်သည်။ တကယ်တိုက်ရဟန် မဟုတ်"-ဟု ဝန်ထောက်မင်းအား ပြောပြခဲ့၏။**

**ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ဤလိုကိစ္စမျိုးသည် ပဓာနမဟုတ်။ အငြင်းပွားလျှင် လေကုန်ရုံ ပင်ပန်း ရုံသာ ရှိမည်ဖြစ်သဖြင့် ကျွန်ုပ်က မငြင်း။ အလိုက်အထိုက်သာ ဖြေသည်။**

19.5.66

မာနတ်ဆောက်တည်ရာတွင် ပုဂ္ဂိုလ်ထံ ဆောက်တည်နိုင်ကြောင်းကို စူဠဝါ မျက်နှာ ၉၉ ပိုဒ်ရေ ၉၄ တွင် တွေ့ရသည်။ ထိုစဉ် အဖြစ်အပျက်မှာ ရဟန်းများက ခရီးသွားနေ၍ ပုဂ္ဂိုလ်ထံ ဆောက်တည်ခြင်း ဖြစ်သည်။ ခရီးမထွက်လျှင် သံဃထံမှာဘဲ ဆောက်တည်ပုံ ရသည်။ ဘုရား လက်ထက်က ဝတ်စောင့်ကြ ရာ၌ စောင့်သမျှ ရက်အတွင်း ဝတ်မချပဲ နေကြဟန်ရှိသည်။ သံဃာများလွန်းသဖြင့် ဝတ်စောင့်သူများ မတတ်နိုင်လွန်း၍သာ ဝတ်ချရဟန် တူ၏။ ချခွင့်လည်း ဒီတော့မှ ပြုလိုက်သည်။

20.5.66

၂၂-ပုဒ်ပြီးသည်။ အဘိဓမ္မာဘုန်းကြီး (ဦးဉာဏောဘာသ-သိရောမဏိ)က သူ-မလာနိုင်တော့ကြောင်း ပေးစာကို ဂန္ထမှ တဆင့် သိရသည်။ အဖ္ဘာန်သွင်းကြသည်။ ခိုတောင်မှ မုန့်တီ လာ ကျွေးမွေးဆက်ကပ် ကြ၏။

ရှေးဆရာတော်ကြီးတပါးသည် တပည့်ရဟန်း ကျောင်းထိုင်ရာသို့ ခရီးကြုံသဖြင့် ခေတ္တဝင်ရာ သစ်ပင်ရိပ် အောက်မှာသာ နေထိုင်သဖြင့် တပည့်က ကျောင်းပေါ် ကြွရန် လျှောက်ထားရာ "မင့်ကျောင်း က ဘယ်လို ဆောက်ထားတာမှန်း မသိ၊ ငါ မလာလို မထိုင်လို"ဟု မိန့်သည်ဟူသတတ်။ ဝိနယဂရုကဖြစ် သော ဆရာတော်ကြီးပါပေ။

ကိုဉာဏော ည(၈)နာရီကျော်တွင် ရန်ကုန်မှ ရောက်လာသည်ဟူ၏။ ကျွန်ုပ်နှင့် မနက်မှ တွေ့ရ သည်။ ယဉ်ပုံတွင် သွားအိပ်၍ ဖြစ်သည်။

21.5.66

၂၂-ပုဒ်ပြီးသည်။ ကိုဉာဏောနှင့် ရှေးဟောင်းနှောင်းဖြစ်များကို စကားပြောကြသည်။

အံ။၃ ကောဒသကနိပါတ်၌ မေတ္တာသုတ်၌ မေတ္တာအကျိုး(၁၁)ပါးကို ဟောထားသည်။ မေတ္တာပို့ သော ပုဂ္ဂိုလ်၏ ကိုယ်၌ အဆိပ်ပင် မဝင်နိုင်ကြောင်းကို တွေ့ရသည်။

ရှိသေမှုကင်းသောသူ၌ ဟိရီဩတ္တပ္ပတရား မကပ်နိုင်ကြောင်းကို crossမဂ္ဂဇင်းတွင် တွေ့ရသည်။

မိုက်မဲတွေဝေသော သားတရာထက် ဂုဏ်နှင့် ပြည့်စုံသော သားတယောက်ကသာ မြတ်သည်။ ကြယ်ပေါင်းများစွာသည် အမိုက်ကို မဖျောက်နိုင်။ တခုတည်းသော လကသာ အမိုက်ကို ပယ်ဖျောက်နိုင်သကဲ့သို့တည်း-ဟု हितोपदेशः တွင် တွေ့ရ၏။

22.5.66

၉-ပုဒ်ပြီးသည်။ सिद्धांतकौमुदी (သိဒ္ဓန္တကော်မုဒီ) နှင့် अमरकोश (အမရကောသ) စာအုပ်များ ဂန္ထဆရာတော်ထံမှ ရသည်။ အမရကောသမှာ ကျွနုပ်ထံ ရှိသော ပေနိဃဏ္ဍုနှင့် ညီ၍ ဝမ်းမြောက်ရသည်။

ညပိုင်းတွင် ဦးဉာဏောတို့နှင့် မျိုးစုံ စကားပြောကြ၏။ ဦးကောဝိဒ (ကမ္ဘာ့ဝိပဿနာ) (နေရင်းဦးကောဝိဒ?) လည်း လာသေးသည်။ ဘာမှ မလုပ်ရပဲနှင့် တရား ပေါက်သလိုလို ပြော၍ အံ့သြရသည်။ ရိပ်သာသမားဟူသည် မိမိလုပ်သော တရားပင် ဧကော ဓမ္မော ဖြစ်ကြသည်မှာ သနားစရာ ကောင်းလှသည် တကား။

23.5.66

ကပစ-ပုဒ်မှ စ၍ ရေးသည်။ ၁၄-ပုဒ်ပြီး၏။ ဂန္ထဆရာတော်ထံမှ ပါဠိတော်ပုဒ်များအပါအဝင် ပုဒ်တွဲ(၄)တွဲ ယူသည်။ ကဝါဋ-ပုဒ်၌ မာဂဓခေတ်ကျမ်းများကား ကုခေတ် အာဋပစ္စည်း ခွဲ၍ သက္ကဋအဘိဓာန်က က+ဝဋ+အဏ်ဟု ခွဲသည်။ သက္ကဋ၌ အနက် အမျိုးမျိုး ရှိသော်လည်း မာဂဓ၌ တံခါးရွက်တမျိုးသာ တွေ့ရ၏။

မောင်သုမင်္ဂလတို့ ရွာနားရှိ ရဲဂိတ်တွင် ယခုလက်ရှိ ရဲအုပ်မှာ လူထုနှင့် ဆက်ဆံရာတွင် အလွန် ပြေပြစ်ကြောင်း သိရ၏။ ယခင် ရဲအုပ်မှာ လူကြီးမှန်း မသိ။ လူကြီးများနှင့် ဆက်ဆံရာတွင်ပင် ကြမ်းတမ်းစွာ ဆဲရေးသည်ဟူ၏။ အစိုးရ အလုပ်သမားသည် ဆက်ဆံရေး ပြေပြစ်လျှင် လူထုက ချစ်ခင်ကြ၍ မပြေပြစ်လျှင် လူထု ချဉ်ဖတ်ဖြစ်မည်ကို သတိပြုရာ၏။

24.5.66

ကန့် ဒီ ယမ်း ဒီ ပရုပ် ဒူ (ကန့် ဝိ ယန်း ဝိ ပရုပ် ဥူး) ရေးက (၁)ဂဏန်းကို (ဒ)နှင့် ရေးရိုးထုံးစံ ရှိသည်။ ရေစကြိုခုံမင်း၏ တရားစီရင်ချက်ကို၌ စာရေးက (ငပေါ ဒိဒူး, ငလူး ဒိဒွေး, ငအေး ဒိဒဲ, ငကဲ ဒိဒံ)ဟု ဖတ်ပြသဖြင့် ခုံမင်းနှင့် အမှုသည်များက ရယ်ကြသည်။ ဗဟုသုတ မကြွယ်က ရှက်စရာ ကောင်းလှသည် တကား။

၁၅-ပုဒ်ပြီးသည်။ ဇာ၊ဋ၊ဂ။၃၄၃ ၌ **စိတကာ**တိ သဋ္ဌိကနိစိတာ (ကဝါလုကံ ပုဋ္ဌာ)ဟု တွေ့ရသည်။ “သဋ္ဌိတနိစိတကာ ဝါလုကပုဋ္ဌာ”ဟု ရှိမှ သင့်အံ့ထင်သည်။

သောကြာဟူသော ပုဒ်မှာ ၑုက္ရာ (သုကြော၊ သုက္ကော) ဟူသော သက္ကဋမှ ဆင်းသက်လာသော စကား ဖြစ်ဖွယ်ရှိသည်။ ကဝိ-ပုဒ်က သောကြာဂြိုဟ် ပောကြောင်းကို အမရကောသ အဘိဓာန်တွင် တွေ့ရသည်။

25.5.66

ယဉ်ပုံဘုန်းကြီး ကေသတ ကဟာပဏ လာအယူခိုင်း၍ ပေးလိုက်သည်။ ၁၁-ပုဒ်ပြီးသည်။ ကသဋ္ဌ ပုဒ်မှာ အနက်ငုတ်သော ပုဒ်ဖြစ်၍ ကြိုးစားရှာဖွေရေးရသည်။

अनभ्यासे विषं विद्या (အနဘျာသေ ဝိသံ ဝိဒျာ)

အဖန်ဖန်အထပ်ထပ် မရွတ်ဆိုခဲ့သော် အတတ်ပညာသည် အဆိပ်မည်၏။

अजीर्णे भोजनं विषम (အဇီဏ္ဏေ ဘောဇနံ ဝိသမ်)

ကြေညက်အောင် မဝါးခဲ့သော် စားသမျှ အစာသည် အဆိပ်မည်၏။

विषं सभा दरिद्रस्य (ဝိသံ သဘာ ဒရိဒ္ဒသျ/ဿ)

သူဆင်းရဲ (လူမွဲ)အဘို့ ပွဲလမ်းသဘင်သည် အဆိပ်မည်၏။

वृद्धस्य तरुणो विषम (ဝဒ္ဓဿ တရုဏီ ဝိသမ်)

လူအိုအဘို့ ပျို့မျစ်နုနယ် ရှုချင်ဘွယ်သော ဇနီးမယားသည် အဆိပ်မည်၏။ हितोपदेशः မှ။

ယင်းကျမ်းမှာ မှတ်သားဖွယ် နီတိအနေနဲ့ အလွန်ကောင်းသည်။

भार्या रूपवती शत्रु ((ဘရိယာ) ရူပဝတီ သတ္တု)

အဆင်းလှသော ဇနီးဟာ လင်ယောကျ်ားရဲ့ ရန်သူမည်၏ဆိုသော စကားမှာလဲ မှန်လှသည် ထင်၏။

ဘောလ်ပို့င့် နှစ်ခု ပြား(၅၀)စီနှင့် ဝယ်သည်။ အပြင်ဈေး ၁ိ အနည်းဆုံး ရှိသည်ဟု သိရ၏။

တနိုင်ငံလုံး သံဃာတော်များ ဦးစီးသော ပရဟိတကျောင်းပေါင်း (၆၄)ကျောင်း ရှိသည်ဟု သိရသည်။ ကျောင်းသားပေါင်း (၄၀၀၀)ကျော် စာသင်ပေးနေ၏။ လူထု ခေါင်းကြီးပိုင်းမှ။

26.5.66

၂၂-ပုဒ်ပြီးသည်။ ကွယ်လွန်ပြီးသူ အိန္ဒိယဝန်ကြီးချုပ် နေရူးမှာ ဝေလမင်းသား (မုဆိုးမယူ၍ နန်းဆင်းပေးသူ)နှင့် ကျောင်းနေဘက်ဟူ၏။ ဝေလမင်းသား မြန်မာပြည် လာစဉ်က နေရူး သရက်ထောင်တွင် ကျနေ၍ တွေ့ချင်သည်ဟု ပြောသော်လဲ ဗမာအစိုးရက ဥပါယ်တံမျဉ်ဖြင့် တွေ့ခွင့်မပေးဟု သိရ၏။ (ဝန်ထောက်မင်း ပြောပြချက်)

သိပ္ပံမောင်ဝတို့ နိုင်ငံခြား ပညာသင် သွားစဉ်က အတူသွားဘက် ကျောင်းသားတဦးက သင်္ဘော အဆင်းတွင် ကျနစ္စာ ဝတ်ဆင်ထားသူ သင်္ဘောကူလီ အင်္ဂလိပ်တယောက်အား ဆလံပေး၍ အရှိအသေပြုသည်ဟူ၏။ ၎င်းအကြောင်းကို ထည့်မကောင်း၍ အောက်စဖို့စာအုပ်တွင် မထည့်ဘဲ ချန်ပစ်ခဲ့ရသည်ဟု လူထုဦးလှ ဆောင်းပါးမှ သိရ၏။

27.5.66

ရေးပြီး ပုဒ်များကို အနည်းငယ် ပြင်သည်။ သက္ကဋ္ဌအဘိဓာန် နိဿယ ပေမူကို ရေနံ သုတ်ကြသည်။

ရှေးက အင်္ဂလန်တွင် အဝတ်အထည် ရှားပါး၍ မိန်းကလေးတဦးက ဝတ်လစ်စလစ် အစိုးရကို ဆန္ဒပြရာ မကြည့်ရဟု တားမြစ်ထားသည်ကို တဦးက ချောင်းကြည့်သဖြင့် ထိုလူကို "Peeping Tom"ဟု နာမည်ပေးခဲ့ကြသည်။ ဒါကိုထောက် ယခုလည်း မဟုတ်တယုတ် လုပ်သည်ကို ချောင်းကြည့်လျှင် "Peeping Tom" တင်စားခေါ်ဝေါ်ကြသည်ဟု ဝန်ထောက်မင်းက ပြောပြ၏။

ဇဝရက်တောင်ကို တက်၍ အောင်မြင်သောနေ့နှင့် အဲလိဇဘက် နန်းတက်သောနေ့မှာ တနေ့တည်း ဖြစ်၍ အံ့သြစရာဟူ၏။

ညောင်ရမ်းမင်းသားသည် **ရာမာဆွာမိ**ဟု ကုလားအမည်ကို ယူ၍ ခရစ္စယာန်ဘုန်းကြီးနှင့် နိုင်ငံခြား ထွက်ပြေးရသည်ဟု သိပ္ပံမောင်ဝ ဆောင်းပါးတွင် ဖတ်ရှုရ၏။ ဗမာရာဇဝင်တွင် ထွက်ပြေးသည်ဟုသာ ပါ၏။

ဦးမာဃိန္ဒတို့ ရောက်လာ၍ မော်ကျွန်းအကြောင်း မေးကြည့်ရာ မအေးဆေးလှဟု သိရ၏။

28.5.66

၁၁-ပုဒ်ပြီးသည်။ မိလိန္ဒ (၇၆)၌ ကံ၏ အကျိုးတရား ရှိပုံကို ဥပမာနှင့်တကွ ပြထားသည်မှာ လူပြိန်း နားလည်လောက်ပါပေသည်။ (၇၇)၌လည်း ပရိနိဗ္ဗာန် ပြုပြီးသော ဘုရားနှင့် ပတ်သက်၍ ဖြေထားပုံမှာ အလွန်သဘောကျဖို့ ကောင်းလှသည်။

अहारनिद्राभयमेथुनच सामान्यमे तत्पशुभिनराणाम् စားသောက်ခြင်း, အိပ်ခြင်း, ကြောက်တတ်ခြင်း, မေထုန်မှီဝဲခြင်းမှာ လူနှင့် တိရစ္ဆာန် အတူပါဘဲတဲ့။

धर्मेदि तषामधिको विशेषो လူက တရားသာလျှင် တိရစ္ဆာန်ထက် ထူးကဲတဲ့ ပိုလွန်ချက်ပါတဲ့။

धर्मेन हीनाः पशुभि समाना: တရားမှ ဆုတ်ယုတ်တဲ့သူဟာ (တရားမနာတဲ့သူ မကျင့်တဲ့သူဟာ) တိရစ္ဆာန်နဲ့ မခြားပါဘူးတဲ့။ ဟိတောပဒေသမှ။

29.5.66

၁၆-ပုဒ်ပြီးသည်။ अमरकोशः ကို စ၍ နိဿယတိုက်သည်။ ၆ ဠါမျှသာ ပြီး၏။ ဘာက မပျက်စီးရာ နတ်ပြည်ဟု တွေ့ရသည်။ ဤတပုဒ်သာ ထူး၏။ ကျန်ပုဒ်များမှာ မာဂဓောန်နှင့် မထူးခြားလှ။ (---) ကို သု အဗျယဖြစ်၍ သုပုဒ်ကိုလည်း နတ်ပြည်ဟော တခုအဖြစ်ဖြင့် ယူသည်။ ယဉ်ပုံ ရှင်ဝိမလအား ဘားပလက်စီ တဖူး လှူဒါန်းလိုက်သည်။

30.5.66

၁၉-ပုဒ်ပြီးသည်။ सुपर्वण (သုပဗ္ဗဏ) --- वृंदारक ပုဒ်များကို နတ်ဟော ပရိယာယ်အဖြစ် အမရကောရ: တွင် တွေ့ရသည်။ वृंद မှာ ကိုယ်ဟော आरक ပစ္စည်းဟူ၏။ မာဂဓခေါန်၌ "အပုမေ ဒေဝတာနိ စ"ဟု လာသော်လည်း သက္ကဋ္ဌခေါန်၌ကား " वृंदारका देवतानि पुंसि वा " ဟု လာသည်။ ဒေဝတာနိ-ဟု တခါတရံ ပုလ္လိင်မှာ ဖြစ်သည်ဟု ဆိုလိုသည်။ "ဒေဝတာ ဝေ ဒေဝတာနိ"ဟု လုပ်၍ ဏိပစ္စည်း ကြံတဲ့။ ဏကို နပြုဟု ခါန်နိဿယဆရာတော်က မှာသည်။ "ဒေဝံ တနောန္တီတိ ဒေဝတာနိ"ဟု တနုဓာတ်ကြံသည်လဲ တွေ့ရ၏။ "စိန္တကာနံ ပဘာဝေါဝ"ဟူ၍ မှတ်ရပေမည်။

၁၉၆၆ ခုနှစ်၊ မေလ ၃၁ ရက်၊ အင်္ဂါနေ့ (၁၃၂၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်)

ကမောက်ကမဖြစ်နေသော ဝဇီရဋ္ဌီ-နိ-ပေကို ရေနံသုတ်၍ ပြန်စီသည်။ ဦးဇဋ္ဌိနှင့် မောင်သုတို့ကို အကူအညီ တောင်းရ၏။ ယ္ခုခေတ် ပေကြည့် ဘုန်းကြီးများမှာ ရေသာခိုလှသည်။ မှက်ပေါက်သည်ကို သိလျှက် ဒုက္ခခံ မစီလိုကြပေ။ ၂၇-ပုဒ်ပြီးသည်။

किन्नर ၌ ကိံကို ဝိကပ္ပန-အချို့, ကိဥ္စိ-စိုးစဉ်း, ကုစ္ဆိတ-စက်ဆုပ်၊ ဤအနက်သုံးမျိုးကြံ၍ अमरकोश: ၌ နက်ပေးထားသည်။ မြင်းခေါင်း လူကိုယ်၊ လူခေါင်း မြင်းကိုယ် ရှိသည်ဟု ဋီကာက ဆိုသည်။ अशादिमुखा नरकृतयः တွေ့ရသည်။ "ကိန္နရာ လှသည်"ဟု ဆိုကြသည်မှာ ဟုတ်မှ ဟုတ်ပါလေစ။

(မောင်ကကြီး) သိပ္ပံမောင်ဝ (မောင်ခင်ခွေး) ဇော်ဂျီ (မောင်ဂငယ်) မင်းသုဝဏ် ဤကလောင်အမည်များကို သုံး၍ ခေတ်စမ်းစာပေကို ထိခိုက်အောင် ရေးလာကြသူများအား တွယ်ခဲ့ကြဘူးသည်ဟူ၏။ မောင်မြသွင် တင့်တင့် မဏိ (ဦးကေတုကျောင်းသား) ကလောင်အမည်များကိုလဲ သုံးစွဲ၍ စာရေးသားခဲ့သည်ဟူ၏။

(--)၌ ဤ-ကို ယ-ပြုသည်ဟု သက္ကဋ္ဌက ဆို၏။ ဤ-ကား ကြက်သရေ ကာမ ဟော၏။

---

၁၉၆၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်)

၂၄-ပုဒ်ပြီးသည်။ शाकेषु भवा विद्यमाना शाक्या (သာကေသု ဘဝါ ဝိဇ္ဇမာနာ သာကျာ)ဟု တဒ္ဓိတ်ပြုရန် သက္ကဋ္ဌခေါန် နိဿယ မှာသည်။ ကပိလရသေ့ နေရာ ကျွန်းတော၌ ဖြစ်ပွားကြ၍ သကျ သာကီဝင်တွင်သည်ဟု ဆိုသည်။ ဗြဟ္မာဟော၌ चतुआनन (စတုအာနန) မျက်နှာလေးပါးရှိသူ-ဟု ပါသည်။ ဒီသက္ကဋ္ဌပုဒ်ကို ထောက်၍ အချို့အရပ်၌ ဗြဟ္မာရုပ် ထုသောအခါ မျက်နှာလေးဘက် ထည့်၍ ထုကြဟန်ရှိသည်။ हिरण्यगर्भ। लोकेश (ဟိရည(ဏျ)ဂဗ္ဘေ လောကေသ)တို့ကိုလဲ ဗြဟ္မာဟောအဖြစ် တွေ့ရသည်။

ကိုအာစိဏ္ဏ အောက်ပြေမှ ပြန်လာ၍ အခြေအနေကို မေးကြည့်ရာ မကောင်းဟု သိရသည်။ ပုဇွန်ခြောက် (အကောင်းစား) တပုလင်း လာလှူသည်။ ရှားပါးသော ပစ္စည်းဖြစ်၍ ကျေးဇူးတင်ရပေမည်။

ကသိဏကို မကြိုက်သေး၍ နံက်ပိုင်းတွင် ပြင်သည်။ မဟာသကုလုဒါယီသုတ်(မ။၂)၌ ကသိုဏ်း(၁၀)ပါး ဟောသည်။ (အဘိဓမ္မာ)၌ ကသိုဏ်း(၈)ပါးသာ ဟောသည်။ အဋ္ဌကထာများ၌ (၁၀)ပါး

ဟောသည်။ သို့သော် သဘောတူရာကို ထပ်လျှင် (၈)ပါးသာ အသားတင် တင်ကျန်သည်။ ဝေနေယျ လိုက်၍ ဟောသည်ဟု မှတ်ရမည်ပင်။ ဟိုတမျိုး ဒီတမျိုးဟု မမှတ်ရ။

2.6.66

၂၃-ပုဒ်ပြီးသည်။ ဒေးဗစ်ကော်ပါဖီးလ်ရဲ့ စာအုပ်ကို ဖတ်၍ ပြီးသည်။

assessor နှင့် jury ကွဲပြားပုံကို ဝန်ထောက်က ပြောပြသည်။ ဗမာတွင် jury မရှိ၊ assessor သာ ရှိသည်။ ဂျူရီသည် အာဏာပိုင်သည်။ အပြစ်မရှိဟု ဂျူရီလူကြီးများက ဆုံးဖြတ်လျှင် တရားသူကြီးက လွှတ်ပေးရသည်။ ဗြိတိန်တွင် ဂျူရီရှိသည်။ ဗမာ အဆက်ဆာသည် အာဏာမရှိ၊ တရားသူကြီးမှာသာ အာဏာရှိသည်ဟူ၏။ ထို့ကြောင့် အဆက်ဆာ မလုပ်ချင်ကြဟု သိရသည်။

ဦးသက်ကြီး အိမ်တွင် ဒွေ့ကောင်းထင်၍ လက်ခံမိရာ ယင်းပုဂ္ဂိုလ်က တခြားအိမ်တွင် ဝင်ခိုးသဖြင့် လက်ခံမိသည့် အိမ်ရှင်ပါ ဒုက္ခရောက်နေရှာသည်။ သတိပြုရာ၏။

ရေပုံးသစ်တလုံးကို စ၍ သုံးသည်။ ပုံးများမှာ မခိုင်၍ တလုံးဆို ဘာမျှ မကြာပါ။

3.6.66

ဗြိတိန်သည် ကမ္ဘာတွင် သတင်းစာ အဖတ်ဆုံးနိုင်ငံ ဖြစ်သည်။ လူ(၁၀၀၀)လျှင် (၅၂၃)စောင်ကျော် ဝယ်ယူဖတ်ရှုကြသည်။ ရုပ်ရှင်ကားမှာ ဂျပန်က တနှစ် (၆၅၇)ကား၊ အိန္ဒိယ (၃၀၅)၊ ဟောင်ကောင် (၂၅၉)ကား ထုတ်သည်။ ဆိုဗီယက်မှာ ရုပ်ရှင်ရုံပေါင်း (၁၁၃၀၀၀)ကျော် ရှိသည်။ အမေရိကန်တွင် ရေဒီယို (၁၉၂)သန်း၊ ရုပ်မြင်သံကြား (၆၇)သန်း ရှိသည်ဟု လူထုမှ သိရ၏။

အဘိ (အဘိဓမ္မနယူပဒေသ) ကျောင်းထိုင်တင်ရေး ဆွေးနွေးကြသည်။ နှစ်(၃၀)လွန်က သဒ် (သဒ္ဓမ္မနယူပဒေသ)ကျောင်း အဖြစ်အပျက်ကို ပြောပြသဖြင့် ထိုအဖြစ်အပျက်မျိုး နောင်မဖြစ်အောင် (ကျောင်းထိုင်တင်) ဥပဒေကို မိမိတပည့်ဘက်က မျက်နှာ(ဆန္ဒာဂတိ)မလိုက်နိုင်အောင် (နာယက)ဟောင်းများက မညစ်ပတ်နိုင်၊ ပြင်နိုင်က ပြင်ဘို့ လျှောက်လိုက်သည်။ သဒ် ဘုန်းကြီးက နောင်လဲ ပျက်မှာအတူ မပြင်ဘို့ ပြောသဖြင့် ဒီလိုဖြင့် မပြင်တာ ကောင်းမည်ဟု (--)သည်။ ဆန္ဒာဂတိ လိုက်လျှင် ပျက်စီးရိုးဖြစ်သည်ကို သတိပြုစရာပင်။

4.6.66

ကသတိ-စသော ကြိယာ ၁၇-ပုဒ်နှင့်တကွ အခြား ၁၅(၂၃)ပုဒ် ပေါင်း(၃၂)ပုဒ်ပြီးသည်။

တပည့်ဆိုတာ ဆရာထက် သာရမယ်၊ မောင်သိန်းဟန် မောင်ဝန် မောင်စိန်တင်တို့ တော်တာ ဆရာ သိပ်ဝမ်းမြောက်တယ်။ (ဆရာကြီး ဦးဖေမောင်တင်)

ပျဉ်းမနားမှ ဘုန်းကြီး (---)သည် မြို့ဦးကျောင်း ဘုန်းကြီး ပုံတော်မမူခင် ဦးအဂ္ဂအား ကျောင်းအပ်မည်လုပ်ရာ ကန့်ကွက်၍ ပုံတော်မူသောအခါ မတသင်္ဃက ဖြစ်နေသော ကျောင်းကို ဆန္ဒာဂတိလိုက်၍ သူတပါးအား မတင်ဘဲ မြို့ဦးကျောင်း ဆရာတော် စိတ်ညွတ်ခဲ့ဘူးသော ဦးအဂ္ဂကိုပင် ကျောင်းတင်သည်။

ယုတ်မာသော ဘုန်းကြီးဖြစ်မူ ဆန္ဒာဂတိလိုက်မှာ သေချာ၏။ ရှာမှ ရှားသော ဆရာတော်တပါးပင်။ အလှူ မွဲများအတွက် ဘုန်းကြီးသော ဘုန်းကြီးကို ပင့်၍ အလှူငွေများမှာမူ ဘုန်းနဲသော ဘုန်းကြီးကို ပင့်။

5.6.66

၂၈-ပုဒ်ပြီးသည်။ कदर्पो မာနတ် क ကား ဖြဟ္မာကို ဟောသည်။ पंचशर မြား ငါးစင်းရှိသော မာနတ်။ သမ္မောဟန ဥမ္မာဒန သောသန တာပန ထမ္ဘန-ဟု မြားငါးစင်းကို မှတ်အပ်၏။

လွန်ခဲ့သော (၁၀)ခန့်က နာရီစင် အထက်ပိုင်း မြောက်ဘက် လာစွဲနေသော ပျားအုံမှာ တဖြည်းဖြည်း ကြီးလာသည်ဟု ထင်ရသည်။ ကောင်းသော နိမိတ်လေလား? မကောင်းသော နိမိတ် ဖြစ်လေမည်လား? မပြောတတ်ပါ။ ကောင်းသော နိမိတ်သာ ဖြစ်ပါစေဟု ဆုတောင်းရ၏။

6.6.66

၂၆-ပုဒ်ပြီးသည်။ ခုဒ္ဒကပါဌလာ သက္ကဒါနသုတ်ကို အနည်းငယ် ကျက်သည်။ သာသနာတွင်း လှူက ကျေးဇူး ပိုကြီးကြောင်း သက်သေပြသောသုတ်ပင်။ သိကြားမင်းမှာ အနေကဝဏ္ဏနတ်သားများနှင့် ပြိုင်က ရှုံးပဲ့လှ၍ သာသနာတွင်း ကုသိုလ်ပြုချင်လှသဖြင့် သူအိုယောင်ဆောင်၍ ရှင်မဟာကဿပအား ဆွမ်းလှူသော သုတ္တန်ဖြစ်သည်။ စက္က-ပုဒ်မှာ ကရဓာတ်ဖြစ်သည်။ အဇ္ဈာသကို စ-ပြု၍ စက္က-ဟု ပြီးကြောင်း သဏ္ဍ္ဌ ဓာန်ဋီတွင် တွေ့ရ၏။ မာတုလ--ကို ရှောက်, ပင်ညောင်, လက်ပံ-ဟု သုံးမျိုးပြန်ထားသည်ကို ဒီ၊ဋ္ဌ။၃ နိသျှဥ်၌ တွေ့ရ၏။

ပညာမတတ်က အမူအရာ ရိုင်းစိုင်းသည်ကို မောင်ညွန့် ဆွမ်းခံအိမ်မှ ကလေးတယောက်ကို ကြည့်သောအားဖြင့် ယနေ့ ဒိဋ္ဌ သိရသည်။ မိဘကလည်း ဆုံးမဟန် မတူပါပေ။

7.6.66

၁၃-ပုဒ်ပြီးသည်။ ကရင်အမျိုးသမီးများ၏ ထုံးစံတခုမှာ မျှစ်စို့ လက်ဆောင်ပေးက အပေးခံရသူ ယောကျ်ားကလေးကို မရ အရယူမည်ဟု အဓိပ္ပါယ်ရကြောင်း မောင်မဲ ဆောင်းပါးတွင် တွေ့ရ၏။ ကရင်အမျိုးသားများ၏ ရာဇဝင် ဆင်းသက်လာပုံကိုလည်း ပြောင်းလဲပုံ အမျိုးမျိုးနဲ့ ဆောင်းပါးတစောင် ရေးဘူးသည်။

တံမြက်စီးတချောင်းအတွက် အုန်းဆံ အုန်းလက် (၅၅)ပြား, တံမြက်ရိုးအတွက် ဝါး (၆)ပြား, အတွင်းခံ လက်ပံပြား (၂)ပြား, ထိုးခ (၂၀)ပြား ကျသည်ဟူ၏။ လှည့်လည်ရောင်းက တချောင်းလျှင် ၁ိ ၂၅ပြားထိ ရသည်ဟု တံမြက်စီးစုမှ ဒါယကာ(တံမြက်စီးသည်) တယောက်က ပြောပြ၏။ အလုပ်သွက်သူ ဖြစ်လျှင် တရက် (၄)ချောင်းခန့် ထိုးပြီးသည်ဟု သိရ၏။

8.6.66

၂၂-ပုဒ်ပြီးသည်။ ပၑုပတိ ၌ ပၑု ပုတ်သင်ပျံကို ဟောသည်ဟု, ပ္ရမယာဓိပ ၌ ပ္ရမယ လည်း ပုတ်သင်ပျံကို ဟောသည်။ ကၖတ္တိဝသား ၌ ကၖတ္တိ ကား သားရေကို ဟောသည်ဟု သက္ကဋ္ဌ ဓာန်သျှ၌ တွေ့ရ၏။

ကိုတင်အောင်တို့ အိမ်ကို ခေတ္တ သွားလည်သည်။ တက္ကသိုလ်မိတ်ဆက် ယူခဲ့သည်။ မစိုးရိမ် နာရီစင်၌ ပျားစွဲကြောင်း စကားစပ်မိရာ "မတရားသူနဲ့ အဂတိလိုက်သူများသာ အနိဋ္ဌာဘေး ထိမှာပါ။ တရားသဖြင့် နေသူများ ဘာမျှ မဖြစ်နိုင်ပါ"ဟူသော သူ့အယူအဆကို သဘောကျလှသည်။ သူတို့ရပ်၌ အခြေခံစားကုန်ဆိုင်နှင့် ဒါယိကာမတဦး ရန်ဖြစ်ကြသဖြင့် အထက်မှ သူတို့ကို စုံစမ်းခိုင်းထားသည်ဟူ၏။ မိန်းမက **နှုတ်လွန်**၍ စားကုန်ဆိုင်မှ ကောင်လေးက **လက်လွန်ခြင်း** ဖြစ်သည်။

ရုရှား ဥဇဘက်ပြည်နယ် တာ့ရှကင်မြို့တွင် ဧပြီ ၂၆ နေ့မှသည် ယခုထိ တလခွဲအတွင်း ငလျင် အကြိမ်ပေါင်း ၄၆၁ ကြိမ် လှုပ်သည်ဟု သိရသည်။

9.6.66

၁၆-ပုဒ်ပြီးသည်။ မော်လမြိုင် လူဦးရေ (၁၆၅၉၃၂) ရှိသည်။ မြို့နယ်အတွင်း (၂၅၆၇၀) ရှိသည်ဟု သိရ၏။ ဘုရင်၏ ဆင်ဖြူတော်မှာ စီးလည်း မစီးရသဖြင့် ဘာမျှ အသုံးမဝင်၊ ကျွေးရသည်သာ ပိုသည်။ ထို့အတူ လဗိမာန် ရောက်လျှင် ဘာမှ အကျိုးထူးမည်မဟုတ်၊ ငွေကုန်ရုံသာပင်။

မိုးသည်းထန်စွာ ရွာ၍ လမ်းလျှောက်ပင် မသွားရပေ။ မန်းမှာ ကဆုန်လပြည့်နေ့က တချီ သည်းထန်စွာ ရွာပြီးနောက် မရွာသေး၍ မိုးကို မျှော်နေကြသည်။ ရွာချသဖြင့် တန်ဖိုးရှိလှပါသည်။

ဟိတောပဒေသတွင် စိန်ကောင်း ကျောက်ကောင်း ထွက်ရာတွင်းမှာ အဘိုးမတန်သော စဥ့် ဖလ်များ မထွက်သလို မြင့်မြတ်သောအမျိုးတို့ ပေါက်ဖွားရာမှ ယုတ်သောသူ မမွေးဖွားနိုင်ကြောင်း ပါသည်။

10.6.66

၆-ပုဒ်ပြီးသည်။ ကဿပမှာ ကျမ်းညွှန်းများ၍ ရှာဖွေရသည်။ အဖွင့်မတွေ့။ သို့သော်လည်း ကဿပ အမည် အမျိုးမျိုး တွေ့ရသည်။ တိတ္ထိများဘက်က ဆိုလျှင် အစေလကကဿပ စသည် ရှိသေးသည်။

မိုးသည်းထန်စွာ ရွာသည်။ ယဉ်ပုံတွင် ကျောင်းလှေခါး နှစ်ထစ်ခန့် ရေမြုပ်နေသည်။ ရေဦးမှ သီချင်းဆို ဝါသနာပါသော မောင်ကျော်ဆန်း ပန်တျာပို့၍ အပျော် သီချင်းဆိုခိုင်းရသည်မှာ ပျော်စရာ ကောင်းလှ၏။

အမေရိကန် ရုရှားနှင့် အင်္ဂလန်တို့က ဦးသန့်အား ဆက်၍ အတွင်းရေမှူးချုပ် လုပ်လျှင် သဘောတူကြောင်း ကြေညာကြသည်ဟု သိရ၏။ အမေရိကန် ဂြိုဟ်တုတခုကလည်း လသို့ ရောက်သည်ဟူ၏။

11.6.66

မိုးရွာနေ၍ ဝန်ထောက်မင်းအိမ်ကို မသွားရချေ။ နံနက်၌လည်း ပိ(ပိဋ္ဌက)က ကိစ္စနှင့် နန်းရှေ့ ကြွနေသဖြင့် စာဖတ်နေကျ အချိန်ကိုပင် ဖျက်လိုက်ရသည်။ ကျွန်ုပ်အဖို့ကား ကျက်သင့်သော စာကို ကျက်ရသဖြင့် အချိန် အလဟဿ မဖြစ်ပါပေ။

ဂုဏ်ကျေးဇူးကို သိသော သူထံ၌ အရောက်လာသော ဂုဏ်သည် ဂုဏ်မည်သည်။

ဂုဏ်၏ အနှစ်သာရကို မသိသူထံ၌ ရောက်လာသော ဂုဏ်သည် အပြစ်ပင် ဖြစ်သေးသည်။ ဂုဏ်မြောက်ဖို့ ဝေးစွ။ ပမာအားဖြင့် မြစ်များသည် အနှစ်သာရနှင့် ပြည့်စုံသော ရေကို သယ်ဆောင်လာခဲ့ကြသည်။ ထိုရေများသည် သမုဒ္ဒရာတွင်း ရောက်သောအခါ သောက်မဖြစ်တော့၊ အားလုံး အပြစ်ချည်း ဖြစ်ကုန်သည်။ ဆားရေများ ဖြစ်ကုန်သည်။ ထို့အတူ မှတ်ပါဟူသော ဟိတောပဒေသ ဂါထာကို ဖတ်ရသဖြင့် သဘောကျလှသည်။ မြန်မာပြန်ကို ဖတ်ရုံနှင့် အရသာမရှိ။ စာကိုယ်ဖတ်မှ အရသာ တွေ့သည်။

12.6.66

နံက် လမ်းလျှောက်ရင်း ဆေးရုံကြီးကို ဝင်၍ ဦးဝိမလအား မေးခဲ့သည်။ မသက်သာလှ။ ညနေတွင် ဝန်ထောက်မင်းအိမ် လိုက်ခေါ်ကြ၍ ဆေးရုံကို တခါ လိုက်ခဲ့ရပြန်သည်။ ဗလုံးဗထွေး မှားခြင်းကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။ ဘာမှ အခြေအနေ ပျက်သည်မဟုတ်။ လူနာအခြေ ကောင်းလျှက်။

၁၄-ပုဒ်ပြီးသည်။ မိုးသည်းထန်စွာ ရွာ၍ ယဉ်ပုံမှ (၈)နာရီထိုးမှ ပြန်ခဲ့ရသည်။ ဦးအဂ္ဂတို့ ရောက်နေသည်ကို တွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ စကားပြောကြသည်။

13.6.66

၂၂-ပုဒ်ပြီးသည်။ ကျွန်ုပ်မှာ ကဿပ အမျိုးမျိုး၏ ထေရုပ္ပတ္တိကို ရေးနေရသဖြင့် ပုဒ်သစ် လုံးဝမရေးနိုင်ပေ။ ဘိုကလေး ဦးစိန်မောင်နှင့် ဇနီး (ဦးအဂ္ဂ ရဟန်းဒကာ ဒကာမ)များ လာနေ၍ အာဝါသိက ဝတ္တရားအရ ဧည့်ခံနေရသဖြင့် နံက် အလုပ်မတွင်။

ဒွါရကျောင်း ဦးဝိနယဆိုသူ အကြောင်းကို သူတို့ လျှောက်သဖြင့် အကြောင်းစုံ သိရသည်။ ဆရာအနေမတတ်ကြသဖြင့် ဒကာဒကာမများပါ ငရဲလားမည့် လမ်းစဉ်ကို လိုက်နေကြရကြောင်း သိရသဖြင့် ကြောက်မိသည်။ သံဝေဂ ဖြစ်မိသည်။ လောဘအတွက်နှင့် ကိုယ်တဦးတည်းသာမက ပတ်ဝန်းကျင်ပါ အကုသိုလ် ဖြစ်ကြရသည်ကို သတိထားစရာ တရားယူစရာ ကောင်းလှသည်တကား။ ကျွန်ုပ်အဖို့ ဤအဖြစ်မျိုး မဖြစ်အောင် ကြိုးစားနေမည်ဟု အားခဲလျှက်။

14.6.66

၁၁-ပုဒ်ပြီးသည်။ ကျွန်ုပ်မှာ ကဿပအကြောင်း ဆက်ရေးနေရ၍ ပုဒ်သစ်မရေးနိုင်။ သိပ္ပံမောင်ဝ (ဦးသောဘိတ)ကလောင်အမည်နှင့် ရေးသော ဆောင်းပါးအချို့ မကျွမ်းကျင်ရာကို ရေးမိသဖြင့် အမှားမှားအယွင်းယွင်း ဖြစ်ရကြောင်း ဖတ်ရသည်။ ဆင်ခြင်စရာ ကောင်းလှ၏။

ညပိုင်းတွင် အိုင်ရေမှ မောင်အောင်၏ ဇနီးများ ရောက်လာကြသည်။ သူတို့၏လင် မောင်အောင်ကို လူသတ်မှု မသင်္ကာ၍ အဖမ်းခံရသဖြင့် ဗိုလ်မှူးကြီး စိန်မြကို တိုင်ရန်ဖြစ်သည်ဟု သိရသည်။ လူမှုရေးရာ အဖြာဖြာ ဒုက္ခများလဲ မကင်းရာ မကင်းကြောင်း အဖြစ်ဖြင့် ဘုန်းကြီးများကိုလဲ ဒုက္ခပေးသည်တကား။ ဒါကြောင့်ပင် သူတော်ကောင်းများက လူသူဝေးရာကို နေကြခြင်း ဖြစ်ပေလိမ့်မည်။

15.6.66

ဆရာလူ နယုန်လဆန်း (၁၀)ရက်နေ့က အနိစ္စရောက်ကြောင်းကို ယနေ့မှ ကိုဘလှ လာ၍ သိရတော့သည်။ သူမ ဖခင် ဖြစ်လင့်ကစား ကြားလျှင်ကြားချင်း မတုန်လှုပ်ဟု သိရသဖြင့် အတော်ခံနိုင်ရှိသော လူတယောက်ဟု အသိအမှတ်ပြုရပေမည်။ ပူဆွေးနေ၍ အဓိပ္ပါယ်မရှိမှန်း သိကြလျှက် ပူချင်ဆွေးချင်ကြသည်မှာလည်း တော်တော် အသိခက်သော ကိစ္စတရပ်ပင်။

၉-ပုဒ်ပြီးသည်။ ကဟာပဏာမှာ ကျမ်းညွှန်းများ၍ ခရီးမတွင်ကျယ်လှပေ။

"သုံးထပ်ကယ်လည်ပေါ်၊ နယ်ကျော်တဲ့ကျောင်း၊ မယ်စိန်ကို ရာဇိန်က ခြောင်းတယ် (ရီး)မှ မကောင်း။" ၃ထပ်ကျောင်းပေါ်တွင် နေသော ရာဇိန်က အပျိုချော မယ်စိန်ကို ခြောင်း၍ ချိုးသောစာ ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း (၄၀)ခန့်က တုပ်ကွေး အကြီးအကျယ် ကွေးသဖြင့် ငါးသိုင်းချောင်းစသော နယ်များ၌ လယ်တီဆရာတော်ကို ပင့်၍ ပရိတ်ရွတ်မှ ရောဂါဘယ အေးချမ်းသည် ကြားဘူးကြောင်း ပိ(ပိဋက)က ပြောသဖြင့် သိရသည်။ ငါန်းဇွန် မိုးခေါင်စဉ်ကလည်း လယ်တီကို ပင့်မှ မိုးရွာသည်ဟူ၏။ ဆရာတော်မှာ နှစ်ပေါင်း(၂၀)တိတိ မပျက်မကွက် သံဃာတော်များအား သောက်ရေသုံးရေ လှူဒါန်းခဲ့သည် ဖြစ်သဖြင့် ထိုကုသိုလ်များကို တိုင်တည်၍ အဓိဋ္ဌာန်ခြင်း ဖြစ်ဟန် ရှိပေလိမ့်မည်။ အံ့သြချီးကျူးဘွယ်ရာ ကောင်းပေစွတကား။

16.6.66

၃၅-ပုဒ်ပြီးသည်။ နံပါတ်(၁)အဖွဲ့က ယနေ့မှ စ၍ ကာကို ရေးသည်။

မောင်မဲက လူထုတွင် စာကို ဖောက်ဖတ်ရသော တာဝန်ရှိသူများက စည်းကမ်းရှိဘို့ ရေးသားသည်။ သမီးရည်းစားစာကို ဖတ်ပြီး အပြင်သို့ ပေါက်ကြားသည်မှာ မဖြစ်သင့်သောကိစ္စ ဖြစ်၍ ဆင်ခြင်သင့်သည်။ နိုင်ငံခြားသို့ ပေးသော စာများကိုလည်း စာတိုက်မှ ဖောက်ကြည့်သော အစဉ်အလာ ရှိသည်။ ပေးစာပေါ်၌ ရေးသော ဘာသာကို ပီသစွာ ရေးမှ စာအရောက်မြန်သည်ဟူ၏။

ညပိုင်းတွင် ပိ-ယဉ်-တို့နှင့် ပရိသတ် အုပ်ချုပ်ရေးကို ဆွေးနွေးတိုင်ပင်ကြသည်။ ကျွန်ုပ်တို့မှာ ကိုယ့်နေရာနှင့်ကိုယ် လူကြီးလုပ်နေကြသူဖြစ်၍ ဆွေးနွေးမှုကို ပြုကြရင်း လိုသည်ကို စွက်, ပိုသည်ကို ဖျက် လုပ်နေကြရသည်။

17.6.66

ပြီးပြီးပုဒ်များကို ပြန်၍ စစ်ဆေးသည်။ မောင်းထောင်သာသနာပိုင်ကို ဘိုးတော်ဘုရားက ကိုရင်ဘဝကပင် သိခဲ့သည်ဟု ဆို၏။ စိတ်ထက် ဉာဏ်ထက်ဖြစ်၍ မှတ်သားခဲ့ပြီးလျှင် ဘုရင်ဖြစ်သောအခါ မရ အရ ပင့်ခဲ့သည်ဟူ၏။ သက္ကဋ္ဌဆေးကျမ်း အမျိုးမျိုးကို မြန်မာသို့ ပြန်ဆိုခဲ့သည်။ သို့သော် မာဂဓနှင့် သက္ကဋ္ဌ ပုဒ်ကွဲမျိုးတွေ့လျှင် ဘယ်တော့မှ သက္ကဋ္ဌသို့ လိုက်၍ မပြင်ဟု သိရသည်။ ယ္ခုခေတ် လူများနှင့် ကွာလှ၏။

ညက သွားအားလုံး ကျိုးကုန်သည်ဟု အိပ်မက်မက်သည်။ တခြားသူများအဖို့ နိမိတ်မကောင်းဟု ယူဆမည်ဖြစ်သော်လည်း ကျွန်ုပ်ကား ဒီလို နိမိတ်များကို ယုံကြည်သူမဟုတ်။ ကျွန်ုပ် ကုသိုလ်လုပ်နေသ၍ ဂြိုဟ်ဆိုးသည် မည်သည့်နည်းနှင့်မျှ မနှိပ်စက်နိုင်ဟု စိတ်ချလက်ချ ယုံကြည်သူ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပိုင်းကလည်း အထက်သွားကျိုးသည်, ညာလက်ရုံး ပြုတ်ကျသည်ဟု မက်ဖူး၏။ ဘာမှ မဖြစ်။ လူ၏ အစွဲအလန်းက သာဆိုးခြင်း ဖြစ်သည်။

18.6.66

၄:၃၀နာရီတွင် ရွာပြန်ရန် မန်းမှ ထွက်ခဲ့သည်။ ရထားမှာ အရင်ပြန်စဉ်ကလောက် မကြပ်လှ။ လမ်းတလျှောက်လုံးလိုကို မိုး အနည်းငယ် ရွာသည်။ ညောင်ပင်ဝင်းမှာ သည်းသည်းရွာ၏။ ကိုသန်းထွန်း ဘူတာလာကြိုသော်လည်း ရွာမှ အရေးကြီးသော ကိစ္စနှင့် လာခေါ်၍ လိုက်သွားရသည်ဟု သိရသည်။ ညပိုင်းတွင် အခန်းကြီးထဲ၌ တပါးတည်း အိပ်ရာ ကွက် သောင်းကျန်းလှ၍ ကျောင်းသို့ ဆင်းအိပ်ရသည်။ ရွာသို့ ရောက်လျှက် ကြားနေကျ သတင်းမျိုးကိုသာ ကြားရသဖြင့် ရင်လေးမိသည်။ ခဏခဏပြန်ရခြင်းမှာလည်း လူ့တန်ဘိုးကျလှသည်။ They show me cold shoulder ဟူသော စကား အဓိပ္ပါယ်ကို ခဏခဏပြန်ခြင်းဟူသော ကိစ္စက သရုပ်ဖေါ်လိုက်သည်။

19.6.66

ရောင်တော်ထုံး ဘုန်းကြီးထံမှ မုဒ္ဓဗောဓ စာကိုယ် ဋီကာ ရမည်ဟု သိရသဖြင့် ဝမ်းမြောက်လှသည်။ မထင်သော ခြုံမှ ယုန်ထွက်ခြင်းပင်။ ၎င်းနိဿယလည်း ရှိသည်ဟု ကြားရ၍ အလွန်ပင် ဝမ်းမြောက်လှ၏။ မိုးသည်းထန်စွာ ရွာနေ၍ အလှူပရိတ်ဝင်မှာ ဘုန်းကြီးအားလုံး မပင့်တော့ဘဲ တောကျောင်းဘုန်းကြီးနှင့် လေးပါးသာ ပင့်၍ ဝင်ရသည်။ အလှူရှင်များအဘို့ စိတ်ကောင်းမည် မဟုတ်သော်လည်း အကောင်းဆုံး စီရင်လိုက်ရခြင်း ဖြစ်သည်။ တတ်နိုင်သ၍ စေတနာ ထားတတ်အောင် တရားဟောခဲ့ရသည်။

20.6.66

သျှောင်တော်ထုံး ရွာကျောင်း ဘုန်းကြီးထံမှ မုဒ္ဓဗောဓ သက္ကဋ္ဌနှင့် ၎င်းနိဿယ ငှါးရ၍ ဝမ်းမြောက်လှသည် ။သာစည် ဦးပညာဝံသ ကျောင်းမှ ဘူ,စံ,နာ,ဝိ,ဝေ နိဿယ, ဝိဘင်းမူဋီနိသျ, လက္ခဏာစိတြယောဇနာ, ဦးပုည မေတ္တာစာများ ငှါးခဲ့၏။ (အုပ်ရေ ၆)

သာစည် ဦးဇောတိက ကျောင်းမှ ထေရဂါထာ သုတ္တနိပ္ဗ နိဿယများ အပါအဝင် (၃၇)အုပ် လိုလို ချင်လျှင် ငှါးလိုက်၍ ကျေးဇူးတင် ဝမ်းသာလှပေ၏။ ဘုန်းကြီး ဦးဇောတိကမှာ စာပေစိတ်ရှိသောပုဂ္ဂိုလ် ဖြစ်၍ ငှါးရသည်မှာ လွယ်ကူလှ၏။

ညပိုင်းတွင် ဒါယကာကြီး မောင်ထွေး ကိုဘရီ (--) စသူတို့နှင့် စပ်မိစပ်ရာ စကားပြောကြသည်။ ကိုချိုမှာ သာစည်ကို လိုက်၍ စာအုပ် ကူညီရှာပေးရှာသည်။

21.6.66

မန်းပြန်ရန် ဆုံးဖြတ်ထားသော်လည်း ကားမမှီ၍ မပြန်ရပေ။ လိုက်မည်မှန်း သိလျှက် မစောင့်ခြင်းကို တခြားလူအဘို့ အပြစ်တင်မည် ဖြစ်သော်လည်း ကျွန်ုပ်ကား ကိုယ်၏ ချွတ်ယွင်းချက်ကို မြင်တတ်သူဖြစ်သဖြင့် အပြစ်မတင်လိုပါ။ တောင်တော်ကျောင်းတွင် ကိုဘလှ ဘုန်းကြီး ဦးသြဘာတို့နှင့် စာတွေ့ လက်တွေ့ ဗဟုသုတများကို ပြောရသည်မှာ တန်ဘိုးရှိလှပါသည်။ ရှင်ဘုရင် သူခိုး တိမ်မီးခိုး ပုံပြင်ကို ပုံစံတမျိုးနှင့် ကိုဘလှ ပြောပြသည်မှာလည်း နားထောင်ချင်စဖွယ်ပင်။ ကိုဘအို သား (--) ရောဂါ ရှိသဖြင့် ဆေးကို မှန်မှန်စားဘို့ တိုက်တွန်းခဲ့ရ၏။ ကြောက်စရာ မလိုကြောင်းနှင့် ပြောက်မည်ဖြစ်ကြောင်းကို အားပေးခဲ့ရသည်။

22.6.66

ဦးသန့် အတွင်းရေးမှူးချုပ်ရာထူး လက်ခံမည်ဟု ကြေးမုံတွင် တွေ့ရ၏။ ဒီဂေါ်သည် ၄၄ခုနှစ်က ရုရှား တကြိမ် သွားခဲ့သည်။ ယခု တကြိမ် သွားပြန်သည်။ ဗိုလ်မှူးကြီး (--) နှင့် (--)သို့ သွားသည်ဟု သိရသည်။

မန်း-မုံ ကားခကို (၂၀)ရက်နေ့က စ၍ ကားလေးများက ၅ ၅၀ပြားမှ ၃ိ သို့ တိုးမြှင့်လိုက်ကြောင်း သိရသည်။ သာစည်ကား ဗွက်နစ်၍ အချိန်မှီ မုံရွာသို့ မရောက်။ မုံမှ မန်းသို့ ထွက်ရာတွင်လည်း ၂-မိုင်လောက် အရောက်တွင် ဒကာတယောက် လွယ်အိပ်မေ့ကျန်ရစ်၍ သွားယူနေသဖြင့် နာရီဝက်ခန့် စောင့်နေရသည်။ မြင်းမူမှ အထွက်တွင် ထီးဆောင်းအနီး၌ ကားဘီးပေါက်သဖြင့် မိနစ်(၄၀)ခန့် ဘီးတပ်နေရပြန်သည်။ ဒကာများသော ကား ဖြစ်သဖြင့် ကားပေါ်ပါသော ပေခုံကို ခုတုံးလုပ်၍ ညီညီညွတ်ညွတ် ကားကို မ,ကျသဖြင့် လွယ်ကူစွာ ပြီးမြောက်သွားပေသည်။ ဒကာတဦးမှာ အရာရှိယောင်ယောင် သူဌေးသားယောင်ယောင်နှင့် လုပ်အား လုံးဝမပေးဘဲ နေသည်။ သည်လို လူများ ရှိ၍ ဒုက္ခမရောက်သင့်ဘဲ ရောက်ကြရရှာသည်။ မန်းသို့ (၆)နာရီ မထိုးမီ အနည်းငယ် အခက်အခဲတွေ့၍ ခရီးဖင့်သည်မှတပါး ထိခိုက်လောက်အောင် အန္တရာယ်မတွေ့ဘဲ ချောမောစွာ ရောက်ရှိသည်။

ရောက်လျှင်ရောက်ချင်း လူကြီးအချို့၏ မတရားလုပ်မှု အကောင်အထည် ပေါ်နေသည်ကို သိရ၍ တိုက်အတွက် ရင်လေးမိ၏။ ဤသူများကား မတရားသည် တရားသည်ကို အပထား၍ အခွင့်သာလျှင် ဘုရားရွှေပင် ခွါယူမည့်သူများ ဖြစ်ကြဟန်တူသည်။

23.6.66

သန္နိဋ္ဌာပက စ၍ တက်သည်။ မျက်နှာတင်းတင်းနှင့် ဖြစ်နေသည်ကို သတိပြုမိ၏။ မတရား လုပ်ဆောင်ချက် ပြွမ်းနေ၍ ကိစ္စနှင့် မသက်ဆိုင်သော်လည်း စိတ်ထန်ရောင် ပြလိုက်ရသည်။ အင်အား နည်းသော်လည်း မတရားမှုကို ငုံ့၍ မခံတတ်ကြောင်း သိစေလိုရင်း ဖြစ်သည်။ ကျွန်ုပ်ကား ပုရွက်ဆိတ်ဖြစ် နေစေကာမူ မတရားလုပ်သော ဆင်ကို ငုံ့ခံမည်မဟုတ်။

ဦးသြဘာက နောင်ရေးအကြောင်း တိုင်ပင်၍ စိတ်ချမ်းသာအောင် နေရန် ပြောလိုက်ရသည်။

ဦးဝါသဝ(ရွှေကျင် ဗဟန်းဝိသုဒ္ဓါရုံ)က ဝိနယ(ဝိနယနယူပဒေသ ဆရာတော် ဦးဉာဏဝံသ)အား "ရွှေကျင်ဂိုဏ်း ရှုပ်လှ၍ ခင်မကန်တွင် ကျောင်းလက်ခံပြီး သုဓမ္မာလုပ်ရန် စိတ်ကူးကြောင်း" ပြောပြရာ ဝိန ယက "ရွှေကျင်ရှုပ်၍ ထွက်လာလျှင် သုဓမ္မာအရှုပ်လည်း တွေ့ရမည်ဖြစ်ကြောင်း" ပြောလိုက်သည်ဟူ၏။ မှန်လှ၏။ လောဘကို မပယ်နိုင်သ၍ လောဘနှင့် ပတ်သက်သော အရှုပ် တွေ့ရမည်ပင်။ ဤအရှုပ်များမှ ကင်းဝေးလိုလျှင် သစ်တပင်ရိပ် ဝါးတပင်အောက်မှာ နေရပေမည်။

24.6.66

သန္နိဋ္ဌာပကအဖွဲ့မှာပင် လုပ်ရသည်။ ယောနိသောမနသိကာရမရှိဘဲ အပြစ်တင် စောလွန်းသဖြင့် ဖြောင်ဖွင့်ပြောလိုက်သည်။ အဘိ(အဘိဓမ္မနယူပဒေသ)ကျောင်းတက်ပွဲကို ပွဲလမ်းခံ၍ လုပ်ကြသည်။ မျက်နှာပြောင် တိုက်ရဲသော လူများပါပေ။

ဌာနမှူး ကိုဗိုလ်မောင် လာသည်။ တိုက်(တိုက်ပရိုက်) ရိုက်တတ်သော ဦးပဠင်းရှိက ခန်အဖွဲ့ ထည့်ရန် လျှောက်သံကြားလိုက်ရသည်။ စာပါသော်လည်း လူငယ်များကို အရေးတယူ ပြုသည်မဟုတ်။

"လူတယောက်ကို လက်သီးနှင့် ထိုးလျှင် ပုလိပ်အရေးပိုင်သော အမှုမဟုတ်"ဟု ဝန်ထောက်က ပြောပြသည်။

မောင်မဲ၏ ဆီအတွက် ရန်ဖြစ်ကြသော ဆောင်းပါးလေးကို ဖတ်ရသည်မှာလည်း ရယ်စရာလည်း ကောင်း, တာဝန်ရှိသူများအဖို့ ပြေလည်အောင် ဖြေရှင်းပေးဖို့လည်း ကောင်းလှ၏။

25.6.66

နံက်ပိုင်းတွင် ရွာမှ ပါလာသော စာအုပ်များကို ကျောင်းကြီးပေါ် ခန်ဌာနသို့ စံနစ်တကျ စီထားခဲ့ သည်။ နေ့လည်ပိုင်းတပိုင်းလုံး အကျိုးရှိသော အလုပ်ကို မလုပ်ရ၍ အချိန်ကို နှမြောမိ၏။ စိတ်များခြင်း သည် မည်သည့်အလုပ်ကိုမှ မယ်မယ်ရရ မလုပ်နိုင်ခြင်း လက္ခဏာဖြစ်သည်။

"**တရားမမှုမှာ ပုဒ်မဟူ၍ မရှိ, ကျင့်ထုံးကို လိုက်၍ စီရင်ချက် ချရသည်။ ရာဇဝတ်မှုသာ ပုဒ်မ ရှိ သည်**"ဟု ဝန်ထောက်က ပြောပြ၏။

မုဂ္ဂဗောဓကျမ်းပြုဆရာသည် ရေဆိပ်သို့ သွားရာ ရေအိုးချဖန် များသဖြင့် ကျောက် ခွက်နေသည်ကို မြင်၍ "မာသော ကျောက်ပင် မပြောပလောက်သော ရေအိုးကို ခဏခဏ ချသဖြင့် ချိုင့်ခွက်ဖြစ်ရသေး၏။ ငါလည်း သင်လျှင် တတ်မည်ပင်"ဟူသော စိတ်ထားဖြင့် ပညာသင်ရကား ကျမ်းပြုအကျော်အမော် ဖြစ်လာ သည်ဟူ၏။

26.6.66

ဦးသြဘာနှင့် မောင်နုတို့ ပြန်ကြသည်။ ကလာပ်ကျမ်းကို သူတို့ထံတွင် ပြန်ပေးလိုက်၏။

သန္နိဋ္ဌာပကကိုပင် ဆက်ထိုင်သည်။ ကိုဗိုလ်မောင် လာ၍ သမာသ်များကို ပုဒ်တိုင်း မခွဲသင့်ကြောင်း ပြောလိုက်သည်။ သူကလည်း လက်ခံသည်။ ကျွန်ုပ်တို့ အဖွဲ့သာ နားလည်မှု မရှိ ဘုန်းကြီးတပါးကြောင့် ပုဒ်တိုင်း ခွဲနေရသည်။ ရှင်ဇနကာဘိဝံသအား လျှောက်ရာ ပယ်လိုက်သည်ဟု သိရသည်။ တိုက်သစ်က လည်း တဖွဲ့ ဖွဲ့ဦးမလိုလို ကြားရသည်။ တာဝန်အကြီးဆုံးရှိသူ ပုဂ္ဂိုလ်တဦးက ဆန္ဒာဂတိလိုက်၍ သူ့ ကျောင်းမှ သာမန်ဓမ္မာစရိယများကို (အဘိဓာန်ကျမ်းပြုအဖွဲ့၌) ထည့်ချင်သရောင်ရောင် ကြားရ၍ အံ့သြ မိသည်။ အသက်ကြီးသော်လည်း အချိန်မစီးသူသာတကား။ ဆရာမြို့အား ဟိတောပဒေသ ပေးလိုက်၏။

27.6.66

သန္နိဋ္ဌာပကပင် ဆက်လုပ်ရသည်။ မတရား ညစ်ပတ်ထားသော ကိစ္စကို အမှတ်ရနေသဖြင့် ကောင်း စွာ အကြံပေးသော အချက်ကိုပင် မချေမငံ ပြောမိသည်။ ဤသည်မှာ ကျွန်ုပ်၏အမှားဖြစ်သည်။ လူငယ်ဖြ စ်လျှက် လူကြီးကို ပြန်အော်ရခြင်းမှာ လုံးဝ မကောင်းသည်ကို သိပါသည်။ သို့သော် လူကြီးများကလည်း ကြီးသူ၏ ကျင့်ဝတ်သိက္ခာနှင့် မညီကြသဖြင့် အပြစ်ကြီးမှန်း သိလျှက် ဆက်လက်မိုက်တွင်းနက်ရသည်။

ဦးနာယကနှင့် ဦးပဥ္ဇင်းတပါး ရောက်လာကြသည်။ ကျောင်းတွင် သံဃာများနေသော်လည်း နေဘူး သောပုဂ္ဂိုလ်များ ဖြစ်နေ၍ မလွဲသာ မရှောင်သာ လက်သင့်ခံရသည်။

ယဉ်ပုံတွင် သွား၍ စာအုပ် အရွက်(၂၀)ပါ (၂) တဒါဇင်နှင့် (၁၀)ပါ လဲလိုက်ရသည်။ ခဲတံ (၂) တ ဒါဇင် လဲယူခဲ့သည်။ (ပြီ) ပြား(၂၀) တဒါဇင်။

28.6.66

သန္နိဋ္ဌာပကကိုပင် ဆက်လုပ်ရသည်။ (-----) ရန်ဖြစ်မည် လုပ်ကြ၍ ငယ်ရွယ်သူပင် ဖြစ်သော်လည်း ဖြန်ဖြေရသည်။ ကမ္မကို ရေးမပြီးသေးသော်လည်း အရေးတကြီး လိုချင်သည်ဟု ဆိုသဖြင့် အပ်လိုက်သည်။

ပိ(ပိဋကနယူပဒေသ)ကျောင်းမှ မီးသွယ်သည်။ ဖန်ချောင်း ယဉ်ပုံမှ ရသည်။ ကြိုး ရွာမှ ရသည်။ မ လောက်၍ သာသန(သာသနနယူပဒေသကျောင်း)မှ ၁၆-တောင်ခန့် ယူရသည်။ ဝပ်(၁၀၀၀)အား တနာရီ တယူနစ် (၆၅)ပြား ကျသဖြင့် ဝပ်(၂၀)အားမှာ (၁)ပြားသာသာသာ ကျသည်။ တလ (-) တနေ့ ၃-နာရီထွန်း လျှင် (-)ပြားကျော်ကျော် ကျသည်။ နာရီကို အပိုင်းအခြား မထားတော့ဘဲ တလ (ပြီ) ပေးရန် ကျွန်ုပ်နှင့် ပိ (ပိဋက)သဘောတူသည်။ ပိ(ပိဋက)ကျောင်းမှာ နာလျှင် ထပ်ပေးမည်ဖြစ်ကြောင်းကိုလည်း လျှောက် လိုက်ရသည်။

မုဂ္ဂဗောဓ စ၍ နိဿယတိုက်သည်။ အကောင်းဆုံး သဒ္ဒါကျမ်းဟု လက်ခံများသည်။

29.6.66

ကတပဒလဟူသော ပုဒ်သစ်ကို သန္နိဋ္ဌာပကလုပ်ရင်း တွေ့၍ ရေးထည့်လိုက်သည်။ ကတပရပ္ပဝါဒကိုလည်း အသစ် ပြန်လည်ရေး၍ ထည့်လိုက်သည်။

ဦးပဏ္ဍိ(မောင်းထောင်)ထံမှ အံ႕ဋီ နိသျ, ယမက ပဋ္ဌာန အနုဋီနိသျများ တွေ့ကြောင်း စာရသည်။ သုတ္တန်ကျောင်း ဦးပဥ္စင်းသစ်ထံမှ ကျွန်ုပ်ညီနှစ်ယောက်အတွက် ပညာသင်လိုလျှင် အဆင်ပြေနိုင်ကြောင်း သတင်းကောင်း ကြားရသည်။ ယဉ်ပုံကျောင်းအလှူတွင် ကံအကျိုးရှိကြောင်း မိလိန္ဒပဥှာလာ တရားကို ဟောခဲ့ရသည်။

(မစိုးရိမ်)တိုက်သစ် ကိုအာစိဏ္ဏထံမှ ဆရာတော်နား ကပ်နေသူ ဦးပဥ္စင်းတပါး ကုန်းတိုက်တတ်ကြောင်း သိရသည်။ ဒီဦးပဥ္စင်းနှင့် စကားပြောလျှင် ဆင်ခြင်ရန် ဖြစ်သည်။ လူကြီးနား ကပ်နေသူများ ဤအကျင့်ဆိုးမျိုး ရှိသည်မှာ ခက်လှသည်။ ဉာဏ်တုံးသူ လူကြီးများကလည်း ထိုသူများ ကုန်းချောမှုကို ယုံကြည်သည်မှာ အလွန်ဆိုးသော ဉာဉ်တခု ဖြစ်သည်။ မိမိလည်း ဌာနအလျှောက် လူကြီးလုပ်နေသူဖြစ်၍ ကုန်းချောမှုကို မယုံကြည်မိဘို့ အထူးဂရုစိုက်နေရသည်။ တော်ပါသေး၏။ မိမိကျောင်းမှ ပုဂ္ဂိုလ်များမှာ ကုန်းချောတတ်သူ တဦးတယောက်မှ မပါသဖြင့် အလွန်ကံကောင်းသည်ဟု ဆိုရပေမည်။

၁၉၆၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ကြာသပတေးနေ့ (၁၃၂၈ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၃ ရက်)

ကျွန်ုပ်၏ ရွာသို့ ညီငယ်နှစ်ယောက်ကို ခေါ်သောစာ ပေးလိုက်သည်။ မောင်းထောင် ဦးပဏ္ဍိထံသို့လည်း စာပေးသည်။ မြန်မြန်ရောက်စေလိုသဖြင့် ရထားကို သွား၍ ထည့်လိုက်သည်။

သန္နိဋ္ဌာပကကိုပင် ဆက်လုပ်သည်။ ကတပရိကမ္မစမ္မဇ္ဇေဒနခုဒ္ဒကသတ္တပုဒ်ကို အသစ်အဖြစ် ရေးထည့်လိုက်သည်။ နိုင်ငံခြား သွားဘို့လည်း လမ်းစတွေ့ကြောင်း ယဉ်ပုံဘုန်းကြီးက ပြောလိုက်သည်။

မွန်များသည် ဘုရားသွင် မြောက်ဖက်ကို လှဲ၍ ပရိနိဗ္ဗာန်ပြု၍ရင်း မြောက်အရပ်သည် အမြတ်ဆုံးဖြစ်၍ရင်း ရှေးအခါက မြောက်ကိုသာ လှဲ့၍ အိမ် အဆောက်များကြောင်း မောင်မဲ ဆောင်းပါးတွင် တွေ့ရသည်။

ဝိသုဒ်အဖွဲ့နှင့် သီလာနန္ဒတို့ တော်တော်တွယ်ကြကြောင်း ဦးပါကဋ္ဌထံမှ သိရသည်။ သီလာနန္ဒမှာ ဘဝင်မြင့်နေသူတဦး ဖြစ်သည်။ သူက လွဲ၍ ပညာရှိ မရှိတော့သရောင် ဒကာများကို ပြောတတ်သည်။

---

၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ သောကြာနေ့ (၁၃၂၈ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၄ ရက်)

သန္နိဋ္ဌာပကကိုပင် ဆက်လုပ်သည်။ (အဘိဓာန်ရေး) နှစ်လတွက် (၁၇၀)ကို ယနေ့ လက်ခံရရှိသည်။ ထန်းပုမှ ဦးဇင်းသစ်၏ ဒကာများ ရောက်လာကြသည်။ တဦးမှာ ကျောင်းဆရာဖြစ်သည်။

ကတပါနီယဘာဇနပုဒ်ကို အသစ်အဖြစ် ရေးထည့်လိုက်သည်။ ကတပီဋ္ဌကိုလည်း အနက်နှစ်မျိုး ထပ်ရေးခဲ့သည်။ ကတပုညကိုလည်း (၈)အနက်ကို အသစ်အဖြစ် ခွဲရေးခဲ့သည်။ နိကာယ်စဉ် ကျမ်းညွှန်းရမည်ဆိုသော်လည်း သူတို့စာအုပ်တွင် အင်္ဂေါသပုဒ်၌ နိကာယ်စဉ် မဟုတ်ဘဲ ကျမ်းညွှန်းထားသည်ကို တွေ့ရသည်။ ဒါကို သာခေကထုတ်ပြပြန်တော့လည်း နောက်ထပ် ညွှန်ကြားချက်ဟု ပြောကြပြန်သည်။ ခက်

သည်မှာ စောစောစီးစီး ညွှန်ကြားလွှာ မပေးပဲနှင့် ရေးသားကျနေမှ ညွှန်ကြားလွှာဆိုသည်ကို ပေးသဖြင့် ပြင်ရသည်မှာ ဝွကျကုန်သည်။ ဤသည်မှာ ဌာနမှူး၏ တာဝန်ဖြစ်သည်။

2.7.66

၅၂-၃-ခု အချိန်လောက်ဆီက ဗမာငွေ ဒိကို တရုပ်ငွေ (၄၇ပဝိ)နဲ့ ညီမျှတယ်။ ရှေ့နေများ အားလုံးနဲ့ အတူတူ ရင်းနှီးသည်။ "ဟိုရှေ့နေကို မျက်နှာလိုက်သည် စသည်ဖြင့် မထင်ကြနဲ့။ ရှုံးမည့်အမှုကို မနိုင်ချင်ကြနဲ့"ဟု သူ တရားသူကြီး လုပ်စဉ်က ရှေ့နေများကို ပြောထားသည်ဟု ဝန်ထောက်က ပြောပြ၏။ "ကမ္ဘာပေါ်တွင် လူအလူနများ သိန်းသန်းချီ၍ ရှိသည်။ ထိုလူများကို ကာကွယ်ရန် ဥပဒေ အမျိုးမျိုး လုပ်ပေး၍ မဖြစ်"ဟု တရားသူကြီးတဦးက စီရင်ချက်တွင် ရေးဘူးသည်ဟူ၏။ ဒေါ်အေးသည် အရာရာ နှံ့စပ်လည်ဝယ်သူ ဖြစ်သော်လည်း ကားဝယ်ရာတွင် စာချုပ်မပါဘဲ ဝယ်သည်မှာ လူပါး ပုလင်းကွဲ ထိခြင်း ဖြစ်သည်။ အရာရာမှာ စာချုပ် အရေးကြီးကြောင်း ဝန်ထောက်က ပြောပြသည်။

3.7.66

သန္နိဋ္ဌာပကလုပ်ရင်း ပြင်ထားကြသော ကတပလ္လက် ကတပိဋ္ဌ စသော ပုဒ်များကို ကျွန်ုပ် ရေးသည့်အတိုင်း ထပ်ပြင်ကြသည်။ တိုက် ရိုက်ပြီးစာအုပ်တအုပ်စီ ယူ၍ မိမိနေရာ၌ အားလပ်ချိန် ကြည့်ထားရန် လျှောက်သဖြင့် ယနေ့က စ၍ ယူသွားကြသည်။ ကတဘဏ္ဍဌာနိယကို ဝဇိရနိသျ ယောချပ်၌ တွေ့၊ အနက်တွေ့၍ ပြင်လိုက်သည်။

မောင်ထွေးနှင့် အောင်မောင်း ဦးဉာဏိကနှင့် ပါလာသည်။ ဝပ်ရှော့ပညာသင်ရန် ကျွန်ုပ်က ခေါ်၍ လာကြခြင်း ဖြစ်သည်။ ရွာဘုန်းကြီး နေထိုင်မကောင်းဟု ကြားရ၍ စိတ်မကောင်းပါ။ ယ္ခု နေသာထိုင်သာ ရှိပြီဟု ဆိုသဖြင့် တော်သေး၏။

4.7.66

သန္နိဋ္ဌာပကကိုပင် ဆက်လုပ်ရသည်။ ကတမကို ကိံ တမပစ္စည်းဟု မောဂ်တွင် တွေ့ရ၍ ပြန်ပုဒ်ခွဲလိုက်သည်။

သေချာသည်ဟု ထင်၍ အလုပ်သင်ရန် ခေါ်လိုက်သော ညီငယ်နှစ်ယောက်ကို တကယ်တမ်း အလုပ်သွားအပ်သောအခါ ပိုင်ရှင်က ကေတိကာတိ လုပ်နေသည်ကို တွေ့ရသည်။ မည်သည့်ကိစ္စမဆို မိမိပိုင် မဟုတ်က မကောင်းလှ။ အတ္တာ ဟိ အတ္တနော နာထော သည် အကောင်းဆုံး ဖြစ်သည်။

ညပိုင်းတွင် ညဈေးတန်း သွားရင်း ဦးပဏ္ဍဝံ တွေ့၍ အတူသွားကြသည်။ ဂလူးကို့စ်တဗူး ဝယ်ရာ ၅ိ ပေးရသည်။ မစဉ်းမစား ပြောင်နောက်မိ၍ အပြောင်အချော် မှားခဲ့ရသည်။ ဆင်ခြင်ရာ၏။ ရွှေဘို ချမ်းသာကြီး ဆရာတော်နှင့် တွေ့၍ အနည်းငယ် စကားပြောကြကာ လူချင်းခွဲလိုက်ကြသည်။

5.7.66

မိုး မဖြစ်စလောက် ရွာ၍ ဆွမ်းချက်စားကြရသည်။ ပရိသတ်များသဖြင့် ဆွမ်းချက်ရသည်မှာ သက်သာကြမည်မဟုတ်။ ဤပုံအတိုင်းသာ ချက်ရမည်ဆိုလျှင် ကျွန်ုပ် အသင်းမှ ရသော ဆန် လောက် လိမ့်မည် မထင်။

သန္နိဋ္ဌာပကလုပ်ရင်း ကတာရဋ္ဌာန် နာမကို မှားယွင်းရေးသားမိခဲ့သဖြင့် ဖျက်လိုက်ရသည်။ လုပ်ရ သည်မှာ တွင်ကျယ်သည်။ ကတာရကိုလည်း ကတာမနည်းတူ ပုဒ်ခွဲလိုက်သည်။

မောင်ထွေးနှင့် မောင်အောင်မောင်းအတွက် ကားဝပ်ရှော့ စုံစမ်းခိုင်းသော်လည်း ရန်ကုန် ပစ္စည်း သွားတုန်းဖြစ်နေ၍ ကားဝပ်ရှော့ မဖွင့်ရသေးဟု သိရသည်။ ဦးကိုကြီးအိမ် အလုပ်သမား လို မလို စုံစမ်းခိုင်း ဖြစ်တော့လည်း မလိုသေးဟု ဆိုသဖြင့် ဘာမျှ မတတ်နိုင်။ ညနေပိုင်းတွင် ရွာအလုပ်ကို ရှိသည်ဆိုလျှင် မပျက်မကွက် အချိန်နှင့် ပြီးအောင် မှန်မှန်လုပ်ပြီး ငွေစုဘို့ အပြိုင်ကို အားမကျဘို့ သတိပေးဆုမ္မလိုက် သည်။

6.7.66

သန္နိဋ္ဌာပကလုပ်ရင်း ကတလာခါပရိကမ္မကို ပုဒ်သစ်အဖြစ် ထည့်ရေးလိုက်သည်။ သံဝဏ္ဏောတဗ္ဗ လုံး ဝတူလျှက် အံ၄၃၃ ကတလကခွပရိကမ္မရှိ၍ မ၃၃၊၁။၃၅၇၃ ကတလာခါပရိကမ္မဟု သံဝဏ္ဏနာပြုရာတွင် နှစ် မျိုးတွေ့ရသည်။ သံဂါယနာ ဝိသောဓကေများ၏ ချွတ်ယွင်းချက် ဖြစ်ရပေမည်။

ကျွန်ုပ်တို့အဖွဲ့မှ ရေးသောပုဒ်များမှာ အပြင်ခက်သည်ဟု ယောနိသောမနသိကာရမရှိသော ဘုန်းကြီးတဦးက ပြောသဖြင့် ဘုန်းကြီးတို့ ပြင်သည်မှာ ရှေ့တိုးနောက်ဆုတ်သာ ပြင်နိုင်ကြောင်း, အနက် ကို ပိုကောင်းမွန်လာအောင် ပြင်သောနေရာဟု တခါမှ မတွေ့ရသေးကြောင်း ရက်ရက်စက်စက် လျှောက် လိုက်သည်။ ပြင်လည်း ပြင်တတ်ဟန် မတူကြောင်းကိုလည်း လျှောက်သည်။

မန်လည်၏ သူငယ်ချင်းတဦးက ဂူသွင်းထားသော မန်လည်ရုပ်ကလာပ်ကို ပုပ်မည်မဟုတ်၊ ဖွင့်ထုတ်ကြည့်ကြဟု ပြောသဖြင့် ဖွင့်ထုတ်ကြည့်ရာ မပုပ်မသိုးသည်ကို တွေ့ရ၍ ရုပ်ကလာပ်ကို ထုတ်ပြီး သည်အတိုင်း ထားသည်ဟူ၏။ အလွန်အံ့သြဘွယ်ကောင်းသော ဆရာတော်ပါပေ။ ဆရာတော်၏ သွန်သင် မှုအောက်၌ နေကြရသဖြင့် မန်လည်တဝိုက် ကျေးရွာမြို့များမှာ ရတနာသုံးပါးနှင့် ဆက်ဆံရာတွင် စံထား ထိုက်လောက်အောင် တော်ကြသည်ဟု ကြားဘူးပေ၏။

7.7.66

မောင်ထွေးနှင့် အောင်မောင်းကို ကားဆိပ်သို့ ပို့လိုက်သည်။

ကတဝေါဟာရာနုဿာဝနသလာကဂ္ဂါ-ဟု ပုဒ်ကို နိဿယတွင် တွေ့ရသဖြင့် သန္နိဋ္ဌာပကလုပ်ရင်း ပြင်ရေးလိုက်သည်။ သန္နိဋ္ဌာပကပုဂ္ဂိုလ်များကလဲ နိဿယမှ မရှိလျှင် အနက်ကို တလုံးမှ ပြင်တတ်ကြ သည်မဟုတ်။ ကျမ်းစဉ် လွဲမှားသော ဂဏန်းများကို ဟိုရွှေ့ဒီရွှေ့ လုပ်ရုံသာ အလုပ်ရှိသော အဖွဲ့ဖြစ်သည်။ ဒါကိုပင် ပြင်ရသည်ကို ညည်းညူကြသေးသည်။ အလွန်ရယ်ဘွယ်ကောင်းသော သူများပင်။ ကျွန်ုပ် ပြော

သမ္မုဆိုသမ္မုကိုလည်း အထက်ပုဂ္ဂိုလ်များ တိုင်ကြဦးမည်ကို သိပါသည်။ အမှန်တရားဘက်က ရပ်တည်ရမည်ဆိုလျှင် မည်မျှရာထူးကြီးပါစေ ဒူးထောက်လိမ့်မည် မဟုတ်ပါ။

8.7.66

ကတာသမ္မသနတာကို တွေ့၍ ပုဒ်သစ်အဖြစ် ရေးထည့်လိုက်သည်။ ကတသောတ္တိကိုလည်း နိဿယရှိ၍ ယင်းနိဿယအတိုင်း အနက်ပြင်လိုက်သည်။ မှားလျှင် မှားသည်ဟု ဝန်ခံရမည်ကို ရှက်တတ်သူ မဟုတ်သဖြင့် မှားကြောင်း ဝန်ခံလိုက်သည်။

(၇)နေ့က မန်းမြို့တွင် စိတ္တဇဆေးကုဌာန စ၍ ဖွင့်လှစ်သည်။ အုပ်ချုပ်သည့် ဒေါက်တာ ဒေါ်ထူးပု, အတွင်းလူနာ (၃၀) လက်ခံနိုင်သည်။ စဖွင့်နေ့တွင် လေးယောက် လာပြသည်ဟူ၏။

ညပိုင်းတွင် ဆရာမ အေးတို့၏ ကားအရှုပ်ဇာတ်လမ်းကို ယဉ်ပုံက ပြောပြသဖြင့် အားလုံး သိရသည်။ မည်မျှ ပါးနပ်သည်ဟု ဆိုရစေကာမူ ပုလင်းကွဲ တခါတရံ ထိတတ်သည်ကို သတိထား ဆင်ခြင်ရာ၏။

9.7.66

ကတဟတ္တကို အနည်းငယ် ပြင်သည်။ (ခ)အနက်ကို ဖျက်ဘို့ ပြောသော်လည်း မှန်၍ မဖျက်နိုင်ကြောင်း တင်းထားလိုက်သည်။

"ခိုးရာပါ ပစ္စည်းကို လက်ခံမိသော် ပုလိပ်တောင်းက ချက်ချင်းထုတ်ပေး၍ သူ့ပစ္စည်းထင်၍ လက်ခံမိကြောင်း ပြောရမည်။ ကြောက်ပြီး ဝှက်ခြင်း ဖျောက်ခြင်း မပြုရ"ဟု ဝန်ထောက် ပြော၏။ "ပစ္စည်းတခုကို နေရာမှ မရွေ့သ၍ ခိုးသည်ဟု မယူဆရကြောင်း" ပြောပြ၏။ ဝိနည်းနှင့် လုံးဝတူ၏။

ညပိုင်းတွင် ဦးလှသိန်း တရား ရွှေမန်းတင်မောင် တိုက်ရှေ့တွင် နာရသည်။ ဟောပြီးများကိုပင် ထပ်ဟော၏။ သို့သော် အပြောကောင်းသဖြင့် နာရသည်မှာ မပျင်းပါ။ မန်းတွင် သူ သင်တန်းဖွင့်ဘို့ ရည်ရွယ်ကြောင်းလည်း ပြောပြ၏။

10.7.66

ယဉ်ပုံ အလှူတွင် တရားဟော ချ၍ သက္ကဒါနသုတ် (ခု၊၁၁၁)ကို ဟောခဲ့သည်။

ညပိုင်းတွင် ဦးလှသိန်း တရား နာ။ အလကား, မယား, အများ, ဘုရား-လူ-ဟု လေးမျိုးရှိကြောင်း ဟောသည်။

ဦးသန့်က ကုလအတွင်းရေးမှူးချုပ်ရာထူးကို မည်သူမျှ တကြိမ်ထက် ပို၍ လက်မခံသင့်ကြောင်း လူစားရှာထားရန် လိုကြောင်း ပြောသည်ဟု လူထုတွင် တွေ့ရသည်။ ရှုရှား၌ ပြဇာတ် တခါကြည့်လျှင် ရူဘယ်(၃၅) ဗမာ(၄၅)ခန့် ပေးရသည်ဟု လူထုဆောင်းပါးတွင် တွေ့ရသည်။ ပြဇာတ်မင်းသမီး လေ့ကျင့်ပုံမှာလည်း အတုယူဘွယ် ကောင်းလှ၏။

11.7.66

ကျွန်ုပ်တို့ အဖွဲ့မှ ရေးသောပုဒ်များ အမှားဆုံး ဖြစ်သည်ဟု ဘုန်းကြီးတပါးက သွားပုပ်လေလွင့် ပြောသည်ဟု သိရ၏။ ကျမ်းစဉ်မှားသည်ကို တာဝန်ခံပါသည်။ အနက်ကား အမှား အင်မတန် နည်းပါသည်။ မှားသော်လည်း နိဿယမရှိသော ပုဒ်မျိုးဖြစ်မူ သူတို့လည်း လုံးဝမပြင်တတ်ပါ။ ကိုယ် မပြင်တတ်ဘဲနှင့် အမှားပြောသည် ရှက်ဖွယ်ပါတကား။ ပုဒ်တွေ အက္ခရာစဉ် လွဲနေ၍ ပြင်ရသည်မှာ စိတ်ညစ်လှသည်။ ကျွန်ုပ်တို့ အပြစ် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

မိမိ သွားလိုသော ခရီးအတွက် လမ်းစပွင့်လာသည်ကို သိရသဖြင့် ဝမ်းသာမိ၏။ သက္ကဋလဲ ဆက်လက်လုပ်လိုက လမ်းစ တွေ့လာရပေသည်။ (လူပိန်ပါသဗျာ ခ(ခါး)ရိုးကုန်းလို့ မလှသော်လည်း ဝါးပိုး လုံးလောက် မကပါဘူး) ဟူသော လူ့ရှင်တော်များ ပြက်လုံးကို မြောင်နယ်မှ ဦးမာလာဆိုသူ ရွတ်ပြသွားသည်။

12.7.66

ကတိပယကို ထောမနိမိတွင် တွေ့ရ၍ (ကတိ+အယစ်၊ ပုက်လာ)ဟု ပုဒ်ခွဲလိုက်သည်။ ကတဟတ္ထနှင့် ကတာကတကိုလဲ တိုက် အပြီးသတ် ရိုက်လိုက်သည်။

လာဘ်စားမှု များလွန်သူအား မိုးကြိုးနတ်က ဆုမ္မရန် လာရာတွင် ထိုလူက မိုးကြိုးနတ်အား ရွှေထုပ် လာဘ်ပေးသဖြင့် မိုးကြိုးနတ်က မဆုမ္မတော့ဘဲ ပြန်သွားပုံကို မောင်မဲ ဆောင်းပါးတွင် တွေ့ရ၏။ ကောင်းပါသည်။ နတ်များပင် လာဘ်စားပုံကို ပြောင်ရေးသော ပုံပြင်လေးပင်။

သောင်တင်နေသော (---)သင်္ဘောမှာ အခြေအနေ ဆိုးသည်ဟု သိရသည်။ ဆန် တန်ချိန်(၇၀၀၀)ခန့် ဆုံးရှုံးသည်ဟူ၏။

13.7.66

သန္ဓိဌာပက ဆက်လုပ်သည်။ မာဂဓ မရှိ၍ တိုက်သစ်ဘုန်းကြီးက မာဂဓ နေရာတွင် ဝင်လုပ်သည်။ ပိ (ပိဋက-ဦးကော) ထံတွင် သီဟိုဠ်နေဘူးသော တပ်ကုန်းဘုန်းကြီး ရောက်နေ၍ စာမဖတ်ဖြစ်။ ညနေလည်း မုဂ္ဂဗောဓ မတိုက်ဖြစ်ပေ။ တပ်ကုန်းဘုန်းကြီး၏ ပြောပြချက်အရ သီဟိုဠ်တွင် အလွန်ပေါသည်ဟူ၏။ စားဝတ်နေရေး ပူပင်စရာမရှိဟု သိရသည်။ စာပင် ည၌ အလကား ပြသော ကျောင်းများ ရှိသည်ဟူ၏။ သူတို့ သွားစဉ် သီဟိုဠ်အရောက် (၆၀)ကျပ်မျှသာ ကုန်သည်ဟု သိရသည်။

လီနင်၏ ဇနီးမှာ ကရပ်စကားယား ဖြစ်သည်။ အိမ်ထောင်ကျသောအခါ လီနင် (၂၄) ဇနီး (၂၆)နှစ် ဖြစ်သည်။ ၂၁-၁-၂၄ နေ့မှာ လီနင် ကွယ်လွန်ခဲ့သည်။ လီနင်နှင့် စတာလင်မှာ ဖင်လန်တွင် လီနင် ထွက်သွားစဉ် တွေ့ကြခြင်း ဖြစ်သည်။ ဖခင်သည် ပညာရေးဌာနမှ အရာရှိဒါရိုက်တာ ဖြစ်သည်။ မိခင်ကလည်း ပညာတတ်ပင် ဖြစ်သည်။ လူထုလှ ဆောင်းပါးမှာ တွေ့ရသည်။ ၁၈၉၅ ခုနှစ်က ထောင်ကျခဲ့ဘူးသည်ဟူ၏။

14.7.66

သန္နိဋ္ဌာပက ဆက်လုပ်။ ပြင်ရသောပုဒ် နဲသည်။ အတွဲ ၁၂ မှာ အက္ခရာစဉ် လွဲ၍ အကြမ်းပြန်စဉ် လိုက်သည်။ ယမိုက် ပဋ္ဌာန်း အနုဋီ နိဿယ မောင်းထောင် ဦးပဏ္ဍိတက ပို့လိုက်၍ လက်ခံရရှိသည်။

တရုပ် နစ်(ကွန်မြူနစ်)ပါတီမှာ ၁၉၂၁-ခုနှစ်က ပါတီဝင်ပေါင်း (၅၇)ဦးဖြင့် စတင်တည်ထောင်ခဲ့ သည်။ ၂၁-ခု ဇူလိုင် (၆)ရက်နေ့တွင် ရှန်ဟဲအနီး တောင်ပြင်ရေပြင်တွင် လှေငယ်တစင်းပေါ်၌ လူ(၁၂)ယောက် ပါဝင်သော အစည်းအဝေးမှ စတင်ခဲ့သည်။ ဒု-ကွန်ဂရက်ကို ၂၂-ခုမှာ ကျင်းပခဲ့သည်။ အဖွဲ့ ဝင် (၁၂၀)ခန့် ရှိလာသည်။ (၇)ကြိမ်မြောက် ကွန်ဂရက် ကျင်းပသောအခါ ပါတီဝင် (၁၂၀၀၀၀၀၀) ရှိလာ သည်။ ကြိုးစားပါ အောင်မြင်ပါသည်။

15.7.66

သန္နိဋ္ဌာပကကိုပင် လုပ်ရသည်။ ကူဝိတ်ကျွန်းဆွယ်တွင် ရေတွင်းတူးသမျှ ရေနံချည်း ထွက်နေ သဖြင့် ရေအတွက် အခက်ကြုံကြရကြောင်း ရန်ကုန်တွင် ဖတ်ရှုရသည်။ ရေထွက်လျှင် အလွန်ဝမ်းသာရှာ ကြသည်ဟူ၏။ အဖိုးတန်ထွက်တိုင်း ကောင်းသည်မဟုတ်ပါ။ အသုံးလိုသော ပစ္စည်း ထွက်ပါမှ တန်ဘိုးရှိ သည်။

ဦးဇဋိနှင့် ဆက်၍ ဦးပဥ္စင်းတပါး ရောက်လာသဖြင့် ကျောင်းကျဉ်းသော်လည်း လက်ခံလိုက်ရသည်။ ဦးပဏ္ဍိနှင့် ဦးသံဝရတို့က ဦးပဥ္စင်းတပါး လာအပ်ကြသဖြင့် ထို့အတူ လက်ခံလိုက်ရသည်။ ပရိသတ်များ လျှင် မကောင်းသည်ကို သိသော်လည်း မလွှဲသာ၍ လက်ခံရခြင်း ဖြစ်သည်။ ကတ္တာဗ္ဗပရ ကတ္တဗ္ဗမောဟတို့ ကို မကျေနပ်သော်လည်း ဘာမှ မတတ်နိုင်သဖြင့် ဒီအတိုင်း ထားလိုက်ရသည်။

16.7.66

သန္နိဋ္ဌာပက ဆက်လုပ်သည်။ ပြင်ဆင်ရသော အနက်မရှိသော်လဲ ပါဠိဖြည့်စွက်ချက်ကို ထည့်ရ သည်။ သံဝဏ္ဏနာကို ရေးရာ၌ သံဝဏ္ဏေတဗ္ဗကို ညွှန်းရမည်ဆိုသော်လည်း အဂတိ၏ သံဝဏ္ဏနာကို ရေးရာ၌ အဂတိမှာ ကျွန်ုပ်တို့ ရေးသောပုဒ်ကို ထည့်မရေးသဖြင့် ဂွကျသည်ကို တွေ့ရသည်။

ဝန်ထောက်က သူ မြို့အုပ်လုပ်စဉ်က ဆည်ဘက်မှ ပုဂ္ဂိုလ်များနှင့် တဦးနှင့် တဦး အနိုင်မခံ အရှုံးမ ပေး ကပ်ကြသည်ကို ပြောပြသည်မှာ စိတ်ဝင်စားဘွယ် ကောင်းလှ၏။

17.7.66

ဒေးဝန်းဆွမ်းစားတွင် ဘုန်းကြီးများက မစောင့်ဘဲ သွားကြသည်မှာ လုံးဝသင့်လျော်သောကိစ္စ မဟုတ်။ ဤသည် မစိုးရိမ် နာယကကြီးများ ညှိဖျင်းချက်။ ဓားတအိမ် ၂၅ နှင့် ဝယ်သည်။

ညပိုင်းတွင် ယဉ်-ပိ-တို့နှင့် ထွေရာလေးပါး ဗဟုသုတဖြစ်ဖွယ်စကားများကို ပြောကြသည်။ ကိုဉာ ဏော ကသာမှ ပြန်ရောက်လာ၍ နယ်အခြေအနေအကြောင်းကို အနည်းငယ် ပြောကြ, တရားအကြောင်း ကိုလည်း အနည်းငယ် ဆွေးနွေးကြသည်။ သူတို့ တရားမှာ ပါဠိကိုးများ မှန်သော်လည်း အယူအဆကို သဘောမကျ။ အသင်္ခတ (နိဗ္ဗာန်)သို့ ကူးပြောင်းပေးလိုက်သည်မှာ လွယ်လွန်းသည်။

18.7.66

မီတာကြေးအတွက် ဦးပဉ္စင်းများထံမှ (၂၀) ရရှိသည်။ မိမိက အားလုံးအတွက် ပေးမည်ဟု ဆိုသော်လည်း သူတို့ပါ ကုသိုလ်ပါဝင်ပရစေဟု ပြောသဖြင့် လက်ခံလိုက်ရသည်။ သန္နိဋ္ဌာပက ဆက်လုပ်သည်။ ပုဒ်တခု(ကတ္တိဒ္ဓိဘာဝ)ကို အနက်ပြင်သော်လည်း သူတို့ ပြင်သော အနက်ကို မကြိုက်လှပါ။

ညနေပိုင်းတွင် ဦးဥတ္တရ(နတ်မောက်) ဦးပဏ္ဍဝံတို့ ရောက်လာကြသည်။ စပ်မိစပ်ရာ ပြောရင်း နတ်မောက်နယ်တဝိုက် သာသနာရေး အခြေအနေကို ပြောပြသဖြင့် ရင်လေးစရာ ကောင်းလှသည်။ အရှင်တိလောကကလည်း သူတို့ရဲ့ အကြောင်းကို ပြောနေသဖြင့် အနည်းငယ် အကြံပေးစကား ပြောလိုက်ရသည်။

ဆရာတော်က "ကိုယ့်တိုက်မှ ပရိယတ္တိ ပြီးပြီးသူများ သူများတိုက် မရောက်အောင် လုပ်ကြပါ"ဟု ပရိ (ပရိယတ္တိ) ထံ ပြောလိုက်သည်ဟု သိရ၏။ ပိ (ပိဋကေ) ကျောင်းက တပါး (ဦးပညိဿရ) ပြောင်းသွားသည်ကိုပင် သူ မသိရ၍ ပြောင်းခံလိုက်ရခြင်း ဖြစ်သည်ဟူ၏။

19.7.66

မီတာကြေး (၆)လတွက် (ဇူလိုင်မှ ဒီဇင်ဘာထိ) (၁၅)ကို ပိ(ပိဋက) ဘုန်းကြီးထံတွင် ယနေ့ ပေးလိုက်သည်။ ဦးလှမောင်ထံမှ ၁-၂-က-ခ သည် လိုရင်းမဟုတ်ကြောင်း, အနက်စုံရန်သာ လိုရင်းဖြစ်ကြောင်း စာကို ဖတ်ရှုရသည်။ သန္နိဋ္ဌာပက ဆက်လုပ်ရာ (၁၃)အတွဲ ကုန်သည်။

ဦးတိလောကအား (၅၀) ခေတ္တချေးလိုက်ရသည်။ အချင်းချင်း ကူညီရသည်မှာ ဝမ်းသာပါသည်။ သို့သော်လည်း အညမည မရသည်မှာ ဆိုးလှသည်။

ညပိုင်းတွင် ယဉ်ပုံနှင့် ပရိသတ်ကို အုပ်ချုပ်ရသည်မှာ မလွယ်ကြောင်း ကိုယ်တွေ့အဖြစ်အပျက်များမှ ထုတ်နှုတ်ဆွေးနွေးရသည်။

ဝေယံဘုံသာကိစ္စ နှစ်ဖက်စလုံး အာဏာပိုင်များကို ကပ်ကြသော်လည်း ပဋ္ဌမ ဆရာတော်က နိုင်၍ နောက် လူငယ်စာချများမှ နိုင်သည်ဟု သိရသည်။ အာဏာပိုင်များ၏ ဆိတ်လစ် ဆန်မှုမှာ ပေါ်လောပေါ်လာသည်။

20.7.66

အုံးအင်ရုံးသံ၊ စိုက်အလံ၊ ဒို့ရန်ပထမ (၁၁၈၆)ခုတွင် အင်္ဂလိပ်-မြန်မာ ပထမစစ် ဖြစ်။

အောက်ကအောင်လံ၊ စိုက်ထူပြန်၊ ဒို့ရန်ဒုတိယ (၁၂၁၄)တွင် ဒုစစ် ဖြစ်။

အင်္ဂလိပ်တက်၊ မန်းမြို့ပျက်၊ ရန်ဆက်တတိယ (၁၂၄၇)တွင် သီပေါ ပါ၍ လွတ်လပ်ရေး ဆုံးရှုံးရသည်။

ဦးလှသိန်း သုဒိန်အကြောင်းကို ဟောသည်။ သန္နိဋ္ဌာပက ဆက်လုပ်သည်။ (၁၄)အတွဲကို စလုပ်။

ဆရာတော်က ဦးသာဂရ(အသင်းမူလ)ကို ဦးပဉ္စင်းတပါးထံတွင် ပွင့်လင်းစွာ မကြိုက်ကြောင်း ပြောလိုက်သည်ဟူ၏။ ယဉ်ပုံက ဦးပဉ္စင်းတပါး လာအပ်၍ ကျောင်းနေရာအတွက် ကြပ်နေသော်လည်း မကောင်းသဖြင့် ဖြစ်သလိုနေက ရနိုင်ကြောင်း ပြော၍ လက်ခံလိုက်ရသည်။

သမဝါယမဝန်ထောက်တဦးက ဖြဟ္မစိုရ်တရား အနိမ့်ဆုံးအပိုင်းသို့ ရောက်၍ ဝိသမလောဘ ခေါင်ခိုက်နေသော (၁၉)ရာစုနှစ်လောက်တွင် သမဝါယမ ပေါက်ဖွားလာရသည်ဟု ပြောပြ၍ သဘောကျမိသည်။

ဂန္ထ(ဂန္ထဓုရ) ထံမှ ပရိ(ပရိယတ္တိ)ထံ စာရောက်သည်။ ၎င်းကို ဖတ်ရသည်။

21.7.66

သန္နိဋ္ဌာပက ဆက်လုပ်သည်။ တော်အောင်လျော်အောင် လုပ်နေသည်ဟု အထင်ရောက်နေသူ ဘုန်းကြီးတပါးအား တော်အောင်လျော်အောင် မလုပ်ကြောင်း သိအောင် လျှောက်ထားလိုက်ရသည်။

"မဟာဂီတ ဦးပြုံးချို သဘော်ကလေးလုပ်၍ ရေထဲတွင် လွှတ်ပြရာ ဗမာပြည် ဘုရင်ခံအိမ်က ခေါ်၍ လိုင်စင်မရှိသဖြင့် မလုပ်ရ"ဟု တားမြစ်ကြောင်း ဦးလှသိန်းက ဟောသည်။ သူ့ကျွန်ဘဝ၏ မလွတ်လပ်မှုတရပ် ဖြစ်သည်။

ယနေ့ ယဉ်ပုံအပ်သော ဦးပဍ္ဍင်း ရောက်လာ၍ မောင်သုမင်္ဂလကို အခန်းထဲသို့ ခေါ်ထားလိုက်ရသည်။ ဦးပဍ္ဍင်းများ မကြေပ်တည်းစေလိုသဖြင့် ဖြစ်သလို စီစဉ်လိုက်ရခြင်း ဖြစ်သည်။ ဤမျှ ပရိသတ်ကို ကျွန်ုပ် မထိန်းလိုပါ။

22.7.66

သန္နိဋ္ဌာပက ရှေ့ပိုင်း လုပ်သည်။ ပြီးသောအခါ မူလ စာပြည့်သို့ သွား၍ စာပြည့်သည်။ ၇-ပုဒ်ပြီးသည်။

သာလွန်နှင့် ကျော်စွာ လက်ထက် တောင်ဖီလာ(ဥပါလိ)ဆရာတော်၏ သစ္စာပြုပုံကို ဦးထွန်းသိန်းက ဟောသည်။ ရန်ကုန် နာဂလိုဏ်ဂူအနီး (--)၏ သစ္စာပြုပုံကိုလည်း ဟောပြသည်။ သစ္စာစွမ်းရည် ထက်မြက်သည်မှာ ကဋ္ဌဝါဟနဇာတ် မဟာဝက္ကလ စူဠဝက္ကလဇာတ်တို့ဖြင့်လည်း ထင်ရှားပြသည်။ ဦးလှသိန်းက မောင်ပြေ မယ်ပြေ (မောင်ပုဏ္ဏက မယား ဘာရိကာ)ကို ဟောသည်။ အတွဲ(၁၂)ကို အက္ခရာဝလိ ပြန်စဉ်၍ ပြီးသည်။ ပရိယတ္တိဗိမာန်အတွက် ငွေ(၉၀၀၀)ကျော် လက်ငင်းရသည်။ ပဋိညာဉ်ပေးထားသော ငွေပါ ပေါင်းက (၁၀၀၀၀)ကျော်သည်။ ချီးကျူးစရာပါပေ။

23.7.66

အတွဲ(၁၂)ကို အက္ခရာဝလိ စဉ်ပြီး၍ သဒ်(သဒ္ဒမ္မ)ထံ အပ်လိုက်သည်။ ၂၂-ပုဒ်ပြီးသည်။

ချောင်းဦးဆရာတော် နေမကောင်း၍ တောင်တိုက် (တိုက်သစ်ဦးသိရိန္ဒ) ဘုန်းကြီးနှင့် သွားမေးကြသည်။ (တိုက်ဟောင်းကို မြောက်တိုက်၊ တိုက်သစ်ကို တောင်တိုက်-ဟု ထိုစဉ်က ခေါ်ကြသည်) ဒူးရောင်ခြင်း ဖြစ်သည်။ ကြုံ၍ လိုက်မေးခြင်း ဖြစ်သည်။ သွားရင်းကိစ္စကား မရေမရာ ပြီးခဲ့ရသည်။ "လူလို သိသူနှင့် လူလို မသိသူ ပေါင်း အလုပ်လုပ်ရလျှင် လူလို သိသူက အမြဲနစ်နာသည်"ဟု တောင်တိုက် ဘုန်းကြီးအား လျှောက်လိုက်ရသည်။ "ဘဝထိုထို၌ လူလို မသိသူများနှင့် လွဲ၍ လူလို သိသူများနှင့်ချည်းသာ ပေါင်းသင်းဆက်ဆံရပါလို၏"ဟု ဘုရားဝတ်တက်တိုင်း ဆုတောင်းမိပါသည်။ လူလို သိ၍ ကိုယ်ချင်း

စာတတ်သူချည်းဖြစ်လျှင် ကမ္ဘာလောကကြီး နေရသည်မှာ ပျော်စရာ။ နိဗ္ဗာန်ကိုပင် ခပ်ဆိုင်းဆိုင်းမှ လိုခြင် ပါသည်။

24.7.66

ယဉ်ပုံအား seventy ခေတ္တပေးလိုက်သည်။ ၁၁-ပုဒ်ပြီးသည်။

ညပိုင်းတွင် ယဉ်-ပိ-တို့နှင့် ထွေရာလေးပါး ပြောရာမှ ဝိ(ဝိနယနယပူဒေသ)ဘုန်းကြီးအား (၁၂၉၄-ခုက) ကျောင်းထိုင်တင်ပုံ ကြားရသည်။ မန်လည်ဆရာတော်ဘုရားကြီး အကြောင်းကိုလည်း ဝန်ထောက်နှင့် ကတော်တို့ လာပြောပြ၍ ပိုသိလာရသည်။ ပျံလွန်တော်မူစဉ်က (၁၅)ရက်တိုင်တိုင် ပွဲကျင်းပ၍ မဏ္ဍပ်တလုံးလျှင် ဆရာတော်အလောင်းကို (၂)နာရီသာ ပူဇော်ခွင့် ပေးနိုင်သည်ဟူ၏။

25.7.66

ပရိယတ္တိလက်မှတ် ဆက်ကပ်ပွဲ၌ မလွန်ပဒေသာမှတပါး အားလုံး ပဒေသာပင်များ တန်ဘိုးများစွာ ကျဆုံး၍ စိတ်မကောင်း။ ကျွန်ုပ် နှစ်ကြိမ်တိတိ ဆက်ပေါက်ခဲ့သော စာတိုက်တန်း ပဒေသာပင် ထက်ဝက်ခန့် လျော့သွားပေသည်။ ပင့်သံဃာများကလည်း အခမ်းအနား ပြီးသည့်တိုင်အောင် ၄-၅-၈ ပါးသာ ကျန်သည်ဟု သိရသဖြင့် များစွာဝမ်းနည်းမိ၏။

သာစည် (မုံရွာနယ်) ဦးဇောတိကနှင့် တွေ့၍ သူ့ထံတွင် ဇာတ်နိဿယများ ရှိသေးကြောင်း အလိုရှိလျှင် ပို့လိုက်မည့်အကြောင်း ပြော၍ ဝမ်းမြောက်လှသည်။

အမူးသမားတယောက် မူးပြီး ငွေ(၇၀၀၀)ခန့် ပါသော လွယ်အိပ်ကို ခေါင်းခုအိပ်နေစဉ် အရက်ရောင်းသူက သက်သေများရှေ့တွင် ယင်းလွယ်အိပ်ကို သိမ်းဆည်း၍ အမူးပြေမှ ပြန်အပ်လိုက်ရကြောင်း မောင်မဲ၏ ဆောင်းပါးကို ဖတ်ရသည်။ အမူးသမားများ သံဝေဂရဖွယ် ကောင်းလှ၏။

26.7.66

၁၅-ပုဒ်ပြီးသည်။ တောင်ပြင် (ထီးလင်းတိုက်) ဦးဇောတိကထံမှ ဟိတောပဒေသနိဿယ ငှါးခဲ့ကြသည်။ ဟန္တီစကားပြောသင် စာအုပ်လည်း ငှါးခဲ့သည်။ သူ အိန္ဒိယနေစဉ်က မိုင်(၂၀၀)လောက် ဝေးသော ခရီးပင် စရိတ်(၅၀)ကျော်ကျော်သာ ကုန်သည်ဟု သိရသည်။ နှစ်နှစ်နေခဲ့ရာ (၂၄၀၀)ကျော်ကျော် ကုန်သည်ဟု သိရ၏။ သူတို့မှာ ကျောင်းသားလက်မှတ်ရ၍ ပိုဈေးသက်သာခြင်း ဖြစ်သည်။ ရိုးရိုးခရီးသည်များလည်း မိုင်(၂၀၀၀)မျှ ဝေးသော ခရီး၏ အသွားအပြန်စရိတ်မှာ (၉၀)ခန့်သာ ကျသည်ဟူ၏။ ဆန်မှုကား ဈေးကြီးလှသည်။ လူတယောက် ဆန်(ဂ)ဘိုးမျှ ကုန်မှ ဝလိမ့်မည် ထင်သည်။ အလုပ်သမားဈေးလည်း ပေါလှသည်။ ထမင်းချက်နှင့် ဗာဟိယအတွက် (၂၀)မျှ ပေးလျှင် ရတော့သည်။

27.7.66

(စ/င)ရုံးတွင် ကိုလှသော်ဆိုသူနှင့် တွေ့၍ ကားကိစ္စနာမည်ပြောင်းပေးရန် မေတ္တာရပ်ခံသည်။ ကျွန်ုပ်မှာ ပြောသည်ဆိုရုံမျှ အဖြည့်အစွက်သာ ပြောပါသည်။ ယဉ်ပုံက ပို၍ ပြောခြင်းဖြစ်သည်။ ကိစ္စနှင့်

ပတ်သက်၍ ယဉ်ပုံလောက်လည်း မသိပါ။ သို့အတွက် ဖြည့်စွက်သင့်သော ကိစ္စကိုသာ ဖြည့်စွက်ခြင်း ဖြစ်ပါသည်။ ကိုလှသော် အကဲခတ်ရသည်မှာ ပြောသမျှ (မကောင်း၍) ကွယ်ရာတွင် ထင်ရာလုပ်တတ်သည့် လူစားမျိုး ဖြစ်ဟန်ရှိသည်။ လူအမှုတွင် ဝင်စွက်ရခြင်းကလည်း မကောင်းပါ။ အားနာ၍ လိုက်ရခြင်း ဖြစ်သည်။

ယဉ်ပုံတွင် မီးချောင်းများ လူခိုးခံရကြောင်း သိရသည်။ ၁၅-ပုဒ်ပြီးသည်။ ဟိတောပဒေသကို နိဿယ ယနေ့ စတိုက်သည်။ တချို့သော အနက်များမှာ ဝေါဟာရကိုက်ရုံသာ ပြန်ထားခြင်း ဖြစ်ဟန်ရှိသည်။ သဒ္ဒါနက် ကြံမရပါ။ ဋီကာမရှိ၍လဲ သဒ္ဒါနက်ကို အကဲမခတ်နိုင်ပါ။ ဥ၊ (အုံ)မှ အ-ဥ-မ ဗိဿနိုး သိဝ ဗြဟ္မာ ဒေဝနတ်သုံးယောက်၏ ကိုယ်စားလှယ် ဖြစ်သည်။ ကျွန်ုပ်တို့ ရွတ်သမျှ ဥံသည် ဟန္ဒီနတ်များကို တိုင်တည်ခြင်းပင်။

28.7.66

၉-ပုဒ်ပြီးသည်။ ကာယဝိဝေကဟူသော ပုဒ်ခက်တခု ပါ၍ အပြီးနည်းသည်။ ရွာကားလမ်း ပြင်ဆင်ကြသော သတင်းကို လူထုတွင် တွေ့ရသည်။ ဦးချစ်ပိုက ထမင်းကျွေးမွေး၍ ကုသိုလ်ပြုသည်ဟူ၏။

ဦးပဏ္ဍဝံ လာ၍ သူ မြစ်သားကို ဝါဆိုမည့်အကြောင်း ပြောသွားသည်။ သူ့ဆရာဘုန်းကြီးက ဝိသုဒ္ဓါရုံမှ မပြောင်းစေလို၍ တားသည်။ မရသဖြင့် အကြပ်ကိုင်၍ ဝင်မကောင်း ထွက်မကောင်း စကားများကို ဆို၍ တားသည်ဟူ၏။ ဝင်ကောင်း ထွက်ကောင်း ဖြစ်အောင် ဆက်ဆံပြီး ထွက်သွားရသည်က နှစ်ဦးနှစ်ဘက် အကျိုးရှိမည်ဖြစ်ကြောင်း အကြံပေးလိုက်ရသည်။

29.7.66

၂၈-ပုဒ်ပြီးသည်။ ကာယဝိသယပုဒ်ကို ရေးထားသော အနက် မကြိုက်လှသေး။

ညဘက်တွင် ယဉ်ပုံအိပ်၍ ယဉ်ပုံအား အားပေးစကား ပြောရသည်။ ဖြစ်ပေါ်နေသော ကိစ္စသည် မကြာမီ ပျောက်ပျက်သွားမည်ဖြစ်ကြောင်း, ဘယ်မှ သွားနေရန် မလိုကြောင်း စသည်တို့ ဖြစ်သည်။ ကျွန်ုပ်မှာ သွားသင့်လျှက် ကိစ္စရှိသဖြင့် မသွားဘဲ နေမိသည်။ လိုက်ခေါ်မှ သွားခဲ့ရသည်။ ကျွန်ုပ်၏ ချွတ်ယွင်းချက်ဖြစ်သည်။ သူ့အတွက် ဘေးက ထိုးနှက်ချက်ကလည်း ခရီးမရောက်စေကာမူ အတော်ပြင်းထန်နေသည်။ သို့သော် ကြောက်စရာ မဟုတ်ပါပေ။

30.7.66

၁၃-ပုဒ်ပြီးသည်။ ညတွင် ယဉ်ပုံမှာ အိပ်သည်။ Ba htay disturbed happened ease ဟု သိရသည်။ အလုပ်ထဲ ရှုပ်ပွေသောသူကို partyဝင် ခန့်၍ နေရာတကာ လိုက်ရှုပ်နေဟန် ရှိသည်။ ယဉ်ပုံ သောကဖြစ်လွန်းနေ၍ ဟိတောပဒေသလာ --- ဂါထာကို ရွတ်၍ ရယ်ဘွယ်လည်းဖြစ် သောကလည်း ဝေးအောင် ပြောပြရသည်။ သောကဆိုတာ လူမိုက်မှ ဖြစ်တတ်သည်။ ပညာရှိမှာ သောက မဖြစ်ဟူ၏။

၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်)

၁၀-ပုဒ်ပြီးသည်။ မန်လည်ဆရာတော် တရားဟောနေစဉ် ဦးလူကြီးဆိုသူ လူဝကြီးတယောက်က ပူအိုက်လှသဖြင့် အင်္ကျီချွတ်၍ ယပ်ခပ်နေရာ မန်လည်ဆရာတော်က "ဟဲ့ကောင်ကြီး ရိုင်းလှပါလား"ဟု ပရိသတ်လည်တွင် ဆုံးမဘူးသောကြောင့် နယ်တဝိုက် ပုဂ္ဂိုလ်များသည် တရားနာစဉ် ယ္ခုထိ မရှိမသေ မနာကြဟု ဝန်ထောက်မင်းက ပြောပြ၏။

---

၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်၊ တနင်းလာနေ့ (၁၃၂၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်)

န-ဗု-သမှ လှူဒါန်းသော သင်္ကန်းတစုံ ရ၏။ ကျွန်ုပ်တို့ ခန်အဖွဲ့မှ ရေးပြီး ပုဒ်များကို ဖြစ်ကတတ်ဆန်း ရေးသည်ဟု ဇမ္ဗူဒီပမှ ဥာနမှူးက စွပ်စွဲချင်သရောင်ရောင် ဖြစ်ကြောင်းကို ရန်ကုန်မှ ပြန်လာသူများထံမှ သိခဲ့ရသည်။ ပုဒ်စုကို ကြည့်လျှင် ဖြစ်ကတတ်ဆန်း ရေး/မရေး သိသည်ဟု ကြွားတားတား ပြောလိုက်သည်။ ဒီက သာအူကိုယ်စားလှယ်ကလဲ ဂေါင်းညိမ့်ခဲ့ဟန် ရှိသည်။ ဒါကို ကြောက်သလားဟု ကျွန်ုပ်က ခပ်ရိုင်းရိုင်း မေးလိုက်သည်။ ပုဒ်များက အမှားအယွင်း ပါမည်ကို ဝန်ခံပါသည်။ ကျွမ်းထိုးမှောက်ခုန် လွဲသောပုဒ်ကား နည်းလိမ့်မည်ဟု ထင်သည်။ အထူးအားဖြင့် ကျွန်ုပ်တို့အဖွဲ့မှ အပြီးမြန်သည်ကို မနာလိုကြ၍ အမှားများသည် အနက်ကြသည် စွပ်စွဲချင်ကြသည်။ နဂိုရ်က လူ့သဘာဝအရ ဤသို့ စွပ်စွဲကြမည်ကို သိ၏။

2.8.66

မစိုးရိမ်တွင် ဝါဆိုသံဃာ ၂၇၃-ပါး ရှိသည်။ မနှစ်ကထက် တိုးတက်လာသည်။ ကျွန်ုပ်မှာ ယဉ်ပုံတွင် ဝါဆိုသင်္ကန်းကပ် တရားဟော ချထားသဖြင့် အချိန်တိုက်နေ၍ ဝါဆိုချိန်တွင် ဝါမဆိုရ။ ည ဘုရားဝတ်တက်မှ ကျောင်းသံဃာများထံ ဝါဆိုရသည်။ ကျွန်ုပ် သိမ်ထပ်ထားသော ရဟန်းအမက ကျွန်ုပ်ကို မမှတ်မိသည်မှာ သဘောကျလှသည်။ သဟသောကီ သဟနန္ဒီ မဖြစ်ဘို့ အခြေခံအကြောင်း ခိုင်လုံခြင်းပင်။ သက္ကဒါနသုတ်ကိုပင် ဟောခဲ့ရသည်။ ဟောရသည်မှာ မကျေနပ်။ မြန်လွန်းသည်ကို သတိပြုမိသော်လည်း ပရိသတ် ညောင်းမည် စိုးရိမ်သဖြင့် မြန်မြန် ဟောလိုက်ရသည်။ မည်မျှ ဟောစေကာမူ ပုဂ္ဂိုလ် မခင်က တရားကို မင်မည်မဟုတ်။ မောရုံသာ။ သို့သော် တဦးတယောက် နားလည်သဘောပေါက်လျှင် ဟောရကျိုးနပ်သည်။

3.8.66

ထေရီဌ္ဌာမှာ ကျနေသော ကာယသင်္ဂါတ တပုဒ်သာ ရေးသည်။ တိုက်စာမေးပွဲအတွက် ပုစ္ဆာရိုက်ခြင်း စသော ပရိကံများကို ပြုနေကြ၍ ခန် မရေးကြ။ စာမေးပွဲအတွက် ပရိကံ ပြုကြမည်ကို ဘယ်သူမှ ကြိုတင် အကြောင်းမကြား။ စာရေးရန် တက်သွားမှ လာပြောသည်။ ဒါသည်ပင် ခေါ်တာ မဟုတ်, ပြောရုံမျှသာ။ လုပ်နေသော ပုဂ္ဂိုလ်လေးနှစ်ပါးကလဲ ထင်ပေါ်မှုကို လိုလားသရောင်။ ဒီလို အူချောင်ချောင် ပုဂ္ဂိုလ်များ ကမ္ဘာ(မှာ) ရှိသ၍ ဒီကမ္ဘာကြီးသည် လုံးခြာလိုက်နေအုံးမည်သာ။

အသုံးမကျသော ပုဂ္ဂိုလ်တဦးက ဇမ္ဗူဒီပမှ ကြွားတားတားသူထံ ခါန်လုပ်ငန်းနှင့် ပတ်သက်၍ မေးမည်ဟု သိရသဖြင့် တိုက်အတွက် ဝမ်းနည်းမိ၏။ ဒီအသုံးမကျသောသူမှာ ကိုယ့်ကိုယ့်ကို ဘဝင်မြင့်လိုက်သည်မှာလည်း ပြောစရာ မရှိတော့။ အချင်းချင်းကား မဆွေးနွေးချင်, ဇမ္ဗူဒီပကိုမှ အဝှါပြုချင်ကြသည်မှာ ခက်လှ၏။ သဂြိုဟ်နှင့် အဘိဓမ္မာ သမိုင်းချုပ် စာအုပ်ကို လက်ခံရရှိသည်။ ပုဂ္ဂလိက အသုံးပြုရန် ဖြစ်၏။ ကျွန်ုပ်တို့ တိုက်မှ ပုဒ်များကို ဖြစ်ကတတ်ဆန်း လုပ်သည်ဟု ဂန္ထရှေ့မှာ မပြောဟု သိရ၏။

4.8.66

ဝိနည်းစာမေးပွဲ ပါဠိကျောင်း (တစောင်ဌာန)သို့ သွားကြီးကြပ်နေရသဖြင့် ခါန် မရေးသားရ။ သံဃာ(၆၀) စာရင်းပေးထားသော်လည်း (၅၂)ပါးသာ ဖြေသည်။ ဝတ်ကြေတမ်းကြေ ဖြေသူများကလည်း ပေါလှသည်။ ဆင်းရဲဒုက္ခခံ၍ လုပ်ပေးသူများကိုမှ အားမနာ။ ဖြစ်ကတတ်ဆန်း ဖြေဆိုကြသည်။ သာသနာစိတ်လည်း တော်တော်နည်းပါးကြဟန် ရှိသည်။ ဆရာသမားများက အဆုံးအမနည်း၍ ကိုယ်အမူအရာများလည်း ရိုင်းလှသည်။ ဘုရားရှေ့ သက်တော်ကြီး ဘုန်းကြီးများရှေ့ ဖြစ်စေကာမူ ခြေထောက်ကို မိုးထောင်၍ ဖြေကြသည်။ သက်ကြီးဘုန်းကြီး လာသည့်ခိုက်မှ ရိုသေသောအားဖြင့် ခြေထောက်ကို ချထားရမှန်း မသိရှာကြ။ သနားစရာ ကောင်းလှ၏တကား။

5.8.66

စာမေးပွဲ စောင့်ကြပ်နေရ၍ ခါန်ကို မလုပ်ရပေ။ မောင်ညွန့်(ဦးကောသလ္လ)က ငွေ thirty လာ၍ ဆပ်သည်။ ယဉ်ပုံကလဲ seventy လာဆပ်သည်။ မရှိခင် ခေတ္တယူ၍ ရှိက ချက်ချင်းပြန်ဆပ်သည်မှာ အလွန်ကောင်းသော စည်းကမ်း ဖြစ်သည်။ သည်လို စည်းကမ်းကို ထိမ်းသိန်းထားသူအား မည်သူမဆို ချေးငှါးရမှာ ဝန်မလေးပေ။ အလိုရှိစဉ် ချေး၍ မိမိလက်ထဲ ငွေ အဆင်ပြေနေစဉ်လည်း ပြန်မပေးချင်ကြသူများကိုသာ ချေးငှါးရမှာ ဝန်လေးကြသည်။

6.8.66

eighty five ကို လက်ခံရရှိသည်။ ဇူလိုင်တွက် ဖြစ်သည်။ ပုစ္ဆာစစ်ဆေး အမှတ်ပေးနေရ၍ ခါန်ကို မလုပ်ရ။ ကျွန်ုပ်တို့အဖွဲ့မှ (၇)လတွက် (၆၈၇၉)ပုဒ် ပြီးသည်။ ဤသည်မှာ ကမ္ဘာအေး ဇမ္ဗူဒီပစံချိန်ကို အပြတ်အသတ် ချိုး5(ဖိုက်)လိုက်ခြင်း ဖြစ်သည်။ ဤမျှ ပုဒ်ရေများစွာ ပြီးနေတော့လဲ သူတို့ အပြစ်ရှာစရာက "ဖြစ်ကတတ်ဆန်း လုပ်သည်"ဟူသော တမျိုးသာ ရှိရှာတော့သည်။ ဒါကို စောစီးစွာ ကြိုတင်သိပြီးဖြစ်၍ ပြောသော်ငြား မဖြုံပါ။

7.8.66

receive five ks from Mahanayaka. ပုစ္ဆာစစ်ပြီးများကို အမှတ်ပေါင်းစသော စာမေးပွဲကိစ္စများ လုပ်နေရ၍ ခါန်လုပ်ငန်းကို မစနိုင်သေးချေ။ စာမေးပွဲ ဦးပဉ္စင်းများကလဲ ဘဲဥ ကြက်ဥက များသည်။

ကြိုးစားမှု နည်းသည်။ မမှားသင့်သော ပုစ္ဆာများကိုပင် စာချတန်းသမားများ မှားကြ၍ အလွန်ရီစရာ ကောင်းလှသည်။ အခြေခံ ညံ့ဖျင်းမှုပင်။

8.8.66

တိုက်စာမေးပွဲ ဂေဇက်ထုတ်နှင့် စာဝါများ စီစဉ်နေကြ၍ ဓာန်ကို မစရသေး။ သင်္ဂဟတွင် အမှတ်(၁၀၀)ရသူ ပါရှိ၍ အံသြစရာ ဖြစ်ဟန် ရှိသော်လည်း ပုစ္ဆာကို ကြည့်က မည်သူမျှ အံသြသည်မဟုတ်။

ဘေဒစိန္တာ ရေးသူ၏ ဆရာတော်က သဒ္ဒါ အခေါက်ခေါက် ချအပြီးတွင် တပည့်များအား သဒ္ဒါကျမ်း တစောင်စီ အရေးခိုင်းရာ တခြားတပည့်များက ကြိုးကြား အားလပ်ချိန်တွင် ရေး၍ ဆွမ်းခံကြွစဉ် ဘေဒစိန္တာ ရေးသော ဆရာက တပါးပုဂ္ဂိုလ်များ ရေးပြီး စာမူများကို ခိုးကြည့်၍ သူ့ကျမ်းတွင် အကုန်ထည့်သည် ဟူ၏။ ထို့ကြောင့် ဘေဒစိန္တာမှာ စုံလင်သော်လည်း အစီအစဉ် အမြီးအမောက် မတည့် ဖြစ်ရသည်။ တခြား ကျမ်းများမှာ မစုံ၍ မီးရှို့ခံရသည်ဟု ပိ(ပိဋက)က ဆရာစဉ် မှတ်လာသည်ကို ပြောပြ၏။

9.8.66

စာဝါများ ကြော်ညာ ယနေ့ ထွက်သည်။ စာရိုက်ရာ၌ ကျွန်ုပ် မသွားပေ။ အလုပ်ရှိသဖြင့် အဓိပ္ပါယ်မဲ့ အချိန်မကုန်စေလို၍ ဖြစ်သည်။

ညတွင် ယဉ် ပိ ဣ တို့နှင့် လူငယ်များ အုပ်ချုပ်ရေးကို မိမိ အတွေ့အကြုံများအရ ပြောပြကြသည်။ ဝါဦးတွင် ပြောကြသော မိန့်ခွန်းများကိုလည်း အသီးသီး ဖောက်သည်ချကြသည်။ တကျောင်း တဂါထာ တရွာ တပုဒ်ဆန်း ဆိုသလို မှတ်သားဘွယ်များလည်း ပါပါသည်။ လူကြီးဖြစ်သည်မှာ ဝါမရင့်ကြသေး၍ ပြောမှားဆိုမှားလည်း တခါတရံ တွေ့ကြရသည်။

10.8.66

ကာယသင်္ခါတဝတ္ထု တပုဒ်သာ ရေးနိုင်သည်။ ကာယသင်္ခါရမှာ ကျမ်းညွှန်းများ၍ ရှာဖွေရသည်ပင် မပြီးနိုင်။ သူတို့ ကျမ်းညွှန်းတွင် မပါသော အဖွင့်သစ်ကောင်းများကိုလည်း တွေ့ရသည်။ ကျမ်းညွှန်း မစုံသေးသည်မှာ ဤပုဒ်တွင် ပို၍ သိလာရသည်။ သီဟိုဠ်သုတေသန --ကြီး၏ အကြံပေးချက်ကို ယနေ့ ဖတ်ရသည်။ နောင်ဆိုလျှင် ပုဒ်ထုတ်မည့်သူပင် ရှိမည်မဟုတ်၍ နံပါတ်များ စုံစုံ ထည့်ပေးရန် ပါသည်။

ဦးလှမောင်က "ဒီနှစ် (သကျသီဟ)ကျမ်းပြီးနှစ်ပါးကို အဖွဲ့ထဲ သဘောတူက ထည့်ပေးရန်, ထည့်ကလဲ အကြောင်း အမြန်ပြန်ကြားရန်" ဂန္ထအား လျှောက်လိုက်သည်ဟူ၏။ ယ္ခုထိ ဂန္ထက မပြောသေးသည်မှာ စဉ်းစားစရာ ကောင်းသော အကြောင်းတရပ် ဖြစ်သည်။ ဆရာတော်ကြီးကလဲ ဤပုဂ္ဂိုလ်နှစ်ယောက် အတွက် အဖွဲ့ထဲ ထည့်ရန် ဂန္ထအား ပြောပြီး ဖြစ်သည်ဟု သိရသည်။

11.8.66

ကာယသင်္ခါရ အပါအဝင် ၈-ပုဒ်ပြီးသည်။

အဋ္ဌသာလိနီ စချသည်။ တတ်စွမ်းသမျှ အားထုတ်ပြောရန် သန္နိဋ္ဌာန် ချထားလိုက်သည်။ ဘာပဲ ဖြစ်ဖြစ် စေတနာရှိက ယင်းစေတနာရဲ့ ရောင်ပြန်အကျိုးသည် မုချခံစားရပေမည်။ ဖြစ်ကတတ်ဆန်း လုပ်လျှင် ဖြစ်ကတတ်ဆန်း အကျိုးသာ ပေးပေမည်။ များစွာသော လူများမှာ ဖြစ်ကတတ်ဆန်း လုပ်ချင်စိတ်က အားကြီးကြသည်။ သို့အတွက် အကျိုးပေးရာ၌ ထက်ထက်သန်သန် အကျိုးမပေးခြင်း ဖြစ်ရပေမည်။

12.8.66

၁၈-ပုဒ်ပြီးသည်။ ညတွင် တိုက်သစ်ဘုန်းကြီးက ခေါ်၍ အသစ်နှစ်ပါးကိစ္စကို ပြောသည်။ ဆရာတော်ကလဲ အခါခါ ပြောပြီးဖြစ်လျှက် (မဟာ)က အစည်းအဝေးခေါ်၍ မပြောသည်မှာ ဩဇာကျဆင်းခြင်းအကြောင်း ဖြစ်သည်။ တိုက်သစ်ဘုန်းကြီးကို ထပ်လျှောက်ဘို့ ဆရာတော်က ပြောထားသည်ဟု သိရ၏။ (မာ)၏ နောက်နောက်က ပြုလုပ်ဘူးသော ဇာတ်ရှုပ်ကိုလည်း သိထားရ၏။ (ပိ)ကို ခေတ္တတားထားရန်လည်း ပြောလိုက်သည်။ မိမိ၏ နောင်ရေးကို ပြောသည်။ သူများ မကောင်း ကိုယ်က လိုက်တုပြီး မကောင်း၍ မဖြစ်ကြောင်း အမိန့်ရှိသည်။ လက်ခံပါသည်။ သို့သော် မကောင်းသူကို တိုက်ထုတ်ရန် မဟုတ်, ကောင်းအောင် ပြုပြင်ယူရန်သာ ဆန္ဒရှိသည်။

13.8.66

၁၉-ပုဒ်ပြီးသည်။ ဒါယကာနှစ်ယောက် ရောက်လာ၍ သတင်းစာမှ စာဝါစာရင်းအရ စာချနာယကများအား နဝကမ္မဝတ္ထုငွေ(၃၀၀) လှူဒါန်းသည်။ မဟာက "အသစ်နှစ်ပါးအတွက် အစည်းအဝေးခေါ်မည်" ဟု ကတိပေးလိုက်သည်ဟူ၏။ တော်ပေသေးသည်။ ဩဇာကြမည့် လမ်းစဉ်ကို မလိုက်မိရှာပေ။ ဒါသည်ပင် နောက်ကျသည်။ တာဝန်တင်လာသည်မှာ ရန်ကုန်က ပြန်လာကတည်းက ဖြစ်သည်။ အကြောင်းစုံ သိကြပါမူ ဩဇာကျနိုင်လောက်ပေသည်။ အကြောင်းစုံ သိသူ ရှား၍ သက်သာရာ ရရှာပေသည်။

14.8.66

အသစ်နှစ်ပါး (သကျသီဟအောင် (ဦးပညာဝံသ ဦးတိလောက) ၂-ပါး အဘိဓာန်ပြုစာရင်း) သွင်းရန် သဘောတူကြ၏။ ဌာနကို စာပေးရန် ဝန်ခံသည်။

၁၄-ပုဒ်ပြီးသည်။ အခြေခံစာပြုအဖွဲ့မှ ကတိကဝတ်စည်းကမ်းဆွဲ သဘောတူ စည်းဝေးဆုံးဖြတ်ကြသည်။ ဒီစည်းကမ်းကို နာယကကြီးဆိုသူများက သူတို့ အကျိုးကိုလည်း လုံးဝ မထိခိုက်ပါပဲနှင့် မကောင်းဟု ပြောကြသေးသည်။ အသုံးမကျဆုံးမှာ (မာ)ဖြစ်သည်။ ဒီလူ့မှာ စည်းကမ်းတကျဖြစ်မည့် ကိစ္စကို ကြောက်တတ်သူ ဖြစ်ဟန်ရှိသည်။ မဟာကလဲ အဓိပ္ပါယ်မဲ့ ဆင်ခြေတက်သေးသည်။
ထင်း(၂၀၀) ဝယ်ကြ၏။

15.8.66

၁၄-ပုဒ်ပြီးသည်။ ညတွင် ဂန္ထဆရာတော်က ပရိ(ပရိယတ္တိ)ကျောင်းမှာ ခေါ်၍ ဘဏ်ကို သွားပြီး တိုက်သံဃိကငွေများကို ပရိ(ပရိယတ္တိ)ဘုန်းကြီးနှင့် နှစ်ပါး တာဝန်ခံအဖြစ် လက်မှတ်ထိုးရန် ခေါ်

ပြောသည်။ နာယက ရန်ပုံငွေကို သဒ်(သဒ္ဓမ္မ)နှင့် သုတ္တန္တတို့က လက်မှတ်ထိုးကြမည် ဖြစ်သည်။ ကျွန်ုပ် နာယကဖြစ်သည်မှ စ၍ တိုက်သံဃိကငွေကို ယွှ တကြိမ်သာ လူငယ်များကို အသိပေးဘူးသေးသည်။ လူကြီးများ၏ ချို့ယွင်းချက်။

ဝိ-ယဉ်-တို့နှင့် ဓမ္မ(၂)က ဒဏ္ဍဝဂ် ဝိသာခါကို -နှင့် ဥပုသ်သည်မတစုအား ဟောသော "ယထာ ဒဏ္ဍေန ဂေါပါလော" စသော ဂါထာအစချီ တရားကို ဥပုသ်ဇရပ် ဟောရန် ရေးကြသည်။

16.8.66

ယဉ်ပုံဓမ္မာရုံတွင် သီလပေး ရေစက်ချရုံသာ ပြုလုပ်ခဲ့ရသည်။ တရား မဟောခဲ့ရ။ ဘဏ်ကို (၁၀)နာရီ သွားရန် နာယကကြီးနှင့် ချိန်းဆိုထား၍ အချိန်မရသောကြောင့် ဖြစ်သည်။

နာယကရန်ပုံငွေ စာအုပ်ကို (၂၃)ရက်နေ့၌ လဲရန် စာရင်းပေးခဲ့ရသည်။ တိုက်သံဃိကငွေကို လျှောက်လွှာတင်ပြီးမှ နာမည်တဦး ရေးထိုးရမည်ဆိုသဖြင့် ပြန်ယူခဲ့ရသည်။ နာယကရန်ပုံငွေကို စာအုပ် ပြောင်းပြီးမှ နာမည်လဲလှယ်ရန် လျှောက်လွှာတင်ရမည်ဟူ၏။

ဂန္ထက ခန်ရေးသားနေစဉ် တရားဟောကွက် ကောင်းသောပါဠိ တွေ့က အမှတ်သားထားရန် အကြံပေးသည်။ အင်မတန် ကောင်းသော အကြံပေ။

17.8.66

၁၄-ပုဒ်ပြီးသည်။ ပုဒ်စဉ်မတည့်၍ ရေးရသည်မှာ ခေါင်းရှုပ်လှသည်။ "ကေတော ကမ္မံ ကတ္ဟာန" ဂါထာကို အပ၊၁၊၃၇၆ သေလတ္ထေရ အပါဒါန်မှာ တွေ့ရ၏။

"ပညာသင်ရာ၌ ဖြေးဖြေးနှင့် မှန်မှန် သင်ကြရမည်"ဟု ဥပရိပဏ္ဏာသပါဠိတော်၌ ဘုရား ဟောတော်မူသည်ဟု ဆရာတော်ဘုရားကြီးက ပဌာန်းချစဉ် စာလိုက်သံဃာများအား ယနေ့ အမိန့်ရှိလိုက်သည်ဟူ၏။ စာချစဉ် သူက ဆေးလိပ် သောက်တတ်သည်။ ဒါကတော့ အသက်ကြီးပြီဖြစ်၍ အမောသက်သာမည် ထင်သဖြင့် သောက်ခြင်းဖြစ်သည်။ ဒါကို အတုမခိုးကြနဲ့ဟူ၍လဲ အမိန့်ရှိလိုက်သည်ဟူ၏။ မှတ်သားစရာ ကောင်းလှသည်။

အစာကို ကျေညက် ဝါးစားကြည့်ရာ ညနေပိုင်း၌ နေ့စဉ်နှင့် မတူသော ပေါ့ပါးဖြတ်လတ်မှုကို ထူးခြားစွာ ခံစားရပေသည်။

18.8.66

၅-ပုဒ်မျှသာ ပြီးသည်။ ကာယသုစရိတပုဒ်မှာ ကျမ်းညွှန်းများ၍ ခရီးမတွင်ကျယ်။ အဖွင့် တွေ့ရလှသည်မဟုတ်။ "ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ"ဂါထာကို သံ၊၁၊၂၂၉ ၌ တွေ့ရ၏။ ကောင်းတာ လုပ်က ကောင်းကျိုးပင် ပေးမည်ဖြစ်ကြောင်း တရားဟောဘို့ ကောင်းလှ၏။ အံ၊ဋ္ဌ၊၁၊၃၆၃-၄ ၌လည်း စေတနာသမင်္ဂီ စသည်ဖြင့် သမင်္ဂီငါးမျိုးကို တွေ့ရ၏။ ဝတ္ထုသာဓကနှင့်တကွ ပြထားသော ဥပဋ္ဌာနသမင်္ဂီ၏ ပြောင်းလဲနိုင်ပုံမှာလည်း ဗဟုသုတဖြစ်ဖွယ်ပင်။ မ၊ဋ္ဌ၊၄၊၈၇ မှာလည်း ၎င်းသမင်္ဂီငါးမျိုး ပါသည်။

19.8.66

၂၂-ပုဒ်ပြီးသည်။ အသစ်နှစ်ပါး စ၍ အလုပ်ဝင်ကြသည်။ နာယကကြီးများနှင့် တွဲ၍ အလုပ်လုပ်၏။

ညတွင် နန်းတွင်းကျောင်းသို့ ပိ ယဉ် ဒု တို့နှင့် သွားကြသည်။ ဘုရားစဉ် အနီးအနားတွင် ရှုပ်ပွေ၍ ဖုံ အလိမ်းလိမ်း ကပ်-သည်ကို ကြည့်ပြီး ဒကာဒကာမများက ဘုန်းကြီးကို သာသနာရေးမှာ ဂရုမစိုက် အလေးမထားဟု ဆုံးဖြတ်တတ်ကြကြောင်း, လူများသည် ပုထုဇဉ်များ ဖြစ်ကြ၍ ပုထုဇဉ်လို လုပ်ပြမှ သဘောကျတတ်ကြကြောင်း, ရိပ်သာများက ပုထုဇဉ်ကြိုက် လုပ်ပေးကြရကြောင်း ဟူသော စကားများမှာ လူရှုးသော်လည်း မှတ်ထိုက်သော စကားများ ဖြစ်ကြသည်။ သူ့ကို အကဲခတ်ရသည်မှာ အမြတ်မရလျှင် တဖက်သားကို အပေါင်းအသင်း လုပ်မည့်သူ မဟုတ်ပေ။ အမြတ်ရရေးအတွက် ပဌမ အရှုံးခံသူ ဖြစ် လိမ့်မည်။

20.8.66

၁၂-ပုဒ်ပြီးသည်။ ဒဿနသံသဂ္ဂ စသော သံသဂ္ဂ(၅)ပါးကို သံ၄။၁ အဘိ၄။၂ ဥဒါန၄ သုတ္တနိ၄။၁ စသည်တို့၌ တွေ့ရ၏။

မိန်းမများ၏ အကျင့်မှာ ကိုယ့်ကြောင်း တပါးသူနှင့် ကြာရှည်စွာ စကားထိုင်ပြောသည်ကို မကြိုက်။ ယောက်ျားချင်း ဖြစ်စေကာမူ မပြောစေချင်ကြ။ မိန်းမနှင့်ကား ဆိုဘွယ်ရာ မရှိပြီ။ ဝန်ထောက်ကတော်က ဝန်ထောက်မင်းအား အပြစ်တင်ခြင်းမှာလည်း ဤအကျင့်ကို မလွန်ဆန်နိုင်ရှာ၍ ဖြစ်သည်။ ကျွန်ုပ်တို့ အကြောင်း ပြောသော်လည်း ဦးတည်ချက်မှာ ကျွန်ုပ်တို့ကို မဟုတ်, တခြားကို ဦးတည်ခြင်း ဖြစ်သည်။

21.8.66

၃၃-ပုဒ်ပြီးသည်။ ကာယာဒိဒေါသဝဏ်ာပဂမကို စရိယာ၁၄ နိ ကူချပ် -တွင် တွေ့ရသည်။

ညပိုင်းတွင် ယဉ်ပုံသွားရာ မတွေ့၍ ပြန်မည်ပြုစဉ် မောင်တင်အောင်က ခေတ္တစောင့်ရန် မှာထားခဲ့ ကြောင်း ကျွန်ုပ် လာက သူ့ကို လာခေါ်ရန် မှာထားခဲ့ကြောင်း ပြော၍ စောင့်နေရသည်။ ဘဏ်သွားရန် ကိစ္စ နှင့် ကားကိစ္စ တိုင်ပင်ခြင်း ဖြစ်ပါသည်။

22.8.66

ကိုရင်အား ဖိနပ် လှူဒါန်း။ ၂၁-ပုဒ်ပြီးသည်။ တိုက်သံဃိကငွေအတွက် မိမိ၏ နာမည်သစ်ကို ထုတ် နိုင်ခွင့်ရှိသော တာဝန်ခံတဦးအဖြစ် ဖြည့်စွက် အသိအမှတ်ပြုရန် ဘဏ်ကို သွား၍ ပြောရသည်။ အသိ ဘဏ်အမှုထမ်းတဦး၏ အကူအညီကြောင့် လွယ်ကူစွာ ပြီးခဲ့ပါသည်။ ငွေစုစာအုပ်ကိုလည်း ပရိ(ပရိယတ္တိ) ထံ ညနေ ဘဏ်မှ ရောက်လျှင်ရောက်ချင်း အပ်လိုက်သည်။

ကားကိစ္စကိုလည်း ယဉ်ပုံနှင့် အတော် ကြာမြင့်စွာ သီးခံ၍ စောင့်ကြပါသည်။ မပေးချင်၍ ကပ်ထား သော ပစ္စည်းအတွက် လွယ်ကူစွာ ရရန် ဘယ်လောက် အပြောကောင်းစေကာမူ မလွယ်ပါ။

23.8.66

၃-ပုဒ်မျှသာ ပြီး၏။ ကာယာနုပဿနာမှာ ကျမ်းညွှန်းများ၍ ခရီးမတွင်ကျယ်လှ။ ကျမ်းညွှန်းများသော် အနက်မများ၍ ရှာဖွေရသည်မှာ မကိုက်လှ။

နာယကရန်ပုံငွေအတွက် စာအုပ်လဲလှယ်ရန်နှင့် နာမည်ပြောင်းရန် ဘဏ်သို့ သွားရသည်။ လွယ်ကူစွာ ရခဲ့သည်။ မဟာ(ဂန္ထ) ကိုယ်စား သဒ်(သဒ္ဓမ္မ)ကို လဲ၍ ထည့်ခဲ့သည်။ မဟာမှာ ကြီးပြီဖြစ်၍ ဘဏ်သို့ သွားရန် မသင့်လျော်သဖြင့် လဲခြင်းဖြစ်သည်။ အတိုးမှာ ဘဏ္ဍာတော်နှစ် ကုန်တိုင်း တွက်ချက်၍ စာအုပ်တွင် အရင်းအဖြစ် ထည့်ပေးသည်ဟူ၏။

မိုးရွာပြီးနောက် ဝန်ထောက်အိမ် သွားလိုသော်လည်း အချိန်နှောင်းသွား၍ မသွားဖြစ်။ စာရေး၍ (စာအုပ်)များကို စစ်ရန် ပေးခဲ့သည်။

24.8.66

ဥပုသ်နေ့ဖြစ်၍ အဘိဓာန်လုပ်ငန်း မလုပ်ပေ။ ကိုလှသော်တို့ လူသိုက် (၂၄)ယောက်ခန့်က ကိုမောင်ရွှေတို့ နေသော ခြံတွင် လာ၍ အဓမ္မဝင်ရောက်ပြီး ခြံကာခြင်း စသည်ကို ပြုလုပ်ရာ ဂါတ်က လာ၍ တားမြစ်ပြီး ကျူးကျော်သူများကို ဖမ်းဆီးသည်ဟု သိရ၏။ မြေမှုနှင့် ပတ်သက်၍ သူတို့လူစု တရားခံ ဖြစ်ကြပေတော့မည်။ လုပ်သင့်သော ကိစ္စကို မလုပ်၍ အမှားကို ကျူးလွန်မိကြခြင်း ဖြစ်သည်။ အေးအေး ဆေးဆေး ဖြစ်ရမည့် ကိစ္စမှာ ရုံးရောက်မှ ပြီးရပေတော့မည်။

ဆရာတော် (တိပိဋကဓရ) ဦးဝိစိတ္တက သာသနရိပ်သာ(စိန်ပန်း)တွင် သုသီမသုတ္တံကို ဟောသည်။ သာသနာ့ ဝန်ထမ်းများ ပစ္စည်းလေးပါး ပေါများကြသည်မှာ ဂီတိ(ကဗျာ)များဖြင့် လူထုကို ဆွဲဆောင်၍ ဖြစ်သည်။ ဒို့လည်း ရှင်ကြီး ဂေါတမထံမှာ ဂီတိ(ကဗျာ)အတတ်ကို သင်၍ ဆွဲဆောင်လျှင် သူတို့လို ဖြစ်နိုင်ရာသည်ဟု ပရိဗိုဇ်များက ဆုံးဖြတ်၍ သုသီမအား ဘုရားရှင်ထံ ပညာသင် လွှတ်ရာ အရဟတ္တဖိုလ် ဆိုက်သော သုတ္တန် ဖြစ်သည်။

25.8.66

၂၉-ပုဒ်ပြီးသည်။ ဝိသုဒ္ဓိ၊ဋ္ဌ နိ ဒုအုပ် ၃၇၅ မျက်နှာတွင် ဉာဏ်(၁၀)ပါး စတုဝေသာရဇ္ဇဉာဏ်(၄)ပါး အသာဓာရဏဉာဏ်(၆)ပါး သရုပ် ပါ၍ သုမင်္ဂလအား သပ်သပ်ရပ်ရပ် ကူးခိုင်းရသည်။ ဘုရားဝတ်ပြုဘို့ ကောင်းသော ဂါထာများပါပေ။

ညပိုင်းတွင် ဦးပညာနှင့် ဦးတိလောက လာ၍ မောင်တိ အဋ္ဌကထာဆရာ စကားများကို တချို့နေရာ ကြွားလွန်းသည် ထင်ကြောင်း စသည်ဖြင့် စိတ်ထဲက မပါဘဲ ဆွပေးနေသည်။ စိတ်မပါဘဲ ပြောနေသည်ဟု ယူဆသဖြင့် ကျွန်ုပ်အဘို့ ဝင်လည်း မဆွေးနွေးပေ။ အနည်းငယ်သာ ဝင်၍ ပြောရသည်။ စိတ်ထဲ- ပါ၍ အဋ္ဌကထာကို အပြစ်ပြောမှု ဌဘက်မှ ကာကွယ်ရပေမည်။

26.8.66

၉-ပုဒ်ပြီးသည်။ ၂၄-၈-၆၆ နေ့ ကိုလှသော်နှင့် ကိုတင်ရွှေတို့ ဖြစ်သော အမှု ယနေ့ ပိတ်ပြီး ဖြစ်နေသည်ဟု သိရ၏။ ကိုလှသော်ကား အောက်လက် အမှုထမ်းများ ပတ်ဝန်းကျင်တွင် ခြေသွက်သူ တယောက် ဖြစ်သည်။ ဝန်ထောက်နှင့် ဆရာမတို့က ရာဇဝတ်ဝန်ကြီးရုံးတွင် တိုင်ကြ၍ အမှုကား ပြန်ဖွင့်ပြီး ဖြစ်သည်ဟု သိရ၏။ ဤအမှုကို ကြည့်သောအားဖြင့် အမှုထမ်းများ မတရားသည်ကို သိနိုင်သည်။ အထူးအားဖြင့် ဂါတ်က ပုဂ္ဂိုလ်များကား မိမိတို့ အာဏာနှံ့ရာ၌ ဖြစ်သောအမှုကို ပိတ်လိုက ပိတ်၍ ဖွင့်လိုက ဖွင့်ကြဟန် ရှိသည်။ အမှုထမ်းများ စိတ်တွင် ဤသို့ ဖြစ်နေသ၍ ဘယ်တော့မှ တိုင်းပြည် ထူထောင်ရာ၌ အောင်မြင်နိုင်မည် မဟုတ်ပေ။

27.8.66

၁၃-ပုဒ်ပြီးသည်။ သံ၊၁။၁၂ သုပြဟ္မသုတ်၌ သုပြဟ္မက စိတ်ဟာ ကိစ္စ မဖြစ်မီပင် ကြိုတင်၍ ပူပင်ရတတ်ပါသည်။ ထိတ်လန့်ရတတ်ပါသည်။ စိတ်မပူပင် မထိတ်လန့်ရတဲ့ စိတ်များ ရှိလျှင် ပေးသနားပါဟု တင်လျှောက်သဖြင့် ဘုရားသခင်က “နာညတြ ဗောဇ္ဈာ တပသာ”ကို စိတ်ငြိမ်းချမ်းဆေးအဖြစ် ဟောတော်မူသည်။

ညတွင် ယဉ်ပုံ လာ၍ ငွေ(၂၀၀) ခေတ္တ ချေးငှါးလိုက်ရသည်။

ပေါ်ထွန်းရှင် တရားပွဲတွင် မိန်းမချင်း ဖြစ်၍ထင် ဒါယိကာမ ပရိသတ် များသည်ကို တွေ့ရသည်။ ကျွန်ုပ်မှာကား ခေတ္တမျှသာ ဝင်ရောက်၍ နာခဲ့ပါသည်။ ထူးလိမ့်မည် မထင်၍ ကြာကြာ မနာပါ။

28.8.66

၁၅-ပုဒ်ပြီးသည်။ ရေဦးမှ အမ(မလှကြည်) လာသော်လည်း စာချချိန်နှင့် နီးကပ်နေ၍ စကားကောင်းစွာ မပြောလိုက်ရပေ။ မစိန်ဆင့်လည်း ညပိုင်းတွင် လာသည်။ ယဉ်ပုံမှာ တွေ့ကြခြင်း ဖြစ်သည်။

သံ---အရညသုတ်၌ နတ်သားတပါးက ရဟန်းများဟာ အစားအသောက်ကောင်း စားရသည် မဟုတ်ပါပဲလျှင်(လျှက်) ဘာကြောင့် ဝ လှကြသလဲဟု လျှောက်၍ ဘုရားရှင်က “အတီတံ နာနုသောစတိ” ဂါထာကို ဟောသည်။

29.8.66

ကာယိကပုဒ်ကို ရေးရသည်။ ကျမ်းညွှန်းများ၍ အပြီးမသတ်နိုင်။ ဒီ၊၃၊၂ က ကာယပသာဒဝတ္ထုကံဟု ဖွင့်၍ ဒီဋီ၊၂ က ကာယော တေသ အတ္ထီတိ ကာယိကံဟု အာဘော်ဖေါ်ပြသည်မှာ ဗဟုသုတတမျိုး တိုးလားပေသည်။

(သန်းထွဋ်) ဆောင်းပါး၌ (လက်စွပ်ဘူးတား)ဟူရာ၌ (ဘူးတား)မှာ လက်စွပ်တမျိုးဟု (ဦးချမ်းမြ)တို့က အဓိပ္ပါယ် ဖွင့်သော်လည်း စင်စစ်အားဖြင့် ယက္ကန်းအခေါ် ဝေါဟာရတမျိုး ဖြစ်သည်ဟု မှတ်ရသည်။ ဘူးသီးခြောက်နှင့် အလုပ်များ၍ ဘူးတားဟု တွင်သည်။ ဘာနဲ့ပဲ လုပ်လုပ် ဘူးတားဟူ၍ ခေါ်ကြတော့သည်။ ချည်ခင်ကို အပြင်မထွက်အောင် တားထား အရာဝတ္ထုတမျိုး ဖြစ်ဟန်ရှိသည်။

30.8.66

ကာယိကကိုပင် ဆက်ရေးသည်။ မပြီးတတ်သေး။ နိဿယများကို ပယ်၍ အပယ်ခံရသော အဖွဲ့မှ ပုဂ္ဂိုလ်များက စဉ်းစဉ်းစားစား ပယ်ရန် စာကပ်သည်။ ကျွန်ုပ်အတို့ မကြိုက်။ မခံချင်လျှင် ဖြောင်ပြော သည်မှာ အကောင်းဆုံး။ မိန်းမဥာဏ်မျိုး လုပ်ခြင်းမှာ မကောင်းပေ။

ကိုဘရီ ကိုဖေနုတို့ လာကြသည်။ ရောဂါအတွက် ဆေးရုံတက်ရန် ဖြစ်သည်။

တလလုံး (၂၅၅)ပုဒ် ပြီးသည်။ တလဆိုသော်လည်း ရှေး လဆန်းပိုင်းမှာ စာမေးပွဲ ကျင်းပပေးနေ ရ၍ အဘိဓာန် လုံးဝမရေးရပါ။ အရက်(၂၀)ခန့်သာ ရေးရက် ရှိသည်ထင်၏။

၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်)

နံက်ပိုင်းတွင် ကိုဘရီနှင့် ကိုဖေနု မိန်းမအား ဆေးရုံ လိုက်ပို့သည်။ ကိုဖေနု၏ ဇနီးကို ဆေးထိုးပေး ပြီး ကိုဘရီကိုလဲ ဓာတ်မှန်ရိုက်သည်။ ဆေးရုံဆိုသည်မှာလည်း အကြောင်း မသိလျှင် အတော်ခက်သော ဌာနတခု ဖြစ်သည်။ ဓာတ်မှန်ရိုက်ရမည့် ကိစ္စကို ယနေ့ ရိုက်ရမည်ဟု ဆရာဝန်က ညွှန်ကြားသည်မဟုတ်။ နက်ဖြန် လာခဲ့ဟု သာမန်ချိန်းလိုက်သည်။ သေသေချာချာ စုံစမ်းမှ --ကို အချိန်မှီကလေး သွားရိုက်လိုက်ရ သည်။

ကြီးလတ်များကို စာမေးပွဲ ကျင်းပပေးလိုက်၏။ ညတွင် ပရိသတ် အထိန်း မကောင်းသဖြင့် ဘုရား၏ နှင်ထုတ်ခြင်းကို ခံရသော သာရိပုတြာအကြောင်းနှင့် ပရိသတ် အထိန်း ကောင်းသဖြင့် ဘုရား၏ ချီးကျူးထောမနာမှုကို ခံရသော ဥပသေနမထေရ် အကြောင်းကို ပြော၍ ကိုယ်နှုတ်ကို အစွမ်းကုန် ယဉ်ကျေးကြရန် ဦးပဇ္ဇင်းများအား တတ်သ၍ ပြောပြရသည်။ ပရိသတ် တာဝန်မှာ မလွယ်ကူလှပါ။ သူတို့ ပေါ် ရောက်သော အပြစ်ဟူသမျှ ခေါင်းဆောင်ပေါ်မှာချည်း ကျရောက်တတ်သည်။

---

၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ ကြာသပတေးနေ့ (၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်)

၁၈-ပုဒ်ပြီးသည်။ နံက်ပိုင်းတွင် ကိုဘရီကို ဆေးရုံပို့၍ စာဝါချိန် နီးသဖြင့် ပြန်လာရာ အလုံးစုံ စစ်ပြီး ဆရာမ (ARလား SRလား မသိ)က ဆေးရုံတက်မည်လားဟု မေးပြီး လက်မှတ်ရေးပေး၏။ နားမလည်၍ ထပ်မေးရာ "တခွန်းအပြင် နှစ်ခွန်းမပြော"ဟု ဆိုလွှတ်သဖြင့် ကြောက်၍ ပြန်လာရာ (၄)နာရီမှ လာပြော သဖြင့် ချက်ချင်း ဆေးရုံကို သွား၍ ပြောရာ တက်ခွင့်ပြုသဖြင့် လူနာကို ခတ်တန်း လိုက်ခေါ်၍ တင် လိုက်၏။ ခင္ငင်(ကုဋ္ဌင်)မရှိပြန်သဖြင့် ဆေးရုံအပေါ် ကရုဏာနှင့် ဖြစ်လျှင် ပြန်ခေါ်သွားပြီး နှစ်ရက်လောက် နေမှ လာတင်မည်ဟု စေတနာနှင့် ပြောသည်ကို (NC)က ဆရာမကြီးကို သွား ရန်တိုက်သဖြင့် ဆရာမက လည်း မခြေမခံ(မငံ) ဆက်ဆံသည်ကို ခံခဲ့ရ၏။ ဆိုရှယ်လစ်အသိနှင့် ဆက်ဆံသည်ဆိုသည်မှာ ဒါမျိုးဘဲ လား မပြောတတ်။ တခွန်းအပြင် နှစ်ခွန်းမပြောဟု ပြောမည့်အစား စုံစမ်းရေးမှာ စုံစမ်းပါဟူကလည်း အချိန် ပို၍ ကုန်သည် မဟုတ်သည်ကို ဆရာမ နားလည်သင့်၏။

2.9.66

၂၄-ပုဒ်ပြီးသည်။ ညနေတွင် ကိုဘရီ ဆေးရုံတက်နေ၍ အခြေအနေကို သိရန် အမေး သွားသည်။ တင်လျှင်တင်ချင်း ကုဋင် မရသော်လည်း ည(၈)နာရီလောက်တွင် ကုဋင် ရသည်ဟု သိရ၍ ဆေးရုံကို ကျေးဇူးတင်ရသည်။ လူစောင့်ရှိမှ ဖြစ်မည့် အခြေအနေမျိုး လူနာက ပြောသော်လည်း လူစောင့်မရှိဘဲ တရက် နေရပြီး ဖြစ်သဖြင့် အစောင့်မရှိသော်လည်း ဖြစ်သည်မှာ ထင်ရှားသည်။ ဆရာဝန်ကလေးများမှာ လူနာကို လာစမ်းကြသော်လည်း မှတ်ချက် တစုံတရာ မရေးနိုင်ကြ။ ထိုကို ထောက်လျှင် ရောဂါမှာ အတွင်းက တော်တော် အခြေဆိုးဟန်ရှိသည်။

မစိန်မြင့် ရန်ကုန် ပြန်လာသည်။ ဆရာမတို့ ကားကိစ္စ ယနေ့ အားလုံး ကိစ္စပြီးခဲ့သည်ဟု သိရ၏။

3.9.66

၂၈-ပုဒ်ပြီးသည်။ ကိုဘရီ၏ အခြေအနေမှာ အလွန်ကောင်းသည်။ မောင်--လည်း ရောက်လာသည်။ ကိုဖေနုလည်း ပြန်ပါလာသည်။

ဦးသန့်က ကုလအတွင်းဝန်ချုပ်ရာထူး ဆက်မလုပ်လိုကြောင်း ပြောသည်။ ဗီယက်နမ်စစ်ကို ကုလ က ဘာမှ ဝင်၍ မဖြေရှင်းနိုင်သည်မှာ အလွန် အရုပ်ဆိုးကြောင်းလည်း ပြောသည်။

တီကောင် တစ်တီတူး ကြိုးကြာ တရားစောင့်သောပုဏ္ဏား ဤလေးဦးသည် မကြောက်သင့်သည်ကို ကြောက်သောသူများ ဖြစ်ကြောင်း စာရေးစဉ် တွေ့ရသည်။ တီကောင်က မြေကုန်မည်ကို ကြောက် နေသည်ဟူ၏။ တစ်တီတူးက မိုးပြိုမည်ကို ကြောက်သည်ဟူ၏။

4.9.66

၂၈-ပုဒ်ပြီးသည်။ seventy five ကို ယနေ့ ရသည်။ ten လျော့၏။ ၂-ပါး တိုး၍ ဖြစ်သည်။

မြစ်ငယ်မှ သူများနှင့် ကိုဘရေတို့ လူစု ကိုဘရီကို လာမေးသည်ဟု သိရ၏။ လူနာအမေးများသူမှာ လည်း ဆေးရုံတွင် ဂုဏ်ရှိသည်။

ညပိုင်းတွင် ယဉ်ပုံသွား၍ အလ္လာပသလ္လာပ ပြော၏။ တံတိုင်းခတ်နေသည်ကို တွေ့ရ၏။

ကိုဘိုလေး ဒကာမလည်း ရောဂါ သက်သာသည်ဟု သိရ၏။

5.9.66

၂၂-ပုဒ်ပြီးသည်။ ညနေ လမ်းလျှောက်ရင်း မြစ်ဆိပ်သို့ ရောက်သည်။ ကျွန်ုပ် ရောက်သော ၁၄-ခုနှစ် မှ စ၍ သိရသလောက် ဆိုလျှင် ဒီနှစ် ရေ အကြီးဆုံး ဖြစ်မည်ထင်သည်။ ရေကြည့် လာသော ပရိသတ်က လည်း ပွဲတမျှ စီကားလှသည်။ ယနေ့ပင် ဒသမ ၂ တက်သေးသည်ဟု သိရ၏။

(ပိဋကတ) ဦးဇင်းသစ် (ဦးပညာဝံသ)က မနေ့က အခန်းထဲ ဝင်ရေးသည်ကို တာဝန်အကြီးဆုံး ရှိသူက ကလေးကလားဆန်စွာ အပြစ်တင် ပြောဆိုသော စကားကို ကြားရ၍ ဤပုဂ္ဂိုလ် အပေါ်၌ ကြာလေ အထင်သေးစရာ ဖြစ်လေ အချက်ကလေးတွေကို တွေ့လာရသည်။ ဦးပဥ္ဇင်းသစ်မှာ ဟိုဟာ လုပ်ရမှာလိုလို

ဒီဟာ လုပ်ရမှာလိုလို ယောင်နနဖြစ်နေ၍ အခန်းထဲ ဝင်၍ ကူညီခြင်း ဖြစ်သည်ကို မသိရှာပေ။ လူကြီး သလောက် အချိန်မစီးသော ပုဂ္ဂိုလ်ကား ပေါလှသည်တကား။

6.9.66

၁၇-ပုဒ်ပြီးသည်။ ခန်အဖွဲ့တွင် ၂-ပါး တိုးသည့်အတွက် ငွေ(၁၀၀)ပို့၍ ဤလမှ စ၍ လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

ကိုဘာရီ တီပီဆေးရုံကို ပြခိုင်းသဖြင့် ပြထားရသည်ဟူ၏။ ခတ်မှန်မရိုက်ရ, တံတွေး ထွေးပြခဲ့ရ သည်ဟူ၏။ ဘာရောဂါမှ စမ်းသပ်၍ မတွေ့သေးဟူ၏။

မြစ်ရေမှာ စိုးရိမ်ရသော အခြေအနေ ရောက်ရန် ဒဿမ ၃ သာ လိုတော့သည်ဟု သိရ၏။ မြေနိမ့် ပိုင်းမှ ပုဂ္ဂိုလ်များ ရွှေ့ကြ ပြောင်းကြ, ပပက ပစ္စည်းများလည်း ဗိမာန် အလယ်ထပ် ပြောင်းကြ, ဤ ရပ်ကွက် အူတူတူ ဒကာမကလည်း တချက်ခုပ် နှစ်ချက်ပြတ်ထင် ပြောင်းသွားသည်ဟု ကြားရ၏။

ပရိယတ္တိက ဆန်မှာ တတင်း မပြည့်တော့။ ၃-စိတ်ခန့်သာ ရှိ၏။ ဆီ ပါ၏၊ ဆား မပါ။ ပြီးခဲ့သောလ က ဆားပါ၏၊ ဆီ မပါ။ ခက်စွတကား။

7.9.66

ကာရ ကာရာ ၂-ပုဒ်သာ ပြီးသည်။ ကာရာပုဒ် (ထောင်)ကို ဟောခိုက် သဏ္ဌာန္မ မာဂဓ ခန်များက ထီ လိုင်ဟု ကျနစွာ ပြောကြသော်လည်း ဝိဠ္ဍ၃ ကာရဘေဒကဝတ္ထုဠ္ဍ ကာရော ဝုစ္စတိ ဗန္ဓနာဂါရံဟု ပုံလိင်နှင့် တွေ့ရ၍ အဆုံးအဖြတ် ခက်နေသည်။

ဆေးရုံကို သွားချိန်မရ၍ မောင်သုမင်္ဂလ လွှတ်၍ စုံစမ်းခိုင်းရသည်။ ဆရာများက မဆင်းစေချင် သေး။ လူနာက ဆင်းချင်သည်။ သူတို့ အဆင်းမခိုင်းက မဆင်းသည်မှာ အကောင်းဆုံးဖြစ်သည်။

ရေတက်သော သတင်းမှာလည်း စိုးရိမ်ရသော အခြေအနေက မလျော့သေး။ မြေနိမ့်ပိုင်း ပုဂ္ဂိုလ် များက ပြောင်းသူ ပြောင်းကြတုန်း ရှိသေးသည်။ သာသနဗိမာန်က ပပက ပစ္စည်းများကို အထားမခံဟု ကြားရ၏။ ဟုတ်လျှင် တနည်းနည်းနဲ့ ပ-သ-အ အပေါ် ညစ်ဦးမည်မှာ သေချာလှ၏။

ပုပ္ပါးဟူသော ဝေါဟာရမှာ ပုပ္ဖဟူသော ပါဠိမှ ဆင်းသက်လာကြောင်း မောင်မြင့်မိုး ဆောင်းပါးတွင် ဖတ်ရသည်။ ပန်းတောင်ဟု ဆိုလို၏။ အမြင့်ဆုံး တောင်ထိပ်မှာ ပေ(၄၀၀၀)ကျော် မြင့်သည်ဟု သိရ၏။ မီးတောင်အဖြစ်မှ ငြိမ်းခဲ့သည်မှာ နှစ် (၁၀)ကုဋေ (၁၅)ကုဋေ ကြာပြီဟု ခန့်မှန်းကြသောဟူ၏။ ခန့်မှန်း ချက် မှန် မမှန်ကား ဘုရားမှ သိပေမည် ထင်၏။

8.9.66

ကာရာပုဒ်ကို မကြိုက်သေး၍ ပြုပြင်ရေးသားသည်။ ထောမနိမိက ကာရ အနက်အချို့ကို ဖြည့်စွက် ရေးသားလိုက်သည်။

နေ့ (၃)နာရီတွင် ဆေးရုံ ကိုဘာရီကို သွားမေးရာ ခတ်မှန် တခါ ပြန်ရိုက်ရမည်ဟု သိရ၏။ ပိ(ပိဋ္ဌ က) ကျောင်းမှ လေနာသော ဦးပဉ္စင်းကိုလဲ မေးခဲ့၏။

စိန်ပန်းတွင် နံက် (၉)နာရီ အချိန်ခန့် ကလေးတဦးအား ကားတိုက်သည်ဟူ၏။ သေဆုံးသည်ဟု သိရ၏။ ကားသွားကလည်း ရမ်း, ကလေးကလည်း နမော်နမဲ့ နေဟန်ရှိ၏။ ရေသတင်းမှာ ၂လက္မခန့် ကျသည်ဟု သိရ၏။ ပပက ပစ္စည်းများပင် စိုးရိမ်ရန် မဟုတ်တော့၍ မရွှေ့ရဟု သိရ၏။

သက္ကဋ္ဋတွင် --ပုဒ် --ဟောကြောင်း တွေ့ရသည်။ ကြည့်နိုင်လေ ဗဟုသုတရှိလေပင်။

9.9.66

ကျမ်းညွှန်းများ၍ ကာရကဟူသော တပုဒ်ပင် ပြီးအောင် မရေးနိုင်။ ဆေးရုံကို သွားသော်လည်း ကို ဘရီမှာ ဆင်းသွားပြီ ဖြစ်၍ မတွေ့ခဲ့ရ။ သဘာဝကျသော အတ္ထယုတ္တိရှိသော အနက်များကို ပယ်နေ၍ အာဂ မဆရာတော်က စိတ်ပါလက်ပါ မပယ်ရန် ပြောနေသည်ကို ကြားရသည်။ ဟုတ်သည်၊ အနက်သင့်လျှင် လက်စွမ်းပြ ပြင်နေဘွယ် မလို။ မကောင်းသော အနက်ကို ကောင်းအောင် ပြင်ရန်သာ လိုသည်။ မောင် ဇယမှာ ခေါင်းမူး၍ နောက်ပိုင်း မရေးနိုင်။ တယောက်ထဲ ကြဲခဲ့ရသည်။ သန္နိဋ္ဌာပက လုပ်ရာ၌ ရေးသော အဖွဲ့မှ တဦး ခေါ်သင့်သော်လည်း ယခု မခေါ်ဘဲ ထင်ရာ ပြင်လိုက်ကြသည်မှာ သဘာဝ မဟုတ်။ ခက်၏ ခက်၏။

10.9.66

ကာရကပုဒ်ကို အပြီးသတ်ရေးသည်။ ပြင်ရေးခဲ့ပြီးသော ကာရကို အနက်ခွဲသည်။ ကာယရောဂ-စ သော ပုဒ်များ၏ ကျမ်းညွှန်းစာရွက်ကို ဂန္ထထံ အပ်လိုက်သည်။

ကိုဘရီတို့ သားဖ လာ၍ ဘားပလက်စီ လိုက်ဝယ်ခိုင်းသော်လည်း မရပေ။ မိမိထံ ရှိသော ဆေးကို ပေးလိုက်ရသည်။

ညတွင် ဦးဝိနယ လာ၍ (၁၅)ရက် နောက်ဆုံးထား၍ မီတာများကို ပိတ်မည်ဖြစ်ကြောင်း ပြောသည်။ အရင် စုံစမ်းခိုင်းတုန်းက တမျိုး ဖြစ်သည်။ ယခု တမျိုး ဖြစ်နေသည်။ အစိုးရဌာနဟူသမျှ မည် သည့်ဌာနမျှ ကျကျနန ပြောသည်ကို မတွေ့ရ။ ရှော်၏ ရှော်၏။

11.9.66

၁၆-ပုဒ်ပြီးသည်။ ကာဠပက္ခ အမာဝသီ-မှ စ၍ ရေးသည်။ ကိုချစ်တင် ကိုဘိုမောင်တို့ လာ၍ အဘိဓာန် အတွဲ(၂) စာတအုပ်စီနှင့် ဘားပလက်စ် တဗူးစီ လှူဒါန်းသည်။ ဘားပလက်စ်တဗူး ဦးတိလောက ထံမှ ယူ၍ ကိုဘရီအတွက် ပေးလိုက်သည်။ ကိုချစ်တင်တို့မှာ ပခုက္ကူ သွားကြမည် ဆိုသည်။ ပခုက္ကူမှ လည်း ဓာန်ကို ကူညီရေးရန် လျှောက်ထားမည့် ကိစ္စအတွက် ဖြစ်သည်ဟူ၏။ ဒီလို ဝိုင်းရေးမှလည်း အချိန်မီ ပြီးနိုင်ပေသည်။

12.9.66

၁၅-ပုဒ်ပြီးသည်။ ကိုဘိုမောင်က သိပ်မြန်မြန်မရေးဘဲနှင့် ကောင်းအောင် ရေးရန် ပြောသည်။ အော် ခက်၏ ခက်၏ဟူ၍သာ ငြီးလိုက်ချင်သည်။ မာ(မာဂဓ)က မင် တောင်းသည်။ မင်အိုးတလုံး ဘာမှ အဘိုး

မတန်ပါဟု လျှောက်သံကြားလိုက်၏။ မာ(မာဂဓ)ကား လုံးဝ အသုံးကျသူ မဟုတ်။ စောက်ဖြစ်မရှိဘဲ အစွမ်းပြချင်သူတည်း။ အရှေ့အုဋ်တိုက်က ကြက်မွေးတောင်းသည်ကိုတော့ ပေး၏။

မီတာအတွက် မီးဝန်ထောက်ကို ဦးဇဋိအား အမေးခိုင်း၏။ (၁၅)ရက်နေ့ ပိတ်မည်ဆိုသည်မှာ မဟုတ်ဟု ပြောလိုက်သည်ဟူ၏။

ယဉ်ပုံ လာ၍ ကိုစောကြည်နှင့် တယောက်တခွန်း စကားများကြောင်း အကြောင်းစုံ ပြောပြ၏။ မည်သူ အမှားလဲ မပြောတတ်။ ဘုရားမှ အမှားအမှန်ကို သိပေမည်။

13.9.66

၁၃-ပုဒ်ပြီးသည်။ မိုးရွာ၍ စာမချရပေ။

အနုတ်များကို နောက်ထပ် မူမတူများ ထုတ်ပေးသည်။ လက်ရှိ အနုတ်နှင့် တန်ဘိုးတူ သုံးရမည်ဟု ကြော်ငြာကြောင်း သိရသည်။

နံပါတ်(၁)အဖွဲ့က ကာရ ဥပကာရကို ဟောကြောင်း တွေ့ရ၍ ပြောပြသဖြင့် အနက်ဖြည့်စွက် ရေးလိုက်သည်။ ကာဠသီဟပုဒ်၏ သံဝဏ္ဏနာဖြစ်သော ပုဒ်များကို ရေးရသည်။ သံဝဏ္ဏနာများက မျောက်ဟု ဖွင့်ကြသည်။ ကာဠသီဟပုဒ်ရင်းက ဣသနှင့် ပရိယာယ်တူ လာသည်။ မာဂဓ သက္ကဋ္ဌ ခန်များက ဝက်ဝံ နက် ဝက်ဝံသာမန် အနက်ပြန်ဆိုကြသည်။ ကာဠမုခဝါနရဇာတိ-ဟု သာရတ္ထ၊၃တွင် တွေ့ရသည်။ ညှိနှိုင်းရန်။

14.9.66

ဒါန်သတ္တုကို လုပ်ထားသော အနုတ်သစ်များ ထုတ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဌာနက ကြော်ငြာသည်။ ၁၅-၁၀-၆၆နေ့မှ ထုတ်မည်ဟူ၏။

ယဉ်ပုံမွေ့ရုံတွင် သုဗြဟ္မပုဏ္ဏားက စိတ်ချမ်းသာဆေး တောင်းသဖြင့် ဟောတော်မူသော "နာညတြ ဗောဇ္ဈာ"ဂါထာကို တရားဟောခဲ့သည်။

ခန်လုပ်ငန်းနှင့် ပတ်သက်၍ ရေးပြီးပုဒ်များကို အနက်ပြင်သည်မှတပါး ဘာမျှ မလုပ်ပေ။ ဟိုက်စ ကူးဂရမ္မာ ယနေ့ ကုန်သည်။ ဝန်ထောက်မင်းအား ကျေးဇူးတင်ရပေမည်။ ဦးဝိနယ လာ၍ သူ့အခန်း မီးဆင်ရာ ၂၀၀ကျော်ခန့် ကုန်ကြောင်း ပြောပြသည်။ ပစ္စည်းများမှာ ပပက ထုတ် ဖြစ်သည်။ ကိုအာစိဏ္ဏ(တိုက်သစ်)က မျှင်ငါးပိ အနည်းငယ်လှူဒါန်းသည်။ ရှားပါးသော ပစ္စည်းဖြစ်၍ ကျေးဇူးတင်ရပေမည်။ သူ့ ရဟန်းအမ လာစဉ်က နေထိုင်မကောင်းဖြစ်ပြီး ပြန်သွားရကြောင်း ယနေ့မှ သိရသည်။ လမ်းလွှဲသည်ကို missed wayဟု ပြန်ရမည့်အစား mistook way ပြန်မိသည်။ ပို၍ မကောင်း, အဓိပ္ပါယ် ပေါ်ပါသည်။

15.9.66

၁၆-ပုဒ်ပြီးသည်။ ကာဠရာဇမာသပုဒ်၌ ရာဇမာသ(----) ပဲလွန်းကို ဟောသည်ဟု ဝေဿန္တရာဇာတ် နိဿယက ဆိုသည်။ မင်းပဲ ပဲရာဇာဟု ပြန်ကလည်း မှန်စရာပင်။ (-------)ဟု ထောမနိမိ၌ ဆိုသည်။

အမေရိကန် လူမဲ လူမွဲများ အကြောင်းကို ဆီနိတ္တာတဦးက တင်ပြသည့် သတင်းကို လူထုတွင် ဖတ်ရသည်။

အဖေ မပေါ်သော မိန်းကလေးတဦးကို ကောက်ယူမွေးကြွေးထားရာ အပျိုအရွယ်ကျသောအခါ (၁၂-နှစ်အရွယ်ဟူ၏) တွင် အဖေ မဖေါ်နိုင်သော ကလေးတဦးကိုပင် မွေးပြန်သည်ဟူ၏။ ကြောက်စရာပင်။

16.9.66

၁၃-ပုဒ်ပြီးသည်။ လူထုတွင် မောင်မဲ၏ လေခေတ်ဆောင်းပါးမှာ သဘောကျစရာ။ မောင်ငယ်နှင့် လူထု ဦးလှ မေးဖြေမှာလည်း သိပ္ပံမောင်ဝ၏အကြောင်းကို ပိုပိုသိလာရသဖြင့် ကောင်းပါသည်။

ကိုဘိုလေးက လူ့ဘဝနှင့် ပတ်ဝန်းကျင် အကြောင်းကို ပြောပြသည်မှာ မှတ်သားစရာ၊ သံဝေဂရစရာပါပေ။

"ကြက်သောက်သည့် ရေ, အရက်သောက်သည့် ငွေ, နတ်အိုးရွှေချ ပြန်မရ"ဟူသော ဆောင်ပုဒ်ကလေးကလည်း သူတို့ လူ့လောကအတွက် ငွေချေးသူများ သတိရစရာကလေးပင်။

ညတွင် ယဉ်ပုံ လာ၍ ခေါင်းရှုတ်ကြောင်း ညီးညူရှာသည်။ ကိစ္စတခု ဖြစ်လေတိုင်း ခေါင်းရှုတ်ရသည်မှာ စိတ်ပျက်ဖွယ်ပင်။

17.9.66

၂၀-ပုဒ် ရေးပြီးသည်။ ကာဠုဝဒ္ဒလကို ရေးထားသော်လည်း မကျေနပ်။ သက္ကဋမှာလည်း ရှာမတွေ့။ သမ္မောဟ-နိဿယကလည်း နာမသတ် ပေးနေ၍ ဘယ်လိုမှ မကြံနိုင်။ ရေးပြီး ကာယူရ-ကို ခြေကျင်း ဝိ-နိဿယအတိုင်း ရေးထားသည်ကို အဘိဓာန်မှာ မရှိဟု သြဿာနက လာပြောသည်။ အဘိဓာန်ကို ပုဒ်အားလုံး စုံသည်ဟု ထင်နေဟန် ရှိ၏။ P.T.S က ring. necklace ဟု ပြန်ထား၏။

မိုးသည်းထန်စွာ ရွာသည်။ မျှော်နေစဉ် ရွာ၍ တန်ဘိုးရှိ၏။

18.9.66

၈-ပုဒ်ပြီးသည်။ သံ၊ဋ္ဌ၊၂။၂၆၁ အံ၊ဋ္ဌ၊၂။၂၉၁ တို့၌ တိဏသီဟ ကာဠသီဟ ပဏ္ဍုသီဟ ကေသရသီဟ-ဟု ခြင်္သေ့လေးမျိုးရှိကြောင်း လာသည်။ ကာဠုသိလာ-ကို ကျောက်ညို ကျောက်နက် နိဿယ အမျိုးမျိုး ပြန်ဆိုကြသည်။ အရာဝတ္ထုတခုတည်းဖြစ်လျှက် ညို/နက် လွဲသည်မှာ သဘာဝမကျ။ ကျွန်ုပ်ကား အနက်ဟု ပြန်လိုက်သည်။

19.9.66

၁၃-ပုဒ်ပြီးသည်။ သုတ္တနိ၊ဋ္ဌ၊၁။၂၆၂ ၌ ဟသ်ာ(၆)မျိုး တွေ့ရသည်။ ကာဠုဟံသ-ကို ဓာန်သျှများက ဝမ်းဘဲဟု ပြန်ကြသည်။ ဓာန်က ကာဠုဟံသမှာ ကလဟံသမှ ဆင်းသက်လာဟန် ရှိသည်။ ယင်းပုဒ်ကို မကြိုက်သေး။ သက္ကဋနှင့် ညှိနှိုင်းရေးရန်။

မီးရရန် လျှောက်လွှာ အတင်ခိုင်းသော်လည်း အစီအစဉ် တမျိုးပြောင်း၍ မရခဲ့။ မီတာများကို မဲချ မည်ဟူ၏။ ယဉ်ပုံ လာ၍ သင်္ဃာချောင်းတွင် မိန်းခလေးတဦး ရေနစ်သေဆုံးကြောင်း ပြောသွားသည်။

ဗုဒ္ဓဝါဒီတရားကို ညတွင် သွားနာသည်။ မောင်ကြီးက မယား စကားကို လိုက်နာ၍ နမကို သတ်ရန် ကြံစည်သော တရားကို ဟောသည်။ ဘုရား ကြည်ညိုသူ ဖြစ်သည့်အတွက် ရက္ခစိုးက လာကယ်ရသည့် ဇာတ်နိပါတ် ဖြစ်သည်။

20.9.66

၁၀-ပုဒ်မျှသာ ပြီးသည်။ ရက္ခဗေဒပုဒ်များ ဖြစ်၍ မြန်မာပြန် ခက်သည်။ နိဿယ အစောင်စောင် ကြည့်လေ အနက်မြန်မာပြန် ကွဲလေ။ သက္ကဋနှင့် ညှိနှိုင်း၍ ဘာသာ ပြန်လိုက်သည်။ ညှိနှိုင်းဆိုသော်လည်း သက္ကဋလည်း သေချာလှသည် မဟုတ်။ --ဟု မရေမရာ အဖွင့်များကို သက္ကဋတွင် များစွာ တွေ့ရသည်။ အင်္ဂလိစ်ရှ် အဘိဓာန်ကလည်း ရက္ခဗေဒနှင့် ဆိုင်သော ပုဒ်များကို ရေးသည်မဟုတ်။ မရေးသည်က များ ပါသည်။

မိုးရွာ၍ စာချပျက်သည်။ နံက် စာချရသည်မှာ မိုးရွာတိုင်း စာဝါပျက်တတ်သည်။ မကောင်းလှ။ နေ့ ချလျှင် စာဝါ အပျက်နဲပေမည်။

21.9.66

၁၃-ပုဒ်ပြီးသည်။ မန္တလေး၌ လက်ရှိတရားသူကြီးများတွင် (၂-၅-၆ ရာဘက်)တရားသူကြီးများသည် လာဘ်မစားဟု စုံစမ်းသိရသည်ဟူ၏။ ၄၉၉-မှာ ပိုင်နက်အတွင်းသို့ ဒုတ်ဓားများ ကိုင်ဆောင်၍ သတ်ရန် အကြံအစည်နှင့် ဝင်ခြင်းမျိုး ဖြစ်သည်ဟူ၏။ ၄၇၇-မှာ ဒုတ်ဓားစသည် မပါဘဲ ပိုင်နက်ကျူးလွန်၍ ဝင်ခြင်း သက်သက်သာဟု ဆိုသည်။ ဂါတ်မှာ စစ်သော ထွက်ချက်သည် ဖတ်မပြက အရေးမကြီး။ ရုံးကျလျှင် ဂါတ် တုန်းကလဲ ပြောတာဘဲ, သူတို့ မရေးတာ မတတ်နိုင်ဟု ဆိုလျှင် ဘာမှ မတတ်နိုင်ဟူ၏။

ခုံတော် မောင်ကျဘမ်း ကိုရင်ဘဝက နံ့သာ လိမ်းခြယ်ထားသော ရေခပ်အမျိုးသမီးထံ ရေတောင်း သွားရင်း မိဘအလုပ်အကိုင်ကို မေးရာ အမျိုးသမီးက “စကားလိမ်နှင့် ရှေ့နေပါ”ဟု ပြောသဖြင့် မောင်ကျ ဘမ်းက “နံ့သာ လိမ်းခြယ်ထားသော အမျိုးသမီး၏ ပါးကို နံ့သာ နမ်းချင်၍ နမ်းမိရာ လူကို နမ်းမှု အပြစ်ရောက်သလား? နံ့သာ နမ်းမှု အပြစ်ရောက်သလား? သင့်အဖေ ရှေ့နေကို မေးပေးပါ”ဟု ပြန်တွက် ရာ အမျိုးသမီးမှာ ဂေါင်းမဖော်ရဲအောင် အရှက်ရသွားသည်ဟူ၏။

composition စ၍ ဖတ်သည်။

22.9.66

ကင္ခါနုသာရီနှင့် ကာင္ခါနုသာရိယ-ကပုဒ်များကို အဘိဓာန်နိဿယ အစောင်စောင်နှင့် တိုက်ဆိုင် ညှိနှိုင်း ပြန်ရေးသည်။ သစ်ပင်နှင့် ပတ်သက်သ၍ ရေးရသော ပုဒ်များမှာ မလွယ်ပါ။ အမျိုးမျိုး ဘာသာပြန်သည်ကို တွေ့ရသည်။ မည်သည့်ကျမ်းကိုမျှ ခိုင်ခိုင်မာမာ ယုံကြည်၍ မဖြစ်ပေ။ ဒေသိယ ဝေါဟာရများကလည်း ကွဲပြားနိုင်သေး၍ ပို၍ အပြန်ခက်သည်။ သက္ကဋဆိုသည်ကလည်း ----ဟူသော ပုဒ်

ဖွင့်မျိုးက များနေ၍ အတော်ခက်သည်။ မကျီးကို ထောက်သော် တမာသည် ----ပင် မဟုတ်လော။ ပုံပြ အဘိဓာန်မျိုး ရနိုင်လျှင် ကောင်း၏။ သကလပ်ကေသီတထည် ၃၄ဂ-နှင့် ဝယ်သည်။

23.9.66

၁၄-ပုဒ်ပြီးသည်။ eighty one ကို လက်ခံရရှိသည်။ ဦးတိလောကထံမှ seventy လည်း ယနေ့ ရသည်။

လူထုတွင် မြင်းဝန်တိုက် ဘုရားတွင်း၌ လုယက်မှုဖြစ်ကြောင်း ဖတ်ရသည်။ လုံချည်ရောင်း လာသူ တဦးအား လှက်ခြောက်နှင့် လဲမည်ဟု လူယုံသွင်း၍ လုခြင်းဖြစ်သည်ဟူ၏။ ချောင်းဆုံမြို့၌ ဒကာတဦးက ဘုန်ကြီးကျောင်းများမှ မုံ့ဟင်းခါးကပ်ရန်ဟု လိမ်လည်၍ ပုဂံပြားများကို ငှါးသွားကြောင်း သိရသည်။ ဘုန်ကြီးများက ပင့်ထားသော မော်တော်သို့ သွားကြရာ မော်တော်ပိုင်ရှင်က အံ့သြနေမှ လိမ်လည်မှန်း သိရသည်ဟူ၏။

24.9.66

၉-ပုဒ်ပြီးသည်။ ကျွန်ုပ်မှာ နေမကောင်း၍ မရေးနိုင်ပါ။ နေ့ပိုင်းတွင် ပိ(ပိဋကာ)ဘုန်းကြီးထံမှ ရှာပွတ်ဆေးကို သောက်၏။ ညပိုင်းတွင် ယဉ်ပုံလာ၍ ဝန်ထောက်ထံမှ ဆေးတောင်းပြီး ခေါင်းကိုက်ပျောက်ဆေးနှင့် အဖျားပြတ်ဆေး တိုက်သည်။ နာရီပိုင်းအတွင်း သက်သာ၍ ကျေးဇူးတင်ရပေမည်။ အနိမ့်ဆုံး ဗျာဓိပင် ဖြစ်သော်လည်း ခံစားနေရစဉ်အတွင်း မသက်သာလှပါ။ အအေးမိ၍ ဖျားခြင်းဟု ယူဆရသည်။

25.9.66

၁၇-ပုဒ်ပြီးသည်။ ကိ-ပုဒ်ကို စ၍ အနည်းငယ် ရေးထားသည်။ ဤပုဒ်မှာ က-မှ ကော-အထိ သက်ဆိုင်သော ပုဒ်ဖြစ်၍ ရေးရသည်မှာ မလွယ်ကူလှပေ။ အဖျား ကောင်းစွာ မကျသေး၍ စိတ်မပါလှ။ ညနေတွင် ဝန်ထောက်မင်းထံမှာ အဖျားဖြတ်ဆေး သောက်၏။ ညတွင် ယဉ်ပုံလာ၍ ဆရာမ၏ စကားတလုံး လာပြော၏။ ဒုက္ခ ဒုက္ခ။

26.9.66

ယဉ်ပုံက ငါးနှင့် ပြုတ်ထားသော ဆန်ပြုတ် လာပို့၏။ နေ့လည်တွင် မုဆိုးကျော်ဆေးကို သောက်သည်။ ညနေပိုင်းတွင် အဖျား အနည်းငယ် လာသေး၏။ ညှာတာနေ၍ ရက်တာရှည်နေဟန်ရှိသည်။ ၁၄-ပုဒ်ပြီးသည်။ နေမကောင်းလှသေး၍ ရေးရသည်မှာ စိတ်မပါလှပါ။

ညပိုင်းတွင် မလွန်ကတ္တူရပ် ဘုရားပွဲအတွက် တမဲရသဖြင့် မဲချလိုက်သည်။ ဘုရားပွဲမှာ ကျွတ်ဆန်း(၈)ရက်နေ့မှ ဖြစ်သည်။ "ပင့်သံဃာများ၏ ဘွဲ့နှင့် ကံဆောင်နေ့စွဲပါ ထည့်၍ ပပက လျှောက်ရမည်" ဆိုသဖြင့် စောစောပင့်ထားသည်ဟူ၏။

27.9.66

၈-ပုဒ်ပြီးသည်။ ကိ-ရုပ်ကို ကာရိယဖြင့် ကော-ပုဒ်များ ထည့်ရေးရမည်ဖြစ်ကြောင်း သက်ဆိုင်ရာအား လျှောက်ထားရာ နားမလည်ရှာ၍ ကော-ကို ကော-အတိုင်း ထည့်ရေးရန် ပြောသည်။ သနားစရာကောင်းလေစွ။ သန္နိဋ္ဌာပကအဖွဲ့ကလည်း အရေးတယူ မဆွေးနွေး။

လှက်စို ပုဗ္ဗန်ခြောက် ငံပြာရည်စသော ကုန်(၃/၄)မျိုး လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိကြောင်း ရေဒီယိုမှ ကြေငြာသည်။ ပြည်သူလူထု အလုပ်ဖြစ်ကြတော့မည်ဖြစ်၍ အထူးဝမ်းမြောက်ဖွယ်ကောင်းသော ကြေငြာချက်ပါပေ။

28.9.66

၇-ပုဒ်ပြီးသည်။ ဝန်ထောက်မင်း အလုပ်များ၍ စာမတက်ခဲ့ရ။ ဝန်ထောက်ကတော်ကလည်း မိန်းမတို့ဘာဝ တနေကုန် သူများနှင့် လည်နေသည်ကို မကြိုက်ကြောင်း ပြောသည်။ အမှန်မှာ လည်နေသည် မဟုတ်။ ကိစ္စကို ဆောင်ရွက်နေခြင်းမျှသာ ဖြစ်၏။ မိန်းမများက သူတို့ မကြိုက်ပြီလားဆိုမှဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာ စားခွက်သောက်ခွက်အမူအရာနှင့် မကြိုက်ကြောင်းကို ပြတတ်ကြသည်တကား။

လူထုတွင် ပါသော ဆရာသန်းထွဋ်၏ ဆောင်းပါးမှာ ဆရာလုပ်နေသူများ စာချနေသူများနှင့် အထူးသင့်လျော်လှပေ၏။ ဆရာတဦးက သင်္ချာသင်ပြရာတွင် ကျောင်းသားများ စိတ်ဝင်စားမှုရှိအောင် သူကြည့်ဘူးသော ရုပ်ရှင်ဇာတ်ကားထဲမှ မင်းသမီး ခင်သန်းနု၏ မျက်ရည်ပေါက်ကို သင်္ချာစိတ်တွက်ခိုင်းပုံကို ရေးသားထား၏။ စာသင်သားများ စိတ်ဝင်စားမှု ရှိအောင် စိတ်ဓာတ်စစ်ဆင်ရေးနဲ့ ပညာသင်ကြားခြင်းဖြစ်၏။ တော်၏ တော်၏။

29.9.66

ကိကာရ-စသောပုဒ်များကို ပြန်၍ ရေးသားသည်။ ဦးမာဃိန်ထံ ရန်ကုန်မှ ငွေလာ၍ ကိုရင်ကို အထုတ်ခိုင်းထားသည်။

ညပိုင်းတွင် ဘုရားရှိခိုးစာအုပ်ရိုက်ရန်အတွက် ဥယျောဇဉ်ဂါထာ အရေးခိုင်းသဖြင့် ကောင်းသည် မကောင်းသည် အပထား၍ ချက်ချင်းရေးပေးလိုက်သည်။ မကြိုက်လှသော်လည်း ရတ်ချည်း ဂါထာဖြစ်၍ လက်ခံလိုက်ကြသည်ထင်၏။ ကဗျာလင်္ကာနှင့် ပတ်သက်သောဦးဖျောက် ကျွန်ုပ်တွင် မရှိ။ သို့သော် သူတပါး စပ်သော ကဗျာကို ကောင်း/မကောင်းကား ဝေဘန်တတ်ပေသည်။ ဂရုလဟု မှားလျှင်လည်း သိ၏။ ကိုယ်တိုင်ကား ရေးတတ်သူ မဟုတ်ပါ။

၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ သောကြာနေ့ (၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်)

မိုးရွာ၍ ပါဠိဘုန်းကြီးက တပါး ဆန်(၂)လုံးကျ တတိုက်လုံးရှိ သံဃာများကို ဒါနပြုပေသည်။ ကောင်း၏။ ကိ-ပုဒ်ကို စရေးသည်။ ကျမ်းညွှန်းစုံလျှင် ကြာမည်မဟုတ်ပါ။

တိုက်သစ် ဦးနာယကကျောင်းတွင် ငွေ သင်္ကန်း နာရီစသည် ခဏခဏ ပျောက်သဖြင့် ခိုးသူယူဆရသူ ကိုရင်သုံးပါးအား နှင်ထုတ်လိုက်သည်ဟူ၏။ အတွင်းသူခိုးမှာ ကြောက်စရာ အကောင်းဆုံးပင်။

စာဝါ ကြေညာထားသော်လည်း မိုးရွာ၍ စာမချရပေ။ တနေ့လုံး တညလုံး ပြတ်သည်မရှိ မိုး ရွာနေ ပေသည်။ ဤအတိုင်းသာ ဆက်ရွာနေပါက လမ်းမှ ရေများ ကုန်ဘို့ ခဲယဉ်းသေး၏။

---

၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ စနေနေ့ (၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်)

ကိ-ကိုပင် ဆက်ရေးသည်။ သံ၊၁။၂၁၈ သက္ကသံယုတ် သုဝီရသုတ်မှာ မှတ်စရာ တရားဟောစရာ ကောင်းသောသုတ်ပင်။

မင်းကြီးရန်နောင်ကို (မိုင်းခုံ)စော်ဘွားက ဘုရင်အဖြစ် တင်သော်လည်း မလုပ်ဘဲ တောထွက်သည် ဟူ၏။ ရှင်တိသာသနကို ရှင်ဥတ္တမကျော်ဆရာတော်က တွေ့စဉ် အလွန်သဘောကျ၍ သူ့ထံ (၃)နှစ် နေ စေသည်ဟူ၏။ ဝိနယဘုန်းကြီး(ဦးဉာဏဝံသ)နှင့် စကားပြောရသည်မှာ အလွန် ဗဟုသုတ ရသည်။ သာသနာဝင်အကြောင်း ပြောလိုက်သည်မှာ အလွန်မှတ်ဘို့ ကောင်း၏။

၂၉.၉.၆၆ နေ့စွဲဖြင့် ကုလားထိုင်များ ရန်ကုန် ကမ္ဘာအေးက ပို့လိုက်သည်ဟူ၏။

2.10.66

ကိ-ကိုပင် ဆက်ရေးရသည်။ ၂၇-၉-၆၆ ကြော်ငြာချက်တွင် လွှက်ဟူသည်မှာ အစို/အခြောက် နှစ် မျိုးစလုံး ပါဝင်သည်ဟု ထပ်ကြေငြာကြောင်း မောင်တိ (ဦးတိလောက)က ပြောပြသည်။ (သာခု)ခေါ်ပွဲ ဆောင်းပါးကို လူထုတွင် မောင်မဲက ရေးပြထားသည်မှာ တကျောင်း တဂါထာ တရွာ တပုဒ်ဆန်း ဆိုသလို မှတ်သားစရာ ကောင်းလှသည်။ ဤထုံးစံမှာ ကရင်ပြည်နယ်က လွဲ၍ ရှိအံ့မထင်။

3.10.66

ကိ-ကိုပင် ဆက်ရေးသည်။ လက်စလက်န ရလာပြီဖြစ်ခြင်း ရှာဖွေစုဆောင်းသည် အတန်ပြည့်စုံ ခြင်းကြောင့် ခရီးတွင်ကြယ်လာသည်။ သဒ္ဒနီတိမှာ ဂျာမန်ဘာသာဖြင့် အင်္ဂရာလဲ ဘာသာပြန်ရှိကြောင်း သံ၊၁ နိသျ ဆဋ္ဌမူတွင် တွေ့ရသည်။ မိန်တောင်း ပိုင်တောင်း အတ္ထုပ္ပတ္တိကိုလည်း ဟုတ်သည် မဟုတ်သည် အပထား၍ သိလာရပေသည်။

ညပိုင်းတွင် ဗုဒ္ဓဝါဒီတရားကို နာရသည်။ သံ၊၁။၂၉-က ကိံဒဒသုတ်ကို အခြေခံ၍ ဟောခြင်း ဖြစ်သည်။ ဗုဒ္ဓတ္တစရိယာစသည်အကြောင်းကို သူ့အယူအဆ အဓိပ္ပါယ်ဖွင့်ချက်ကို ပြောပြသည်။ မကြိုက် လှပါ ကြွားလွန်းသည် ထင်၏။ နာမည်လေးကလဲ ရလာပြီကိုး။

4.10.66

ကိ-ကိုပင် ဆက်ရေးသည်။ အပြီးသတ်ဖို့ ခဲယဉ်းသော ပုဒ်တခုပင်။ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ(မ၊၁။၁၉)ကို နီတိက "ကိ-ဟာ အနိယမ"ဟု ဆိုထား၏။ ဝိသုဒ္ဓိမဂ်က "**ယံကိဉ္စိ**တိ အနဝသေသရူပ"ဟု ဖွင့်ထား၏။ အနိယမ-ယူဘို့ မရဲအောင် ဖြစ်နေသည်။ ကိ-ဟာ ဂရဟာမှာလဲ ဟောတယ်ဆိုပေမယ့် နီတိ ထုတ်ပြသော ဂရဟာပုဒ်မှာ တဝါကျလုံး၏ အဓိပ္ပါယ် ခြုံမှ ရသဖြင့် ခက်လှဘိတောင်း။

"ကထိန်များအတွက် သင်္ကန်းစသော ပစ္စည်းရဘို့ လျှောက်လွှာတင်ရာတွင် ဘုန်းကြီးများ၏ ငယ်နာမည်ပါ ထည့်၍ လျှောက်လွှာတင်ရမည်"ဟု လအကများ လုပ်သည်မှာ သဘာဝမကျလှပေ။

5.10.66

ကိုး-ကိုလည်း ဆက်ရေး တခြားပုဒ်များလည်း ၁၃-ပုဒ်ခန့် ပြီးအောင် ရေးနိုင်သည်။ ဤပုဒ်ရေ အပြီးသည် ဤလအတွက် ပထမဆုံး ဖြစ်သည်။ (ကဒုံမဏိ)မှ ကိုအာစိဏ္ဏ၏ ရဟန်းဒါယိကာမကြီး လာ၍ ပုဇွန်ခြောက် အနည်းငယ် လှူဒါန်းသွားသည်။ ၂၇-၉-၆၆ ကြေငြာချက်အရ သူတို့လည်း အလုပ်ဖြစ်တော့မည် ဖြစ်၍ ဝမ်းသာနေရှာကြသည်။

အိမ်ဆောက်ရာ၌ ကရင်လူမျိုးတို့၏ မြေရွေးပုံ အစီအစဉ်ကို လူထုတွင် မောင်မဲက ရေးသားထားသည်။ ဟုတ်သည် မဟုတ်သည်ကို အပထား၍ ဗဟုသုတ ယူစရာပင်။

အဇ္ဈယ ကိုး-ကိုလည်း ထောမနိမိမှ ယူ၍ ရေးလိုက်သည်။ ဝိတက္က ကြံစည်ခြင်းအနက်ကို ဟောသည်ဟု ထောမအဆိုသည် မာဂဓကျမ်းတို့နှင့် မတူသော ကွဲလွဲချက် ဖြစ်သည်။ နိသေဓအနက်ပုံစံကို အလင်္ကာမှ ယူ၍ ထုတ်လိုက်သည်။ မကြိုက်လှသော်လည်း ရှာမရ၍ ရရာကို ထုတ်လိုက်ရခြင်း ဖြစ်သည်။ သဒ္ဒါကျမ်းများကလည်း အနက်သာ ပြ၍ ပုံစံ ပြသည်မဟုတ်။

6.10.66

၁၄-ပုဒ်ပြီးသည်။ မန္တလေး သာသနာရေးဌာနမှ သံဃာတော်များ၏ ထေရုပ္ပတ္တိအကျဉ်း ကောက်ယူဘို့ ပုံစံများ လက်ခံရရှိသည်။ ငယ်နာမည်နှင့် မွေးချင်းများ အမည်မှာ မလိုဘဲ ထည့်ထားကြသည်ကို တွေ့ရပြန်၏။

လူထု မောင်မဲ ဆောင်းပါးတွင် အင်္ဂလန်မှာ ပညာသင်နေသော ကျောင်းသားတဦးက ပင်မင်းဆိုင်တွင် အဝတ်အစားများ အပ်ရာ လုံချည်တထည် ပါသွားသည်တွင် ပစ္စည်းခွဲဝေရေးဌာနက လုံချည်ကို မည်သည့်ပစ္စည်း မျိုးတူနှင့် ပေါင်းရမည်ကို မသိသဖြင့် နောက်ဆုံးတွင်မှ "ကြီးလိုက်သည့် ခေါင်းအုံးစွပ်ကြီး"ပဲ ဆိုပြီး ခေါင်းအုံးစွပ်အုပ်စုတွင် ပေါင်းလိုက်ကြောင်း ဖတ်ရ၏။

7.10.66

ရေးပြီးပုဒ်များကို ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ရေးသားသည်။

သံဃာ ထေရုပ္ပတ္တိနှင့် ပတ်သက်၍ တောင်ပြင်ဆရာတော်များက တောင်းထားသည့်အတိုင်း မပေးပဲ ဝိနည်းတော်နှင့် ညီသော အချက်များကိုသာ ပေးရန် ဦးကြယ်၏ မွေးနေ့ ဆွမ်းကျွေးတွင် ပြောကြသည်ဟု ဂန္ထမှ တဆင့် သိရသည်။ ဆရာတော်ကြီးထံတွင်လည်း ကြိုတင်၍ စုံစမ်းသေးရာ ဆရာတော်က "ငယ်နာမည်နှင့် မွေးချင်းစသည် မလိုသော အချက်များကို ပယ်ရန်" ပြောရာ "အထက်အမိန့်ဖြစ်၍ မပယ်နိုင်ကြောင်း" ပြန်စာလာသည်ဟူ၏။ သို့ဖြစ်လျှင် ဘာကြောင့် စုံစမ်းခိုင်းသနည်း၊ စဉ်းစားမရနိုင်အောင် ဖြစ်ရသည်တကား။

8.10.66

၂၂-ပုဒ်ပြီးသည်။ ဦးဘမိုက လာ၍ "မစိုးရိမ်က အများဆုံးပြီးကြောင်း ဦးလှမောင်တို့က ချီးကျူးနေကြောင်း" လျှောက်သံကြားသည်။ ထေရုပ္ပတ္တိ ပေးရေးနှင့် ပတ်သက်၍ "သူများတိုက် အရင်လည်း မပေးနဲ့, မပေးဟူ၍လည်း လေသံပစ်မနေရန်" အကြံပေးသံ ကြားလိုက်၏။

"ဥမ္မာဒန္တီမှ ရှူးအောင် လှသည်ဆိုလျှင် အဘိပါရကနှင့် ရထားထိန်းတို့တော့ ဘာကြောင့် မရှူးကြသလဲ? တခြားလူတွေကော ဘာကြောင့် မရှူးကြသလဲ"ဟု ကျောင်းသားများက မေးသည်ဟူ၏။ လှသောမိန်းမကို မြင်၍ ရှူးခြင်း/မရှူးခြင်း ဆိုသည်မှာ တဏှာ၏ အစိုင်အခဲပေါ်မှာသာ တည်၏။

9.10.66

၃-ပုဒ်မျှသာ ပြီး၏။ ကိစ္စ-ပုဒ်ကို ရှာနေ၍ ခရီးမတွင်ကျယ်ပေ။ အံ၊ပဥ္စကနိပါတ် ပုတ္တသုတ် သားကို အကြောင်းငါးမျိုးကြောင့် လိုချင်ကျကြောင်း ဘုရားက ဟောတော်မူသည်။

ညဈေးတန်းကို ခေတ္တသွားသည်။ မှောင်ခိုပစ္စည်းများကို ဟိုတခု သည်တခု ရောင်းချနေကြသည်။

ဦးဇင်းမိုက် တပါးက ကုဋီတွင် "နာယကများကို အပြစ်ဆိုသောစာ" ကပ်သည်။ မိုက်လှသည် တကား။

10.10.66

ကိစ္စ-ပုဒ်ကို ရှာဖွေပြီးသော်လည်း အနက် တနက်မျှသာ ရေးရသည်။

ကုဋီကို စာကပ်သော ငမိုက်သားက ကပ်မြဲ ထပ်ကပ်သည်။ ကိုယ့်ဆရာသမားများအား ဘယ်လောက်ထိ နစ်နာသည်ဟု မစဉ်းစားဘဲ မိုက်ရိုင်းစွာ ဆဲသောစာကို ကပ်သည်မှာ သနားစရာ ကောင်းလှသည်။

ဇာ၊၄၅ စတ္တာလီသနိပါတ်၌ အစဂါထာလေးမှာ သေမင်းကို စစ်ထိုးခြင်း စသည်ဖြင့် မအောင်နိုင်ကြောင်း အဓိပ္ပါယ်နှင့် ရေးထားသည်။ မှတ်စရာ ကောင်းလှ၏။

ယဉ်ပုံကျောင်း အုဌ်တံတိုင်းအတွက် ၄၃၅၀ ကျပ် ငွေရှင်းရသည်ဟု သိရ၏။ တခန်း (၇၅)နှုန်းဖြင့် ရှင်းခြင်းဖြစ်သည်။

ဆင်တဲ ဦးကောဝိဒ လာ၍ သူ့မှာ ကျောင်းမှု ဖြစ်နေကြောင်း ပြော၏။

11.20.66

ကိစ္စ-ပုဒ်ကိုပင် ဆက်ရေးသည်။ အနက် စုံသလောက်နီးနီး ဖြစ်သွားပေပြီ။ ကျမ်းညွှန်းများသောပုဒ်များကို အနက်ရေးရာ၌ အင်မတန် သတိထားရပေသည်။

ဆရာတော်ကြီးက ဟံသာနှင့် နန္ဒီထံ "မှတ်ပုံတင်ကိစ္စ လုံးဝသဘောမတူကြောင်း စာပေးသည်"ဟု တဆင့် သိရသည်။ "(မစိုးရိမ်)တိုက်သစ် ကထိန်အတွက် မှတ်ပုံတင်နှင့် လျှောက်မှ သင်္ကန်းရမည်"ဟု

ကထိန်ဒါယကာများက လာလျှောက်ထားရာ ဆရာတော်က "မရလျှင် နေစေတော့, သူတို့ ခိုင်းတိုင်း မလုပ်နိုင်"ဟု အမိန့်ရှိလိုက်ကြောင်း တဆင့်စကား ကြားရ၏။ ဟုတ်လျှင် ကောင်းလျှင် -------

12.10.66

၁၁-ပုဒ်ပြီးသည်။ ဦးပဥ္စင်းတပါးမှာ ရွာ ခဏခဏပြန်၍ အကျိုးမရှိကြောင်းနှင့် ဝါတွင်း ခရီးသွားခြင်းမှာ လူ အထင်သေးခံရကြောင်း, ကျောင်းကိုလည်း စည်းမရှိ ကမ်းမရှိဟု ထင်ကြမည်ဖြစ်ကြောင်း ပြောလိုက်သည်။ အချိန်ကို အကျိုးရှိအောင် မသုံးတတ်သူများက ဒုနှင့်ဒေး ရှိသေးသည်။ ဒီလို ပုဂ္ဂိုလ်တွေ ရှိနေ၍ သာသနာ နာမည်ပျက်ရခြင်း ဖြစ်သည်။ ဘာမျှ အကျိုးကို မဆောင်ရွက်ပဲနှင့် သာသနာ့ဘောင် နေသူများပေ။ ဒီလို ပုဂ္ဂိုလ်မျိုးမှာ ကျောင်းမှာ ရှိနေခြင်းဖြင့် တခြားပုဂ္ဂိုလ်များပါ ဒိဋ္ဌာနုဂတိလိုက်မှာ စိုးရသည်။

တောင်တိုက် (မစိုးရိမ်တိုက်သစ်)မှ တပည့်တဦးက "မှတ်ပုံတင်များ မပေးသေးရန်" လျှောက်သည်။ "ကျွန်ုပ်က ပေးပြီးနေပြီ"ဟု သူ ကြားထားသည်ဟူ၏။ ကျွန်ုပ်မှာ ဒီလောက် စဉ်းစားဉာဏ် ခေါင်းပါးသူ မဟုတ်ပါ။ ဆရာတော်ကြီး ယင်းကိစ္စအတွက် "သူတို့ သဘောကျ လုပ်ပေးက အဆိပ်တုံး မိသော ခွေးလို ဖြစ်ကြမည်ဖြစ်ကြောင်း" စာပေးသည်ဟု သိရသည်။ သတ္တိရှိလှပေသည်တကား။

13.10.66

၁၁-ပုဒ်ပြီးသည်။ နှစ်တိုက် နာယကစာချ အစည်းအဝေး လုပ်သည်။ ၁၄-ချက် လက်မှတ်ထိုး ကိစ္စကို ဆွေးနွေးကြခြင်း ဖြစ်သည်။ ဆရာတော်၏ သာသနာရေးဌာနမှတဆင့် သက်ဆိုင်ရာသို့ ပေးသောစာကို အများသဘောတူကြသည်။ လက်မှတ်ထိုး ကိစ္စကို သက်ဆိုင်ရာမှ ပြန်စာရသည်အထိ စောင့်ဆိုင်းထားရန် သဘောတူကြသည်။ "ကိုယ့်သဘောအလျောက် ထိုးလိုသူ ထိုးရန်"ဟူသော ဆန္ဒကို ညီညွတ်ရေးကို ရှု၍ ပယ်ချခဲ့သည်။

ယဉ်ပုံကထိန်အတွက် ၁၄-ချက် လက်မှတ်ထိုးသော်လည်း မွေးချင်းများတွင် နာမည်မပါ၍ သင်္ကန်း စသော လိုပစ္စည်း မရဟု သိရသဖြင့် နောက်ထပ် မတင်တော့ရန် ပြောခဲ့သည်။ နောင်ကြီးကောဆီမှ စာရောက်သည်။ ကျန်းမာကြောင်း သိရ၏။ ဝမ်းသာလှပါသည်။

14.10.66

ရေးပြီးပုဒ်များကို ပြင်သည်။ (လ-အ-က) နှင့် တောင်ပြင်ဘုန်းကြီးများ အစည်းအဝေးမှ လက်မှတ်ထိုးကိစ္စ မလိုအပ်သောအချက်များ ပယ်မှု ယာယီသဘောတူညီကြ၍ ဟံသာက ဂန္ထထံ ဇယားကွက်တခု လုပ်ပြီး ဒီအတိုင်း တညီတည်း ထိုးကြရန် သဘောတူကြောင်း စာပေးသည်။ ကျွန်ုပ်တို့တိုက်မှ ထိုးရန် ကိစ္စမှာ ၁၃-၁၀-၆၆ နေ့ ဆုံးဖြတ်ချက်အတိုင်း ခေတ္တစောင့်ဆိုင်းကြဘို့ သဘောတူ သိမ်ထဲတွင် ဆုံးဖြတ်၏။

ကိစ္စတခု အောင်မြင်ထမြောက်ရာ၌ ဟက်ဟက်ပက်ပက် ချီးကျူးသူကား ရှာမှရှားပါသည်။ သို့သော် တဘက်သားအပေါ် ရက်ရက်စက်စက် မှိုချိုးမှျစ်ချိုး ပြောတဲ့ လူမျိုးကား ပေါလှချေသည်။ ပြင်ပန်

အားဖြင့် မပြောဟု ယူဆထားသူများပင် မှိုချိုးမှျစ်ချိုး ပြောတတ်ကြ၏။ ကျွန်ုပ်ကား ဟက်ဟက်ပက်ပက် မချီးကျူးမိသော်လည်း မှိုချိုးမှျစ်ချိုး ရက်ရက်စက်စက် မပြောမိဘို့ အထူးဂရုစိုက်သူပါတည်း။ ပြောမိလျှင်လည်း အရှော်အရှက် အပျော်အပြက် သဘောသာပါတည်း။

15.10.66

အစဉ် ၁၄-ပုဒ်နှင့် ကျန် ၆-ပုဒ် ပေါင်း ပုဒ်ရေ ၂၀ ပြီးသည်။ လက်မှတ်ထိုးကိစ္စ ဂန္ထက ထိုးချင်သလိုလိုကြားသည်။ ထိုးက အများသဘောတူ ဆုံးဖြတ်ချက်နှင့် မညီ။ သဘောတူညီချက်ကို ချိုးဖောက်ရာကျသည်။

ညတွင် မောင်ကောဇ လူထွက် ညောင်ဖြူပင် ရောက်လာ၍ မိတ်ဟောင်းဆွေဟောင်း ဖြစ်ကြသဖြင့် ဝမ်းမြောက်စွာ စကားပြောကြရသည်။ သူတို့ရွာတွင် ဒီနှစ် ရေကြီးသည်မှာ (၇)ရေခန့် ရှိပြီဟူ၏။ နှစ်စဉ် (၃)ရေလောက်သာ အများဆုံး တက်သည်ဟု သိရ၏။ သူတို့နယ်က ဒိုင်သို့ မြေပဲ မသွင်းသဖြင့် သူတို့ရွာကိုလည်း ဆီမပေးဟု သိရ၏။ ဒုက္ခပေတကား။

16.10.66

၁၂-ပုဒ်ပြီးသည်။ ညနေတွင် ဒေါက်တာသန်းဖေ(မျက်စိ)ထံ သွားသည်။ ဆီမီးထွန်းကျောင်း အရှေ့ဘက်တွင် နေသူ ဖြစ်သည်။ ၂-၄-၆ (၃)ရက်သာ ပြရက်ဟု သိရ၏။ (၁)နေ့ ဖြစ်၍ မပြခဲ့ရ။ နန်းဦး မောင်တိက္ခတို့ထံ ဝင်၍ အကူအညီ တောင်းရသည်။ သူတို့မှာလည်း ဖြစ်သလို နေကြသည်။ စိတ်ချမ်းသာမှုသာလိုရင်း။ ဒေါက်တာလွင်က ခင်ပွန်းကြီးဆယ်ပါး မေး၍ ဖြေပေးလိုက်သည်။

17.10.66

၁၈-ပုဒ်ပြီးသည်။ ကိုမြဦး လာသည်ကို တွေ့လိုက်။ စားပွဲ ကုလားထိုင်များကို မတင်ခင်က ကြိုတင်စာပေးထားသည်ဟု သိရ၏။

ညနေတွင် မောင်အုန်းကြိုင်အတွက် Dr သန်းဖေထံ မျက်စိပြ သွား၏။ မျက်စဉ်းနှင့် စားဆေးဝယ်ရန် ရေးပေးလိုက်၏။ တိမ်မှာ လွင့်သွားမည်ဟု သိရသည်။ တလတခါ သို့မဟုတ် ၂လတခါ လာပြရန်မှာလိုက်သည်ဟူ၏။ -မှာက များပါသည်။

ညပိုင်းတွင် မောင်သိန်းနှင့် ရှေးဟောင်းနှောင်းဖြစ်များ ပြောရင်းမှ သူ့ဇနီး မီးဖွားခါနီး အခြေအနေကို ပြောပြသဖြင့် လူမှုကိစ္စ၏ ရှုပ်ထွေးပုံကို သိရ၏။ ကြင်နာစွာ ကူညီသော စိုက်ပျိုးဝန်ထောက်ကိုကား ကျေးဇူးတင်စရာပင်။

18.10.66

၂၁-ပုဒ်ပြီး၏။ ဒေါက်တာသာလှ ရန်ကုန်ဆေးရုံကြီးတွင် အလုပ်လုပ်စဉ်က ခရစ်ယာန်ဆေးရုံအုပ်ကြီးက သူတို့ ဘုန်းကြီးများ လာလျှင် လက်ရှိ အလုပ်ကို စွန့်၍ အရေးတယူ လုပ်သည်ကို မြင်၍ ငါဟာ

ဗုဒ္ဓဘာသာတယောက် ဖြစ်သည်အားလျော်စွာ ဗုဒ္ဓဘာသာဘုန်းကြီးများ လာလျှင် အရေးတယူ ဂရုစိုက်ဖို့ သန္နိဋ္ဌာန် ချခဲ့သည်ဟူ၏။ ထိုမှစ၍ ဘုန်းကြီးများကို ဂရုစိုက်ပြုစုခဲ့သည် ဟူသတတ်။ (ပိ (ပိဋ္ဋက) အပြော) ယဉ်ပုံ လာ၍ သကလပ်ဖြတ်ပိုင်း ပါ၍ ဦးပဒုမထံမှ (၂၀၀)နှင့် ဝယ်ယူသည်။

ဗမာက စတာလင် ငွေကြေးအဖွဲ့မှ ထွက်သည်ဟု ဘီဘီစီက ကြေညာသည်ဟူ၏။ ငွေ ကျစ်လစ်မှု ဖောင်းပွမှု မည်သို့ နေမည် စောင့်ကြည့်။

19.10.66

၂၀-ပုဒ်ပြီးသည်။ အသုဘကို သွားနေ၍ ၂-နာရီမှ စ၍ လုပ်သည်။ ဒေ့သည် အသုဘ ဖြစ်သည်။ ရွှေဘိုမှ မင်းကတော်ကြီး ဒေါ်ခင်ရီတည်း။ သူ့အိမ်တွင် ဂန္ထနှင့် သွားစဉ်က ဆွမ်းကျွေးပင့်၍ သွားစားခဲ့ရဘူး သည်။ ယျှ မန်းသို့ ဆေးရုံတက်ရင်း အနိစ္စ ရောက်ရှာခြင်း ဖြစ်သည်။

မောင်သိန်းနိုင်တို့ ယနေ့ ပြန်ကြသည်။ ကျောင်းအတွက် ဝတ္ထု(၅) လှူဒါန်းသွားကြ၏။

ညပိုင်းတွင် မဟာမြိုင် ဦးတိက္ခဆိုသူ၏ တရားပွဲကို တွေ့သည်နှင့် နာခဲ့သည်။ မယ်သီလများက တရားသြပဒါ(အော်ပရာ) ထွက်၍ ပြကြသည်မှာ စိတ်ပျက်စရာ ကောင်းလှ၏။ မကရုံတမယ်သာ ကျန် တော့သည်။ ဘုန်းကြီးလုပ်သူကလဲ ပြောရဲစရာ မရှိသော စကားများကို ပြော၍ တရားဟောသည်။ တရားဟောဘုန်းကြီးနှင့် မတူဘဲ မင်းသားကြီး သို့မဟုတ် ဆိုင်းနောက်ထနှင့် တူနေသည်။ သာသနာ နောက်ပိုင်းတွင် ဒီထက်ဆိုးသော တရားပွဲများ ချလေအုံးမည်လား မပြောတတ်။ ပရိယတ် အကဲခတ်ရ သည်မှာလည်း နှစ်နှစ်ခြိုက်ခြိုက် ကြိုက်ပုံ မပေါ်ပါ။ အပျင်းပြေ သဘောမျိုး တရားနာကြဟန် ရှိ၏။ တရား ကို ပြဇာတ်မင်းသမီးဟန် လုပ်၍ ရွတ်ကြသော မယ်သီလများ အသံကလည်း နားထောင်မကောင်း သည့်ပြင် ရယ်စရာပင် ကောင်းသေးတော့သည်တကား။

20.10.66

၁၀-ပုဒ်ပြီးသည်။ သံဃာ့ထေရုပ္ပတ္တိကို လူနာမည်ပါ အပြည့်အစုံပါအောင် အထက်မှ မခိုင်းဟူ၏။ အောက်လူများမှ လျှာရှည်ခြင်း ဖြစ်သည်ဟူသတတ်။ ဗိုလ်မှူးကြီး စိန်မြက အောက်လူများကို ဤသို့ လုပ် ရပါမလားဟု ဆူသည်ဟူ၏။

ညပိုင်းတွင် ဗုဒ္ဓဝါဒီတရားကို နာရသည်။ ဥတ္တမာထေရီဝတ္ထုကို ဟော၏။ လူကြိုက်များပုံ ရပါသည်။ တိုးတက်မှုလည်း တော်တော်ရှိလာပေသည်။ နောက်ဟောသည်က မှန်သော်လည်း မလွယ်ကြောင်းကို ပုရာဏစသော ဆသတ္ထာရနှင့် ဘုရားကို ဥပမာထား၍ ပြောသွားသည်မှာ မဟာမြိုင်ကို တွယ်လိုက်ခြင်း ဖြစ်သည်။ ညင်သာ၍ ပရိယတ်က သိပုံ မပေါ်။ (ဒို့ရွာနေကြ များလှဝေနေ၊ စည်းစိမ်ပြည့်ဖြိုး တန်ခိုးလျှံဝေ။ အရိယာစခန်း တက်လှမ်းနိုင်စေ၊ ကျန်းမာကြောင်း ဆုတောင်းမေတ္တာဝေ။)

21.10.66

၁၀-ပုဒ်ပြီးသည်။ ကိစ္စ-ပုဒ်မှာ ကျမ်းညွှန်းများလှသဖြင့် ရှာ၍ မပြီးသေးပေ။ ဝါကျွတ်အတွက် စာဝါ ခေတ္တ နားထားသည်။

ညပိုင်းတွင် ဦးသုဒဿန တရားပွဲသို့ သွားသည်။ အာဋ္ဌာဝကသုတ္တန်ကို ဟောသည်။ (ခန္ဓာတွင် ဆင်ခြင်ဆင်ခြင်၊ သစ္စဉာဏ်သိတဲ့ ဒီလမ်းစဉ်၊ သိပယ်ဆိုက်ပွားကြရင်၊ မိုက်မှားပြုတ် လောကုတ်ဒီလမ်းစဉ်) ဤဆောင်မှာ ဂီတသံ လွမ်းသော်လည်း မှတ်သားစရာ ကောင်းလှသော ဆောင်ပုဒ်ဖြစ်သည်။ eighty ကို လက်ခံရရှိသည်။ ခန္ဓာငါးလီ၊ အာဋ္ဌဝီ၊ တိုင်းပြည်ဥပမာ။ တရားဟော ဓမ္မကထိကများအား ပရိသတ်များ လျှင် ပို၍ အားတက်လွန်းပြီး လောကြီးသဖြင့် မမှားသင့်ဘဲ မှားတတ်ကြကြောင်းကို ဆင်ခြင်မိသည်။ ဓမ္မကထိကဆိုကလည်း စာမတော်သူသာ များ၍ သဒ္ဒါရေးကိုကား နားထောင်မရပေ။

22.10.66

မီတာခွဲတမ်း ချပြီး၍ ရသူ မီးကံထရိုက်တဦး(ဝင်းမောင်) လာသည်။ အပြင်ဈေးနှင့် ဆင်လျှင် (၄၂၇)ကျပ် ကျမည်ဟု သိရသည်။ မဆောင်နိုင်ကြောင်း အစိုးရထံမှ ပစ္စည်းရမှ ဆင်မည်ဖြစ်ကြောင်း ပြော လိုက်သည်။

ဝန်ထောက်မင်းက လူ့လောက ရှုပ်ပွေပုံအမျိုးမျိုးကို ပြောပြသည်။ စိန်ရွှေငွေစသည်ကို ကိုယ်ပိုင် မဟုတ်ပဲ ငှါးဝတ်ချင်ကြကြောင်း, ရန်သူမျိုးငါးပါးနှင့် တွေ့၍ ပျက်စီးက ငှါးသူမှာ ဘာမှ မတတ်နိုင် ကြောင်း, တရားစွဲ၍ မရကြောင်း ပြောသည်။ ငှါးပြီးတော့ ပြန်တောင်းလျှင် မလျော်နိုင်က မငှါးကြောင်း, မခံချိမခံသာ ပြောတတ်ကြကြောင်း ရှုပ်ပုံမျိုးစုံကို ပြောပြ၏။

23.10.66

၃-ပုဒ်သာ ပြီး၏။ ကိစ္စ-ပုဒ်က ကျမ်းညွှန်းများ၍ သိပ်မပြီးလှ။ ကျမ်းညွှန်းများသလောက် အနက်မ များပေ။ သက္ကဋ္ဌဓာန် အနက်များပါ ရေးလျှင် များပါလိမ့်မည်။

၂-ပိဿာခန့် ရှိသော ကုန်းလိပ်တကောင် ကျောင်းရှေ့တွင် ဘယ်က ရောက်လာသည်မသိ၊ ရောက် နေသည်ကို တွေ့ရသည်။ လူမိုက်များနှင့် တွေ့လျှင် ဒုက္ခရောက်ရှာပေတော့မည်။

ဝါကျွတ် မနားကြတော့ဟု အခြေခံအဖွဲ့က ပြောကြသည်။

24.10.66

၁၉-ပုဒ်ပြီးသည်။ ဂန္ထဆရာတော်ကို ကန်တော့ကြသည်။ ဟောလစ်မှာ ပပကထုတ် ရ၍ ၈-ကျပ် ၉၀-ပြားသာ ကျသည်။ ညဈေးတန်းမှာ ဝယ်ရလျှင် (၂၅) ပေးရမည်။ ဦးဇင်းတပါးလျှင် ကန်တော့ကြေး (၅) ခွဲသည်။ ကျွန်ုပ်က (၁၀)ကျပ် ထည့်သည်။ ဂိုလ်ဒင်ဘတ် (၉)ကျပ် ပေးရသည်။

ကာဋ္ဌုပကာဋ္ဌ-ပုဒ်ကို ကျနေ၍ ယနေ့မှ ရှာရေးပေးလိုက်သည်။ (ကာ)ပုဒ်များကို ဂန္ထ ရန်ကုန်အသွား တွင် ယူသွားမည်ဟု သိရသည်။ ရေးပြီးပုဒ်များကို ထားသိုပုံမှာ မသေသပ်လှ။ တခါတရံ ပျောက်မလား အောက်မေ့ရသည်။

ဝန်ထောက်ကတော်ကြီးမှာ ပိ(ပိဋ္ဌက)၏ လျှာပွတ်ဆေးနှင့် ချောင်းဆိုးသက်သာသည်ဟု သိရ၍ ဝမ်းမြောက်မိ၏။ လူကြီးဖြစ်၍ ချောင်းဆိုးရသည်မှာ မသက်သာရှာလှပေ။

ယဉ်ပုံတို့လည်း ဂန္ထကို လာကန်တော့ကြသည်ကို တွေ့ရ၏။

25.10.66

အရေး လုပ်ငန်းကို လုံးဝမလုပ်ရ။ ကိုကျော်ထွဋ်နှင့် ကိုဘိုမောင် လာ၍ ရေးပြီးပုဒ်များအတွက် စက်တင်ရန် ဆွေးနွေးကြသည်။ ၁၁-လပိုင်းလောက်တွင် မစိုးရိမ် ဓာန်ကို စက်တင်ချင်ကြသည်။ အဆက်မပြတ် စက်တင်နိုင်ရေးအတွက် အဖွဲ့ကလည်း အရေးလျှော့၍ ရေးပြီးများကို အချောကိုင်ရန် လျှောက်ကြသည်။ တိုက်(ပ်)စာရေး ငှါးလိုက တရွက် တမတ် ပေးမည်။ မရက ဌာနချုပ်မှ တိုက်(ပ်)စာရေးကို ခေတ္တ ပို့ထားမည်ဟု ဆိုသည်။ အဖွဲ့ထဲမှ တပါးပါး ရိုက်ရန် ခဏခဏ လျှောက်သည်။ ဒါကို လက်မခံကြ။

ယဉ်ပုံ နေမကောင်း၍ သွားမေးသည်။ ကျွန်ုပ်တို့ ထိုင်နေစဉ်အတွင်း ရောဂါ သိသိသာသာ သက်သာပေ၍ ဝမ်းမြောက်လှသည်။

26.10.66

မရေးရ၊ စက်တင်ရေးအတွက် စီမူဖြစ်ပြီးကိုပင် ကိုကျော်ထွဋ် ကိုဘိုမောင်နှင့်တကွ မစိုးရိမ် ဓာန် အဖွဲ့အားလုံး ပါဝင်သောပုဂ္ဂိုလ်များ ဝိုင်းဆွေးနွေးကြသည်။ (၈)ရွက်ခန့် ပြီးသည်။ “တည်ကြသောမူဟု ထား၍ မရဘဲ မူလုပ်နေ၍ ခက်ကြောင်း” ပြောသည်တွင် မာ(မာဂဓ)က မျက်နှာပျက်တင်း ဖြစ်သွားသည်ကို သတိပြုမိ၏။

ကကစ-ကို လွှ၊ လွှငယ်ဟု ပြန်ထား၍ လွှကို မူရင်းအနက်ထားပြီး လွှငယ်ကို (ဆွယ်နက်)အဖြစ်နှင့် (က)ထိုးရန် ကျွန်ုပ်က စပြောသည်။ သူတို့က ပြင်ပြီးဖြစ်၍ အင်တင်တင် ဖြစ်နေကြသော်လည်း နောက်တွင် မှားသည်ကို သိ၍ထင် အလျှော့ပေးလိုက်ကြသည်။ **ပါမောက္ခကို ဆရာလုပ်ရသည်မှာ အခက်ဆုံး ဖြစ်သ**ည်။ (ခ)မရှိ၍ (က)ထည့်ရသည်မှာ မကောင်းဟု ဆိုသော်လည်း (က)ရှိတိုင်း (ခ)ရှိသင့်သည် မဟုတ်သည်ကို သတိပြုရာ၏။

ဘိလပ်ရည်တိုက်သည်မှာ အဖွဲ့မှ မပေးက, ကိုကျော်ထွဋ်နှင့် ကိုဘိုမောင်က ပေးရသည်ဟု သိရ၏။ ကျွန်ုပ်တို့ တိုက်မှ စီမူမှာ မသေသပ်လွန်း၍ စိတ်ပျက်မိသည်။ ဖိုင်နယ်ပရုတွင် ဤစီမူလောက် ထည့်ရပါက ဖောင်ဖျက်၍ စီရတော့မည်။ သတိနှင့် ဆင်ခြင်၍ ဂရုစိုက်ပြီး ပြင်ဘို့ အင်မတန်လိုသည်။

27.10.66

စီမူကိုပင် ဆက်လက်ဆွေးနွေးကြသည်။ (၁၀)ရွက်ခန့် ပြီးသည်။ ကကာရ-ကို ကအက္ခရာ ကဗျည်းဟု နှစ်မျိုးပေး၍ ခွဲရန် မလိုကြောင်း ပြောသဖြင့် မခွဲကြတော့ပေ။

ကကုဓ-ကို ပစ္စေကဗုဒ္ဓါ, (ဌ)က ဘုရားဟု ဖွင့်ထားသဖြင့် ဇာတ်ကြောင်းအရ (၃၁)ကမ္ဘာထက်တွင် ကကုဓဘုရားဟု  ပေါ်ခဲ့သဖြင့် (ဌ)ကို မျက်နှာလွှဲ၍ ပစ္စေကဗုဒ္ဓါဟု သဘောတူ ပြန်ကြသည်။ ပါဠိဥပရောပါး နိမ်းကလည်း ပစ္စေကဗုဒ္ဓါဟု ပြန်သည်။

ဦးနုနှင့် ဦးဘဆွေကို ၁၁-နာရီတွင် လွှတ်လိုက်ကြောင်း ရန်ကုန်မှ ဖုန်းသတင်းလာသည်ဟု ဆရာတော်ကြီးမှ တဆင့်သိရ၏။ သတင်းမှန်လျှင် ကောင်းသော လက္ခဏာပေ။

28.10.66

စီမူကို အပြီးသတ် ဆွေးနွေးပြီးကြသည်။ မင်းသားလုပ်ချင်၍ ရေးယူလာသော စည်းဝေးမှတ်တမ်း စည်းကမ်းဥပဒေကို တချက်ကို မိမိက မရှင်းဟု အကြောင်းပြ၍ ရှင်းအောင် ဥပဒေ ဆွဲပြရာ လက်ခံကြသော်လည်း (မာ)(မာဂဓ)တို့က မင်းသားရှုံးပွဲ၍ မကြိုက် သိရသည်။ ဟုတ်ဟုတ်/မဟုတ်ဟုတ် လူတွင် ကြယ်လုပ်ချင်သူ၏ အမုန်းနှင့် မေတ္တာကို အရေးစိုက်ဖို့ မလို။ မမှန်လျှင် ရဲရဲတင်းတင်း ပြောရမည်မှာ ကျွန်ုပ်တာဝန်။

ကက္ကဋ္ဋ-ကို ပုဇွန် ဂဏန်းဟု ပြန်သည်မှာလည်း မကြိုက်။ ပုဇွန်ဆိုသည်မှာ တမျိုးဖြစ်၍ ဂဏန်း ဆိုသည်မှာ တမျိုးပင်။ ပုဇွန်သည် တွင်းနှင့် လယ်ထဲမှာ နေသော်လည်း ဂဏန်းကား တွင်းနှင့်လည်း မနေ, လယ်ထဲမှာလည်း မကျက်စားဟု ထင်မြင်မိသည်။ ယွန္တပုဒ်မှာ ကေဒါရပုဒ်က ပါနေ၍ ပုဇွန်သာ ဖြစ်သင့်၏။

29.10.66

ဣတိဝုတ်က ဥပကာရသုတ်ကို ကြည့် ကျက်သည်။ ရဟန်းနှင့် ဒါယိကာ ဒါယိကာမများ အချင်းချင်း ကျေးဇူးပြုပုံ ဖြစ်၏။ ဒါယကာ ဒါယိကာမများက ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ခြင်းဖြင့် ရဟန်းတော်များအား ကျေးဇူးပြုကြသလို ရဟန်းတော်များက တရားဓမ္မ ဟောကြခြင်းဖြင့် ဒါယကာ ဒါယိကာမများအား ကျေးဇူးပြုပုံ ဖြစ်သည်။ တရားပွဲ၏ အစတိုင်း ဟောဘို့ ကောင်းသောသုတ်ပင်။

30.10.66

အလုပ်ကို (၉)ရက်နေ့ထိ နားရန် သဘောတူကြသည်။ နားရက်အတွင်း လုပ်သောသူ၏ ရက်မှတ်ထားရန် ဖြစ်သည်။ ဦးလှမောင်တို့ လာ၍ အသင့်အတင့် ဆွေးနွေးကြသည်။ မင်းသားလုပ်ချင်သူက များ၍ မယ်မယ်ရရ ဆုံးဖြတ်ချက် ချနိုင်လောက်အောင် ဆွေးနွေးမရပါ။

ဆရာမြို့ထံ သွား၍ စောင်တထည်စီ ပေးလိုက်ကြသည်။ ကျေးဇူးများလှ၍ ဤမျှနှင့် မကျေနပ်ပါ။

၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ တနင်းလာနေ့ (၁၃၂၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်)

၁၃-ပုဒ်ပြီးသည်။ အများသဘောတူ ၆-၁၁-၁၁နေ့ထိ နားရန် ဆုံးဖြတ်ချက် ရှိသော်လည်း နောင်ပျက်ရက်အတွက် အစားထိုး ဖာထေးနိုင်ရန် ၁-၃-၄ အဖွဲ့က တက်ရေးကြသည်။ ဤသည်မှာ ၁၄-၈-၆၆နေ့ ဆုံးဖြတ်ချက်နှင့် မကိုက်ညီပါ။ သို့သော်လည်း “**စည်းကမ်းဆိုသည်မှာ သဘောတူလျှင် လုပ်ရသလို သဘောတူလျှင် ဖျက်ရသည်**”မို့ တော်ပေသေး၏။

စန္ဒာသီရိထံ ငွေလာ၍ ယူထားရန် ပြောသဖြင့် စာပို့က ယုံကြည်စွာ ပေးခဲ့သည်။ ညနေ ၆-နာရီ သာသာခန့်တွင် ပဲပုတ်တန်း လူထုဆပ်ပြစက် အနောက်ဘက် ကြာဖံစက် အရှေ့ဘက်တွင် မီး အနည်းငယ် လောင်သည်။ လူနိုင်၍ မပျက်စီးပါ။ ကျွန်ုပ်မှာ ရိပ်သာတံတားပေါ်တွင် ရောက်နေ၍ အတန်ကြာစွာ စိုက်ကြည့်နေမိသည်။ မီးဟဲ့ ဆိုလျှင် လူထုမှာ ပြူးတူးပြဲတဲနဲ့ ခြေမကိုင်မိ လက်မကိုင်မိ လန့်ကြသည်မှာ ဆိုးလှသည်တကား။

၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ အင်္ဂါနေ့ (၁၃၂၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)

၁၃-ပုဒ်ပြီးသည်။ ကိစ္စ-ပုဒ်မှာ ကျမ်းညွှန်းဂဏန်း များသည်လည်း တကြောင်း, သဒ္ဒါကျမ်းများတွင် ရှာမရသည်လည်း တကြောင်းတို့ကြောင့် ပုဒ်ပြီး နည်းရခြင်း ဖြစ်သည်။ ထောမနိဓိက ကိံ-နှင့်-စ တွဲထား သော ဒွန် နိပါတသမုဒါယဟု ပြသည်။ ဇာ၀၌၁။၁၁၂ ၌ ဂရဟတ္ထ အနုဂ္ဂဟတ္ထအဖြစ် ဖွင့်သော်လည်း တ ဝါကျလုံး ခြုံယူမှ ဂရဟတ္ထစသည် ပေါ်သည်။ ကိစ္စ-တပုဒ်တည်းက ဂရဟတ္ထ မပေါ်လှပေ။

ဂိနီနိုင်ငံမှ ဝန်ကြီးတဦးနှင့် အဖွဲ့ဝင် (၁၉)ဦးကို ဂါနာနိုင်ငံ လေဆိပ်တွင် ဂါနာအစိုးရက ဖမ်းဆီး ကြောင်း လူထုတွင် တွေ့ရသည်။ ဂါနာမှ နကရူးမား ခရီးထွက်ခိုက် အာဏာသိမ်းသော နိုင်ငံ တနိုင်ငံ ဖြစ်သည်။ နိုင်ငံခြားဝန်ကြီးများကို မိမိနိုင်ငံ လေဆိပ်က ဆီးကြိုဖမ်းခြင်းသည် တခါသာ ကြာဘူးသေး သည်။ ထူးသောသတင်းတရပ်ပင် ဖြစ်သည်။

2.11.66

ကိစ္စတိ ကိစ္စေန္တိ ကိစ္စေဟိ ကြိယာ သုံးပုဒ်မျှသာ ရေးပြီး၏။ ကိစ္စန-မှာ ကျမ်းညွှန်းများ၍ ရှာဖွေပြီးရုံ မျှသာတည်း။ ဗိုလ်မှူးအေးသိန်းက ဆရာတော်ကြီးထံ လာ၍ "သံဃာမှတ်ပုံတင်ပါမှ ပစ္စည်းပေးမည်" ဟူသည်မှာ တိုက်ဆိုင်မှုသာ ဖြစ်ကြောင်း, ဤသို့ မရည်ရွယ်ကြောင်း လျှောက်ထားသွားသည်ဟူ၏။ **အလယ်တိုက်ကြီးပေါ် မိန့်ခွန်းပေးနေပုံကို ရုပ်ရှင်ရိုက်ချင်ကြောင်းလည်း လျှောက်ထားသည်ဟူ၏။**

ဂိနီနိုင်ငံက သူတို့နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်(၁၉)ကို ဂါနာမှ ဖမ်းခြင်းကို တန်ပြန်အနေဖြင့် အ မေရိကန် သံအမတ်ကို ဖမ်းထားသည်ဟူ၏။ ဤသည်မှာနိုင်ငံတကာ ဥပဒေကို ချိုးဖောက်ကြခြင်းပင် ဖြစ်သည်။

ညတွင် ယဉ်ပုံတွင် သွား၍ ဦးပဥ္စင်းငယ်များနှင့် ခေတ္တ စကားပြော ပြန်ခဲ့သည်။ ပဥ္စင်းငယ်များ ဖြစ်၍ သူတို့ အကြိုက်ကို လိုက်ပြောရသည်။

လူထုဆောင်းပါးတွင် နွားကျောင်ငယ် ဆေးဘက် အင်မတန်ဝင်ကြောင်း ဆရာတော်တပါးက လက်တွေ့သောက်၍ အမိန့်ရှိလိုက်ကြောင်း ဖတ်ရပေသည်။ ဟုတ်လည်း ဟုတ်ပါသည်။ ကျွန်ုပ် သောက် သည်မှာ ၂-လခန့် ရှိပြီ ဖြစ်၏။

3.11.66

ကိစ္စန အပါဝင် ၁၅-ပုဒ်ပြီးသည်။ ဖောင်တော်ဦးလုပ်သား ဓမ္မာရုံမှ တရားဟော ဓမ္မကထိကတပါး လျှင် (၅၀)ကျပ်ကျ တရားပူဇော်သည်ဟူ၏။ မင်းကွန်း စစ်ကိုင်းမှ နာမည်ကြီးနှစ်ပါးတို့အား (၇၀) သို့မဟုတ် (၁၀၀) ပူဇော်သည်ဟူ၏။

ယဉ်ပုံတွင် ဦးကောဝိဒ ပြန်ရောက်လာပြီဖြစ်၍ နက်ဖြန် လာဖြစ်မှ လာဖြစ်မည်ဖြစ်ကြောင်း ပြောခဲ့ ရသည်။

လမ်းလည်တွင် ဝါကင်းကုန်း ဦးကုဏ္ဍလ တရားပွဲကို ခေတ္တ နာသည်။ အစီအစဉ်နှင့် ဟောသည်ဟု ဆိုသော်လည်း အခြေမရှိသူအဖို့ အားလုံး နားထွေးနိုင်စရာ ရှိသည်။ ဟောချင်လွန်း၍ ဟိုရောက်ဒီရောက် ရောက်ကုန်ဟန် ရှိသည်။ သတိပြုစရာပင်။

4.11.66

၅-ပုဒ်မျှသာ ပြီး၏။ ကိဥ္စာပိ-မှာ ကျမ်းညွှန်းများ၍ ရှာဖွေ၍ပင် မကုန်တတ်သေး။ လေလုံးဆို့၍ ည ကောင်းစွာ မအိပ်ရ။ လေနာသည်မဟုတ်။ အလုံးဆို့သဖြင့် လန့်လန့်နိုးသည်။ လေလှန်ပစ်ရမည်။ အခံရဆိုး အောင် နာခြင်းမျိုး မဟုတ်သော်လည်း ဤရောဂါမှာ တမျိုးဖြစ်သည်။ လေလုံးဆို့ ဆိုသည်ကို တချိန်က ညာသည်ဟု ထင်သော်လဲ ယခု ကိုယ်တိုင် ခံစားရမှ ရောဂါ ပမာဏကို သိရတော့၏။ ဆွမ်းမစားချင်အောင် ဖြစ်ရသည်။ ညတွင် လမ်းလည်တရားပွဲကို ခေတ္တ သွားသေး၏။ လေလုံးဆို့သည်က တကြောင်း, တရားက လည်း လုံးခြာလည်သည်က တကြောင်းကြောင့် အမြန်ပြန်လာခဲ့သည်။

5.11.66

ကိဥ္စာပိ တပုဒ်သာ ရေးပြီး၏။ ကျမ်းညွှန်းများသော်လည်း အနက်များသောပုဒ် မဟုတ်။ အနုဂ္ဂဟတ္ထ ဂရဟတ္ထဟု ဖွင့်သော်လည်း ဝါကျတခုလုံး ခြုံမှ ရသော အဓိပ္ပါယ်ကို ဖွင့်ခြင်း ဖြစ်သည်။ ယင်းပုဒ်ကို ကဲ့ရဲ့ ဖွယ် ချီးမြှောက်ဖွယ်ဟု ပေးနိုင်သည် မဟုတ်ပေ။

ပိ(ပိဋက) နေမကောင်း၍ ဝန်ထောက်မင်းထံ စာမဖတ်ကြ။ ဘားပလက်စီတဖူး သွားပေးလိုက် သည်။ ဝန်ထောက်က --- ဆေးများ ပိ(ပိဋက) သောက်ရန် လှူဒါန်းလိုက်၏။

တဘက်ခွဲမှ မူဆလင်ဆေးဆရာ၏ အကြောင်းကို ဦးဣန္ဒာစက္ကက ကိုယ်တိုင် ပြန်လာ၍ အတွေ့အကြုံ ပြောပြသည်။ ယုံရအခက် မယုံရအခက် ဆရာများပင်။ သူတို့ ဘုရားက လွှတ်၍ ဆေးကုနေ ရသည်ဟူ၏။

6.11.66

ဝန်ထောက်မင်းက ပိ(ပိဋက) နေမကောင်း လာ၍ မေးသည်။ ဆေးလည်း တိုက်သည်။ အတော် သံယောဇဉ်ကြီးသော ဝန်ထောက်မင်းပါပေ။

ကိဥ္စာပိအတွက် ရေးကွက် ရလိုရငြား သဒ္ဒါငယ် အစောင်စောင်ကို ကြည့်သော်လည်း ရေးကွက် မရ ပါပေ။

လေရောဂါမှာ သိသိသာသာ သက်သာ၍ ဝမ်းမြောက်လှလေသည်။ သို့သော် နောင် ဘယ်သောအခါ မှ မပေါ်နိုင်ရေးအတွက် ဆေး ချက်ကောင်းကို ရှာ၍ မှီဝဲရပေဦးမည်။

7.11.66

ဝါကျွတ် ခေတ္တပိတ်ထားသော စာဝါကို ယနေ့ စ၍ ပို့ချသည်။ လေရောဂါ အမျှင်မပြတ်သေး၍ အချိန်ပြည့် မချနိုင်ပါ။ **ပြန်ကြားရေးမှ စာချဘုန်းကြီးများ စာချနေပုံ, မိန့်ခွန်းပြောနေပုံ ဓာတ်ပုံလာရိုက် နေ၍ ဓာန်လုပ်ငန်း မလုပ်ရပေ။**

ညတွင် ပိ(ပိဋက)ကျောင်းမှာ ဂိလာနပုစ္ဆကလုပ်ရင်း ဝိ(ဝိနယနယူပဒေသ)ဘုန်းကြီးနှင့် တွေ့၍

တိုက်သမိုင်း အကျဉ်းချုပ်,

တိုက်မှ အသင်းအောင်ပြီး ထွက်ကြသော လူများ၏ အတ္ထုပ္ပတ္တိနှင့်

မထွက်ခင် လုပ်ငန်းပိုင်း ဆိုင်ရာများ,
မိုးတား ဦးပညိန္ဒ၏ လုပ်ငန်းပိုင်း ဆိုင်ရာများ,
ဘုရားကြီးတိုက် (ဒု) ဦးဇာဂရ၏ စာချ နာမည်ကြီးပုံ,
ပုခန်းဆရာတော်ကြီးက လာ၍ စာဆွေးနွေးရပုံ,
မစိုးရိမ် လက်ရှိဆရာတော်နှင့် ဆရာတော် ဦးသောမ အကြောင်း,

**မစိုးရိမ်တိုက်ကို ရေစက်ချသော ဆရာတော် ဦးသောဘန အကြောင်း** အလုံးစုံကို ပြောပြ၍ နားထောင်ရသည်မှာ မငြီးငွေ့ပါပေ။ မှတ်သားဖွယ်လည်း ကောင်းလှပါပေ၏။

8.11.66

ကျန်သော ကိစ္စကရတ္တံ-စတဲ့ ငါးပုဒ်ကို ဖြည့်စွက်ရေးသားပြီး ကိ-မူ ကုန်သဖြင့် ကီဠ-မှ စ၍ ကီ-မူကို ဆက်လက်ရေးရသည်။ ကီဠ-တပုဒ်သာ ပုဒ်သစ်အဖြစ် ရေးနိုင်သည်။ သုတ္တန်မှ ကိုရင်နာယက ဘိနပ်တရံ လှူဒါန်းလိုက်၏။

မြဝတီဝန်ကြီး ဦးစ၏ နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲကို မြို့တော်ခန်းမ၌ ကျင်းပသည်ဟူ၏။

တောအရပ်ဒေသများတွင် မြေပဲဖော်ချိန်ဖြစ်၍ အစိုးရက စစ်သားများကို တရွာလျှင် ၁၅ယောက် ၂၀ခန့် စောင့်ခိုင်းသည်ဟူ၏။ ရည်ရွယ်ချက်မှာ မြေပဲများ အစိုးရဒိုင်သို့ မသွင်းကြ၍ မသွင်းမနေရ ပြုလုပ်ရန်ဟူ၏။ မြေပဲဆိုလျှင် အဆံဖြစ်စေ အတောင့်ဖြစ်စေ အကြော်ဖြစ်စေ အားလုံးသိမ်းကြသည်ဟူ၏။ တောင်သူများကလဲ အစိုးရဒိုင်သို့ မသွင်းသည်က များ၏။

9.11.66

၁၃-ပုဒ်ပြီးသည်။ ကီကသ(ကီကစ)ပုဒ်များ ကျမ်းညွှန်းတွင် မပါဝင်သော်လည်း ဓာန်ဋီတွင် တွေ့ရ၍ ရေးသားလိုက်သည်။ ပုဒ်ထုတ်သူများက (ဠ)နှင့်(ဠ) မကွဲဘဲ ထုတ်ထား၍ ရေးရာတွင် ခရီးဖင့်ရသည်။

ညတွင် ယဉ်ပုံ ခေတ္တသွားသည်။ စပါးနယ်မှ ဦးဇင်းတပါး၏ ပြောပြချက်အရ စပါးရိပ်ရာ (သုံးဆုပ် တကော်, သုံးကော် တလှိုင်း)ဟု အဆိုရှိကြောင်း သိရ၏။ စပါးကောက်လှိုင်း (၇၅)လှိုင်း ရလျှင် ရိပ်ခ စပါး တခွဲ ပေးရသည်ဟူ၏။

ယဉ်ပုံမှ အပြန်တွင် ပိ(ပိဋ္ဌက)ထံ သွား၍ ဂိလာနပုစ္ဆက လုပ်ရသေးသည်။ စပ်မိစပ်ရာ ပြောရာမှ ဦးသန့်၏ အတ္ထုပ္ပတ္တိကို အမေရိကန် စာရေးဆရာမတဦးက ရေးသားထုတ်ဝေသည်ဟူ၏။ ဗမာငွေနှင့် (၃၀)ခန့် ကျမည်ဟု သိရသည်။ မော်စီတုန်းကလည်း လက်ရှိတာဝန်အချို့ကို စွန့်မည့် အရိပ်အယောင် ရှိကြောင်း အင်နာလူစီစထရောင်း ရေးသားသော စာအုပ်အချို့တွင် တွေ့ရကြောင်း ရန်ကုန်သတင်းစာတွင် တွေ့ရ၏။

10.11.66

ကီစကနှင့်တကွ ကီတကာလ-စသော ၉-ပုဒ် ပြီးသည်။ ကိုကောင်းညို အလှူမှ ပင့်စာကို မောင် အောင်စိန်က ကပ်သဖြင့် ရသည်။

မြဝတီမင်းကြီး ဦးစ၏ အတ္ထုပ္ပတ္တိ အကျဉ်းပြစာတမ်းကို ဖတ်ရသည်မှာ ဗဟုသုတဖြစ်ဖွယ်ပင်။ ကောင်းမှုတော်ကျောက်စာကို သာဓကပြ၍ ကလေးသောင်ထွတ်ကို ဗမာပိုင်ဖြစ်ကြောင်း ခိုင်လုံစွာ ပြောနိုင်သဖြင့် အင်္ဂလိပ်က သဘောတူရကြောင်း တွေ့ရသည်။ ဤသည်မှာ ဘာသာယဉ်ကျေးမှု တနည်းဆိုသော် ဘာသာရေးက နိုင်ငံရေးကို ကြီးမားစွာ အထောက်အကူပြုခြင်းပင် ဖြစ်သည်။ ဘာသာရေးသာ မထွန်းကားခဲ့က ထိုစဉ်က နယ်မြေလိုက် လက်လွှတ်ဖွယ် ရှိသည်။

11.11.66

၁၃-ပုဒ်ပြီးသည်။ ယဉ်ပုံဘုန်းကြီး ကတ္တူ ဒေါ်သိန်း ကိုမြဦးတို့ အိမ်မှ လူများနှင့် သွားသည်ကို ဒေါ်အေးတို့က သဘောကျဟန် မတူကြောင်း ဝန်ထောက်မင်းတို့ စကားသံကို ဖမ်း၍ သိခဲ့ရသည်။ ဘုန်းကြီးဆိုသည်မှာ ဒကာဒကာမ အားလုံးနှင့် သင့်တင့်အောင် ပေါင်းရသူမျိုးဖြစ်၍ အပြစ်ကား ဆိုထိုက်သည် မဟုတ်ပါပေ။ ပရူပဗန္ဓဇီဝီ ဘဝမျိုးကား ဟိုကြည့်ရ သည်ကြည့်ရပါတကား။

ဖျာပုံမှ ဒေါ်သန်းတို့ ရောက်လာကြသည်။ ကုန်ပစ္စည်း ရောင်းဝယ်ရင်း ဘုရားဖူးရင်း လာကြဟန်ရှိ၏။

12.11.66

ယဉ်ပုံဘုန်းကြီး ရန်ကုန်မှ ပြန်လာ၍ ဘဲဥများ ပို့ခိုင်းလိုက်သဖြင့် ရရှိသည်။ ပိ(ပိဋ္ဋက)ထံလည်း (၁၀)လုံး ပေးလိုက်၏။

ဒိန်းမတ်တွင် သတင်းစာ ၂၀၀၀ကျော် ထုတ်ဝေကြောင်း ကိုပင်ဟောဂင်ပေးစာ(လုပ်သား)တွင် ဖတ်ရှုရသည်။ အင်မတန် ပညာတတ်ဦးရေ ပေါသော နိုင်ငံတနိုင်ငံပါပေ။

အ-သုံးလုံးသင်တန်းမှ အကျိုးတရားကား မကွေးနယ်တွင် စာဖတ်တတ်သူ အများဆုံးဟူ၏။ မန်းက ဒုတိယလိုက်သည်ဟူ၏။ ညတွင် တေ-ပိ-ယဉ်တို့နှင့် ထွေရာလေးပါး ပြော၍ အချိန်ကုန်လွန်စေ၏။

13.11.66

၁၆-ပုဒ်ပြီးသည်။ ဒေါ်သန်းတို့ ပြန်ကြသည်။ စာရေးနေစဉ် ပြန်မည့်အကြောင်း လာလျှောက်၍ အေးအေးဆေးဆေး စကား မပြောရ။ ကုန်ပစ္စည်းကလည်း ရောင်းဝယ် အဆင်မပြေ၍ စိတ်ပျော်ပုံမရ။ ငွေ(-) လှူဒါန်းသွား၏။ နံက်လည်း နှစ်ရက်ဆက်၍ လ္ဘက်ရည်နှင့် မုံ့ဟင်းခါး ကပ်၏။

ညတွင် ယဉ်-တေတို့နှင့် စပ်မိစပ်ရာ ပြောရင်း တော်လှန်ရေးအတွင်းမှ ဗိုလ်မိုးဆိတ်က မိုးဇာဈေး(စစ်ကိုင်း)တွင် ဈေးရောင်းနေကြောင်း သိရ၏။ ဘဝ အဆင့်ဆင့် တိုးတက်လာပုံကိုလည်း သိရ၏။

14.11.66

ဝိ၊၅၊၂၈၈ ၌ သုခအတွက် ကြိယာငါးတန် ထုတ်နိုင်သော ပါဠိ တွေ့ရ၏။ ကျန်နေသော ကီရ ကီလ ကီလိတ ၃-ပုဒ်နှင့်တကွ ကီဝရူပ ကီဠာ ပေါင်း ၅-ပုဒ်မျှသာ ပြီး၏။ ရွာကို အလှူမလာနိုင်ကြောင်း ရေးထား

သည့်စာ ပေးလိုက်သည်။ မောင်ဇယ (ဦးဇယဒိသ) နေမကောင်း၍ တယောက်တည်း လုပ်ရသဖြင့် စာရေးရသည်မှာ ခရီးမပေါက်လှပေ။

ဘဝနှင့် စာပေကြေးမုံ ဆောင်းပါးကို မြဝတီတွင် ဖတ်ရှုရသည်။ စာပေသည် ဘဝ၏ အရိပ်မျှသာ ဖြစ်သည်။ ဘဝ၏ အတွေ့အကြုံ အတွေးအခေါ် ခံစားမှုမှ စာပေ ပေါက်ဖွားလာသည်ဟု ဆိုလိုသည်။ ဆိုရှယ်လစ်လောက ဘဝသို့ တကယ်မရောက်သေးဘဲနှင့် ဆိုရှယ်လစ်စာပေကို ဟန်(အံ) ညှစ်ထုတ်နေခြင်းသည် လမစေ့ဘဲ ကလေးကို ညှစ်ထုတ်သည်နှင့် တူလှသည်တကား။

(၉)တန်း ရှေး(နှစ်) ဆရာစစ် ဖြစ်မည်ဟူ၏။

15.11.66

သုခယတိ၌ သုခဝေဒနာက ကရဇကာယအား သုတ္တနည်း ပကတူသာ ရကြောင်း အာဂမ ဆရာတော်က အမိန့်ရှိသည်။ ၇-ပုဒ်သာ ပြီးသည်။ မောင်ဇယ နေမကောင်းသေး၍ ၃-နာရီထိ တခါထဲ ကြဲရသည်။ နောက်ပိုင်းတွင် ကိုတိ(တိလောကဉာဏ)နှင့် နှစ်ပါး ရေး၏။

thirty Burmese tales ကို တခေါက် ဖတ်ရှု၍ ကုန်သည်။ ထပ်ခါထပ်ခါ ဖတ်သင့်သော စာအုပ် ဖြစ်၍ ထပ်ခါထပ်ခါ ဖတ်နေရသည်။

ညပိုင်းတွင် ယဉ်ပုံ-တေ-ပိ-တို့နှင့် ထွေရာလေးပါး စကားပြောကြရင်း ရဟန္တာဖြစ်ပြီးလျှင် လူဝတ်ကြောင်နှင့် မနေနိုင်ဟူသော စကားရပ်ကို မဟုတ်နိုင်ကြောင်း, ပဗ္ဗဇတိဆိုသည်မှာ လူမှုရေးရာကို စွန့်ခြင်းကို ဆိုလိုရင်း ဖြစ်ကြောင်း, သင်္ကန်းဝတ်သည်ကို မဆိုလိုကြောင်း ကပ်ကပ်သပ်သပ် ငြင်းခဲ့သည်။ မှားသည်ကို သိသော်လည်း စကားထွက်စေခြင်၍ ဖြစ်သည်။ ၇-ရက် နေနိုင်လျှင် ၇-ရက်ကျော်လဲ ဘာကြောင့် မနေနိုင်သနည်း စဉ်းစားစရာ ကောင်းသည်။

16.11.66

ကီဋ္ဌနက-မှ စ၍ ၁၃-ပုဒ်ပြီးသည်။ ကိုရင် ပြန်လာတွင် ကိုနာဂက ဆီနှင့်မြေပဲ လှူလိုက်သည်ဟူ၏။ ကိုဗိုလ်လေးတို့ မုံရွာပြန်၍ လခစားမှ ထွက်ပြီး စီးပွားရေးအတွက် ကုန်ရောင်းကုန်ဝယ် လုပ်ရန် စိတ်ကူးရှိကြောင်း လာပြော၏။ စမ်းသပ်ရမည် စွန့်စားရမည်။ သို့မှသာ ဘဝတက်လမ်း ရှိနိုင်ကြောင်း မိမိက အကြံပေးလိုက်၏။ ဘဝ အတက်အကျဆိုသည်မှာ ရှိစမြဲပင် ဖြစ်ကြောင်း, ဘဝဆိုသည်မှာ ရုန်းကန်မှုပင် ဖြစ်ကြောင်း, ရုန်းမှ ကန်မှလည်း ဘဝ ပြည့်စုံမှု ရှိနိုင်ကြောင်း ပြောပြလိုက်သည်။ မရုန်းမကန်ဘဲ နေလျှင် သစ်ရွက်များကဲ့သို့ အချိန်တန် ညှိုးနွမ်းခြောက်သွေ့သွားရမည်ပင် ဖြစ်ကြောင်း စသည်ဖြင့် ပြောပြလိုက်၏။

ရေစကြိုနိဿယ ကခ်ီ-- နိဂုမ်းမှာ ဆုတောင်း သဘောကျသဖြင့် ရေးကူးထားလိုက်သည်။

နား အင်မတန် ယားနေ၍ နှမ်းဆီနှင့် ကြပ်ပေးရသည်။ ခဏခဏ ယားနေသဖြင့် စဉ်းစားစရာ ဖြစ်နေသည်။ ဆီနှင့် ကြပ်သော်လည်း ခေတ္တမျှသာ သက်သာပြီး နောက်ရက်များတွင် ပြန်၍ ယားပြန်သည်။

မခင်လှတို့က သတိရကြောင်း ကိုရင်မှတဆင့် လျှောက်လိုက်သည်ဟူ၏။

17.11.66

ကီဋ္ဋနပစ္စယ-မှ စ၍ ၁၄-ပုဒ်ပြီးသည်။ ဂုဏ်တော်ဖွင့် ဘုရားရှိခိုးစာအုပ်များ ယနေ့မှ ရလာသည်ကို တွေ့ရသည်။ ၎င်းစာအုပ်ကို ရိုက်သူမှာ တချိန်က သတင်းစာတိုက်တွင် အလုပ်လုပ်ရင်း တောခိုဘူးသော ရဲဘော်ဟောင်းတယောက် ဖြစ်သည်။ တောခိုစဉ်က ရုံးလုပ်ငန်းကို လုပ်ရသူ ဖြစ်သည်ဟု သိရ၏။ ဒေါ်အေး မှာလည်း ရဲမေသူနာပြုမှ တိုးတက်လာသူ ဖြစ်သည်ဟူ၏။

ကိုစောကြည် သားက မိဘကို မခန့်လေးစား လုပ်၍ ရန်ဖြစ်ကြကြောင်း သိရ၏။ သားသမီးကို မ ဆုံးမမှုမှာ အရင်းခံ အကြောင်းရင်း ဖြစ်ပေမည်။

"ပါရီတွင် သောင်တင်ခဲ့စဉ်က" ဆောင်းပါးများကို ရေးသူနှင့် "ယနေ့ ရှေ့သို့"တွင် ရေးနေသော ကို ချစ်လှိုင် အတူတူပင် ဖြစ်သည်ဟူ၏။

18.11.66

ကီဋ္ဋနေယျ ကီဋ္ဋန္တ ကီဋ္ဋန္တိဟူသော ၃-ပုဒ်ပြီးသည်။ နောက်နှစ်ပုဒ်မှာ ကျမ်းညွှန်းများသည်။ မသန်း ကြည် သား ဘုရားဖူး ရောက်လာသည်။ အဖော်များမှာ မောင်အောင်စိန် သိမ်တွင် တည်းသူဟူ၏။

နားကိုက်လှ၍ မနေနိုင်သဖြင့် ကျော်ညိမ်း ဆေးတိုက်မှာ သွား၍ ဆေးထိုးရသည်။ ၄ိ ပေးရ၏။ မ ကြာခင် သက်သာသဖြင့် ဆေးထိုးရကျိုး နပ်ပါသည်။

ညတွင် ပိ(ပိဋ္ဋက)ကျောင်းမှာ တပ်ကုန်းက အာဂန္တုများနှင့် ထွေရာလေးပါး စကားပြောရာ အာဂန္တု က "သူ့မှာ နွားကျင်ငယ် သောက်သော်လည်း အကြောင်း မထူးကြောင်း" ပြောပြသည်။ ဟုတ်ပေသည်။ တည့်တဲ့သူမှ တည့်ပေမည်တည်း။

19.11.66

ကီဋ္ဋမာန-မှ စ၍ ၁၄-ပုဒ်ပြီးသည်။ ကျန်နေသော ကီဋ္ဋနခုဒ္ဒကခနေက-ကိုလည်း ရေးလိုက်သည်။ မ သန်းကြည် သား ယနေ့ ပြန်သွားသည်။ မူမမှန်။

ညတွင် ယဉ်ပုံသွား၍ ထွေရာလေးပါး ပြောရင်း ဆရာမ ဒေါ်အေးက ယဉ်ဘုန်းကြီး သူမ မတည့် သူများနှင့် ရန်ကုန် ဘုရားဖူး သွားသည်ကို ကျေနပ်ပုံ မရကြောင်း သိခဲ့ရသည်။ ကျွန်ုပ်တို့ကိုလည်း သွား လျှောက်ဦးမည်ဟု ပြောသည်ဟူ၏။ ဤသည်မှာ စကားအဖြစ်မျှသာ ပြောခြင်း ဖြစ်သည်။ တကယ် လျှောက်မည် မဟုတ်ပါပေ။ ဘုန်းကြီးဘဝကား မလွတ်လပ်လေစွတကား။

20.11.66

ယဉ်ပုံ ကထိန်တွင် ဥပကာရသုတ် ဆင္ဂြင်္ဂဒါနသုတ်များကို ဟောခဲ့သည်။ ဝန်ထောက်မင်းက "ယဉ်ပုံ ဘုန်းကြီး ကထိန်ရှိလျှက် တခြား ဆွမ်းစားလိုက်သည်မှာ ဒါယကာ ဒါယိကာမများက မကျေနပ်ကြ"ဟု လျှောက်သည်။ ဆွမ်းစားပင့်သော ဒါယကာကလည်း "လှူရုံ မပါ၍လား"ဟု လျှောက်သေးသည်ဟူ၏။ ဒုက္ခ ဒုက္ခ။

21.11.66

ကီဠောပယန္တ-မှ စ၍ ၂၀-ပုဒ်ပြီးသည်။ လွယ်ခြင်း ကျမ်းညွှန်းနည်းခြင်းကြောင့် ပုဒ်ပြီးများသည်။

ဆေးရုံကို နားပြနေ၍ စာဝါ မချဖြစ်။ ကျေးဇူး သိပ်မများလှပါ။ ဝတ်ကျေဝတ်ကုန် နိုင်လှသည်။ လခစား သဘောက ဤနည်းသာ ဖြစ်ပေမည် ထင်၏။ Folk Tales ကို စ၍ ဖတ်သည်။

ရွှေဘိုတွင် ခုတ်ခွင့်ပြု ထင်းခုတ်ကြသည်ကို လှည်းနှင့် တိုက်လာမှ ဖမ်းဆီးသောကြောင့် လူထုက မကျေမနပ် ဖြစ်နေကြောင်း ဝိနယဘုန်းကြီးက ရွှေဘိုမှ ဒါယိကာမကြီး တဦး၏ ပြောပြချက်ကို တဆင့် ဖောက်သည်ချ ပြောကြား၏။

22.11.66

၂၂-ပုဒ်ပြီးသည်။ ဈေးချို သွား၍ ပုဏ္ဏား မောင်ကိုထံ နားဆေးသည်။ ၃ိ ၅ဝါး ပေးရ၏။ ယဥ်ပုံကို စာမေးပွဲ လက်မှတ်ထိုး ပုံစံ သွားပေးလိုက်၏။

ထီးချိုင့် ဘုန်းကြီးတပါး ရွှေချည်ထိုးပုဆိုး ရှင်လောင်းဝတ် (၈၀)နှင့် ဝယ်လာ၏။ မင်းသမီး ထမီ အကောင်းစား ထိုးခ (၃၀၀) ပေးရသည်ဟူ၏။ တပ်ကုန်း အာဂန္တုဘုန်းကြီး၏ ဒါယိကာမများက ဆွမ်း ကျွေး၍ မင်းကြီးတိုက်မှာ ဆွမ်း သွားစား၏။ စား၍ ကောင်းလှသည်။

လူထုသတင်းစာတွင် မန်လည်ဆရာတော်-ရေး ဂေါမုတ္တ ကြိုးတေးထပ်တပုဒ် တွေ့ရ၏။

23.11.66

၁၁-ပုဒ်ပြီးသည်။ တိုက်စာမေးပွဲအတွက် ပုစ္ဆာကို မောင်ဇယအား အရိုက်ခိုင်းသည်။ ယိုးဒယားဘက် မှ အိုက်မောင်ဆိုသောလူ ခေါင်းဆောင်သော အဖွဲ့က ဗမာ ငွေတုလုပ်၍ (၂၀)ကို (၆)ကျပ်နှင့် သွင်း ကြောင်း လူထုတွင် ဖတ်ရသည်။

ည (၇)နာရီကျော်တွင် ကင်းခြေများ အကိုက်ခံရသည်။ အင်မတန် အဆိပ်ပြင်းသော အကောင်ပေ။ မည်သည့် ရောဂါမဆို ခံနိုင်သော ကျွန်ုပ်ပင် မအော်မငြီးဘဲ မနေနိုင်ပေ။ တင်မောင်ဦး ဆေးတိုက်တွင် ဆေးထိုးရသည်။ နဂါးမောက်ရွက်ကိုလည်း ကြိတ်၍ အုံသည်။ ထောပတ်လည်း လိမ်းသည်။ ဦးဇဋိလက မန်းပေးသည်။ အားလုံးသော ဆေးအား မန်းအား၏ အာနုဘော်ကြောင့် ထင်သည် ည ၉-နာရီကျော်တွင် အိပ်ပျော်သွားပေသည်။ ကင်းကိုက်လျှင် အနည်းဆုံး ရက်တပတ် (၂၄)နာရီ ခံရသော်လည်း ကျွန်ုပ်မှာ (၂)နာရီခွဲမျှသာ ခံရ၍ ပျောက်ကင်းသွားပေသည်။ အားလုံးကို ကျေးဇူးတင်စရာ ကောင်းလှ၏။

24.11.66

ကင်းကိုက်သော အနာက ပျောက်သော်လည်း အဆိပ်ပြင်း၍ ဖျားချင်သလိုလို ဖြစ်သည်က တ ကြောင်း, အိပ်ဆေး၏ အာနိသင်က မပျယ်နိုင်သည်ဖြစ်၍ အိပ်နေရသည်က တကြောင်း စာလည်း မချ စာ လည်း မရေးပေ။ နံက် ဆွမ်းစားရုံသာ ခဏ ထ၍ တနေကုန် အိပ်နေသည်။ အိပ်ဆေးကြောင့်လား မဆိုနိုင် ပေ ဝမ်း ကျော အားလုံး နာနေသည်။ သို့သော် မခံနိုင်လှအောင်ကား မဟုတ်ပါပေ။ ကိုယ် အနည်းငယ်

ပူနွေးရုံမှတပါး လူကောင်းပကတိပါပေ။ အိပ်ဆေးအတွက် အိပ်ရသော်လည်း ပကတိ အိပ်ရသလောက် အရသာ မရှိပါ။

25.11.66

ကထိန်ရှိ၍ တနေကုန် မရေးရပေ။ (၃)နာရီကျော်မှ ရေးရသည်။ ၇-ပုဒ်ခန့်သာ ပြီး၏။ ဒေါ်ချို့တို့က ကထိန်ခင်းကြသည်။ စာချတပါးလျှင် ကေသီတထည်ကျနှင့် စာသင်သားတပါးလျှင် ဝတ္ထု(၃)ကျ လှူဒါန်းသည်။ လွန်ခဲ့သော လေးနှစ်ခန့်ကလည်း တကြိမ် ခင်းဘူးသည်။ သဒ္ဓါတရားကောင်းသော ဒါယိကာမကြီးများပါပေ။ ဤလို ဒါယိကာမကြီးများ ရှိသေးက သာသနာတွင် ပစ္စည်းလေးပါးအတွက် ပူပင်ရမည် မဟုတ်ပါပေ။ သို့သော်လည်း ငွေအသပြာ မရှားသော်လည်း စေတနာ ပါးကြ၍ သာသနာတွင် ပစ္စည်းလေးပါး ရှားပါးရခြင်း ဖြစ်ပေသည်။

26.11.66

ဘုရားကြီးတွင် မသိုးသင်္ကန်းရက်ပွဲ ကျင်းပ၏။ နှစ်အစပင် ဖြစ်သည်။ ကြိယာများကို ဝိဘတ်စဉ် ဝုစ်စဉ် ပြုလုပ်သည်။ ပုဒ်သစ် လုံးဝမရေးပေ။ ဆီ နှမ်းစသော ပစ္စည်းများ ကင်းလွတ်ကုန်အဖြစ် သတ်မှတ်ကြောင်း လေဒီယိုမှ ကြေညာသည်။ ဝမ်းမြောက်စရာ ကောင်းလှ၏တကား။

ဝန်ထောက်မင်းနှင့် ဝန်ထောက်မင်းကတော်တို့က ယဉ်ပုံဘုန်းကြီးအကြောင်း ဆရာမအေးက လာတိုင်ကြောင်း ကျုန်ုပ်တို့ နှစ်ပါးအားလည်း လျှောက်ပေးရန် ပြောကြောင်း လျှောက်ထားကြသည်။ အစိုးရိမ်လွန်၍ လျှောက်ထားခြင်း ဖြစ်သဖြင့် အဆိုးမဆိုသာချေ။ သူတို့ မကြိုက်သည်ကို ဆင်ခြင်ရန် ဖြစ်၏။

27.11.66

ပိ-ယဉ်တို့နှင့် ထွေရာလေးပါး စကားပြောနေသည်။ ယဉ်ပုံမှ အမျိုးသမီးများမှာ ရဲတင်းစွာ မုန့်ဘိုးတောင်းကြသည်ကို တွေ့ခဲ့ရ၏။ အာဂန္တု ဧည့်သည် ရှိသည်ကိုမှ မထောက်ထားဘဲ ရဲလိုက်ကြသည်မှာ ကြောက်စရာ ကောင်းလှ၏။ ဤအရပ်မျိုး၌ နေထိုင်ရသည်ကား မလွယ်လှချေတကား။

28.11.66

ကုဋ္ဋ-မှ စ၍ ၇-ပုဒ်ပြီးသည်။ ဆေးရုံကြီး သွား၍ ပိ(ပိဋ္ဋက)ကျောင်း သွေးအန်သော ဦးပဥ္ဇင်းကို ဂိလာနပုစ္ဆက လုပ်ခဲ့သည်။ ယဉ်ပုံမှ ဦးဝိမလကိုလည်း မေးခဲ့ရသည်။ သွေးအန်သူက သက်သာပေသည်။ ဗိုက်နာသူကား မသက်(သာ)လှရှာသေး။ ကိုယ့်ရောဂါအကြောင်း သိပါလျှက် အစား မဆင်ခြင်သည်မှာ တော်တော်ဆိုးသော ကိစ္စတရပ် ဖြစ်သည်။

ကိုဗိုလ်လေး ရောက်နေ၍ သူနှင့် အနာဂတ်လုပ်ငန်းစဉ်ကို ဆွေးနွေးမိသေး၏။ လက်ရှိလခနဲ့ဖြင့် မ ကိုက်သေးပါပေ။ ကုန် ကူးသန်းရောင်းဝယ်မှုပြုလျှင် တခေါက်နဲ့ပင် လက်ရှိလခ ရရှိနိုင်ကြောင်း ပြောလိုက်ရသည်။ သို့သော် ရရှိနေဆဲ အခွင့်အရေးကို စွန့်လွှတ်ရမည်ကလည်း မလွယ်လှပါပေ။

29.11.66

တိုက်စာမေးပွဲ ကျင်းပနေ၍ ခန်လုပ်ငန်းကို ခေတ္တ ရပ်ဆိုင်းထားကြသည်။ eighty ကို လက်ခံရရှိသည်။

ဖျာပုံ မအေးမြင့်ထံမှ ပေးစာကို လက်ခံရရှိ ဖတ်ရှုရသည်။ သူကလည်း ကျောင်းနောက်ကျ၍ သင်္ခ်န်းစာများကို အားချင်းတိုက် ကူးနေရသဖြင့် စာကို ရောက်ရောက်ချင်း မပေးဖြစ်ကြောင်း သိရ၏။ သူတို့ ပြန်စဉ်က ရထား စက်ချို့ယွင်း၍ တကြောင်း, ဘူတာစဉ် ရပ်၍ တကြောင်း, အချိန်မီ ရန်ကုန်ကို မရောက်ဘဲ အချိန်ကုန်မှ ရောက်ကြောင်း သိရ၏။ ခရီးသွားလျှင် ဤသည်မှာ ဒုက္ခတမျိုး ဖြစ်သည်။

ယဉ်ပုံနှင့် ထွေရာလေးပါး ပြောရင်း ဆရာမအေးက သူ့ကို မပြောချင် ပြောချင် ပြောနေ၍ စိတ်မချမ်းသာကြောင်း သိရ၏။

၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်)

ရွာအလှူ သွားရန် မန်းမှ ၆း၁၀ ရထားနှင့် ထွက်ခဲ့သည်။ ကိုဗိုလ်လေး ဘူတာကို လိုက်ပို့၏။ ၁၀း၃၀ နာရီတွင် မုံရွာ ရောက်။ ကိုသန်းထွန်း ဘူတာ လာကြိုနေသည်။ သန်းစတိုးတွင် ဆွမ်းစား၍အပြီး ကာလ်စီယန်ဓာတ် လိုသူများ စားရသည့် ဆေးကို ရဟန်းဒကာက ကပ်၍ စားကြည့်ရာ ခေါင်းမူးလာသည်။ တည့်ဟန် မတူပါပေ။

၃-နာရီအချိန်တွင် ရွာကားနှင့် ရွာကို လာခဲ့သည်။ မောင်ဌေးအောင် အလှူတွင် တတ်စွမ်းသမျှ ညတရား ဟောခဲ့သည်။ ၂-နာရီခန့် ကြာသည်ဟု ထင်၏။ တရားရှည်သဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် မကြိုက်ပါ။ သက္ကဒါနသုတ်ကို အနေကဝဏ္ဏနတ်သား၏ ဝတ္ထုနှင့် စပ်၍ ဟောခြင်း ဖြစ်သည်။ သက္ကဒါနသုတ်ချည်းဆိုလျှင် အနေတော် ဖြစ်ပေမည်။ ပရိသတ် စိတ်ဝင်စားသည် ဖြစ်စေ, မဝင်စားသည် ဖြစ်စေ ၁း၃၀ နာရီ လောက်ဆိုလျှင် တော်လောက်ပေပြီ။ အပြီးတွင် ရွှေနွယ်ရိုးဆရာတော်နှင့် ထွေရာလေးပါး စကားပြောကြ၏။ ၁-နာရီလောက်ထိ အိပ်မရသည်နှင့် ရှေးဟောင်းနှောင်းဖြစ်များကို စကားပြောကြပေသည်။ ကြုံကြိုက်ခဲ၍ စကားပြောရသည်မှာ မြိန်ရေယှက်ရေ ရှိလှပါသည်။ ညပိုင်းတွင် သိပ် အိပ်မရပါ။

(စာပေဗိမာန်ဆု ကြေငြာသည်။)

———————————————————————————————

၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ ကြာသပတေးနေ့ (၁၃၂၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်)

လက္ခဏာစိတြယောဇနာ, ဦးပုညမေတ္တာစာ ၂-အုပ် ဆရာတော် ဦးပညာ မျက်မှောက်တွင် အပ်။ ခုဒ္ဒကပါ-နိသျ ဝိမာနပါ-နိသျ ဣတိဝုတ်ပါ-နိသျ ပေါင်း(၃)အုပ် ဦးရာဇိန္ဒထံတွင် အပ်။ ဘုန်းကြီး ဦးဇောတိက မရှိ၍ မတွေ့ခဲ့ရ။

ဘူရွန်ဒီနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းကြောင်း ၁-၁၂-၆၆ နေ့ထုတ် လူထုတွင် တွေ့ရသည်။ ဘုရင် နိုင်ငံခြားသို့ အသွားတွင် အာဏာသိမ်းခြင်း ဖြစ်သည်။ ဂါနာကို အာဏာသိမ်းသည်နှင့် အဖြစ်အပျက်တူသည်။

ညတွင် (ကိုရီးကျမ်) ကိုသိန်းလှတို့နှင့် လက်ရှိ ဖြစ်ပျက်နေသော ကိစ္စများကို ဆွေးနွေးကြသည်။ အမြင်ချင်း တယောက်တမျိုး ဖြစ်သည်ကို တွေ့ရသည်။ ရွာက လူများနှင့် စကားပြောရသည်မှာ အတော်

ခက်သည်။ ဖြေ့နှင့် ဗမဲ မခေါ်သော ကိစ္စများကလည်း မနည်းပေ။ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေး ကော်မတီဖွဲ့ကြောင်း ပြောပြသည်။

(အနောက်ဂျာမနီ ညွန့်ပေါင်း အစိုးရဖွဲ့ သဘောတူကြသည်။)

2.12.66

မောင်ဌေးအောင်တို့ အလျူတွင် စေတနာဝတ္ထုစသော အဝတ္ထုလေးမျိုးကို ဟောသည်။ အဘိဓမ္မာ သဘောတရား ဖြစ်၍ နားလည်ဘို့ ခက်သည်။ သို့သော်လည်း သစ်ပင်နှင့် ဥပမာပြ၍ ရှင်းသင့်သလောက် ရှင်းပါသည်။ အခြေခံမရှိ၍ နားလည်ဘို့ ခက်ပါသည်။ မောင်ကျော်စိုး (မတင့် သား) လှေခါးပေါ်မှ လိမ့်ကျ၍ ခေါင်းပေါက်သည်။ မိခင်ဖြစ်သူက မိခင်စိတ် မရှိဘဲ ပွဲကြည့်လိုက်သွားသည်ကို တွေ့ရ၍ အံ့သြလှသည်။ စိတ်ဆိုးသည်နှင့် မျက်ကွယ်တွင် ဆူပူကြိမ်းမောင်းခဲ့ရသည်။ ကိုဘတုတ်က သူတို့ ကျောင်းသား အရွယ်က အဖြစ်အပျက်များကို ပြောပြသည်။ ကျွန်ုပ်တို့ ငယ်စဉ်ကလိုပင် သူတို့လည်း ဘုန်းကြီးမသိအောင် အပျော်လုပ်ကြပုံကို ပြောပြခြင်း ဖြစ်သည်။

ဦးသန့် ၅-နှစ် ဆက်လုပ်မည်ဖြစ်ကြောင်း သဘောတူညီမှု ရရှိသည်ဟူ၏။

3.12.66

ရွာမှ အပြန်တွင် ဆုံကုန်းအနီး၌ ကားဘရိတ်ပေါက်သဖြင့် အုပ်မရဖြစ်ကာ လှည်းတစီးနှင့် ကံကောင်း၍ မတိုက်မိခြင်း ဖြစ်သည်။ ကားမောင်းသူမျာသည် ဘရိတ်ကို အနီးကပ်၍ မအုပ်သင့်ပေ။

မန်းကို ၁-နာရီတွင် ရောက်။ ဓာန်ရေးကြ၍ ကျွန်ုပ်လည်း မှီသည်နှင့် ဝင်၍ ရေးရသည်။ ၁၃-ပုဒ် ပြီး၏။ ကုဋ္ဌမ္ဘ-ကို ကုဋ္ဌမ္ဘ ထုတ်၍ငင်း ကုနှင့် ကူ လွဲ၍ငင်း ခရီးဖင့်နွဲ့ရသည်။ တိုက်ပတ်ပုစ္ဆာများကို စစ်ဆေး အမှတ်ပေးရာ (၄)ပုစ္ဆာခန့် ပြီးသည်။

မြင်းမူနှင့် ညောင်ပင်ဝင်းကြားတွင် မိုး တကိုယ်စွတ်ခန့် ရွာသည်။ မုံရွာတွင် အံ့ရုံမှတပါး ကျွန်ုပ် ရှိနေစဉ် မရွာပေ။ ရွာမှာလည်း အနည်းငယ် ရွာ၏။ မလှပို သမီးတယောက် မုံရွာတွင် သေ၍ ရွာကို ယူလာကြသည်။ ကိုဘဟန်က လှည်း ကူညီသည်ဟူ၏။ ငွေ(၃၀) ပေးသည်ကိုပင် မယူဘဲ မင်းတို့မှာ ဒုက္ခရောက်နေကြ၍ ငါက ဒီမျှမက ကူညီသင့်ပါသည်ဟု ပြောသည်ဟူ၏။ တော်ပေစွ။

4.12.66

၄-ပုဒ်ပြီးသည်။ ကုဋ္ဌိ-မှာ ကျမ်းညွှန်းများ၍ သိပ်မပြီးခြင်း ဖြစ်သည်။ ကျန်ရှိနေသော (၆)ပုစ္ဆာကို အပြီးသတ် စစ်၍ ပြီးသည်။ စာဖြေပုဂ္ဂိုလ်များ ကြိုးစားမှုရှိဟန်တူသည်။ မပြေဟု ထင်သော ပုစ္ဆာများပင် ဖြေနိုင်ကြ၍ ဝမ်းမြောက်ရပါသည်။ စာရင်းသွင်းသူ ၂၉-ပါး ရှိသော်လည်း ဓာန်၌ တကယ်ဖြေဆိုသူ ၂၃-ပါး သာ တွေ့ရသည်။ နှစ်တိုင်းနှင့် စာလျှင် ဖြေဆိုသူ ပေါသည်ဟု ဆိုရပေမည်။

5.12.66

ဝီလျံ၏သား မင်္ဂလာဆောင်မှ ဆွမ်းကျွေးပင့်၍ ဒါန ပေယျာဝဇ္ဇ စသော သင်္ဂဟဝတ္ထုလေးပါးကို မင်္ဂလာတရားထဲတွင် ထည့်ပြောခဲ့သည်။

တိုက်စာမေးပွဲ ဂေဇက်ထုတ်သည်။ စာချ(၄) စာသင်(၁) အောင်။ ထူးထူးဆန်းဆန်း လူကြီး နာယကများက အလုပ် ဝင်လုပ်သည်။

ဝန်ထောက်မင်း အလုပ်ကိစ္စနှင့် အပြင်ထွက်နေ၍ စာမတက်ခဲ့ရပေ။ ဝန်ထောက်ကတော်က ပြော လိုက်သည်မှာလည်း စုံလို့ပင် ဖြစ်သည်။

တပ်ကုန်း ဦးတေဇောနှင့် ကိုဉာဏောတို့ ရောက်လာကြ၍ ဝမ်းမြောက်စွာ စကားပြောကြသည်။ ရေးဟောင်းနှောင်းဖြစ်များကို ပြော၍ မကုန်နိုင်ကြပေ။ မိတ်ဟောင်းဆွေဟောင်းများနှင့် တွေ့ဆုံရ၍ အားလုံး ဝမ်းမြောက်လျှက်ပင်။ ကိုဉာဏောကား နယ်လှည့် ဓမ္မကထိက၊ တပ်ကုန်း ဦးတေဇောကား တောကျောင်းထိုင် ဖြစ်နေကြပေပြီ။

6.12.66

ကုဋ္ဌိကာ-မှ စ၍ ၉-ပုဒ်ပြီးသည်။ ကျွန်ုပ်မှာ တပ်ကုန်း ဦးတေဇောနှင့် ဈေးဝယ်ရန် ကိစ္စရှိ၍ (၂)နာရီ တွင် အလုပ်ဆင်းခဲ့သည်။ ကုဋ္ဌိကာတပုဒ်သာ ရေးပြီးသေး၏။ ဘုရား မွမ်းမံပြင်ဆင်ခ (၄၅)နှင့် ဈေးတည့် ခဲ့၏။ ဆန်အိတ်တလုံး (၂၅)နှင့် ဝယ်၏။ မြင်းလှည်းခ (၁)ပေးရ၏။

ဆရာတော်ကြီး မွေးနေ့ မုန့်ဟင်းခါး ကျွေးမွေးဆက်ကပ်သော်လည်း စာဝါဖွင့်စနေ့ ဖြစ်၍ ကျွန်ုပ် မ လိုက်ပေ။ ပဋ္ဌာန်းစာမေးပွဲကိုလည်း မွေးနေ့အထိန်းအမှတ်အဖြစ် ကျင်းပသည်။ (၂၅)ပါးခန့် ဖြေဆိုကြသည် ဟု သိရ၏။

မြဝတီမင်းကြီး ဦးစနှင့် မိုးဇက်တို့မှာ (၁၀)နှစ်ကြီး-ငယ် ဖြစ်ကြသည်။ ဘဝဖြစ်စဉ်မှာလည်း မင်း များ မြှောက်စားပုံချင်း တူညီကြသည်။ မိုးဇက်မှာ ဩစတရီးယားမှ ဂီတဆရာ ဖြစ်သည်။ ဦးစ-ကား ရွှေဘို နှင့် ပုဂံမင်း လက်ထက်တွင် ကျော်ကြားခဲ့သည် ဖြစ်သည်။

7.12.66

၁၈-ပုဒ်ပြီးသည်။ ယနေ့လည်း ဘီဒိုဝယ်ရန် ကိစ္စနှင့် ကျုံးဒေါင့် ပရိဘောဂဆိုင်များ အာနန္ဒာ စောင်းတန်း ဆိုင်များသို့ သွားနေရ၍ အချိန်ပြည့် မရေးနိုင်ပေ။ အမျိုးသားနေ့ ဖြစ်သဖြင့် ကျုံးဒေါင့် ဆိုင် များက ပိတ်သည်။ အာနန္ဒာစောင်းတန်း ကိုလှရွှေဆိုင်မှ တပ်ကုန်းအရောက် (၂၇၀)နှင့် တည့်သည်။ နှစ် ဆင့် သုံးခန်း။ ကိုယ်-ဂေါင်း-အောက်ခံ အားလုံး ၃-ခု ဖြုတ်ရသည်။ မှန်ဈေးကြီး၍ ဘီဒိုဈေးများလည်း တက် ယူကြခြင်း ဖြစ်သည်။

အမျိုးသားနေ့ကို စတိလောက် မပျောက်ရုံသာ ကျင်းပကြတော့သည်။ ကြီးကျယ်ခမ်းနားစွာ မ ကျင်းပကြတော့။ နောင်(၁၀)နှစ်ခန့်ဆိုလျှင် အထိန်းအမှတ်ပွဲမှ လုပ်ကြပါတော့မလား မပြောတတ်တော့ ပေ။ ယခုလည်း အမျိုးသားနေ့ ဘာကြောင့် ကျင်းပကြသည်ကို သိသူ ရှားလှပေပြီ။ အမျိုးသားစိတ် ဇာတိသွေး ဇာတိမာန် မပျောက်ပျက်ရေးအတွက် စတိလောက်သာ မဟုတ်ဘဲ ကြီးကျယ်ခမ်းနားစွာ

ကျင်းပသင့်သော ပွဲတခု ဖြစ်သည်ကို မမေ့သင့်။ ယခုဆိုလျှင် နေရှင်နယ်ကျောင်းတခု၌သာ အခမ်းအနား ကျင်းပကြတော့၏။ တချို့ကျောင်းက ကျောင်းပင် ပိတ်ကြသည် မထင်။ မနှစ်တနှစ်ကမှ ပေါ်သော ကျောင်းသား ပွဲတော်ဆိုသည်ကို အားကျနေကြတော့၏။ ဤပွဲတော်မှာလည်း ခရစ္စမတ်ကို ကျော်အောင် ဖုံးလွှမ်းနိုင်လျှင် ကောင်းပေစွ။ ရည်ရွယ်ချက် ပြည့်စုံပေမည်။

8.12.66

၂-ပုဒ်ပြီးသည်။ ယနေ့လုံး စာအုပ်ဝယ် လိုက်နေရ၍ အချိန်ပြည့် မရေးနိုင်။ ဝိနည်း ပါဠိစုံ နိဿယစုံ အပ မြန်မာပြန်စုံ သင်္ဂဇာအဖြေပေါင်းချုပ် အုပ်ရေ(၁၅) သင့်ငွေ(၂၁၈)ကျပ် ကျသည်။ အားလုံး သားရေဖုံး များ ဖြစ်ကြသည်။ သံသေတ္တာအထူ (၄၀)ကျပ် ပေးရသည်။ (၂၆)လက္ခမျှသာ ရှိ၏။

ညနေ ဘုရား(ကြီး)တိုက် အသွားတွင် မမျှော်လင့်သော ဦးဝိသုဒ္ဓ(မောင်းထောင်)နှင့် တွေ့သည်။ မောင်ဝိသုတ(ဆိပ်ခွန်)က သူတို့ကျောင်းမှာ ကထိန်ခင်းခြင်းနှင့် ပတ်သက်၍ ဘေးတိုက်ပုဂ္ဂိုလ်များက ကထိန်မမြောက်ဟု ခြောက်တွန်းကြပုံကို ပြောပြသည်။ သူ ဝဇီရဗုဒ္ဓိဋီကာကို အကိုးပြု၍ ကထိန်မြောက် ကြောင်း ခံတွယ်သဖြင့် ဘာမှ မပြောဘဲ နှုတ်ဆိတ်သွားကြသည်ဟူ၏။ သူကလည်း မတော်, ဟိုကလည်း အရှော်ဖြစ်၍ တော်ပေသေးသည်။ သို့မဟုတ်က ဒုက္ခရောက်စရာပင်။ သာသနာကလည်း ရှုပ်လှဘိ တောင်း။

9.12.66

တပ်ကုန်း ဦးတေဇောက သံဃာ(၂၀)ခန့် ခေါက်ဆွဲကပ်သည်။ (၂၁) ကုန်ကျ၏။ ခေါက်ဆွဲခြောက် (၁)ပိဿာ ဝက်သား (၁)ပိဿာ ဝယ်ရသည်။ ၂၁-ပုဒ်ပြီးသည်။ အချိန်ပြည့် ရေးနိုင်သည်။

ညတွင် ထူးကြီး ဦးဝဏ္ဏိဿရ တရားပွဲ သွားနာသည်။ တရားပြပုံ ရှင်းလင်းသည်။ လူပြိန်း နားလည် အောင် အလွယ်ကလေး ပြောပြသည်။ ပရမတ္ထသဘာဝ တခုစီ၏ သဘောတရားကို ခွဲခြားပြသော်လည်း စစ်မှန်သော ခွဲခြားပြသနည်း ဟုတ်အံ့မထင်ပါ။ ထွက်ဝင်လေကို သိမှု ဝိညာဉ်, ပိုင်းခြားပေးမှု ပညာ စသည်ဖြင့် ခွဲခြားပြသမှုသည် အပြောလွယ်သလောက် တကယ်ပေါက် သိဘို့ မလွယ်ကူလှပေ။ သို့သော် တရားသိ မဟုတ်သော်လည်း အများသိအနေနှင့် သိလျှင် တော်ပေသေးသည်။

10.12.66

၁၇-ပုဒ်ပြီးသည်။ လူ့သဘာဝအရ တစုံတခု မကြိုက်တာ တွေ့လျှင် လုပ်ခဲ့ပြီး ကိစ္စများကိုပင် အပြစ်အနာအဆာ လုပ်၍ ပြောတတ်သည်ကို ယဉ်ပုံနှင့် ဆရာမကိစ္စက သက်သေခံနေပေသည်။ မနှစ် သက်သူတွေက အကွက်ကောင်းရလျှင် ဂျောက်ချတတ်သည်ကိုလည်း သတိပြုစရာပင်။

ဦးဉာဏိန္ဒက ဆရာကြီး လာကြိုသော်လည်း ဆိပ်ခွန်သွားပြီဖြစ်၍ လမ်းတွင် လွဲကြသည်။ ရထား လက်မှတ် မရက ပြန်လာသင့်လျှက် အချိန်ဆွဲသဖြင့် သက်သက် ငွေကုန်ရသည်။

11.12.66

၂၃-ပုဒ်ပြီးသည်။ ကုဋ္ဌမ္ဘိက-မှာ ကျမ်းညွှန်းများ၍ သိပ်မပြီးပေ။ ပိ(ပိဋကဲ)ဘုန်းကြီး ခရီးထွက်နေ၍ စာသင် မသွားရပေ။ ဝန်ထောက်မင်းထံ မလာနိုင်ကြောင်း စာပေးလိုက်သည်။ ဝါကျတည်ဆောက်ပုံ မှန် လေသလား? မမှန်သလား? မပြောတတ်။ အင်္ဂလိပ်လို ရေးပေးလိုက်သည်။ ဆိုလိုရင်း အဓိပ္ပါယ်ကို နားလည်သည်ဆိုလျှင် ကျေနပ်ရတော့မည်။

12.12.66

ရေးပြီးပုဒ်များကို အနည်းငယ် ပြင်သည်။ ဦးသီရိ ရဟန်းအမ အိမ် ဆွမ်းကျွေးမှ တမာအတို့ကို စားခဲ့ ရသည်။ ဤသည်မှာ ဒီနှစ်အတွဲ့ တမာ အစောဆုံး စားရခြင်း ဖြစ်သည်။

သံ၊၁ ၇ သံယုတ် ၁-ဝဂ် ၁-သုတ် ဓနဥ္စာနီသုတ်မှာ တရားဟောဘို့ ကောင်းသောသုတ် ဖြစ်သည်။ ကောဓ (အမျက်ထွက်မှု)ကို ပယ်မှ စိတ်ချမ်းသာကြောင်း စသည် ဟောတော်မူသည်။

ညတွင် ဆရာတော် ဦးဝိစိတ္တတရားကို ယွန်းတန်းမှာ သွား၍ နာ၏။ ရှင်ဆန္ဒ၏ အကြောင်း အတ္ထုပ္ပတ်ကို အဓိက ဟောတော်မူသည်။ ကောင်းပါသည်။ သို့သော် တရားရှည်လွန်း၍ ပရိသတ် ဆင်းရဲ၏။ (ဖျာပုံ နောင်ကြီးကောထံမှ စာရောက်)

13.12.66

၁၅-ပုဒ်ပြီးသည်။ မိုးရွာနေ၍ စာမချရပေ။ ရွှေဘိုနယ် တချို့အရပ်တွင် စပါးများ တလင်းရောက်ပြီး ဖြစ်နေ၍ မိုးရွာသဖြင့် ပျက်စီးကုန်သည်ဟု ပိဘုန်ကြီး အပြန်တွင် သိရ၏။

သဂ္ဂါသံယုတ် ဒုဝဂ် ၈-ခုမြောက် ဂဟဋ္ဌဝန္ဒနာသုတ်ကို အနည်းငယ် ကျက်သည်။ သိကြားမင်းက လူ များအား ရှိခိုးပူဇော်သောသုတ် ဖြစ်သည်။ သံ၊၁၊၂၃၅မှာ ပါ၏။

ထို့နောက် အရှင်တိလောကအား passive voice အကြောင်း အနည်းငယ် သင်ပြပေးသည်။ ကျွန်ုပ် မှာ အချိန်အား သိပ်ရှိသူ မဟုတ်သဖြင့် စေတနာရှိသော်လည်း ရှိသလောက် ပြချိန်ရသူ မဟုတ်ပေ။ သို့သော်လည်း နားပူနားဆာ လုပ်လှသဖြင့် တတ်နိုင်သလောက် အချိန်ယူ၍ ပြပေးရသည်။

သီဟိုဠ်အရှေ့ပိုင်း တရင်ကိုမယ်လီမြို့မှာ အကောက်ခွန်မဲ့ သင်္ဘောဆိပ်မြို့ ဖြစ်လာတော့မည်ဟူ၏။ (လူထု)

14.12.66

မောင်ခေမိန် ရောက်နေသည်မှာ ကြာပြီဖြစ်သော်လည်း ယနေ့မှ တွေ့ရသည်။ မိုးမိတ်အကြောင်း တော်တော် စုံစုံလင်လင် ပြောပြ၍ သိရပေသည်။ ၁၁-ပုဒ်ပြီးသည်။ ရာသီဥတု အေးလွန်း၍ ဂန္ထဆရာတော် အလုပ် မလုပ်နိုင်ရှာပေ။ ရာသီဥတုမှာ ၂-ရက်နှင့် တည ကြာသော်လည်း အခြေအနေမှာ အေးမြဲပင်။

စည်ပုတ်တရာ ကျမ်းအကြောင်း ပိ(ပိဋကဲ)ထံမှ သိရ၏။ ကျမ်းထိန်းဒါယိကာမကြီးမှာလည်း ကြောက်စရာအသွင်ကို ဆောင်သည်ဟူ၏။ နယ်က လူများမှာ ကျမ်းထိန်း၏ တဲထဲပင် ဝင်မထိုင်ရဲကြ ဟူ၏။

ဗမာဝေါဟာရတွင် တိရစ္ဆာန်များ၏ နာမည်ကို ယူ၍ သုံးသော ဝေါဟာရ များများရှိကြောင်း ဥပမာ ခွေးဖြူ တောမတိုး၊ ကျွဲမြီးတို၊ နွားရိုင်းသွင်းချိန်၊ ကြောင်ရေချိုး၊ မြင်းတပြေး ခေါင်းတငေး၊ တောက်တဲ့နဲ့ ဆေးချီး စသည် ဖြစ်သည်။ အသွားစိတ်များ ပါသော စက်ကြိယာ အစိတ်အပိုင်းကို ခွေးသွားစိတ်ဟု မြန်မာများက ဝေါဟာရ ထွင်ကြပြန်သည်။ ထိုဝေါဟာရဟာ ဘီးအသေးများနှင့် လျော်သော်လည်း ဘီးကြီးများနှင့် ဥပမာ မဟပ်လှ၍ စက်သွား စက်ဘီးဟု ခေါ်သင့်ကြောင်း ဦးလှ မင်းသုဝဏ်တို့ စာပေဗိမာန်မှာ တွေ့ကြစဉ် ဆုံးဖြတ်ခဲ့ကြသည်ဟု လူထု ၁၃-၁၂-၆၆ နေ့ ထုတ်တွင် ဖတ်ရ၏။

15.12.66

၁၇-ပုဒ်ပြီးသည်။ ကုဋ္ဌာရ-ပုဒ်မှာ မာဂဓကျေမ်းများတွင် အသုံးနဲသည်။ အပဋ္ဌ၁။၁၃၈ ၌ တွေ့ရသည်။ ထောမက အဋ္ဌဘေဒေ လက်နက်ထူးဟု ပြန်ထားသည်။ ထိုအနက်ကို ယူ၍ ရေးလိုက်သည်။

မြစေတီကျောက်စာကို ဂျာမန်လူမျိုး ဒေါက်တာ ဖိုရှမ်းမား စတင် တွေ့ရှိခဲ့သည်ဟူ၏။ အာနန္ဒာ အတွင်း ပုံတူဟာ ကျန်စစ်သားနဲ့ အသွင်အပြင် တူတယ်လို့ လက်ခံရင် ကျန်စစ်သားရဲ့ မယ်တော် ဝေသာ လီမင်းသမီး ဆိုတာကို လက်ခံရမယ်တဲ့။ ဖြစ်နိုင်ဘွယ်လဲ ရှိတယ်လို့ ဒေါက်တာ ကျော်သက်က ဆိုတယ်။ ကျန်စစ်သားဟာ ဘဝတလျှောက်လုံး ပြေးနေရသူ ဖြစ်လို့ မိမိ မင်းဖြစ်စဉ်အခါမှာ တစုံတခုသော ဘေး ကြောင့် ပြေးလွှားနေရသူများကို အင်မတန် ကြင်နာသနားတော်မူကြောင်း ကျောက်စာများအရ သိနိုင် တယ်။

16.12.66

၁၂-ပုဒ်ပြီးသည်။ စာရင်း အတိအကျ ကျောင်းသား (၁၆၀)ဟု သိရ၏။ မော် တကာသ ကျောင်းအုပ် ဦးလှရွှေက ကျောင်းသား တယောက်အတွက် တနေ့(၉)ကျော်ကျော် အစိုးရနှင့် မိဖများက သုံးစွဲနေရ ကြောင်း၊ တယောက် ကျောင်းမတက်လျှင် ပြည်သူနှင့် မိဖငွေကို (၉)ခန့် ဖြုန်းတီးပစ်သည်နှင့် တူကြောင်း ဆရာ ကျောင်းသား နှီးနှောပွဲတွင် ပြောပြသည်။

ကထိကရဟန်း အမည်ခံသူက ဥ-နှင့် ဆင်တူ ဉူ-ကိုသာ လက်ခံသုံးစွဲသင့်ကြောင်း၊ ဦ-ကို ဖြုတ်ပစ် သင့်ကြော,င်း ဣ/အိ-ဟု ရေးထုံး နှစ်မျိုး ရှိရာတွင်လည်း ဣ-ကိုသာ လက်ခံသင့်ကြောင်း ရေးသည်။ သို့သော် သူ့အဆိုကို လက်ခံမည့် (သူ) ရှားမည်ထင်သည်။ ဗမာဟု ပေါ်ကတည်းက ရေးထုံး နှစ်မျိုးရှိသော အက္ခရာများကို တမျိုး ပယ်ပစ်ဘို့ ဆိုသည်ကား မလွယ်ကူပေ။ ပျောင်းဣသည် ရေးလျှင် အများက ရယ် ကြပေမည်။

17.12.66

ကုဍ္ဍုဝံ-မှ စ၍ ၆-ပုဒ်ပြီးသည်။ ကုဏပ-မှာ ကျမ်းညွှန်းများ၍ သိပ်မပြီးခြင်း ဖြစ်သည်။ တကြိမ်ပြင် ပြီး အတွဲ(၉)ကို သဒ် (သဒ္ဓမ္မ)ထံ အပ်လိုက်သည်။ သဒ် (သဒ္ဓမ္မ)မှ တဆင့် ဂန္ထထံ အပ်လိုက်သည်။ မျက်နှာစုံညီတွင် အပ်သည်။

တပ်ကုန်း ဦးတေက မုံရွာမှ နေ၍ ပေးလိုက်သော စာ ရသည်။ နယ်သိမ်း၍ သမုတ်သော သိမ်မှာ အစိုးရထံ အမိန့်ခံရန် မလိုကြောင်း။ ဆရာတော် ဦးပုခန်းတို့ ပခုက္ကူတွင် သိမ်သမုတ်ကြသည်။ အမိန့်ခံ၍ ဝိသုံဂါမဖြစ်ပြီး သိမ်ကို ထိုအမိန့်ကို သဘောမကျသဖြင့် နယ်သိမ်း၍ ထပ်မံ သမုတ်သည်ဟူ၏။ ပဒေသရာဇ် မဟုတ်သူများက အမိန့်ပေးခြင်းကို ကြိုက်ဟန်မတူ။

18.12.66

၂၂-ပုဒ်ပြီးသည်။ ကုဏာလိ ကုဏာလီကတ-တို့ကို ပုဒ်မခွဲနိုင်သေး။ ခာန်အဖွဲ့ဝင်များအား နဗုသက သင်္ကန်းဒွိစုံစီ လှူဒါန်းသည်။ မဋ္ဌ၁။၃၉၂ ကုဏာပပူရိတော-ကို မဋ္ဌီ၂။၇၄-က ကုဖလပူရိတော-တည်၍ ဖွင့်သည်။ ဆဋ္ဌ(သံဂါယနာဆရာများ)က ဒီအတိုင်း ထားသည်မှာ အံစရာပင်။

ညောင်ဖြူပင် မောင်အုန်းကြိုင် မျက်စိ ထပ်မံ ပြရန် ရောက်လာသည်။ ၂-လပြည့်၍ တကြိမ် လာပြခြင်း ဖြစ်သည်။ ဆေးစား၍ မျက်စဉ်း ခပ်သော်လည်း မထူးခြားဟု သိရသည်။ မျက်စိရောဂါကား ကြောက်စရာ ကောင်းလှသည်။ မဖြစ်ခင် ကြိုတင် ကာကွယ်ရန် လိုအပ်သည်။

19.12.66

ပုဒ်ပေါင်း (၂၀) ပြီးသည်။ ကုဏာ-ကို SK၌ လက်စသည်ကောက်သူဟောတွင် တွေ့ရ၍ မာဂဓတွင် ကုဏီ-ကိုသာ အတွေ့များသည်။ ရတနာ ခေါ်ခြင်း အကြောင်းပြ "စိတ္တီကတံ"အစရှိသော ဂါထာကို ဒီဋ္ဌ၂။ ၃၅ တွင် တွေ့ရသည်။ ကျက်ဘို့ ကောင်း၏။

ဦးသြဘာ မြစ်ငယ်မှ အပြန် ဝင်လာသည်။ မောင်အုန်းကြိုင် မျက်စိ ပြရသည်မှာ မထူးခြားလှ။ ဆေးကိုသာ အဝယ်ခိုင်း အစားခိုင်းသည်။ ဘားပလက်စီ တဗူးစီ လက်ခံရရှိ၏။

ဦးသြဘာက ယွှုလက်ရှိ ရွာကျောင်းဘုန်းကြီး၏ အခြေအနေကို ပြောပြသည်။ ဟိုဟာများကလည်း ဆင်ခြင်နေကြသည်ဟူ၏။ ရာဂထိုးသော အခြေအနေကို ဖမ်းမည့်သူများကလည်း ရန်ငြိုးကြောင့်သာ ဖြစ်ဟန်ရှိသည်။ သန့်ရှင်းစေလို၍ မဟုတ်ကြပေ။

20.12.66

ရေးပြီးပုဒ်များကို ပြင်ဆင်သည်။ ကုဍ္ဍဝ-ပုဒ်၌ တကုဍုံ၏ ပမာဏကို သာရဋ္ဌီနှင့် ဝိမတိဋ္ဌီများတွင် လက်ဆုပ်လေးဆုပ် တကုဍုံဟု တွေ့ရ၏။ မှတ်စရာပင်။ ခာန်၌ တလက်ဆွန့်ဟု လာသော်လည်း အဓိပ္ပါယ်ကို နားမလည်ပါ။

ကျောင်းသားပွဲတော် စ၍ ကျင်းပသောနေ့။ ကိုယ်တိုင် မရောက်သော်လည်း ရောက်သူများ ပြောပြချက်အရ သိပ်ထူးခြားသော ပြခန်း မရှိဟူ၏။

ဦးသြဘာ ဈေးချိုး နားဆေး။ ခင်မောင်ဆိုသူထံ နားဆေး ဆေးထည့်သည်။ တပ်ကုန်း ဦးတေဇော ပြန်ရောက်လာသောနေ့ ဖြစ်သည်။

ဝန်ထောက်မင်းက တရားစီရင်ပုံ အမျိုးမျိုးကို ပြောပြသည်။ ဗဟုသုတ ရဖွယ်ပင်။ ယွှုအစိုးရက ပင်စင်စားများ၏ ရာထူးအဆင့်အတန်းကို တောင်းထားသည်ဟု သိရ၏။ အလုပ်ပေးရန် ဖြစ်ဘို့ များသည်။

21.12.66

၁၂-ပုဒ်ပြီးသည်။ ဆိပ်ခွန် ရဟန်းပျိုများက ငွေ ၆၀၀/၇၀၀ ခန့်စီ သဘောတူ စာရင်းမရှင်းဘဲ သုံးထားကြပြီး ဘဏ္ဍာရေးမှူး ဦးလက္ခဏ ပျံလွန်တော်မူခါနီးတွင် သူသုံးထားသော ငွေများ အဖွဲ့သို့ အပ်ရန် စည်းဝေး၍ လာတောင်းကြသည်ဟူ၏။ ထိုအခါ ဦးဉာဏိန္ဒက ဝင်မပြောချင်၍ ရှောင်ထွက်သွားရာ အရိုက်အရာကို ဆက်ခံမည့် ဘုန်းကြီးလောင်းဖြစ်၍ ဦးဉာဏိန္ဒက ပေးမည့်နေ့ရက်ကို လက်မှတ်ထိုးရန် လိုက်အခေါ်ခိုင်းသဖြင့် ဦးဉာဏိန္ဒ ရောက်အလာတွင် လက်မှတ်ထိုးဖို့ ပြောရာ ဦးဉာဏိန္ဒက "တပည့်တော်ဟာ ဘဏ္ဍာရေးမှူး နေရာကို လက်ခံရမည်ဖြစ်၍ အရှင်ဘုရားများ သုံးထားသော ငွေကို တပည့်တော်ထံ အပ်ရမည်ဖြစ်ကြောင်း, ဘဏ္ဍာရေးမှူးဟောင်း သုံးထားသော ငွေကိုလည်း တပည့်တော်က အပ်မည်ဖြစ်ကြောင်း, နောင်မှ ၎င်းငွေများကို ခွဲ၍ အပ်သင့်/မသင့် စဉ်းစားရမည်ဖြစ်ကြောင်း" ပြောလိုက်သဖြင့် တောင်းလာသူ ပုဂ္ဂိုလ်များ ပြန်သွားကြရသည်ဟု ဦးဉာဏိန္ဒက ပြောပြသဖြင့် သိရမည်။ မှတ်စရာပင်။ ဒီလိုကိစ္စ မဖြစ်ဟု မဆိုနိုင်ပေ။

22.12.66

၁၈-ပုဒ်ပြီးသည်။ အဘိဓ္ဌ နောက်၌ ပဋ္ဌိသံဓ္ဌ ဝိသုဒ္ဓိဓ္ဌ ထားကြောင်း ယနေ့မှ သိရသည်။ စိတ်ကြည်လင်မှု မရှိလျှင် ဘုရားနှင့် သာဝကများအား ဒါနမပြုနိုင်ကြောင်း ဝိမာနလာ စကားရပ်မှာ မှတ်သားစရာပင်။

၁၉-၁၂-၆၆ နေ့၌ စ၍ ပပက ပစ္စည်းထုတ်ရန် ကြိုးစားရာ ယနေ့မှ ဆီ-၄ ငါးပိ-၂ ဆား-၅-ပိဿာနှင့် ဟင်းချိုမှုန့်ထုပ်-၃ သကြား-၂-ပိဿာ နို့ဆီ ၁၀-လုံး ထုတ်ရသည်။ လိုချင်သော ပစ္စည်းကို စာရွက်နှစ်မျိုးတွင် ရေး၍ ထုတ်ရသည်။

ညတွင် တပ်ကုန်း ဦးတေဇော ဦးသီရိတို့နှင့် ထွေရာလေးပါး ပြောကြသည်။ ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တိုင်းလိုတွင် ရှိတတ်သော တဖက်သား အထင်သေးမှု ပြဿနာမှာ ဆိုးလှသည်။ အကုခက်သော ရောဂါပင်။

23.12.66

၁၁-ပုဒ်ပြီးသည်။ မစိန်ဆင့်တို့ လာနေ၍ အလုပ် အချိန်ပြည့် မလုပ်ရ။ ကုဏ္ဍဓာနာမိဿက-ကို သက္ကဋ္ဌနှင့် အင်္ဂလိပ် အဘိဓာန်များ ကြည့်၍ မရွေးပေါက်ပေါက်နှင့်ရောသောမုန့်ပါဝင်သော ယဇ်ကိုဟု ပြန်လိုက်သည်။ ကုဏ္ဍဓာနထေရ်၌လည်း "ကောဏ္ဍော ဓာနော ဇာတော"ဟူသော ဗျုပ္ပတ်မှ ကုဏ္ဍဓာန ဖြစ်လာပုံကို ထေရဋ္ဌ အံဋ္ဌများမှာ တွေ့ရသည်။ ကောဏ္ဍောကို ခုတ္တောဟု အံဋ္ဌီက ဖွင့်၍ မိန်းမကြူး-လိုက်စားသူဟု ဇာတ်ကြောင်းနှင့် ဋီကာဖွင့်အရ ပြန်ရမည်ထင်သည်။

မစိန်ဆင့်တို့ အလာတွင် လှက်ရည်တိုက်ရန် ကိစ္စမှာ ကိုရင်က နားမလည်၍ ရယ်စရာ ဖြစ်သွားသည်။ စေတနာနှင့် ချွတ်ယွင်းမှုပင် ဖြစ်၍ မည်သူ့ကိုမျှ အပြစ်မတင်လိုပေ။ ဧည့်သည်ရှေ့၌ စားဖွယ်အပြင်ခိုင်းရသည်မှာလည်း မကောင်းပါ။

24.12.66

၈-ပုဒ်ပြီးသည်။ အံ၊ဋ္ဌီ၊၂။၁၃၂ ၌ အသီတိ မဟာသာဝက ရေတွက်ပြသည်ကို တွေ့ရသည်။ အဂ္ဂသာဝကနှစ်ဦးလည်း မဟာသာဝကတွင် ပါဝင်သည်။ ဦးတေဇောနှင့် ဦးသြဘာတို့ အသီးသီး ပြန်။ မောင်လုံးတုံး ရောက်လာသည်။ မီနွန် ကွန်ကရက်မှ နုတ်ထွက်သည်ဟု လူထုတွင် တွေ့ရ၏။ ယဉ်ပုံ ပြန်ရောက်၍ ညှော်သည်များ ပါလာသည်။

လယ်များများ ပိုင်ကြလျှင် (---) ပြကြသည်ဟု ခေါ်သည်ဟု (--)စိန်သောင်း စာဟောပွဲတွင် ပြောပြ၏။ မန်းပရိသတ်မှာ စာဟော စာပြောကို နားမထောင်တတ်သေးချေ။ ထုံးစံပျောက်သည်မှာ ကြာပြီဖြစ်သဖြင့် ဘာကို အရသာခံရမှန်း သိကြဟန် မတူပါပေ။

၆၇-၆၈ တွင် ဘီအီးဒီ စာပေးစာယူ သင်တန်း ဖွင့်မည်ဟု ပညာရေးတက္ကသိုလ် ဒုအကြိမ် ဘွဲ့နှင်းအခမ်းအနားတွင် ပါမောက္ခချုပ် ဗိုလ်စံမြင့် မိန့်ခွန်းပြောရာတွင် ထည့်သွင်းပြောဆို၏။

မြစ်သား အကျော် ကွယ်လွန်သောနေ့ ဖြစ်သည်။ အသက်(၈၀) ရှိပြီ ဖြစ်သည်။

25.12.66

ရန်ကုန် ဆေးတက္ကသိုလ် ပါမောက္ခ ဦးညွန့်သွင်ပင် အစာအိမ်မှာ ကင်ဆာဖြစ်သည်ကို သိရသောအချိန်မှာ ကုမရသော အခြေအနေ ဖြစ်နေ၍ အသေခံ သွားရရှာသည်ဟု ၂၃-၁၂-၆၆ နေ့ထုတ် လူထု တင်သန်းမြင့် ဆောင်းပါးတွင် တွေ့ရ၏။

၁၆-ပုဒ်ပြီးသည်။ ခုဒ္ဒကာ၌ နိဓိကဏ္ဍသုတ် ၁၈၂-၃ တွင် ထာဝရ ဇင်္ဂမ အင်္ဂသမ အနုဂါမိကဟု ဥစ္စာလေးမျိုး ရှိကြောင်း တွေ့ရသည်။ အနုဂါမိက ဥစ္စာကသာလျှင် ဥစ္စာရှင်နောက် အစဉ်တစိုက် လိုက်သည်။ ကျန်သော ဥစ္စာများက သေလျှင် နေရစ်ကြတော့၏။

26.12.66

၁၁-ပုဒ်ပြီးသည်။ ကုဏ္ဍိကာ-ကို သံကောက်ဟု ဆဋ္ဌမူ အပ-မြန်မာပြန်နှင့် မိုးထိမူ အပ-ပါဠိနိဿယများက ဆိုကြသော်လည်း ရသေ့ ပရိက္ခရာကို ပြရာ၌ သံကောက်ကို ပရိက္ခရာတခုအဖြစ်ဖြင့် မတွေ့ရ၍ ထိုမြန်မာပြန်ချက်များကို သဘောမကျနိုင်။ ယင်းဂါထာကို ထေရ၊ဋ္ဌ သျှ မိုးထိမူက မီးအိုးကင်းဟု ပြန်သည်။ ရသေ့ ပရိက္ခရာ၌ မီးအိုးကင်းပါ၍ ထိုပြန်ချက်က ယုတ္တိရှိသဖြင့် မီးအိုးကင်းဟူ၍ပင် ပြန်လိုက်သည်။ အဘိ၊ဋ္ဌ၊၁။၃၈ ၌ ရသေ့ ပရိက္ခရာများ ပါသည်။

သရက်ကန်ကြီးမှ ဦးသုဇာတ ရောက်လာသည်။ သူတို့ရွာတွင် တောင်သူများ မိုးအဆင်ပြေ၍ ကျောင်းပြန်ဆောက်ရန် စိုင်ပြင်နေကြကြောင်း သိရ၍ ဝမ်းမြောက်လှပေသည်။ တမိုးကောင်းလျှင် တကျောင်းပြင်ကြသော တောင်သူများပါပေတကား။

27.12.66

ကုဏ္ဍလဓာနမိဿက-ပုဒ်၌ မရွေးပေါက်ပေါက်နှင့် ရောသောမုန့် ပါဝင်သော ယဇ်မီးအိုးဟု ပြန်ရကြောင်း အမှာအထား အနည်းငယ် ရေးသည်။ အနက်ပြန်ချက်သည် ကျွန်ုပ်၏ အတွေးအခေါ်အရ မမှားနိုင်ကြောင်း သာဓကပြခြင်းပင်။ ကျန်ပုဒ်များကိုလည်း အနည်းငယ် ပြင်ဆင်သည်။

လတ်ကြီးများ လုပ်ပေးနေ၍ ဤလေ့ကျင့်ခန်းကို ဒီနှစ်အတွက် ယနေ့ နောက်ဆုံးအဖြစ် သတ်မှတ်လိုက်သည်။ သဒ္ဒါ တဒ္ဓိတ်ရောက် သင်္ဂဟ သမုစ္စည်း ရောက်သည်။

ယဉ်ပုံ ဘုရားဖူး ဒါယိကာမများက ဆွမ်းကပ်၍ သွားစားသည်။ စားမြိန်သော ဆွမ်းတနပ်ဟု သတ်မှတ်ရပေမည်။

အင်ဒိုနီးရှားအကြောင်း ဝန်ထောက်မင်းက ပြောပြသည်။ အာဏာသိမ်းစဉ် ကာကွယ်ရေးဝန်ကြီး လွတ်သွား၍ အာဏာသိမ်းမှု မအောင်မြင်ခြင်း ဖြစ်သည်ဟူ၏။ ဘူကာနိုမှာ လေဆိပ် ရောက်နေသည်ဟူ၏။

28.12.66

၁၅-ပုဒ်ပြီးသည်။ ကုတူဟလ-ဟူသောပုဒ်၌ ပုဂ္ဂိုလ်ဟော တွေ့ရသည်။ ဝိပ္ပကိဏ္ဏဝါစော-ဟု ဖွင့်သည်။ စွာကျယ်စွာကျယ် ပြောတတ်သူဟု အဓိပ္ပါယ်အနက် ပေးခဲ့သည်။

ခရစ္စမတ်ပွဲ အသေစာရင်း အမေရိကန် ၃၀၀, ကနေဒါ ၄၄, ဗြိတိန် ၁၀၀ ကျော် သေဆုံးသည်ဟူ၏။ ဝါရှင်တန် ၂၆-၁၂-၆၆ နေ့ သတင်းပေးချက်အရ ၂၇-ရက်နေ့ည တနာရီကျော်ကျော်တွင် ငလျင်လှုပ်သည်ဟူ၏။ ကျွန်ုပ်ကား မနိုးပါ။ ပိဋကဘုန်းကြီး၏ ပြောပြချက် ဖြစ်သည်။

မ၃။၁၄၀ ၌ သင်္ခါရူပပတ္တိသုတ် ပါသည်။ သင်္ခါရများ ထပ်၍ ဖြစ်ပုံကို ဟောသောသုတ် ဖြစ်သည်။ ဒါနပင် ဖြစ်စေကာမူ ဆုတောင်းမှု ပတ္ထနာရှိလျှင် ရဟန္တာဖြစ်နိုင်ကြောင်းလည်း ပါသည်။ အံ၊၂။၄၁၂ ၌ အပရိဟာနိယသုတ် ပါသည်။ မပြတ်မလပ် စည်းဝေးမှု, စည်းကမ်းဥပဒေကို ရိုသေမှု-စသည် အသင်းတည်မြဲနိုင်ပုံကို သွယ်ဝိုက်၍ သိရသည်။ ရဟန်းများကို ဟောသောသုတ် ဖြစ်စေကာမူ အသင်းတည်ထောင်သူများ လိုက်နာဘို့ အလွန်ကောင်း သုတ်တခု ဖြစ်ကြောင်း မှတ်သားမိပေသည်။

မြို့ဟောင်းဘူတာတွင် ရထားချင်း ၂၇-နေ့က တိုက်သည်။

29.12.66

၇-ပုဒ်ပြီးသည်။ ကုတော-ပုဒ်ကို ရှာ၍ မပြီးသေး။ ကျမ်းညွှန်းများသလောက် ကျေးဇူးရှိသောပုဒ် မဟုတ်။ ကိံနှင့် အတူထား၍ ရေးသင့် မသင့် ဝေခွဲမရသေး။

သံ၊၁။၁၀ သံယုတ် ဣန္ဒကသုတ်၌ "ပဌမံ ကလလံ ဟောတိ"ဟူသောပုဒ် ပါ၏။ ၂၀၈ နှာနံပါတ်။ မ၄၊ ၁ သင်္ခါရူပပတ္တိသုတ်၌လည်း ဆုတောင်းမှုရှိမှ ဂတိမြဲကြောင်း ရေးထား၏။ မှတ်စရာပင်။

ဝန်ထောက်မင်းထံ မိန့်ခွန်းကို ဦးဝိမလအား အပေးခိုင်းလိုက်သည်။ ညစာထမင်းစားတုန်း တွေ့သည်ဟု ဆိုသည်။ ကျွန်ုပ် မလာသော နေ့၌ စောစော ညစာစားလေ့ရှိဟန်တူသည်။ ကျွန်ုပ်တို့ လာသော နေ့၌ကား မိုးချုပ်မှ ညစာစားရပေသည်။ ကျွန်ုပ်တို့ကို စာသင်နေ၍ပင်။

30.12.66

ကုတော-နှင့်တကွ ၃-ပုဒ်ပြီးသည်။ ဂန္ထက အန္တရိတ-ကို သေချာစွာ သက္ကဋ္ဌ ပြန်ကြည့်ပေးရန် အမိန့်ရှိသဖြင့် ပြန်ကြည့်ပေးရသည်။ ကတ္တားကံ နှစ်မျိုးစလုံးမှာ တ္တပစ္စည်း ဖြစ်နိုင်ကြောင်း တွေ့ရ၏။

တိုက်သစ် ဦးနာယကက ကုမ္ဘကဏ္ဏဘီလူးအကြောင်း ပါဠိပရောပါနိမ်းတွင် အကြည့်ခိုင်းပြန်၍ ကြည့်ပေးရပြန်သည်။ ကုမ္ဘကဏ္ဏ ခေါ်ခြင်းအကြောင်း မပါပေ။ အာဠဝကဘီလူး၏ စတိုရီနှင့် တူသည်ဟုပါသည်။

ကုလားထိုင် လက်တန်းပြုတ်ကျသဖြင့် ဂန္ထဆရာတော်မှာ လဲကျရှာသည်။ ဒါကို မသိတတ်သော နာယကတဦးက ရယ်သည်ဟူ၏။ သူ့ကိုယ်သူ ဗဟုသုတ ကြွယ်ဝသူဟု ဘဝင်မြင့်နေသူ နာယကအလတ် တဦး ဖြစ်သည်။

၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ စနေနေ့ (၁၃၂၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်)

၁၁၁၉-ခုနှစ်တွင် အလောင်းဘုရား၏ သားတော် ဆင်ဖြူရှင် တည်သော မြို့ဖြစ်၍ ဆင်ဖြူကျွန်းမြို့ဟူ၏။

၁၄-ပုဒ်ပြီးသည်။ ဤလအတွက် ၃၁၈-ပုဒ် စာရင်းတင်ပြနိုင်သည်။ ပုဒ်ခက်ပုဒ်ကပ် မပါသော်လည်း ကျမ်းညွှန်းများသောပုဒ် ပါဝင်များ၍ သိပ်မပြီးလှပေ။ ကုတောဇ-စသောပုဒ်များမှာ မခက်သော်လည်း အားကိုးစရာ သဒ္ဒါကျမ်း မရှိသလောက်ဖြစ်၍ ကြန့်ကြာရသည်။ နီတိက သမာသ်ဖြစ်ကြောင်းသာ ရေးသော်လည်း တိကျမှု သိပ်မရှိလှပေ။ ပါ ဋ္ဌ ဋ္ဌိ လာ ပုဒ်များ ကုန်စင်အောင် သဒ္ဒါကျမ်းများက မလိုက်နိုင်သည်ကို တွေ့ရသည်။

# ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်)

၇-ပုဒ်ပြီးသည်။ သပြေတန်းခံတပ်ထိ ပါဝင်သော မန္တလေးမြို့ မြေပုံကို အတွင်းဝန်ပုဂံတိုက် ဆရာတော်ထံမှာ ကြည့်ရှုခဲ့ရသည်။ ၎င်းတိုက်သည် မျက်ပါးရပ် စစ်တပ်နေရာမှ ဗြိတိန်လက်ထက်တွင် ပြောင်းခဲ့ရခြင်း ဖြစ်သည်ဟူ၏။ ပထမပုဂံဆရာတော်မှာ အဘိဓမ္မာဘာဏက ဖြစ်သည်ဟု သိရသည်။ သို့သော် ၎င်းဆရာတော် အတ္ထုပ္ပတ္တိကိုကျကား တိတိကျကျ မသိရဟူ၏။

မန်းတက္ကသိုလ် ဒေါက်တာသန်းထွန်းထံတွင် မန္တလေးမြို့၏ ရွှေကြိုးသတ် နယ်မြေပြ မြေပုံ ရှိသည် ဟူ၏။ ဒုရွှေအင်ပင်ကျောင်းတိုက်ကို တရုပ်သူဌေး ဆောက်လုပ်လှူဒါန်းသည်ဟု တရုပ်သင်္ချိုင်းမှ ဂူရှိ စာမှ သိရသည်ဟု ဒေါက်တာသန်းထွန်းက ပြောပြသည်။ ဟုတ်သည်ဟု မထင်ပေ။

2.1.67

၁၀-ပုဒ်ပြီးသည်။ (၆)လတွက် မီတာခ (၁၅)ကို ပိ(ပိဋက)ဘုန်ကြီးထံတွင် ယနေ့ ပေးလိုက်သည်။ (၁)လ ၂ ၅၀ပြားနှုန်း ပေးလိုက်သည်။ ပထမ (၆)လတွက်မှာ (၂)နှုန်း ဖြစ်သော်လည်း ယခု (၆)လမှာ ဆောင်းတွင်းဖြစ်၍ မီး အသုံးများသည်နှင့် ၂ ၅၀ပြား ဆောင်လိုက်သည်။ သူတို့ ပိုမတောင်းသော်လည်း ကိုယ်က အလိုက်သိရပေမည်။

နားပြည်ယိုလျှင် ချက်ထားသော ဘားအဆီရက ပျောက်လွယ်သည်ဟု ပိ(ပိဋက)ဘုန်းကြီးက ပြော ပြ၏။ ကိုဉာဏောနှင့် ထွေရာလေးပါး စကားပြောကြသည်။ သူတို့မှာ နယ်လှည့် ဓမ္မကထိကများ ဖြစ်၍ ပြောစရာ စကားများ တပုံတခေါင်းကြီး ရှိသည်။ ဟိုနယ် သည်နယ်တွင် ဖြစ်နေသော နိုင်ငံရေး လူမှုရေး သာသနာရေး သတင်းများကို စုံလင်စွာ ကြားရပေသည်။

3.1.67

၅-ပုဒ်မျှသာ ပြီး၏။ ကုဒါစနံ-ပုဒ်မှာ အနက်မများသော်လည်း ကျမ်းညွှန်းများကြ၍ ရှာဖွေရသည်မှာ ကြာလှသည်။ ကုဒါလ-ပုဒ်မှာလည်း ကျမ်းညွှန်းများ၍ ရှာပြီးရုံမျှသာ၊ မရေးရသေး။ မာ(မာဂဓ) သက္ကဋ္ဌနှင့် အင်္ဂလိပ် အဘိဓာန်ကို ရှာခိုင်း၍ ရှာပေးရ၏။

ရေနွေးကြမ်း သောက်သင့်/မသင့် အဆုံးအဖြတ် ပေးရာတွင် သံဃာအားလုံး လူပရိသတ် အလည် တွင် ဝိကာလ၌ ရေနွေးကြမ်း အသောက်ခိုင်းရာ ပုဂ္ဂိုလ် တဦးတယောက်မျှ မသောက်ကြသဖြင့် မိုးကောင်း ဆရာတော်ဘုရားကြီးက “မတင့်တယ်လျှင် သမဏသာရုပ္ပ မဖြစ်လျှင် မသောက်ဘဲ နေတာ အကောင်း ဆုံး”ဟု ဆုံးဖြတ်ဖူးကြောင်း ဝန်ထောက်မင်းက ပြောပြ၏။

၁၃-၁-၆၆ ရွှေပြည်မှ စာ ၅-အုပ် ငှါးခဲ့။
၉-၂-၆၆ မြသိန်းတန်မှ ငှါး ပေထုပ်။
၁၂-၆-၆၆ သာစည် ဦးပညာ ဦးဇောတိကတို့ထံမှ ငှါး။
၃-၄-၇၇ နေ့ အဋ္ဌကထာ သျှ အားလုံး ပို့ခဲ့။

၅-၄-၂၀၁၈ နေ့တွင် ဆရာတော်၏ နေ့စဉ်မှတ်တမ်းတို့မှ ပထမအုပ်ကို မှတ်တမ်းတင် ပြီးသည်။ မိမိတို့၏ ဗဟုသုတ အားနည်းချက် စသော အကြောင်းများကြောင့် (ချန်ထားခဲ့ရ၍) ကျန်ရှိနေခဲ့ခြင်း ချွတ်ချော်လွဲမှားခြင်းများကို Comment စသည်တို့တွင် ရေးသား ဝေဖန် အကြံပြုနိုင်ပါသည်။

———————————————————————————————————————

4-5-6 ရက်နေ့များ မှတ်တမ်း ရေးမထား။

7-1-1967 ၁၃၂၈-ခု နတ်တော်လပြည့်ကျော် (၁၁)ရက်နေ့

၁၀-ပုဒ်ပြီးသည်။ ကုဒ္ဓါသေ လုဒ္ဓါသေ ပုဒ်များ၌ သေ-ကို အာဂုံ နိပါတ ဟု နှစ်မျိုး ဖွင့်ထားသည်ကို ဣတိဝုတ်၊ဋ္ဌ၊ ၄၁-၌ တွေ့ရသည်။နေ့ (၁၂)နာရီကျော်က စ၍ နေသာလာသည်၊ လွတ်လပ်ရေးပွဲ မိုးဖျက်၍ ယနေ့ နောက်ဆုံးအဖြစ် ကျင်းပရသည်ဟူ၏။ နောင်ကြီးထံမှ စာရောက်၊ ဒုလ္လဘအသင်းတွင် ပါနေသည်ဟု သိရ၏။ စာအုပ်ကို (ဒို)နှင့် ဝယ်၊ အင်္ဂလိပ်စာ ပြရာ၌ စိတ်မဝင်စား အမှားများမည် ထင်သည်။ လူ့စိတ်ကား ခက်လှ၏။ စာတမ်းဖတ်ကြား ဆွေးနွေးသော နေ့ ဖြစ်သည်။

8-1-1967 ၁၃၂၈-ခု နတ်တော်လပြည့်ကျော် (၁၂)ရက်နေ့

၂၁-ပုဒ် ပြီးသည်။ ကုဏ္ဍ-ပုဒ်၌ ကြိုးကြဟော လုံဟော နှစ်မျိုး တွေ့ရသည်။ ဇာ၊ဋ္ဌ၊၃။၃၅၄-၌ ဓာတုပူ ဇံကို ဓာတ်တော်ပူဇော်ပွဲဟု ပေးက သင့်အံ့မထင်၊ မျောက်၏အရိုးကို ဓာတ်တော်သုံးက မလျော်ပေ။ လေး ဘီးကားငယ်လေးများ၌ အသံဖမ်းစက် ပါသည်ဟု ဗိုလ်ဝင်းဖေ အမှုစစ်ရာတွင် တဦးထွက်ဆိုချက်အရ သိရ၏။ (ရန်ကုန် သတင်းစာ)။ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းမှ ဓမ္မဗိမာန်တွင် ၂-ရက်မြောက် စာတမ်းဖတ်ကြား ဆွေးနွေးကြသည်။

9-1-1967 ၁၃၂၈-ခု နတ်တော်လပြည့်ကျော် (၁၃)ရက်နေ့

၁၃-ပုဒ် ပြီးသည်။ ဒကာလေး တတ်ထားတဲ့ပညာနဲ့ မည်သူ့ကိုမျှ မထိခိုက်စေဘဲ ကိုယ့်ကို ကိုလဲ စောင့်ရှောက် ထိန်းသိမ်းနိုင်ပါစေ၊ မိဘများကိုလည်း စောင့်ရှောက်နိုင်ပါစေ၊ တဆွေတမျိုး တနိုင်ငံလုံးကို လဲ စောင့်ရှောက်နိုင်ပါစေ၊ စောင့်ရှောက်နိုင်အောင် ကြိုးစားပါ-ဟူသော ဝိနယဘုန်းကြီး၏ တက္ကသိုလ် ကျောင်းသားတဦးအား ဆုံးမပုံမှာ ကောင်းလှသည်။ ၁၂—တွက် eightyကို လက်ခံရရှိသည်။ ညပိုင်းတွင် ပိ(ပိဋ္ဋက)ယဉ်(ယဉ်ပုံ)တို့နှင့် ပရိသတ်အကြောင်း ဆွေးနွေး နှီးနှော အကြံဉာဏ်ဖလှယ်ကြသည်။ ဝေဘူ၏ ဆုံးမလင်္ကာလေးများကို ဝန်ထောက်က ပြသည်။

10-1-1967 ၁၃၂၈-ခု နတ်တော်လကွယ်နေ့

ကုထိတ-ပုဒ်ကို ပြန်၍ အနက်ရေးသည်။ တချို့နေရာတွင် နေပူပြင်းခြင်းကို ကုထိတ-ဟု သုံး၍ တချို့နေရာတွင် ရေပွက်ခြင်း ပြင်းစွာကျက်ခြင်း အကျက်လွန်ခြင်းကို ကုထိတ-ဟု သုံးသည်ကို တွေ့ရ၏။ ရေဦးမှ ကိုထွန်းစံနှင့် အမတို့ ရောက်လာကြသည်။ သူတို့တူက ဘီအေအောင်၍ ဘွဲ့ယူရာတွင် ရပ်ထိန်းသူ အဖြစ် တက်ဘို့ရန် ရန်ကုန်သွားကြမည်ဟူ၏။ သူငယ်ချင်းချင်း စကားပြောရာတွင် တဖက်သားအား စကားဖြင့် မနာကျင်စေဘို့ ဂရုစိုက်ရန်သင့်ကြောင်း, အချင်းချင်း ပြောမှုမှ အမြတ်ရလာ၏။ ကိုဝင်းမောင် လာ၍ သူတို့ သင်တန်းတက်ရပုံ အလုံးစုံကို ပြောပြ၏။

11-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၁)ရက်နေ့

မိုးတဖျောက်ဖျောက် နံနက် (၄)နာရီကျော်က စ၍ ကျနေသည်။ တနေကုန် အုံ့ပျက်ပျက်ပင်။ ၈-ပုဒ်မျှသာ ပြီး၏။ ကူဇတိ-မှ စ၍ ရေးရသည်။ ကူ-မှာ တတွဲမျှသာ ရှိ၏။ ပထမဆုံး ဗမာပြည်တွင် ဖေါက်သော ပြည်+ရန်ကုန် ရထားလမ်းကို ၁၈၇၇-ခုနှစ် မေလ တရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်ဟု (မောင်မဲ)၏ လူထုဆောင်းပါးတွင် ဖတ်ရှုရ၏။ တမိုင် (၇၃၀၀၀)ကျပ် ကုန်သည်ဟူ၏။ ၄၈-၄၉-ခုနှစ်တွင် မီးရထားဌာန ဝင်ငွေမှာ ကျပ်ကုဋေပေါင်း (၃၂၉၂)ဝင်သည်ဟူ၏။ အမတို့က ငွေ(၂၀) လှူဒါန်း၏။ မယူချင်သော်လည်း မရ။

12-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း(၂)ရက်နေ့

ကူဋ-ပုဒ်မှာ ကျမ်းညွှန်း များ၍ တရက်ကျော်ကျော် ရှာမှ ပြီးရုံမျှသာ၊ အနက် မရေးရသေးပေ။ အမတို့ ရန်ကုန် သွားကြသည်။ ပျားရည် ဖွန်သေးနှင့် (၂)ဖွန်း၊ ရှောက်ရည်၊ ငရုပ်ကောင်း ငါးစေ့ခန့် ထောင်း၍ ရောနယ် စားလျှင် အမောပန်းနာအတွက် လက်တွေ့ ပြောက်ကြောင်း ဦးနာယက ကိုယ်တွေ့ ဖြစ်သည်။ ယဉ်ပုံသွားသော်လည်း မတွေ့ရ။ ည (၇)နာရီ ကျော်ကျော်လောက်မှ သူ လာသည်။ (၉)နာရီမှ ပြန်သွား၏။ ထွေရာလေးပါး စကားပြောခြင်း ဖြစ်သည်။ ကိုယ့်ကိုကို ယုံကြည်မှု ရှိဘို့ လို၏။

13-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း(၃)ရက်နေ့

ကူဋ-ကို မူရင်း (၂)နက်နှင့် အနက်ပွားများကို ရေး၍ ပြီးသည်။ (၁) စဉ်းလဲခြင်း (၂) အထွဋ်ဤ(၂)နက်သာ မူရင်းအဖြစ် ရေးရသေးသည်။ ယနေ့ တနေကုန် မိုးအုံ့မှိုင်း နေရုံသာမက ညနေပိုင်း တကိုယ်စွတ်ခန့် ရွာလိုက်သေးသည်။ တရပ် အဏုမြူဗုံး၏ အကျိုးဆက် ဖြစ်နိုင်သည်။ ကိုဘလှ လာ၍ ရွာ အလှူကို ကြွဖြစ်အောင် ကြွရန် အလျှောက်ခိုင်းကြောင်း လာပြောလာသည်။ ကြွဘို့ ရည်ရွယ်ချက်လဲ ရှိပြီး ဖြစ်သည်။

14-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၄)ရက်နေ့

ကူဋပုဒ်ကို အပြီးသတ် ရေးနိုင်သည့်ပြင် ရှေ့တိုး၍ (၁၀)ပုဒ် ရေးပြီးသည်။ ကျေးကွင်းဟော၌ သံ၊ ဋ္ဌ၊၁။ ၁၂၈-တွင် ကူဋ္ဌ ပါသံ-ဟု တွေ့ရ၍ ၄င်းဋီကာ၁၊၁။ ၁၇၈-၌ ကူဋ္ဌော ပါသော ဟု ပုလ္လိင်နှင့် တွေ့ရ၏။

ညပိုင်းတွင် ပိ(ပိဋ္ဋက)ယဉ် (ယဉ်ပုံ)တို့နှင့် တောနေ လူတန်းစားနှင့် တောင်ကျောင်းနေ ဘုန်းကြီးများ စာရိတ္တပျက်ပြားကြပုံကို ပြောဆိုဆွေးနွေးကြ၏။ စာရိတ္တပျက်သူ များကားရွာတိုင်းရွာတိုင်းတွင် ရှိကြသည်ပင်။ အနည်းအများသာ ကွာခြားမှု ရှိသည်ကို ဆွေးနွေးချက်မှ သိလာရပေသည်။

15-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၅)ရက်

၂၂-ပုဒ် ပြီးသည်။ ဂယ်လီပရုဖ်များကို ယနေ့ လက်ခံရရှိသည်။ အထားအသို မဆိုးလှပေ။ ဂရုစိုက်ကြည့်ရန် ဖြစ်။ မောင်တိက္ခ လူထွက်နှင့် တွေ့၍ ကိုယ်ကိုကို ထိန်းသိမ်းဘို့ မည်သူမျှ ဆိုမည်ငေါက်ငန်းမည့်သူ မရှိသော လူတယောက်ဟာ ကိုယ့်ကိုကို ထိန်းသိမ်းမှု မရှိလျှင် ပျက်စီးမည်ဖြစ်ကြောင်းနှင့် မိဘထံလည်း အပ်နိုင်သမျှ ငွေပို့ရန် ဆုံးမစကား ပြောခဲ့ရ၏။ စီးပွားရေး အခြေခိုင်မာလျှင် ပျက်စီးတတ်သည်မှာ ဓမ္မတာထင်။

16-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၆)ရက်နေ့

၅-နာရီတွင် မန်းမှ ထွက်ခဲ့သည်။ ညောင်ပင်ဝန်းထိ မိုးရွာနေသည်။ ဂယ်လီပရုဖ်ကို ကားပေါ်ဖတ်ရာ ကံသလောဟ-ထိ ပြီးသည်။ က-၆ ၁၈ လွန်မြောက်ခြင်းအနက်၌ မူရင်းက မပါဘဲ အကိုးသာစကေပြထားသည်။ ထည့်ရန် ဖြစ်၏။ မျက်လုံးပေါင်း (၄၀)ကျော်နှင့် ကြည့်ပြီး စာမူပင် များစွာမှားယွင်းနေသည်ကို တွေ့ရသဖြင့် မျက်လုံး (၄)လုံးမျှနှင့် ကြည့်ရှုရေးထားသော စာမူ၌ များစွာ မှားမည်ကို ခန့်မှန်းမိ၏။ မုံရွာမှ ကားလေးနှင့် ရွာကို သွား၏။

17-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၇)ရက်

ကိုယ်ပိုင်ပစ္စည်း တကယ်ပိုင်ရဲ့လား?၊ စစ်တမ်းထုတ်ကြည့်စမ်း၊ ဉစ္စာလေးမျိုး ရှိကြောင်း အလှူတွင် တရားဟောခဲ့သည်။ ပရိသတ်များသော်လည်း တကယ်နားလည်းသူကား နည်းလေမည်။ ကကစ-အထိ ပရုဖ်ဖတ်၍ ပြီးသည်။ ပြင်ဆင်စရာများ တွေ့ရ၍ မှတ်သားထားခဲ့သည်။ သန္နိဋ္ဌာပက လုပ်စဉ်က မသေချာ၍ ပရုဖ်၌ များစွာချွတ်ယွင်းမှု တွေ့ရသည်။ ခွင့်ရက်(၂)ရက် ပျက်ဆုံးပြီဖြစ်သည်။ ညတွင် ဆွေမျိုးများနှင့် ထွေရာလေးပါး စကားပြောကြ၏။ Rice problem (ဆန်ပြဿနာ)ကို ပြောကြခြင်း ဖြစ်ပါသည်။ တခြားကား မပြောပလောက်။

18-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၈)ရက်နေ့

ရွာမှ ပြန်ခဲ့သည်။ တလမ်းလုံး လိုလို မိုးဖွဲဖွဲ ရွာနေသည်။ ရဟန်းဒါယကာအိမ်တွင်ပင် သူတို့မရှိသော်လည်း ဆွမ်းစားကြသည်။ ကူတောတွင် ဝင်၍ သူတို့ ရိုက်လိုသည့် အယုတ်အတွက် ဝတ္တရားမပျက်ရုံပြင်ဆင်ပေးခဲ့သည်။ မန်း ၄း၂၀နာရီတွင် ရောက်၏။ စာသင်မပျက်အောင် သွားရသည်။ ဝန်ထောက်က ဆန်ပြဿနာများမှာ အရာရှိများ အလွန်ခေါင်းကြိမ်းရကြောင်း, တာဝန်ရှိကြောင်း, ပြော၏။ ပိ (ပိဋ္ဋက) ယဉ် (ယဉ်ပုံ) တို့နှင့် ဗဟုသုတများဖွယ်ရာ စကားများ ပြောကြ၏။

19-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၉)ရက်နေ့

စာရေးကို ရပ်၍ ဂယ်လီပရုဖ်ကို ဝိုင်းအုံဆွေးနွေး ပြင်ဆင်ကြသည်။ က-ဖ ၁၇-အနက် အမည်သညာဟော-ထိ ရောက်သည်။ ၎င်း၌ ကတက-ကို မထည့်ခြင်ကြ။ ကမ္ဘာအေးက ရှင်းပါဆိုသည်ကို ဝန်လေးနေကြသည်။ ထည့်သင့် မသင့် စဉ်းစားနေစဉ် ဦးလှမောင် ရောက်လာ၍ အလုပ်နားကြသည်။ ရှူဆရာက ကတက-မှာ က-ဟာ အမည်သညာဟောပါဟု ဆိုထားပါလျက် မရှင်းတတ်သည်မှာ ရှက်စရာ။ မောင်သုမင်္ဂလထံမှ ငွေ (၅၀) ပြန်ရသည်။ ဓာတုပါဒက-၌လည်း စဉ်းစားရန် ရပ်ဆိုင်းထားရသည်။ ဤ၌ ယောဇနာကို မလွန်ဆန်ရဲကြပေ။

20-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း(၁၀)ရက်နေ့

ကံသု (သူ) ပဓာရဏတာ-ပရုဖ်ကို ဆွေးနွေး၍ ပြီးသည်။ သန္နိဋ္ဌာပကအမည်ခံ အဖွဲ့၏ မသေသပ်မှုကြောင့် ပရုဖ်၌ အပြင်အဆင်များနေခြင်း ဖြစ်သည်။ ၎င်းအဖွဲ့မှာ မဟုတ်ရာကို ငြင်းချက်ထုတ် များပြီး ဘာမှ အကျိုးရှိအောင် ပြင်ဆင်သောအဖွဲ့ မဟုတ်သည်ကို အခုမှ သိရတော့၏။ ကျနုပ်ပြောသော စကားများမှာ တရားလွန်သော်လည်း ပြောထိုက်သော စကားများပင် ဖြစ်သည်။ ပဒေသရာဇ်ခေတ် စီးပွားရေးကို စဉ်းစားဆင်ခြင်သင့်၏။ ဘာ့ကြောင့် ခိုင်လုံသနည်း?။

21-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း(၁၁)ရက်နေ့

တိုက်နာယက သံဃိကငွေများနှင့် ဒီပင်ချာ လက်မှတ် ဝယ်မည်ဟု ပြော၏။ ဂယ်လီပရုဖ်ကို အပြီးသတ် ဆွေးနွေး၍ ပြီးသည်။ အလုပ်တခု သေသပ်စွာ ဖြစ်ရေးအတွက် အမုံးခံ၍ မပြောရဲသူက များသည်ကို သတိပြုမိ၏။ နောင်ကာလဟူသော မျှော်လင့်ချက်များက လူ၏ သတ္တိကို မျိုဝါးသွားကြဟန် ရှိ၏။ နောင်ကာလအတွက် ရ/မရ မသိရသော မျှော်လင့်ချက်ကလေးကို ဖြုတ်ပယ်ရဲလျှင် လူတိုင်း သတ္တိရှိလာနိုင်၏။ နံနက် အာရုံဆွမ်းစားနေခြင်းကို အခြေနေအရ ခေတ္တ ရပ်ဆိုင်းထားရသည်။ ဆန်ပြတ်မှု သတင်းများမှာ စိတ်မချမ်းသာစရာ။

22-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၁၂)ရက်နေ့

၁၅-ပုဒ် ပြီးသည်။ ကူဋ္ဌ-ကို စလ-ဟု အဖွင့်ထုး ပေတ-၌ တွင် တွေ့ရ၏။ ဘုန်းကြီးများ ဦးပဥ္စင်းများနှင့် ရောလုပ်၍ အငေါက်ခံရသည်ဟု ဂန္ထ ငြိမ်းသံ ကြားလိုက်။ လူငယ်ဦးပဥ္စင်းများက မာနသံနှင့် ငြင်းသလိုလို အမိပ္ပါယ်ရောက်အောင် ပြော၏၊ သေသပ်စေလို၍ စေတနာနှင့် ငြင်းသည်ကို မသိရှာသည်မှာ အံ့သြစရာပင်၊ သန္နိဋ္ဌာပကအဖွဲ့ အမည်ခံပုဂ္ဂိုလ်များက မသေမသပ် လုပ်ထားသည်ကိုကား ဘာမျှမပြောဘဲနှင့် လူငယ်များကို အပြစ်ဖို့လိုခြင်းမှာ လုံးဝ တရားသည်မဟုတ်ပေ။ နေ့စဉ် ဆက်ဆံရေး၌ လူငယ်များက အရှိအသေ တန်/မတန် လေ့လာသင့်၏။ ရှိသေလိုက်သည်မှာ ပြားပြားဝပ်မတတ်ပင်။ ဗိုလ်ချုပ်သာသနာရေး အကြံပေး မစိုးရိမ်ထွက်တဦး လာ၏။

23-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း(၁၃)ရက်နေ့

၁၃-ပုဒ် ပြီးသည်။ ပိစ္ဆိလာကာရ-ကို လက်ပံပင်နှင့် တူသော -ဟု ဓာန်ဋီသျှ ၅၆၅)ဂါထာ၌ ပေး၏။ ကောဋသိမ္ဗလီ-ကို ကုတ်သျှဉ်းကုတ်ဟဲ ဟု အမျိုးမျိုး ပြန်၏။ ပါဠိတော် သံ၊ ၃။၂၀၉-၌ ကူဋသိမ္ဗလီ ရှိသည်။ နိသျက လက်ပံ-သာ ပြန်ထားသည်။ ဓာန်ဋီသျက ကောက်ကျစ်သော လက်ပံ ဟု ပြန်၏။ လက်ပံနှင့် တူသော ဆူးပါသော အပင်တမျိုးဟု ဓာန်ဋီက ဖွင့်၏။ သို့သော် ကောဋသိမ္ဗလီ ပါဠိရှိနေသည်၊ သံ၊ နိသျ လည်း ၎င်းပါဌ်ပင်။

24-1-1967 ၁၃၂၈-ခု ပြာသိုလဆန်း (၁၄)ရက်နေ့

ကူဋာကာရ နှင့် ကူဋာဂါရ နှစ်ပုဒ်မျှသာ ပြီး၏။ စပါယ်ရွက် ကြိုတိုက်က ပျက်ကျသည်ဟု ပိ(ပိဋ္ဌက)က တဆင့် ဖောက်သယ်ချ၏။ ယဉ်ပုံကျောင်း မော်တာကို ညက လူခိုးခံရသည်။ —ကျောင်းကလည်း ပုဂံများ လူခိုးသည်ဟူ၏။ (၁၂)နှစ်အောက် ကလေးများကို ဆံ-နို့ဆီဗူးတဝက် သာသာစာ ထုတ်ပေးတော့သည်ဟု ကြားရ။ ဆံပြဿနာကား တနေ့ထက်တနေ့ ဆိုးလာသည်မှာ သေချာလှ၏။

25-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်နေ့

ရေးပြီးပုဒ်များကို စစ်ဆေး၍ ပြန်သင့်သည်ကို ပြန်ရေးသည်။ ပွဲကုန်း(တက္ကသိုလ်)သင်္ချာစာအုပ်(ဂိ)နှင့် ဝယ်သည်၊ ဖျာပုံပို့ရန် ဖြစ်၏။ ဦးလှမောင် ဦးလှဖေတို့မှာ တောင်အင်းရွာသားများ ဖြစ်ကြောင်း၊ ၎င်းသင်္ချာစာအုပ် စကားချီးအရ သိရသည်။ သူတို့၏ လက်ဦးဆရာမှာ မန်းခရိုင် စဉ့်ကူးနယ် ညောင်ပင်သာကျောင်း (တောင်အင်းရွာ) ဦးဣန္ဒသာမိ ဖြစ်သည်ဟူ၏။ ၎င်းဆရာတော်ကို ပူဇော်ကန်တော့သောအားဖြင့် သင်္ချာစာအုပ်ကို ရေးကြောင်း ကျမ်းဦးစကား(စကားချီး)အရ သိရ၏။

26-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၁)ရက်နေ့

ဖျာပုံ နောင်ကြီးထံ စာနှင့် သင်္ချာစာအုပ် ပို့လိုက်သည်။ ၁၉-ပုဒ် ပြီးသည်။ မောင်းထောင် ဦးပဏ္ဍိ လက်မှတ်ကပ်ပွဲ ကြွလာသည်။ သူတို့ဆီတွင် ဆန်ပြဿနာ မတွေ့ရဟု သိရသဖြင့် ဝမ်းသာစရာ ကောင်းလှသည်။ ဒီပြဿနာမျိုးကို ဖြေရှင်းမပေးနိုင်လျှင် တာဝန်ရှိသူများ မျက်နှာပင် ဖော်ပြရဲစရာ မရှိတော့ပေ။ ဆိုရှယ်လစ်ဟု ဘယ်လောက် ကြွေးကြော်နေစေကာမူ အသိဉာဏ်ရှိသူများကား ယုံကြည်တော့မည်မဟုတ်တော့။ နလဘိန်းများကသာ လက်ခံပေမည်။ Eighty five ကို လက်ခံရရှိသည်။

27-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၂)ရက်နေ့

၉-ပုဒ် ပြီးသည်။ ကူဋာဂါရသာလာ-မှာ ကျမ်းညွှန်းများ၍ ခရီးမတွင်ကျယ်ခြင်း ဖြစ်သည်။ ကုဋ္ဌရောဂ-၌ ၂၅-ခု ရိုက် ဒီ၊ဌ၊——-တွင် မူရင်းပါဌ်အဖြစ် ရှိ၍ ၁၈-ခု ရိုက်တွင် ကုဋ္ဌရောဂ-က မူရင်း ဖြစ်နေပြန်သည်။ စာမျက်နှာ ငြိမ်သော်လည်း ပါဌ်နေ မငြိမ်မှု က ဆိုးလှသည်။ မောင်ကုသလ ရွှေဘိုအသွားတွင် ဝင်လာသည်။ သူပြောပြမှ မောင်ဘလှိုင် အလှူ ဘုန်းကြီး ပင့်ရှုပ်ထွေးသည်ကို သိရတော့သည်။ ကျုပ်တို့ ရွာကား အလှူတခု ပြဿနာတခု ပေါ်သောရွာပင် ဖြစ်သည်။ ရွာတွင် ဆန်ပြဿနာ ပြေလည်ပြီ ကြားရ

သည်၊ ဝမ်းသားစရာပင်။ အပိုလိုဒုန်းပျံသည် မတက်မီ မီးလောင်သည်ဟူ၏၊ အာကာသယဉ်မှူး (၃)ဦး သေသည်။

28-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၃)ရက်နေ့

၇-ပုဒ် ပြီးသည်။ ၅-၁-၆၇-နေ့က လဲသော ဒဏ်ချက် ယခုထိ ကျော-နာနေသည်၊ ဒဏ်ပြင်းသည်၊ သက်ရင်းကြီးရွက် မြင်းချေး ဆား ဤသုံးမျိုးဖြင့် ကျပ်ပူထိုးက ဒဏ်ကြေနိုင်သည်ဟု ပိ(ပိဋ္ဌက)က ပြော၏။ နွားအချင်းကို သုတ်စားကလည်း ဒဏ်ကြေနိုင်သည်ဟူ၏။ ယဉ်ပုံကို ည ခေတ္တ သွား၏။ ကတ္တူမှ နှင်ထုတ်ခံရသူ ဦးပဥ္စင်းကိုရင်များက ယဉ်ပုံနေခွင့် ပြုရန် လာလျှောက်နေသည်ကို တွေ့ရ၏။ ဘုန်းကြီးခြင်း အနေနှင့် လက်မခံသင့်၊ ဒါယကာကို ငဲ့၍ လက်ခံရဟန် တူ၏။ ဆန်ပြဿနာမှာ သုံးပုံ တပုံခန့် ပြေလည်နေ၍ ဝမ်းသာစရာပင်။

29-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၄)ရက်နေ့

၁၃-ပုဒ် ပြီးသည်။ ၁၁-၁-၆၇-နေ့က စ၍ ရေးသော ကူ-မူသည် ယနေ့ အားလုံး ပြီးစီးသည်။ ကူ-မူမှာ အနဲဆုံး ဖြစ်သည်။ ကီ-မူသည် အုပ်တွဲတခုသာ ရှိသော်လဲ ကူ-မူလောက် မနဲပေ။ ဆိုဗီယက်သတင်းစာ ဆရာများ ဧည့်ခံပွဲ၌ ရွှေမန်းမေအငြိမ့် ကပြရာ လူရွှင်တော်များ "ဆန် ဝယ်မရသည့်အကြောင်း" ပျက်ကြသဖြင့် ပရိသတ် ရီသည်တွင် ဧည့်သည်များက ဘာရယ်တာလဲ ဘာသာပြန်ပြရန် ပြောရာ ဘာသာပြန် မပြရဲကြောင်း လူထုလှ-က ရေးထား၏။

30-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၅)ရက်

ကော-မူကို စ၍ ရေးသည်။ ကော နှင့် ကောကပ ပုဒ်သာ ပြီး၏။ ကျမ်းညွှန်း မများသော်လည်း ရေးရာ ချင့်ချိန်၍ ကြာခြင်းဖြစ်သည်။ ကော-မှာ နိပါတ်ကောကိုသာ ရေးသည်။ သဗ္ဗနာမ် ကော-မှာ ကိံ-ရေးစဉ်က ရေးပြီးဖြစ်၍ ကိံ-ကို ညွှန်းလိုက်သည်။ ယင်း ကော-၌ ကွ-ကို ကော-ပြုသည်ဟု နီတိသုတ္တ ၅၂၂-တွင် ဆိုသည်။ (နီတိ)ပဒ-တွင် ကွ-အနက်မှာဖြစ်သော ကောနိပါတ်ပါဟု ဆိုပြန်သည်။ သဒ္ဒါကျမ်းများကား ရှုပ်ထွေးလှသည်တကား။

31-1-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၆)ရက်နေ့

၁၁-ပုဒ် ပြီးသည်။ တလလုံး ၂၆၁-ပုဒ် ပြီး၏။ ကမ္ဘာတွင် အကြီးဆုံးဖြစ်မည့် ဘမာပြည်ထွက် ဂိ-၇၀ ကျပ်သား နီလာတုံးအကြောင်းကို လူထု-၃၀-ရက်နေ့ထုတ် ခေါင်းကြီးပိုင်းတွင် တွေ့ရသည်။ ညောင်ကန်တိုက်တွင် မသင်္ကာစရာ ကြွက်သေကို စတွေ့လာကတည်းက မြူနီစီပယ် မဟာကျန်းမာရေးဌာနကို ဖုန်းဆက် အကြောင်းကြားသည်။ သုံးခါ အကြောင်းကြားသည်ကို မလာခဲ့။ ပဋ္ဌမအကြိမ်တွင် ဆေးမရှိဟု ဖြေခဲ့သည်ဟူ၏။ ပုလိပ်ရောဂါ ပြန့်ပွားရသည်မှာ မြူ-ကျန်းမာရေးဌာန၏ တာဝန်သာ ဖြစ်သည်။ အကြီးအကျယ် ပြန့်ပွားနေသော အချိန်မှ ထိုတိုက် အထွက်အဝင် မလုပ်ရ စသည်ဖြင့် ပိတ်ပင်နေရသည်မှာ သဘာဝမကျ၊ မပြန့်ပွားခင်က ကြိုတင်ကာကွယ်မှု ပြုလုပ်ခဲ့လျှင် ယခုနှစ်ဆို ရောဂါလည်း ပြန့်

မည်မဟုတ်၊ ချောက်ချားမှုလည်း ဖြစ်နေရန် မလို။ ယခုမှ ခြေမကိုင်မိ လက်မကိုင်မိ၊ ရှမ်းစုဘူတာတွင် ရထားရပ်ခွင့် မပေး၊ စသော ကိစ္စများမှာ ချောက်ချားမှုကို ဖြစ်စေသည်မှ အပ အကျိုးသက်ရောက်မှ ရှိသင့်သလောက် ရှိမည်မဟုတ်ပါပေ။ ရောဂါပြန့်ပွားမှု တရားခံမှာ မြို့-ကျန်းမာရေး ဌာနသာတည်း။

1-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၇)ရက်နေ့

၁၁-ပုဒ်ပြီးသည်။ ကောကာလိက-မှာ ကျမ်းညွှန်းများသည်။ သာသနာတွင် စူဠကောကာလိက မဟာကောကာလိက ဟု နှစ်မျိုးတွေ့ရသည်။ မဟာကောကာလိကမှာ ဒေဝဒတ်အဖွဲ့ ဖြစ်၍ စူဠမှာ အဂ္ဂသာဝက နှစ်ပါးကို ပြစ်မှားသဖြင့် ပဒုမငရဲသို့ ရောက်သူ ဖြစ်သည်။ ၎င်းအကြောင်းကို သံ၊၁။၆။ သံယုတ် ၁၀-သုတ်၊ အံ၊၃။၁၀-နိပါတ် ၂-ပဏ္ဏာသက ၄-ဝဂ် ၉-သုတ်၊ သုတ္တနိ၊ ၃-ဝဂ် ၁၀-သုတ်တို့၌ တွေ့နိုင်ပေသည်။

2-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၈)ရက်နေ့

ရေးပြီးဖြစ်သော ကောက ကောကနုဒ ကောကနုဒ ပုဒ်များကို ပြင်ဆင်ရေးသားသည်။ စင်းစင်းစားစား ရေးမှ စာကောင်း ဖြစ်မည်ကို သတိပြုရာ၏။ မြန်မလိုပေ မှန်-ကောင်းကို အဓိကထားရမည်။ မြင်းချေးစသည်နှင့် ကျပ်ပူ ထိုးသည်၊ သက်သာမည် ထင်၏။ မောင်သု ငွေ (၂၅)ခေတ္တ ယူသည်။ ခန့်မှန်းထားသော အလုပ်အားလုံး ပြီး၍ ဝမ်းမြောက်လှ၏။ ခဲစသည် နင်းမိ၍ အသားကြေသော် သံပြားကို မီးရဲအောင်ဖုတ်၍ ဆားမှိုင်းခံလျှင် ပြောက်ကြောင်း ပိ(ပိဋ္ဌက)က လက်တွေ့ ပြောပြ၏။ ပုလိပ်များ ယုတ်မာပုံကို ဝန်ထောက်မင်းက ပြောပြ၏။ တနင်္ဂနွေနေ့ အာမခံ ပေးလိုက်ရပုံ နောက်လမှာ ကောင်းကြ၏။

3-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၉)ရက်နေ့

၁၇-ပုဒ် ပြီးသည်။ ကောစိ-ပုဒ်မှာ နီတိသုတ္တ၌ ထူးဆန်းစွာ အနက်ပေးသည်ကို တွေ့ရသည်။ ကောစရဟိ-၌ စရဟိ-ပုဒ်မှာ ပဒပူရဏဟု နီတိဓာ-တွင် တွေ့ရ၏။ ကျပ်ပူထိုးသဖြင့် ကျောနာ သိသိသာသာ သက်သာလာသည်။ ဒဏ်ပြေရန်သာ ဖြစ်၏။ သိပ်ပြီး နာလှသည်မဟုတ်ပါ။ ည ၇-နာရီ ကျော်ကျော်တွင် တောထုတ်ကြသည်ကို ကြားရ၏။ မန်းတွင် (၁၂)နှစ်အတွင်း (၃)ကြိမ်မျှသာ တောထုတ်သည်ကို တွေ့ရ၏။

4-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၁၀)ရက်နေ့

၃-ပုဒ်မျှသာ ပြီး၏။ ကောဋ္ဌပုဒ်များ ကျမ်းညွှန်းများ၍ ရှာဖွေပြီးရုံမျှသာ။ အနက် မများလှပေ။ ကုဋ္ဌမ္ဗ-ပုဒ်၌ လိုနေသော အနက်များကို ဖြည့်စွက်ထည့်လိုက်သည်။ မောဂ်၊၇-မှ တွေ့ခြင်း ဖြစ်သည်။ **တိုက်သစ်ဘုန်းကြီး ဆရာတော်အမိန့်ကို တဆင့် လာပြော၏။ စာချအခြေအနေအရ ရွှေ့ဆိုင်းထားရန် လျှောက်လိုက်မည်ဟူ၏။** ည၌ ဆက်လက်၍ တမြို့လုံး တောထုတ်သံ ကြားရ၏။ သဘာဝနှင့် ဆန့်ကျင်သော်လည်း တမြို့လုံး ဖြစ်၍ အပြစ်မဆိုသာပါလေ။ ကျောနာ ပို၍ သက်သာ၏။

5-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၁၁)ရက်နေ့

၉-ပုဒ် ပြီးသည်။ ကောစ္ဆ-ပုဒ်၌ ဘီး-နှင့် ကပ်ကြမ်းအခင်း နှစ်မျိုး မှားမည်စိုး၍ ဘီးနှင့်ဆိုင်သမျှ ကျမ်းညွှန်း၊ ကပ်အခင်းနှင့် ဆိုင်သမျှ ကျမ်းညွှန်းအားလုံး ထည့်ပေးလိုက်သည်။ မြို့လုံးကျွတ် တောထုတ် ကြသော်လည်း လူလတ်ပိုင်းနှင့် လူငယ်ပိုင်း အပျော် သံပုံစသည် တီးခြင်းသာ အဓိပ္ပါယ်ဆောင်တော့သည်။ တဦးတယောက် စလိုက်လျင် အားလုံး ဝိုင်းတီးကုန်ကြတော့သည်၊ ဘာမှ အဓိပ္ပါယ်မရှိပေ။

6-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၁၂)ရက်နေ့

၁၃-ပုဒ် ပြီးသည်။ စကောရ-ကို ကုမ္ဗကာရ-ဟု ဝိမာနု႒၊ ၁၄၈-၌ ဖွင့်ထား၏။ စင်ရော်ငှက်ဟု ပေးရမည်။ နောင်ကြီးကော ထံမှ ပို့လိုက်သော သချ်ာစာအုပ် ရောက်ကြောင်း ပြန်စာ ရရှိသည်။ မြစ်ဝကျွန်းပေါ် ဒေသများ၌ ဆန်ပြဿနာ တွေ့ကြောင်းကို စာအရ သိရသည်။ မြို့များတွင် လိုသလောက် ရသော်လည်း တောနယ်တွင် မရ၍ ပြဿနာ ဖြစ်နေသည်ဟူ၏။ အများအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသများသည် ဆန်း ထွက်သော နယ်များ ဖြစ်ကြသည်။ ကိုရင်ရဟန်းခံ သေချာကြောင်း သိရသည်။

7-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၁၃)ရက်နေ့

ကောဠရောဟိတ-ကို နိသျနှင့် ကွဲလွဲစွာ အဖွင့်နှင့်အညီ ပေးလိုက်သည်။ အနက်ချ ရပ်လိုက်သည်။ နံနက် ၁၀နာရီခန့်တွင် လွန်ခဲ့သော ၂၂-လမှ ဖမ်းထားသော အာ-ပိ-နိ-(အာဂမ ပိဋ္ဋက နိကာယ)မှ သံဃာများကို လွှတ်လိုက်သည်။ ထောင်ထဲတွင် ထီးလင်း ဦးကုသလ ကဓ်ါချ၍ သံဃာဒိသ်ကုန်ထိ တက်ခဲ့သည်ဟု ပိ(ပိဋ္ဋက)ကျောင်းမှ ဦးပဥ္စင်းက ပြော၏။ လယ်တီဦးဝိလာသလည်း ရှိသည်ဟူ၏။ ဆောင် (စောင်)တထည်း ပ-ပ-က ဈေး (၃၅)နှင့်ဝယ် ———— တခုပြီးတခု လန့်ကြသည်။ မန်းမှကား ၁၂-ပါး လွှတ်သည်ဟူ၏။ "အရှင်ဘုရားတို့သည် ဝိနည်းတရားတော်အတိုင်း နေရန်" စစ်ဗိုလ် ပြော။

8-2-1967 ၁၃၂၈-ခု ပြာသိုလပြည့်ကျော် (၁၄)ရက်နေ့

ကောဋ္ဋိ-ကို ရှာဖွေ၍ မပြီးခင် ပလိပ်ရောဂါ ကာကွယ်ဆေး ထိုးရန် ပြောသဖြင့် သွားထိုးကျသည်။ ဂန္ထ (ဆရာတော်) သွေးချိန်လို၍ ဒေါ်အေးဆေးတိုက်တွင် လိုက်သွားရသည်။ သွေးတိုးအား ၁၃၀-ဟူ၏။ အရှေးကြီး ဦးကု နာဂ ရောက်၍ ဝမ်းမြောက်စွာ စကားပြောကြသည်။ ညတွင် ဤမှာ အိပ်၍ ဘဝ အတွေ့အကြုံများကို ဖလှယ်ရင်း ကြယ်ပြန့်စွာ ပြောကြရသည်။ အောက်ဗမာပြည်၏ သာသနာရေး အခြေအနေကို တစိပ်တဒေသ အကဲခပ် ရသည်။ တဘဝအတွက်တာ အဖြစ်ဖြင့် ကျင့်ကြံကြ ပြုမူကြသည်ကို သိရ၏။

9-2-1967 ၁၃၂၈-ခု ပြာသိုလကွယ်နေ့

ဘုရားကြီးကို ဦးဣန္ဒာစာရနှင့် သွားရာ ပလိပ်ရောဂါ ဂယက်ကြောင့် လူစည်ကား နဲသည်ကို တွေ့ရ၏။ ရှမ်းများကား လာမြဲလ ဖြစ်၍ လာကြသည်ပင်၊ ဘုရားရွှေထီးများ ပူဇော်၍ ဘုရားကြီးမှာ ခေတ္တလာရောက် လှူဒါန်းသည်ကို တွေ့ရသည်။ ပိုက်ဆံ ကြဲကြသည်ကို ဗမာများက အလုအယက် ကောက်ကြသည်။ ယဉ်ပုံကျောင်းတွင် ကြွက်တကောင် ရုတ်တရက် ကြလာသေဆုံးသည်ကို တွေ့ရ၍ ရေနံလောင်း

မီးရှို့ခိုင်းလိုက်သည်။ ရောဂါဘယများ အေးဆေးငြိမ်သက်သလောက် ရှိပေပြီ။ တမြို့လုံး လိုင်းကားမှ ဆေးမထိုးရသူ ခရီးသည်ကို ဆေးထိုးခိုင်းသည်ဟူ၏။

10-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း(၁)ရက်နေ့

ကောဋ္ဌိ-ကို အကြမ်းဖျဉ်း စီစဉ်နိုင်ရုံသာ ပြီးသည်။ သံ၊၂။ ၃၈၆-၇ ပထမဒါရုက္ခန္ဓောပမသုတ် တရားဟောဘို့ ကောင်းသည်။ ဝိသုဒ္ဓိဋ္ဌီ၊၂။ ၄၃၆-၌ အနိစ္စကို သိလျှင် ကျန်နှစ်ပါးကို သိကြောင်း ပါသည်။ ၁-သျှ၊ ၂၀၆လည်း ကြည့်။ ပေခေါလ ပုဒ်ကို ခွဲ၍ ပဓာဏ်း မြန်မာပြန်ကြောင်း ဝိသုဒ္ဓိ၊သျှ၊ ၂။

ပရိတ္တတိက် ကုန်၍ စာဝါကို ဒီနှစ်အဘို့ ရပ်နားလိုက်သည်။ စာချရက်မှာ ၆-လပင် ပြည့်အောင် မရှိပါပေ။ သို့လျက် လိုက်သူကလည်း မပျက်မကွက်သူ အရှားသား၊ ချသူကလည်း မဟုတ်သောအကြောင်းလးနှင့် စာဝါဖျက်ကြသည်က များသည်။

11-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၂)ရက်နေ့

ဗမာ့ မန်ကျည်းမှည့် တန်ချိန် ၁၀၀၊ သီဟိုဠ်သို့ ပဌမအကြိမ် ပဌမပတ်အတွင်း ရောင်းပြီးဖြစ်သည်ဟူ၏။ တန် ၁၀၀၀ ရောင်းရန် စာချုပ်ထားသည်ဟူ၏။

ကောဋ္ဌိ-အပါအဝင် ၁၇-ပုဒ် ပြီးသည်။ ကောဋ္ဌိ-မှာ သဘောမကျသေးပေ။ အလွန်ရှုပ်ထွေးသော ပုဒ်ဖြစ်သည်။ အစွန်း-ချည်း နိသျှများက ပြန်ကြသည်။ သဘာဝ တူသည်မဟုတ်၊ ဥပမာ လက်ချောင်း အစွန်း(အဖျား) နှင့် သံသရာ၏ အစွန်း (အဖျား) တူနိုင်သည် မဟုတ်ပါပေ။ မောင်းထောင်မှ ဦးပဥ္ဇင်းတပါး လာသည်။ ဦးပဏ္ဍိ-က မဇ္ဈိမပဏ္ဏာသဋီကာ၊ သျှ။ ရနိုင်ကြောင်း ပြော၍ မှာလိုက်သည်။ ရလျှင် ကောင်းလေစွ။

12-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၃)ရက်နေ့

၁၄-ပုဒ် ပြီးသည်။ သင်္ချာများ၏ အဆုံးအဖြတ်၌ ကုဋ္ဌေကို ကောဋ္ဌိခေါ်ကြောင်း ဝဇိရ၊၅-၌ တွေ့ရသည်။ ပ-ဖေါင် ပြန်ရိုက်လာသည်ကို မြင်လိုက်၏။ ပြည်ထောင်စုနေ့ မန်းတွင် ရောဂါကြောင့် စီည်ကားစွာ မကျင်းပဖြစ်။ ဖာသားလဖုံးတွင် ကျင်းပသော ပြည်ထောင်စုနေ့လည်း စီည်ကားသည်မဟုတ်။ လူထုကြီးဟု ဆိုသော် ကလေးအရွယ် လူမမယ်များသာ ချီတက်နေသည်ကို တွေ့ရသည်ဟု ပိ(ပိဋ္ဌက)က မျက်မြင် ကိုယ်တွေ့ ပြောပြ၏။ အံ၊ဋ္ဌ၊နိသျှ၊တာ၊ပေထုပ်(၌) စတုက္က ပဥ္စက ဆက္က ပါ၏။

13-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၄)ရက်နေ့

၁၉-ပုဒ် ပြီးသည်။ အံ၊ဋ္ဌ၊နိသျှ၊ ပ-ပေထုပ်၊ ၁-နိပါတ် (ဧကကနိပါတ) တေဒဂ္ဂဝဂ် အဆုံးထိ ပါသည်။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁။ ၂၂၅။ သျှ၊ ဒ၊ ၁၁။ သံဝေဂ ရဘို့ ကောင်းသော အချက်များ ပါရှိသည်။ စိတ်အေးလက်အေး ကြည့်ရှုဘို့ ကောင်းသော နေရာပင်။ ကောဋ္ဌိဝဿ-ပုဒ်ကို အံ၊ဋ္ဌ၊သျှ၊ပေမူအတိုင်း ပေးလိုက်သည်။ ဋ္ဌ-ဖွင့်နှင့်လည်း ညီသည်။ ကောဋ္ဌိဝီသ ကောဋ္ဌိဝီသ-တို့မှာ ပုဂ္ဂိုလ်တဦး၏ အနွယ်ဖြစ်သည်။ ပါဌ်အမျိုးမျိုး ရှိနေသည်။ သင်္ဂါယနာကလည်း မညှိနှိုင်းခဲ့ပေ။

14-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၅)ရက်နေ့

၁၇-ပုဒ် ပြီးသည်။ မ-ဥ (မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ) ၂၉၇-၈ ဒက္ခိဏာဝိဘင်္ဂသုတ်၌ အလှူခံ (၁၄) ပါ၏၊ (မ၄၊၄။ ၂၂၃)၌ သရဏဂုံ တည်သူသည် သော-ဖိုလ် (သောတာပတ္တိဖိုလ်) မျက်မှောက်ပြုရေးအတွက် ကျင့်ဆဲခေါ်နိုင်ကြောင်း ပါ၏။ အပ၊၄၊၂။၁၀၄။ အရည-ကို ဝိဂြိုဟ်ဆိုထား၏။ မောင်းထောင် ဣန္ဒာစာရထံမှ နိရုတ္တိဒီပနီ တအုပ် ငှား၊ ဦးပဏ္ဍိ-ထံမှ တိက-စသော ဓာတ်နိဿယ ပေထုပ်များ ငှားခဲ့၏။ ပါဠိလား အဋ္ဌကထာလား မပြောနိုင်သေးပေ။ ညတွင် ယဉ်ပုံခေတ္တ လာ၏၊ ပ-ပ-က က တိုက်အတွက် ဖေါင်တိန်(၅၀)ကျော် ခွဲတမ်းနှင့် ရောင်းမည်ဟူ၏။

15-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၆)ရက်နေ့

၂၅-ပုဒ် ပြီးသည်၊ ပဋ္ဌိသံ၊၄၊၁။ ၁၀၀-၌ သိက္ခာပုဒ်အရေအတွက်ပြ ဂါထာပါသည်၊ ကျနုပ်ရဘူးသော မြန်မာလင်္ကာနှင့် မကိုက်ညီပေ၊ မုံရွာမောင်းထောင်မှ တီဘီကုဘူးသော သူတယောက် ကုပြီး တနှစ်အကြာတွင် ချောင်း ထပ်မံ ဆိုးနေ၍ ဆေးရုံကို ထပ်လာ ပြရပြန်သည်၊ ဒေါ်လှခင်-ဆိုသူ ဒါယိကာမကြီး တယောက်လည်း လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ကင်ဆာ မီးကင် ကုသ-ထားရာ ယခုတဖန် အမောရောဂါ စွဲကပ်နေပြန်၍ ဆေးရုံလာပြရပြန်သည်။

16-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၇)ရက်နေ့

၉-ပုဒ်ပြီးသည်၊ တိုက်အတွက် ခွဲတမ်း ဖေါင်တိန် (၅၅)ချောင်းကို မဲချရာ ဓမ္မကျောင်းမှ တချောင်းသာ ပေါက်သည်ဟူ၏။

မဟာစည်နှင့် နတ် စကားပြောခန်း တိပ်ရကော်ဒါကို ကိုစောကြည်က သူကိုယ်တိုင် ဖွင့်၍ နားထောင်ခဲ့သည်ဟူ၏။ ဒေါ်လှခင် ရောဂါမှာ အခြေအနေ မကောင်းကြောင်း ဆေးရုံက ပြောလိုက်သည်ဟူ၏။ ဒုတိယ ဂယ်လီပရူ၌ ကံသထာလကကို (န)မှ (တိ) ပြောင်းလိုက်ကြသည်၊ ဤသည်မှာ ယုက်ဖွယ်ကောင်းသော မှားယွင်းချက်တရပ် ဖြစ်သည်။

17-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၈)ရက်နေ့

ယဉ်ပုံဘုန်းကြီး ငွေတရာ ခေတ္တ ယူပြန်သည်၊ ဦးဝိမလ ဗိုက်ခွဲနေ၊ အောင်မြင်စွာ ခွဲ၍ပြီးသည်။ ချက်သံရုံးမှ သံမှူးတဦး ကိုယ့်ကိုကို သေကြောင်းကြံစီသွားကြောင်း လူထုတွင် တွေ့ရ၏။ ကိုစောကြည် အိမ်၌ နတ်နှင့် မဟာစည် စကားပြောသည်ဟူသော တိပ်ခွေ နားထောင်ရသည်၊ စီးဝါး (စည်း-ဝါး) တိုက်ထားသော စကားပြောစဉ်ဖြစ်ကြောင်း ပါဠိစာပေ လိုက်စားပြီး ဗဟုသုတရှိသူတိုင်း နားလည်နိုင်သည်၊ မဟာစည်အပေါ် တဝက်ခန့် ကြည်ညိုမှု ရပ်ဆိုင်းသွား၏။

18-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၉)ရက်နေ့

၁၄-ပုဒ် ပြီးသည်။ ဆရာတော် ဦးရန်ကုန် ဦးပဥ္စင်းတပါးနှင့် ရောက်လာ၍ ဝမ်းမြောက်စွာ စကားပြောကြရသည်၊ ကွဲနေကြ မတွေ့ကြရသည်မှာ ကြာပြီဖြစ်၍ ပြန်အတွေ့တွင် လှိုက်လှဲစွာ ဝမ်းမြောက်ဝမ်းသာ ရှိကြပါသည်၊

ဆေးရုံကို ဦးဝိမလ ခွဲထား၍ ပိ-နှင့် သွားရောက်မေးကြသည်၊ ယနေ့ညနေအထိ အခြေနေ ကောင်းသည်၊ တဖွတ်ထိုး မလုပ်လျှင် ဆက်လက်အခြေအနေ ကောင်းဘို့ ရှိသည်၊ အနုဘောတိ ဒွယမေတံ၊ အနုဗန္ဓတိ ကာရကံ၊ သံ၊၁။၂၂၉။ သာရ၊၂၊ ဖ၃။ ယာဒိသံ ဝပေတ ဗီဇံ-အဆက် ဖြစ်သည်။

19-2-1967 ၁၃၂၈-ခု တပို့တွဲလဆန်း (၁၀ရက်နေ့

၃-ပုဒ်ပြီး၏၊ ကျန်နေသော ကုဋ္ဌာဂါရ မှ တပုဒ်ကို ထပ်ပြန်တိုက်သည်၊ ပေါင်း (၄)ပြီး။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁။ ၃၄၁-၌ အစာများသည် တပေါက်မှ ဝင်၍ ကိုးပေါက်မှ ပြန်ထွက်ကြကြောင်း ဂါထာများ ပါသည်၊ ကျက်ဖို့ ကောင်း၏။ စားကောင်းသောက်ဖွယ် အစာအာဟာရများကို မိတ်ဆွေပေါင်းသင်းနှင့် ဝိုင်းဖွဲ့၍ ပျော်ပါးစွာ စားသောက်နိုင်သော်လည်း ပြန်ထုတ်သောအခါမှာ ပုန်းကွယ် လျှို့ဝှက်၍ တဦးတည်း စွန့်ရကြောင်း စသည်ဖြင့် ရေးထားသည်မှာ မှတ်စရာပင်။

20-2-67 ၁၃၂၈-ခု တပို့တွဲလဆန်း (၁၁)ရက်နေ့

ကောဋ္ဌေတွာ-ကို ရှာဖွေ၍ မပြီးသေးသော်လည်း အနက်အကြမ်းဖျင်း ရာထားချက်ပင် မပြီးတတ် သေး။

တိုက်သစ်ဘုန်းကြီးနှင့် ဆရာတော်က လဆန်း(၁၄)ရက်နေ့ တိုက်သစ်ပြောင်းရန် အမိန့်ရှိ၍ ဝန်ခံခဲ့ ရသည်။ ဂန္ထအား ထိုအကြောင်း လျှောက်ထားရာ "ပရိသတ်ကို နိုင်သမျှ လက်ခံရန်၊ တွေ့ကရာ ပရိသတ် လောဘကြီးပြီး လက်မခံရန်၊ လက်ခံသမျှကို နိုင်နင်းစွာ အုပ်ချုပ်၍ တိုးတက်အောင် ကြိုးစားရန်" အမိန့်ရှိ သည်။ သဒ္ဒ (သဒ္ဒမ္မနာယက)လည်း အနားတွင် ရှိနေသည်။ နံပါတ်(၂)ဖောင် ရသည်။

21-2-67 ၁၃၂၈-ခု တပို့တွဲလဆန်း (၁၂)ရက်နေ့

ကောဋ္ဌေတွာ ရေး၍ ပြီးသည်။ ဌာနာနုရူပအနက်ပေါင်း (၂၁)နက် ရသည်။ ရှင်းရှင်းဝန်ခံရလျှင် နိဿယမကြိုက်၍ ပြင်ရေးသောအနက်လည်း ပါသည်။ တချို့အနက်မှာ နိဿယလာ သဘာဝကျ၍ နိဿယအတိုင်းပင်။

ယဉ်ပုံကို တိုက်သစ်ရွှေ့မည့်အကြောင်း ပြောခဲ့သည်။ စိတ်ကောင်းဟန် မတူ။ သို့သော် မတတ်နိုင်။ ကံထားရာ နေကြရမည်သာ ဖြစ်သည်။ ဆရာဖြူအကြောင်း လူထုတွင် သန်းထွတ်ဆောင်းပါးကို ဖတ်ရှုရ သည်။ စာသင်ကောင်း အရက်သမား ဆရာတဦး၏ အကြောင်းဖြစ်သည်။

22-2-67 ၁၃၂၈-ခု၊ တပို့တွဲလဆန်း (၁၃)ရက်နေ့

နက်ဖန် တိုက်သစ်ရွှေ့ပြောင်းမည် ဖြစ်သဖြင့် ဗေဒင်နက္ခတ်အရ အချိန်ရွေးရန် တောင်းထီးလင်း ဦးဇောတိကထံ သွားကြသည်။ ဖုဿနက္ခတ်နှင့် ယှဉ်၍ တနေကုန် ကောင်းသည်။ ကြကင့်ရာသီတွင် စန်းနေ၍ စန်းအား ကောင်းသည်။ နဝင်းပါ အကောင်းပြုရန် နံနက် (၇း၂၈)နာရီမှ (၈း၃၅)နာရီအတွင်း အကောင်းဆုံး ဖြစ်၍ (၇း၃၅)နာရီတွင် ပြောင်းရန် ဆုံးဖြတ်ခဲ့သည်။

ဝိနယ (ဦးဉာဏဝံသ)အား ကန်တော့ရာ "ခေါ်မိတာ မှားလေခြင်းဟု မဖြစ်အောင်" ကိုယ့်ကိုကို မိန့်သည်။

ဂန္ထ (ဦးကောသလ္လ)က ထူး၍ မမိန့်။

သဒ် (သဒ္ဓမ္မ ဦးကုသလ)က တိုက်သစ်ဘုန်းကြီး (ဦးသီရိန္ဒ)နှင့် မင်းတို့ ပြောင်းတာ နမြောသည်ဟု ဖွင့်မိန့်သည်။

23-2-67 ၁၃၂၈-ခု တပို့တွဲလဆန်း (၁၄)ရက်

ပါဠိ (ဦးဝိသုဒ္ဓ ပဋ္ဌာန်း)ကို တိုက်သစ်ပြောင်းမည်ဖြစ်ကြောင်း လျှောက်ရာ သာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ၊ တို့ကို အားကျပြီး တရားမဟောရန်-မိန့်။

မာ (မာဂဓ ဦးနာရဒ)က အံ့သြကြောင်း မိန့်၊

ပရိ (ပရိယတ္တိ ဦးစန္ဒော်ဘာသ)က ဦးဇင်းကျောင်း လစ်လပ်ပြီ၊ ဘယ်သူ့ထားရမလဲ-ဟု ပြော။

အာ (အာဂမ ဦးဝိစိတ္တ)က တိုးတက်အောင် ဆောင်ရွက်ရန် မိန့်။

မာ (မာဂဓ ဦးနာရဒ)က စာချ ၄-ပါးလောက်ရှိမှ ကောင်းမည်-ဟုလဲ မိန့်။

ဆရာတော်ဘုရားများ၏ ဩဝါဒမျိုးစုံကို ခံ၍ ၁၃၂၈-ခု တပို့တွဲလဆန်း (၁၄)ရက်နေ့ နံက် ၇း၃၅နာရီတွင် တိုက်သစ်သို့ ပြောင်းခဲ့သည်။ ဆရာတော်ကြီး (ဦးသူရိယာဘိဇ)၏ မိန့်ချက်ကို သီးခြား ရေးထားသည်။

23-2-67 (၁၃၂၈ ခု၊ တပို့တွဲလဆန်း ၁၄ ရက်)

ဆရာတော်က -

"မစိုးရိမ်တိုက်ဟောင်း တည်စဉ်ကလည်း စာချဘုန်းကြီး နှစ်ပါးနှင့် တည်ခဲ့ကြောင်း

မြောက်သော်လည်း စရွေးလွတ်အောင် မမြောက်ဖို့၊ နှိမ်သော်လည်း ဝမ်းမနည်းဖို့၊ တထွာရှိနေသူကို တထွာ အောက် ရောက်အောင် မည်သူမှ မနှိမ်နိုင်ကြောင်း

အလုပ်ဆိုသည်မှာ လုပ်မှ ဖြစ်ကြောင်း, တိုးတက်ကြောင်း

မင်းက ဗုဒ္ဓဟူးသားဖြစ်၍ ငါ တသက်လုံး အားကိုးရမည်ဖြစ်ကြောင်း

တိုက် တိုးတက်လျှင် ကိုယ်လည်း တိုးတက်ကြောင်း

ကိုယ် တိုးတက်ဖို့ သပ်သပ် မရည်ရွယ်ဘဲ တိုက် တိုးတက်ရန်သာ ရည်ရွယ်သင့်ကြောင်း

သူတို့ ကျောင်းထိုင်စက ငယ်လှ၍ မစိုးရိမ်ကျောင်းဒကာက သိပ်အားမရကြောင်း

ကြီးကြီးမားမား ဘုန်းကြီးကို ရှာဖွေကြောင်း

ဘင်္ဂလားဆရာတော်က "ငါးသေး ငါးတန်ကို ရှာဖွေထားမှ ငါးကြင်း ငါးသိုင်း ဖြစ်မည့်အကြောင်း, ကြီးကြီးမားမား ရှာထားက ဘုန်းကြီးပျံသာ ချရမည်ဖြစ်ကြောင်း" မိန့်သဖြင့် ကျောင်းဒကာလည်း အားရ, မြို့သူ/သားများကလည်း မပြောကြတော့ကြောင်း
အထင်သေးသဖြင့် တိုက်စည်းကမ်း ရိုက်သည်ကိုပင် ကျောင်းဒကာကြီးက ငွေမပေး၍ ကျောင်းဒကာလေးထံမှ ငွေနှင့် ရိုက်ခဲ့ရကြောင်း" စသည်ဖြင့် စုံလုံးစွာ ပြောပြသည်။
မစိုးရိမ်ကျောင်းဒကာကြီးက "မည်သည့် ကျောင်းဒကာမျှ အရေးမစိုက်ရန်, အရေးစိုက်က ဘုန်ကြီးရှေ့ တင်ပလ္လင်ခွေ ထိုင်မည်ဖြစ်ကြောင်း" ဆရာတော်တို့ကို လျှောက်သည်ဟူ၏။

24-2-67 ၁၃၂၈-ခု တပို့တွဲလပြည့်နေ့

နံနက် (၈)နာရီတွင် ဆရာတော်နှင့် ညောင်ရမ်းအထိမ်းအမှတ် ဆွမ်းစားလိုက်သည်။ နောက် ဦးဘသိန်း ဇနီးဆွမ်းသွတ် ဝင်ကြသည်။

ဆရာတော်က ဦးဘသိန်း လူတွေ အိုနာသေဘို့လို့ ဖြစ်လာကြသည်။ မနာ မသေ မအိုအောင် မဂ္ဂင်တရားကို အားထုတ်ရမည်ဟု တရားဟောခဲ့သည်။ ဦးဘသိန်းအား ဟောစဉ်က အရက်သမား ဖြစ်သည်။ နောင်တွင် ပဋ္ဌာန်းစာဝါများကို လိုက်၍ အရက်ပြတ်သွားခဲ့သည် ဟူ၏။

ညတွင် ပိ (ပိဋ္ဌက) လာသည်။ ဝန်ထောက်မင်းထံမှ "တိုက်သစ်အတွက် အောင်မြင်ချက် ဖြစ်၍ ဟောင်းအတွက် စာနာမိသည်"ဟူသော စာ ရသည်။

25-2-67 ၁၃၂၈-ခု တပို့တွဲလပြည့်ကျော် (၁)ရက်နေ့

ကောဠတပုဒ်သာ ပြီးသည်။ ကောဠက-မှာ ကျမ်းညွှန်းများ၍ ရှာဖွေဆဲ ဖြစ်သည်။ eighty ကို လက်ခံရရှိသည်။ ကိုကျော်ထွဋ်နှ ကိုဘိုမောင်တို့ လာကြကြောင်း ကြားသိရသည်။ ဒုတိယဖောင်ကို ဖတ်ပြီးကြပလားဟု ဂန္ထက မေးသည်။ အလုပ်ရှုပ်နေ၍ မဖတ်အားကြောင်း လျှောက်လိုက်သည်။

ယဉ်ပုံတွင် ခေတ္တ ရောက်သည်။ ဟိုပြော ဒီပြောနှင့် အချိန်ကုန်ခဲ့သည်။ စစ်ကိုင်းမှ ရသော ဆရာတော့်သက်န်းကို ဘုန်းထံ အပ်။

26-2-67 ၁၃၂၈-ခု တပို့တွဲလပြည့်ကျော် (၂)ရက်နေ့

၃-ပုဒ် ပြီးသည်။ ဇာဌ၃။၂၂၈-ဌ် အရူး(၈)မျိုး ပါသည်။ ဣတိဝုတ် ၂၅၅၊ အဂ္ဂပသာဒသုတ် ကျက်၍ တရားဟောရန် ကောင်းသည်။ မူစလင်များက ကြက်သွန်စသည် လှီးရာ၌ ပြောင်းပြန် လှီးကြသည်။ သို့ေသာ် ဟိုကိစ္စကျ ထုံးအစံအတိုင်း လုပ်ကြပြန်သည်။ ပုဏ္ဏားများက ပါးစပ်က မွေးသည်ဟု စာတွင် တွေ့ရသည်။ ယခု ပုဏ္ဏားများ အဘယ်က မွေးသလဲ? ရဟန်းများ သပိတ်၊ ပုဏ္ဏားများ လွယ်အိပ်-ဟု ကြွားကြသည်။

27.2.67

၁၇-ပုဒ်ပြီးသည်။ ဒီ၄၂။၂။၁၈၀ မ၄၂။၂။၉၇ အံ၄၂။၁။၁၁၁ ဓမ္မ၄၂။၁။၆၂ သုတ္တနိ၄၂။၁။၂၅၆ ထေရ၄၂။၂။၂၅၀ တို့၌ ဦးဦးဖျားဖျားအလှူ ၅-၆ မျိုး ပါသည်။ **ဥဒကကောဠကန္တိ** ဇလာဝါဠုံ အံဋ္ဌီ။၃။၉ **ရေအုံ**ဆိုသည်မှာ ရေကျင်း အိုင် တွင်းကို ခေါ်ကြောင်း ထင်ရှားသည်။

ညပိုင်းတွင် ဂန္ထ(ဂန္ထနယပဒေသ)ထံ ကျောင်းဟောင်းမှ ဦးပဥ္စင်းများ အပ်ရန် သွားသော်လည်း တံခါး ပိတ်ထား၍ မအပ်ခဲ့ရ။ ပိ(ပိဋကနယပဒေသ)နှင့် ထွေရာလေးပါး စကားပြောရင်း သိခဲ့ရသည်မှာ ပရိ(ပရိယ တ္တိနယပဒေသ)က "စာချဘုန်းကြီးများ မပြောင်းချင်အောင် နာယကရန်ပုံငွေ တိုးချဲ့၍ ဝေဖန်သမှု ပြုရ မည်"ဟု ပြောသည်ဟူ၏။ ကျွန်ုပ်က လာဘ်ကို ငဲ့၍ ပြောင်းသလိုလို ပြောခြင်း ဖြစ်သည်။

28.2.67

ကောဠ(တ္ထ)လိ(ကာ)ကို ပုဒ်ခွဲ ရှာမရသေး။ ကောဠစိကာ-ကလည်း ကျန်နေသေးသည်။ အနက် လွယ်သော်လည်း ပုဒ်ခွဲခက်နေပြန်သည်။

ကိုဗိုလ်မောင် ကိုကျော်ထွဋ်ွ ကိုတင်ရွှေတို့ လာ၍ ကင်္ခါဝိတရဏာဝိသုဒ္ဓိ-ပုဒ် ရှင်းလင်းချက်မှာ မှန် သော်လည်း ဝါကျအထားအသို ရှုပ်ထွေးနေ၍ ပြန်ရေပေးရန် လျှောက်ထားသည်။ အဋ္ဌ ဋီကို မြန်မာ(မြန်မာပြန်)အတိုင်း ရေးထား၍ ပါဠိမတတ်သူများ နားလည်ရန် ခဲယဉ်းနေသည်။

ဒဏ္ဍီစသော သဒ္ဒါကျမ်းများက လိင် သီးခြားညွှန်ပြီးပုဒ်များကို သဒ္ဒါကျမ်းများ ညွှန်ပြီးအတိုင်းထား ရန် အဖွဲ့မှ ဆွေးနွေးချက်ကို သူတို့ ဆွေးနွေးပြီးမှ ပြန်လျှောက်ထားမည်ဖြစ်ကြောင်း လျှောက်သည်။
(ဉာဏ်စာအုပ် ရသောနေ့)

၁-၃-၆၇
၁၉၆၇ ခုနှစ်၊ မတ်လ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)

၅-ပုဒ်သာ ပြီးသည်။ ကောဠာလက-မှာ အနက် မကျေနပ်သေးပေ။ ကောဠစိကာ ကောဠလိ ကာ(ကောတ္ထလိ)တို့ကို ပုဒ်ခွဲရှာရန် တောင်ထီလင်း ဦးဇောတိကထံ သွားသော်လည်း မတွေ့ခဲ့ရပေ။ သူ့ထံ ရှိသော သက္ကဋ ဟိန္ဒီ ဓာန်များကို ကြည့်ရန် ဖြစ်သည်။ သူ့ထံ ရှိသော ကျွန်ုပ်တို့ ရှာခဲ့သမျှ ဓာန်များတွင် ကား မတွေ့ရသေးပေ။ ကာဋ-ကိုကား ဟိန္ဒီဓာန်တွင် တွေ့ရသည်။

ပထမပြန် ကြီးကြပ်ရေးအတွက် အစည်းအဝေးပင့်စာ ရရှိသည်။ လွန်ခဲ့သောနှစ်ကလည်း ဓာန် ရေးသားပြုစုနေရ၍ မလိုက်ဖြစ်။ ယခုနှစ်လည်း လိုက်ဖြစ်မည် မထင်ပေ။

ဓာန်ပြုစုရာ၌ ကျွန်ုပ်အဖွဲ့မှ ပုဂ္ဂိုလ်မှာ လက်လွှဲ၍ မဖြစ်သေးပေ။ အစစအရာရာတိုးတက်အောင် လုပ်ချင်သူ မဟုတ်။ နိဿယကို ကြည့်ရမှာကိုပင် အလွန်ပျင်းသူ ဖြစ်သဖြင့် ဘာမှ စိတ်ချရသူ မဟုတ်ပေ။

2.3.67

ကောဋ္ဌာသ-ကို ရှာ၍ မပြီးသေး။ အနက်မများဘဲ ကျမ်းညွှန်းများ၍ အချိန်ကုန်ပြီး ကုန်ကျိုးမနပ်လှပေ။ ကင်္ခါဝိတရဏ-ကို "ယာ စ ကင်္ခါ ဝိတရဏာ"လည်း ရှိ၍ (တိ)ဟု ပြင်ရန် မာ(မာဂဓနေယျပဒေသ)အား လျှောက်ခဲ့သည်။ ပရိ(ပရိယတ္တိနယပူပဒေသ)လည်း ကြားသည်။ သို့သော် အရေးမလုပ်ဘဲ နေ၏။

ကျောင်းအမက သူ့ကျောင်း စတင်တည်ဆောက်ပုံ အခြေအနေနှင့် အဖျောက်ဆရာတော်ကြီး ဉာဏ်အမြော်အမြင် ကြီးမားပုံ လျှောက်သွားသည်။ (၆)လပန်းပင်အကြောင်းလည်း လျှောက်သည်။ ဤအပင်ကို တန်ဖိုးထားဟန် တူသည်။

ဂရုးကို့ လှူဒါန်း၍ ခာန်အဖွဲ့ဝင်များ ခွဲဝေယူရာ လဘက်ရည်ပုဂံတလုံးသာသာခန့်စီ ရသည်။ ဆရာတော်, ဘုန်းကြီးနှင့် ကျွန်ုပ်တွက် သုံးပါးစာကို ကျွန်ုပ် တပါးတည်း အသုံးပြုရန် ပေးကြသည်။

3.3.67

ကောဋ္ဌာသ-နှင့်တကွ ၄-ပုဒ်ပြီးသည်။ ကော-သဒ္ဒေါ ပဋိပက္ခတ္ထော။ ဒီ၊ဋီ။၃။၁၉၁။ ဒီ၊ဋ္ဌ။၃။၂၁၇ ရဟန်းများ ကွဲကြလျှင် နတ်လူတို့အား အဟိတ ဒုက္ခဖြစ်ကြောင်း ပါ၏။ ဥဒါဋ္ဌ။၃၃၈ ၌ ပပဥ္စတရား (၆)ပါးဟု လာ၏။ ပပဥ္စတရားကို (၃)ပါးဟုသာ အရင်က သိထားသော်လည်း ယခု စာတွေ့တွင် (၆)ပါး တွေ့လာရ၏။ သံ၊ဋီ။၁။၈၈ ၌ ဝိဓာ၏ ဝိဂ္ဂဟ ပါ၏။

ယဉ်ပုံမှ ဦးဝိမလ ပြန်ရောက်နေသည်ကို တွေ့ခဲ့၏။ ဗိုက်ခွဲပြီး မန်းဆေး မသောက်၍ ဖြစ်မည် ထင်သည်။ ခွဲဘူးသော ဒါယိကာမ တယောက်က မန်းဆေး သောက်/လိမ်းပေးရကြောင်း လာလျှောက်နေသည်ကို တွေ့ရ၏။ ဝန်ထောက်မင်းထံ သွား၍ စာဖတ်ဖြစ်သည်။

4.3.67

ဆွမ်းစား ၃-ဦး ဆုံနေသောနေ့ ဖြစ်သည်။ ဇောဓိကုန်းနှင့် ဂန္ဓကျောင်း ဆွမ်းစားကို လိုက်သည်။ ပရိယတ္တိအတွက် ကိုယ်စားထည့်သည်။ ဘုရားကြီးတိုက်မှ ဦးသြဘာ လာ၍ ထွေရာလေးပါး စကားပြောကြသည်။ ဂန္ဓက "**တိုက်ဟောင်းမှ တိုက်ဒါယကာကြီး၏ ပကာသန မလိုလားပုံကို တိုက်ရေစက်ချရာ၌ အိမ်သားတစုကိုသာ ခေါ်၍ ချသည်ဟု ပြောသည်။ ပုဂ္ဂလိက ရေစက်ချထား၍ စူဠဝါပါဠိတော်အရ သံဃိက ပြန်၍ ရေစက်ချသည်**"ဟု ပြောပြသည်။

ဓမ္မဝိ(ဓမ္မဝိနယရုံသီ)ဘုန်းကြီး(ဦးသိရိန္ဒ)က တိုက်သစ်ကျောင်းဒါယကာများ၏ အခြေအနေ စိတ်နေသဘောထားကို ပြောပြသည်။ ပုံမှန် ဆက်ဆံရန် သန္နိဋ္ဌာန်ချပြီး ဖြစ်သည်။

ညနေပိုင်းတွင် ကိုတင်အောင် လာ၍ စကားအနည်းငယ် ပြောကြသည်။ ဆွမ်းကျွေးအတွက် အလုပ်မရှုပ်သော်လည်း စာတက်ဖျက်လိုက်သည်။ ကျောင်းအမ အဖေနှင့် ထွေရာလေးပါး ပြော။

5.3.67

ကျောင်းဒကာဒကာမများက ကျောင်းတင်ပွဲအထိန်းအမတ် ဆွမ်းကျွေးကြသည်။ ကျွန်ုပ် စာရေးရာမှ ပြန်လာသည်အထိ စောင့်နေကြသည်။ ညနေ ၅-နာရီကျော်မှ ပြန်သွားကြ၏။ သံဃာများလည်း ဆွမ်းစားကောင်းကြဟန် ရှိ၏။

အဖျောက်ဆရာတော်နှင့် မစိုးရိမ်ဆရာတော်တို့၏ ခင်မင်စွာ ဆက်ဆံရေးကို ကျောင်းအမက လျှောက်၏။ အဖျောက်က အာရုဏ်မတက်သေး-ဆိုလျှင် မစိုးရိမ်က လွှက်ရည်ဝိုင်း ရောက်ပြီးဖြစ်သော်လည်း ပြန်ဝင်ရှာသည်ဟူ၏။

၂၅-ပုဒ်မျှသာ ပြီးသည်။ ကော-မူမှာ စိတ်လည်း မဝင်စား။ ခက်သည်မဟုတ်သော်လည်း မူရင်းပုဒ်မှာ ခဏခဏ တွေ့နေ၍ အရေးရ အကပ်ဆုံး ဖြစ်သည်။ ဤ ကော-မူလောက် စိတ်ရှုပ်စရာ ကောင်းသောမူ မတွေ့ရသေးပေ။

6.3.67

၁၅-ပုဒ်မျှသာ ပြီး၏။ ဣတိဝုတ်၄။၂၇၇ ၌ "မိဂါနံ ကောဋ္ဌုကော အန္တော"ကို ဇာ၊၁။၉၀ ၌ ကြည့်ရန် ညွှန်းထားသော်လည်း ယင်းပါဠိ၌ သိင်္ဂါလော-ဟု ရှိနေပြန်၏။

"ဘုရားပွင့်ကြောင်း ဇာတိ ဇရာ မရဏကြောင့် ပွင့်ခြင်း ဖြစ်၏။ ဇာတိစသော တရားများမှာ လောဘစသည်ကြောင့် ဖြစ်"၏ဟု ဆရာတော်က မိန့်၏။

"သူတို့ လေး-ဝါ ရမှ ပရိယတ္တိအသင်း ပေါ်လာကြောင်း၊ အသင်းလူကြီးများက ဝင်ရန် တိုက်တွန်း၍ ဝင်ခဲ့ကြောင်း"လည်း မိန့်၏။

အသက်(၅၀)ကျော်မှ ပါဠိတော်များ ကောင်းကြောင်းကို သိ၍ ကျက်ပြီး တညလုံး ပြန်နေသဖြင့် အဖျောက်ဆရာတော်က "ကိုယ်တော်လိုသာဖြင့် တပည့်တော် သေတာ ကြာပြီ"ဟု ပြောဘူးကြောင်း အားကျစရာ မိန့်၏။

7.3.67

ရွာအလှူသို့ သွားရန် နံက်(၅)နာရီတွင် ထွက်ခဲ့သည်။ ၆:၁၀ နာရီ ထွက်နေကျ ရထားသည် ၆:၅၂ နာရီမှ ထွက်ရသည်။ ရန်ကုန်ရထား ခေါင်းတွဲ ပျက်နေ၍ ဖြစ်သည်။ ညောင်ပင်ဝင်းဘူတာတွင် ဒါယိကာမ တဦးက ကလေး မေ့နေပြန်၍ ၁၀မိနစ်ခန့် နောက်ကျရပြန်သည်။ မုံရွာသို့ ၁၁:၁၅ နာရီမှ ရောက်သည်။ ရဟန်းဒါယကာ အိမ်တွင် ဆွမ်းစား၍ သူတို့ကား ဝပ်ရှော့ပို့ထားသဖြင့် တခြားကားနဲ့ ရွာကို ပြန်ရသည်။ အလှူ့ဒါယိကာမ မအေးသိန်း လက်ကောက်ပျောက်သည်ဟု သိရသဖြင့် စိတ်မကောင်း။ ရွာ ညမအိပ်တော့ဘဲ မုံရွာသို့ ည ၇-နာရီတွင် ရွာမှ ပြန်သည်။ ဦးဇောတိကကျောင်းတွင် အိပ်၍ မောင်ကျော်ရှိန်နှင့် ထွေရာလေးပါး စကားပြောကြသည်။ မောင်ကြည်စိန်(ဦးဥတ္တမ)လူထွက်နှင့် တွေ့သည်။ သူကလည်း ကောင်းစွာ မမှတ်မိ။ ကိုယ်ကလည်း ကောင်းစွာ မမှတ်မိ။ နောင်မှ ကျောင်းနေဘက်မှန်း ပြန်သိရသည်။

8.3.67

မုံရွာမှ ၅:၁၅ နာရီ ရထားနှင့် ပြန်ခဲ့သည်။ မောင်ကျော်ရှိန်နှင့် မောင်ကုသလတို့ လိုက်ပို့ကြသည်။ မောင်ကျော်ရှိန်က လက်မှတ်နှင့်တကွ လွှက်ရည်ဒကာပါ ခံသည့်ပြင် ပိုင်းလော့ဖောင်တိန် တချောင်းလည်း လှူဒါန်းလိုက်သည်။

ရထားပေါ်တွင် ကြေးမုံဘူတာမှ တက်လာကြသော ပဲခြမ်းကျော်သည် ဒကာမများနှင့် တွေ့သည်။ တန်ဆာမလုပ်ဘဲ ပဲခြမ်းကျော် တောင်းများကို တင်ကြသည်။ ခရမ်းချဉ်သီးသည်များကလည်း ထို့တူပင်။ လက်မှတ်စစ်က ပြောသော်လည်း ဒါယိကာမများက ညလိုက်သဖြင့် ဘာမှ မလုပ်ပဲ ဆင်းသွားသည်။ "လူ့အောက်ကြို့လို့ မပိ"ဟု သူတို့ချင်း ပြောကြသေးသည်။

၉-နာရီကျော်ကျော်တွင် ရှမ်းစုမှာ ဆင်း၍ တိုက်သစ်သို့ ပြန်ခဲ့သည်။ ဆရာတော်က "စရိတ်ကျေခဲ့လား"ဟု မေးသည်။ စင်စစ် မကျေပါပေ။ ရဟန်းဒါယကာဒါယိကာမများက ဂျိ(ပ်)ကားစရိတ်ခံ၍ ကိုယ်က မကုန်ရခြင်း ဖြစ်သည်။

ကောဏာဂမန အပါအဝင် ၆-ပုဒ်မျှသာ ပြီးသည်။ ကနကာဂမန-မှ ကောဏာဂမန-ဖြစ်လာပုံ ဗုဒ္ဓဝင်၄။၃၀၁၌ တွေ့ရသည်။ မွေးဖွားသောနေ့တွင် ရွှေမိုး(လာ)ရွာ၍ ကနကာဂမန တွင်သည်။ မြောက်ပိုင်း ဗုဒ္ဓဘာသာများက ထိုအမည်အတိုင်းပင် ခေါ်ကြောင်း PPN တွင် တွေ့ရသည်။

မောင်ဣသရိယနှင့် မောင်ကုသလ လာသည်။ မောင်ဣသ် အရှုပ်ဇာတ်လမ်းကား ကျွန်ုပ် ကြားထားသည်နှင့် တမျိုး ဖြစ်နေပြန်သည်။ ကိုယ့်ဘက်ကိုယ်ယက်၍ ပြောကြခြင်းပင် ဖြစ်သည်။ လွန်ခဲ့သော (၆)နှစ်ကျော်က ချေးထားသော ငွေ(၃၀)ကို မောင်ကုသလက ပြန်ပေးသွားသည်။ ဤသည်မှာ ကျွန်ုပ်အဘို့ (၃၀)ဆု ထီပေါက်ခြင်းပင် ဖြစ်တော့၏။

9.3.67

ပုဒ်သစ် တပုဒ်မှ မပြီး။ ကောဏာဂုံဘုရား ဗုဒ္ဓဝင်ကို မကျယ်မကျဉ်း ရေးသည်။ ကောဏ္ဍည-ပုဒ်ကို ရှာဖွေပြီးရုံမျှသာ ရှိ၏။ မရေးရသေးပေ။ အပ၄။၂။၁၇၈ ၌ ကောဏ္ဍညဘုရား၏ ဝစနတ္ထကို တွေ့ရသည်။ ဟိုမြေး ဒီမြေး ကလေးတွေကို ရှောက်ချီနေသော အဖိုးအို အမယ်အိုများကို လူရှောက်ချီနာမည် ပေးထားသည်မှာ ကောင်းလှသည်။ တရုပ်ကွန်မြူနစ်ပါတီ ထိပ်သီးပုဂ္ဂိုလ်တဦး၏ နာမည်ဖြစ်သည်။ ထိုမြေးများကို ပျော်အောင် မြူ၍ နေကြသော ဖိုးမြေးပျော် ဖွားမြေးပျော်များကိုလည်း "သေခါနီးပုဂ္ဂိုလ်များက သေခါဝေး ကလေးတွေကို တု၍ ပျော်နေကြခြင်း"ဟု မိုးကုတ်ဆရာတော်က မိန့်သည်ဟူ၏။ ထိုမိန့်ချက်ကို တဆင့်ကြားရသည်မှာလည်း သဘောတွေ့ပါသည်။

ဝန်ထောက်မင်းထံ စာတက်ဖြစ်သည်။ လက်ဆင်အသစ်မှာ တပုဒ်သာ ရေးနိုင်သည်။ ရေးပြီး လက်ဆင်ဟောင်းများ အချောကူးရာ တပုဒ်ပြီးသည်။ ဤသည် နောင်လာနောက်သားများအတွက် အမြတ်ပင်ဖြစ်သည်။

10.3.67

ဦးပဥ္စင်းသစ်တပါးမှာ စည်းကမ်းပျက်လွန်းသည်ထင်၍ ခေါ်ပြောရသည်။

"ဘဝတိုင်း ကိုယ်ချမ်းသာဘို့ လုပ်လာသည်က များသည်။ အခွင့်သာခိုက် သူတပါး ချမ်းသာအောင်လည်း လုပ်ကြရမည်။ တပည့်များကို ဓမ္မာနုဂ္ဂဟသာ မကဘဲ အာမိသာနုဂ္ဂဟဖြင့်လဲ ချီးမြှောက်ကြရမည်" ဟု ဆရာတော်က လွှတ်ရည်ဝိုင်းတွင် အမိန့်ရှိသည်။

ပိ(ပိဋ္ဋက)နှင့် တောင်ပြင် (ထီးလင်းတိုက်) ဦးဇောတိကထံ သွား၍ ကောဋ္ဌလိနှင့် ကောဋ္ဌစိကာကို တွေ့လိုတွေ့ငြား ရှာကြသည်။ ကောဋ္ဌလိ-အခန်းကျဉ်း ဟောပုဒ်ကိုသာ တွေ့ရသည်။ ရိုင်ဟော မတွေ့ရပေ။ ကောဋ္ဌစိကာ-ကား လုံးဝရှာမတွေ့သေး။

ဆန်းချမည် စိတ်ကူးရှိ၍ ဦးမောင်ကြီး-ရေး ဆန္ဒောဘာရတီကို ဦးဇောထံမှ ယူခဲ့သည်။ ပိ(ပိဋ္ဋက)၏ စာအုပ်ဖြစ်သည်။ ဦးဇောက ခေတ္တငှါးထားခြင်းပင်။ ည ၁၀-နာရီကျော်မှ ကျောင်းသို့ ပြန်ရောက်သည်။ ဦးဇောမှာလည်း လျှောက်သွားနေ၍ သူ့ကို စောင့်နေရသဖြင့် အချိန်များစွာ ကြာမြင့်သွားသည်။

11.3.67

ကောဏ္ဍညနှင့်တကွ ၁၅-ပုဒ်ပြီးသည်။ ကောဏ္ဍညဗုဒ္ဓဝံကို ရေးထားသော်လည်း မပြီးသေး။ ထိုကမ္ဘာ၌ တဆူတည်း ပွင့်တော်မူသော ဘုရားဖြစ်သည်။

ဆရာတော် ပဋ္ဌာန်းစာအုပ်အတွက် ၄၅၀၀ခန့် ကုန်ကြမည်ဟု ဦးကုမာရထံမှ ဦးစိန္တိတ ပြန်အလာတွင် စာပေးလိုက်သည်။ ဦးစိန္တိတထံမှ ကမ္ဘာအေးဇာတ်ရှုပ်ကို ထပ်မံကြားရသည်။ ပခုက္ကူမှ နွေ ၂-လ နားမည်ဖြစ်ကြောင်း စာကို ဖတ်ရသည်ဟုလည်း ပြော, နားသော်လည်း အဖွဲ့မှ ထောက်ပံ့ကြေး ဆက်လက်မည်ဖြစ်ကြောင်း ပြန်စာကိုလည်း ဖတ်ရသည်ဟူ၏။

ဝန်ထောက်မင်း မျက်စိမှာ တိမ်ရှိနေသည်ဟု သိရ၍ စိတ်မကောင်းပေ။ ကျွန်ုပ်တို့ စာသင် လျှော့ခြင်သော်လည်း သူက အားနာနေဟန် ရှိသည်။ သို့သော် လျှော့မှသာ သူ့မျက်စိ အနားရမည်ဖြစ်၍ လျှော့ရန် ဝိုင်းတားကြသည်။

12.3.67

တပုဒ်မှ မပြီး။ ကောဏ္ဍညဘုရား ဗုဒ္ဓဝံကို မကျဉ်းမကျယ် ရေးသည်။ ယင်း၌ ဗုဒ္ဓဝံဋ္ဌက ရာမ, သုရာမ, သုဘ-ဟု နန်းသုံးဆောင်ကို ဆို၍ ပါဠိက သုစိ, သုရုစိ, သုဘ ဆိုသည်။ ဋ္ဌနှင့်ပါ အမည်ကွဲနေကြသည်၊ မကောင်းပေ။ သာလကလျာဏီဗောဓိပင်ကိုလည်း ကြောင်လျှာပင် နပဲပင်ဟု အမျိုးမျိုး ပြန်ဆိုရေးသားကြသည်ကို တွေ့ရ၏။

ဆန်း စ၍ ချသည်။ ကိုရင်ကိုလည်း စေတသိက်ပိုင်းမှ စ၍ သရုပ်ခွဲပေးသည်။

13.3.67

ခ-မူကို စ၍ ရေးသည်။ ၅-ပုဒ်သာ ပြီး၏။ ရေးပြီးပုဒ်များကို ပြန်စိစစ်နေ၍ ပုဒ်သစ်ကို ကျွန်ုပ် မရေးပေ။ စစ်တောင်းမြစ်ဝတွင် ဘားမားစက်လှေ မတ်(၃)ရက်နေ့က နစ်ရာ ပင်လယ်တွင်တွေ့သော အခြားလှေနှစ်စင်းကို အကူအညီတောင်းသော်လည်း မရသည့်ပြင် အသက်ကယ်ဖောင်ဖွဲ့ထားသော ရေတိုင်ကီလေးလုံးမှ တလုံးကိုပင် လုယူကြသည်ဟု ယနေ့ထုတ် လူထုတွင် မြသောင်းဆောင်းပါး၌ တွေ့ရ၏။

၂၆-၂-၆၇ နေ့က ရွှင်ရွှင်လန်းလန်း တွေ့ရသော ဦးပန်းရည်သည် လွန်ခဲ့သောညက သေရှာသည်ဟူ၏။ "အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ"ဟူသော ဘုရားပါဠိတော်မှာ အထပ်ထပ်ဆင်ခြင်ဖွယ်ကောင်းလှသော ပါဠိတော်ပါပေ။

ယဉ်ပုံတွင် နံက်ပိုင်း ခေတ္တ ရောက်သည်။ နေကောင်းသွားပြီဟု သိရ၍ ဝမ်းသာလှ၏။ ဝန်ထောက်မင်းထံ အစီအစဉ် ပြောင်းမည်ဖြစ်ကြောင်း ပြောထားပြီး ဖြစ်သည်ဟူ၏။ ဝန်ထောက်မင်းကလဲ သဘောကျသည်ဟူ၏။ စကားပြောရာ၌ လေးစားလောက်သူချင်း ဖြစ်နေ၍ အခက်အခဲ ရှိသည်ဟုလည်း ပြောသည်ဟူ၏။

14.3.67

ခ-ကို ပြန်လည်ရှာဖွေ ရေးနေရ၍ တပုဒ်မှ မပြီး။ တွဲဘက်က ခ-အနက်ကို ၂-နက်သာ ရေးထား၍ မပြည့်စုံလှ။ ထို့ကြောင့် ထပ်မံရှာဖွေရာ ၁၈-နက်ထိ ရသည်။ ကုန်သည် မထင်သေးပေ။ ခဂ္ဂကိုလည်း ရှာဖွေ၍ ပြီးပါသည်။ သို့သော် မရေးရသေးပေ။

ဦးပန်းရည် အသုဘမှာ စည်ကားလှသည်။ ပုဂ္ဂလိက အသုဘတွင် အစည်ကားဆုံး ဖြစ်မည်ထင်သည်။ မည်မျှ ငွေပေါ်စေကာမူ သေက ပစ်ခဲ့ရသည်သာ။ ဝန်ထောက်မင်းထံ ခေတ္တ ရောက်သေးသည်။ ထွေရာလေးပါး စကားပြောကြသည်။ မာ(မာဂဓနေယူပဒေသ)က ဈာပနလှူငွေ နည်းသည်ဟု ပြောသည်။ ဤလူကြီးမှာ လောဘ အလွန်ကြီးသူ ဖြစ်သည်။ သနားစရာ ကောင်းလှ၏။

ရှင်သာရိပုတ္တရာက လူတွေ့တိုင်း သီလပေးကြောင်း, ကြောက်၍သာ ယူကြသော်လည်း ကွယ်ရာတွင် သီလကို ဖျက်ကြကြောင်း, နုစဉ်က ဘုရားလောင်း တပည့်ကတောင်မှ ကျောက်များကို လိုမ့်၍ ချရာ ဆရာသာ(သာရိပုတ္တရာ)က မေးသည်တွင် "မြေညှိရန် ဖြေ၍ ခဲယဉ်းကြောင်း" ပြောသည်တွင် တပည့်က "လူညှိရသည်မှာ ပိုမလွယ်ကြောင်း" ပြော၍ အမှား သိသည်ဟူ၏။

15.3.67

ခ-ကိုပင် ဆက်ရေးသည်။ မပြီးတတ်သေး။ အကြမ်းရာထားချက်သာ ပြီးသေး၏။ ကၓိဝိတရဏဝိသုဒ္ဓိအကြောင်းမှာ ပြန်ရေးပြီး ဖြစ်သော်လည်း ဆရာတော်က မကြိုက်သေးဟူ၏။ "ပခုက္ကူထွက် စာချစာသင်များက တဖက်သားကို လူရာမသွင်းတတ်"ဟု ဆရာတော်က မိန့်၏။ "ဘုရားကြီးတိုက်ထွက်လည်း ထို့တူ"ဟူ၏။

ကိုစောကြည်တို့က ဆရာတော်အား "မဟာစည်နှင့် ကောဋ္ဌမ္ဘရ တိပ်ခွေ" လာဖွင့်ပြ၏။

ကိုချစ်တင်တို့အိမ် ခေတ္တ ရောက်သည်။ မောင်ဘိုကြီးမှာ ရက်(၂၀)-ခန့် ဖျားပြီး၍ ယခုမှ နလန်ထစ ရှိသေးသည်ကို တွေ့ရပေ။ ဤသည်ပင် မောင်ဘိုလေးက ခေါ်၍ ဖြစ်သည်။ ဝန်ထောက်မင်း နေမကောင်း၍ ခေတ္တ လူနာမေး ရောက်သည်။ ဒေါက်တာလွင်တို့ ဇနီးမောင်နှံလည်း တွေ့ခဲ့ရ၏။ ဝန်ထောက်မင်းက ဝန်ထောက်ကတော်အား ပြောလိုက်သော လုပ်ကြံအိပ်မက်ကလေးမှာ သဘာဝကျပေသည်။

ယနေ့ နှစ်ရက်မြောက် ကြပ်ပူထိုးသည်။ ဒဏ်ရာမှာ ပြင်းလှ၍ ယခုထိ မပျောက်ပဲ ရှိနေ၏။ ဒီတခါ ထိုးလျှင် ပျောက်လိမ့်မည် မျှော်လင့်မိ၏။

16.3.67

(မစိုးရိမ်)တိုက်သစ်လမ်း အမှိုက်ချ။ ခ-အနက်ကို အပြီးသတ် ရေးနိုင်သည်။ (၁၈)နက် ရသည်။ ခဂ္ဂ အနက်လည်း ရေး၍ ပြီးသည်။ (၅)နက်ခန့် ရ၏။ ခဂ္ဂ ကြံ့ချို ကြံ့သတ္တာ နှစ်မျိုးလုံးကို ဟောနိုင်သည်။ ချို ဟောခိုက် သံလျက်နှင့် တူသောကြောင့်ဟု ဗျူပ္ပတ်လာသည်။ ကြံ့သတ္တာဟောခိုက် ယင်းသံလျက်နှင့် တူသော ချိုရှိသောကြောင့်ဟု ဗျူပ္ပတ်လာသည်။

ယ္ခုလတွက် ဆန်မှာ တခွဲသာ ရသည်။ သာသနာ ဦးစားပေးမည် ဆိုသော်လည်း လက်တွေ့တွင် မဟုတ်ကြောင်း သိလာရ။ မင်းသားဂေါင်း ပြုတ်လျှင် ဘီလူးရုပ် ပေါ်မည်သာ ဖြစ်၏။ "ငွေကို လိုချင်လွန်း လျှင် ငွေအောက် လူရောက်သွားမည်"ဟူသော ဦးသုမန စကားလေးမှာ လှပါသည်။ သို့သော် မော်သူတိုက် တိုင်း ကာချင်းသုံးသည် မထင်ပါ။

17.3.67

၁၈-ပုဒ်ပြီးသည်။ ခဂ္ဂဝိသာဏ-မှာ အညွှန်းများသည်။ ခဂ္ဂကရဝါလ-၌ ဒွန်ဖြစ်သော်လည်း ကရဝါလ-က လုံအနက်ကို ဟော၍ အသိခက်သဖြင့် ရေးလိုက်သည်။

ညနေတွင် ကိုဉာဏောတို့ လာကြသည်။ ကသာက ပြန်လာကြခြင်း ဖြစ်၏။ မန်လည်တွင် မဟာနိ-စူဠနီ၌ ရှိသည်ဟူ၏။ သို့သော် ငါးမရဟု သိရသည်။ ယဉ်ပုံလည်း ညပိုင်းတွင် ခေတ္တလာသည်။ သူ ရန်ကုန် သွားမည်ဖြစ်ကြောင်း ပြောသွား၏။

တိုက်ဟောင်းမှ မောင်ဇယမှာ တိုက်စာမေးပွဲအတွက် ပရိကံလုပ်နေရ၍ ၃-ရက်ခန့် စာမရေးနိုင်။ ကျွန်ုပ် တဦးတည်း ရေးနေရသည်။ ယနေ့မှ လာရေးနိုင်သည်။ သို့သော် မသေသပ်။ ဘာမဆို နိဿယမ ကြည့်ဘဲ နေသည်က များသည်မှာ အဆိုးဆုံး ဖြစ်သည်။

18.3.67

ဦးပန်းရည် ရက်လည်ဆွမ်းသွတ်တွင် လမ်းပြင်ဘို့ ၁၅ဝဝကျပ် ရေစက်ချသည်။ ဆေးရုံကြီးလည်း ၁၅ဝဝကျပ် လှူဒါန်းသည်။ ရွှေတိဂုံ မဟာမြတ်မုနိ သကျသီဟဘုရားများလည်း ရွှေတဆိုင်းစီ လှူဒါန်း သည်။ ပါဠိဘုန်ကြီး (ပဋ္ဌာန်းဆရာတော်)က ဒေဝတာသံယုတ်လာ ထာဝရကုသိုလ်များ အကြောင်းကို ဦး ပန်းရည် မေးဘူး, ရှာဖွေပေးခဲ့ရဘူးကြောင်း၊ "သဒါဝဒ္ဓန၊ ပုညခေါ်ရိုး၊ ကုသိုလ်မျိုးတည်း"ဟူသော မဃဒေဝ လင်္ကာရွတ်၍ တရားဟောသည်။ (လှူငွေကို အလှူရှင်ထံ ပြန်အပ်ခဲ့သည်။) ဝိဇ္ဇာ(ဝိဇ္ဇာလင်္ကာရ)က လူ တွင်ကျယ်လုပ်၍ စီစဉ်သည်။ သို့သော် သူ့အစီအစဉ်အတိုင်း မဖြစ်ရှာပေ။ ကိုဝင်းထိန်က ဝိဇိတာရုံတို့ ရွှေကျင်ဝိုင်းတွင် သွား၍ ဆေးလိပ်ကပ်သည်မှာ သဘောကျစရာပင်။ မှားသင့်၍ မှားခြင်း ဖြစ်သည်။

19.3.67

၁၅-ပုဒ်ကြီးသည်။ တိုက်ဟောင်းပုဂ္ဂိုလ်များမှာ စာမေးပွဲ ကျင်းပနေ၍ မရေးကြ။ ဇယ(ဦးဇယဒိ သ)က ကူညီရေး၏။ ဦးကုသလ ခေတ္တ လာ။ မောင်းထောင်အနီး စိုင်ပြင်တွင် ပေထုပ်ရေးသည်ဟူ၏။

ပုပ္ပါး ကားမှောက်ရာတွင် ၂-ယောက် သေသည်ဟု သတင်းစာများက ဆိုသော်လည်း မျက်မြင် ပုဂ္ဂိုလ်က မကဟု ဆရာတော်ထံ လာရင်း လျှောက်သွားသည်ဟူသတတ်။

ည(၈)နာရီခန့်တွင် ဤနှစ်အဖို့ ပထမအကြိမ် လေ ပြင်းထန်စွာ တိုက်သည်။ ကြပ်ပူပင် မထိုးရပေ။

20.3.67

၅-ပုဒ်မျှသာ ပြီး၏။ ကျွန်ုပ် တယောက်တည်း ရေးရသည်။ "ကျမ်းညွှန်း အက္ခရာဝလိစာရွက်များကို ပြင်ဆင်ပြီးအတိုင်း ပြန်ပေးရန်" အကြောင်းကြားလျှောက်လွှာ ရ၏။ ဘောလ်ပွိုင့်တချောင်း အပိုမင်တန်တ ချောင်းစီကို လက်ခံရရှိ၏။ အဂတိလေးပါးသို့ မလိုက်ဘဲ ဥဒ္ဒိဋ္ဌာနုဒ္ဒိဋ္ဌကို သိသူမှ ဘတ္တုဒ္ဒေသကသမ္မုတိ ပေး ရကြောင်း စူဠဝါ ၃၃၀ ၌ လာ၏။

ကိုင်ရို အနုပညာပြတိုက်မှ ပန်းချီဆရာ ရူဘင် ရေးဆွဲသော ပေါင်စတာလင် တသိန်း, အိန္ဒိယငွေ ၂၁ သိန်းတန် နှစ်မျက်နှာအမည်ရှိ ပန်းချီကားချပ်တခု ပျောက်ဆုံးသွားရာ ပြန်လည်ရရှိရေးအတွက် နိုင်ငံတကာ ပုလိပ်အဖွဲ့အား လွှဲလိုက်သည်ဟူ၏။ ပန်းချီကား၏ မူလပိုင်ရှင်မှာ အီဂျစ်ဘုရင် ဖာရောက်၏ မိခင် ဖြစ်သည်ဟူ၏။

ခေတ်ဆန်းကဗျာသည် အနုအယဥ် အလှအပ အခန့်အညား သက်သက်ကို စွန့်ခွါပြီး လူ့သဘော လောကသဘောကို ရေးဖွဲ့ခြင်း ဖြစ်သည်။ တင်မိုး၏ အမြင်။

21.3.67

ဝန်ထောက်မင်း နေမကောင်း၍ ခေတ္တ သွားမေးခဲ့ရသည်။ ဆရာမ အေးက "လိုတာ အမိန့်ရှိရန်" တ ဆင့် လျှောက်ထားလိုက်သည်ဟူ၏။

၁၁-ပုဒ်ပြီးသည်။ ခဇ္ဇတိ-၌ ခါဒ-ဓာတ် ခဲစားခြင်းအနက် ခဇ္ဇ-ဓာတ် စင်ကြယ်ခြင်းအနက် ၂-မျိုး တွေ့ ရသည်။ အံ၊ဋီ။၃။၂၈၈ ၌ ဝေလာမ-မည်ကြောင်းနှင့် ဒါနဂ္ဂ ဘတ္တဂ္ဂ ဝိဂ္ဂဟပါသည်။

မီးသုံးစွဲရေးနှင့် ပတ်သက်၍ လူငယ်များက သူတို့ကို ခဏခဏ အပြောခံရ၍ "မည်သို့မည်ပုံ သုံးစွဲရ မည်ကို ညွှန်ကြားရန်" လာလျှောက်သဖြင့် "၁၀-နာရီထိ သုံးရန်, အခန်းမကြီးမှာ မီးရှိနေက အခန်းလေး များက မထွန်းဘဲ အခန်းမကြီးမှာ စာကြည့်ကြရန်" ပြောလိုက်သည်။ ပြဿနာတရပ် ဖြစ်လာလျှင် လူငယ် က လူငယ်အမြင် မြင်၍ လူကြီးက လူကြီးအမြင် မြင်သည်။ (မှာ) အမြင်ချင်း မတူကြ။ အချင်းချင်း ဖလှယ်၍ အမြင်တူလျှင် ပြဿနာပေါ်ရန် မလိုတော့ပေ။

22.3.67

၁၀-ပုဒ်ပြီးသည်။ ကျန်နေသောပုဒ်များကို ရှာဖွေ၍ ရေးခြင်းဖြစ်၏။ ကျမ်းညွှန်းစာရွက်တွင် မ ပါသည်က များသည်။ ခန္ဓဝဂ္ဂသံယုတ်ပါဠိ ၁-သံယုတ် ၅-ဝဂ် ၃-သုတ် ဖေဏပိဏ္ဍူပမသုတ်၌ ခန္ဓာငါးပါး ရေမြှုပ်စသည်နှင့် တူကြောင်း ဂါထာ ပါသည်။ (၁၂။၁၁၆)

မောင်ကဥ္စနက လူထွက်ချင်၍ စက်ချုပ်ပညာသင်မည်ဖြစ်ကြောင်း ပြောသည်။ ဝမ်းမြောက်စွာနှင့် လက်ခံသည်။ ကိုယ်လည်း မပျော်က မနေလို။ သူတပါးကိုလည်း မတိုက်တွန်းချင်။ ဤလိုပုဂ္ဂိုလ်မျိုးကို တားထားလည်း ဒါယကာများ ဆွမ်းနှင့် အဝတ် ကုန်ရုံမှတပါး ဘာမှ ကျေးဇူးရှိမည်မဟုတ်။

လူထု ခေါင်းကြီးပိုင်းတွင် "လူ့ဘဝဆိုသည်မှာ တိုက်ပွဲချည်း ဖြစ်သည်။ အသက်ငယ်ရွယ်သူများ တွေ့ကြုံရသော တိုက်ပွဲသည် ဘာမှ ဟုတ်သေးသည်မဟုတ်။ ကြီးလေ ပြင်းထန်သော တိုက်ပွဲများကို တွေ့ကြုံလေ ဖြစ်မည်။ ဘဝတိုက်ပွဲ ရှုံးတိုင်း နိုင်တိုင်း အရက်သည် ကွန်းခိုနားနေရာ မဟုတ်ကြောင်း, ထို့ကြောင့် မသောက်သင့်သော အရက်နှင့် မိမိကိုယ်ကို မစိမ်သင့်ကြောင်း" ရေးထား၏။ (အစ်နေ့)

ကွမ်းယာရောင်းသူတဦးက မန်းမြို့တွင် ပလပ်စတစ်ဟောင်းများကို ကောက်၍ အုန်းသီးအချိုမှုန့် အတုလုပ် ရောင်းချနေကြကြောင်း ပေးစာအခန်းမှ တိုင်းပြည်သို့ တင်ပြထား၏။ လူသားများ၏ လောဘကား အတိုင်းအဆမရှိသော အဆုံးစွန်သို့ ရောက်နေချေပြီတကား။

23.3.67

၁၇-ပုဒ်ပြီးသည်။ တိုက်ဟောင်းမှ ပုဂ္ဂိုလ်များလည်း စာရေးကြသည်။ နှစ်ဖွဲ့ခွဲ၍ စာတည်းရန် ဂန္ဓ (မဟာနာယက)က အမိန့်ပေးခဲ့သည်ဟူ၏။ ကော-မူ ရေးပြီး ကျမ်းညွှန်းများကို ဦးပညာထံမှာ အပ်လိုက်သည်။

ဆရာတော်က "သမာသမတ် မျှစွာ လုပ်သော်လည်း တချို့က အထင်လွဲခံရကြောင်း" လွှက်ရည်ဝိုင်းတွင် မိန့်၏။ "အဖျောက်ဆရာတော် လူပါးဖြစ်သော်လည်း ဥပဥ္စာကတဦး အနားကပ်၍ ညာနေသည်ကို မသိရှာ။ သိတော့လည်း လုံးဝ စကား မပြောတော့"ဟူ၏။ "သူလည်း ဟုတ်လှပြီ ထင်၍ ရွှေဘိုမှ ဉာဏဝံကို ရဟန်းဒကာ ရအောင် လုပ်ပေးခဲ့ဘူးသည်။ သို့သော် နောင်တွင် မဟန်၍ ပယ်လှန်ခဲ့ရဘူးသည်" ဟူ၏။ ဤသည်တို့မှာ လူကြီးလုပ်မည့်သူများအဖို့ မှတ်သားဖွယ် ကောင်းသော အတွေ့အကြုံ ဗဟုသုတများ ဖြစ်ကြပေသည်။

24.3.67

၅-ပုဒ်မျှသာ ပြီး၏။ တိုက်ဟောင်းမှ ပုဂ္ဂိုလ်များမှာ စာမေးပွဲဂေဇက် ထုတ်ကြ၍ အချိန်ပြည့် ခါန်မရေးနိုင်ကြပေ။ ပထမ ဖောင်ဖွဲ့ပြီးများကို ပြင်ရလွန်းသဖြင့် မစိုးရိမ်တိုက်ကား နာမည်တဟုန်ထိုး ကျဆင်းပေတော့မည်။ စောစောက ကြိုတင်သတိပေးလျှက် လုံးဝ စိတ်မဝင်စားကြသဖြင့် အရုပ်ဆိုးရခြင်း ဖြစ်သည်။ သုမနဆိုသူကလည်း "သူ့ထက်သာသူ မရှိ"ဟု သူ့ကိုယ်သူ ထင်ထားသော်လည်း လက်တွေ့တွင် အချာဆုံး ဖြစ်နေရှာသည်မှာ သနားစရာ ကောင်းလှတော့၏။

"ဆရာသင်(မြန်မာအလင်း)သတ်မှုတွင် လယ်တီပဏ္ဍိတတို့ ပါဝင်နေကြောင်း" ယခုမှ ယုံကြည်လောက်သူ ပုဂ္ဂိုလ်ထံမှ သိရသည်။ အမှုမှာ ကျွန်ုပ်တို့ လူ့ဘဝ မရောက်ခင်က ဖြစ်ပျက်ခဲ့သော အမှုပါပေ။

ဝန်ထောက်မင်းမှာ ယနေ့အထိ အဖျား မကျရှာသေး။ ထို့ကြောင့် စာပင် မဖတ်ခဲ့ပေ။ လူကြီးများ ချည်း နေကြသဖြင့် အားငယ်ရှာကြသည်။

25.3.67

ကိုချစ်တင် ကလေးပုခက်တင်မင်္ဂလာဆွမ်းကျွေးတွင် လာပင့်၍ သွားရသည်။ သံဃာက မများပါ။ အငယ်ဆုံး ကလေးနှင့် ၁၄-၅ နှစ် အကွာလောက်တွင် မွေး၍ အနည်းငယ် ရှက်နေကြဟန် တူသည်။

ဦးပေစိဘုရား အနောက်ဘက်၌ တစီတန်းကြီး နတ်တင်နေကြသည်ကို တွေ့ရ၏။ နှစ်စဉ် လုပ်မြဲထုံးစံ ဖြစ်ပေမည် ထင်၏။

ညပိုင်းတွင် အိပ်မက်ဆိုး မက်သည်။ နောင်ကြီးကောနှင့် ပတ်သက်၍ ဖြစ်ပါသည်။ သူတပါးအဖို့ နိမိတ်မကောင်းဟု ယူဆမည် ဖြစ်သော်လည်း ကျွန်ုပ်ကား ပဋ္ဌာန်း ပစ္စယနိဒ္ဒေသကို နေ့စဉ် နှစ်ခေါက် မှန်မှန် ရွတ်ဖတ်နေသူဖြစ်၍ ဘာမှ မကောင်းကျိုး ပေးနိုင်မည် မဟုတ်ဟု မြဲစွဲစွာ ယုံကြည်သည်။ နတ်စုတ် နတ်ပဲ့တို့၏ လက်ချက် ဖြစ်ပေမည် ထင်၏။

26.3.67

၂၀ ပြီးသည်။ ခဇ္ဇုရီ ခဇ္ဇူရီ-ဟု တွေ့သည်။ ခဇ္ဇ+ဦရ ဖြစ်၍ ခဇ္ဇူရီ-ကို အမှန် ဦးစားပေး ရေးလိုက်သည်။ ခဇ္ဇုပက ခဇ္ဇူပနက-တို့မှာလည်း မာဂဓကျမ်းများတွင် ဓာတ် ရှာဖွေမတွေ့ပေ။ သက္ကဋ္ဌတွင် ခဇ္ဖောတဓာတ်တွေ့ရသည်။ အထက်ပါ ပုဒ်များမှာ ခဇ္ဇောတ(ခဇ္ဇောတ) ဆင်းသက်လာသော ပုဒ်များဟု ယူဆရသည်။ (ဝိ)(ဓာန်)ကလည်း ၎င်းအတိုင်း ရေးသည်။ ထို့ကြောင့် ယင်းပုဒ်များ ရေးသောအခါ (ခဇ္ဇောတ)ဟု သံရှိကြောင်း ပြလိုက်သည်။ အဆင့်ဆင့် ကူးလာကြ၍ ပုဒ်နေ မှားကုန်ဟန် ရှိသည်။

27.3.67

၁၇-ပုဒ်ပြီးသည်။ PPNကို ကြည့်။ ခဇ္ဇောပနကပဥ္စာအကြောင်းကို ရေးလိုက်သည်။ PPNမှာ ဤနေရာ၌ တော်တော် အရေးအသား ကောင်းသည်ကို တွေ့ရ။

အနက်-အရိယာဇာတိအကုန်, အဓိပ္ပါယ်-ဂဏ္ဍဝိကပ္ပ ဆပ္ပစ္စယနည်း အကုန်တွင် စာမေးပွဲဖြေမည့်သူများအတွက် နီးကပ်လှပြီဖြစ်၍ ဆန်းစာဝါကို ခေတ္တနားလိုက်သည်။ သင်္ကြန်ပြီးမှ ပြန်ချရန်။

ထူးထူးဆန်းဆန်း သရက်သီးမှည့် စားရသောနေ့ ဖြစ်သည်။ ဓာတ်စာ သရက်သီးကို အမြတ်တနိုးလှူခြင်း ဖြစ်ပေမည်။

ပင်းတယ ဘုရားပွဲတော် လူစည်ကားကြောင်း သိရသည်။ လမ်း ရွာလေးတရွာမှ ဘုရားပွဲအတွက် ဘုရားဖူးများ ၅-ပြား ၁၀-ပြား အလှူခံရာ နှစ်ရက်နှင့် ၂-ရက်နှင့် ငွေ ၂၀၀၀ကျော် ရသည်ဟူ၏။ ဗမာလူမျိုးကား အလှူတွင် ရဲသူများဖြစ်ကြောင်း ကောင်းကောင်းကြီး သာဓကထုတ်နိုင်သော ကိစ္စပါပေ။ တော်လှန်ရေးနေ့ ကျင်းပကြသည်။

28.3.67

၁၉-ပုဒ်ပြီးသည်။ အံ၊၂။၂၂၂-၃ က အခန္တိ-သုတ်မှာ သီးမခံက အပြစ်ငါးမျိုး, သီးခံက အကျိုးငါးမျိုးကို ခွဲခြား၍ ဟောသည်။ ကောင်းလှ၏။ အပါသာဒိက-သုတ်မှာလည်း ကြည်ညိုဖွယ် မဆောင်က အပြစ်ငါးမျိုး, ကြည်ညိုဖွယ် ဆောင်က အကျိုးငါးမျိုးကို ပြသည်။ ကောင်းလှ၏။

ဦးရန်ကုန် တပ်ကုန်းမှ ပြန်လာသည်။ ဆရာကြီးက ကြံသကာ လှူဒါန်းလိုက်၏။ သူငယ်ချင်းများကို အမြဲတမ်း အမှတ်ရနေသူပါပေ။

မြန်မာ့အလင်းကို (မြင်းမအလံ)ဆိုပြီး ဦးမောင်ကြီးတို့က ငယ်ကျိုးငယ်နာများကို ဖော်ရေးသည်ဟူ၏။ ဆရာသင်က "ပျဉ်းမနား မိမိကြီး" ဝတ္ထုဖြင့် ပြန်တွယ်၍ ဆရာသင်မှာ အသတ်ခံရခြင်း ဖြစ်သည်-ဟု အဖျောက်မှ ဒါယကာကြီးတဦးက လျှောက်လာသည်ကို မှတ်သားထားလိုက်သည်။

29.3.67

ခဏ-ပုဒ်ကို ရှာဖွေနေရ၍ တပုဒ်မှ မပြီးပါ။ ရေး၍ပင် မပြီးသော ကျမ်းညွှန်းများသောပုဒ် ဖြစ်သည်။ အနက်ကား များမည်မထင်။ အံ၊၃။ ၁၀-နိပါတ် ၂-ပဏ္ဏာသက ဖ-သုတ် တယောဓမ္မသုတ် ဇာတိ ဇရာ မရဏ ရှိ၍ ဘုရားပွင့်တော်မူရကြောင်း ပါသည်။ ကျက်ဖို့ ကောင်း၏။ ထေရ၊၂၆၄ "အတိသီတံ"ဂါထာလည်း ကောင်းလှသည်။ ချမ်းလွန်း ပူလွန်းသည်ဟု ရမယ်ရှာနေသူအား အချိန်ဖြုန်းသည်နှင့် တူကြောင်းပင် အမိပ္ပါယ်ရ၏။

ဝန်ထောက်မင်း နေကောင်းပြီဖြစ်၍ ဝမ်းသာရ၏။ အင်္ဂရိတ်နှင့် ပတ်သက်၍ လိပ်နှင့်ဖွတ် အကြောင်း ပြောပြသော ပုံပြင်လေးမှာ ကောင်းလှသည်။ ကျောင်းအမ ခေတ္တလာ၏။ ထွေရာလေးပါး ပြော၍ ပြန်သွားသည်။ ဖျာပုံကို စာထည့်၏ (မစိုးရိမ်)တိုက်သစ် ပြောင်းကြောင်း အခုမှ စာထည့်ရတော့သည်။

မောင်စွမ်းရည်၏ မော်စကိုမှာ စာ(၁)မှာ ကောင်းလှသည်။ ဟိုမှာ စာသင်နေသည့် ကျောင်းသားတဦးက ဘာတွေ လုပ်သည်၊ သင်ရသည်ကို ရေးသောစာ ဖြစ်သည်။ ဘာသာ တခုနှင့်တခု ကူးပြောင်းလာပုံ ဆက်သွယ်နေပုံ စသည်ကို သင်ကြရသည်ဟူ၏။ ဘာသန္တရများစွာ တတ်ဖို့ လို၏။ ရန်ကုန်တက္ကသိုလ် ပါဠိဌာန ပုဂံခေတ်နှင့် လက်ရှိခေတ်ပါဠိကို နှိုင်းယှဉ်လေ့လာကြမည်ဟူ၏။

30.3.67

ဈေးချို ပုဏ္ဏားမောင်မောင်ထံ နားဆေး၏။ နှစ်ဘက် ၅-၅ဝပြား ပေးရ၏။ ခဏ-ပုဒ် အကြမ်းရာထား ချက် ပြီးရုံသာ ရေးနိုင်၏။ အပြီးမသတ်နိုင်။ အပ္ပနာမေတ္တာ ၅၂၈ တွက်ပုံ ပဋိသံ၊ဋ္ဌ၊၂။၂၀၉ မှာ ပါ၏။

ပါမောက္ခကျော်ရင် သေနေ့ တနှစ်ပြည့် အထိန်းအမှတ် ဒေါက်တာသန်းထွန်း မောင်စွမ်းရည် မောင်ရင်တို့က ဆောင်းပါးများဖြင့် ဂုဏ်ပြုကြ၏။ သန်းထွန်းဆောင်းပါး ချိတ်လုံးရွဲ့လုံးတွေနှင့် ချီးမွမ်းတဝက် ကဲ့ရဲ့တဝက် ဆိုပါစို့။

ဗိုလ်မှူးအေးသိန်း သန်းစိန် ခရိုင်ဝန် ဦးမာတို့ ဆရာတော်ထံ လာ၍ မြတောင်ကိစ္စ လျှောက်ကြသည်။ ဆရာတော်က "သူ မပါဝင်တော့, အေးဆေးသာ နေတော့မည်"ဟု မိန့်သည်ဟူသတတ်။ မြတောင် ဦးသောမနှင့် သာ(ဦးသာသန-ရွှေဝါဝင်း)တို့က "ဦးတေဇ (ဗန္ဓုလ)ကို ပြန်သွင်းက ဆူပူမှုဖြစ်လျှင် အစိုးရ တာဝန်သာ"ဟု ဗိုလ်မှူးများက လက်မှတ်ထိုးရသည်ဟူ၏။ သူတို့ စိတ်ကြိုက် လုပ်ထားသည်ကို "ဆရာတော် အမိန့်"ဟုလည်း လိမ်လည်သည်။

(မစိုးရိမ်)တိုက်သစ်လမ်းအတွက် အမှိုက်သာမက မြေပါ ဖို့ပေးမည်ဟု လျှောက်သည်။

၃၁-၃-၆၇
၁၉၆၇ ခုနှစ်၊ မတ်လ ၃၁ ရက်၊ သောကြာနေ့ (၁၃၂၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်)

ခဏ-ပုဒ်ကို အပြီးသတ် ရေးနိုင်သည့်ပြင် ၆-ပုဒ်လည်း ပြီးသေးသည်။

ဗန္ဓုလဦးစိန်က တော်လှန်ခေတ်တွင် တော်လှန်ရေးသမားများ အစုလိုက် ဘမ်းဆီးသတ်ဖြတ်ခံရမည့် ဘေးမှ ကာကွယ်ခဲ့ပုံကို မြန်မာ့အလင်း တော်လှန်ရေးအထူးထုတ်တွင် ရေးသားဖော်ပြ၏။ အနှစ် ၂၀ ကျော် ထိန်ချန်လာခဲ့သော အမှု ဖြစ်သည်ဟူ၏။ ယင်းကဲ့သို့ တော်လှန်အတွင်းက တကယ်ဆောင်ရွက်ခဲ့သော အခန်းများကို တော်လှန်ရေးသမားတိုင်း ဖေါ်ပြကြမှ ဂျပန်တော်လှန်ရေး သမိုင်းတစောင်ပင် ဖြစ်နိုင်ပေသည်။ သို့သော် ဗမာပြည်တွင် ခက်သည်က တကယ် မပါဝင်သူများက ပါဝင်သယောင်ယောင် လုပ်ပြီး စွာကျယ်စွာကျယ် လုပ်သည်မှာ အခက်ဆုံး။

၁-၄-၆၇
၁၉၆၇ ခုနှစ်၊ ဧပြီလ ၁ ရက်၊ စနေနေ့ (၁၃၂၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်)

၁၈-ပုဒ်ပြီးသည်။ ကင္ခူကဝိပါကတာ-မှ စသော ကယ်လီပရုဖ် ယနေ့ လက်ခံရရှိသည်။ ကင္ခ-စသော ပုဒ်များ၏ ကယ်လီပရုဖ်မှာ ကျော်သွားဟန် ရှိသည်။ ယ္ခုရသော ပရုဖ်သည်လည်း အမှားအယွင်းများ မရှာရဘဲနှင့် တွေ့နေသည်။

ခမ္မ=ရွှေ၊ တီး=ရှိရာအရပ်၊ ခမ္မတီး=ရွှေရှိ/ထွက်ရာအရပ်ဟု အဓိပ္ပါယ် ရသည်။ ယ္ခု ခန္တီးမြို့ဟု အများက ခေါ်နေကြသော အများလက်ခံ အမှန်(အမည်)ဖြစ်နေသော်လည်း ဇစ်မြစ်ကိုကား (---) ရှာဖွေသော ဦးလှအား ကျေးဇူးတင်ရပေမည်။ မော်စကိုရောက် စာ(၂)လည်း ကောင်းပါသည်။ ရုံးသုံးစာကို စကားပြောနှယ် ရေးပုံမှာ စဉ်းစားသင့်၏။

2.4.67

ကင္ခူကဝိပါကတာ-မှ စ၍ ကယ်လီပရုဖ်ကို ဖတ်ရသည်။ အမှားများသည်။ ပင်ရင်း အင်မတန် လိုင်ထင်ရှားသော ပုဒ်သည်ပင် မှားနေသည်ကို တွေ့ရသည်။ (--)ပုဒ်၌ အခွဲတခြား အနက်တခြား ဖြစ်နေသည်။ ဥပမာ ကင္ခ အဆိပ်ဟောမျိုး ဖြစ်၏။

ရွှေစာရုံပွဲတွင် နဂါးရုံအကူး မော်တော်မှောက်၍ လေးယောက် သေသည်။

“ငါ့မြေး! ယောက်ျားဆိုတာ ဒေါင်လိုက်ကျမလား ပြားလိုက်ကျမလား မသိဘူး။ ဒေါက်ကျ ဒေါင်လိုက်နေ, ပြားလိုက်ကျ ပြားလိုက်နေ”။ ဦးကျော်ရင်အား အဘိုးဖြစ်သူက ဆုံးမချက်။ မောင်သန်းထွတ်ရေး လူထုဆောင်းပါးမှ။

3.4.67

စာမေးပွဲ ကြီးကြပ်ရေး လုပ်နေရ၍ အဘိဓာန် မရေးအားပေ။ စာမေးပွဲမှာလည်း လွန်ခဲ့သော ငါးနှစ်ခန့်ကနှင့် စာလျှင် သန့်ရှင်းမှုမှာ မယုံကြည်နိုင်လောက်အောင် တိုးတက်လာသည်။ ကျွန်ုပ် ကြီးကြပ်ရသော နေရှင်နယ်ခြသေ့ကျောင်း အထက်ထပ်၌ ဆိုလျှင် နှစ်ပါးသုံးပါးမှအပ အားလုံး သန့်ရှင်းစင်ကြယ်စွာ ဖြေဆို

ကြသည်ကို တွေ့ရ၏။ ကြီးကြပ်ရေးများကလည်း လမ်းလျှောက်ခြင်းဖြင့် သူတို့၏တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ကြပေသည်။ ယနေ့ စာမေးပွဲဖြေဆိုသူ(အငယ်တန်း)အားလုံးကို ဘီလပ်ရေ တိုက်ဖြင့် ကုသိုလ် လုပ်သည်ကို တွေ့ရ၏။ ကုသိုလ်ရှင်ကိုကား သေချာစွာ မသိခဲ့ရပါ။ ဒီနှစ်လို တနှစ်ထက်တနှစ် ပိုမိုသန့်ရှင်း အောင် ဆောင်ရွက်နိုင်လျှင် ကောင်းလေစွ။ သာသနာအတွက် အားတက်စရာပင်။

4.4.67

ယနေ့လည်း စာမေးပွဲ ကြီးကြပ်နေရ၍ ဓာန် မရေးအားပေ။ ခြသေ့်အောက်မှ စာဖြေ ဦးပဥ္စင်းတပါးမှ ဖြေပြီးသလိုလိုနှင့် ဖြေပြီးပုဂ္ဂိုလ်များနှင့် ဝင်ရောက်ဆွေးနွေးပြီး ပြန်ဝင်၍ ဖြေသဖြင့် ဆက်လက် ဖြေဆိုခွင့် မပေးဘဲ ခန်းမဆောင်မှ အထွက်ခိုင်းလိုက်ရသည်။ ကိုရင်လူထွက်ဆိုသူတဦးကလည်း ပုစ္ဆာများကို အသွင်း အထုတ် လုပ်နေသဖြင့် ဖမ်းလိုက်ရသည်။ သို့သော် ဘာမှ အမှုမလုပ်ဘဲ နောင်-ဝင်မရှုပ်ရန် တားမြစ် အသိဉာဏ်ပေး၍ လွှတ်လိုက်သည်။

မြတောင် ဦးတေဇကို စစ်ဘက်မှ ပြန်သွင်းပြီးကြောင်း ယနေ့ မြတောင်ရောက်၍ သိရ၏။ ဆရာတော်ထံ (၅)ရက်နေ့က ဗိုလ်မှူးများ လာကြ၏။ ၎င်းနေ့ကပင် သွင်းခဲ့ဟန် ရှိသည်။ သို့သော် အတိအကျ မသိရပါ။

“အစိုးရအမှုထမ်းတယောက် လခဘယ်လောက် ရသလဲ”ဟု မမေးဘဲ “တိုင်းပြည်အတွက် ဘယ်လောက် ကြီးသော တာဝန်ကို ထမ်းဆောင်ရသလဲ? ထိုသို့ ထမ်းဆောင်သဖြင့် တိုင်းပြည်က ဘယ်လောက် ကျေးဇူး ပြန်ဆပ်သလဲ”။

5.4.67

နာဂတောင်တန်းတွင် ရှန်းရွက်များကို အိမ်မိုးအဖြစ် အသုံးပြုကြောင်း (၂)မိုးခန့် ခံကြောင်း လူထုဦး လှ ဆောင်းပါးတွင် တွေ့ရ၏။ မြောက်ဥက္ကလာ(၁)ရပ်ကွက် အမှတ်(၂) အထက ကျောင်းသား မောင်းသန်း အေး-ဆိုသူက ဦးချစ်တင်နှင့် မိသားစု အင်ယားလှေလှော်စဉ် ရေနစ်၍ အသက်ဆုံးရှုံးခံပြီး ကယ်ဆယ် ကြောင်းကို ဂုဏ်ပြု၍ ခေါင်းကြီးပိုင်းက ရေးထား၏။ ကိုရီးယား စစ်အတွင်းက မြောက်ကိုရီးယားတွင် လည်း တရုပ်ဘော်လန်တီယာတပ်သားက ရေခဲပြင်အောက် နစ်ရှာသော ကလေးကို အသက်ဆုံးရှုံးခံ ကယ်ဆယ်ခဲ့ဘူးကြောင်းလည်း ပါ၏။

ယနေ့လည်း ကြီးကြပ်ရေး လိုက်နေရ၍ စာမရေးဖြစ်။ စာဖြေသံဃာများမှာ ပိုမိုငြိမ်သက်လာကြ၏။ အကောင်းမွန်ဆုံး အခြေအနေဟု မဆိုနိုင်သော်လည်း အကောင်းဆုံးနှင့် အနီးကပ်ဆုံးသို့ ရောက်နေပြီ ဖြစ်ကြောင်းကိုကား ပြောနိုင်ပါသည်။

ဆရာတော် တိုက်ဟောင်းအကြောင်း ရှေးဟောင်းနှောင်းဖြစ် မှတ်သားစရာ ပြောဆိုချက်များကို ဒိုင်ယာရီ (အလယ်)တွင် ကြည့်။

6.4.67

ကြီးကြပ်ရေးကို ထပ်မံကြီးကြပ်ဖို့ လိုနေကြောင်း ယနေ့ တွေ့ရသည်။ အပိုင်းခွဲ၍ တာဝန်နှင့် ကြီးကြပ်ရန် တင်ပြသည်ကို လက်မခံကြ။ ဒဟတ္တောမှ ကြီးကြပ်ရေးအဖွဲ့ဝင်က နီးစပ်ရာ ပြောသဖြင့် ဦးရေဝတ(ဝွေးချို)က ဒီလိုဆိုလျှင် (ဖြေပေး)သလို ဖြစ်မည်ဟု ပြောလိုက်ရသည်။

စာဖြေအပြီးတွင် အရှေ့ပြင် ခင်မကန်ကို ခေတ္တ လိုက်သွားကြသည်။ ရွှေပန်းတိမ်ကျောင်း ဘုန်းကြီးမှာက "မြေဧက (၁၀)ကျော်လောက် ပိုင်ကြောင်း, သာသနာ့မြေများချည်း ဖြစ်ကြောင်း, သူကလည်း အနမြောမရှိ လှူဒါန်းကြောင်း" ပြောသည်။ "ကျောင်းပေါ်သော်လည်း မစွဲလမ်း"ဟုလည်း ပြောသည်။ နန်းတော်ရှေ့ ဆရာတင်မှာ သူနှင့် ကျောင်းနေဘက်ဟု ဆိုသည်။ ၎င်းဆရာတင်က မိန်းမလေးယောက်ရှိ၍ မည်သူ့ကိုမျှ မစွဲလမ်းသဖြင့် စာရေးကောင်းကြောင်း ပြောဘူးသည်ဟူ၏။

7.4.67

eighty ရသည်။ ၄-၄-၆၇နေ့က ပြည် ဥက္ကဋ္ဌ တရားပွဲ၌ အဓိကရုဏ်းဖြစ်။ (၃)ရက်နေ့က ကုလဋ္ဌာနချုပ်တွင် ကျူးဘားကိုယ်စားလှယ်ခန်း၌ ပါဆယ်ထုပ်မှ ဗုံးပေါက်ကွဲသည်ဟူ၏။

ကြီးကြပ်ရေး လိုက်သော်လည်း အလုပ် (၂)နာရီမှ စ၍ လုပ်နိုင်သည်။ ပရုဖ် ဆွေးနွေးကြ၏။ ကင္ခတ္တာကမ္ဘ-ပုဒ်ကို ဆွေးနွေးနေဆဲ ကျွန်ုပ်တို့ ရောက်သည်။ ကြိုတင် မကြည့်ရ၍ ဆွေးနွေးရသည်မှာ မကောင်းပါ။ တဦးကို တဦး အားနာ (သို့မဟုတ်) ကြောက် (သို့မဟုတ်) အမုန်းမခံချင်ကြ၍ ဆွေးနွေးမှု မပြည့်စုံ။ သည်အထဲ လူရာ မသွင်းချင်မှုကလည်း ပါသေးသည်။

လက်ထောက်ကထိက ကိုမောင်မောင် အိမ်တက်မင်္ဂလာတွင် "ဒါနဉ္စ တော် မင်္ဂလမုတ္တမံ။ a give alms. this is a great mingala"ဟူသော တရားကို ဟောခဲ့သည်။ ဘုန်းကြီးများကို ပညာတတ်ဆိုသူ လူတန်းစားက အထင်သေးချင်ကြလွန်း၍ မသေးရန် တမင် အင်္ဂလိပ်လို ပြန်၍ ဟောခြင်း ဖြစ်သည်။

8.4.67

ပရုဖ်ကိုပင် ဆွေးနွေးကြသည်။ ကင္ခိုသ-အထိ ရောက်သည်။ သို့သော် မပြီးသေး။ ပြင်ဆင်ရာ၌ တဦးတည်း သဘောကို မင်းသားလုပ်၍ ပြင်ဆင်ခြင်ကြသည်မှာ အဆိုးဆုံး။ ယဉ်ပုံက ငွေ(၃၀၀) အချေးဆပ်သည်။ ဂန္ထဆရာတော်ထံ လာရင်း ဝင်လာ၏။ ကင္ခိုသ-နှင့် ကသင္ဒ-မှာ အနက်တူ ဖြစ်ကြကြောင်း ဝိမတိနှင့် သီဋ္ဌိသစ်တို့က ဆိုကြသည်။ ကသင္ဒ-ပုဒ်ကို ကျွန်ုပ်တို့ ရေးခဲ့သည်။ သို့သော် ကင္ခိုသ-နှင့် အနက်တူ ကသင္ဒ-ကိုကား မရေးမိခဲ့ချေ။ ကျမ်းညွှန်းတွင်လည်း မပါဝင်ပေ။ ကင္ဗုဝိယ ကင္ဗုမိကာ-ပုဒ်တို့၌လည်း ပုဒ်ခွဲ အခက်တွေ့ရသည်။ သံသယလက္ခဏာပြ၍ ထည့်လိုက်ကြသည်။ P.T.S က "ကင္ဗု+ဝိယ လား?"ဟု မပိုင်မနိုင် ရေးထားသည်။ ကင္ဗုမိကာ-လည်း ကရောတိ-မှ လာသည်ဟု ဆိုသည်။ ပုဒ်ခွဲမှာ အင်မတန် ခက်ပါသည်။

9.4.67

ကိုဉာဏော ရောက်လာသည်။ ဦးဉာဏ ဘာသာပြန်သော ဝိပဿနာဒီပနီ အစ စာအုပ်ကို လှူဒါန်းသွားသည်။ လယ်တီ၏ ထေရုပ္ပတ္တိကို အင်္ဂလိပ်လို ရေးထားသည်ကို ဖတ်ရှုရ၏။ အင်္ဂလိပ်လို ဝိပဿနာဒီပနီမှာ ပါဠိတတ်ပြီးသည့်သူအဖို့ ပြည့်စုံစွာ နားလည်နိုင်သော်လည်း အင်္ဂလိပ်ဘာသာကိုသာ သက်သက်တတ်သူအဖို့ ပြည့်စုံစွာ နားလည်ဖို့ မလွယ်ကူပါ။ သို့သော် အနည်းအကျဉ်း နားလည်သည်ဆိုလျှင် တော်ပါသေးသည်။

10.4.67

ပရုဖ်ကိုပင် ဆက်လက်ဆွေးနွေးသည်။ က၄-အထိ ပြီးသည်။ ပုဒ်တခုကို ပြင်ရာ၌ ငါ့သဘောမှ မပြင်ရလျှင် မပြင်ဘဲ ထားခြင်းက ကောင်းတဲ့သဘောမျိုး ပြောနေ၍ တပါးက သတိပေးသည်။ ဤသည်မှာ အလွန်ကောင်းသော သတိပေးချက် ဖြစ်၏။

ဘိုးတော် စိတြက ဆရာတော်အား တလ ငါးဆယ် ထောက်သည်ဟူ၏။ သေမှ အထောက်အပံ့ ရပ်လိုက်သည်။ ဦးပေါက်ဆိန်က အသက်မေးမရ၍ ဆရာတော်က ဝတ်ချမည်လုပ်ရာ ဆရာတော်က ကြီးပါသည်ဟု ဝန်ခံသည်ဟူ၏။ အတော်ခက်သော ဂိုဏ်းဆရာများပါပေ။ ဂိုဏ်းဆရာများ ခဏခဏ လာသည်ဟူ၏။ "အထက်ပုဂ္ဂိုလ်များက ဆရာတော် မပါလျှင် ငင်းကိစ္စ ပြီးမည် မဟုတ်သဖြင့် ဆရာတော်ထံ လွှတ်၍ လာရကြောင်း" လျှောက်ထား၍ ပြန်သွားကြသည်ဟူ၏။ ဆရာတော်က "ငွေဘယ်လောက် ထည့်ရမည်လဲ?" မေးလျှင် မလိုကြောင်း လျှောက်ကြသည်ဟူ၏။

11.4.67

I have a good die an about my father.

ယနေ့လည်း ပရုဖ်ကို ဆွေးနွေးကြသည်။ က၄တ္တရ-၌ (ပုံ)သာ လုပ်ထား၍ ပါဠိတော် တိုက်ရိုက် (ပု/န)ရှိသဖြင့် ပြင်ရန် ပြောသဖြင့် သဘောတူ ပြင်ကြသည်။ က၄နဂရ-၌ နဂရ လိုင်ကိုလည်း "ပုရံ နဂရမိတ္ထီဝါ"၌ ဝါ-ဖြင့် ပုံလိုင်ကို ဆည်းကြောင်း ဓာန်ဋီက ဆို၏။ ရူပသိဒ္ဓိကလည်း "မစ္ဆာဒိတော ရော"သုတ်၌ နဂရော-ဟု ပုံလိုင်ထား၏။ သို့ဆိုလျှင် (တိ)ပြင်ရတော့မည်ကဲ့သို့ ဖြစ်၏။ သက္ကဋ္ဌဓာန်များက ပု(ထီ/န)သာလာ၏။ စာများမှာ ကြာလေ မှားလေဖြစ်မည်ထင်၏။

သက်တော်(၈၈) ဝါတော်(၆၉)ဝါရှိ ကန္နီဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောနေ့ဖြစ်သည်။ ကမ္မဋ္ဌာန်း အပြင်းအထန် အားထုတ်သော ဆရာတော်ကြီး ဖြစ်သည်။

12.4.67

ပရုဖ်ကို ဆွေးနွေးကြသည်။ က၄မုခ-၌ သဒ္ဒါရေး၌ တုလျ/ဘိန္န ကွဲနေသော်လည်း မြန်မာမှုအနက်၌ များစွာ မကွာသည်ကို တွေ့ရသည်။ ဤပုဒ်မျိုး ပါဠိ၌ များစွာရှိမည်ထင်၏။ က၄ုပါဒါန-၌ "ထင်းဟူသော မီးစာရှိ၏"ဟု ပြန်ကြသော်လည်း နိသျက "ထင်းဟူသော စွဲလမ်းရာ ရှိသော"ဟု ပြန်၏။ နိသျဆရာတော်သည် မီးစာဟောကို မြင်လိမ့်မည်ပင် ဖြစ်၏။ သို့သော်လည်း မီးစာ-ဟု မပေးသည်မှာ စဉ်းစားဘို့ကောင်း၏။ (အဘိမုခ) ပါသော ပုဒ်ကိုလည်း (တိ)ဟု ပြင်လိုက်၏။ မှန် ကောင်း ဖြစ်ပါသည်။

ဆရာတော်က "မိမိ အကြိုက်ဆုံး အစာအာဟာရတခုကို တထိုင်တည်း အဝမစားရ၊ စားလျှင် အီပြီး နောင် မစားချင်ဘဲ ဖြစ်တတ်သည်"ဟု လှကျရည်ဝိုင်းတွင် မိန့်၏။ ကျောင်းဒကာကြီး ဦးဝ ဆရာတော်ကို လာကန်တော့၏။ သူ့ကို ကြည့်ရသည်မှာ စိတ်မကောင်းလှပေ။ ပစ္စည်း ပေါသော်လည်း ၎င်းပစ္စည်းများက သူ့ရောဂါကို သက်သာအောင် မကူညီနိုင်ကြပေတကား။

ယဉ်ပုံ ခေတ္တ ရောက်သည်။ ဒကာဒကာမများ ရှုပ်ကြပုံကို သူက အရပ်ထဲတွင် ကျောင်းထိုင်သူ ဖြစ်၍ ပိုသိပေသည်။ သိသလောက်လည်း ဖောက်သည်ချ၍ ပြော၏။

13.4.67

ကင္ခါကဝိပါကတာ-အစ ကမ္မဋ္ဌ-အဆုံး ပရုဖ်ကို ဆွေးနွေးပြီးသည်။ ကမ္မတိ ဟေဋ္ဌတော ဩသာရေ တိ-ကို တော်တော်ဆွေးနွေးကြသည်။ အဝဘာသတိ-ကို ကမ္မယတိ-ဖွင့်ရာ၌လည်း ကာရိက် ဟုတ်/မဟုတ် တော်တော်ဆွေးနွေးကြ၏။ ကာရိက်ဟု ဆုံးဖြတ်လိုက်ကြသည်။ ကဋ္ဌနရဇတမယ-စ ကတ-ဆုံး ပရုဖ် ရ သည်။ ကင္ခ-က-စ၍ ဆွေးနွေး၏။

မုံရွာတွင် (---) ကျောင်းဆောက်မည့်အကြောင်း ပါ၏။ ဖြူကောင်ဧ အစာအိမ်ကို လက်တဆစ်ခန့် ချက်စားလျှင် ထုံနာ ကျင်နာ ခါးနာ ပျောက်ကြောင်း လူထုဦးလှ နာဂဆောင်းပါးတွင် ပါ၏။

နေရှူးဆုကို ဦးသန့်အား ပထမဆုံး အကြိမ်အဖြစ် ချီးမြှင့်သည်။ ရူပီးငွေ တသိန်းတန်၏။ ၎င်းဆုငွေ ကို ဦးသန့်က ကုလသမဂ္ဂ နိုင်ငံတကာ ကျောင်းရန်ပုံငွေအတွက် လှူဒါန်းရန် ရာထားသည်ဟု သိရ၏။ ဂျမေကာ ဝန်ကြီးချုပ် ကွယ်လွန်၍ နိုင်ငံခြားရေးဝန်ကြီးကို ဝန်ချုပ် ခန့်အပ်လိုက်သည်။

14.4.67

ကဋ္ဌနရဇတမဏိမယ-မှ ကဋ္ဌနာဝေဌပန္တိက-ထိ ပရုဖတ်၍ ပြီးသည်။ နှစ်တိုင်းထက် ရေသဘင်အဖွဲ့ များကြောင်း သတင်းစာတွင် တွေ့ရသည်။ ပပက-က သင်္ကြန်ဝတ်စုံ ထုတ်ပေး၍ ဤမျှ အဖွဲ့များခြင်း ဖြစ်သည်။ သိကြားမင်း လုံစသည်ကို ကိုင်ဆင်ခြင်း, ဗြဟ္မာမင်း ဦးခေါင်း ပြောင်းခြင်းမှာ လောကီလော ကုတ်ကျမ်းများတွင် မပါဝင်ကြောင်း, ဝေါဟာရ ရက်အားဖြင့် ၃၆၅-၆ ရက်တွင် သင်္ကြန်ကျကြောင်း အမေး တော်ပုံ အဖြေကျမ်းကို ကိုး၍ ရတနာပုံ ဘိုးမှတ်စုက ရေးသားထား၏။ သင်္ကြန်မင်း စီးသော အကောင်များ မှာ (၇)မျိုးသာ ရှိကြောင်း မောင်မဲ ဆောင်းပါး တစောင်လည်း ဖတ်ခဲ့ဘူး၏။

ည (၉)နာရီအချိန်က စ၍ အထက်ထပ်မှ ရေများ စီကျနေကြောင်း, အထက်ထပ်နေသူ ဦးပဥ္စင်း မ ရှိ၍ တညလုံး တစက်စက် ကျနေကြောင်း, ဆရာတော့်ဥပဋ္ဌာက ဖြစ်နေ၍ သိတတ်မည် ထင်သော်လည်း လုံးဝ မသိတတ်သည်ကို သိရကြောင်း, တံမြက်လှည်းရာ၌ပင် အောက်မှ ဘုန်းကြီးရှိမှန်း သိလျှက် ညင် ညင်သာ မလှဲကြောင်း, ကုလားထိုင် ရွှေ့သည်ကိုလည်း မ-မရွှေ့ဘဲ ဆွဲ၍ရွှေ့ကြောင်း လက္ခဏာမှာ ယုတ်မာသူ၏ လက္ခဏာ ဖြစ်ကြောင်း။

15.4.67

လွန်ခဲ့သည့် ညက တညလုံး ရေကျနေ၍ ယနေ့မနက် ရေကျနေကြောင်းကို ချိုသာစွာ ပြောခဲ့သည်။

ရှောရှောရှူရှူ ပြောရသဖြင့် ကျေးဇူးတင်ရပေဦးမည်။

ဆရာတော် "သူငယ်စဉ် ဘဲသား တဝစားဘူး၍ နောင် မစားခြင်တော့ကြောင်း၊ ထို့ကြောင့် အစာကို အာသာမပြေခင် မစားဘဲ ရပ်ထားသင့်ကြောင်း" မိန့်၏။

ဦးစိုးရမှာ (၇)တန်းသာ အောင်သော်လည်း တိုင်းမင်းကြီးအထိ ဖြစ်ခဲ့ဘူးကြောင်း, သူ့ မိဘများမှာ အင်းသူကြီးများ ဖြစ်သော်လည်း ဘုရားတရားကို ကြည်ညိုကြောင်းလည်း စပ်မိစပ်ရာ ပြောပြ၏။

မောင်(--) ရန်ကုန်သွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။ ကျောင်းအမ မျက်မှန်နှင့်တကွ (၂၀၀)ကျော်ဘိုး ပစ္စည်းပျောက်။

16.4.67

ည မှောင်ရီပျိုးစတွင် လေနှင့်တကွ မိုး အနည်းငယ် ရွာ၏။ ဆရာတော်က "ရှေးဘုရင်လက်ထက်က တံဆိပ်ရ ဆရာတော်များလည်း တချို့ စာမတော်ကြ။ နှမ ချော၍ တံဆိပ်ရသူများပင် ရှိကြောင်း" ပြောပြ၏။ "တောင်ခွင်သာသနာပိုင်ဆိုလျှင် နှမ ချော၍ တံဆိပ်ရကြောင်း၊ ဦးရန်ကုန်က ဒို့တော့ နှမချော မရှိ၍ တံဆိပ်မရကြောင်း ပြောဘူးသည်"ကို ထောက်၍ သိရသည်ဟူ၏။

17.4.67

မင်္ဂလာပါ။ အားလုံးသော ဝေနေယျသတ္တဝါများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ နှစ်ဆန်း(၁)ရက်ဖြစ်၍ အထူးကုသိုလ်အဖြစ် ဘုရားငါးကြိမ် အာရုံပြု ရှိခိုးသည်။ ပစ္စယနိဒ္ဒေသ မင်္ဂလ မေတ္တ ရတန အာဋာနာဋိ အင်္ဂုလိ ဗောဇ္ဈင်္ဂ ပုဗ္ဗဏှသုတ်များကို ငါးကြိမ် ရွတ်ဖတ်သည်။ ဤနှစ်တနှစ်လုံး ကျွန်ုပ်အား အန္တရာယ်ပေးမည့် မကောင်းသော ဘေးဥပါဒ် ဘာမှ နှောင့်ယှက်နိုင်လိမ့်မည် မဟုတ်တော့။ ကုသိုလ်နှင့် ဖွင့်ထား၍ မင်္ဂလာရှိသောနှစ် ဖြစ်တော့သည်။ ဤကဲ့သို့ လုပ်လာသည် (၄)နှစ်ခန့်မျှ ရှိပေပြီ။ ထိုနှစ်များအတွင်း၌ လက်တွေ့အားဖြင့် ကျွန်ုပ်အား စိတ်အကြီးအကျယ် နှောင့်ယှက်မှုမျိုး တခါမျှ မပေါ်ခဲ့ဘူးပါပေ။ ဤသည်မှာ ကျွန်ုပ် ကုသိုလ်၏ အကျိုးဆက်ဟု ယုံကြည်လျှက် ရှိပါသည်။

18.4.67

ကဥ္စနရဇတမဏိမယ-မှ စသော ပရဖ်ကို ဆွေးနွေးကြသည်။ (----)ထိ ပြီး၏။ ကဥ္စနရူပက(န)ဟု လိင်ပြင်သင့်ကြောင်း ပြောသော်လည်း အင်တင်တင် လုပ်နေကြသည်။ သူတို့ ပြင်ဆင်ပြီးကို နောက်လူ ပြင်ဆင်မှု ကြိုက်ပုံမရ။

ဆရာတော်က "သူ ငယ်ဘဝက ငှက်ဂိုဏ်းမှ ပုဂ္ဂိုလ်များက ကြည်ညို၍ သင်္ဘောစရိတ် လှူဘူးကြောင်း" ပြောပြသည်။ မောင်အောင်စိန် လာ၍ ညီမင်္ဂလာဆောင်အတွက် ဆွမ်းစား လာပင့်သည်။

မောင်ကဥ္စန ပြောင်းမည်ဖြစ်ကြောင်း လျှောက်ထား၍ ဘယ်မှာနေနေ, ဘယ်ဝတ်နဲ့ နေနေ, သူတပါး အမြင်ကပ်မည့် အပြုအမူမျိုးကို အမြဲတမ်း ရှောင်ကြဉ်ရန် ဆုံးမရသည်။ သူ့ဘဝ ၁၇-၁၈ အရွယ်နှင့် ၁၉-၂၀ ရွယ်ကို လက်တွေ့သာဓကပြ၍ ဆုံးမကြောင်း ဖြစ်သည်။

19.4.67

မောင်အောင်ဆန်း (မောင်အောင်စိန် ညီ) မင်္ဂလာဆွမ်းကျွေးပွဲသို့ သွားသည်။ တောဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ဘူးသော်လည်း ဘုန်းကြီးကျောင်းနှင့် ဝေးလာသည်မှာ ကြာပြီဖြစ်၍ ရေစက်ချအပြီး အမျှဝေပင် မတတ်။ ပြူးကြောင်ကြောင်နှင့် တွေ့ရသည်။

ကဋ္ဌိနရ-ထိ ပြီးသည်။ ကဋ္ဌိ(ဗျ)ဟု သာမန် မခွဲဘဲ "က-ထိ/ပု၊ စိ-ဗျ"ဟု ခွဲသဖြင့် တော်တော် အတိုက်အခံ ပြောမှ ပြောင်းကြသည်။ ကဋ္ဌိကာ-၌လည်း ပအုံးရည်ဟော မရှိဘဲနှင့် ထောမ-ဟု ညွှန်းကာ ထည့်ထားသဖြင့် မရှိကြောင်း ပြော၍ ဖျက်လိုက်ရသည်။

(မစိုးရိမ်)တိုက်သစ်ပြောင်း စ၍ ဆန်းချသည်မှာ "နမတ္ထု"ဂါထာပင် မကုန်၍ ဝါသနာရှိသူများ လိုက်နိုင်ကြရန် အစမှ စ၍ ပို့ချပေးသည်။ တိုက်ဟောင်းမှ တော်တော်များများ လာလိုက်သည်ကို တွေ့ရ၏။ ယခု ခေတ်မှာ စာလိုက် အားကျသောခေတ် မဟုတ်၍ ဤမျှ များလာလျှင်ပင် ကျေနပ်ရတော့မည် ဖြစ်သည်။ ရှေးခေတ်နှင့် စာလျှင် များစွာ ကွာခြားလှသည်တကား။

20.4.67

ကဋ္ဌိကာပဏ္ဏ-ထိ ပရုဖ်ကို ဆွေးနွေး၍ ပြီးသည်။ "ယက္ကန်းချည်ကို လိမ်းကျံသော ပအုံးရည်" သုံးနှုန်းထား၍ "ချည်ကို လိမ်းကျံသည်မှာ ပအုံးရည် မဟုတ်ကြောင်း" ပြောဆိုလျှောက်ထားသည်ကို စာပေကို ကျကျနန မကြည့်ဘဲ ရမ်းငြင်းသည့် အဓိပ္ပါယ်မျိုး ပြော၍ စိတ်ဒေါသဖြစ်လျှက် ငြင်းခုံမိ၏။ မကောင်းပါ။

ညပိုင်းတွင် ပိ(ပိဋ္ဋက)ထံ ခေတ္တ ရောက်၏။ ထွဋ်ခေါင်က ဗန်းမော်ထံ သီလရှင်တဦးအား ငါးချဉ် အလှူခိုင်း၍ ဗန်းမော်ပြောသော စကားကိုလည်း မှတ်သားခဲ့ရန် မှာလိုက်ရာ ဗန်းမော်က "ဒို့က သူတပါး ရည်းစားနှင့် စကား မပြော"ဟု မိန့်လိုက်သည်ဟူ၏။ လူပျိုတယောက်က အပျိုတယောက်အား ပိုးပန်း နေရာ ရ/မရ စနည်းနာလို၍ လျှောက်သွားသည်တွင် "အစိန္တေယျ လေးသချေ်နှင့် ကမ္ဘာတသိန်း"ဟု ဘုရားရှိခိုးသံ ကြားခဲ့ရသဖြင့် မပိုးတော့ဘဲ လက်လျှော့လိုက်သည်ဟူ၏။ (ပိ(ပိဋ္ဋက)ပြော ပုံပြင်)

21.4.67

ကဋ္ဌိယ-မှ ကညာရူပက-ထိ ပရုဖ်ကို ဖတ်ကြား ဆွေးနွေးကြသည်။ မနေ့က ငြင်းခုံသော အဆက်မှာ နိဿယကလည်း ပါသဖြင့် ကျွန်ုပ်သဘော တဘက်သဘော ကြားချ၍ ပြင်လိုက်သည်။ ကျွန်ုပ်လည်း လက်ခံနိုင်ပါသည်။ ကဋ္ဌိ-"ယက္ကန်းချည်ကို လိမ်းကျံသော ကစီရည်နှင့် တူသော ပြစ်ချွဲသော ပအုံးရည်"မှာ ကျွန်ုပ် အကြိုက်ဆုံး အနက် ဖြစ်သည်။ "Sour gruel"ဟု P.T.S က ရေးသားသည်။ ချဉ်သော ပအုံးရည်သာ ဖြစ်ရမည်။ ကစီရည် မဟုတ်နိုင်။ ကစီ-ဟူသော မြန်မာစကားမှာ ကာစီ-ဟူသောသက္ကဋ္ဌပုဒ်မှ ဆင်းသက် လာသော စကား ဖြစ်သည်။ သက္ကဋ္ဌအတိုင်း သုံးနှုန်းနေကြသည်။ မည်သည့်အချိန်လောက်က ယူငင်သုံးစွဲ လာသည်ကို သုတေသနပြုဘို့ ကောင်းလှသည်။ ဘာသာချင်း ဆက်နွယ်မှုမှာ ကမ္ဘာတွင် ပေါလှသည် ထင်၏။ မွေးစားဘာသာများပင် တော်တော်များသည်။

22.4.67

နှစ်ဖွဲ့ခွဲ၍ တိုက်ပ်မှုကို စာတည်းရန် ဖြစ်သော်လည်း ပုဂ္ဂိုလ်နည်းလွန်း၍ (အာ (အာဂမ) သဒ် (သဒ္ဓမ္မ) မရှိ) တဖွဲ့တည်းသာ တည်းကြသည်။ ယနေ့ ရေးသားရ။ (၁၁)ပုဒ်ပြီးသည်။ ဤလအတွက် (၂)ရက်မျှသာ စာရေးရက် ရှိသေးသည်။ စာတည်းနေကြ၍ စာရေးရက် နည်းရခြင်း ဖြစ်သည်။ သီလသမ္ဗန္ဓ-ပုဒ်ကို ကံ ခါဋီသစ်က ဗဟုဗ္ဗီ/တပ္ပုရိသ် နှစ်မျိုးကြံထားသည်ကို တွေ့ရ၏။ သကျသီဟဖြေမည့် ဦးဇင်းတပါးက စာမကြည့်တတ်၍ ကခ်ါဋီကာတွင် မေးဘွယ်ကောင်းသော အချက်အလက်များ မင်နီဖြင့် မှတ်သားပေးရန် လာလျှောက်သဖြင့် အားလုံး စာမေးပွဲ မေး၍ ဖြစ်သည်ပင်။ တအုပ်လုံး မှတ်သားပေးမှ ပြည့်စုံမည်ထင်ကြောင်း ပြောလိုက်ရသည်။ သို့သော် တတ်နိုင်သလောက် ကူညီဘို့လည်း ကတိပြုလိုက်၏။

23.4.67

၁၈-ပုဒ်ပြီးသည်။ ဝန်ထောက်မင်းက သကြားသီးနှင့် မရမ်းသီး လှူဒါန်းလိုက်သည်ကို ရရှိ၏။ သူ့အိမ်မှာ လွန်ခဲ့သည့်ညက သူခိုးကပ်ကြောင်း လျှောက်၏။ တိတ္တိရဇာတ် အင်္ဂလိပ် ပြန်ထားချက်မှာ အမှားမပါသော်လည်း ပို၍ သင့်တော်သော စကားများကို ထည့်ပေး၍ ပြင်ဆင်လိုက်သည်။ ကျေနပ်စရာပါပေ။ (ကျင်)များက ဦးပန်းရည် ရဟန်းဝတ်စဉ် ပရိက္ခရာ ထောက်ပံ့၍ မျက်နှာလုပ်ကြကြောင်း ပြောပြသည်။ ခက်လိုက်သည့် (ကျင်)များပါပေ။

24.4.67

လွန်ခဲ့သော နှစ်ရက်က ရေးပြီးပုဒ်များကို ပြန်ကြည့်သည်။ ညနေပိုင်းတွင် မောင်းထောင် ဣန္ဒာစာရလာနေ၍ ဝန်ထောက်မင်းထံ မသွားဖြစ်။ မောင်ဣန္ဒာတို့ ကျောင်းတိုက်မှာ အသင့်အတင့် တိုးတက်ဟန် ရှိသည်။ နောက်ပါ သာမဏေများမှာ သက်န်းကိုင်ပုံ အချိုးကျပါ, ကျနစွာ သင်မှုလည်း အခုခေတ် လူများမှာ တန်ရုံကျသည်။ သင်ပြမှု မရှိလျှင် အစစအရာရာ ရိုင်းစိုင်းတတ်သည်။

အင်္ဂလိပ်လို ပြန်ထားသော ဝိပဿနာဒီပနီကို ဖတ်သည်။ သိပ်မခက်လှ။ ပါဠိကို မလိုက်စားဘူးသူများ ဖတ်လျှင် တိကျစွာ ပြန်တတ်မည်မထင်။ ဥပမာ အနတ္တကို အတ္တဟု အထင်မှားသည်ကို “no soul as a soul”ဟု ပြန်သည်။ ပါဠိတတ်သူများက ပြန်တတ်မည် ဖြစ်သော်လည်း ပါဠိမတတ်သူများအဘို့ကား အခက်အခဲ တွေ့မည်ထင်သည်။

25.4.67

အတွဲ(၁၁)ဖောင်ကို စီ-မှုဖြစ်ရန် အချောကိုင်နေရ၍ ပါဝင်မရေးသားနိုင်။ အချောကိုင် အဖွဲ့မှာ အာ(အာဂမနယူပဒေသ) မာ(မာဂဓနယူပဒေသ) သု(သုတ္တန္တနယူပဒေသ) နှင့် ကျွန်ုပ် ဖြစ်သည်။ ကတဘာ ဇန-၌ အနက်မှားတွေ မဆီလျော်ဘဲ များစွာ ရေးထား၍ ဖျက်လိုက်သည်။

မောင်ဇယ တဦးတည်း ရေးသည်မှာ (၁၅)ပုဒ်ပြီးသည်။ သေသပ် နည်းပုံရသည်။ ဤမျှ ပုဒ်ရေ များများပြီးလျှင် သေသပ်မှု နည်း၍သာ ဖြစ်ရပေမည်။

အတွဲ(၁၁)မှာ စောစောပိုင်းက ရေးထားသော ပုဒ်များ ဖြစ်၍ ကျေနပ်လောက်အောင် မကောင်းပါ။ ဖြစ်လွယ်များ ဖြစ်သော်လည်း ရေးစဖြစ်၍ ယောင်တောင်တောင် ဖြစ်နေဟန် ရှိသည်။ အထားအသို စကား

အသုံးအနှုန်းမှ စ၍ သိပ်မကောင်းသေးပေ။ ရေးစဆိုသည်မှာ မည်သူမဆို ဤအတိုင်း ဖြစ်ကြရပေမည်။ တဖြေးဖြေးမှ ကျွမ်းကျင်လာရစမြဲပင် ဖြစ်သည်။

26.4.67

အတွဲ(၁၁)ကို ဆွေးနွေးရာ စာမျက်နှာ(၁၄)ထိ ရောက်သည်။ ကတရဠနာလာခါ-ပုဒ်၌ လက်ရှိထေရ၊ဋ္ဌ။၂ တွင် "ကတရဠနာ လာခါ"ဟု ဝါကျသဘောမျိုး ရှိနေသည်။ အာ(အာဂမ)က "သမာသ်လည်မှာ၊ ထီမြဲအာ" နိယံသည် ယေဘုယျဖြစ်၍ သမာသ်ဟု ပြောသည်။ သံဝဏ္ဏောတဗ္ဗပုဒ်၌ အလတ္တကကတာ-ဟု ရှိသည်။ "အလတ္တကေန ကတရဠနာ"ဖွင့်ပြီးမှ "လာခါယ သံရဋ္ဌိတာ"ဟု ဆက်ဖွင့်သည်ဟု ထင်ကြောင်း လျှောက်သော်လည်း မဟုတ်ဟု ဆိုသည်။ ကတရဠန အကတရဠန နှစ်မျိုးရှိ၍ ဖွင့်ခြင်းဟု ဆိုသည်။

ချောက်မှ ဒါယိကာမများ ပြန်မည်ဖြစ်၍ ညပိုင်းတွင် လာကန်တော့ကြသည်။ eighty ကို ရရှိ၏။ (ကရမဏ္ဍိ)မှ ဦးပဥ္စင်းများ ပြန်လာကြသည်။ လပိုင်ဆီ ပါလာ၍ ညပိုင်းတွင် ကျောနာ ပျောက်လိုပျောက်ငြား လိမ်းကြည့်သည်။ လပိုင်ဆီမှာ အဖိုးတန်သော ဝတ္ထုပစ္စည်း ဖြစ်သည်။ (၁၀)သားလျှင် (၄၀)လောက်ပေးရသည်ဟူ၏။ ငါးခြောက်များလည်း လှူဒါန်းသွားကြသေး၏။

ကိုယ်နွေးပြီး ဖျားခြင်သယောင်ယောင် ရှိသော်လည်း တကယ်မဖျား။ လေတိုက်ခံ၍ အအေးပတ်ဟန် တူသည်။ သို့သော် ရေချိုးမြဲ ချိုး၏။ ဆွမ်းစားမြဲ စားလိုက်သည်။ ကြီးကြီးကျယ်ကျယ် ဖျားမည်မဟုတ်သည်ကို အတတ်သိ၏။

27.4.67

ဖောင်(၁၁)ကို ဆွေးနွေးကြသည်။ စာမျက်နှာ ၂၂ ကတဝတ္တ-ပုဒ်ထိ ပြီးသည်။ မောင်ဇယ တဦးတည်း ရေးသည်မှာ ၁၁-ပုဒ်ထိ ပြီး၏။

ဆရာတော်က သူတို့ငယ်စဉ် မိုးကောင်းတိုက်မှ ထွက်ခဲ့ရပုံ အကြောင်းစုံကို ပြောပြ၏။ ထိုစဉ်က မိုးကောင်း အလယ်ကျောင်းကြီးတွင် အဆောင်ပေါင်း များစွာကို အဆောင်အုပ် အခန်းအုပ် ဘုန်းကြီးများနှင့် ထားသည်ဟူ၏။ အခန်းအုပ် ဘုန်းကြီးတပါးမှာ နယ်ချဲ့လာရာ ဆရာတော်တို့ နေသော အခန်းနှင့် တခြားအခန်း တမျိုးသာ ကျန်တော့သည်ဟူ၏။ ဆရာတော်တို့ အခန်းကို ပထမကမ္ဘာစစ်မှ ခံတပ်တခု၏ နာမည်ဖြစ်သော (---)ခံတပ်ဟု အမည်ပေးခဲ့သည်ဟူ၏။ နောင် သူတို့ပါ ထွက်ရသောအခါ (---)ခံတပ်လည်း ကျဆုံးသွားပြီဟု တိုက်ထဲက ပြောကြသည်တဲ့။ ဦးလာဘမှာ ဆရာတော်၏ (class-mate)

28.4.67

စာမျက်နှာ ၂၉ ကတဝေဒိတာ-ထိ ပြီးသည်။ ကတဝိပ္ပကာရ-ဖောက်ပြန်သဖြင့် ပြုအပ်သောအမှု။ ဤပုဒ်မျိုး၌ ကတ-အနက် နောက်က နေသော်လည်း သဒ္ဒါအားဖြင့် ဝိပ္ပကာရ-လိင်ကို ရှု၍ ထားရမည်ဟု အာ(အာဂမ)က ပြော၏။ ကတဝိဘာဂ-၌ ပြုအပ်သော ဝေဘန်ခြင်းဟု ပေး၍ (ပု)ခွဲထားသည်ကို ဆရာသု(ဦးသုမန မာဂဓ)က "(တိ)ဟု ပြင်ခြင်သည်"ဟု ဆိုသော် နိဿယကလည်း တပ္ပုရိသ် လုပ်သည့်ပြင် မမှား၍ မပြင်ရန် စိတ်ဆိုးမာန်ဆိုး ပြောရသည်။ လူလည်လုပ်လွန်း၍ ပြောရခြင်း ဖြစ်သည်။ မပြောခြင်ပါ။

မခင်မြင့် လာသည်။ ကိုအာစိဏ္ဏက ငွေ(၇၀) လာအပ်ထားသည်။

ဦးပဥ္စင်း နှစ်ပါးကို ခေါ်၍ နွေရာသီ ၂-၃ လတွက် အချိန်များကို အကျိုးရှိအောင် မည်သို့ အသုံးချမည်ဟု ရည်ရွယ်ထားသလဲ (သို့မဟုတ်) အကျိုးရှိအောင် မည်သို့ အသုံးချနေသလဲဟု မေးရသည်။ အကျိုးရှိအောင် အသုံးပြုရန်လည်း တိုက်တွန်းရသည်။ ခေတ်လူငယ်များမှာ အချိန်ကို အကျိုးရှိအောင် အသုံးမပြုတတ်ကြသည်မှာ သနားစရာ ကောင်းလှသည်။ (တစုတည်းဘက်ဖြစ်ဘို့ ကြေငြာသည်။)

29.4.67

အတွဲ(၁၁)ဖောင်ကို စီ-မူအဖြစ် အချောကိုင် ပြီးစီးသည်။ ဆရာတော်က သူ့ထံ စာဆိုသော ဦးပဥ္စင်းများ စာအုပ် ကြည့်ဆိုကြ၍ ယနေ့မှ မိသဖြင့် စိတ်ဆိုးမာန်ဆိုး ဆူနေသည်။ ကျွန်ုပ်တို့ပင် အဆစ်ပါသေး၏။ စောဟုန်တာသာမွေးကို ပညာရေး အထူးအရာရှိ ခန့်အပ်ကြောင်း လူထုတွင် တွေ့၏။ လခ ၇၀၀ ဟူ၏။

တပ်မတော်သည် ငါးနှင့် တူသည်။ လူထုသည် ရေနှင့် တူသည်။ ရေရှိ၍ ငါး လှုပ်နိုင်ခြင်း ဖြစ်သည်။ ( မော်စီတုန်း)။

မင်းတို့ကို လူထုက ပြုံးကြည့်လျှင် မင်းတို့ လုပ်ဆောင်ချက် မှန်ပြီ မှတ်ထား။

မဲ့ရွဲ့ကြည့်လျှင် မင်းတို့ လုပ်ဆောင်ချက် မဟုတ်သေးဘူး မှတ်ထား။ (ဗိုလ်ချုပ်နေဝင်း)

၃၀-၄-၆၇

၁၉၆၇ ခု၊ ဧပြီလ ၃၀ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၉ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်)

ကထံ-ဖောင်ကို စ၍ ကိုင်ကြသည်။ ကျမ်းညွှန်းများ ပြန်ထည့်နေ၍ အချိန်ကြာလှသည်။ ဘာမှ အကျိုးကျေးဇူး မရှိပါဘဲနှင့် အချိန်ဖြုံးတီးနေရခြင်း ဖြစ်သည်။

Sayadaw has a rat so he has fever today in the evning. Doctor comes and gives medicine to sayadaw. Fuels counting 1000, cost 60, Were bought today.

———————————————————————————————————

၁၉၆၇ ၁-၉-၆၇
၁၉၆၇ ခုနှစ်၊ စက်တဘ်ာလ ၁ ရက်၊ သောကြာနေ့ (၁၃၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်)

၆-ပုဒ်ပြီးသည်။ ဟိတောပဒေသ နိဿယ တောင်ပြင် ဦးဇောတိကအား ပြန်ပေးလိုက်သည်။

ဆရာတော်က သံသရာဘေး ကြောက်အောင် ငယ်စဉ်က အားထုတ်သင့်ကြောင်း ဟောတော်မူသည်။ အတ္တဒိဋ္ဌိ မဖြုတ်ဘဲ လှူကြခြင်းမှာ လက်တွေ့အကျိုး တမလွန်အကျိုးများ ရှိနေ၍ လှူကြကြောင်း ဟောတော်မူသည်။

တောင်ပြင် ဦးဇောတိကထံမှ ဦးသီလာနန္ဒအကြောင်း တော်တော်လေး သိခဲ့ရ၏။ မှန်/မမှန်ကား မပြောတတ်ပါ။ ရန်ကုန်+မန်း စနစ်သစ် အမြန်ရထား စပြေးသောနေ့။

2.9.67

၆-ပုဒ်ပြီးသည်။ ယဉ်-ပိ-တို့နှင့် ကမ္ဘာ့ပြဿနာများကို တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ သိပ္ပံပညာ၌ နေမှာ မည်သည့်အရာဝတ္ထုရဲ့ ဆွဲအားနဲ့ တည်နေသလဲ ဆိုသည်ကို စမ်းသပ်မတွေ့ဟူ၏။ ဤသည်မှာ သိပ္ပံပညာ၏ ပြော့ကွက်။ ယင်းပညာသည် လူကို အကျိုးရှိသည်ထက် အဖျက်စွမ်းအားက ပို၍ အားကောင်းနေမည်လားဟု သံသယ ဖြစ်ဖွယ်ပင်။ ဟီရိုးရှီးမား နဂါဆကီက သက်သေဖြစ်၏။

3.9.67

နှစ်ပေါင်း(၂၀၀၀)ကျော်က ဒဂၤါးများ ရသော သတင်း လုပ်သားတွင် တွေ့ရ၏။ ယဉ်ပုံကျောင်းတွင် ဦးပေါ်ရှန်နှင့် တွေ့ရာ စကားပြော ကောင်းသူ ဖြစ်သဖြင့် သူ ငယ်စဉ်က ပါဠိဘုန်းကြီး ရေးသော ဂါထာများကို ရွတ်ပြသည်။ ဘုရားကိုးဆူ အကြောင်းလည်း သိလာရသည်။

4.9.67

၂-ပုဒ်သာ ပြီး၏။ ခုလုခုလုကာရက-ထိ ပါသော ပုဒ်တွဲကို အပြီးသတ် ရေးပြီး အပ်လိုက်သည်။

ဓမ္မဒီပတွင် သွပ်ပြားနှစ်ချပ် ပျောက်သည်ဟု သိရ၏။ သူခိုး သောင်းကျန်းနေသည်။ မစားလောက်၍ ကြံမိကြံရာ ကြံစည်ကြခြင်း ဖြစ်သည်။ ဆန်ဈေးကလည်း တအိတ်လျှင် (၃၀၀)ကျော်ပင် ရှိနေ၏။ ဒီအတိုင်း သွားခဲ့သော် တိုင်းပြည် ဒုက္ခရောက်တော့မည်မှာ သေချာလှ၏။

5.9.67

ဂဏိကာနှင့်တကွ ၄-ပုဒ်မျှသာ ပြီး၏။ U Nan New(Nwe) come to me for a while this morning. He said his rice bag need eight pyis. I met with Ko Thar Din for a while.

6.9.67

၃-ပုဒ်ခန့် ပြီး၏။ လွယ်၏။ ကျမ်းညွှန်းများသည်။

ကမ္ဘာ့ရိက္ခာအဖွဲ့ ညွှန်ကြားရေးဝန်ချုပ် ဒေါက်တာဆင်းက "စက်မှုထွန်းကားသော ဤခေတ်ကြီးတွင် ရရှိနိုင်သော အခွင့်လမ်းများကို အားကြိုးမာန်တက် ရယူ၍ အများအကျိုးကို ဆောင်ရွက်ရမည့်အစား နိုင်ငံရေးဝါဒ အငြင်းအခုံများဖြင့်သာ အချိန်ဖြုံးလျှက် ရှိကြချေသည်" မှတ်ချက်ချ ပြောဆိုသည်။ ခရစ်နှစ် ၂၀၀၀ကျော်တွင် ကမ္ဘာ့ရိက္ခာပြဿနာ ဒီထက် ဆိုးဝါးကြပ်တည်းမှုနှင့် ကြုံရမည်ဖြစ်ကြောင်းကို သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ချက်ကြ၏။ ဒေါက်တာဆင်းတို့ အနေနှင့် ၁၉၇၀ကျော်မှ ရိက္ခာပြဿနာ အနည်းငယ် ရင်ဆိုင်ရမည်ဟု ထင်ခဲ့သော်လည်း ထို့ထက် ၃-၄ နှစ်ခန့် စော၍ ရိက္ခာပြဿနာ ရင်ဆိုင်ရလေပြီ။

7.9.67

ဂဏ္ဍီ-တပုဒ်သာ ပြီး၏။ ကျမ်းညွှန်းများသည်။ အနက်ကား မူရင်း နှစ်နက်သာ ရ၏။ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အနက်ပွား (၆)နက် ရေးလိုက်သည်။

8.9.67

ဂဏ္ဍီဘူတ-စသော ၅-ပုဒ်ပြီးသည်။ ဆရာမ အေးက ဘုရားပွဲလက်မှတ် လှူဒါန်းလိုက်သည်။ သူတို့ရပ် ဘုရားပွဲအတွက် ဖြစ်သည်။ ယဉ်ပုံမှတဆင့် လှူဒါန်းလိုက်ခြင်း ဖြစ်၏။

ဒေါက်လှျမ်းထံ ဆရာတော် သွေးစမ်းသပ်ကြည့်ရှုရာ (၁၃၀) သွေးတိုးအား ရှိသည်ဟူ၏။

9.9.67

ဂဏ္ဍောတိ-စသော ကြိယာ(၅)ပုဒ်နှင့် နာမ်ပုဒ်များ ၂-ပုဒ် ပြီးသည်။ သူခိုးဟု ယူဆရသူ၏ ဖခင်ကို စစ်ဆေးရာ သူတို့ မွေးစားသော ကလေးက ခိုးတတ်ကြောင်း သူ့သားများက မခိုးကြောင်း ပြောသည်ဟူ၏။

10.9.67

၄-ပုဒ်ပြီး၏။ လွယ်သော်လည်း ကျမ်းညွှန်းများသော ပုဒ်များ ဖြစ်၏။ ကျွန်ုပ် စာပေးခြင်းကြောင့်လား မသိ၊ လုပ်ငန်းနှင့် ပတ်သက်၍ အနည်းငယ် လှုပ်ရှားမှု ရှိလာသည်ကို တွေ့ရ၏။ ယင်းသို့ဆိုလျှင် စာပေးရကျိုး နပ်သည်။ လုပ်ငန်းလည်း ပို၍ ကောင်းလာမည်။ ကောင်းလာရေးအတွက် စာပေးခြင်း ဖြစ်သည်။

11.9.67

ဆင်တိုင်ရပ်က ဘုရားပွဲ လုပ်ကြသည်။ ဒကာ ဒကာမများကား သူတို့ တတ်အားသမျှ ကြိုးစားရှာကြပေသည်။

အရှည်ကြီး ဦးဣန္ဒာနှင့် ကိုနာဂတို့ အလည်လာကြသည်။ ဦးဣန္ဒာမှာ အတိတ်ကံကြောင့် လူတိုင်းက အထင်လွဲခံနေရသည်ဟူ၏။ ၁၀-၄-၅ နှစ် အတူနေဘူးသူကပင် အထင်လွဲနေသည်ဟူ၏။ ပရိတ်ကြီးအကုန်ရွတ်ဖတ်သရဇ္ဈာယ်ရန် အကြံပေးလိုက်သည်။ ဒီလောက် စိတ်ကောင်းရှိသူမှာ အထင်မလွဲထိုက်ပေ။

12.9.67

၄-ပုဒ်ပြီးသည်။ ဆရာသု (ဦးသုမန မာဂဓ)က စာပြုများကို ကမ္ဘာ့အေး စာပြုလောက်သာ အဆင့်အတန်းထားကြောင်း စကားသံကို ကြားရသည်။ ယုတ်မာသူ လူတဦးပေ။ သူ့ထက် ဘဝင်မြင့်နေသူကား ရှိတော့အံ့ မထင်ပေ။ ဆရာ တပည့် ညီလည်း ညီကြပါပေသည်။

13.9.67

ဂဏ္ဍိတ-ပုဒ်ပင် မပြီး။ ကျမ်းညွှန်းမများလှသော်လည်း ခက်သောပုဒ်ဖြစ်၍ ချင့်ချိန်နေရသည်။ ဂဏ္ဍိကျမ်းများ အကြောင်းကိုလည်း အနည်းငယ် တင်ခြင်သည်။

"အထက်ပေါက် အောက်ပေါက် မတူ"ဟူသော ရှေးဆရာတော်တပါး၏ ပြောနေကျ ပုံကို ဆရာတော် ထပ်ပြောပြရာ ကောင်းလှသည်။ ရယ်စရာ ပုံဖြစ်သည်။ ပေါက်ရွက်ဟင်း ကြောက်၍ ထွက်သော ဘုန်းကြီးမှာ ပေါက်ရွက်ဟင်းနှင့် ထပ်တွေ့ရာ ဒကာမက "အထက်ပေါက်နှင့် အောက်ပေါက် မတူ" ဟု ပြောသောပုံ ဖြစ်သည်။

မောင်ကောသလ္လ(မောင်ညွန့်)ကို သင်းပိုင်တထည် လှူဒါန်းလိုက်သည်။ ဒါနပါရမီ တဖြေးဖြေး ဖြည့်ရန် ဖြစ်သည်။

14.9.67

ဂဏ္ဍိ-ကို ဆက်၍ ရှာဖွေ စဉ်းစားနေ၍ တပုဒ်မှ မပြီးပေ။ ဘားပလက်စီ တဖူးစီ လှူဒါန်းသည်ကို လက်ခံရရှိသည်။ **ဓာတ်ပုံရိုက်ကြရန် ဖြစ်သော်လည်း အကြောင်း မညီညွတ်၍ မရိုက်ဖြစ်**။ ညနေ စာဝါပင် အနည်းငယ် နောက်ကျမှ ချရသည်။

15.9.67

ဂဏ္ဍိ-ကို အပြီးသတ် ရေးပြီးသည်။ ဂဏ္ဍိက-လည်း ရှာဖွေပြီး၏။ **ဓာတ်ပုံရိုက်ကြသည်။**

နယူးယောက်ရှိ အင်ပိုင်ယာစတိတ် အဆောက်အဦမှာ ပေ ၁၄၇၂-ပေ မြင့်သည်။ အထပ် ၁၀၂-ထပ် ရှိသည်။ ရဲဘော်သန်းဆောင်းပါးမှ ဂိုရှယ်တင်ပြချက်မှာ စကားလုံး ပြောင်လှသည်။ တော်လှန်ရေးကောင်စီကို လမ်းလျှောက်ခါစ ကလေးသူငယ်ပမာ ပြသည်မှာ သဘောကျစရာ ကောင်းလှ၏။ ဖျာပုံမှ ဒေါ်ဖွားမြနှင့် ဒေါ်စိန်ခြယ် သားအမိအကြောင်း ဖတ်ရှုရသည်မှာလည်း အားရစရာ အတုယူစရာ ကောင်းလှတော့၏။

16.9.67

ဂဏ္ဍိက-အပါအဝင် ၃-ပုဒ်မျှသာ ပြီး၏။ ဦးသုဒဿန တရားပွဲ သွားနေစဉ် ဆရာတော်က အခေါ်ခိုင်းသည်ဟု ဆို၏။

ဗိုလ်ပု၏ ကဗျာကို လုပ်သားတွင် ဖော်ပြထား၏။ တော်တော်စည်းကမ်းပျက်သော ကဗျာပင်တည်း။

17.9.67

၄-ပုဒ်ပြီးသည်။ ဂဏ္ဍိက-၌ လိုနေသော အနက်များကိုလည်း ထည့်ရေးသွားလိုက်သည်။ "အဘိဓာန်များ၌"ဟု ရေးထားသည်ကို "အဘိဓာန်တို့၌" ပါမောက္ခ ကိုသု (ဦးသုမန မာဂဓ) ပြင်သည်ဟူ၏။ အံ့စရာ စာပြင်ဆရာကြီးပါပေတည်း။

ဝန်ထောက်မင်းအိမ် ခဏ သွားကြ၏။ သွားချိန် နောက်ကျလှသည်။

18.9.67

ဒေါက်တာ(သန်းထွန်း) အိမ် ဆွမ်းစားသွားကြသည်။ ရှေးဟောင်းပစ္စည်းအဖြစ် နီးကို သစ်စေးနှင့် သရိုးကိုင်ထားသော ဆီအိုးတလုံး တွေ့ခဲ့ရ၏။ ၁၂၃၂ ကမွည်းပါသော သရိုးဘုရားတဆူလည်း တွေ့ခဲ့ပေသေးသည်။ သမိုင်းဌာနဖြစ်သည်အားလျော်စွာ သမိုင်းအချက်အလက်ကို တော်တော်စုသော ဆရာဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍လည်း အလွန်စိတ်ဝင်စားသူ ဖြစ်၏။

သဒ္ဒါနှစ်စောင် သင်္ဂြိုဟ်ကိုးပိုင်း စာမေးပွဲ (၆)ပါး အောင်၏။ အစဉ်တိုင်း ကျင်းပလာသည်မှာ လေးပတ်မြောက် ဖြစ်၏။ ဖျာပုံ ဦးသန်းမောင်ထံမှ စာရောက်သည်။

19.9.67

၅-ပုဒ်ပြီးသည်။ အာဂုံစာမေးပွဲ၌ ပုဒ်စစ်တိုးရန် ဆရာတော်က အမိန့်ရှိသည်။ "နွား ကောင်း/မကောင်း ချောင်းအတက်မှ သိရမည်"ဟုလည်း မိန့်သည်။

ညနေပိုင်း စာချရသည်မှာ အနည်းငယ် မောသည်။ ကျမ္မာရေး ချွတ်ယွင်း၍ မဟုတ်။ အာရုံစိုက်၍ အားကြိုးမာန်တက် ပြော၍ ဖြစ်သည်။

ဂျာနယ်ကျော် မမလေး ဆောင်းပါးကို လုပ်သားတွင် တွေ့ရသည်။ သူ့သမီး ပြင်သစ်အသွားအတွက် သင်တန်းတက်ရပုံ ရေးထားသော ဆောင်းပါး ဖြစ်သည်။ မဖတ်ရတာ ကြာပြီဖြစ်၍လား မသိ၊ လေ(စသည်? ဟန်?) ရေးဟန် ပြောင်းသည်ဟု ထင်သည်။

20.9.67

၃-ပုဒ်သာ ပြီး၏။ အဘိဓာန်လုပ်ငန်းဟူသည် တဦးစီ စိတ်ဝင်စား၍ စုပေါင်းဆုံးဖြတ်မှု ခံယူရသော လုပ်ငန်း ဖြစ်၏။ မစိုးရိမ်ဓာန်အဖွဲ့ကား တဦးချင်း စိတ်ဝင်စားမှုကလည်း နည်းလှသည်။ စုပေါင်းဆုံးဖြတ်မှုကို ခံယူရမည့် နေရာ၌ "မှန်ကန်မှု"ကို ရှေ့တန်းတင်ရမည့်အစား "ငါပြင်တာ"ဟူသော "ကြွားလုံး"ကလေးများကို ရှေ့တန်းတင်လိုကြဟန် ရှိ၏။ ဥပမာ အဘိဓာန်များ၌ အဘိဓာန်တို့၌ဟု ပြင်ခြင်းမျိုး "သဖြင့်"ကို "စွာ" "စွာ"ကို "သဖြင့်"ဟု ပြင်နည်းမျိုး ဤ"ကြွားခြင်မှု"ကလေးများကို ပယ်ရှားနိုင်မည်ဆိုပါက ကြည့်ပျော်ရှုပျော် အဘိဓာန် ဖြစ်လာနိုင်ရန် မျှော်လင့်ချက် ရှိသေးသည် ထင်၏။

21.9.67

၃-ပုဒ်သာ ပြီး၏။

သိန်းပေါင်းလေးထောင်ကျော် လိုနေရာမှ သိန်းငါးရာကျော် လိုငွေပြနိုင်အောင် လိမ်ပြထားသော ထောက်လှန်းရေးကောင်စီ၏ ဘတ်ဂျက်စာရင်း ထွက်လာသည်ကို သတင်းစာများတွင် ဖတ်ရသည်။ ရုက်တတ်သူဖြစ်က ရှက်စရာပင် ကောင်းသေးတော့၏။ သို့သော် ချီးကျူးလိုက ငွေရှာကောင်းသူဟု ချီးကျူးနိုင်ပါသည်။

22.9.67

၆-ပုဒ်ပြီးသည်။ သခင်တင် ဦးဗဆွေ သခင်ချစ်မောင်တို့၏ ဘတ်ဂျက် ဝေဖန်ချက်များကို မြန်မာ့အလင်းတွင် တွေ့ရ၏။ သခင်တင် ဝေဖန်သည် ကောင်းလွန်း၍ အစိုးရ ခံနိုင်လိမ့်မည် မထင်။ သခင်ချစ်မောင်က ဗမာ့စီးပွားရေးကို ပထဝီဓာတ်ပျက်နေသော လူနာနှင့် နှိုင်းပြလိုဟန် ရှိသည်။ ယွနုနှစ် ဘတ်ဂျက်မျိုးမှာ ပါလီမန်သာ ဖြစ်က ဝေဖန်၍ ကောင်းသော ဟားပေါက်ကျမည်ဖြစ်သော ဘတ်ဂျက် ဖြစ်သည်။

23.9.67

အထက်သွားတချောင်း ကျိုးသည်ဟု အိပ်မက်သည်။ နိုးသောအခါ ရတနာသုံးပါးဂုဏ် ရွတ်ဖတ်လိုက်။ အိပ်မက် မယုံသော်လည်း နတ်စုတ်နတ်ပဲ့တို့ လက်ချက်ဖြစ်မူ မကောင်းကျိုး တားမြစ်ရန် ဂုဏ်တော်တို့ကို ရွတ်ခြင်းပင် ဖြစ်သည်။

ရဟန်းဒကာ လာသည်။ ဆရာတော်က သူ မုံရွာနေစဉ် အဖြစ်အပျက်ကို ပြောပြ၏။ မောင်သု လူထွက် လာ၍ အကူအညီ တောင်းပြန်သည်။ ဖြစ်နိုင်သော ကိစ္စ ကူညီရန် ကတိပေးလိုက်၏။

၅-ပုဒ်မျှသာ ပြီးသည်။ ဖောင်အမှတ်(၄) မူချော လက်ခံရရှိသည်။

24.9.67

မောင်သု လူထွက် ငွေ(၁၀၀) ထပ်ယူသည်။

၁-ပုဒ်မျှသာ ပြီး၏။ မှန်လေမည်လား မပြောတတ်ပါ။ မှန်းဆ၍ ရေးလိုက်ခြင်း ဖြစ်သည်။

အတ္ထဘောဒစိန္တာအခဏ်း ကုန်သည်။ တရက် (၃)ဂါထာကြိမ်နှုန်းပင် မကုန်တတ်ပေ။

25.9.67

ဂဏ္ဍ-ပုဒ်ကို ရှာဖွေ၍ပင် မပြီးပါပေ။ မိုးရွာ၍ ဆွမ်းချက်ကြရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဒင်းရပ်ခ် သမီးငယ် မာဂရက်အဲလိဇဘက်ရပ်ခ်က နီဂရိုး ရိုင်ဂစ်နှင့် လက်ထပ်ကြောင်း သတင်း တွေ့ရသည်။ သမ္မတ ဂျွန်ဆင်၏ နိုင်ငံရေး ပေါ်လစီကို ထိခိုက်က ဒင်းရပ်ခ်က ထွက်ပေးရန် အဆင်သင့် ဖြစ်သည်ဟု ဆိုကြောင်း။

လမ်းများတွင် ရွှံ့ထူထပ်နေ၍ ဝန်ထောက်မင်းထံတွင် မသွားဖြစ်ပေ။

26.9.67

မိုးရွာ၍ ဆွမ်းချက်ကြရပြန်သည်။ တဖြောက်ဖြောက်သာ, ကြီးကြီးကျယ်ကျယ်လည်း မဟုတ်ပေ။

စပါးဟောင်းများကို မဝယ်တော့ကြောင်း ကြေညာသည်ဟူ၍ ပြောကြ၏။ ကိုယ်တိုင် မကြားရ၍ အတည်မပြုနိုင်ပါ။

မောင်သု လူထွက်က ငွေတရာ ပြန်ပေးသွားသည်။ ရိုးသားလျှင် တိုးပွားမည်ဖြစ်ကြောင်း ပြောဆိုဆုံးမလိုက်ရသည်။

27.9.67

ဂဏ္ဍ-ပုဒ် ရှာဖွေပြီးသော်လည်း အနက် မစနိုင်သေးပေ။ ရှုပ်ထွေးသောပုဒ်ဖြစ်၍ နှိုင်းချိန်နေရသည်။ ကတာ-ပုဒ်ကို မာ(မာဂဓ)က သူကိုယ်တိုင် ပြန်၍ ရေးထားသောပုဒ် ဖြစ်ပါလျှက် ယခု ရန်ကုန်ဆရာတို့ ကလောင်နှင့် အောက်လိုက်သောအခါ လက်ရွံ့နေဟန် ရှိသည်။ လူယုတ်ကလည်း ကိမတ္ထံအဖွင့်ကို အကျိုးဟု ပြင်လိုက်သံ ကြားလိုက်ရသည်။ စိတ်ကို တော်တော်ချုပ်တီး၍ နေရသည်။ ကျွန်ုပ်သာ ပြင်ဆင်လာပါက မပြင်ရဲသည်မှာ သေချာသည်။ ဤသည်မှာ ငါပြင်တာ ဟုတ်ရမည်ဟူသည်ကို အခိုင်မာ ပြနိုင်ကြောင်း သာဓက ဖြစ်သည်။

28.9.67 ဂဏ္ဍ မပြီးသေးပေ။ သက္ကတလာ အနက် များသော်လည်း ထည့်မရေးတော့။
မောင်သု လူထွက် ငွေ(၁၀၀) ပြန်ပေးသည်။

29.9.67

ဂဏ္ဍကို အပြီးသတ် ရေးနိုင်၏။ ဝန်ထောက်ကတော်၏ မိခင်ကြီး ရည်စူး၍ ဆွမ်းကျွေးပွဲတွင် အဘိဓာသုတ် ဟောခဲ့သည်။ သံဂါယနာတင်စဉ်က နာမည်အကြီးဆုံးဌာန အရေးအကြီးဆုံးနေရာကို ယူထားသော ဆရာတော်တပါးက ကမ္ဘောဒီးယား ယိုးဒယား စသည်၌ ရေစက်ချရိုး ထုံးစံမရှိ။ ဗမာပြည်မှာ ရေစက်ချခြင်းဟာ အပိုအလုပ်ဟု ပြောသည်ဟူ၏။

၁၉၆၇ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်၊ စနေနေ့ (၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်)

၄-ပုဒ်ပြီး၏။ လူထုတိုက် ဆွမ်းစားတွင် ဆရာတော်က "အသေဝနာ စ ဗာလာနံ"နှင့် "ဗာလာ ဓမ္မာ" ကို ဟော၏။ နတ်ရုပ်နှင့် စက္ကူစုပ် အကြောင်းလည်း ပြော၏။ "တပည့်တော်တို့ထက် ဖြောင့်ဖြောင့် မအိပ်ရသူတွေ အများကြီး"ဟု လူထုလှက လျှောက်ထား၏။ စာအုပ်(၆)အုပ်စီ လှူဒါန်းလိုက်သည်။

၁၉၆၇ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်)

၄-ပုဒ်ပြီး၏။ eighty ကို ရရှိ၏။ eighty five ရရန် ဖြစ်သော်လည်း five မှာ မရသေးပေ။ မောင်နန္ဒ ကင်းကိုက်သည်။ ဓမ္မဝိနယထံမှ ဆေးကို လိမ်း သောက်သဖြင့် ချမ်းသား၏။ ပိ(ပိဋက)ထံမှ ဆေးလည်း ယူသေးသည်။

2.10.67

၄-ပုဒ်ပြီးသည်။ ဦးသာဂရထံမှ five ရသည်။ မနေ့က အရှုပ်လည်း ပြေလည်သွား၏။

လွန်ခဲ့သည့်ညက မောင်နန္ဒ ကင်းကိုက်မှုအတွက် ပိ(ပိဋကမ)ကို ည(၁)နာရီကျော် သွား၍ ပင့်ရသေးသည်။ ရှောရှောရှူရှူ လိုက်လာရှာပေသည်။ သူငယ်ချင်းဆိုသည်မှာ ဒီနေ့မျိုး အားကိုးရမှ ဖြစ်သည်။ အောင်ကြီးတို့လည်း လူပင် ငယ်သော်လည်း တော်ရှာကြပေသည်။ ကိုဖိရင်ဖိ ပြုစုပေးဖော် ရကြ၏။ နန္ဒဝံတိုက်က ဘုန်းကြီးက မြွေစသည် ကုသည်ဟူ၏။ ဝန်ထောက်မင်းထံ မသွားဖြစ်ပေ။ ဓမ္မဒီပကျောင်းဒကာဦးဝ ကွယ်လွန်ရှာသည်။

3.10.67

မင်္ဂလာလမ်း(နွားသတ်ရုံ)နား နံက် ဖြတ်သွားရသည်မှာ သံဝေဂရဖွယ် ကောင်းလှ၏။ မိမိလည်း ဘဝပေါင်း မည်မျှ သားသတ်သမား ဖြစ်ခဲ့သည် မသိ။ အသတ်ခံရသော သားကောင်ဖြစ်ခဲ့ရသော ဘဝကလည်း နည်းမည်မဟုတ်ပါပေ။

ဦးဣန္ဒာနှင့် ကိုနာဂတို့ ရောက်လာ၏။ ဦးဣန္ဒာက သူတို့ ကြုံရသော ပတ်ဝန်းကျင်နှင့် နှိုင်းစာ၍ မစိုးရိမ် အလယ်တိုက်ကြီးအောက်တွင် ကျွန်ုပ်တို့တတွေ ပျော်ပျော်ပါးပါး နေရသည်ကို ပြန်လည်လွမ်းဆွတ်မိကြောင်းနှင့် ကိုနာဂကလည်း ဓမ္မ(ကျောင်း) နေရသည်ကို ပြန်လည် သတိရမိကြောင်း ပြော၏။

4.10.67

၅-ပုဒ်ပြီးသည်။ နာမှုကိစ္စဆိုသည်မှာ သတိထားရသည်။ တတ်နိုင်သမျှ အမှုရှင်အလိုကျ ဖြစ်ရပေမည်။ ကိုယ်က အမှုရှင် ဝမ်းနည်းပက်လက်ဖြစ်အောင် မလုပ်အပ်ပေ။ ကိစ္စကြီးချင်သလောက် ကြီးပါစေ ရွှေ့ဆိုင်း ဖြစ်လျှင် ရွှေ့ဆိုင်းပါ။ နာမှုကိစ္စကို မိမိ ဆောင်ရွက်ပြီးမှသာ လုပ်သင့်ရာ ကိစ္စကို လုပ်ရမည်။ ဘေဒစိန္တာ စာဝါကို ပိတ်လိုက်ရသည်မှာ နာရေးကိစ္စကြောင့် ဖြစ်သည်။ ကိုယ်စားထည့်က ဖြစ်သော်လည်း မကောင်း၍ မထည့်ပေ။

5.10.67

၅-ပုဒ်ပြီးသည်။ နန်းဦးတိုက် အရှည်ကြီးထံ ခေတ္တရောက်သည်။ နန်းဦးဆရာတော်ကြီးမှာလည်း သက်တော်(၈၀) နီးနေပြီဟု သိခဲ့ရသည်။

6.10.67 ၃-ပုဒ်ပြီးသည်။

ကိုနာ (ဦးနာရဒ-မာဂဓ)က လက်မထောင်သော စကား ပြောသံ ကြားလိုက်ရ၏။ သူတို့ ရေးသော ပုဒ်များမှာ လိင်ကစ တိကျမှု မရှိပါဘဲနှင့် လက်မထောင်သည်မှာ အံ့သြစရာ ကောင်းလှ၏။

7.10.67

၆-ပုဒ်ပြီးသည်။ ဂဏ္ဍူသတေလ-ပုဒ် အနက်မရေးနိုင်။ မေဒ လူအဆီခဲများကို ခေါင်းလိမ်းဆီစသည် အဖြစ် အသုံးမပြုကြောင်း ပြသောနေရာ၌ သုံးစွဲသော ပါဠိ ဖြစ်သည်။ အဘိ၄၂ နှင့် ဝိသုဒ္ဓိမှာ လာပုံတူ၍ ခဒ္ဒကဥ္ဒ ကွဲနေသည်။

ရွှေမန်း ဦးကေသရက ဒကာမတဦးအား "သတ္တိရှိ ထွက်ခဲ့"ဟု သရော်သလို ပြောရာ ဒကာမက ထွက်၍ "ကိုင်း ထွက်လာပြီ ဘာဖြစ်သေးသလဲ"ဟု လျှောက်သည်တွင် ရွှေမန်းက Look down yourself. Your's sex is not usual (posision). လို့ ပြောသည်ဟူ၏။

8.10.67

တပုဒ်မျှ မပြီးပေ။ ဂဏုတိ ဂဏုာတိ စသော ကျမ်းညွှန်းများသော ပုဒ်များကို ရှာဖွေနေရ၍ ဖြစ်သည်။ ဖျာပုံမှ ဦးသန်းမောင်တို့ သားအဖ ရောက်လာကြသည်။

9.10.67

ဂဏှာတိ-ကို ဆက်ရှာနေရ၍ တပုဒ်မျှ မပြီးပေ။ ကျမ်းညွှန်း အလွန်များသည်။

ဦးသန်းမောင်က လခစားအလုပ် မလုပ်ရလျှင် တအိမ်လုံး ထမင်းငတ်ကုန်မည်လားဟု ထင်ခဲ့မိကြောင်း, လက်တွေ့တွင် မငတ်ကြောင်း သိရ၍ လခစားကို အထင်သေးမိကြောင်း, သို့အတွက် လခစားမှ ထွက်၍ ကုန်သည်လုပ်ကြောင်း လျှောက်သည်။ ရန်ကုန် သာသနာ အခြေအနေကိုလည်း သူ့အမြင်အတိုင်း မချန်မချွင်း လျှောက်ထားသည်။

10.10.67

ဂဏှာတိ ဂဏှာတိ ဂဏှန္တိ ၃-ပုဒ်ပြီး၏။ ဦးသန်းမောင်တို့ ဆားတောင် သွားကြသည်။

လေ့ဒ် အက်တလီ သေဆုံးကြောင်း သတင်း တွေ့ရ၏။ ဗမာပြည်ကို လွတ်လပ်ရေး ပေးခဲ့သော လေဘာပါတီ ဝန်ကြီးချုပ်ဟောင်း ဖြစ်သည်။ လေဘာ အစိုးရ တက်စဉ် သေခြင်း ဖြစ်။ ကံကောင်းသည်ဟု ဆိုရမည်လား။

11.10.67

မစိုးရိမ်တိုက်တွင် ကြာရှည်စွာ နေခဲ့ဘူးသော ဆရာတော်၏တူ ဦးဓမ္မာစာရနှင့် လက်ဆုံစကား ပြောမိသည်။ သမိုင်းစဉ်ကို သူ သိသလောက် ပြောပြသည်။ ဆရာတော် ဦးဉာဏနှင့် ဆရာတော်မှာ မိုးကောင်းတိုက်ကတည်းက အတူနေလာကြသည်ဟူ၏။ ဆရာတော် ဦးဉာဏမှာ မြို့အုပ်စာမေးပွဲပင် ဂေဇက် ထွက်ခဲ့ဘူးကြောင်း သိရသည်။

ပုဒ်စစ်စာမေးပွဲ ကျင်းပရာ (၄)ပါးသာ ဖြေဆိုကြသည်ကို တွေ့ရ၏။

12.10.67 ဂဏှာသိ တပုဒ်ပြီး။ ဂဏှထ-မှာ ရှာဖွေဆဲ ဖြစ်သည်။

ကောသလ္လ(မောင်ညွန့်) ငွေ(၂၅) ခေတ္တယူသည်။

13.10.67

ဂဏှာမိ ဂဏှာမ ၂-ပုဒ်ပြီးသည်။ ဖမ်းထားသူ တော်တော်များများကို လွှတ်ကြောင်း သိရသည်။ သမ္မတဟောင်း ဦးဝင်းမောင် ဗိုလ်ခင်မောင်လေး စသူတို့ ပါကြောင်း သိရ၏။

14.10.67

ဂဏှတေ ဂဏှတု ဂဏှန္တု ဂဏှ ဂဏှာဟိ ဂဏှာသု ဂဏှဝေါ စသော ကြိယာများကို ရေးပြီး၏။

15.10.67

ဘေဒစိန္တာစာဝါကို (၉)ရက်နေ့ထိ ရပ်ဆိုင်းထားလိုက်သည်။ အဓိပ္ပါယ် (၁၆၀)ဂါထာ ကုန်၏။ အနက် (၁၈၀) ကုန်သည်။ ဝါတွင်း၌ တရက်သာ ပျက်၏။ ဂဏှေယျ-စသော သတ္တမီဝိဘတ် အာလုံး ရေးသားပြီးစီးသည်။

16.10.67

ကိုဘလုတို့အိမ် ခေတ္တ ရောက်သည်။ တောင်ပြင်တွင် ထူးဆန်းသော ဒကာကြီးတဦး အကြောင်း သိခဲ့ရ၏။ ဂဏှိ ဂဏှိံသု နှစ်ပုဒ်သာ ရေး၏။ ဦးသန်းမောင်(ဖျာပုံ) ဆားတောင်းမှ ပြန်လာသည်။ အဆင်ပြေခဲ့ကြောင်း သိရ၍ ဝမ်းသာလှသည်။

17.10.67

ဂဏှိံ ဂဏှိမှ ဂဏှိဿတိ-မှ ဂဏှိဿာမိ-ထိ ပြီးသည်။ “လည်လှီးတမ်း စာကြည့်ခြင်သည်”ဟု မာ(မာဂဓ)က ပြောသည်ဟူ၏။ သု(ဦးသုမန မာဂဓ)က ကျမ်းပြုများကို လက်အောက်ခံ သဘောထားနေသည်ဟူ၏။ I know about Mar's (scret).

18.10.67

သဒ္ဒါရုစ်စောင် သင်္ဂြိုဟ်(၉)ပိုင်း ပုဒ်စစ် နောက်(၂)ပိုင်းနှင့်တကွ ကျင်းပသည်။ တဝါကား ကျွတ်သွားပြန်ပေသည်။ အတိုးအဆုတ်ကို စစ်တမ်းထုတ်ကြည့်လျှင် အဆုတ် မရှိသော်လည်း တိုးတက်သင့်သလောက် မတိုးတက်ပေ။ လုပ်ငန်းရပ် များလွန်း၍ ဘာကိုမှ မယ်မယ်ရရ တိုးတက်အောင် မလုပ်နိုင်။ ဟိုလိုလို ဒီလိုလိုနှင့် အချိန်ကုန်ခဲ့သည်က များ၏။ ဒီနှစ် ဝါတွင်း စာချရသည်မှာကား ဘေဒစိန္တာမှာ တရက်သာ ပျက်၍ ရူ စာဝါမှာ (၂)ရက်သာ ပျက်ရက် ရှိသဖြင့် အပျက်နဲသော နှစ်ဟု သတ်မှတ်ရပေမည်။

19.10.67

ဂဏှိဿာမိ ဂဏှိဿာမ ဂဏှန-ပုဒ်များ ပြီးသည်။ ညတွင် ယဉ်ပုံမှာ အိပ်၍ ကျော်လှိုင်နှင့် ဆွေးနွေးသည်။

အလုပ် အများနားကြသော်လည်း မနားဘဲ ရေးလိုက်သည်။ နောင်တွင် အားလပ်ခွင့် ယူသင့်သော ကိစ္စနှင့် ကြုံကြိုက်က ယူရန် ဖြစ်သည်။

20.10.67 ၆-ပုဒ်ပြီးသည်။

21.10.67

ဂဏ္ဍ-ကို ရှာဖွေ၍ပင် မပြီးတတ်သေးပေ။ ဆရာတော်က မေမြို့ သွား၍ မျက်စိခွဲမည့် အစီအစဉ်ကို ဖျက်လိုက်ကြောင်း ပြောပြသည်။ မှန်သည် လူကြီးဖြစ်၍ တောင်တက်ရသည်မှာ သက်သာမည် မဟုတ်ပေ။

22.10.67 ၇-ပုဒ် ပြီးသည်။ မောင်ဇယလည်း လာရေး၏။ သူ ရွာမှ အပြန်တွင် ပျားရည်တပုလင်း လှူ၏။

23.10.67

၇-ပုဒ်ပြီးသည်။ မိုးရွာ၍ ဆွမ်းချက်ကြရသည်။ (၅)ပြည် နို့ဆီဗူးလေးလုံး ချက်ကြရသည်ဟူ၏။ ဆရာတော်က "အနက်အဓိပ္ပါယ်ပါ စာမေးပွဲ လုပ်ချင်ကြောင်း" အမိန့်ရှိပြန်သည်။

24.10.67

လုံး၀ မရေးရ။ ကျော် ဗိုလ် ငွေး (ဦးကျော်ထွတ် ဦးဗိုလ်မောင် ဦးငွေးလှိုင်) တို့နှင့် ဆရာတော် ရှေ့မှောက် ဆွေးနွေးကြသည်။ သူတို့ ဆန္ဒက အဘိဓာန် တွင်ကျယ်လာစေခြင်သည်။ ခရီး မတွင်ကျယ်ခြင်းမှာ လုပ်နည်းလုပ်ဟန် လွဲနေ၍ ဖြစ်သည်ဟု ထင်နေသည်။ ဟုတ်လည်း ဟုတ်သည်။ လက်စွမ်းပြခြင်မှု များနေ၍ မတွင်ကျယ်ခြင်း ဖြစ်သည်။ လုပ်ဟန်ပြောင်းလျှင် တွင်ကျယ်နိုင်စရာ ရှိသည်။ ဓမ္မဝိနယနှင့် ပိ(ပိဋကာ)တို့မှာ မျက်နှာစုံညီ စာတည်းရသည်ကို စိတ်ပျက်ကြောင်း (အထည်း/အတွင်းခန်း) ပြန်လိုကြောင်း ပြောကြသည်။ (ဦးကျော်ထွတ်-ကား ၁၃၀၀-ပြည့် ပါဠိကျောင်းမှ သက္ကသီဟစာချအောင် ဦးဣန္ဒကာဘိဝံသ၊ ဦးငွေးလှိုင်-ကား နောင် ဓမ္မာစရိယဦးငွေးလှိုင်)

25.10.67

ကျော် ဗိုလ် ငွေး တို့နှင့် တိုက်တွင် ကျန်ရှိနေသော ဓာန်အဖွဲ့တို့ ပူးပေါင်း၍ လုပ်နည်းလုပ်ဟန် ပြောင်းသင့်ကြောင်း ဆွေးနွေးကြသည်။ လုပ်ငန်း မတွင်ကျယ်ခြင်းမှာ တနေရာတွင် အံချော်နေ၍ ဖြစ်ကြောင်း အားလုံး(အသိဉာဏ်ရှိသူ)က နားလည်ကြသည်။ အံချော်သော နေရာကို ရှာဖွေရာ၌ တဦးနှင့် တဦး အားနာနေ၍ ပေါ်သင့်သလောက် ပေါ်အောင် မရှာဖွေရဲကြ။ သူတို့၏ အားနာမှုသည် လုပ်ငန်းကို ကောင်းအောင် စေတနာထားရာ၌ ထိခိုက်နေသည်ကို သတိ။ အလုပ်လုပ်ရာ၌ လုပ်ငန်း ထိခိုက်အောင်လည်း အားမနာသင့်။ လုပ်ငန်းပျက်အောင်လည်း စိတ်မဆိုးသင့်။

ပရိ(ပရိယတ္တိ)က ဦးလှမောင်-ကို ပြောခဲ့သော စကားအရ "ဦးလှမောင်က အထင်သေးနေကြောင်း" ကျော်(ဦးကျော်ထွတ်)က လျှောက်ထားသည်။ တာဝန်ရှိသူချင်း စကားပြောရာ၌ သတိပြုစရာ အချက်ပင်။

26.10.67

ဆရာတော်က "သူ့ဒကာကြီးမှာ ခုနစ်နှစ်သားခန့်က သေသွားကြောင်း, ဒကာမကြီးက သူ (၃၅)နှစ်မှာ ပျက်စီးကြော,င်း မင်းတို့ ဒီအရွယ်ထိ မိဘနှင့် နေရသည်မှာ ကံကောင်းကြောင်း" ပြောပြသည်။ ဟုတ်သည် အသက်(၃၀)ကျော်ထိ မိစုံဖစုံ နေရသူမှာ ၁၀၀ (၇၅)ဦးမျှပင် ရှိအံ့မထင်ပေ။

အမေရိကန်မှ ထုတ်သော NewsWeek မဂ္ဂဇင်းကို တောင်ကိုရီးယားက မျက်နှာဖုံး ဖျက်ပြီးမှ ဖြန့်ဖြူးခွင့်ပြုသည်ဟူ၏။ မျက်နှာဖုံးမှာ လီနင်ပုံကို အသားပေးထား၍ တောင်ကိုရီးယား၏ ကွန်မြူနစ်ဆန့်ကျင်ရေးနှင့် မညီသောကြောင့်ဟူပေ။

27.10.67

ကတရဂါမဝါသိက-မှ ကတဝိဟာရ-ထိ ပြီးသည်။ ဖောင်အမှတ်(၇) ဂလီပရုဖ်ဖြစ်သည်။

ဆွေးနွေးရာ၌ ကျော် ဌေး (၂)ဦး ပါသည်။ ကျော် (ဦးကျော်ထွတ်)က ပိ(ပိဋ္ဋက) ကျွန်ုပ်ကို အထူးလျှောက်ခြင်သေးကြောင်း ပြောသည်။ တဖက်နားဝင်နေဟန် ရှိသည်။ အလုပ်ထိခိုက်ခံ၍တော့ အားမနာနိုင်ပါ။ အလုပ်ပျက်အောင်လည်း စိတ်မဆိုးခြင်ပါ။

28.10.67

ကတဝီတိက္က-မှ ကတာကတ-ထိ ပုဒ်များကို ဖောင်ကြမ်းဖွဲ့ရန် စီစစ်ပြီးသည်။ ကျော်နှင့် ဌေး (ဦးကျော်ထွတ် ဦးဌေးလှိုင်) တို့က ပိ(ပိဋ္ဋက)နှင့် ကျွန်ုပ်ကို အထူးလျှောက်ထားသည်။ (အောက်)မကျရန် ကြိုးစားရန် တိုက်ဂုဏ်တက်ရန်ပင် ဖြစ်ပါသည်။ ကောင်းပါသည်။ eighty five ကို လက်ခံရရှိသည်။ မောင်ဇယအတွက်ပါ လက်ခံထားလိုက်သည်။

29.10.67

ကတာကတကုသလာကုသလဝိသယ-မှ ကတိပယ-ထိ ပြီးသည်။ သို့သော် ကျွန်ုပ်မှာ (၄)နာရီမထိုးမီ ပြန်ရသူဖြစ်၍ ကျွန်ုပ် ပါဝင် ဆွေးနွေးသော ပုဒ်အထိသာ ရေးသားထားခြင်း ဖြစ်သည်။ ကျွန်ုပ် ပြန်ပြီးနောက် ဘယ်နှစ်ပုဒ် ပြီးသည်ဟု မသိရသေးပါ။ ကျောင်းဒကာဒကာမများနှင့် တော်တော်ကြာကြာ စကားပြောသည်။

30.10.67

ကတိမ-မှ ကတေကသေသ-ထိ ဖောင်ကိုင်ငင်း ကတောကာသ-မှ ကတ္တုကာမတာသဘာဝ-ထိ ဖောင်ကိုင်ငင်း ဆွေးနွေး၍ ပြီးသည်။ ဖောင်ကြမ်းဖွဲ့ရန်သာ ကျန်တော့၏။

၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ အင်္ဂါနေ့ (၁၃၂၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်)

ကမ္မ-ကို ပြန်၍ စီစစ်သည်။ ရေးပြီး ကမ္မ-မှာ လုံးဝ သုံးမရတော့။ ကိုကျော်ထွဋ်နှင့် ကိုဗွေးလှိုင်တို့က တတ်နိုင်သမျှ အကြံပေးကြသည်။ ညပိုင်းတွင် ယဉ်-ပိ-ရေ(ထီးချိုင့်)တို့နှင့် ထွေရာလေးပါး စကားပြောကြ၏။

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်)

ကမ္မ-ကို ရေးပို့ရန် ဂန္ထ-ရေးပြီး ကမ္မကို ပြန်ဖတ်သည်။ ကျမ်းညွှန်ဂဏန်းမှာ သုံးဖြစ်နိုင်စရာ ရှိ၏။ ပရမတ္ထသရူပဒီပနီ ဋီကာကျော်ဂဏ္ဌိ မစိုးရိမ်ခန် လယ်တီဋီကာ စသည်ကို ကြည့်၍ ရေးရန် ဖြစ်သည်။

ကိုပင်ဟောင်မြို့တော် ရေကန်လယ်ရှိ ငှက်ကျွန်းခေါ် လွတ်လပ်သည့် သမ္မတနိုင်ငံက ကန်ကို စစ်ကြေညာသည်ဟူသော ရယ်စရာသတင်း တွေ့ရ၏။ လူ(၆)သာ ရှိသော နိုင်ငံဟူ၏။

2.11.67

ကမ္မကရဏ-ထိ ပြီးသည်။ ကမ္မ-ကို ရေးရန် စာရှာဆဲ ဖြစ်၏။

ညလည်း (၁)နာရီကျော်ကျော်လောက် ပိ(ပိဋ္ဋက)နှင့် စာရှာဖွေကြသေးသည်။

3.11.67

ကမ္မကာရ-ထိ ပြီးသည်။ ဂျပန်ဖြစ် ခေတ်ခဲနှစ်လုံး ဝယ်သည်။ ၄ိစီ ပေးရ၏။ ကြောက်စရာကောင်းသော ဈေးပင်။

4.11.67

ကမ္မကာရကာ-ထိ ပြီးသည်။ ပြင်ဆင် စာတည်းရသည်မှာ ကျေးနပ်သည်။ အံ၊၂ ပိုဒ်ရေ၃၉ ၅-နိပါတ်ပုတ္တာသုတ် ကောင်းသည်။

5.11.67

ကမ္မကိလိဋ္ဌ-ထိ ပြီးသည်။ ဦးကေလာ(ချောက်) လာသည်။ စောင်တထည် လှူဒါန်းလိုက်၏။ ချောက်မှ တက္ကသိုလ်ဝင်တန်းကို သင်္ချာဂုဏ်ထူးနှင့် အောင်၍ ဆေးတက္ကသိုလ် နေခွင့်ရသူ မောင်စန်းဝင်းလေးမှာ ပစ္စည်း နွမ်းပါး၍ အခက်တွေ့နေကြောင်း သတင်းစာတွင် တွေ့ရ၏။ အုန်းဘောကာရီနားတွင် ကားနှင့် စက်ဘီး တိုက်မိ၏။

6.11.67

ကမ္မာအေးမှ လှူဒါန်းသော သင်္ကန်းဒွိစုံ ရသည်။ ဝိသုဒ္ဓါရုံမှ ရေးသားသော ခန်လည်း ပထမဖောင်ချောင်ကို ဖတ်ရသည်။ ခန်ဝင်ပုဒ်(၅၀)နှင့် တဖောင် ဖြစ်လာသည်။ လိုင်ထားပုံမှာ ကျွန်ုပ်တို့ အဖွဲ့ထက်

ကျစ်လှစ်သေသပ်သည်။ ကျွန်ုပ်တို့ အဖွဲ့က လက်စွမ်းပြခြင်လွန်း၍ မမှားသင့်သော လိင်ပင် မှားရသည်။ ခ အနက်များကိုကား မကြိုက်လှ။ ရှုပ်ထွေးသည်။ ကမ္မကောပသက်ာ-ထိ စီစစ်၍ ပြီးသည်။

7.11.67

ကမ္မဂရုက-ပုဒ်ထိ ရောက်သည်။ ယင်းကမ္မဂရုက-ပုဒ်မှာ စူဋ္ဌနိ-ပုဒ်ဖြစ်၍ စဉ်းစားရန် လိုသေးသည်။ မုံရွာ ယင်းမာပင် လေဘေးမှ လူ(၁၀၄)ယောက်သေသည်ဟု သိရ၏။ ဝမ်းနည်းစရာ။

8.11.67

ကမ္မဆိန္န-ထိ ပြီးသည်။ ၂၃ ဖောင် ပြီးဆုံးပြီ။ သို့သော် ကမ္မ-မှာ ကျန်ရှိနေသေး၏။ ဂန္ထ-အား သွား၍ ကန်တော့ကြသည်။  

9.11.67

ကမ္မ-ကို စ၍ ရေးထားသည်။ သို့သော် ပြီးဆုံးအောင်ကား တော်တော် ကြိုးစားရလိမ့်မည်။ ဂန္ထ-က မှန်လျှင် လျှော့မပေးရန် ပြောသည်။

10.11.67

ကမ္မ-ကို လုပ်သည်။ ဥပတ္ထမ္ဘကကံ-ထိသာ ရေးသားပြီးသေး၏။ ဖျာပုံမှ ဦးသန်မောင်ထံမှ စာရောက်သည်။ ဦးနု ဆရာတော်ထံ လာသည်ဟူ၏။

11.11.67

ကမ္မ-ကို ဆက်ရေးသည်။ ဥပပီဋ္ဌကကံ-သာ အကြမ်း ပြီးသည်။ ယဉ်ပုံကို ဝန်ထောက်မင်းတို့နှင့် ဒေါ်ခင်ပုတို့၏ ကထိန် ခင်း၏။ ကာရကသံဃာများကို ဆရားမ အေးတို့က ဧကသီ, မောင်တင်ဦးတို့ သင်းပိုင် လှူဒါန်း၏။

12.11.67

ဂရုကံစသော လေးမျိုး အကြမ်းပြီး၏။ မောင်နန္ဒ အဖျားမှာ ၁၀၄ ထိ ရှိသည်။ အဖျားတက်ချိန်ဖြစ်၍ ဒေါ်အေး ဆေးတိုက်က ဆေးမထိုးလိုက်။ ဒီနိုင်ငံတွင် ရသော ဆေးများ ပေးလိုက်၏။ ၅ ကျသည်ဟူ၏။

13.11.67

ဒိဋ္ဌဓမ္မဝေဒနီယစသော ကံများကို ရေးသည်။ တိုက်ဟောင်း ကထိန်ရှိ၍ အချိန်ပြည့် မလုပ်ရ။ မောင်နန္ဒ ဆေးရုံ ဆေးထိုးရာ ပင်နယ်စလင် မတည့်၍ ချက်ချင်းမူးသည်ဟူ၏။ တော်ပေသေး၏ ဖြေဆေး ချက်ချင်းထိုး၍။

14.11.67

အဘိဓာန်ရေး ဌာနသို့ မသွားဖြစ်။ ကထိန်ရှိ၍ ဖြစ်သည်။ လမ်းလယ်ဘုရားအနီးမှ ဒကာတဦးက ကထိန်ခင်း၏။ ကျွန်ုပ်ပင် ကထိန်ခံလိုက်သည်။

မြန်မာက လျှပ်စစ်နာရီဖြစ်ကြောင်း တွေ့ရ၏။

ရှု(ရူပသိဒ္ဓိ)စာဝါ မချဖြစ်။ ကထိန်တရားကိုလည်း တတ်စွမ်းသမျှ ဟောလိုက်၏။ မိလိန္ဒက ကမ္မဖလဘာဝပဋ္ဌာကို မူထား၍ ဟောသည်။

15.11.67

ဝိဘင်းလာ ကံ(၁၆)မျိုးကို ရေး၏။ (၈)မျိုးသာ ပြီးသေးသည်။

16.11.67

ဒေါက်တာသိန်းအောင် ကထိန်တွင် ဆရာတော်က တိုက်သစ်ကထိန် ဟောသော တရားကိုပင် ထပ်ဟောရန် အမိန့်ချ၍ ဟောခဲ့သည်။ ကြိုက်/မကြိုက်မှာ ကိုယ့်တာဝန် မဟုတ်။ ဟောရန်သာ ကိုယ့်တာဝန်ဖြစ်၏။

ဝိဘင်းလာ ကံ နောက်ပိုင်း(၈)ပါးကို အကြမ်း ရေးလိုက်သည်။ စာမေးပွဲကလည်း ကျင်းပနေရ၍ အလုပ် ဖြောင့်ဖြောင့် မလုပ်ရ။ မတင်ညွန့် ခဏ လာ၏။ သူ့ဦးဇင်း ဒီ ပြောင်းခြင်ပြန်သည်ဟူ၏။

လုပ်သားတွင် ရေဦး ဦးသောင်း-ရေး ရှေးခေတ် (၁၁၅၀) ကျွန် အရောင်းအဝယ်စနစ်နှင့် ငွေချေးစနစ် စာချုပ်များ စာတမ်းကို ဖတ်ရှုရသည်။

17.11.67

ဒိဋ္ဌဓမ္မဝေဒနီယစသော ကံ(၄)မျိုးကို တဦးတည်း ပြန်၍ အကြမ်းရေးသားသည်။

18.11.67 ဒိဋ္ဌဓမ္မ (၁၈)ပါး အပြားကိုပင် မပြီးတတ်၍ ဆက်ရေးသည်။

19.11.67

ဒိဋ္ဌဓမ္မကံများကို အများရှေ့ ဖတ်ပြ၍ အတည်ပြုလိုက်ကြသည်။ ပဋိသမ္ဘိဒါလာ ကံကို အစမ်း ရေးကြည့်သည်။

ကိုချစ်တင် ယောက္ခမ ပျက်စီး၍ အသုဘပင့် လာသည်။ (၆၅)နှစ် ရှိပြီဟူ၏။ မသေခင် လပေါင်းများစွာ ဒုက္ခဝေဒနာ ခံစားရရှာသည်။

20.11.67

ပဋိသမ္ဘိဒါလာ ကံ(၁၂)ပါးကို ပြန်ရေး၍ တင်ပြခဲ့သည်။ လက်ခံ၍ တိုက်ရိုက်လိုက်သည်။ ကံအကျိုးကိုလည်း ရေးခဲ့သည်။

ဖြိတိန်က စတာလင်ပေါင် ငွေဈေးကို တပေါင် ၂ဒေါ်လာ ဆင့်(၈၀)မှ (၄၀)သို့ လျှော့ချသည်။ ၁၉၄၉-ခုနှစ် လေဘာအစိုးရ အက်တလီ လက်ထက်ကလည်း တခါ ဈေးချခဲ့ရသေးသည်။ ယခုလည်း လေဘာအစိုးရလက်ထက်တွင်ပင် တန်ဘိုး ချရပြန်သည်။ ယခု ၁၄.၃ လျှော့လိုက်ခြင်း ဖြစ်သည်။

21.11.67

ကမ္မ-ကို အနက်ရေး၍ တင်ပြလိုက်သည်။ အခြား ဗာဟိယနှင့်ပင် အချိန်ကုန်လွန်၏။

22.11.67

အတွဲ(၂၇)ကို စီမူချောဖြစ်ရန် ပြင်ဆင်ကြသည်။ ဦးစိုးတင်နှင့် ဦးသြဘာ လာ။ မောင်လုံးလည်း ရောက်လာသည်။ ကိုတင်အောင်လည်း မောင်ဝင်းမောင်နှင့် ရောက်လာ၏။ ဆွမ်းစားလာပင့်ကြခြင်း ဖြစ်သည်။ မောင်လုံးထံမှ သိရသည်။ ဦးတို့ ဆန် အနည်းငယ် မိသည်ဟူ၏။

23.11.67

မျက်နှာ ၂၁ ကမ္မပထဝိသေသကရ-ထိ ရောက်သည်။ သာဂဒိုး ဆောင်းပါးတွင် ကမ္ဘာ့နိုင်ငံများ၏ ရွှေပိုင်ပမာဏ ပါသည်။ စတာလင်ပေါင်ငွေမှာ ဗမာတွင် ၁ ကုဋေ ပတ်ဝန်းကျင်သာလောက်တော့ ရှိသည်ဟူ၏။ ယင်းအတွက် ဗမာငွေ သိန်း(၂၀)လောက် ထိခိုက်နစ်နာသည်ဟု ဆိုသည်။ ဒင်းမတ်တို့ အိုင်ယာလန်တို့ကလည်း ငွေဈေးချကြသည်။ ဖောင်အမှတ်(၆) မူချော ရသည်။

24.11.67

ကိုချစ်တင် ယောက္ခမ ရက်လည် ဆွမ်းသွတ်တွင် တတ်စွမ်းသမျှ တရား ဟောခဲ့၏။ ကိုဝင်းမောင်၏ (အဒေါ်) အသုဘရှုလည်း သွားရသေးသည်။ အလုပ်ကောင်းကောင်း မလုပ်ရ။ ကိုနာဂလာ စာမေးနေ၍ ဖြေပြရသည်။ ဆရာတော် မွေးနေ့အထိမ်းအမှတ် သံဃာ(၁၀၈)ပါး ဒေါ်ကြင်က ဆွမ်းကပ်၏။ မောင်လုံးတုံး ပြန်သွားသည်။ ညပိုင်းတွင် ပိ-ယဉ်-တို့နှင့် ထွေရာလေးပါး စကားပြော၏။

25.11.67 နှာ ၂၈ ကမ္မပဝတ္တ-ထိ ပြီးသည်။

26.11.67 နှာ ၃၅ ကမ္မပ္ပသုတ-ထိ ပြီးသည်။ ဒီပ-ပိ(ပိဋက) ဒါယာဒ သုံးပါးသာ လုပ်၏။

27.11.67 ကမ္မပ္ပဝစနီယ-ကို အပြီးသတ် ဆွေးနွေးပြီး၏။ ကမ္မ-ကို ပြန်တည်းကြသည်။ ဥပပီဠက-ထိ ရောက်။ eighty ကို လက်ခံရရှိ၏။

28.11.67 ၂၂ ကမ္မ-အတွဲကို ပြန်တည်းရာ ဝိနည်းကံအထိ ရောက်သည်။

29.11.67 ၂၂ ကမ္မ-အတွဲ လုံးဝ ပြန်တည်း၍ ပြီးသည်။ ၂၃ လည်း လုံးဝ တည်း၍ ပြီးသည်။ စီ-မူအဖြစ် ရန်ကုန်ပို့ရန် ဂန္ထ(ထံ) အပ်လိုက်ကြသည်။ ဂန္ထက သူ ရေးထားသော ကမ္မကိုလည်း ပို့သည်ဟူ၏။ ကြိုက်ရာ စီရန် ဖြစ်သည်ဟူသတတ်။

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ကြာသပတေးနေ့ (၁၃၂၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်)

ကိုဋ္ဌေးလှိုင်ထံ အုပ်ကိစ္စအကြောင်း အနည်းငယ် စာရေးလိုက်သည်။ (၂၈)အတွဲကို စ၍ တည်းကြသည်။ ပိ(ပိဋ္ဌက) ဒီပ-ကျွန်ုပ် သုံးဦးသာ လုပ်၏။ **ဓာတ်ပုံရိုက်ရန် ဖြစ်သော်လည်း သာကြီး (ဦးသာဂရ-အဘိဓမ္မ) မရှိ၍ မရိုက်ရပေ။**

ဝန်ထောက်မင်းက သူ စစ်ခဲ့ဘူးသော (အရင်)မျိုးဆက်မှ အကွက်ဆင်သည့် ဘိန်းမှုအကြောင်းကို ပြောပြသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ သက်သေငါးများ၏ အကြောင်းကလည်း တမျိုး စိတ်ဝင်စားဖွယ်ပင်တည်း။

3.12.67

ကမ္မယုတ္တ-ထိ ပြီးသည်။ **ဓာတ်ပုံ ရိုက်ကြသည်။** မဟာစည်က ဝင်းလိုက် ဒေါ်ရင်ရင်ကို "သူတို့ တိုက်လောက် ကောင်းတာ ဘယ်မှ မတွေ့ခဲ့"ဟု ပြောသည်ဟူ၏။

4.12.67

(၂၈)အတွဲ ပြီးပြီ။ သို့သော် (ကမ္မလက္ခဏ)ကား ကျန်သေး၏။ အတွဲ(၃၀)ကို စ၍ တည်းဖြတ်ကြသည်။ ကမ္မသင်္ဂါရနတိ-ထိ ပြီး၏။ ယဉ်ပုံ ခေတ္တ ရောက်သေးသည်။

5.12.67

ကမ္မလက္ခဏကို အကျယ်ရေး၍ တင်ပြသည်။ အားလုံး လက်ခံကြ၏။ အတွဲ(၃၀) ကမ္မသင်္ခေပ-ထိ ရောက်သည်။ ဆရာတော် ဆေးရုံတက်သည်။ ကျွန်ုပ်မှာ စာဝါ ရှိနေ၍ လိုက်မပို့။ ဝိနယ ဒီပတို့ လိုက်ပို့ကြ၏။

6.12.67

အတွဲ(၂၂)ကို ပြန်တည်း၍ စာစီရန် အပ်လိုက်သည်။ စာရွက်(၁၃)ရွက်သာ ကျန်၏။ အတွဲ(၃၀)ကိုလည်း ကမ္မသမာဒါန-ထိ ရောက်သည်။ ဘေဒစိန္တာ ကုန်သည်။ ရက်ပေါင်း (၁၀၃)ရက် ချရ၏။ ချစဉ်အတွင်း တရက်သာ ပျက်၏။ တရက်လျှင် ၃-၄-၅ ဂါထာ ကုန်သည်။



7.12.67

ဆရာတော် မျက်စိခွဲရန် ဖြစ်သော်လည်း ခေါင်း ငြိမ်ငြိမ်မထား၍ မခွဲဖြစ်။ တပတ်ကြာမှ ကြိုးစားဦး မည်ဟု ဆို၏။ ကျွန်ုပ်တို့လည်း ဆေးရုံ ရောက်သေး၏။ ကမ္မသဟိတသန္တာန-ထိ ပြီး၏။

8.12.67

၂၈ ကို ပြန်တည်း၍ စီ-မူအဖြစ် ပို့ရန် အပ်လိုက်ကြသည်။ ၃၀ တွဲလည်း ကမ္မသိဒ္ဓိ-ထိ ပြီးသည်။ ဝန်ထောက်မင်းထံ မသွားဖြစ်။ နံက်တွင် မပေါ(ကျောင်းအမ၏ ညီမအရင်း)၏ ခင်ပွန်း ၂ နှစ်မြောက် အထိမ်းအမှတ် ဆွမ်းကျွေး သွားသည်။

9.12.67

ဆေးရုံ ဆရာတော်ထံ ခေတ္တ ရောက်သေး၏။ ဝန်ထောက်မင်း ပြောသော တောသားနှင့် ရှေ့နေ (--) စကားထာဖွက်သော ပုံပြင်လေးမှာ ကောင်းလှ၏။ လည်လှပြီ ထင်နေသော ရှေ့နေခမျာ ရှုံးလည်း ငါးမူး, နိုင်လည်း ငါးမူး ရှုံးနေခြင်း ဖြစ်၏။

10.12.67

ကမ္မသကတာဉာဏဗလ-ထိ ပြီး၏။ ဖောင်ချော(၇)နံပါတ် ရရှိ၏။ ကဏ္ဍာ ရေးပုံ မကြိုက်ပါ။ ကဏ္ဍာဂုန္ဒာဝန ကဏ္ဍာကဂုန္ဒာဝန (၂)ပုဒ်မှာလည်း အနက် ကွာလွန်းလှသည်။ အဖွင့်အတိုင်း လိုက်ရေး၍ ဋီကာ များအတိုင်း (မှား)ကြရတော့သည်။

11.12.67 အတွဲ(၃၀) ပြီးသည်။ ကမ္မသကတာ-ပုဒ်ကိုကား ပြန်ရေးရန် ဆုံးဖြတ်ထား၏။

12.12.67 အတွဲ(၃၂)ကို စ၍ တည်းသည်။ ကရ-ထိ ရောက်၏။

13.12.67

ကမ္မသက ကမ္မသကတာဉာဏ ကမ္မသကတာသမ္မာဒိဋ္ဌိ ၃-ပုဒ်ကို အကျယ်ရေး၍ တင်ပြသည်။ အားလုံး သဘောတူ လက်ခံလိုက်၏။ အတွဲ(၃၀)ကိုလည်း ပြန်၍ တည်း၏။ ကမ္မသမ္ဘတ္တိ-ထိ ပြီးသည်။ (၃၂)အတွဲလည်း ကရကဓာရာ-ထိ ပြီးသည်။

မုံရွေးဆရာတော် (ဦးဥတ္တမဗုဒ္ဓိ) လာ၏။ အယူအဆတခုသည် မင်္ဂဖိုလ် အန္တရာယ် မဖြစ်လျှင် ဟိုဟာ မှန်သည်, ဒီဟာ မှန်သည်, ဖြစ်သင့်သည်-စသည်ဖြင့် အချိန်ကုန်ခံ၍ ငြင်းချက်ထုတ်မနေသင့်ကြောင်း လျှောက်ထားလိုက်သည်။ "ဟုပေယျ"က လာ၍ "ဟုပ်"ကို ပသတ် ရေးသည်ဟု ဆို၏။ ဟောတိလည်း ရှိ သေးသည်ကို သတိပြုရာ၏။

14.12.67

ဆရာတော် မျက်စိ ခွဲ၍ အောင်မြင်သည်။ တိမ်မှာ ရွေးကြီးစေ့၏ (၃ပုံ ၂ပုံ)ခန့် ရှိသည်။ အတွဲ(၃၀) အားလုံး ပြီးသည်။ ရန်ကုန်ပို့ရန် အပ်လိုက်၏။ အတွဲ(၃၂) ကရဂ္ဂ-ထိ ပြီးသည်။

15.12.67

အတွဲ(၃၂) ကရဋ္ဌိတဗ္ဗ-ထိ ပြီးသည်။ ရေပုတ္တလင်မှ ဦးဝတကြီး ယဉ်ပုံတွင် တွေ့၏။

16.12.67 လစဉ်ငွေပေး စာမေးပွဲ (၆)ဖြေ, (၃) အောင်သည်။

17.12.67

ကရဏကန္ဒဏ-ထိ ပြီးသည်။ ဖျာပုံ နောင်ကြီးကောထံ စာထည့်၏။ ညနေပိုင်းနှင့် ညပိုင်းမှာ ဖျားချင်သလို ဖြစ်နေသည်။ (၄)ရက်ခန့် ရှိပြီ။ ဆောင်းအခါတိုင်း ဤသို့ ဖြစ်တတ်၏။ အိပ်ယာထဲ လဲသည်အထိ လည်း မဖျား။ သီလက္ခန် စ၍ ချ၏။ ဋ၊၁၃၃ အာရကတ္တာမှ စ၍ ချ၏။

18.12.67

ကရဏပုဗ္ဗာပရ-စသော ပုဒ်ရှည်ကြီးထိ ပြီး၏။ ဖျက်ရသောပုဒ် များသည်။ "ဌေ့်တိုင်ရမည်" ဟူသော စာရင်းလွှာ ရရှိ၏။ The earth quakes at half-past 12'O Clock at night.

19.12.67

အတွဲ(၃၂)ကို လုံးဝ ပြီးစီး၏။ အတွဲ(၃၄)ကို ညနေပိုင်းတွင် စ၍ လုပ်ကြ၏။ ဆရာတော်ထံ ရောက်သည်။ အခြေအနေ လုံးဝ ကောင်းနေသည်။ ဝမ်းသာစရာပင်။

20.12.67

ကရဏာဂုဏယောဂ-ထိ ပြီးသည်။ ကပဏ-ပါသော ဋ္ဌီကို ရရှိသည်။ ညပိုင်းတွင် ကရဏာနှင့် ကရဏာရသ-အကြောင်း ပြောသည်။

21.12.67

ကရဏာပုဗ္ဗဘာဂ-ထိ ပြီးသည်။ ကရဏာအကြောင်း ကရဏာရသအကြောင်း အကျယ်ကို တင်ပြသည်။ ကရဏာရသအကြောင်းအကျယ်မှာ ရှည်လွန်းသည်။

22.12.67

ကရဏာသီတလဘူတဟဒယ-ထိ ပြီးသည်။ ဖျက်ပစ်ရသောပုဒ် များလှသည်။ ရေးစဉ်က ဘာမဆို အကုန် ရေးခဲ့ကြ၍ ယခုမှ ဖျက်ပစ်နေကြရသည်။

23.12.67

အတွဲ(၃၄) ပြီးသည်။ ၎င်းပြင် အတွဲ(၃၆)မှ ကလသိဂါမ-ထိ ပြီးသည်။ ဆရာမအေးက လိုသော ပစ္စည်း အမိန့်ရှိရန် ဝန်ထောက်မင်းမှ တဆင့် လျှောက်ထားခိုင်းလိုက်ပြန်သည်ဟူ၏။

24.12.67

ဂ္လိပရုဖ်ကို အပြီးဖတ်သည်။ လိင်မှာ အားရစရာ မကောင်းလှ။ ဒေါ်အမာ၏ အောင်ဗလ ဖိုးစိန် စိန် ကတုံး အကြောင်း စာအုပ်ကို ဖတ်သည်။ ရောက်သည့် စာမျက်နှာအထိ လူမှုရေးတွင် သုံးဖြစ်မည့်အကွက် မပါသေး။

27.12.67 ကလဟုပစ္ဆေဒန-ထိ ပြီးသည်။

28.12.67

ကလာ-တပုဒ်သာ ပြီး၏။ မယ်တော်ကြီး သူရဿတီ မွေးနေ့ ဆွမ်းကျွေးသည်။ ပင့်၍ သွားရ သေး၏။ ဆရာတော်ထံ(ဆေးရုံ)လည်း ခေတ္တ ရောက်သေးသည်။

29.12.67

ကလာပဗဒ္ဓ-ထိ ပြီးသည်။ ဝန်ထောက်မင်းထံ တပါးတည်း သွားသည်။ ပိ(ပိဋက)မှာ အာဂန္တုရှိ၍ မ လိုက်နိုင်။

30.12.67

ဝန်ထောက်မင်းအိမ် တဦးတည်းပင် သွားသည်။ ကိုစောကြည်က သူ့မွေးနေ့ ဆွမ်းကြွေး၏။ ဦးတေ က သူ့ရဲ့ လုပ်ဆောင်ချက်ကို ပြောပြရာ အားရစရာလည်း ကောင်းသည်။ အတုယူစရာလည်း ကောင်း သည်။ အများနှင့် ဝိုင်းလုပ်ကြရာ၌ ညီညွတ်သောအဖွဲ့ကို အားပေး၍ မညီညွတ်သောအဖွဲ့ကို ညီညွတ်မှု ရှိ အောင် ဆွပေးသည်မှာ ကောင်းလှသည်။

၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၉ ခုနှစ်၊ ပြာသိုလ်လဆန်း ၁ ရက်)

ကလာယမတ္တံ-ထိ ပြီးသည်။ "သူများနဲ့တူ လုပ်ပြန်လဲ ခံစရာရှိက ကိုယ်သာ ခံရမည်။ သူများနဲ့တူ မ လုပ်ပြန်လဲ လောကမှာ နေရေး ကြပ်သည်။ ဒီတော့ ကြည့်နေကြရန်သာ ဖြစ်သည်"ဟု ဂန္ထက ယဉ်ပုံအား ဩဝါဒ ပေးဘူးသည်ဟူ၏။ ကောင်းလှသည်။ ညတွင် ယဉ်ပုံ အိပ်၍ ထွေရာလေးပါး စကားပြောကြသည်။

————————————————————————————————————

# ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်၊ တနင်္လာနေ့
# (၁၃၂၉ ခုနှစ်၊ ပြာသိုလ်လဆန်း ၂ ရက်)

Happy new year.

တဖွဲ့ ခွဲ၍ လုပ်သည်။ ဓမ္မဝိနယ ကျွန်ုပ် ဦးပညာ-ဟု လျာထား၏။ ဦးပညာ မရှိ၍ မောင်ဇယနှင့်ပင် ခေတ္တ အလုပ်လုပ်ကြ၏။ အတွဲ(၃၈)ကို စ၍ ကိုင်သည်။ ကလျာဏီဝိဟာရ-ထိ ပြီး၏။ ယဉ်ပုံမှ ငွေ(၁၀၀) ပြန်ရသည်။ (၅၀) ကျန်သေး၏။ eighty five ကို ရရှိ၏။

2.1.68

ကလ္လောလ-ထိ ပြီးသည်။ ဦးပညာနှင့် ကျွန်ုပ် နှစ်ဦးသာ အလုပ် လုပ်ကြ၏။ ဓမ္မဝိနယမှာ ပရိယတ္တိမှ ပုစ္ဆာထုတ် ပင့်၍ မလုပ်ပေ။

3.1.68

ကသက-ထိ ပြီးသည်။ ဦးပဏ္ဍိတ(မြတောင်) လာ၍ မောင်ဝဏ္ဏိတ အကြောင်း ဆွေးနွေးတိုင်ပင်ရင်း ထွေရာလေးပါး စကားပြောကြ၏။ မောင်ဝဏ္ဏိတ စည်းကမ်းပျက်နေ၍ သူ့ဆရာထံ ပြန်အပ်လိုက်ရန် အထူးဆွေးနွေးကြခြင်း ဖြစ်သည်။ သူ့အဖို့ တိုးတက်မှု မရှိတော့လျှင် လက်ခံထားရန် မဖြစ်နိုင်။ နှစ်ဦးစလုံး အကျိုးမရှိ ဖြစ်သည်။

4.1.68

ကသနနင်္ဂလ-ထိ ပြီးသည်။ လေးကျွန်းချမ်းသာ (ဦးသောဘိတ ပဌာန်း) အကြောင်းကို ပို၍ ဇစ်မြစ် သိလာရသည်။ သင်ခန်းစာ ယူရန်ပင်။ လူကြီးများ၏ "ငါ လူကြီး! မည်သူ့မျှ တိုင်ပင်ရန် မလို"ဟူသော မာန စွဲကြောင့် ဘေးသင့်ခြင်း ဖြစ်၏။

5.1.68

ကသာဘိဟတ-ထိ ပြီးသည်။ ကိုနာဂ စေတိယင်္ဂဏ အောင်ကြောင်း ကြားရ၍ ဝမ်းသာလှသည်။ ဆရာတော်ထံလည်း ခဏ ရောက်သည်။ မျက်စိ ကောင်းစွာ မြင်ရ၍ တော်တော် ဝမ်းသာနေပုံ ရ၏။ ဝမ်းလည်း သာစရာပင်။

6.1.68

ကသာဝယုတ္တ-ထိ ပြီးသည်။ ဖောင်ချော(၁၀, ၁၁)နံပါတ် ဖောင်များ ရ၏။ မကွေးမှ ဘုန်းကြီး(ဦးသုမန ဆရာ) ရောက်လာ၏။ မျက်စိကုရန် ဖြစ်သည်။

7.1.68

ဆရာတော် ဆေးရုံမှ ဆင်းသည်။ ဥပုသ်တော်ရပ် ဘုရားပွဲမှ တိစီဝရိက် ထီး ဘိနပ် စောင် သပိတ် များ ပေါက်သည်။ နံပါတ်(၁) ဖြစ်သည်ဟူ၏။ စောင်နှင့် သပိတ်ကို ကိုနန္ဒအား လှူဒါန်းလိုက်၏။

8.1.68

အတွဲ(၃၈) လုံးဝပြီးသည်။ အတွဲ(၄၁) စ၍ ကိုင်သည်။ ကပာပဏ-ထိ ပြီး၏။ ဆရာမြို့ထံမှ ငှါးခဲ့သော သက္ကဌဆန်းကျမ်း ပြန်ပေးလိုက်သည်။ ဆရာမြို့ကိုယ်တိုင်ထံမှာ ဖြစ်၏။

9.1.68

ကဌမ္မရဝါသိက-ထိ ပြီးသည်။ ဗိုလ်သခင်ဆရာက ရွှေဥဒေါင်း သရော်ထားသော ဆောင်းပါး ကြေးမုံ တွင် ဖတ်ရ၏။

10.1.68

ကဋ္ဌိမ္မ-ထိ ပြီးသည်။ ပုဒ်ခွဲ၍ မရ။ အဖွင့်ကို ရှု၍သာ အနက်ပေးလိုက်ရသည်။ ပုဒ်ပျက်များ ဖြစ်ဟန် ရှိ၏။

11.1.68

အတွဲ(၄၁) လုံးဝပြီးသည်။ မနေ့ညက တညလုံးလိုလို မိုးရွာသည်။ ယနေ့လည်း မိုးရွာ၍ ဆွမ်းချက် ကြရ၏။ ညနေထိ မတိတ်သေး။ ဖျက်မိုး ဖြစ်ဟန်ရှိ၏။ စာဝါ (၂)ဝါလုံး မချရ။

12.1.68 အတွဲ(၄၄)မှ ကာမနီယ-ထိ ပြီးသည်။

13.1.68 ကာမပလိရောဓ-ထိ ပြီးသည်။

14.1.68

ပါဠိအာဂုံစာမေးပွဲတွင် ပေယျာလ မဖော်နိုင်ကြ၍ ပုစ္ဆာများ ပြင်ဖော်ပေးရ၏။ ပါဠိကို "နမော တဿ"လို ကြေညက်နေသူ သဇ္ဇန (ယခု ဦးသဇ္ဇန ဒွိပိဋ္ဋကဓရ၊ အမေရိကန်) တပါးသာ ဖော်နိုင်၏။

15.1.68

ကမ္မဘဝ-ထိ ပြီးသည်။ အဘိသင်္ခါရဝိညာဏ်ဟူသည် ကမ္မသဟဇာတဝိညာဏ်ကို ခေါ်ကြောင်း အံ၊ ဋီ။၂ တိကနိပါတ် ပိုဒ်ရေ(၇၀) အဖွင့်တွင် တွေ့ရ၏။ မှတ်စရာပင်။

16.1.68

ကာမဘောဂိသေယျာ-ထိ ပြီးသည်။ ဆရာတော်က အေးလွန်း၍ နားကြရန် ပြောသည်။ သို့သော် အများက မနားသဖြင့် လုပ်ရသည်ပင်။ မိုးမှာ ည နေ့ ပြတ်သည်မရှိလှ။ ရွာလျှက် ဖျက်လျှက်ပင်။

17.1.68 ကာမယောဂ-ထိ ပြီးသည်။

18.1.68

အတွဲ(၄၄) ပြီးသည်။ အတွဲ(၄၇)ကို စ၍ တည်းဖြတ်သုခ်သင်၏။ ကာမဟေတုက-ထိ ပြီး၏။ ဦးလှမောင် လာသည်။ ဆရာတော်ထံမှာ အဘိဓမ္မာပြန့်ပွားရေးက လှူဒါန်းလိုက်သော ပစ္စည်းများ ပါလာ၏။ တိုက်ဟောင်းမှ ဒီပင်ဂျာစာချုပ်များလည်း ပါလာ၏။ ဝိ(ဝိသုဒ္ဓါရုံ)မှ ရေးသော အမှတ်(၃) ဖောင်ချောရောက်၏။ ဖတ်ကြည့်သည်။ စက္ကူ-ရေးပုံ မကြိုက်။ အခက်ကို ရှောင်၍ ရေးထားသည်ကို တွေ့ရ၏။

19.1.68

ကာမာနုပက္ခန္ဒက-ထိ ပြီးသည်။ ဦးသြဘာ ခေတ္တ လာ၍ ငွေ(၂၀) ယူသည်။ ဒါရိုက် (မဆလ?) ဖတ်သံ နားထောင်ရ၏။ မဆိုးလှ။

20.1.68

ကာမာလယသမုဂ္ဂါတ-ထိ ပြီးသည်။ ကြေးမုံတွင် သော်တာဆွေ ရေးသော ဆောင်းပါကလေးကို ဖတ်ရသည်။ မဆိုးလှ။ စာမူခ အကြောင်း ရေးထား၏။ ယဉ်ပုံက ငွေ(၅၀) ပြန်ပေးသည်။ သူ့ဆီ အကြွေးမကျန်တော့။ ဦးသြဘာကလည်း ငွေ(၂၀) ပြန်ပေးသွား၏။ အထက်လူ၏ အမူအရာမှာ သိပ်ကျေနပ်စရာမဟုတ်လှ။ အစစအရာရာ သဘောထားကြီးသူသာ လူကြီး ဖြစ်ထိုက်သည်။ စိတ်ဆိုးသင့် မသင့် စဉ်းစားတတ်သူမှသာ လူကြီး ဂုဏ်အင်္ဂါနှင့် ညီ၏။

21.1.68

အတွဲ(၄၇)မှ ကာမာဝစရ တပုဒ်သာ ပြီး၏။ အတွဲ(၃၈) ပြန်စစ်ရာ ကဝိဠကအဿမ-ထိ ပြီးသည်။

22.1.68 အတွဲ(၃၈)ကို ပြီးအောင်ဖတ်သည်။ တရားဝင် မဟုတ်။ တယောက်တည်းသာ။

23.1.68

ဥရောပဘုံဈေးအဖွဲ့ဝင်နိုင်ငံများကား ပြင်သစ် အနောက်ဂျာမနီ အီတလီ ဘယ်လ်ဂျီယန် နယ်သာလန် လူဇင်ဘတ်တို့ ဖြစ်၏။ ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့(အက်ဖ်တာ)ဝင် နိုင်ငံများ ဗြိတိန် သြစတြီးယား ဒိန်းမတ် နော်ဝေ ပေါ်တူဂီ ဆွီဒင် ဆွစ်ဇာလန် ဖင်လန်နိုင်ငံတို့ ဖြစ်၏။

အတွဲ(၃၈)ကို ပြန်တည်းပြီး၍ အပ်လိုက်သည်။ ဖြည့်စွက်၍ ရေးပေးရသည်နှင့် ပေါင်းသော် နှာ(၂၅) ရှိ၏။ အတွဲ(၄၇)မှ ကာမာဝစရကိရိယာဗျာကတ-ထိ ပြီးသည်။

24.1.68

ကာမာဝစရဒေဝကာယ-ထိ ပြီး၏။ မာ(မာဂဓ) ပရိ(ပရိယတ္တိ)တို့ ပြင်ဆင်ကြသည်မှာ မသေချာ ကြောင်း အပေါင်းအသင်းများအား ထောက်ပြခဲ့သည်။ ပရိ(ပရိယတ္တိ)က လုံးဝ စိတ်ဝင်စားသူ မဟုတ်။ မာ(မာဂဓ)က စိတ်ဝင်စားဖော်ရပေသည်။ သို့သော် ဘဝင်လေပင့်၍ ရှုးနေသယောင်ယောင် ရှိသည်က ခက်၏။

25.1.68 အတွဲ(၄၇) ပြီး။ (၄၉) စတည်းသည်။ ကာမောပဘောဂဟေတု-ထိ ပြီး၏။

26.1.68

ကာယ-တခုသာ ပြီး၏။ ဒေါင်းစကြာဆိုသူက စာ-လာမေးနေ၍ မပြီးလှ။ ကမ္ဘ-မှ စုံသလောက် ဂ္ဂ များ ရောက်လာ၏။ ဦးကျော်ထွတ်က "မြန်မာစာ အရေးအသားမှာ အကောင်းဆုံးဟု မဆိုနိုင်သော်လည်း အတော်အတန် လူပြိန်းများ ဖတ်လျှင် နားလည်တန် ကောင်းပါရဲ့"ဟု မှတ်ချက်ရေးပေးလိုက်၏။

27.1.68 ကာယ-တပုဒ်သာ အပြီးသတ် ရေးသား အတည်ပြုနိုင်၏။

28.1.68 ကလျာဏီကျောင်း စေတီအကြောင်းများ မှတ်သားဖွယ် ရေးနေရ၍ အဖွဲ့တွင် ဝင်မလုပ်ပေ။

29.1.68

ကလျာဏီကျောက်စာကို ကြည့်၍ ကလျာဏီသိမ်အကြောင်း အကျယ်ရေးသည်။
ယဉ်ပုံမှ အပြန်တွင် ထူးဆန်းစွာ တံခါး မဖွင့်ဘဲ မီးလင်းနေသည်ကို တွေ့ရ၏။
ဝန်ထောက်မင်းထံ တဦးတည်း သွား၍ တော်စတွိုင်း အကြောင်း ဖတ်ခဲ့သည်။

30.1.68

ကလျာဏီစေတီစသည် အကြောင်းကို စီမူအဖြစ် အပ်လိုက်သည်။ ကာယကမ္မာဓိဋ္ဌာန-ထိ ပြီးသည်။ eighty ကို လက်ခံရရှိ၏။

၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၂၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်)

ကာယဂတာသတိ-ထိ ပြီး၏။ အကျယ်ကား မရေးရသေးပေ။ သီ(သီလက္ခန်)စာဝါ ရပ်လိုက်၏။

၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ဝ ရက်၊ စနေနေ့ (၁၃၂၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်)

အတွဲ(၅၂) ပြီး၏။ ယဉ်ပုံနှင့် ဦးတေတို့ လာ၍ စစ်ကိုင်းအကြောင်း ဆွေးနွေးကြသည်။

11.2.68

အတွဲ(၄၉)နှင့် (၅၂)မှ ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ တိုက်(ပ်)ရိုက်ရန် အပ်လိုက်သည်။ ဤစာအုပ် လက်ခံရရှိသောနေ့ ဖြစ်၏။ ဓမ္မဝိနယဘုန်းကြီး ရန်ကုန်သွား၏။ (နာရေးကိစ္စ)

12.2.68

စောင်းဆရာ၊ ယားနာနှင့် ပွေး၊
ပါဒယက်၊ ပရွက်ပလူနှင့်၊
ဖားအနူ ဤရှစ်မျိုး၊
မိုးဟောအမှန် မှတ်ပါတော့၊
သိပ္ပံကို တိရစ္ဆာန်က တတ်ကြတယ်၊
ဆုံးဖြတ်ချက်ရေး။ (ဦးဂုမ္ဘဏ် မြန်မာ့ဇာတိသဘင်)

အတွဲ(၅၅)ကို စ၍ တည်းသည်။ (၅၇)မှ ကာရဖလသမာနဝဏ္ဏ-ကိုလည်း အမှတ်ရခိုက် ပြင်ဆင်လိုက်သည်။ မိုး အနည်းငယ် ရွာ၍ ဝန်ထောက်မင်းအိမ် မသွားဖြစ်ပေ။

ဘုရားဝတ်ပြုရာ၌ ပခုံး နှစ်ဘက်စလုံး ခြုံ၍ ဝတ်မပြုရန် ဂန္ထ၏ သြဝါဒကို ဦးကလျာဏမှ တဆင့် ကြားသိရ၏။

စာပြန်သံချောင်း မှားခေါက်၍ နှစ်ကြိမ်ခွဲ ပြန်စေရသည်။ အချိန်မဟုတ်ဘဲ ခေါက်၍ တချို့က မလာဘဲ ပေကပ်နေသည်။ သတိပြုစရာပင်။ တိုးတက်ရန် မလွယ်သေး။

13.2.68

ဝန်ထောက်မင်းက ဆရာမ-အေး နောက်ထပ်တမှုအကြောင်း ပြောပြန်၏။ ဘရုတ်သုက္ခ ရှုပ်ပွနေအောင် အမှုပွေသည်ဟူ၏။

ဦးပဥ္စင်းများကို "ပရိသတ် စင်ကြယ်နေက စည်းကမ်း မရှိကြောင်း၊ လူညစ်ပတ်များ ပါလာ၍ စည်းကမ်းများ တိုးလာကြောင်း" ပြောပြရသည်။

14.2.68

ကမ္မအကြောင်းကို နှစ်မျက်နှာခန့် ထပ်မံရေး၍ အပ်လိုက်သည်။ မဃဒေဝလင်္ကာကို ဘာသာပြန်ခြင်,း သာဓက ရှာဖွေထည့်ခြင်းသာ ဖြစ်သည်။ ကာယိကဝါစသိကသံသဂ္ဂ-ထိ ပြီး၏။

ဆရာတော်က သူတို့ သကျသီဟ (၁၂၇၀-ပြည့်) အတူအောင်၍ သူငယ်(ချင်း)ဖြစ်သော ဦးပညိန္ဒ (**ပဋ္ဌမကျော် ဦးပညိန္ဒြိယ၊ ဦးသာလွင် မင်းကွန်း ရှားပင်ချောင်**) လူထွက်အကြောင်းကို ပြော၍

တရားဟော၏။ ဘုန်းကြီး လည်ခြင်းသည် လူလည်ခြင်း မဟုတ်ကြောင်း တရားဟောခြင်းပင် ဖြစ်သည်။ ဘုန်းကြီးလူထွက်က စိတ်ကောင်းရှိသော်လည်း လူများက စိတ်ညစ်ပတ်များ မွေးမြူကြပုံပင် ဖြစ်သည်။ မှတ်စရာပါပေ။

15.2.68

ကာယိန္ဒြိယသံဝရသံဝုတ-ထိ ပြီးသည်။ ဂန္ထဆရာတော်က သူတို့ မဇ္ဈိမဒေသ ယိုးဒယား ကမ္ဘောဒီးယား သွားရောက်ခဲ့စဉ်က အဖြစ်သနစ်လုံးစုံကို ပြောပြ၏။

16.2.68

ကာယူပသံဟာရ-ထိ ပြီးသည်။ ဓမ္မဝိနယ ဘုန်းကြီး ရန်ကုန်မှ ပြန်လာ၏။ ရှင်အာဒိစ္စဝံသ ကျောင်းတိုက်၌ ထပ်မံ ရိုက်ပွဲဖြစ်ကြကြောင်း ကြားခဲ့သည်ဟု ပြောပြ၏။ ဇဝနတိက္က (၁၃၁၅-ခု သကျသီဟ အောင်၊ အလယ်တောရ) အကြောင်း ကြားခဲ့ရသည်မှာလည်း မကောင်းဟု ပြောပြသည်။

17.2.68

ကာရ-ထိ ပြီးသည်။ “မောင်ဇယ ပညာဝံသတို့ ကမ္မဝါဖတ် ရှော်သည်”ဟု ဂန္ထက ပြောကြောင်း ကြားရသည်။ ရှော်လည်း ရှော်၏။ နာမည်တလုံးနှင့် နေသူများသည် လေ့ကျင့်ထားရာ၏။ ဗေဒါကြီး ပြော သလို ဆင်ကောင်ကြီး ဖြစ်နေမှ ပရွက်ဆိပ် ကိုက်ခံရ၍ အော်နေရသေးလျှင် သဘာဝမကျပေ။

18.2.68

ကာရကပုစ္ဆာ-ထိ ပြီးသည်။ ကာရက-ပုဒ်၌ ရေးစဉ်က အနက်များစွာ ရေးထားသော်လည်း တူရာ ပေါင်းလိုက်သောအခါ လေးနက်သာ ကျန်တော့၏။

ဆရာတော်က “တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ ကျောင်းလုသည်မှာ မကောင်းကြောင်း ရှက်ဖွယ်ကောင်းကြောင်း” မိန့်၏။

19.2.68

မင်းတုန်းမင်း ကိုရင်ဘဝက အတူနေ ဦးပဥ္စင်း ဦးဉာဏက “ကိုရင် အထွဋ်အထိပ်ရောက်က ငါ့ကို မ မေ့နှင့်”ဟု ၃-၄ကြိမ် ပြော၍ ကိုရင်က “မမေ့ပါ”ဟု ပြော၍ “ဘာ့ကြောင့် ထပ်ခါထပ်ခါ ပြောသလဲ”ဟု ငေါက်ဆတ်ဆတ် ပြောလိုက်ရာ နောင် မပြောဝံ့တော့ပုံ, အထွဋ်အထိပ် ရောက်သည့်ကာလ ၎င်း(ဦးပဥ္စင်း) ကို (ကိုယ်တိုင်) ဂိုဏ်းချုပ်ခံ့သော်လည်း စာမတတ်၍ မလုပ်ဘဲ နေပုံ, တော၌ နေသော်လည်း မန်းသို့ တ နှစ် (၃)ကြိမ် မင်းပူဇော်ခံ ကြွရပုံ, ရာဇဝတ်မှုများ နှုတ်နိုင်ပုံ, ၎င်းဆရာတော်သည် ပခန်းနှင့် ၁၂-ပါးဂိုဏ်း အကွဲတွင် ပခန်းဘက်မှ ဂိုဏ်းချုပ်ခံ့သည်ကို လက်ခံမိ၍ ၁၂-ပါးဘက် ဂိုဏ်းချုပ်-အုပ်-ထောက်များက အကြည်ညို လျော့ဆင်းသွားပုံ, အရွယ်ကြီးမှ ရာထူး လက်ခံလိုက်၍ မှားသွားပုံ ဆရာတော်က မိန့်၏။

ကာရကသံဃပရိစ္ဆေဒ-ထိ ပြီး၏။ ယဉ်ပုံနှင့် ထွေရာလေးပါး ကိစ္စများကို ဆွေးနွေးကြသည်။

ရေဦးစာချ ဦးဝဏ္ဏ-က လိုတုန်းသာ စာလိုက်ကြ၍ စာချဘုန်းကြီးများ ဖျားလျှင်ကား မလိုက်ရကြောင်း ပြောသည်ဟူ၏။

20.2.68

အတွဲ(၅၅) လုံးဝပြီးစီးသည်။ အတွဲ(၅၉) စ၍ တည်း၏။ ကာလဘေဒါမသန-ထိ ပြီးသည်။

မင်းသမီး(ဘုရင့်သမီး)နှင့် ဘုန်းကြီးလူထွက် ရကြရာ မင်းသမီးက "ရှင်နဲ့ ရမှ အလုပ်လုပ်ရတယ်၊ မရခင်က ပြင်ဆင်ပြီး ထမင်းပွဲ အသာဝင်စားရုံသာ"ဟု ခပ်ကြွားကြွား ပြောသဖြင့် လူထွက်ကလည်း "နင်က ပြင်ဆင်ပြီး ထမင်း စားရုံသာဟု ပြောသည်၊ ငါ့အဖို့ ပြင်ဆင်ပြီး လက်ထဲ ရောက်လာမှ စားရသည်၊ နင့်ထက်ပင် ငြိမ်းသေး၏"ဟူ၏။ ဆရာတော်က "မာနကြီးသူများ အဲသလို ဘုန်းကြီးလူထွက်နှင့် တွေ့ဖို့ ကောင်းကြောင်း" ပြောပြ၏။

21.2.68

ပထမပြေန် ကြီးကြပ်ရေး စည်းဝေးပွဲသို့ သွား၏။ တိုးတက်မှု ရှိသည်မဟုတ်။ သက်သက် အလုပ်မရှိ အလုပ်ရှာသူတို့၏ စည်းဝေးပွဲသာ ဖြစ်သည်။ ကျွန်ုပ် ကြီးကြပ်ရေးလုပ်စဉ်အတွင်း တခါမှလည်း မတက်ဖူး။ ဓမ္မဝိနယ အဖော်ရအောင်သာ စည်းဝေးပွဲ လိုက်ခြင်း ဖြစ်သည်။ စည်းဝေးပွဲနှင့်လည်း မတူ။ နှစ်စဉ် စည်းဝေးနေကျ ဖြစ်သော်လည်း စည်းဝေးပွဲ စည်းကမ်းကိုမျှ နားလည်ပုံမရ။

22.2.68

ကာလဝစနိဒ္ဒေသ-ထိ ပြီးသည်။ ဆရာတော်က "ဦးအမတ မင်းတို့ပေါ် ဆရာလုပ်၍ နေချင်သည်ဟု ပြောသည်။ မင်းတို့က လက်ခံနိုင်ကြမည်လား"ဟု မေး၏။ "မဟုတ်တာ စီမံက လက်ခံနိုင်ကြမည် မဟုတ်ကြောင်း" လျှောက်ထားလိုက်သည်။

ကာလဟော နတ်မင်းအကြောင်း မရှည်မတို ရေးလိုက်၏။

23.2.68

အတွဲ(၄၄)ကို ပြန်၍ တည်းကြသည်။ ကာမဘောဂသညာ-ထိ ပြီး၏။ ဦးဆန်နီတို့က ဆရာတော်အား စာအုပ်(၂၁) လှူဒါန်းသည်။ ပါဠိက ရေစက်ချ၏။

ယဉ်ပုံနှင့် စစ်ကိုင်းတောင်အကြောင်း ဆွေးနွေးကြသေး၏။ ဆရာတော်(ပဋ္ဌာန်းနည်းပြ)မှ ပေးစာအရ စဉ်းစားစရာ အချက်အလက် တော်တော်များများရှိကြောင်း သိလာရသည်။

24.2.68

အတွဲ(၄၄) ပြန်တည်း၍ ပြီး၏။ အတွဲ(၅၉)မှ ကာလဝသ-ထိ ပြီးသည်။ သာမန်ပုဂ္ဂိုလ်များ လာဘ်ရမှု /မရမှု အခါကာလအလို ငဲ့ကွက်ရ၍ ဆင်းရဲကြကြောင်း တွေ့ရ၏။ eighty five ကို ရရှိ၏။ အတွဲ(၄၄) စီမှုအဖြစ် အပ်လိုက်သည်။

ည(၇)နာရီသာသာတွင် တမြို့လုံး တောထုတ်သံ ကြားရ၏။ အဓိပ္ပါယ်တော့ မရှိ။ သို့သော် ရှေး အယူအဆဖြစ်၍ မပယ်နိုင်ကြသေး။

25.2.68

ကာလဝိပန္န-ထိ ပြီး၏။ ကာလဝါတ ကာလလေမှာ တယူဇနာအထက်၌ တည်ရှိကြောင်း ဇာဋ္ဌီ သစ်၌ ဆို၏။ လင်းတများသည် အထက် တယူဇနာသာ ပျံနိုင်ကြောင်းလည်း ပါ၏။

26.2.68

ကာလဝေါဟာရ-ထိ ပြီးသည်။ အအေးမိပြီး ကိုယ်ပူနေ, အလုပ်လုပ်ရသည်မှာ စိတ်မပါလှ။ ဝန်ထောက်မင်းအိမ် တဦးတည်း သွားသည်။ မင်းကတော်မှာ သိပ်နေမကောင်းဟု ဆို၏။

27.2.68

ကာမဘောဂီသုတ်အကြောင်းကို ပြန်၍ ရေးသား၏။ ဦးဘမောင်နှင့် ဦးပဥ္စင်းတပါး လာ၍ တော်တော်ကြာကြာ စကားပြောနေကြ၏။ ဝန်ထောက်မင်းကတော်မှာ ဆေးထိုးရသည်ဟူ၏။

28.2.68

ကာမနီတပုဏ္ဏားအကြောင်းကို တိုက်(ပ်) အရိုက်ခိုင်းနေရ၍ စာတည်းရာတွင် ဝင်မလုပ်။ ကာလ သမ္ပတ္တိ-ထိ ပြီးကြောင်း သိရ၏။ မာ(မာဂဓ)က ကာမဘူအကြောင်း အရေးအသား အထူးနှစ်သက်ကြောင်း ချီးကျူးစကား ပြောကြား၏။ စိတ်ထဲကလည်း ပါပဟန်ရှိ၏။

အောက်လက်ငယ်သားများအတွင်း ဖြစ်ပေါ်နေသော အရှုပ်အထွေးကို ယနေ့ (---) လျှောက်ထား၏။ Thaw-ဆိုသူကလည်း ဂုံးချောဟန်ရှိ၏။ နဂိုကလည်း သိုးသိုးသန့်သန့် ကြားဘူး၏။ SayaThi-ကလည်း ဂုံးချောမှုကို အနည်းငယ် ယုံကြည်ဟန်ရှိ၏။ ထိုသူကား by lugyi နှင့် ထိုက်တန်အောင် ပါးနပ်သူ မဟုတ်လှကြောင်း ကြိုတင်၍ သိပြီးဖြစ်၏။ Aphauk နှင့် Sayadaw လည်း pupils က စ၍ တခြားစီ ဝါဆိုဖြစ်သည် ထင်ကြောင်း U Taw က လျှောက်ထားဘူး၏။

ဝန်ထောက်ကတော်လည်း မသက်သာလှဟူ၏။

၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်၊ ကြာသပတေးနေ့ (၁၃၂၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)

ကာလာနုဿရ-ထိ ပြီး၏။ Daw Tint said that she was charged as a thief by the pongyi.

ဝန်ထောက်မင်းကတော်ကြီးမှာ အတော်သက်သာလာသည်ကို တွေ့ရ၏။

ဆရာတော်က "ဝိသုဒ္ဓါရုံ ဦးကုဏ္ဍလ ဓမ္မကထိက အိမ်တော်ရာထဲတွင် မိန်းမ/ခေါက်ဆွဲထုပ်များနှင့် အတူ ဖမ်းမိရာ 'မစိုးရိမ်က'ဟု လိမ်ပြောသည်ဟူ၏။ ဖမ်းသူ ဒါယကာများက ဝိသုဒ္ဓါရုံကမှန်း သိသဖြင့် ကိုယ်တော် ဒီလို မလိမ်ရန် ပြောပြကြရသည်ဟူ၏။ မစိုးရိမ်လည်း ပို၍ ဂုဏ်တက်သွားသည်"ဟူ၏။

၁၉၆၈ ခုနှစ်၊ မတ်လ ၁ ရက်၊ သောကြာနေ့ (၁၃၂၉ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်)

ကာလာမေယျ-ထိ ပြီး၏။ ပုဒ်မခွဲနိုင်ပေ။ သက္ကဋ္ဌ၌လည်း ၎င်းပုဒ် မတွေ့ရ။ မောင်သုမင်္ဂလ လူထွက် လက်နှိပ်စက် လာရိုက်၏။ အစနေ့ဖြစ်၍ မပြီးလှသေးပါ။

2.3.68

ကာလိဒေဝတာ-ထိ ပြီးသည်။ မိန်းမနှင့် စိတ်ဆိုးသော မောင်ကြင်သက်က ယဉ်ပုံထံ အပ်ပစ္စည်းများ လာတောင်းသည်ကို တွေ့ရ၏။ စစ်ကိုင်းကိစ္စ ပျက်သွားကြောင်း ပြောပြကြ၏။

3.3.68

ကာလေတိ-ထိ ပြီးသည်။ ကာလာမသုတ် အဓိပ္ပါယ်ကိုလည်း မကျယ်မကျဉ်း ရေးလိုက်သည်။ အပြောများသောသုတ်ဖြစ်၍ ရေးသင့်သည်ပင်။

ဘုန်းကြီးတေ-က ဘုန်းကြီးက ကျောင်းသားများ မြှောက်သော ပုံဝတ္ထု ပြောပြ၏။ ဖိုးသူတော်က ယမမင်း မြှောက်သော ဝတ္ထုနှင့် ဆင်ဆင်တူ၏။

4.3.68

ခွဲတမ်းစနစ် ပြောက်၍ ဆိုင်စနစ် ရောက်မှ မှောင်ခိုသမားကို နိုင်မည်ဖြစ်ကြောင်း, နမခတိုင်းမှူးကြီး စိန်မြက စစ်ကိုင်းတိုင်း လအက ညှိနှိုင်းစည်းဝေးပွဲတွင် ပြောပြကြောင်း သတင်း လုပ်သား မတ်(၂)ထုတ်တွင် တွေ့ရ၏။

ဂန္ထ၏ မွေးနေ့မှ သင်္ကန်းဒွိစုံ ရ၏။ (ပေါ်ပလင်)

မတင့်နှင့် တင်ကြည် လာကြသည်။ ရွာတွင် ဆန်လေးပြည်စီ ပေးသည်ဟူ၏။ ကျောင်းပွဲအတွက် ကျောင်းသားများ အားကျနေကြကြောင်း ကြားရ၍ ဝမ်းသာ၏။

အတွဲ(၄၇) ပြန်တည်းပြီးသည်။

5.3.68

ဗမာပြည်ကို ဘုရား မျက်နှာသာ ပေးလွန်းသည်ဟု နိုင်ငံခြားဝန်ကြီးတဦးက ပြောသည်တဲ့။ (သာဂဒိုး ဆောင်းပါး)

ဝန်ထောက်မင်း နေသိပ်မကောင်း၍ စာ သိပ်မဖတ်ဖြစ်။ ယဉ်ပုံတွင်လည်း အကြာကြီး မနေဘဲ ပြန်လာခဲ့သည်။ ဘုန်းကြီး ဦးဝဏ္ဏက ဗေဒင် ယုံပြီး စိတ်အားငယ်နေ၍ "ဗေဒင်အချုပ် မဟာဘုတ်ဆိုသည်မှာ မဟုတ်ကြောင်း၊ ဗေဒင်အရှုပ် မဟာဘုတ်သာ ဖြစ်ကြောင်းများ" ပြော၍ အားပေးခဲ့ရသည်။ ဗေဒင်ယုံကြည်မှုသည် လူကို ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်စေနိုင်၏။

ကာလေနကာလံ-တပုဒ်နှင့် အခြားလေးပုဒ် ပြီး၏။

6.3.68

မတင့်နှင့် တင်ကြည်တို့ လာ၍ အိမ်တော်ရာဘုရားစသည် ပို့လိုက်သည်။ ဝန်ထောက်မင်း သိပ်နေမကောင်း၍ စာမဖတ်ဖြစ်ပေ။ ယဉ်ပုံမှာလည်း အကြာကြီး မနေဘဲ ပြန်လာကြသည်။

7.3.68

အတွဲ(၄၉) ပြန်၍ စီစစ်သည်။ မပြီးတတ်သေးပေ။ မဟာမုနိဘုရားကြီး မိုက်ထုတ်ရာမှ ရွှေတပိဿာကျော် ရသည်ဟူ၏။

8.3.68

အတွဲ(၄၉) ပြန်တည်းပြီး၍ စာစီရန် အပ်လိုက်သည်။ (၅၉)မှ ကာသ(ကာၑ? ကာၐ?)ထိ ပြီး၏။

9.3.68 အတွဲ(၅၉) တည်း၍ ပြီး၏။ (၅၂) ပြန်တည်းသည်။ ကာယဝိပ္ပန္နန-ထိ ပြီးသည်။

10.3.68

အတွဲ(၅၂) ပြန်တည်းပြီးသည်။ (၆၃) စတည်း။ "ဆရာတော်၏ ငယ်မည်မှာ မောင်လှိုင်ဟူ၏။ အမနှမများက ဆရာတော်ဖြစ်သည်အထိ ဦးဇင်းလှိုင် ခေါ်ကြသည်"ဟု ဦးပေါ်ရှန်က ပြောပြ၏။

11.3.68

ကာမာဝစရနတ်အကြောင်း အဓိပ္ပါယ်ရေးနေ၍ အဖွဲ့တွင် ဝင်၍ မလုပ်ပေ။ စိတ်ဝင်စားဖွယ်ရာ အကြောင်းများ တွေ့ရသည်။ ရေးကျိုးနပ်၏။

ရှေးနှစ်ပေါင်း(၄၀)ခန့်ကတည်းက ကျုံးမငေးမြို့သည် ရဟန်းခံလေ့ခံထရှိကြောင်း ဦးပေါ်ရှန်က ပြောပြ၏။

12.3.68 ကိံပဟောတိ-အထိ ပြီးသည်။ ကာမာဝစရနတ်အကြောင်းလည်း အပ်လိုက်သည်။

ငှက်ပစ်တောင်နှင့် မိအောင် ဇာတ်လမ်းကို ပိ(ပိဋက)က ပြောပြ၏။ ကြုံကြုံဖန်ဖန် လာတွေ့ပုံဖြစ်သည်။

ဦးပန်းရည် နှစ်လည်ဆွမ်းကျွေး ဆရာတော်နှင့်အတူ သွားရ၏။ အင်္ဂလိပ်လ ဗမာလ နှစ်မျိုး လုပ်ကြသည်ကို သိခဲ့ရ၏။

13.3.68

ဦးဖိုးကျား ကိုယ်တွေ့ဝတ္ထုများကို ဖတ်ရ၏။ ကောင်းလှသည်။

ဝတ္ထုတပုဒ် ဆုံးမှာကို ကြောက်နေအောင် ဆွဲဆောင်မှု ရှိ၏။ ဖတ်သူအဖို့ အကျိုးများမည့် သင်ခန်းစာ တပုံကြီး ပေးမည့် ဝတ္ထုများချည်း ဖြစ်သည်။

ပရိယတ္တိဘုန်းကြီး သူ့အကြောင်း တော်တော်များများ ပြောသွား၏။ ထိန်းသိမ်းစရာ ဂုဏ်ဟူ၍ ရှိဟန်မတူကြောင်း မှတ်ချက်ချမိ၏။

ဦးဇဋိလ လာသည်။ မဟာစည်ရိပ်သာ တရားအားထုတ်ခဲ့သူဖြစ်၍ မေးကြည့်ရာ မဆိုးလှဟု ပြော၏။

14.3.68

ကိံမူလက-ထိ ပြီးသည်။ ကာယဂတာသတိ အကျယ်ကို များလွန်းသည်ဟု ပြောကြပြန်၏။ စကားတခုကို တရားသေ မှတ်ထားတတ်ကြသည်မှာ အဆိုးဆုံး ဖြစ်၏။

15.3.68

ကိံသု-ထိ ပြီးသည်။ ယဉ်ပုံတွင် ဆရာမ အေးတို့နှင့် တွေ့၍ သူတို့ ကိစ္စဝိစ္စများ လျှောက်သံ ကြားရသည်။ ဆရာကြီးက ရေ တနေ့ (၆)ပိုင်း သောက်ရမည်ဟု ပြောသည်။ ဆရာဝန်တိုင်း ဤသို့ အကြံပေးသည်ကို သတိပြုမိ၏။ ကျွန်ုပ်ကား ယခုထိ (၃)ပိုင်းသာ သောက်နေသေး၏။

16.3.68

ကိံသုကာရိဋ္ဌ-ထိ ရောက်သည်။ မပြီးတတ်သေး။ တောင်ထီးလင်း ဦးဇောတိကထံတွင် ကိံ-ရေးပုံကို သွားကြည့်ကြ၏။ သဒ္ဒတ္ထကောတ္ထု ဓာန်မှာ တွေ့ရသည်။

17.3.68

ကိကီသကုဏီ-ထိ ပြီးသည်။ ကိကီမင်းအကြောင်း အကြမ်းရေးသည်။

U (—) touched tha tha’s cheek, said sayadaw then tha tha was smiling. She did not show unagreed manner.

18.3.68

ကိုဋ္ဌေးလှိုင်ထံ စာထည့်သည်။ ကာယဂတာသတိအကျယ် ထည့်လိုမှ ထည့်ရန် ဖြစ်သည်။ ကိကီမင်းအကြောင်း အကျယ်လည်း ရေးသားပြီးသည်။ ကိကဵရ-ထိ ပြီး၏။ ယဉ်ပုံ ခဏ ရောက်သည်။ မရောက်သည်မှာ (၂)ရက်ရှိပြီဖြစ်၍ ရေဦးဘုန်းကြီး ရောဂါအကြောင်း သိရန် မဖြစ်မနေ သွားလိုက်သည်။

19.3.68

ကိစ္စကရ-ထိ ပြီးသည်။ တောင်ပြင် ဦးဇောတိကက ဆွမ်းစားပင့်၍ သွားခဲ့သည်။

ဒေါက်တာ ဘလိုင်ဘတ်(နှလုံး အစားထိုး အကုခံရပြီး အသက်ရှင်လျှက် ရှိသူ) တောင်အာဖရိက ကိပ်တောင်းမြို့ ပရူရှူးအားဆေးရုံ၊ ခွဲစိတ်ပေးသူ ဒေါက်တာဘားနတ်။ နှလုံး(ဟဒယဝတ္ထု)ကို ယေဝါပနက အဖြစ်သာ ဘုရား ဟောတော်မူသည်။

ကိ-ပုဒ်ကို အကျယ်ရေးသည်။ မပြီးတတ်သေး။ ခန္ဓဝိဘင်း မြန်မာပြန် စာအုပ်(၄)အုပ် ပို့လိုက်သည်ကို လက်ခံရရှိ၏။ အဖွဲ့ ကြည့်ရန်။

20.3.68

ကိစ္စကာလ-ထိ ပြီး၏။ ကိ-ကိုလည်း ဆက်လက်၍ တဦးတည်း ရေးသားနေရသေးသည်။ နောင်ကြီးကောထံမှ စာရောက်သည်။ လဆုတ်(၄)ရက်နေ့ ထည့်သောစာ (၃)ရက်သာ ကြာ၏။ U Gu Ni Ya အကြောင်း နဲနဲ သိရ၏။ ပိ(ပိဋကေ)က လျှို့ဝှက်ချက်အဖြစ် ထားသော ကိစ္စ ဖြစ်သည်။

လူရည်ချွန်များစာရင်း နှစ်အလိုက် ၆၃-၆၄ ခု ၂၅၄ ယောက်, ၆၄-၆၅ ခု ၂၉၆, ၆၅-၆၆ ခု ၇၀၀, ၆၆-၆၇ ခု ၃၀၇ ယောက် ဖြစ်သည်။ (လုပ်သားဆောင်းပါး)

21.3.68

ဦးဝဏ္ဏ(ရေဦး)က "မဟာစည်နှင့် ဝန်ကြီးချုပ် ဦးနု တွေ့စ အခြေအနေ"ကို သူ့ကိုယ်တွေ့အရ ပြောပြ၏။ ပြောပြသလောက် ဟုတ်လျှင် ကြည်ညိုစရာပင်။ ပိ(ပိဋကေ)ကလည်း "မဟာစည်အကြောင်း" တဆင့်ကြား ပြောပြ၏။ ပြောပြသလောက် ဟုတ်လျှင် စိတ်ပျက်ဖို့ ကောင်း၏။ ဆရာတော်က သူတို့ ငယ်စဉ် စာကြိုးစားချရပုံ ပြောပြ၏။

22.3.68

မုံရွာသွားရန် ကျောင်းမှ ထွက်ခဲ့သည်။ အလုံပွဲတွင်းဖြစ်၍ ရထားမှာ လူကြပ်၏။ မုံရွာဘူတာတွင် ရဟန်းဒါယကာနှင့် ကိုသန်းထွန်း လာကြိုနေကြသည်။ ကိုသန်းထွန်း သားများလည်း ရွှေစက်တော်ဘုရားဖူး ပြန်လာကြ၍ အဆင်ပြေဖြစ်ကြသည်။ ရွာကိုလည်း သူတို့ ကားနှင့်ပင် ပြန်သည်။ kyaung thit သားများက ပွဲကို လာ၍ ဆူပူအောင် နှောင့်ယှက်ကြသေးသည်ဟူ၏။ သို့သော် ဘာမှတော့ မဖြစ်ပါ။ ကိုဗိုလ်လေးက ငွေ(၃၀) လှူဒါန်းလိုက်သည်။ သူတို့ ထုံးအရောင်းအဝယ် တော်ကြ၏။ ဝမ်းသာစရာပင်။ ရေကန်စုမှ ဒါယိကာမကြီးက ပျားရည်တပုလင်း လှူသည်။

23.3.68

သံဃဒါန ဆွမ်းလောင်းမှာ စည်ကားလှသည်။ ၄က်ပျော သံဃာစေ့ လှူဒါန်းသူ (၃၅)ဦး ရှိ၏။ သံဃာစေ့ လှူဒါန်းသူ ဦးရေ (၃၀၀)ကျော် (၄၀၀)ခန့် ရှိသည်။ ဇေဒင်ဘုန်းကလည်း ကြီး၍ လူစည်ကားခြင်း ဖြစ်သည်။ ရေစက်ချ၍ ရဟန်းဒကာများ ကားနှင့်ပင် မုံရွာသို့ ပြန်ခဲ့သည်။ ၁:၁၅ နာရီ ရထားနှင့် မုံရွာမှ ပြန်ခဲ့၏။ လူကြပ်လှသည်။ အလုံပွဲပြန် များလှ၏။ ကိုဗိုလ်လေးလည်း ခဏ လိုက်ခဲ့သည်။ တလမ်းလုံး

မတ်ရပ် လိုက်ရ၏။ ၅:၃၀ နာရီ ကျောင်း ရောက်သည်။ ဆရာတော် ဦးဇောတိက(သာစည်)အား စာအုပ်(၆)အုပ် ထားခဲ့ကြောင်း လျှောက်ထားခဲ့သည်။

24.3.68

ကိစ္စန္တရပသုတ-ထိ ပြီး။ တဦးတည်း လုပ်။ ဆရာတော်က "ဒေါ်မိမိ(စောင်းကောက်) ငယ်စဉ်က "လေယာဉ်ပျံ မရှိတာနှင့် ရှိတာ ဘယ်ဒင်းက ကောင်းသလဲ"ဟု မေးရာ "မရှိတာက ကောင်းကြောင်း" ဖြေသဖြင့် "ခန္ဓာ မရှိတာနဲ့ ရှိတာလဲ မရှိတာကပင် ကောင်းကြောင်း ဟောခဲ့ဘူးသည်"ဟု ပြောပြ၏။ ဖောင်ချောအမှတ်(၁၄)ကို ရရှိသည်။ (၁၃) မရသေး။ ကိုဗိုလ်လေး ယနေ့ပြန်သည်။

25.3.68

ကိုဘလုထံ ခဏရောက်။ (ရွာ)ကျောင်းပွဲစည်ကားကြောင်း ပြောပြရသည်။ ကိစ္စပဋိပတ္တိ-ထိ ပြီး၏။ တဦးတည်းပင် လုပ်ရသည်။

26.3.68

ကိစ္စမဟန္တတာ-ထိ ပြီး၏။ အတွဲ(၆၃) အနည်းငယ် အချောသတ်ရန်သာ ကျန်တော့၏။ ကိ-ကို လည်း အချောရေးသည်။

27.3.68

ကိ-ကိုပင် ဆက်၍ ရေးသည်။ သဒ္ဒါရေး ရှင်းလင်းချက် ပြီးပြီဖြစ်သော်လည်း အနက်ရေးဖို့ သိပ် မလွယ်လှ။ ကိ-သည် ဂရဟာအနက် စသည်၌ ဖြစ်သည် ဆိုသော်လည်း အနက်ကို ကဲ့ရဲ့ခြင်းဟု ပေး နိုင်သည်မဟုတ်။ ဘာအနက်ဘဲ ဖြစ်ဖြစ် "အဘယ့်ကြောင့်, အဘယ်နည်း" စသည်ဖြင့် သင့်သလို ပေးရ သည်။ လဆန်း(၁)ရက်က စ၍ စာမေးပွဲ နီးသဖြင့် စာပြန် ခေတ္တ ရပ်ထားကြောင်း ဦးပဥ္စင်းအား ပြောလိုက် သည်။

28.3.68

ကိုငွေးလှိုင် လာ၍ အဘိဓာန်အကြောင်း အနည်းငယ် ဆွေးနွေးသေးသည်။ ကထိန်အကြောင်း ရေး လိုက်သည်ဆို၍ ဝမ်းသာ၏။ "မစိုးရိမ်ခန် ရှော်သည်"ဟု ပြောသည်။ "ဘာ ရှော်သလဲ" မေးတော့ "ဖောင်းပွသည်"ဟု ပြော၏။ "ဂေါင်းသေး ကိုယ်ကြီး မဖြစ်ဖို့ အရေးကြီးကြောင်း" ပြော၏။ ဦးနန္ဒဝံ(တုံ)နှင့် မစိုးရိမ်တိုက် ရေးအကြောင်း တော်တော်လေး ဆွေးနွေးရ၏။ ဆရာတော် ဦးဉာဏအကြောင်း ပို၍ သိရ၏။

29.3.68

ဦး(စိန္တိက) ခဏ လာသည်။ သူ လာတော့ "မစိုးရိမ်ကို ချီးကြူးခံရသည်"ဟု ပြော၏။ ဘာ ယုံရမည် မသိတော့။ ကီ(၂)ကို ဆက်ရေးပြီး၏။ အတွဲ(၅၅) ပြန်တည်း။ (၁)မျက်နှာခန့် ပြီး၏။ တဦးတည်း လုပ်ရသည်။ ယဉ်ပုံ မသွားဖြစ်ပေ။

အာကာသယာဉ်မှူး ဂါဂါရင်(ဆိုဗီယက်) သေကြောင်း သတင်းစာတွင် တွေ့ရ၏။ ပထမ အာကာသသို့ ရောက်သူ ဖြစ်သည်။ အသက်(၃၄)သာ ရှိသေး၏။


(မှတ်ချက်၊ ဦးစိန္တိတ-ကား ကမ္ဘာအေး၌ အဘိဓာန်အတွက် စာစု စာပြု လုပ်နေသူတည်း၊ မာဂဓကျောင်းမှ ကျမ်းပြီးသည်၊ ယခု တံတာဦး မေဃဝန်ဆရာတော်တည်း။ အဂ္ဂဘွဲ့ ရသည်။) ၁၃၈၄-ခု။

30.3.68

အတွဲ(၅၅)ကိုပင် ပြန်တည်းရ၏။ နှာ(၂၃)ထိ ပြီးသည်။ ဆရာတော်က "ညက အဖြစ်အပျက်" ပြောပြ၍ စိတ်မကောင်းပေ။ ဦးနန္ဒဝံက မစိုးရိမ် ရှေးဖြစ်ဟောင်းများကို ပြောပြ၍ ဗဟုသုတအဖြစ် မှတ်ရ။

ဆရာတော်နှင့် ပ-ဆရာတော် (ဦးသောမ)မှာ အဂ္ဂ(မဟာပဏ္ဍိတ) တနှစ်တည်း ရကြသည်ဟူ၏။ ဆရာတော်က အင်္ဂလိပ် နှစ်ကူး, ပ-ဆရာတော် (ဦးသောမ)က ဗမာနှစ်သစ်ကူးမှာ ရသည်ဟူ၏။

စတုမဓူ ချက်သည်။ တပိဿာကျော်ခန့် ရှိ၏။

၁၉၆၈ ခုနှစ်၊ မတ်လ ၃၁ ရက်၊ တနင်္ဂနွေနေ့ (၁၃၂၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်)

အတွဲ(၅၅) ပြန်တည်းပြီး၍ အပ်လိုက်သည်။ အတွဲ(၆၇) စ၍ တည်း။ ကိရိယာသဘာဝမတ္တ-ထိ ပြီး၏။ ရှင်ကုဏ္ဍလ လာ၍ သင်းပိုင် မျက်နှာသုပ်ပုဝါ ဆပ်ပြာများ လှူလိုက်၏။

"ရဟန်းကိစ္စ၊ နှစ်ခူရ၌၊ လုံ့လအားကြီး၊ အလိုနည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွား ကြောင်း"။ (ဦးဝဇ္ဇု(က)ထံမှ။

၁၉၆၈-ခုနှစ်၊ ဧပြီလ ၁ ရက်၊ တနင်္လာနေ့ (၁၃၂၉ ခုနှစ်၊ နှောင်တန်ခူးလဆန်း ၄ ရက်)

ကိရိင္ဋိ-ထိ ပြီးသည်။ Daw Tint quarreled with Thaw Ba Na. She appealed to Sayadaw that he ordered her and inspected her work. He had no authority to inspect her work. And He was not a Nayaka in Taik Thit.

2.4.68

ကိလဥ္စကုစ္ဆိ-ထိ ပြီး၏။ ဓမ္မဝိနယဘုန်းကြီး ရန်ကုန်မှ ပြန်လာ၏။ ယဉ်ပုံ ခေတ္တ ရောက်သေးသည်။ ဆရာတော်က "ဘုန်းကြီးများ လူမှုရေး နားမလည်"ဟု ပြောသည်ဟူသတတ်။ ဒါယကာ ဒါယိကာမများ လည်း ဘုန်းကြီးမှုရေး နားမလည်ပါ။

သမတသက်တမ်း တလျှောက်လုံး နာမည်ပျက်ခဲ့သမျှ ဗီယက်နမ် ဖုံးကြဲရပ်မည်ဟူသော ကြေညာ ချက် တခုတည်းဖြင့် အဖတ်ဆည်သွားသော သမတဂျွန်ဆင်၊ "ငြိမ်းချမ်းရေး အရေးကြီးနေချိန်တွင် ကိုယ်ရေးကိုယ်တာအတွက် တဗီဇနောမျှ စိတ်မဝင်စားနိုင်ပါ"ဟူသော စကားမှာ ထိလှသည်။ ရောဘတ်က နေဒီတို့ကို တွယ်လိုက်ခြင်း ဖြစ်၏။ ဂျွန်ဆင် လူရည်လည်ပြီ။

3.4.68

စာမေးပွဲ ကြီးကြပ်ရေး သွားရသည်။ ခုံ ၃၄၄ မှာ လက်မှတ်ထိုးဘွဲ့ ရှင်ဝရသာမိ ဖြစ်၍ လာဘွဲ့တွင် ဦးလက္ခဏ ဖြစ်နေသည်။ ပေါင်းလဲ မင်းမာအေးမှ ဖြစ်၏။ အဖြေအုပ်လည်း အပ်မသွားပေ။ မဖြေသူ ထားရ မည်လား? ဖြေ/ကျ ထားရမည်လား? ပြဿနာ ဖြစ်နေသေး၏။ ဤကိစ္စမျိုး သတိထားစရာ ကောင်းသည်။ အမှုရှုပ်နိုင်၏။

အတွဲ(၅၉)ကို ပြန်လည်တည်းဖြတ်သည်။ စာမျက်နှာ(၁၀) ကာလဝိမုတ္တ-ထိ ပြီး။ အားလပ်ခိုက် ပြန် စီစစ်ခြင်းပင်။ အချိန်ပို လုပ်အားဟုလည်း ဆိုနိုင်၏။

4.4.68

နှာ ၁၇ ကာလေဿဝ-ထိ ပြီးသည်။ စာမေးပွဲကြပ်လည်း သွားရသေး၏။ ၃၄၄ ခုံအမှတ် ဒီနေ့ မလာ၍ ပြဿနာ ရှင်းသွားသည်။

မာ(မာဂဓ)က "ကာရကအခိပ္ပါယ် ဥပမာနဝါကျ ဦးဇနက ရေးသော အဓိပ္ပါယ်နှင့် လုံးဝ တိုက် နေသည်။ ခိုးချသည်"ဟု စွပ်စွဲသည်။ မှန်ပါသည်။ ယင်းအဓိပ္ပါယ်မျိုးမှာ မည်သူပြောပြော ဒီလိုပင် ပြောကြ ရမည်။ ရှင်ဇနက စာအုပ်ထဲ ပါနေ၍ သူ့မူပိုင်ဟု မဆိုသင့်ပါ။ **ဗဟုသုတ မရှိသူနှင့် ပေါင်းသင်းရလျှင် ဗဟုသုတရှိသူ နာလှသည်**။ ယနေ့ လက်တွေ့ပင်တည်း။

သကြံန်အစီးများ (၁) နဂါး (၂) မြွေ (၃) ဂဠုန် (၄)ကျွဲ (၅) မြင်းစီး (၆) နွား (၇) ဘီလူး။ ဤနှစ်၌ စနေနေ့ ကျသဖြင့် ဘီလူးကို စီးအံ့သတည်း။ (သာဂဒိုး)

ဒေါက်တာကင်း လုပ်ကြံခံရသည့်နေ့။

5.4.68 နှာ(၁၀) ကာလာနန္တရ-ထိ ပြီးသည်။ ဦးဝဏ္ဏ(ရွှေဦး)၏ ရောဂါအခြေအနေမှာ သိပ်မ သက်သာ။ ရာသီဥတု ဖောက်ပြန်၍ အခြေအနေလည်း ဖောက်ပြန်သည်ဟု ကြားရ၏။ စီစဉ်စရာ ရှိသည် များ စီစဉ်ထားရန် အကြံပေးလိုက်ရသည်။

ကိုဘလှတို့ လာကြသည်။ မောင်တင်လှိုင် လာသော်လည်း မတွေ့လိုက်ရ။ ပဲလှော်ကြော်များ လှူဒါန်းသွား၏။

6.4.68

ဆရာတော် အနည်းငယ် လေထိုး၍ နေမကောင်းရှာ။ လူကြီးဖြစ်၍ ရာသီဖောက်ပြန်မှု ဒဏ်ကို မခံ နိုင်ပေ။ စာကြပ် သွားရသေးသည်ပင်။ ဦးဝဏ္ဏမှာ အခြေအနေ ပြန်ကောင်းလာသည်ဟု သိရ၏။ ယဉ်ပုံ၏ ညီဖြစ်သူ လက်အကြောတင်၍ ဆေးရုံတက်ရန် ယဉ်ပုံ လာ၏။ ယဉ်ပုံ မရှိ၍ အစီအစဉ် လုပ်ပေးခဲ့ရသည်။

လုပ်သား ဘုတလင်ချစ်လေး ဆောင်းပါးတွင် အင်တိုင်းသူများကို ချီးမွမ်းထား၏။ အလှဂုဏ်ကို ချီးမွမ်းခြင်း ဖြစ်သည်။ "ယဉ် အင်တိုင်း"ဟု စကားရှိကြောင်း ဆိုထားသည်။ သူ ချီးမွမ်းခံရသော ကောင်မလေးမှာ ကိုယ်ရေပြားရောဂါ ပျောက်ကင်းခါစသာ ဖြစ်၏။

7.4.68

ကိလံတိန္ဒြိယ-ထိ ပြီး၏။ လူမည်းများ အခွင့်တူရေး ခေါင်ဆောင် ဒေါက်တာ မာတင်လူသာကင်း လုပ်ကြံ ခံရ၍ သေဆုံးသဖြင့် ဝွန်ဆင်နှင့် ဒုသမတ ကုလအတွင်းရေးမှူးဦးသန့် ဂျက်ကလင်းကနေဒီ စသူတို့က ကြေကွဲဝမ်းနည်းကြောင်း အသီးသီး ပြောကြ၏။ လူသား၏ ကောင်းကျိုးကို ဖြူစင်သော စိတ်ထားဖြင့် ဆောင်ရွက်မှု မှန်သမျှကို ကမ္ဘာ့လူသားများက ကျေးဇူးတုံ့ပြန်စမြဲ ဖြစ်သည်မှာ သာဓကတရပ်ပင် ဖြစ်သည်။ သမတ ကနေဒီ လုပ်ကြံခံရစဉ်က ဤမျှလောက် ကြေကွဲကြသည်ဟု သတင်းစာတွင် မတွေ့ရ။

8.4.68

ကိလမိတ္တာ-ထိ ပြီး၏။ ရွှေဦး ချမ်းသာကြီး နာယကအဖွဲ့ဝင် ဦးမဏ္ဍာလနှင့် ယဉ်ပုံတွင် တွေ့၍ တိုက်တာ စည်းကမ်းအကြောင်းကို စုံစမ်းကြည့်သည်။ သူတို့တိုက်မှာ စီမံခန့်ခွဲမှု အင်မတန်တော်သော တိုက် ဖြစ်သည်။ လာဘ်လာဘနှင့် ပတ်သက်၍လည်း စနစ်ကျသည်။ နာယကများ နေမကောင်း ထိုင် မသာရှိလျှင် ပုံတော်မူလျှင် အားလုံး တိုက်တာက တာဝန်ယူသည်မှာ အတော် သဘာဝကျသည်။ ညီညွတ် မှုကား အနည်းငယ် ပျက်ယွင်းနေဟန် ရှိ၏။ ဘေးမှ စုံစမ်းသိရှိရသမျှဆိုလျှင် မဟာနာယက၏ ညံ့ဖျင်းမှု ဖြစ်သည်ဟူ၏။ စာကြပ် သွားရသေးသည်ပင်။ သရက်သီးမှည့် ဦးဦးဖျားဖျား စားရ၏။

9.4.68

eighty five ကို လက်ခံရရှိသည်။ ကြိယာများကို ပုဒ်စဉ် ပြင်နေရသည်။ ကိလမတိ-စသော ကြိယာများ ဖြစ်သည်။ ဓမ္မဝိနယရံသီဘုန်းကြီး မျက်မှန်တလက် ပေး၏။

ရေဦး ဦးမဏ္ဍလနှင့် ဖြစ်ခဲ့ပြီးသော ဆန်ပြဿနာအကြောင်းကို ဗဟုသုတအဖြစ် မေးမြန်းဆွေးနွေးကြ၏။ ဦးဝဇိရကနှင့် နံက်ပိုင်း တော်တော်ကြာကြာ စကားပြောမိ၏။ ဦးပဥ္စင်းငယ်များကို ယဉ်ကျေးမှုရှိအောင် ဆုံးမပဲ့ပြင်ပေးတတ်သူဖြစ်ကြောင်း သိရသည်။ ခေတ်မသိသေးသူ ဦးဇင်းတပါးက ကျွန်ုပ်အကဲခတ်ပုံကိုလည်း သူက ပြောပြ၍ သိခဲ့ရ၏။

ပခုက္ကူခရာန် ဖောင်အမှတ်(၁) ဖတ်ရသည်။ သေသပ်၏။ (၄)ဖွဲ့တွင် မစိုးရိမ်က စတုတ္ထမှ အနိုင်နိုင် စွဲမည်ထင်၏။

10.4.68

ကိလာသ-ထိ ရောက်၏။ မပြီးသေး။ ကိလာသ-ကို သျှများက အမျိုးမျိုး မြန်မာပြန်ကြ၏။ သက္ကဋ္ဌဆေးကျမ်း ဟိန္ဒီဆေးကျမ်းများက နူနာတမျိုးဖြစ်ကြောင်း လက္ခဏာနှင့်တကွ ပြဆိုကြသည်။ တောင်ထီးလင်း ဦးဇောတိကထံတွင် ၎င်းဆေးကျမ်းများကို သွားကြည့်ရ၏။ ၎င်းပုဒ်မှာ ရဟန်းမခံကောင်းသော အနာတမျိုး ဖြစ်သဖြင့် ဆုံးဖြတ်ချက် မချနိုင်။ ခေတ်မှုဝါဒ အမျိုးမျိုး ရှိပုံကိုကား ပြဆိုရပေမည်။

မောင်သုမင်္ဂလ လူထွက် ငွေ(၅၀) ယူသွားပြန်သည်။ ပေါင်း (၂၇၀) ရှိပြီဖြစ်၏။

11.4.68

ကိလာသ-ကို ဆေးကျမ်းများ ကိုးကား၍ တော်တော်ကျယ်ကျယ် ရေးလိုက်သည်။ ကိလိဋ္ဌိတ္ထ-ထိ ပြီး၏။ ကြိယာဆန်း တပုဒ် ဖြစ်သည်။

ညတွင် ယဉ်ပုံ၌ ထွေရာလေးပါး စကားပြောကြသည်။ လူကြီးများ၏ အလိုက်ကန်းဆိုး မသိမှုကို သင်ခန်းစာယူ၍ ကိုယ်တိုင် လူကြီးဖြစ်သောအခါ ရှောင်ကြဉ်နိုင်ရန် အကြောင်းများ ပါ၏။ ဘယ်နယ်ဘဲ ရောက်ရောက် နယ်ထုံးစံကို ကျော်လွန်၍ မစီစဉ်ရန်များလည်း ပါ၏။ တချို့က မြို့နေသူဟု ဂုဏ်ယူဝင့်ကြွားကာ နယ်ထုံးစံကို လွန်၍ စီစဉ်လိုကြ၏။ ထိုသူတို့၏ မသိမှုသာလျှင် အပြစ် ဖြစ်သည်။ အကြောင်းရှာဖွယ် မလို။

12.4.68

အပူရှိန် တော်တော်ပြင်းသည်။ ဆရာတော် အနည်းငယ် နေမကောင်း။ ကိုဘလှက သကြားတပိဿာ လှူသည်။ ရှားပါးကုန်ဖြစ်၍ တန်ဖိုးရှိ၏။ ကျောင်းဒကာ ဒကာမများက ရေကန်တော့ရင်း ခေတ်မီးတခု လှူဒါန်းသည်။

ညတွင် ယဉ်ပုံ၌ ထွေရာလေးပါး စကားပြောကြ၏။ ကိုနန္ဒအား မျက်နှာသုတ်ပဝါတထည် လှူဒါန်းလိုက်သည်။

13.4.68

ကတ္တူ ဒေါ်သိန်းက သူ့သား မွေးနေ့ ခေါက်ဆွဲဆွမ်း ကပ်၍ ငွေtenစီ လှူသည်။ ကျောင်းတွင် ခြများ တက်နေ၍ ခွါချပြီးလျှင် (ဒီတီတီ?)ရေနံဆီ လောင်းထားရသည်။

14.4.68

ဦးဘမှီ ဆွမ်းစားသို့ ကျောင်းကားနှင့် သွားရန် ဖြစ်သော်လည်း driverက မရှိသဖြင့် မောင်ကို့ကား ကြုံနှင့် လိုက်ရသည်။ ဂန္ထက speace ချဲ့ စသည် ပြုရန် ကမ္ဘာအေးက လျှောက်ထားလိုက်ကြောင်း ပြောသည်။

ယဉ်ပုံနှင့် ညပိုင်းတွင် ထွေရာလေးပါး စကားပြောကြ၏။ အောင်မြင်မှု ရဖို့ထက် ရလာသော အောင်မြင်မှုကို ထိန်းသိမ်းတတ်ဖို့ လိုကြောင်း ဦးဝိဇ္ဇုကက ပြောပြ၏။

15.4.68

သင်္ကြန်(၃)ရက်စလုံး မိုး အနည်းငယ် ရွာသည်။ ရှေးလူကြီးများ မှတ်တမ်းအရ ဆိုသော် မိုး(၃)ပါး လုံး ကောင်းဘို့ ရှိ၏။ နှစ်ဟောင်းကား ကုန်သွားပြန်ပေပြီ။ တနှစ်အတွင်း အောင်မြင်မှု ဆန်းစစ်ချက်ထုတ် သော် ပညာရေးဘက်က မဆိုးလှ။ မအားလပ်သည့်ကြားမှပင် ကိုယ်တွက် ပညာရေးကို ကြိုကြား အားထုတ်နိုင်သေး၏။ ဓာန်လုပ်ငန်းလုပ်ရာ၌ စာပေ ငြင်းခုံမှုမှတပါး တဖက်သားနှင့် ခွန်းကြီးခွန်းငယ် ငြင်းခုံမှုမရှိ။ သူတပါးအတွက် အတတ်နိုင်ဆုံး ကူညီ၍ ကိုယ့်အတွက် အကူအညီကို အတတ်နိုင်ဆုံး ရှောင်ရှားနိုင်သည်။

16.4.68

နမော ရတနတ္တယဿ။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ် ဖြစ်ပါစေ။ ဖြစ်အောင် ကြိုးစားရ မည်။ ဘုရားကို (၅)ကြိမ် အာရုံပြု ရှိခိုးကန်တော့၏။ ကျွန်ုပ်အဖို့ မည်သည့်နည်းနှင့်မျှ အမင်္ဂလာနှစ် မဖြစ် နိုင်တော့။ မင်္ဂလာနှစ်သာ မုချဖြစ်ရမည်။ အားလုံးအတွက်လည်း မင်္ဂလာနှစ်သစ်ဖြစ်အောင် ဆုတောင်း ပါ၏။ တနှစ်လုံး တဖက်သားအား အနှောင့်အယှက် မပေး။ တတ်အားသမျှ ကူညီမည်။ ကိုယ့်ကြောင့် တဖက်သား စိတ်မဆင်းရဲစေရန် သန္နိဋ္ဌာန် ချထားသည်။

17.4.68

ကိလိဋ္ဌနိဝါသနပါရုပန-ထိ ပြီးသည်။ ညပိုင်းတွင် ယဉ်ပုံနှင့် ထွေရာလေးပါး ပြောရင်း ယဉ်ပုံက သူ့ ကျောင်း လုပ်ခြင်သည့် အစီအစဉ်ကို ပြောပြ၏။ မယုတ်မလွန် အကြံပေးခဲ့သည်။ အပြန်တွင် ဦးဝိဇ္ဇုက မောင်မကုဋ္ဌတို့နှင့် ထွေရာလေးပါး ပြောကြသေး၏။ လူငယ်များ စာပေ ကြိုးစားရန်အတွက် မောင်မကုဋ္ဌ တို့ကို တိုက်တွန်းရသည်။ ဖြစ်နိုင်လောက်သော ဉာဏ်စွမ်း ဝီရိယစွမ်း ရှိပါလျှက် ဆန္ဒ မပြင်းပြသည်ကို တွေ့ရသဖြင့် အံ့သြမိသည်။ ရည်ရွယ်ချက်ဟူ၍လည်း တိတိကျကျ မထားကြပေ။ ရေလိုက်ငါးလိုက် နေကြ

သူသာ များနေ၏။ တယောက် ခရီးထွက်လျှင် ထွက်ခြင်ကြ၏။ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို မခံနိုင်ရှာကြပေ။ သနားစရာ ကောင်းလှ၏။

အတွဲ(၅၉)မှ မပီမသ ဖြစ်နေသော ပုဒ်များကို ပြန်၍ တိုက် ရိုက်ခိုင်းရသည်။

18.4.68

ကိလိဋ္ဌပိလောတိက-ထိ ပြီးသည်။ ကွမ်းခြံကုန်း မောင်မကုဋ္ဌတို့ တိုက်မှာ ငှက်စာသင်တိုက် ဖြစ်ကြောင်း သိရသည်။ သို့သော် သိပ်ပြီး အစွဲမသန်လှဟူ၏။ ၎င်းမြို့တွင် ရွှေကျင် ဒွါရတို့လည်း ရှိကြသည်။ ဒွါရက ငှက်နှင့် ရောသော်လည်း ရွှေကျင်က မရောဟူ၏။ သုဓမ္မာက ဂိုဏ်းပေါင်းစုံနှင့် ရောသည်။ ကမ္မပထာနန္တရိယကမ္မ-မှ ကမ္မသခေ်ပ-ထိ ဂ္လိပရုဖ် ဖတ်ရသည်။ အတော်ကောင်းလာပြီ ဖြစ်၏။ မောင်ဉာဏိက(မိုးမိတ်)ထံမှ စာရသည်။ သူတို့ဆီတွင် နိုင်ငံရေး အခြေအနေမှာ ရှုပ်ထွေးကြောင်း နယ်ခြား၌ နိုင်ငံခြား ပယောပ ဝင်နေကြောင်း ပါ၏။

19.4.68

ကိလိဿတိ-ထိ ပြီးသည်။ ဘူဝါဒိ ဒိဝါဒိ နှစ်မျိုးရှိ၍ နှစ်မျိုးပင် ရုပ်တည်ရမည် ဖြစ်၏။ ညပိုင်းတွင် ယဉ်-ပိ-နှင့် ထွေရာလေးပါး စကားပြောကြရ၏။

20.4.68

ဘဝင်မြင့်သူများ အကြောင်းကို ဆွေးနွေးကြ၏။ မောင်ဓမ္မောတို့ ကန္တီနယ် မိုးကောင်းမှ အပြန်တွင် ဘဝင်မြင့်နေသော ဘုန်းကြီးတပါး တွေ့ခဲ့ရကြောင်း လျှောက်ထား၏။ အတော်ခက်သော ရောဂါတမျိုး ဖြစ်သည်။ အတေကိစ္စ ရောဂါတမျိုးပင်တည်း။

21.4.68

I had a good dream for my family last-night.

ကိလိဿတိ-စသော ကြိယာများကို စီစဉ်နေရ၍ (၆၇)အတွဲ မပြီးတတ်သေး။ ပခုက္ကူမှ ဒုဖောင်ချော ဖတ်ရ၏။ ကောင်းသည်။ အမှား မတွေ့ရ။

22.4.68

အတွဲ(၅၉) အပ်လိုက်သည်။ အတွဲ(၆၇)လဲ လုံးဝပြီးစီးသည့်အပြင် အတွဲ(၇၁)ကို စ၍ ကိုင်သည်။ ပရိယတ္တိမှ တိုက်ဟောင်းတွင် ဆန်များ ပိုနေသည်ကို တွေ့ရ၏။ မပို့သည်မှာ (၄)လခန့် ရှိပြီဖြစ်၍ ထူးဆန်းစွာ အံ့သြရပေသည်။ ပပကမှ လှူဒါန်းရန် ဆန်မရောင်းချ၍ မလှူရခြင်း ဖြစ်သည်။

ဒေါ်ရွှေတင် သေကြောင်း လာ၍ လျှောက်ထား အကြောင်းကြားသဖြင့် စိတ်မကောင်းပေ။

23.4.68

ဒေါ်ရွှေတင် အသုဘ သွားရန် မန်းမှ ထွက်ခဲ့၏။ ကားလေးနှင့် မုံသို့ သွားကြသည်။ ဦးနန္ဒိယလည်း ပါ၏။ ၈:၁၅ နာရီတွင် မုံရွာသို့ ရောက်။ အသုဘအိမ်သို့ သွား။ မသောင်းလှ တယောက်မှတပါး အားလုံး ခံနိုင်ရည်ရှိပုံ တွေ့ရ၏။ သတိပဋ္ဌာန်တွင် ကိုချစ်ရနှင့် တော်တော်ကြာ စကားပြောရ၏။ ကျွန်ုပ် ဒါယကာကြီး၏ အဘမှာ ဦးထွန်းကျော် ဖြစ်ကြောင်း, တောင်သူကြီး ဖြစ်ကြောင်း, ကျွန်ုပ် ဒါယကာကြီးပင် လူလားမြောက် အရွယ်က တောင်သူ လုပ်ခဲ့ဘူးကြောင်း တော်တော်စုံစုံ ပြောပြသည်။ ညတွင်လည်း ကိုချစ်ရ တောင်တော်ကျောင်းဘုန်းကြီးတို့နှင့် စကားပြောရ၏။

24.4.68

မုံရွာမှ ပြန်ခဲ့သည်။ ဘူတာသို့ ကိုချစ်ရနှင့် ရဟန်းဒါယကာ လိုက်ပို့၏။ ရထားမှာ တလမ်းလုံး လူကြပ်သည်။ မှောင်ခိုကုန်သည်များကြောင့် ဖြစ်၏။ ၉ နာရီ မိနစ် ၅၀ တွင် တိုက် ပြန်ရောက်။

ကိလေသာတုရ-ထိ ပြီး၏။ ညနေပိုင်း မိုးသည်းထန်စွာ မန်းမြို့မှာ အပူသက်သာတော့မည် ဖြစ်၏။

25.4.68 ကိလေသာဘိနိဝေသ-ထိ ပြီးသည်။ အတွင်ကျယ် နည်းနေ၏။

26.4.68 အတွဲ(၆၃)ကို ပြန်တည်း၏။ အချိန်ပို လုပ်အားပေးခြင်းပင် ဖြစ်သည်။

27.4.68

ကိလေသာသုစိမိဂမ-ထိ ပြီးသည်။ ကခ်ီ ပါရာဇိကမှ စ၍ ချ၏။ နိဒါန်းမှာ လွန်ခဲ့သော (၂)နှစ်ကျော်က ချပြီးဖြစ်၍ ထပ်မချတော့။ မောင်နန္ဒကို ရုပ် အစမှ စ၍ တွက်ပေးသည်။ အခြေခံကောင်းရန် ရည်ရွယ်ခြင်းပင်။

28.4.68

ဒေါ်ကျင်ထံမှ ဆွမ်းဂျိုင့်(၂)လုံး ပေးလိုက်ရန် တံဆိပ်တုံးပါ စာနှင့် လာ၍ ဆိုက္ကားဆရာထံ ပေးလိုက်၏။ မကွေးဘုန်းကြီး ပြန်ပြီ ဖြစ်၏။ အတွဲ(၆၃)ကို အချိန်ပိုအဖြစ် တည်းသေး၏။ ကိဝန္တ-ထိ ပြီးသည်။

29.4.68 ကိသ-အထိ ပြီး၏။ အတွဲ(၆၃)ကိုလည်း အချိန်ပို တည်းဖြတ်ကြသေးသည်။

၁၉၆၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ အင်္ဂါနေ့ (၁၃၃၀ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်)

ကိသိတ္တော-ထိ ပြီးသည်။ ဖောင်ကြမ်း(၂၁) လာ၏။ တိုက်(ပ်)ဖောင်(၂၄)ထိ ကုန်မှ ဖောင်ကြမ်း(၂၁)သာ ရ၏။

၁၉၆၈ ခုနှစ်၊ မေလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၃၀ ခုနှစ်၊ ကဆုန်ကဆန်း ၅ ရက်)

အတွဲ(၇၁) လုံး၀ တည်းပြီး၏။ (၇၄)ကို စ၍ ကိုင်သည်။ ကုဋ္ဌိတွာ-ထိ ပြီး၏။ ဖောင်(၂၁)၌ ထီ မပါ သင့်ဘဲ ထည့်ထား၍ ထောက်ပြခဲ့ရသေးသည်။ လုပ်ပုံမှာ လုံး၀ မသေသပ်ကြ။ ကခ်ီ ဘာသာဋီ နှာ ၇၉ ပ-အုပ်၌ (၂)ပါးပြု ပါရိသုဒ္ဓိ ဥပုသ်၌ သိမ်ထဲ မသွားဘဲလဲ ပြုကောင်းသည်ဟု တေရသကဏ်ဋီကာ ပဝါရဏက္ခန္ဓက ကိုး၍ ရေးထား၏။ ပခုက္ကူအဖွဲ့မှ အမှတ်(၃) ဖောင်ချော ဖတ်ရ၏။ (---) တစသာရ၌ (ဗ=ဗဟုဗ္ဗီဟိ)ဖြစ်သော်လည်း (တိ) မထား၊ (ပု) ထား၏။ သစ်ပင်ရ၍လား မသိ။ ခါန်လာ လိင်အတိုင်း ထားခြင်းလည်း ဖြစ်နိုင်သည်။

2.5.68

ကုဋ္ဌ-ပုဒ်အထိ ပြီး၏။ ကိသာဂေါတမီတို့ အကြောင်းလည်း အကြမ်းရေးထား၏။ မပြီးတတ်သေး။ ဆရာတော် ဆရာကြီး ဦးအုံးရွှေထံ သွား၍ ပြသည်။ ဆေးများ ပေးလိုက်သည်ဟူ၏။

3.5.68

ကုဋ္ဌဇိ-ထိ ပြီးသည်။ ကိသာဂေါတမီအကြောင်းကိုလည်း ဆက်လက်ရေးသေး၏။ အကြမ်းဖျင်း ပြီးသည်။ ရန်ကုန် ကျောင်းမှုများ ဖတ်ရသည်မှာ စိတ်မချမ်းသာစရာ ကောင်းလှ၏။ ကြားရသည်မှာလည်း အရုပ်ဆိုးလှသည်။ (၆၃)ကို ပြန်တည်းပြီး၍ ဩသာနထံ အပ်လိုက်သည်။

4.5.68

မောင်ဉာဏဝံ-ပြော ရခိုင်ရောက်ဧည့်သည် ချီပါပခန်သား ပုံပြင်မှာ ကောင်းလှသည်။ ဥက္ကဋ္ဌကြီးပြော ရွှေဘိုသား ပုံပြင်ကလည်း မဆိုးလှပေ။ ဒါယိကာမကြီး ဒေါ်ရွှေတင် အသုဘကြော်ငြာ လုပ်သားတွင် တွေ့ရ၏။

5.5.68

မောင်ဝိဇာဓကို ယမိုက် စ၍ ချပေးသည်။ ကုဋ္ဌိကဏ္ဍ-ထိ ပြီးသည်။ အတွဲ(၆၇)ကိုလည်း အချိန်ပို အဖြစ် တည်းသေး၏။ (၅)မျက်နှာကျော်ကျော် ပြီးသည်။

ရဲဘောအောင်စိုး-ရေး ကွန်မြူနစ်များအကြောင်း ဆောင်းပါး (ဗိုလ်တထောင်)မှာ ကောင်းလှသည်။ ဦး၀ဏ္ဏအကြောင်း ကြားရသည်မှာ သံဝေဂယူစရာ။ တာဝန်မကြေသူများ အပြစ်တင်စရာ။ စာချသူများ၏ ဘဝအာမခံချက် မရှိပုံမှာ ကြောက်စရာ ကောင်းလှ၏။

6.5.68

ကုဋ္ဌိဒါယက-ထိ ပြီးသည်။ အတွဲ(၆၇)ကိုလည်း အချိန်ပို တည်း၏။ (၂)မျက်နှာခန့် ပြီးသေးသည်။ ဓမ္မကာမကျောင်းအမ ဒေါ်မြခင် သေဆုံး၍ အသုဘချသည်။

7.5.68 ကုဋ္ဌိပရိဘာဏ္ဍကရဏကာလ-ထိ ပြီးသည်။ ဆရာတော် မျက်မှန် ရလာ၏။

8.5.68

ကုဋ္ဌိလဝိသုက-ထိ ပြီးသည်။ ဦးကျော်ထွတ်က ကျွန်ုပ် ရေးထားသော ကမ္မသကနှင့် ကမ္မသက တာဉာဏ် အဓိပ္ပါယ် အရေးအသားကို ကောင်းလှပါပေသည် ချီးကျူး၏။ ကမ္မသကကို လယ်တီဒီပနီကို ကူးချခြင်း ဖြစ်သည်။ ကမ္မသကတာဉာဏမှာ ကျွန်ုပ် မူပိုင် ရေးသားခြင်း ဖြစ်၏။ ကမ္မာရ-နှင့် အစချီသော ပုဒ်များ တချို့နေရာတွင် ပန်းပဲဟု ရေး၍ တချို့နေရာတွင် ပန်းဘဲဟု ရေးသည်မှာ ဆိုးလှသည်။ ညီရန် လို၏။ ကိုကျော်ထွတ် အတု လုပ်၍ ပြင်ဆင်စေချင်သည်တို့ကို ရေးလိုက်သည်။

9.5.68

ကိုကျော်ထွတ် အတုလုပ်၍ ရေးလိုက်သော အချက်များကို အရေးတယူ ပြုသဖြင့် ပြုံးမိသေး၏။ အတွဲ(၇၄) လုံးဝပြီးသည်။ အတွဲ(၇၅) စတည်း၏။ တပုဒ်ပင် မပြီးတတ်သေးပါ။

Mg Than Lhain regive me fifty rupees. He has to give me 200 rs. Which he borrowed.

စစ်တွေ၌ မုန်တိုင်းကျကြောင်း သိရ၏။ အပျက်အစီး မသိရသေး။

10.5.68

အတွဲ(၇၅) စ၍တည်းသည်။ ကုဋ္ဌမ္ဗီ-ထိ ပြီး၏။ ယဉ်ပုံဘုန်းကြီး ဝက်လက်မှ ဆန်(၂)အိတ် ထောက်ခံစာ အပြည့်အစုံနှင့် ယူလာသည်ကို တွေ့၏။

ဆက်လက်၍ ရခိုင်တိုင်း၌ မုန်တိုင်းကျ၏။ လူပေါင်း(၄၀၀)ကျော် သေသည်ဟူ၏။ စစ်တွေ တမြို့ လုံး ပျက်စီး၏။

11.5.68 ကုဋ္ဌိဝိဟာရီမထေရ် အကြောင်း အကျယ်ရေးသည်။ ဝန်ထောက်မင်းထံ စာ သွား၍ မဖတ် ဖြစ်။ မိုးကြောင့် ဖြစ်သည်။ မကြူးက ငွေ(၁၀) ထပ်လှူလိုက်၏။ သူ့အမေ အသုဘအတွက် ဖြစ်သည်။ I had a bad dream for my pongyi(lndaing). That he was cut with a (dah) by anyone.

12.5.68

ဆရာတော်က "ဆင်တဲဆရာတော် ရိုးသားပုံ, လူမှုရေး နားမလည်ပုံ, သူ့ကို ရိုသေလေးစားပုံ" ပြော ပြ၏။ တိုက်ဟောင်းတွင် အလှူရှိ၏။ ခနဲ မရေးဖြစ်ကြ။ ကုဋ္ဌမ္ဗရိယဝိဟာရ ကုဋ္ဌမ္ဗိလပုတ္တတိဿမထေရ် အကြောင်းကို ရေးသည်။ ကူးရန် ရှင်ပညာ(ဦးပညာဝံသ)အား ပေးလိုက်၏။

13.5.68

ကုဋ္ဌရောဂါဘိဘူတ-ထိ ပြီးသည်။ ဖောင်ချော(၁၆) ရသည်။ အမှား မကင်းသေး။ သေသပ်မှု များစွာ လိုသေး၏။

အမေရိကန်နှင့် မြောက်ဗီယက်နမ် ပြင်သစ် ပဲရစ်မြို့တွင် စတင်ဆွေးနွေး၏။ အမေရိကန် ခေါင်းဆောင် ဟဲရီပန်၊ မြောက်ဗီယက်နမ် ခေါင်းဆောင် ဆွမ်သွီ။

14.5.68

ကုဋ္ဌ(၀)-ထိ ပြီးသည်။ Wi Baw Da does not come today to larn Yamaka and repeat the lessons. pongyi consulted me regarding to the precious stone. He said it cost at least 3 lakhs.

15.5.68 ကုဏပရစနာ-ထိ ပြီး၏။

16.5.68

ကုဏီ-ပုဒ်ထိ ပြီး၏။ ဆရာတော်က "ကံနှင့် ပတ်သက်သောအရာ၌ စာလာအတိုင်း ယုံရန်" မိန့်၏။ နှလုံးအစားထိုး ကုခြင်းနှင့် ပတ်သက် မိန့်ခြင်း ဖြစ်သည်။

ဘုရားကြီးတွင် လာ၍ လိမ်သော ခြေတော်ရာ အစိုးရပိုင်းက အရေးယူထားသည်ဟု ကြား၏။

17.5.68

ကုဏ္ဍ-ထိ ပြီး၏။ I received eighty-five for april. ဘုရားကြီး ဂြိုဟ်ရှစ်လုံးဌာနမှ သေတ္တာ ဖောက်၍ လူခိုးသည်ဟူ၏။

18.5.68

ကုဏ္ဍဓာနဝန-ထိ ပြီးသည်။ မိုးရွာ၍ ဝန်ထောက်မင်းထံ မသွားဖြစ်ပေ။ ဦးပညာ-ကိစ္စ ကြားရ၏။ ဆုံးဖြတ်ခက်သော ကိစ္စတရပ် ဖြစ်သည်။

19.5.68

ဘင်္ဂါလီ သင်ရန် စုံစမ်းမရ။ ဆေးရုံ ခေတ္တ ဝင်။ ဆရာမြို့ထံ ခဏ သွား။ (၆၇) အပြီးတည်း။ ရှိတ်စပီ ယားပြဇာတ် စဖတ်။ ကိုအေးနှင့် အတော်ကြာ အဖျောက်အကြောင်း ပြော၏။

20.5.68

အတွဲ(၇၅) ပြီး၏။ အတွဲ(၇၁) ပြန်တည်း၏။ အတွဲ(၆၇) အပ်၏။ မတင်ညွန့် ခဏ လာသည်။ သူ့ ဦးပဥ္စင်း မောင်မာဃိန္ဒက ချောက်တွင်းကျတွင် ဝါဆိုမည်ဟူ၏။

21.5.68

အတွဲ(၇၁) ပြန်တည်းပြီး၏။ အပ်လိုက်သည်။ ရွက်ရေ(၃၅) ရှိ၏။ (၇၄)တွဲကို ပြန်တည်းသည်။

22.5.68

(၇၄) တည်းပြီးသည်။ မအပ်သေး ရေးစရာပုဒ် အနည်းငယ် ရှိသေး၍။ ဖောင်ချော(၁၇) ရ၏။ ဖောင်ကြမ်း(၂၂) ဖတ်ရ၏။ အမှား မကင်းသေး။ ဘုရားလောင်း သွေးစိမ်းထွက်အောင် ပြုသောကံဟု ရေးထား၏။ ထွက်အောင် မပြုနိုင်။ သွေးစိမ်း တည်အောင်သာ လုပ်နိုင်၏။ ဂရုမစိုက်က အားလုံး အရှက်ကွဲမည်။ ဦးကျော်ထွတ် အတု လုပ်၍ ပြင်လိုက်သည်။

(၇၇) စ၍ တည်း၏။

23.5.68

ကုပ္ပ-ထိ ပြီးသည်။ ဦးကျော်ထွတ် အတု ရေးသားချက်မှာ ထိ၏ မိ၏။ အတော်ခက်သော လောကပါပေ။

ဆရာတော်က (ကင်းဝန်)မင်းကြီးဆရာတော်အား "အနုရုဒ္ဓါ မာနခံနေ၍ အရဟတ္တဖလ မတက်နိုင်ပုံ၊ ဤသာဓကမှာ လူအား မာနမကြီးဖို့ သင်္ခန်းစာ ပေးနေပုံ" မိန့်၏။

24.5.68

ကုပ္ပတိ-ကို ထပ်ရေးသည်။ ကုဋိကဏ္ဏသောဏထေရ် အကြောင်း အကျယ်ရေး၏။

စတုမဓူ ဖော်သည်။ ထောပတ်မှာ တပိဿာ ၄ တိတိ စျေးတက်သွား၏။

25.5.68

ကုပ္ပသန္တိ-ထိ ရောက်၏။ မပြီးသေးပါ။ ဖောင်ချော(၁၈) ရသည်။ မကျေနပ်ချက်များကို ပြောကြ၏။ ကောင်းသည်၊ သို့မှ အမှားနည်းလာမည် ဖြစ်၏။ ထိပ်မှ နေ၍ ထင်ရာ လုပ်နေလျှင် မကောင်း။ ဝန်ထောက်မင်းအိမ် တဦးတည်း သွား၏။

26.5.68

ပါဠိ(ပဋ္ဌာန်းဆရာတော်)က အဓိပ္ပါယ် မရှိ စိတ်ဆိုးသည်။ "လောဘ ဒေါသ မောဟ နည်းအောင် ဟောနေသော ဓမ္မကထိကတဦး ဖြစ်၍ ဒီလောက် ကိစ္စ စိတ်ဆိုးထိုက်သည်"ဟု မှတ်ချက်ချရသည်။

27.5.68

ကုပ္ပိဿာမိ-ထိ ပြီး၏။ အတွဲ(၇၄) အပ်လိုက်သည်။ I receviced eighty-five for may.

28.5.68

ကုဗ္ဗတိ-ထိ ပြီး၏။ ကုမာပုတ္တမထေရ် အကြောင်း ကြိုတင်၍ အကြမ်းဖျဉ်း ရေးထား၏။ ဝန်ထောက်မင်းအိမ်မှ သကြားသီးများ လာလှူဒါန်း၏။

29.5.68

ကုမာပုတ္တထေရ-ထိ ပြီး၏။ ပိ(ပိဋက) ရွှေဘိုက ပြန်လာသည်။ ရွှေဘိုနယ်သား မဟုတ်၍ ဆန် မပေးနိုင်ဘူးဟူ၏။

30.5.68 အတွဲ(၇၅) ပြန်တည်းပြီးသည်။ အချိန်ပို လုပ်အားပေး၍ တည်းရ၏။

၁၉၆၈ ခုနှစ်၊ မတ်လ ၃၁ ရက်၊ သောကြာနေ့ (၁၃၃၀ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)

ကုမာရ-ထိ ရောက်၏။ မပြီးတတ်သေး။

၁၉၆၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စနေနေ့ (၁၃၃၀ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)

ကုမာရပဗ္ဗဇ္ဇာ-ထိ ပြီး၏။ ဖောင်ချော(၁၉၊ ၂၀) ရသည်။ အမှား နည်း၏။ အသုံးမကျသော ဘုန်းကြီးနှစ်ပါးကြောင့် အမှား မကင်းတတ်သေး။

2.6.68

ကုမာရပိလန္ဒန-ထိ ပြီး၏။ I could not go to EAC's house owing to the rain.

ဆွမ်းစားရှိ၍ စာဝါပျက်။

3.6.68 ကုမာရကဿပ အကြောင်း အနည်းငယ် ရေးထား၏။ မပြီးတတ်သေးပါ။

4.6.68

မိုးရွာ၍ ဆွမ်းချက်ကြရသည်။ ဦးဩဘာနှင့် မောင်လွင် ခဏ လာကြ၏။ ရွာတွင် အလုပ်ပြတ်နေကြောင်း သိရသည်။ ကုမာရိကာ-ထိ ပြီး၏။ မိုးရွာ၍ စာဝါပျက်။ (Zawgy)

5.6.68

မိုးရွာ၍ စာဝါပျက်၊ ဆွမ်းချက်။ ကုမာရိဘူတ-ထိ ပြီး၏။ ကုမာရကဿပ အကြမ်းရေးလည်း ပြီး၏။ ဆရာတော်က "ကိုယ့်ဘို့ ကြည့်သူသည် ဒေဝဒတ်၊ ပရဟိတ ကြည့်သူသည် ဘုရားလောင်း"ဟု မိန့်၏။

6.6.68 ကုမာရီ-ထိ ပြီးသည်။ ရောဘတ်ကနေဒီ အသတ်ခံရသည်ဟူ၏။

7.6.68 ကုမီနသူလမတ္တက-ထိ ပြီး၏။ ကိုနန္ဒ အချိုးမကျ၍ ပြောပြရသေးသည်။

8.6.68 ကုမုဒဝဏ္ဏ-ထိ ပြီး၏။

9.6.68

ကုမ္မ-ထိ ရောက်၏။ မပြီးသေးပါ။ ကနေဒီ သေစဉ်က ကနေဒါနိုင်ငံ ပန်းချီရောင်းစားသူ စတူးဝပ်၏ ပန်းချီခန်းတွင် ချိတ်ဆွဲထားသော ကနေဒီ ဇနီးမောင်နှံ ပုံ(၂)တွင် ကနေဒီပုံသာ ပြုတ်ကျနေသည်ကို တွေ့ရသည်ဟူ၏။ ရောဘတ်ကနေဒီ၌ ထို့တူ တွေ့ရသည်ဟူ၏။

10.6.68

We could not go to E.A.C's house owing to the rain.

U Sandaw(Pali) and his pupil Zawana want to Myan Aung U Tin's house frequently with intuition to be their offerer. U Tin said that he did not offer anything to the pongyi because he was pyinnyabuddhi and not a thatdarbuddhi.

11.6.68 Finise(h) form (11).

12.6.68 အတွဲ(၁၂) စ၍ တည်း။ ကုသလကမ္မပဋိပတ္တိ-ထိ ပြီး။

13.6.68 ကုသလကိရိယာ-ထိ ပြီး၏။

14.6.68

ကုသလစေတနာ-ထိ ပြီး၏။ ယမိုက် အနုမြူ သျှ ပေမူ ကြည့်ရ၏။ ရေးသူနာမည် မပါ။ ရေးပြီးဟု မကြားသေး၍ ရေးထားကြောင်း နိဒါန်း ရေးထား၏။

15.6.68

ဖောင်ချော(၂၁) ရသည်။ အမှား မကင်းသော်လည်း တော်လာပေပြီ။ ဖောင်ကြမ်း(၂၃) ဖတ်ရ၏။ လိုသေးသည်။ ပြင်ရပေဦးမည်။ ကုသလတ္တိကဝိဿဇ္ဇနာ-ထိ ပြီး၏။

16.6.68

ယဉ်ပုံ လေကြောထိုး၍ လာပင့်သဖြင့် သွားရသည်။ ကုသလဓမ္မစ္ဆေဒန-ထိ ပြီး၏။ ကရမရ-မှ ကရောတိ-ထိ နှာ ၉၈၇-၉ မှ ၁၀၃၄-၆-ထိ ၇ွှ ဖတ်ရသည်။ အမှား များသေးသည်။ ဖောင်ကြမ်း(၂၃)မှ အမှားများကို ထောက်ပြလိုက်၍ မာ(မာဂဓ) ဦးကျိုးသွား၏။

17.6.68 အတွဲ(၈၂) လုံးဝပြီးသည်။

18.6.68

အတွဲ(၇၇)ကို တဦးတည်း ဖတ်သည်။ မဆိုးလှ။ အင်တိုင်း ရွှေနွယ်ရိုးဘုန်းကြီး ကိုရင်တပါး လာအပ်သည်။ ရွာသားဖြစ်၍ လက်ခံရမည်ပင်။ ကြက်ဟင်းခါးသီး စားမိ၍လား မသိ မူးသည်။

19.6.68 အတွဲ(၇၇) ပြန်တည်း၏။ (၂၄)မျက်နှာ ပြီးသည်။

20.6.68

(၇၇)အတွဲ လုံးဝ တည်းပြီးသည်။ အပ်လိုက်၏။ ဒေါက်တာသိန်း သမီး မင်္ဂလာဆောင် ဆွမ်းကျွေးတွင် ဘိနပ် နေရစ်၏။ ဆရာတော်၏ ဘိနပ်တရံ ယူစီးသည်။

21.6.68 အတွဲ(၈၂) ပြန်တည်းသည်။ မျက်နှာ(၂၀)ခန့် ပြီး၏။ အတွဲ(၈၄)လည်း စထားသည်။

22.6.68

အတွဲ(၈၂) အပ်လိုက်သည်။ (၈၄)မှ ကုသလာကုသလစိတ္တုပ္ပါဒ-ထိ ပြီး၏။ ဒေါ်မုန်းခင် အနိစ္စရောက်၍ လာပင့်သဖြင့် သွားရသေးသည်။ အိမ်မရောက်သည်မှာ ကျွန်ုပ် ဝတ္တရား ပျက်ကွက်၏။ ဖောင်ချော(၂၂) ရသည်။

23.6.68

ကုသလာကုသလဝိပါကဇာနနပညာ-ထိ ပြီးသည်။ ကားကောင်းစီးသူများနှင့် ပတ်သက်၍ ယေဘုယျ စိတ်ထားကို မောင်သန်းထွန်း အဖြစ်အပျက်မှ အကဲခတ်မိသည်။ ဖိတ်ထား၍ ငှားစီးသူများ သတိပြုရန်ပင်။

24.6.68

ဖောင်ချော(၂၂) ဖတ်သည်။ မဆိုးလှ။ ဒေါ်မုန်း-- ရက်လည်ဆွမ်းကပ် သွားသည်။ ဆရာတော် အနည်းငယ် ဖျားပြန်သည်။ ခဏခဏ ဖျားသည်မှာ မကောင်း။

25.6.68 ကုသလုပ္ပါဒန-ထိ ပြီး၏။ ninety ရရှိသည်။ ကိုရင်ကို သင်္ဂြိုဟ် စ၍ သရုပ်ခွဲပေး၏။

26.6.68

ကလျာဏီဂါမ ပါသော အတွဲ(၃၈) ဂ္လီ ဖတ်ရသည်။ ကျွန်ုပ်တို့ အဖွဲ့ခွဲစက ပုဒ်များ ဖြစ်၏။ ရန်ကုန် ဖြစ် သိပ်မပါပေ။ ၂၃-၁-၆၈ နေ့က အပ်သောဖောင် ဖြစ်သည်။ ယ္ခုမှ ဂ္လီအဖြစ် ပြန်လာ၏။

27.6.68

မောင်သိန်းငွေ ရဟန်းခံအတွက် တိစီဝရိက်ကုသိုလ် ပါဝင်လိုက်သည်။

ကလျာဏီဂါမမှ စ၍ ဂ္ဂီဖတ် ပြင်လိုက်သည်။ ဘုရားကြီးတိုက်မှ ဦးကုမာရ(ဝဋံသကာ)တို့ (အဘိဓာန်) လာ၍ လေ့လာကြသည်။

28.6.68 ကုသလပူပပရိက္ခာ-ထိ ရောက်သည်။ မပြီးတတ်သေး။

29.6.68 ကုသာဝတီရာဇဓာနီပွမုခ-ထိ ပြီး၏။

၁၉၆၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ တနင်္ဂနွေနေ့ (၁၃၃၀ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်)

ဓမ္မဒီပမှ ရှင်သုမန ရဟန်းခံတွင် ရဟန်းလောင်း ဆုံးမခဲ့သည်။ ဦးစွာ ဆုံးမဘူးခြင်း ဖြစ်၏။ ကူဋ္ဌကရ-ထိ ပြီးသည်။

၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ တနင်္လာနေ့ (၁၃၃၀ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်)

ကူဋ္ဌင်္ဂမ-ထိ ပြီးသည်။ ငမြဲကြီးနယ်မှ (-)ဝါခန့် ဦးပဥ္စင်းတပါး ရောက်လာ၏။ အားနာ၍ လက်ခံထားသည်။ ဆရာမ အေးက တိုက်သစ်/ဟောင်းမှ နာယကအားလုံး ဆွမ်းစားပင့်သည်။ seven ---- စ ဖတ်သည်။ ရက္ခန်းဝေါဟာရများ ဖြစ်၍ ဝါကျ မခက်သော်လည်း စာလုံးများ စိမ်းနေသည်။

2.7.68

ဆရာမ အေး မွေးနေ့ ဆွမ်းကျွေးပွဲသို့ အားလုံး နာယကများ သွားကြရသည်။ ကိုရင်ကို စာချ, စာပြန်ခိုင်း။ ကိုဉာဏဝံ စာရေးပေးသည်မှ လွဲ၍ ဘာမှ မလုပ်ဖြစ်။

3.7.68

ကူဋ္ဌင္ဆကာရက-ထိ ပြီး၏။ U Kyu died yesterday and today is funeral.

မီးသီး(၈)လုံး ပပကမှ ထုတ်သည်။ တလုံး ၈၅ါး ဟူ၏။

ဆရာမ အေးနှင့် မျက်ပါးရပ် ဒါယိကာမများ ကိစ္စမှာ နှစ်ဦးလုံး ဆိုးကြ၏။ ဆရာမ အေး၏ ညီမတ သိုက်ကား တော်တော်ဆိုးပုံရသည်။

4.7.68 ကူဋ္ဌခေနု-ထိ ပြီး၏။

5.7.68

အတွဲ(၈၄) ပြန်တည်း၍ အပ်လိုက်သည်။ ကူဋ္ဌမာန-ထိ ပြီးသေး၏။ ကျမ်းညွှန်း ပဝဂ် ဖောင်(၅) ရသည်။ အဖွဲ့ပိုင် ဖြစ်၏။

မောင်သန်းနိုင် ငွေ fifty ယူသည်။ ပေါင်း(၂၅၀) ရှိသွားပြီ ဖြစ်၏။

6.7.68 ကူဋ္ဌသက္ခီ-ထိ ပြီးသည်။

7.7.68 ကူဋ္ဌာဂါရ-ထိ ပြီး၏။

8.7.68 ကူဋ္ဌာဂါရကဏ္ဍိကာ-ထိ ပြီးသည်။

9.7.68

ဦးပဥ္ဇင်း ဦးပဏ္ဍိတကို စာဖြေနည်း ပြပေးရုံမှတပါး အလုပ်မလုပ်ဖြစ်။ သဒ္ဒါနည်း ဆွေးနွေးကြသေး၏။ ဓမ္မဝိနယ(ရုံသီ)ဘုန်းကြီး ခေတ်ခဲ(၂)ခဲ ပေးသည်။

10.7.68

ကျောင်းဒကာ ဒကာမများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း၏။ ဝါဆိုသံဃာ တိုက်သစ်၌ (၆၉)ပါး၊ ရဟန်း(၅၄) ရှင်(၁၅) ဖြစ်သည်။ မနှစ်ကထက် (၅)ပါး တိုးလာ၏။

11.7.68

တနေကုန် စာချ စာရေးပေးခြင်းဖြင့် အချိန်ကုန်သည်။ ရေနွေးအိပ်တလုံး ယဉ်ပုံမှ ယူလာသည်။ ပပကထုတ် (၆)ကျပ်ကျော်ကျော်သာ ကျ၏။

12.7.68 ဝိနည်းစာမေးပွဲ ကျင်းပသည်။ ဂိုဏ်းပြေးစာဝါ အပျက်မခံဘဲ ပို့ချပေးရသည်။

13.7.68

စာမေးပွဲ ဒုနေ့ ဖြစ်သည်။ ကိုရင်များမှာ တော်တော် အဆင့်မြင့်မြင့် ဖြေနိုင်ကြ၍ ဝမ်းသာရသည်။

14.7.68 စာဝါစာရင်း ကြေညာရန် စီစဉ်ကြသည်။

15.7.68

လေပွ နေမကောင်း၍ ကဇ်ါကို မပျက်ရုံသာ ချသည်။ လူသိအောင် နေမကောင်း မဖြစ်သည်မှာ ကြာပြီ။ ယခု ဖောက်လာခြင်းပင်။

16.7.68 နေ လုံးဝကောင်းပြီ။ ဆွမ်းလည်း စားကောင်း၏။ လေလည်း မပွတော့ပေ။

17.7.68

ဆရာတော်က "သူတပါးကို နှိမ်ဘို့အတွက် ရည်ရွယ်ချက်ဖြင့် မည်သည့်ကိစ္စကိုမျှ မလုပ်ထိုက်ကြောင်း" မိန့်တော်မူ၏။ အင်္ဂလိပ်စကားပြောကို ပို၍ တတ်ရန်လိုကြောင်း အခုမှ သိရသည်။

18.7.68

ဝါတွင်း စာဝါများ ကောက်ကြသည်။ အလုပ်လည်း စသည်။ ကူဋ္ဌာဂါရသုတ်ဟာသ-ထိ ပြီး၏။ သမရိုး (သမ္မာရိုးရွာ ဝက်လက်နယ်) ဆရာတော်ကြီး ရေးသားသောကျမ်း လက်ရေးမူ တွေ့ဘူးကြောင်း သိရ၏။ ဘာကျမ်းဟု မသိပေ။

19.7.68

ကူပ-ထိ ပြီးသည်။ မော်ကျွန်း တုံးလဲကျောင်းတွင် တွေ့ခဲ့ဘူးသော ပွင့်ဖြူနယ်မှ ဦးဇင်းကြီးတပါးက သူ့သား ကိုရင် ဝါကျွတ် အပ်လိုကြောင်း ပြောပြ၏။

20.7.68

ကူဋ္ဌမှတပါး အတွဲ(၈၆) အားလုံး ပြီး၏။ ဖောင်ချော(၂၃) ရသည်။ အမှားမပါတော့။ ဂ္ဂီများလည်း ရောက်လာသည်။ "ဂ္ဂီတခုမှာ စာတိုက်၌ တလ ကြာနေသည်"ဟု သိရ၏။

21.7.68

ကူဋ္ဌ-ပုဒ် ရေး၍ ပြီးသည်။ "မဖြစ်သည်၏ အဖြစ်ကြောင့်အစား မဖြစ်သောကြောင့်ဟူသော အနက်က လူသိလွယ်သည်"ဟူသော မောင်ဝိဗောဓ စကားမှာ မှန်လှသည်။

22.7.68

ကသာဘိဟတ-မှ ကသိဇိဝိတဝုဒ္ဓိ-ထိ ဂ္ဂီဖတ်ရသည်။ ကျွန်ုပ်တို့အဖွဲ့မှ (၂)ရွက်ကျော်ကျော်သာ ပါ၏။ (၈၇)ကိုလည်း ယူထားသည်။ ကေသဝဋ္ဋိ ရှုပ်နေ၍ တပုဒ်ပင် မပြီး။

23.7.68 ကေသိ-ပုဒ်ထိ ပြီးသည်။ ပိ(ပိဋ္ဋက)ထံမှ ဆီအလှူခံယူခဲ့သည်။

24.7.68

စတုမဓူချက်သည်။ ဒန်အိုးတွင် ရေထည့်၍ ဇလုံကို ရေပေါ်တင် ချက်သည်။ ဤနည်းမှာ စမ်းကြည့်ခြင်း ဖြစ်သည်။ ဦးဝဏ္ဏ-ပိ-ယဉ်-တို့နှင့် တိုက်တာစည်းကမ်း, စာချဘုန်းကြီးနှင့် လာဘ်လာဘပြဿနာ , အာဂန္တုပြဿနာ, ပေးသင့်သောအာဏာ-စသည်ကို ဆွေးနွေးကြသည်။

25.7.68

ကဟံ-မှ စ၍ ဂ္ဂီပရုဖတ်ရသည်။ မပြီးတတ်သေး။ ဦးဇင်းကြီး ဦးကံရက ဆွမ်းစား လာပင့်သည်။ သူ့သမီးများ အိမ်မှာ ဖြစ်၏။

26.7.68

ကေသိက-ထိ ပြီးသည်။ ကူဋ္ဋာဂါရသာလာအကြောင်း ရေးလို၍ ညတွင် အနည်းငယ် စုဆောင်း ရှာဖွေသည်။ ဦးဇင်းကြီး ဦးကံရ သမီးများအိမ် ဆွမ်းစားသွားရသည်။

27.7.68 ကေသီ-ထိ ပြီး၏။ ကူဋ္ဋာဂါရသာလာအတွက်လည်း ဆက်လက်ရှာဖွေသည်။

28.7.68 ကေဋ္ဋာယိတ-ထိ ပြီးသည်။ ကူဋ္ဋာဂါရသာလာ ရေးဆဲ။

29.7.68

ကေဋ္ဋိဟသသုခ-ထိ ပြီးသည်။ ဦးဝဏ္ဏ(ဘုန်းကြီးရေဦး) ပြောသော ကျောင်းကိစ္စမှာ မှတ်သားဖွယ် ကောင်းသည်။ ကျွန်ုပ်တို့အဖို့လည်း ထိုကိစ္စမျိုး မတွေ့ဟု မဆိုနိုင်ပေ။ သိမ်ကျောင်း နာ(ဦးနာရဒ-မာဂ ဓ)က ဦးကျော်ထွတ်ထံ မကြေနပ် မျက်ဖြေစာ ရေး၏။ ဖတ်သံ ကြားရပေသည်။

30.7.68 အတွဲ(၈၆) ပြန်တည်း၏။ မပြီးသေး။ ကူဋ္ဋဒန္တအကြောင်း မကျဉ်းမကျယ် ရေးသည်။

၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၃၀ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်)

အတွဲ(၈၆) ပြန်တည်း၍ အပ်လိုက်သည်။ ကာမနီတ ကာမဘူ-ပုဒ်များ ပါသော ဂ္ဂိကို ဖတ်ရ၏။ "ကာမနီတ အရေးအသား ကောင်းကြောင်း" ဦးကျော်ထွတ်က ချီးကျူး၏။ သို့သော် "များလွန်းကြောင်း, မ ထင်ရှားသူဖြစ်၍ ဤမျှ မလိုကြောင်းလည်း" မှာ၏။ ကိုဌေးလှိုင်က "ငါးပုံတပုံခန့် ရေးသင့်ကြောင်း" မှာ၏။ ကိုသိန်း ပြောပြသော လူ့လောက ဆွေမျိုး ဆက်ဆံရေးမှာ ကိုယ်တွေ့ ပြောပြ၍ မှတ်သားစရာ။

၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ အင်္ဂါနေ့ (၁၃၃၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်)

အဘိဓာန် ပြန်ဖွဲ့ရန် ဂန္ထအား လျှောက်ထားကြသည်။ ဂန္ထက သဘောကျသည်ဟူ၏။ ရူ(ရူပ သိဒ္ဓိ)စာဝါ ခေတ္တပိတ်ထားသည်။ မာ(မာဂဓ)က "ဆရာတော် ပဋ္ဌာန်း မှားနေသည်။ သားစဉ်မြေးဆက်(တပ ည့်အဆက်ဆက်) ရှက်ဖွယ်ကောင်းသည်"ဟု ပြောဘူးကြောင်း ဓမ္မဝိ(ဝိနယရံသီ)က ပြော၏။

2.10.68

နောက်အုပ်အတွက် သေသပ်ရန် ကြိုတင်ပြင်ဆင် စည်းဝေးပွဲ လုပ်သည်။ မာ(မာဂဓ)က ကပျက်ယ ပျက် လုပ်၏။ မြွေမြွေချင်း ခြေမြင်၍ လုပ်မရ။ နောက်ဆုံး အဖွဲ့မှလည်း ဆင်းပေချင်ဟန် မတူကြ။ ကပ် လွန်း၍ အိုးရွဲ့ကို စလောင်းရွဲ့နှင့် အုပ်လိုက်သည်။ အလုပ်မဟုတ်သော ဂဏန်းတိုက်ကို ကပ်၍ ပြော၏။ လူငယ်များ မလုပ်ခြင်အောင်လည်း ရေလာမြောင်းပေး ပြော၏။ သူ့လိုချည်း ထင်နေဟန် တူသည်။ ၃၁-၂-၃ ဖောင်ချော ရသည်။

3.10.68 ဘာမှ မယ်မယ်ရရ မလုပ်ကြ။ ဝိုင်းစကားပြော၍ ပြန်လာကြသည်။

4.10.68

အမှား အမှန် တိုက်သည်။ ဓမ္မဒီပဘုန်းကြီးနှင့် မူသစ်အရ (၉၅)အတွဲမှ စ၍ တည်းကြသည်။ ပရိ (ပရိယတ္တိ) ဓမ္မဝိ(ဓမ္မဝိနယရုံသီ) မာသု (မာဂဓဦးသုမန) ပိ(ပိဋကေ)တို့ ထိုင်ကြ၏။

5.10.58

နိဒါန်းကို အနည်းငယ် ဖြည့်စွက်ပြင်ဆင်၏။ မာ(မာဂဓ)က သူ့နိဒါန်း ထည့်လိုမှ ထည့်ရန် စာပေး၏။ ဓမ္မဝိနယနှင့် ကျွန်ုပ်ထံ လိပ်တတ်၏။ "ဦးဘဌေးက 'နိကာယ်စာမေးပွဲအတွက် အားလုံး တာဝန်ယူဖြစ်ကြောင်း, ဝန်မလေးကြောင်း ဆရာတော်ကို လျှောက်ထားသည်"ဟု ဆရာတော်က မိန့်၏။ ဦးမောင်မောင်(ပတ္တမြား)ထံမှလည်း တာဝန်ယူကြောင်း စာလာ၏။

6.10.68

ဘာမှ မလုပ်ဖြစ်။ ဖောင်ကြမ်းများ ဂန္ထမှ တဆင့် ရ၏။ ဒါယကာဒါယိကာအများမှာ စေတနာမှန်ရှားလိမ့်မည် ထင်၏။

7.10.68

မန်းမှ ရွာပြန်ရန် ထွက်ခဲ့သည်။ ရဟန်းဒကာ လာကြို၏။ ရထားစရိတ် တက်ထား၍ လူချောင်သည်။ ကိုဗိုလ်လေးနှင့် မတွေ့ရ။ လှသန်းနှင့်သာ တွေ့၏။ ရွာမှ ဒကာများအားလုံး နေထိုင်ကောင်းသည်ကို တွေ့ရ၍ ဝမ်းသာလှ၏။

8.10.68

စေတနာအန္တရာယ် ငွေအသပြာအန္တရာယ် ဇီဝိတအန္တရာယ် ဦးရွှေမြေး(ဘအဖေ?) မရွှေဆင့်ကျောင်းရေစက်ချ ကထိန်တရားကို အတိုဆုံး ဟောခဲ့သည်။ ဘာမှ မဟုတ်သော ကိစ္စများကိုလည်း ငေါက်ဆတ်ဆတ် ပြောချင်တတ်သည့် ကျွန်ုပ် ဝါသနာကား ဆိုးလှသည်။ အသင့်အတင့် အောင်မြင်မှုရနေသူ ဖြစ်၍သာ ခံနေကြခြင်း ဖြစ်လိမ့်မည် ထင်၏။ တသာသနာလုံး မှားနေသော ကိစ္စကို မိမိတဦးတည်း ပြင်၍ ဖြစ်လိမ့်မည် မဟုတ်ပေ။ အောင်မြင်မှုကို လက်ကိုင်ပြု၍ နေရာတကာ စွာကျယ်စွာကျယ် မလုပ်မိရန် သတိပြုရပေမည်။

9.10.68

ရွာမှ ပြန်ခဲ့သည်။ မန်းသို့ ည(၉)နာရီကျော် ရောက်၏။ ကိုရင်အား စောင်တထည် လှူလိုက်၏။ (၅) တန်၏။

10.10.68

ဖောင်ကြမ်း ဂဏန်းစသည် တိုက်သည်။ စာလုံးမှား ဂဏန်းမှား တွေ့ရ၏။ ရေဦးမြို့ ဥယျာဉ်ကျောင်းတိုက် ဒါယိကာမကြီး ဒေါ်မြ စေတနာကောင်းကြောင်း ကြားရ၏။

11.10.68 ဖောင်ကြမ်း ဂဏန်း တိုက်ကြသည်။ အမှားများ တွေ့ရဆဲပင်။

12.10.68 အဘိဓာန် မလုပ်ဖြစ်ကြ။ စတုမဓူ ဖော်စပ်သည်။ ၃ဂသားစီခန့် ရှိမည်ထင်၏။

13.10.68 ဘာမှ မလုပ်ဖြစ်။ ဝန်ထောင်မင်းအိမ်လည်း မသွားဖြစ်။ မိုးရွာသောကြောင့် ဖြစ်၏။ ကုသိုလ်ပိုရ၏။

14.10.68 ဝန်ထောက်မင်းအိမ် သွားဖြစ်၏။

15.10.68 စီမူ(၅၉) ဂ္ဂီကို ဖတ်ရသည်။ သိပ်မဆိုးလှပါ။ ကိုကျော်ထွတ်ကလည်း ချီးကျူး၏။

16.10.68

ရဟန်းဒကာဒကာမများ လာကြ၏။ ခေါက်ဆွဲကပ်ရန် ဖြစ်သည်။ ဂ္ဂီကို ဖတ်ကြ၏။ ဖောင်ချော(၃၄၊ ၃၅) ရသည်။

17.10.68 ရဟန်းဒကာများက ခေါက်ဆွဲကပ်သည်။ ဂ္ဂီ ဖတ်ကြသည်။

18.10.68

ဂ္ဂီကိုပင် ဖတ်ကြသည်။ မြန်မာစာ အရေးညံ့လှသော ကာသိ-ပုဒ်ကို တွေ့ရ၍ စိတ်မချမ်းမြေ့။ အနည်းငယ်သာ ပြင်နိုင်၏။

19.10.68

ဂ္ဂီကိုပင် ဖတ်ကြသည်။ မောင်နန္ဒ ချောက်ကို အပြီးပြောင်းသွား၏။ မန်း နေသော်လည်း တိုးတက်မှု မမြင်တော့ပေ။ ပြောင်းသည်မှာ ကောင်း၏။

20.10.68

ကိုဘလှ နာလန်ထပြီး တော်တော်ကြာကြာ စကားပြောရ၏။ ယဉ်ပုံတွင်လည်း တော်တော်ကြာကြာ စကားပြောမိကြ၏။ ဘင်ဂေါ စာအုပ်များ (အဘိဓာန်) ကပိုင်မှ မောင်ဇဋ္ဌိ ရှာလာ၏။

21.10.68

ဖောင်ချော မှားမှန် ပြင်ဆင်၏။ နံက် ၆:၄၀ နာရီတွင် လျှော်လုပ်သည်။ အတန်ကြီး။

22.10.68

ရွာပြန်ရန် ကားဂိတ်သို့ လာခဲ့သည်။ ရန်အောင်မန်းကားနှင့် ပြန်၏။ လူပင်ပန်းလှသည်။ ထိုင်ခုံများ ညံ့လှ၍ ကားစီးမကောင်းပေ။ ရထားနှင့် အချိန်ကြာချင်း သိပ်မထူးလှပါ။ ညတွင် သတိပဋ္ဌာန်မှာ အိပ်၏။ ဗိုလ်ရုံအကြောင်း ဦးချစ်ရနှင့် ရဟန်းဒကာထံမှ အချို့ သိရ၏။ သီပေါပါအပြီး (ငါးဝန်ဝါးချောင်း)တွင် ဆူပူနေသော ဗိုလ်လှမိုးတို့ကို ခုခံတိုက်ခိုက်ခဲ့သည်ဟူ၏။ မြင်းတော်ခံရာထူးနှင့် အမှုထမ်းသူဟူ၏။

မနီလာ၌ သေဆုံးပြီးသူ ဂျူမီတာဆိုမိုနှင့် (---)တို့ လက်ထပ်ပေးကြသည်။ မသေမီက ကတိရှိ၍ဟူ၏။ သမတဟောင်း ကနေဒီ၏မယား ဂျက်ကလင်းကနေဒီကလည်း ဂရိသင်္ဘောသူဌေးကြီး အာရစ္စတိုတယ်(Aristotle Onassis)နှင့် လက်ထပ်ကြသည်ဟူ၏။

23.10.68

နံက်(၆)နာရီတွင် ရွာပြန်၏။ ပေပင်ဆရာတော်လည်း ပါ၏။ မိုးရွာထား၍ လမ်းမှာ ဆိုးလှသည်။ မောင်ရွှေမောင်း ရွှေကြိုးနှင့် လက်ပတ်နာရီ ပျောက်သည်ဟူ၏။ မောင်ရွှေဝင်း သတင်းကလည်း ဆိုးလှသည်။ ကိုမြအုန်း အလှူ ပရိတ်ဝင် တရားဟော၏။ မတိုမရှည်သာ။ တရားဟောအပြီး ရွာမှ ပြန်ခဲ့သည်။ မုံရွာ (၇)နာရီသာသာတွင် ရောက်၏။ တလမ်းလုံး မိုးတဖျောက်ဖျောက် ရွာ၏။ ကျောင်းသစ်ဘုန်းကြီးက စကားထူးစကားဆန်း မိန့်၏။ အဓိပ္ပါယ်မှာ လေးနက်မှု မရှိပါ။ သူ့စိတ်ခေတ် ပေါလောပေါ်ရုံသာတည်း။ အက္ကရာမြို့ ဂါနာအစိုးရ မွေးမြူရေးခြံမှ နွားတကောင်ကို စပါးအုံးမြွေက မြိုသည်ဟူ၏။

24.10.68

ရန်အောင်မန်းနှင့် မန်း ပြန်ခဲ့သည်။ မောင်ကျော်ရှိန် လိုက်ပို့၏။ (၉)နာရီခွဲ မန်းရောက်သည်။ တလမ်းလုံး မိုးရွာနေ၏။

25.10.68 မိုးရွာ၍ အလုပ်မလုပ်ကြ။ ပြန်လာကြသည်။ ponegyi

26.10.68 eighty five ကို ဘုန်းကြီးထံမှတဆင့် လက်ခံရရှိသည်။ မိုးရွာ၍ ခနမလုပ်ဖြစ်ကြ။

27.10.68 မိုးရွာ၍ ဘာမှ မလုပ်ဖြစ်။

28.10.68

နေ့ပိုင်းတွင် မိုးကြဲ နေပူလာ၏။ ဓမ္မဒီပ ရှင်ကောဝိဒ ရဟန်းခံတွင် အနုသာသက ဓမ္မကထိကအဖြစ် ဆောင်ရွက်လိုက်၏။ ဓမ္မဒီပ ဘုန်းကြီးမှာ ဖျား၍ သိမ်ထဲပင် မလိုက်နိုင်ရှာပေ။ ယဉ်ပုံက ငွေ(၁၀၀) ခေတ္တ ယူသွား၏။ ကိုရင် လာယူခြင်း ဖြစ်သည်။

29.10.68

မှားမှန် တိုက်ပေး၏။ ကာဠု ဂ္လီများကိုလည်း လုပ်သည်ကို တွေ့ရ၏။ ကိုကျော်ထွတ်က "မြန်မာစာ အရေး အနည်းငယ် ပြင်ဆင်သင့်သည်မှတပါး အားလုံးကောင်းသည်"ဟု မှတ်ချက်ရေး၏။ ပိ(ပိဋ္ဋက)တို့ အဖွဲ့မှ စီမံဖြစ်သည်။

30.10.68

မှားမှန် တိုက်၏။ ယဉ်ပုံ လာ၍ လွန်ပြီးအရှုပ်အထွေးများ ပြောသွားသည်။ မဝက်နှင့် မစိန်ဆင့် ညီမ တို့၏ အရှုပ်လည်း ပါ၏။

၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ ကြာသပတေးနေ့ (၁၃၃၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်)

ဓမ္မဝိနယကျောင်း ဒါယိကာမကြီးက ကထိန်ခင်း၏။ သင်းပိုင်တထည်စီနှင့် နဝကမ္မ(၂၅-၀၀?) လှူဒါန်းသည်။ (၇၅)ပါး ပင့်၏။ ယဉ်ပုံ၌လည်း ကထိန်ခင်းသည်။ ဝန်ထောက်မင်းက ကထိန်ဒကာ ဖြစ်၏။

၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ သောကြာနေ့ (၁၃၃၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်)

ကျောင်းဒကာ (ဦးတော) မနေ့က ကထိန်တွင် ရွှင်ရွှင်လန်းလန်းနှင့် မြင်ရသေး၏။ ယနေ့ နံက် (၁၀)နာရီကျော်ကျော်တွင် လေဖြတ်၍ သေဆုံးရှာသည်။ အနိစ္စသဘောပေတကား။ ညတွင် အသုဘအိမ် သွား၏။ ကျောင်းအမ (ဒေါ်နိုင်) အပြောအရ ကုသိုလ်စိတ်များနှင့် သေသည်ဟု ယူဆရပေမည်။

2.11.68

ဖောင်ချော(၃၆၊ ၃၇) ရရှိသည်။ ၎င်းတို့ကို ဖတ်သည်။ တခြားအလုပ် မလုပ်ခဲ့။ အသုဘအိမ် ညပိုင်း ခဏ ရောက်သေး၏။ မယ်သီလရင် ပုံပြင်လေးမှာ ကောင်းလှသည်။ (လုပ်သား)

3.11.68

ကျောင်းဒကာ အသုဘ ယနေ့ ချ၏။ လူစည်လှသည်။ သံဃာ(၆၀)ကျော် ပင့်၏။ အဘိဓာန် မယ် မယ်ရရ မလုပ်ဖြစ်။

4.11.68

ဘာမှ မလုပ်ဖြစ်။ ဝန်ထောက်မင်းအိမ်ပင် မသွားဖြစ်။ အချည်းနှီး အချိန်ကုန်လွန်သောနေ့ ဖြစ်၏။

5.11.68

မှားမှန် တိုက်သည်။ ယဉ်ပုံတွင် ကိုလှသိန်း ကိုပြေသိန်းတို့ စကားပြောကြသည်မှာ မှတ်သားစရာပါ၏။ မသိတတ်မှုကို အခြေခံ၍ ပြောကြသည်။ စစ်ကိုင်း ဆရာတော် အကြောင်းများပင်။

6.11.68 နိဒါန်း ပြန်လည် ဖတ်ရှု ပြင်ဆင်သည်။

7.11.68 နိဒါန်း ဖတ်ရှု၍ ပြင်ဆင်သည်။ ဂန္ထက နိဒါန်း အမြန်ပို့ရန် စာပေးလိုက်၏။

8.11.68 နိဒါန်းကိုပင် ပြင်ဆင်၏။ ထည့်သင့်သည်ကို ထပ်ထည့်၏။

9.11.68 နိဒါန်းကိုပင် တချို့ ကျန်သည်များ ရေးထည့်၏။ မှားမှန်လည်း တိုက်သေး၏။

10.11.68

ကိ ဂ္လိကို ဖတ်ရ၏။ "ဆိုသေး၏"စသော အသုံးများကို မကြိုက်ဟု ကျော်က ရေးသည်။ ဖောင်ကြမ်း (၄၁၊ ၄၂)လည်း ရောက်သည်။ ဖောင်ချော(၃၈၊ ၃၉)လည်း ရ၏။

11.11.68

ဂ္လိကို ဆက်ဖတ်သည်။ ယနေ့ ပြီး၏။ ကျွန်ုပ် ဝင်လိုက်၍ မြန်စွာ ပြီးခြင်း ဖြစ်သည်။ တော်သည်ဟု မဆိုလိုပါ။ ရှင်းရှင်းပြတ်ပြတ် စဉ်းစား၍ မဟုတ်သည်ကို အချိန်ကုန်ခံ မငြင်းရအောင် စိတ်ဆိုးပေး၍ ဖြစ်သည်။

12.11.68

ဆရာတော် မွေးနေ့အထိန်းအမှတ်အဖြစ် ဒေါ်ကြင်တို့၏ မုန့်ဟင်းခါးဆွမ်း ကပ်လှူကြသည်။ ဆရာတော်က ဝီတိက္ကမကိလေသာစသော (၃)မျိုးအကြောင်းကို ဟော၏။ ကျွန်ုပ်က ရေစက်ချပေးရ၏။

13.11.68

ကျွန်ုပ်ရေး နိဒါန်းကို မာ(မာဂဓ)နှင့် ဖတ်ကြ၏။ အစီရင်ခံစာလို ရှည်သည်ဟု ဝေဘန်၏။ ကျန် သူပြင်ခြင်သည်များကိုလည်း ထောက်ပြ၏။ နေ့ စောစောပိုင်းတွင် ဖောင်ကြမ်းများကို ဂဏန်းတိုက်၏။ (၄၁၊ ၄၂) ဖောင်ကြမ်းများကို တိုက်ပြီး၏။ ရန်ကုန်ပို့ရန် အပ်လိုက်ပြီး ဖြစ်သည်။ ဂ္လိ ၁၈၁၅-မှ ၅၂-ထိကို ဖတ်ရ၏။

စိတ်ဝင်စားစရာပုဒ် နည်းပါးသည်။ ကျော် (ဦးကျော်ထွတ်)က အဆင့်အတန်း မြင့်မားလှသည်ဟု မြောက်သေး၏။

14.11.68

ဖောင်ချော(၄၀) ရ၏။ ဂ္လီကို ဖတ်၏။ ပြင်သစ်ပြည်သား ဂျော့ရှုမင်သည် ဘာသာ(၆၆)မျိုး တတ်သည်ဟူ၏။ ကုလဘာသာပြန်ဌာနတွင် အမှုထမ်း၏။ ဂျပန်ပြည်တွင် ခွေး(၂၀၀၀)ခန့်က ပိုင်ရှင်များနှင့်အတူ ဂျပန်အစိုးရကို ဆန္ဒပြကြသည်။ ခွေးစာ (အမေရိကန်မှ) လျှော့ တင်သွင်း၍ ဖြစ်သည်။ ကြွေးကြော်သံမှာ ခွေးစာ ပိုတင်သွင်းပါ (သို့မဟုတ်) သတ်ပစ်ပါဟူ၏။ (နိုဝင်ဘာ ၁၃၊ တိုကျို)

15.11.68

ရဟန်းဒကာနှင့် ဒကာမကြီး လာသည်။ ရန်ကုန်သွားမည်ဟူ၏။ မယ်တော်ကြီးလည်း လာသည်။ မောင်ထွေး အိမ်က ထွက်သွား၍ အရှာလာသည်ဟူ၏။ I give my mother 515-Rs. ကိုကျော်မောင် သားလည်း ထွက်ပြေးရာတွင် ပါသည်ဟူ၏။

16.11.68 ဂ္လီကိုပင် ဖတ်သည်။ နိဒါန်းကိုလည်း အစီအစဉ် မရှိဘဲ ပို့လိုက်ကြသည်။

17.11.68 ဂ္လီကို ဖတ်ကြ၏။ မပြီးတတ်သေး။

18.11.68 ဂ္လီကို ဖတ်ကြသည်။ ဖောင်ကြမ်း(၄၆)(၄၅) ရောက်လာသည်။ ကာ-မူ မပြီးသေး။

19.11.68

မယ်မယ်ရရ မလုပ်ဖြစ်ပေ။ နံက် ကိုဘလှတို့အိမ် ခဏရောက်၏။ ဆိုရှယ်လစ်ကြီးများ၏ အသေးအဖွဲကိစ္စဆိုသည်ကို သဘောကျလှ၏။ ညတွင် ယဉ်-ပိ-တို့နှင့် ထွေရာလေးပါး စကားပြောရင်း ပတ်ဝန်းကျင် အရှုပ်အထွေးကို ဆွေးနွေးကြ၏။ ခံခဲ့ရသော အချက်အလက်များကိုလည်း လက်တွေ့ ပြောပြရ၏။

20.11.68

ဖောင်ကြမ်း(၄၅)ကို ဂဏန်းတိုက်သည်။ လုံးဝပြီးစီး၏။ ဆရာကြီးနှင့် ဆရာမ အေးတို့က လမ်းပြင်ကိစ္စ မြူအဖွဲ့ကို သွားပြောပေးမည်ဟု ကတိပေးကြောင်း ယဉ်ပုံမှတဆင့် သိရ၏။

21.11.68 ဖောင်ချော(၂၁) မှားမှန် ပြန်တိုက်၏။

22.11.68 ဖောင်ချော မှားမှန် ပြန်တိုက်၏။

23.11.68 ဖောင်ချော မှားမှန် တိုက်၏။

24.11.68

ဖောင်ချော(၂၃) မှားမှန်တိုက်သည်။ သခင်တင်(ပထစ)က နိုင်ငံရေးမှ လုံးဝ အနားယူမည်ဖြစ်ကြောင်း ကြေငြာသည်။ (၆၅)နှစ် ရှိပြီဟူ၏။

25.11.68 ဖောင်ကြမ်း(၂၃)ကို မှားမှန်တိုက်၏။

26.11.68 ဖောင်ကြမ်း(၂၇) မှားမှန်တိုက်သည်။ I manage for the ticket.

27.11.68

မယ်မယ်ရရ မလုပ်ဖြစ်။ ပရိတ်ကြီးသျှသစ် (၁၀)နှင့် ဝယ်၏။ မှာ၍ ဖြစ်သည်။ မစိုးရိမ်မှ အဘိဓမ္မဘုန်းကြီး ဦးဥာဏော သိရောမဏိ ရှေးဦးစွာ ရသည်ဟု မှတ်ဘူး၏။ ပရိတ်ကြီးသျှသစ် နိဒါန်းရေးသူက သျှသစ် ကျမ်းပြုဆရာ သိရောမဏိ ရှေးဦး ရသလိုလို ပြော၏။

28.11.68

ဖောင်ကြမ်း(၂၇)ကို မှားမှန်တိုက်သည်။ မောင်ဖိုးကျော်က ဂရမ္မာ သင်ပေးရန် လာ၍ လျှောက်ထားသည်။

29.11.68

ဖောင်(၂၇) မှားမှန်တိုက်၏။ ပြီး၏။ ရဟန်းဒကာ လာ၏။ I receive eighty five. ဗိုလ်ချုပ်ကြီး နေဝင်းက နိုင်ငံရေးသမားဟောင်းများထံ “တိုင်းပြည်စီးပွားရေးအတွက် အကြံဥာဏ် ပေးကြရန်” ပြောကြားသည်ဟူ၏။

30.11.68 ဖောင်ချော(၃၁) မှားမှန်တိုက်သည်။

၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်၊ တနင်္ဂနွေ (၁၃၃၀ ခုနှစ်၊ နတ္တော်လဆန်း ၁၂ ရက်)

ဖောင်(၃၁) မှားမှန်တိုက်။

A word which one priest said to me made one gentle. I mocked him as an ox. He told me that you were very rude. Then I decided that I never mocked one with rude word.

2.12.68 ဖောင်(၃၅) မှားမှန်တိုက်သည်။

3.12.68 ဖောင်ချော(၃၅) မှားမှန်တိုက်သည်။ ကျော် ဗိုလ် ဌေးတို့ လာကြ၏။

4.12.68

ဆရာတော်က တိုက်သစ်သံဃာအားလုံး သင်္ကန်းဒွိစုံစီ လှူဒါန်းသည်။ ဘုန်းကြီးများ နှစ်ထပ် သင်္ကန်း လှူ၏။

5.12.68

ကိလေသက္ခယာဓိဂမ-မှ စသော ဂ္လီကို ဖတ်သည်။ ကျော် ဗိုလ် ဌေးတို့လည်း ပါ၏။ ဦးလှမောင် လည်း လာသည်။ ဆွမ်းကျွေးရန် ကိုဘလှ ဆန်လာပို့သည်။ ကိလေသဆာတဇ္ဈတ္တ (ဆာတဇ္ဈတ္တ = ဆာတ + ဈုပ + တ) ပြင်လိုက်၏။ သဘာဝကျသည်။

6.12.68

ဂ္လီအဆက်ကို ဖတ်သည်။ ရဟန်းဒကာများနှင့်တကွ ကိုလှဆင် မခင်သွယ် ခင်နွယ် ဒေါ်ကြူး မသန်း ခင် စန်းလှိုင် မဝင်း မယ်တော်ကြီး အရီးတို့ ဆွမ်းကျွေးလာကြသည်။ မဲဖောက်ရန်လည်း စီမံကြသည်။

ကံကရ-အတွက် စကားများရသေးသည်။ လူနားမလည်သော အနက်ကို ရှုပ်ထွေးအောင် ပြင်ကြ သည်မှာ အံ့စရာကောင်းလှ၏။

7.12.68

မုံရွာအဖွဲ့မှ တိုက်လုံးကျွတ် ဟောင်းနာယကများပါ ဆွမ်းကျွေးကြသည်။ တော်တော်လည်း ပြော(ပျော်)ကြဟန် တူ၏။ စေတနာလည်း ထက်သန်ကြ၏။ တတ်အားသမျှ မဲချ၍လည်း လှူဒါန်း၏။ ကျွန်ုပ်က သင်းပိုင်(၈)ထည်နှင့် မျက်နှာသုပ်ပုဝါ(၂)ထည် ကုသိုလ် ပါဝင်သေး၏။ စာအုပ် လှူဦးမည် ဖြစ်ကြောင်းလည်း ပြောကြ၏။ နံနက် ဆန်ပြုတ်လည်း ကပ်၏။ စိတ်ကောင်းရှိသူတိုင်းက ကြက်သားချက် အထူး ကြန်(ကျန်)သော ဟင်းချက်ကိုလည်း သာမန် ချီးကျူးကြ၏။

8.12.68

ယနေ့နံနက်လည်း ဦးလှဆင့် ဒေါ်ခင်သွယ်တို့က အကြော်, ရဟန်းဒကာက ဆန်ပြုတ်, တိုက်သစ် သံဃာများအား ဆက်ကပ်လှူဒါန်း၏။ စာအုပ်ဖိုးငွေ ဦးလှဆင့် (၅၀၀) ရဟန်းဒကာ+မ (၃၀၀) ဒေါ်တင်မေ (၂၀၀) လှူဒါန်း၏။ (၄၁၀)ဖိုး (၂၃)အုပ် ဝယ်ပြီးပြီ။ သံဃာဘုန်းပင်။

9.12.68

မှားမှန်တိုက် ပုဒ်ရေတွက်သည်။ ပုဒ်ပေါင်း သင်္ချာထည့်ရန် ဖြစ်၏။ ပိုနေသောဖောင်များ ပြန်ပေးရန် ပြောလိုက်၏။

10.12.68

ရူပသိဒ္ဓိ ကုန်သည်။ သမာသ်မှ စ၍ ချ၏။ (၄)ပိုင်း (၄)လကျော်ကျော်ကြာသည်။ ကိုတင်အောင် လာသည်။ သူကလည်း စာအုပ် လှူဒါန်းဦးမည်ဖြစ်ကြောင်း ပြော၏။ သူလိုလူ ပို့သွား၏။ ဘာမှ မယ်မယ်ရရ မလုပ်ဖြစ်။

11.12.68

အလုပ်ကား ဘာမျှ မယ်မယ်ရရ မလုပ်ဖြစ်။ ပိဋကတ်တော်ပြန့်ပွါးရေးမှ စာအုပ် (၃၅၀)ဖိုး ဦးလှမောင် ဒေါ်မိမိကြီးမှ (၁၇၅)ဖိုး ဝယ်၏။ ဦးဘပေါ်တို့ကလည်း စာအုပ် လှူမည်ဖြစ်ကြောင်း ရဟန်းဒကာမှ တဆင့် စာရ၏။ (၃၀၀)ဖိုး လှူမည်ဟူ၏။ ဘာတလုံးမျှ တရားမဟောပါပဲနှင့် လှူကြသည်မှာ အံ့သြစရာပင်တည်း။ သံဃာများ သက်သာမည်ဖြစ်သဖြင့် ဝမ်းမြောက်လှ၏။ စာသင်သားတုန်းက ကြည့်ရှုလိုသော စာအုပ် အလွယ်တကူ မရရှိသဖြင့် စာသင်သားများ ကိုင်ရန် စာအုပ် လှူချင်သည်မှာ ကြာပြီဖြစ်၏။ ဆန္ဒပြည့်ပေပြီ။ ကိုယ်က စိုက်၍ မလှူနိုင်သော်လည်း ဆောင်ရွက်ပေးရ၍ ဝမ်းမြောက်လှသည်။ သံဃာဘုန်းပင်ဖြစ်၏။

12.12.68

မယ်မယ်ရရ အလုပ်မရှိ။ ပလိပ်ကာကွယ်ဆေး ထိုး၏။ ဖြစ်နေ၍ မဟုတ်၊ ကာကွယ်ရန်သာ။ မောင်ဝိဇာေက သူရေး ဆောင်းပါးလေး လာပြ၏။ မဆိုးပါ။ တောင်မြို့ နေဘူးသောအကြောင်း ပြောသည်မှာလည်း စုံလှ၏။ သူတို့ ဘုန်းကြီးက “စာရေး တရားဟော ပရိသတ်ထိန်း အလုပ်(၃)ခု လုပ်ကြောင်း၊ အခြားသူတယောက်သည် အလုပ်တခုကိုပင် သူ့လောက် ပေါက်ရောက်အောင် လုပ်နိုင်မည်မဟုတ်ကြောင်း” ပြောသည်ဟူ၏။ ဒေါက်တာသာလှ ရဟန်းခံစဉ် ဆုံးမသူ **အနီးစခမ်း**က “အရောင်ကောင်း အလိုမရှိကြောင်း“ စောင်းချိတ်၍ ပြောသည်တွင် သူတို့ ဘုန်းကြီးက နိဿယအကရဏီယခန်း ပြောသောအခါ “ပိုးဖဲသင်္ကန်းကို လုံးဝခွင့်မပြုလိုကြောင်း” ပြောသည်ဟူ၏။ မာန ပြိုင်ချင်းပင်။ “ငယ်စဉ်ကလည်း အရှင်ဘုရားကို တရားဟော မပြိုင်ပါ။ စာပေနှင့် ပတ်သက်လျှင်လည်း သူ့ကို မပြိုင်ရန်” ပြောခဲ့၏(ဟူ၏)။

13.12.68

အဘိဓာန်ကျမ်းညွှန်း သင်္ကေတကား ပြီးသလောက် ရှိသွားပေပြီ။ ဂျာနယ်ကျော် ဦးချစ်မောင်၏ မှတ်တမ်း ဖတ်၍ ပြီး၏။ ညပိုင်းပါ ဖတ်သဖြင့် ညာဘက်မျက်စိ နာနေသည်။ စာလုံး သေးသည်မှာလည်း မျက်စိ ထိခိုက်ခြင်း၏ အကြောင်းပင် ဖြစ်၏။ ဈေးချို သွားရန် စိတ်ကူးထားသော်လည်း မသွားဖြစ်။ မန်းရုပ်ရှင်ရုံများ ပြည်သူပိုင် သိမ်းသည်ဟူ၏။

14.12.68

ဦးလှမောင် ဒေါ်မိမိကြီး ဆိုင်မှ စာအုပ်များ ကိုယ်တိုင် လာပို့ကြသည်။

ယဉ်ပုံအပြန်တွင် ကောလေး (ဦးကောသလ္လလေး-မြေနီကုန်းမစိုးရိမ်)အကြောင်း မကောင်းသတင်း ကြားရ၏။ မုံရွာရုံများ ပြည်သူပိုင် သိမ်းကြောင်း ကြားရ၏။ အလုပ် မယ်မယ်ရရ မလုပ်ရ။ ဖောင်(၄၇) ရသည်။

15.12.68

Tunlin regives me 100 Rs. သံ၌၁၁၂၉ ၌ နတ်များ၏ ခန္ဓာကိုယ် သုံဂါဝုတ်ရှိကြောင်း ပါ၏။ (၈၃)အတွဲကို အာဒိ-ပါသောပုဒ်များ ဖြုတ်မှုစသည် လုပ်၏။ အမရပူရလက်ထက်က ဂီတဖြင့် မွေ့လျော်သူ ပခန်းမင်းသားကို ဂုံးချော၍ မဲဇာပို့လိုက်ကြသည့်အကြောင်း သီချင်းကြီး သရုပ်ဖော်ခန်းမှ ကြားသိရ၏။

16.12.68

(၈၃) ပြန်တည်း။ ပုစ္ဆာထုတ်။ ဒေါ်သိန်းဆွမ်းစား သွား၏။ မွေးနေ့ဟူ၏။ ပိဋကတ်တော်ပြန့်ပွါးရေးမှ စာအုပ်များ ရလာ၏။ အတွဲ(၈၂)မှ ကုသလဇ္ဈာသယ-ကို ကုသိုလ်၏ တည်ရာအကြောင်း-ဟု ပြင်လိုက်ရသည်။ ပင်ကိုယ်က ကျွန်ုပ်တို့အဖွဲ့မှ ရေးသော အနက်မှာ လုံးဝမှားနေသည်။

17.12.68

အတွဲ(၈၃)ကိုပင် ဆက်တည်းသည်။ ကုသလဝါရ-ကို ကုသိုလ်ဖြစ်ခွင့်-ဟု ပြန်လိုက်သည်။ အခုထိ အကောင်းဆုံးဟု ထင်မိ၏။ ယဉ်ပုံနှင့် ပိ(ပိဋက)တို့ထံ အထက်သူ၏ ညွှဲဖျင်းမှုကို ဖွင့်ဟထုတ်ဖော် ပြောလိုက်သည်။ **ရှင်အာဒိစ္စဝံသ ပကာသနီယကံ ပြုရာ၌ မှားသည်/မှန်သည် ဆုံးဖြတ်ပေးရန် လျှောက်စာကို ဆရာတော်က "ဇရာဒုဗ္ဗလဖြစ်၍ စိတ်မဝင်စားနိုင်တော့ကြောင်း" မိန့်ဆို ပယ်ဖျက်လိုက်သည်။**

18.12.68

ကိုစောကြည်ဆွမ်းစား သွား၏။ နေ့စဉ် ပုစ္ဆာထုတ်ပေးခဲ့ရသော စာမေးပွဲကို စတင်ကျင်းပ၏။ ဖြေသူ(၁၅)ပါး ရှိ၏။

19.12.68

ကိုဘပေါ် လှူဒါန်းသော စာအုပ်ဖိုးငွေ(၃၀၀)ကို ကိုဘလှ လာပို့၏။ ဦးဇောတိက မယ်တော်ကြီး သေကြောင်း သိရ၏။ ဓမ္မဝိနယက ဆရာတွက် ရငွေကို တဝက်ခွဲပေး၏။ (၈၃-၈၄)အတွဲများ ပြီး၏။ (၈၅)ကို ဆက်တည်းနေ၏။ ကိုနန္ဒဝံ၏ သင်္ကန်းပုံကို သိသလောက် ဆွေးနွေး ရှင်းပေးလိုက်၏။ လေ့ကျင့်ခန်း လုပ်ပေးဖို့ လျှောက်ထားသဖြင့် လုပ်ပေးမည်ဖြစ်ကြောင်း ဂတိပေးလိုက်၏။

20.12.68

နိုင်ငံရေးပါတီသည် ပြည်သူနှင့် ကင်းကွာလွန်းလျှင်လည်း အမှားပြုတတ်၏။ ထောက်ခံလွန်း ပြန်တော့လည်း မဆင်မခြင် ပြုမူတတ်ကြသည်။ (ကွန်မြူနစ်ပါတီကို) သင်ခန်းစာ ယူနိုင်၏။ လူများကို

လေ့လာလျှင် အမြင့်ဆုံးအချိန်နှင့် အကျဆုံးအချိန်မှာ အမှားများကို ပြုတတ်ကြ၏။ သာမန် မနိမ့်မမြင့် အချိန်မှာ မပြုခဲ့သော အမှားများကို အတက်ဆုံးနှင့် အကျဆုံးအချိန်မှာ ပြုမိတတ်ကြ၏။ ယဉ်ပုံမှ ငွေ(၁၅၀) လာယူပြန်၏။ ကိုရင် လာယူခြင်း ဖြစ်သည်။ အတွဲ(၈၅) ဆက်တည်း၏။

21.12.68

ဖောင်ချော(၄၄) ရ (၈၅) ဆက်တည်း။ (ဦးဓမ္မစာရ၊ ဖောင်ကျောင်း၊ လက်ပုကန်ကျေးရွာ၊ ပုလဲမြို့နယ်၊ မုံရွာခရိုင်။) လိပ်စာရှင်က ဦးဇင်းတပါး လာအပ်၏။ ဦးသုနန္ဒဟူ၏။ ဗုဒ္ဓဘာသာအဖွဲ့(ကမ္ဘာ)များ၏ ကန့်ကွက်ချက်အရ သီဟိုဠ်အစိုးရက ဗုဒ္ဓခြေတော်ရာပုံပါသည့် တံဆိပ်ခေါင်းကို မသုံးစွဲရန် တားမြစ်လိုက်၏။

22.12.68

ဗိုလ်ကြီးတေဇဝန် ဆရာတော်ထံ လာသည်။ ဆရာတော်က "မှော်ဘီကိစ္စလုပ်ရင် အောင်နိုင်ကြောင်း" မိန့်လိုက်သည်။ (၈၅) ဆက်တည်း၏။ ဆရာတော်က "သူ ဆရာတော်ဖြစ်စက ကောင်းစေချင်သော စိတ်ထားဖြင့် ရိုက်နှက်ဆုံးမသည်ကို ဆရာသမားများက တားမြစ်ကြကြောင်း၊ သို့သော် ကောင်းသော စိတ်ထားဖြစ်၍ မပြင်ဘဲ နေခဲ့ကြောင်း" မိန့်၏။

23.12.68

ဖောင်ချော(၄၅) ရ၏။ ဝိ၊၂၃။၂၈၅ ၌ ကြီးသူပင် ဖြစ်စေ အဇ္ဈတ္တဖြစ်ပါက ငယ်သူထံ လက်အုပ်ချီ၍ နိသျည်းယူသင့်ကြောင်း ပါ၏။ (၈၅) ပြီး၏။ (၈၆) ဆက်တည်းသည်။ ဋီတိကာ-၏ သဒ္ဒါနက် လိုချင်၍ အနည်းငယ် ကြာသွား၏။ မောင်လုံး လာသည်။

24.12.68

မောင်လုံးထံ ပရိတ်ကြီးသျှသစ် ပေးလိုက်၏။ စာအုပ်(၁၂)အုပ် ဓာန်ဌာနသို့ ရွှေ့ထားလိုက်သည်။ (၈၆) ပြီး၏။ (၈၇) ဆက်တည်းသည်။ လူငယ်များ အပြုအမူ ရိုင်းစိုင်းလှ၍ ယဉ်ကျေးအောင် ဆုံးမရသည်။ ခေတ်လူငယ်များကား အတော်ခက်၏။

တောဝံသား စားရ၏။ မစားကောင်းသော အသားကြီး(၁၀)မျိုးတွင် ဝံသားကား ဘယ်လိုဟာနည်း မပြောတတ်။ တောဝံသားကား နူးညံ့၏။

မြောက်ကိုရီးယားမှ ဖမ်းဆီးထားသော သင်္ဘောသား(၈၂)ယောက် (——)(၁၁)လအကြာတွင် လွှတ်လိုက်ကြောင်း သတင်းဖတ်ရ၏။

လုပ်သားသတင်းပါ ဒေါက်တာ-၏ လှဲ့ကွက်ကလေးကို ထောက်လျှင် သတင်းစာများသည် အမှန်ကို ဖုံးကွယ်ရာ၌ စွမ်းအားထက်မြက်ကြောင်း သိနိုင်၏။ အကျဉ်းသတင်းမှာ သခင်မြနှင့် (သံ) ဦးလှမောင်တို့ နယ်ခြားရောက်၍ စုံထောက် ဖမ်းမည်လုပ်သည်ကို ထိုအချိန်၌ ဦးလှမောင်က ကျောင်းသားသမဂ္ဂ စည်းဝေး တက်နေဟန် မြန်မာ့အလင်း သတင်းတွင် သတင်းဓာတ်ပုံ ဖော်ပြ၍ အဖမ်းမခံရဟု သိရ၏။

25.12.68

ဦးဘပေါ ကောင်းမှု သူစိစသော စာအုပ်များ ရသည်။ (၈၇) ပြီး၏။ (၈၈) ဆက်တည်း။ ကစ္စည်း ဘာသာဋီ စသည်လည်း ရလာ၏။ ယဉ်ပုံက ဂန္ဓလျှောက်ခဲ့ပုံ အလုံးစုံကို ပြောပြ၏။ ဗဟုသုတအဖြစ် မှတ်စရာပင်။ from yin bon. I knew that U Thu Ma Na (mar) said to gan hta regarding the Abidama kyaung. Gan hta asked him that if the than gars asked you regarding pi ta ka what answer did you give.

26.12.68

သင်္ဂဟစာမေးပွဲ လုပ်ပေး၏။ အခြားအလုပ် မယ်မယ်ရရ မလုပ်ဖြစ်။ စတုမဓု ချက်၏။ ထောပတ် ဆရာတော်က လှူဒါန်း၏။

27.12.68

(၈၈) ဆက်တည်း။ ကေဝလီ-၌ အနက်များစွာကို တနက်တည်း ပေါင်းလိုက်၏။ ကိုရင်များကို သဒ္ဒါ စချ၏။ ဉာဏဝံကို စာရေးပေး၏။ မောင်သုနန္ဒကို တိုက်တွင်းရှိ နာယကအားလုံးထံ အပ်စာရေး၍ အပ်ထား လိုက်သည်။ ဤသည်မှာ အစဆုံး ထွင်လိုက်ခြင်း ဖြစ်၏။ သည်လိုမှ မလုပ်လျှင် စာသင်သားများသည် ကို ယ့်တိုက်တွင် နာယက မည်မျှရှိသည်ဟူ၍ပင် မသိကြ။ ကိုယ့်ကျောင်း ဘုန်းကြီးမှ လွဲလျှင် မရိုသေချင် တတ်ကြ။

28.12.68

(၈၈) ဆက်တည်း။ ဟန္ဒီ အင်္ဂလိပ်ခါန် သွားဝယ်သော်လည်း မရှိ၍ မရခဲ့။ အပိုလိုရှစ် ပြန်ဆင်းသက် ကြောင်း သတင်း ဖတ်ရ၏။ ၎င်းယာဉ် လသို့ လွှတ်ရေးအတွက် ကုန်ကျငွေမှာ ဒေါ်လာ ကုဋေ(၂၄၀၀) ဟူ၏။ ကုန်ကျငွေနှင့် ညီမျှသော ဗဟုသုတမှ ရခဲ့လေရဲ့လား မပြောတတ်တော့ပါ။ မိုင်ပေါင်း (၅)သိန်း ကျော် (၆)ရက် ပျံသန်းခဲ့သည်ဟူ၏။ ဖောင်ချော(၄၆) ရ၏။ မြွေကိုက်ခံရသော နေရာကို ခွဲ၍ ပုန်းညက်စိ ကို သွေးကပ်ထားက အဆိပ်ကို စုပ်ယူကြောင်း သာဂဒိုး ဆောင်းပါးတွင် ဖတ်ရ၏။

29.12.68

(၈၈၊ ၈၉) ပြန်တည်းပြီး၏။ မြန်မာ့အသံ သီချင်းကြီး သရုပ်ဖော် (ည? ၃၁?) ကုန်းဘောင်နေမင်းကို မပြီးဆုံဘဲ အချိန်စေ့၍ ရပ်လိုက်ရဟန်တူ၏။ ဤသည်မှာ မတွက်ချက်မှု၏ သာကေတရပ် ဖြစ်သည်။ အာဒိ စ္စဝံသကျောင်းတိုက် အရှုပ်အထွေး ဖတ်ရ၏။

30.12.68

(၉၀) ဆက်တည်း။

အာဒိစ္စဝံသကျောင်းမှ ဦးပဏ္ဍိစ္စတို့ လူစု ပြန်၍ ထွက်ပေးရကြောင်း သတင်းကို ဖတ်ရ၏။ သာသနာတွင် အရှုပ်ဆုံးသော ကိစ္စများ ဖြစ်သည်။ တာဝန်ရှိသူများက လက်ပိုက်ကြည့်နေကြသည်မှာ ရည်ရွယ်ချက်ရှိပုံရ၏။ မင်းမဲ့သို့ ဖြစ်နေသည်မှာ အံ့သြစရာ ကောင်းလှသည်။

31.12.68

(၉၁) ဆက်တည်း၏။ နှစ်သစ်အတွက် ဒိုင်ယာရီ ရသည်။ ခရစ်နှစ်ကား ကုန်သွားပြန်ပေပြီ။ ကျွန်ုပ်အဖို့ စစ်တမ်းထုတ်ကြည့်သော်- ပညာရေးမှာ တိုးတက်မှု သိပ်မရှိလှ။ အင်္ဂလိပ်စာမှာလည်း အဖတ်နည်း၍ အတိုးတက် နှေးကွေးနေသည်။ သက္ကဋကလည်း အဘိဓာန်လုပ်ငန်း လုပ်နေ၍ မပြတ်ရုံသာ ကြည့်ရှုဖြစ်သည်။ သို့သော် လုပ်ငန်းအတွက်ကား အထိုက်အလျောက် အကျိုးပြုပေ၏။ ဓာန်လုပ်ရာ၌လည်း လူမညီ၍ သိပ်မကောင်းလှ။ အဖွဲ့မှ အများစု ပုဂ္ဂိုလ်သည် စိတ်ဝင်စားမှု နည်းပါးသည်ကို တွေ့ရ၏။ စိတ်ဝင်စားသူများတွင်လည်း (၂)ပါးလောက်က သူတို့မှ လုပ်တတ်သည်ဟု စိတ်ကြီးဝင်နေ၍ သုံးမဖြစ်။ ရန်ကုန်(ကျော်)(ဦးကျော်ထွတ်)တို့၏ အဆုံးအဖြတ်အရ ကောက်ချက်ချရပါမူ စိတ်ကြီးဝင်သူနှစ်ဦး၏ အရေးအသားသည် အညံ့ဆုံးဖြစ်နေသည်ကို တွေ့ရ၏။ တနှစ်လုံး ခြုံလိုက်ပါမူ ကိုယ်တွက်ရေးကား မဆိုးလှ။ ဂုဏ်တော် ၈၄၀၀၀ စိပ်မှုကိုလည်း စဖြစ်၏။ ဒါနဖက်ကလည်း သင်္ကန်း(၄)စုံနှင့် သင်းပိုင်(၉)ထည် စောင်တထည် မျက်နှာသုပ်ပဝါ(၂)ထည်နှင့် ဆပ်ပြာခဲ စသည်များ လှူဖြစ်၏။ ဖိနပ်လည်း လှူဖြစ်၏။

(၁၉၆၉-ခု ဒိုင်ယာရီ ရှာမတွေ့)

# ၁၉၇၀ ဒိုင်ယာရီ (ဆရာတော် ဦးရာဇဓမ္မာဘိဝံသ)

၁၉၇၀-ခု၊ ဖေဖေါ်ဝါရီလ (၂၃) ရက်၊ တနင်္လာနေ့ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၂ ရက်)

Mon Ywa Team came here to give alms to sanghas. They were Yahandaga, Yahanama, U Ba Paw, U Hla Sint, Daw Khin Thwe, Daw Khin Nwe, Ma Than Khin, San Hline, Khin May Than, Aye Myin.

၁၉၇၀-ခု၊ ဖေဖေါ်ဝါရီလ (၂၃) ရက်၊ တနင်္လာနေ့ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၂ ရက်)

Mon Ywa Team came here to give alms to sanghas. They were Yahandaga, Yahanama, U Ba Paw, U Hla Sint, Daw Khin Thwe, Daw Khin Nwe, Ma Than Khin, San Hline, Khin May Than, Aye Myin.

၁၉၇၀-ခု၊ ဖေဖေါ်ဝါရီလ (၂၄) ရက်၊ အင်္ဂါနေ့ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၃ ရက်)

Mon Ywa team gave to Sanghas about 108. In the early morning they gave boiled rice. I gave sermon to them. The sermon was Dana sutta in Itivutta.

၁၉၇၀-ခု၊ ဖေဖေါ်ဝါရီလ (၂၇) ရက်၊ သောကြာနေ့ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၆ ရက်)

I received this Diary. Sayadaw went to the Dr Thein Aung's birthday feast with us. There I met U Mg Mg Tin (M.A) and Ko Khin Mg Yi. Dr was 55 years old.

၁၉၇၀-ခု၊ မတ်လ (၂) ရက်၊ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၉ ရက်) တနင်္လာနေ့

မော်လမြိုင် ဦးသာညွှင်း (ဦးချစ်လှိုင် နိုင်ငံရေး) ဖခင်က တလ ငွေ ၅၀၀ (ငါးရာ) လှူဒါန်းခဲ့သည်၊ ယင်းငွေကို ပရိယတ္တိအသင်းနှင့် နိုင်ငံခြားသာသနာပြုအသင်းတို့ သူ ရထိုက်, ငါ ရထိုက် ငြင်းနေ၍ အသင်း ရည်သန်ချက်များနှင့်အတူ အလှူ့ရှင် ဦးသာညွှင်းထံ မေးမြန်းခဲ့ရာ ဦးသာညွှင်းက ပရိယတ္တိအသင်းကို လှူ လိုက်သည်ဟူ၏၊

မိုးကောင်း ခင်မကန်စသော ကျောင်းတိုက်ကြီးများ မီးလောင်ခံရ၍ ပရိယတ္တိ-အသင်းမှ တာဝန်ယူ ပြင်ဆင်ရန် ဦးသာညွှင်းက တိုက်တွန်းရာ "ရည်သန်ချက် (က၊ခ)စသည် ပြည့်စုံစွာ အောင်မြင်မှ ကျောင်း ပြင်ဆင်မှု ပြုလုပ်နိုင်မည်"ဟု အသင်းမှ ပြောသဖြင့် ဦးသာညွှင်း-က တလ ၅၀၀ မလှူဘဲ ရပ်ဆိုင်းလိုက် သည်ဟူ၏၊

မီးလောင်ခံရသော ကျောင်းတိုက်များအတွက် ငွေ ၇၀၀၀-ကုန် ကျောင်းများ ဆောက်လှူသည် ဟူ၏၊ ပရိ-အသင်းအား တလ ၅၀၀ မလှူရတော့သဖြင့် အကျင့်ကောင်း ဘုန်းကြီးများ ရွေးချယ်၍ ၎င်းငွေ

လှူရန် ဦးရင်အုပ်အား အရွေးချယ်ခိုင်းရာ ဦးရင်အုပ်က သူ့မှာ ရွေးချယ်နိုင်တဲ့ ဉာဏ် မရှိကြောင်း ပြန်ကြားသည်ဟူ၏၊

ရွှေကျင်ဒကာတဦးနှင့် ဦးသာညွှန်း မိတ်ဆွေ ဖြစ်ကြမှ ရွှေကျင်ဒကာက ရွှေကျင်ဘုန်းကြီးများ လှူဒါန်းရန် ညွှန်ကြားသဖြင့် လှူဒါန်းသည်ဟူ၏။ ဆရာတော် မိန့်ချက်ကို ရေးသားထားသည်။

၁၉၇၀-ခု၊ မတ်လ (၃) ရက်၊ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၁၀ ရက်) အင်္ဂါနေ့

ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ပညာရှိသော်လည်း အချို့နေရာ၌ အမှားပြုလုပ်မိသေးသည်၊ ကျောင်းဆောက်ရာ၌ ကြာလျှင် ကျောက်ဖြစ်မည်ဟု ထင်သဖြင့် အင်ကြင်းသားများကို အသုံးပြုသည်၊ ကျောက် ဖြစ်မလာဘဲ မြန်မြန် ခြကိုက်ကုန်သဖြင့် ပျက်စီးချိန်မကျဘဲ ပျက်စီးရသည်-ဟု ဆရာတော်က မိန့်သည်။

၁၉၇၀-ခု၊ မတ်လ (၄) ရက်၊ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၁၁ ရက်) ဗုဒ္ဓဟူးနေ့

ဦးဇောတိက (မုံရွာ သတိပဋ္ဌာန်) ခဏ လာသည်၊ လမ်းတိုလိုက်မိသဖြင့် သင်္ကန်းအားလုံး ရေစိုကုန်၍ လျှော်ပေးလိုက်ရသည်၊ ရဟန်းဒါယကာ ပေးရန် စာလည်း ဘုန်းကြီးအပြန် ပါးလိုက်ရတော့သည်၊ ရဟန်းဒါယကာ တွေ့သော မော်တာတကောင်အားပါ လေမှုတ်စက် မဆွဲနိုင်ဟု စိန်ပန်း သံရေကျိုစက်က ပြောလိုက်သည်၊

ဦးကျော်လှ (စီပီလိုင်း)ထံမှ သကျသီဟဘုရားတွင်းရှိ ဓမ္မာရုံကိစ္စနှင့် ပတ်သက်၍ ဆရာတော်ထံ အကူအညီတောင်း အသနားခံ လျှောက်ထားစာ ဖတ်ရသည်၊ ဆရာတော် ကြားဝင်ဆောင်ရွက် မေတ္တာရပ်ခြံဝါဒပေးလျှင် ပြေလည်နိုင်စရာ အကြောင်း ရှိကြောင်း ပါ၏၊ ဆရာတော်က ၂-ဘက် ဆန္ဒ သိအောင် စုံစမ်း၍ အကြောင်းပြန်ရန် စာပြန်လိုက်သည်၊ ကျွန်ုပ် ခိုင်း၍ ရေးပေးလိုက်ရ၏။

၁၉၇၀-ခု၊ မတ်လ (၅) ရက်၊ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၁၂ ရက်) ကြာသပတေးနေ့

U Sune gives many things to Sanghas in his birthday. He was over 70 years old.

၁၉၇၀-ခု၊ မတ်လ (၆) ရက်၊ (၁၃၃၁-ခု၊ တပို့တွဲလဆုတ် ၁၃ ရက်) သောကြာနေ့

ရိုက်မှုတခု၌ သက်သေတယောက်က လက်မသာသာ ဒုတ်နှင့် ရိုက်သည်ဟု ထွက်၏၊ တရားသူကြီးက “လက်မထက် ဘယ်လောက် ကြီးသလဲ”ဟု မေးရာ “ကျနော် မသိ၊ လက်မထက် ကြီးသည်ကိုသာ သိ၏”ဟု ဖြေလိုက်၏၊ အမှုပေါ့သည်ဟူ၏။ (ပိ (ပိဋကု) ပြော၊ သက်သေမှာ သူ့ဦးလေး ဟူ၏)

ယဉ်ပုံတို့ ထီလက်မှတ်ကိစ္စ ရုံးချိန်းရှိသော်လည်း မစစ်ဖြစ်၊ 10-3-70 နေ့သို့ ထပ်ချိန်းလိုက်သည်ဟု သိရ၏၊ ဆရာမ ငွေချေသည်ကို မြင်ကြောင်းသာ ဖြေရန် အကြံပေးထား၏၊ “ဘုန်းကြီး ငွေလား”ဟု မေးလျှင် မဟုတ်ကြောင်း၊ “ဆရာမ ငွေလား”ဟု မေးလျှင် “ဆရာမ ငွေချေသည်"ဟု ဖြေပြီးဖြစ်၍ မေးရန် မလိုကြောင်း ပြောရန် အကြံပေးလိုက်ရ၏၊ ဤသည်မှာ ဆရာမကို ကာကွယ်ခြင်း မဟုတ်၊ ဝိနည်းကြောင်းအရ အထက်ပါအတိုင်း ဖြေမှ အဆင်ပြေမည်ဖြစ်၏။

၁၉၇၀-ခု၊ မတ်လ (၈) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၁ ရက်) တနင်္ဂနွေနေ့
Ko Than Tun came to here early morning to meet the visitor from Rangoon.

၁၉၇၀-ခု၊ မတ်လ (၉) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၂ ရက်) တနင်္လာနေ့
ပရိယတ္တိအသင်းမှ နိကာယ်စာမေးပွဲ စ၍ ကျင်းပ၏၊ ယခုနှစ် ယခုနေ့ အစပင် ဖြစ်သည်၊ စာမေးပွဲကျင်းပပေးရန် အဆိုကိုပင် ဆရာတော် အမိန့်အရ ကျွန်ုပ် ရေးသား၍ ဒကာကြီး ဦးသာဌေးအား အတင်ခိုင်းရ၏၊ ဆရာတော်မှာ စာမေးပွဲ ဖြစ်မြောက်ရေးအတွက် ကြိုးစားနေသည်မှာ ကြာပြီ၊ ယခုမှ အထမြောက်တော့၏။

ကူဘိုတာ ရေစုပ်စက် ရောင်းရန် ရှိ မရှိ မောင်ဘိုသန်းမှ တဆင့် ရဟန်းဒကာထံ ဖုန်းဆက်မေးခဲ့၏၊ အကြောင်းပြန်သောအခါ ရဟန်းဒကာ ကိုယ်တိုင် ဖုန်းနှင့် အကြောင်းပြန်ကြား၏။

ဒကာကြီး ဦးပန်းရည် သုံးနှစ်မြောက် သေဆုံးနေ့ ဆွမ်းကျွေး သွားရသေး၏၊ ထိုဆွမ်းကျွေး၌ **(တောင်သမန်)ဆရာတော် ဦးကေသဝ** တွေ့ရ၏၊ ကျန်းမာရေး အတော်ချို့တဲ့နေရှာလေပြီ၊ စာ ကြိုးစားချခဲ့သဖြင့် ဒဏ်ထိခြင်းပင်တည်း။

ရွှေပြည်သစ်ဆိုင်မှ စာရေး မောင်အုံးထံ သစ်မာ ၄/၁လကမ္ဘ ၄-ထုပ် ပို့ပေးရန် ငွေ ၁၀ ပေးခဲ့၏၊ အသိဖြစ်၍ ရခြင်းဖြစ်သည်၊ မလွယ်ကူလှ။

၁၉၇၀-ခု၊ မတ်လ (၁၀) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၃ ရက်) အင်္ဂါနေ့
နိကာယ်စာမေးပွဲ ယနေ့ ပြီး၏၊ ဖြေဆိုသူ ၅၉-ပါးသာ ရှိသည်ဟူ၏။

မောင်အုံးထံ သစ်မာများကို ကိုဘလှအား အယူခိုင်းရ၏၊ ကျွန်ုပ် မှာထားသည်ထက်ပင် များများပေးလိုက်၏၊ ဘယ်လောက်ကျသည်ဟုကား မသိရသေး။

၁၉၇၀-ခု၊ မတ်လ (၁၂) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၅ ရက်) ကြာသပတေးနေ့
ဦးဘမှီအိမ် ဆွေးကျွေးမှ ဆရာတော် ခေါက်ဆွဲဘုဉ်းပေးခဲ့ရာ ၁၁-နာရီလောက်တွင် အစာအားလုံး လှန်ပစ်သည်၊ အစာချင်း နီး၍ ဖြစ်ဖွယ်ရှိသည်။

၁၉၇၀-ခု၊ မတ်လ (၁၃) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၆ ရက်) သောကြာနေ့
I receive eighty-five for February.

၁၉၇၀-ခု၊ မတ်လ (၁၄) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၇ ရက်) စနေနေ့
ဆရာတော် ဝမ်းသွား အထက်လှန် ဖြစ်သေးသည်၊ (လျှမ်းဆေး) ထိုးပြီးနောက် သက်သာသွား၏၊ လူကြီးများအဖို့ အဖျား အနည်းငယ် ရှိလျှင်ပင် ခံရသည်မှာ မသက်သာလှ၊ အစားမှား ဥတုမှား လုံးဝမခံနိုင်၊ ကျွန်ုပ်တို့ ကြီးလာလျှင်လည်း သည်လို ဖြစ်ကြဦးမည်ပင်။

ယဉ်ပုံတို့ ကိစ္စ အခုထိ မစစ်ဖြစ်သေး၊ ရုံးပြောင်းရန် စာတင်ထားသည်ဟု သိရ၏။

မုံရွာ ရေဘုတလင်မှ ကောင်မလေးများ ကိစ္စ၌ လာသူများကို ပြီးအောင် စစ်မပေးနိုင်ဘူးလား-ဟု တယောက်က မေးသဖြင့် တရားသူကြီး စစ်ဗိုလ်က စိတ်မာန်ဆိုး၍ ချုပ်ခိုင်းသည်ဟူ၏၊ သဘာ၀တော့ မကျလှပေ၊ သူတို့ခေတ်မို့ပင်။

၁၉၇၀-ခု၊ မတ်လ (၂၀) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၁၃ ရက်) သောကြာနေ့

I received eighty-five for March.

Today mended (brokened) floors.

၁၉၇၀-ခု၊ မတ်လ (၂၁) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆန်း ၁၄ ရက်) စနေနေ့

ရွှေရေးဆောင်တိုက်မှာ ပြုလုပ်သော ဦးဂျော့ချစ် ဒေါ်အေးမြင့်တို့၏ အလှူမှာ ရွှေရေးဆောင်ဆရာတော်၏ တရားကို နာရသည်၊ လျှောက်ပြောတရား ဖြစ်၏၊ လူများ နားလည်စေနိုင်သော တရားဖြစ်သည်၊ ကောင်း၏၊ ရေစက်ကိုလည်း မြန်မာလိုသာ ချ၏။

ရှင်သာရိပုတြာ၏ တပည့် (သို့မဟုတ် ဆွမ်းတဇွန်းလောင်းဘူး၍ ကျေးဇူးရှိခဲ့ဘူးသူ) အညတြဗြဟ္မဏ ရဟန်းပြုမှ ရှင်ပြုပေးခြင်းနှင့် ရဟန်းခံခြင်း ကွဲပြားသွားသည်ဟူ၍ ကျွန်ုပ်လည်း တွေ့ဘူး၏၊ မေ့နေသည်၊ မကြာခင်ကပင် ရှာသေး၏၊ မတွေ့။ ဘုရားလောင်း ရဟန်းဘ၀က ဆွမ်းလှူခဲ့ဘူး၍ သတ္တုဿဒ (၇-ဌာန၌ အသားပြည့်ဖြိုးမှု) ဂုဏ်နှင့် ပြည့်စုံသည်ဟု ဟော၏။ ပေတ၀တ္ထုလာ ပစ္စေကဗုဒ္ဓါအား အနားပတ်လှူခဲ့ဘူးသော နန္ဒရာဇ၏ အကြောင်းလည်းဟော၏။ အားလုံး ကြည်ညိုဖွယ် ဖြစ်သည်။

၁၉၇၀-ခု၊ မတ်လ (၂၄) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆုတ် ၂ ရက်) အင်္ဂါနေ့

Magada, (U Narada) when sat on examination (Dhammasariya) he bough questions with answers one couple 75-Ks. it was tearnt from Pariyatti.

၁၉၇၀-ခု၊ ဧပြီလ (၃) ရက်၊ (၁၃၃၁-ခု၊ တပေါင်းလဆုတ် ၁၂ ရက်) သောကြာနေ့

၁၉၄၅၊ ဇွန် ၂၆-နေ့တွင် ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များက လက်ရှိ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းကို စံဖရန်စစ္စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ ထိုနှစ် အောက်တိုဘာ ၂၄ ရက်၌ စာတမ်း အတည်ဖြစ်ခဲ့သည်။

ယခု အဖွဲ့၀င်နိုင်ငံပေါင်း ၁၂၆ နိုင်ငံ ဖြစ်၏၊ ၁၉၄၈-ခု ဧပြီ ၁၉ ရက်နေ့က ဗမာပြည်သည် အဖွဲ့၀င်နိုင်ငံ ဖြစ်ခဲ့သည်၊ ၅၈ ဦးမြောက် အဖွဲ့၀င်နိုင်ငံပေတည်း။

ယနေ့အထိ နောက်ဆုံးအဖွဲ့၀င်နိုင်ငံမှာ အာဖရိကတိုက်မှ အီကွေတိုရီရယ်ဂိနီနိုင်ငံ ဖြစ်၏၊ ပဋိညာဉ်စာတမ်းကို ၁၉၆၈-ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့၏။

၁၉၇၀-ခု၊ ဧပြီလ (၁၄) ရက်၊ (၁၃၃၁-ခု၊ တန်ခူးလဆန်း ၈ ရက်) အင်္ဂါနေ့

မောင်အောင်မောင်းနှင့် မောင်တာတို့ လာကြ၏၊ ရေသဘင်ကြည့်ရန် လာကြခြင်း ဖြစ်၏၊ ပျော်ခြင်ပါးခြင်သော အရွယ်ဖြစ်၍ အပြစ်မဆိုသာ။

၁၉၇၀-ခု၊ ဧပြီလ (၁၆) ရက်၊ (၁၃၃၁-ခု၊ တန်ခူးလဆန်း ၁၀ ရက်) ကြာသပတေးနေ့

တနှစ်ကုန်ပြန်ပြီ၊ အတိုးအဆုတ်ကို စစ်တမ်းထုတ်ကြည့်လျှင် အသက်တိုးလာသည်ကို ကျွန်ုပ် ရဲရဲပြောဆိုဝံ့၏၊ ပညာရေး အတိုးအဆုတ်ကား ကျေနပ်စရာ မဟုတ်လှ၊ သက္ကတကို နှစ်ကုန်ခါနီးမှ တလလောက် ဖတ်ဖြစ်၏၊ ထင်သလောက် မတိုးတက်၊ သာမုဒြိကလက္ခဏာကျမ်း ကုန်အောင်ကား ဖတ်ဖြစ်၏။ တကျမ်းလုံး ခြုံလိုက်ပါလျှင် နားလည်သည်က ၄-ပုံ ၃-ပုံခန့် ပါ၏၊ နားမလည်သော စာလုံးများလည်း ပါ၏၊ အဓိပ္ပါယ် နားမလည်သည်ထက် လက္ခဏာ အရေးအကြောင်းကို နားမလည်သည်က ပိုများ၏၊ အင်္ဂလိပ်စာကား မမေ့ရုံသာ ဖတ်ဖြစ်၏၊ တွဲဘက်က အပျက်များသဖြင့် ကျွန်ုပ်ပါ လိုက်ပျက်ရ၏။

လာမည့်နှစ်အတွက် တနှစ်လုံး ကံကောင်းမည်ဟု ဆရာတော်က ကြိုတင် ဗေဒင် ဟောထား၏၊ မဟာဘုတ်ကိန်းခန်းအရ ဟောခြင်းဖြစ်မည်ဟု ယူဆရ၏၊ ဆရာတော်ကြီး၏ မိန့်ကြားချက်ဖြစ်၍ မှန်ရမည်ဟု လေးနက်စွာ ယုံကြည်၏။

ရန်ကုန်နေ မောင်ကုသလ ခဏ လာ၏၊ သင်္ကြန်တွင်း၌ ယမန်နှစ်ကလောက် မပူလှ၊ နေထိုင်ကောင်းရုံသာ၊ ရာသီဥတု မဆိုးလှသေး။

၁၉၇၀-ခု၊ ဧပြီလ (၁၇) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆန်း ၁၁ ရက်) သောကြာနေ့

သက္ကရာဇ်ဦးခေါင်း အသစ်ပြောင်းပြန်လေပြီ၊ ကျွန်ုပ်၏ လုပ်နေကျထုံးစံအတိုင်း နေ့စဉ်ထက်ဘာဝနာအလုပ် ပိုလုပ်၏၊ ပဋ္ဌာန်း ပိုရွတ်ဖတ်၏၊ ပရိတ်ရွတ်ဖတ်မှုလည်း နေ့စဉ်ထက် တဆ ပိုလုပ်၏၊ ဂုဏ်တော်ကိုလည်း ပို၍ ပွါးများ၏၊ ကျွန်ုပ်အဖို့ ကံကောင်းသော နှစ် ဖြစ်ရမည်မှာ သေချာ၏။

နှစ်ဦးနှစ်ဆန်းနေ့၌ ငွေးချိုတိုက် မောင်ဝါယမ (ယခင် မစိုးရိမ်တိုက် အဘိဓမ္မနေဘူးသူ)က တိုက်ဟောင်း/သစ် နာယကအားလုံး ဆွမ်းပင့်ကျွေး၏၊ ယင်းပုဂ္ဂိုလ်မှာ ထီ ၂၀၀၀၀ ဆု ပေါက်သည်ဟု အများကပြောကြ၊ ဟုတ်လေမည်လား မပြောတတ်။

၁၉၇၀-ခု၊ ဧပြီလ (၁၈) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆန်း ၁၂ ရက်) စနေနေ့

အပိုလို ၁၃ ယာဉ် လသို့ မဆင်းသက်နိုင်ဘဲ ကမ္ဘာသို့ ပြန်လာရကြောင်း သတင်းစာများတွင် တွေ့ရသည်၊ လျှပ်စစ် အင်ဂျင်များ ပျက်စီးသွား၍ အစီအစဉ်အတိုင်း မဆောင်ရွက်နိုင်ပေ၊ ဥက္ကာပျံနှင့် တိုက်မိ၍ဟု ထင်ကြေးပေးကြသော်လည်း စင်စစ်အားဖြင့် ဘာကြောင့်ဟူ၍ တိကျစွာ မပြောနိုင်သေးပေ။ ယာဉ်မှူးများ သက်ကယ်လေယာဉ်နှင့် ခက်ခဲစွာ ဆင်းသက်ကြရသည်၊ အထိအခိုက်မရှိ၊ ဘေးကင်းစွာပင် ကမ္ဘာသို့ ပြန်ရောက်လာကြသည်။

၁၉၇၀-ခု၊ ဧပြီလ (၁၉) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆန်း ၁၃ ရက်) တနင်္ဂနွေနေ့

I received ninety. Mg Kundala (my pupil) came to me. He had lived in Damma Kyaung while I governed it.

၁၉၇၀-ခု၊ ဧပြီလ (၂၀) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆန်း ၁၄ ရက်) တနင်္လာနေ့

Yinbon regave 150-Ks. there was nothing on him.

၁၉၇၀-ခု၊ ဧပြီလ (၂၅) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆုတ် ၄ ရက်) စနေနေ့

ည မှောင်စပျိုးချိန်တွင် မိုး အသင့်အတင့် ရွာ၏၊ အပူဒီဂရီလည်း အနည်းငယ် လျော့မည်ထင်သည်၊ မိုးနည်းလွန်း၍ သိပ်တော့ လျော့မည် မထင်ပေ။

၁၉၇၀-ခု၊ ဧပြီလ (၂၆) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆုတ် ၅ ရက်) တနင်္ဂနွေနေ့

ဦးနုတို့ လူသိုက် လုပ်ငန်းစဉ် အောင်မြင်မည် မဟုတ်ကြောင်း ဘန်ကောက်မှ ပြန်လာသူ ဆိုသူများက သတင်းစာ ရှင်းလင်းပွဲလုပ်၍ ကြေညာကြ၏၊ မန်းဟံသာတစောင်လုံး ယင်းသတင်းချည်းလို ဖြစ်နေသည်။

They could not stand on their strength. They were weak now.

၁၉၇၀-ခု၊ ဧပြီလ (၂၇) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆုတ် ၆ ရက်) တနင်္လာနေ့

လူတယောက်သည် ရေတပ်ဗိုလ်များ လက်စွဲဖြစ်သော စာအုပ်ထူကြီးကို အမြဲဖတ်နေသည်။ သင်္ဘောကုမ္ပဏီတခုက ကပ္ပတိန်လိုသဖြင့် ရှာဖွေရာ ထိုလူကို တွေ့၍ ကပ္ပတိန် ခန့်ထားလိုက်သည်၊ ထိုသူသည် ကပ္ပတိန် ဖြစ်လာသော်လည်း ကျောက်ဆူးကို သိသူမဟုတ်ပေ၊ ထိုသူ သင်္ဘော လာစစ်ရာ ပဲ့ပိုင်းကို သွား၍ ကျောက်ဆူးများ မြင်ရသည်တွင် ဘာတွေလဲဟု မေး၏၊ ကျောက်ဆူးဟု ပြောသောအခါ ရေထဲ ချထားရန် အမိန့်ပေးလိုက်၏၊ ဦးပိုင်း ရောက်သောအခါ၌လည်း ထိုနည်းတူ မေး၍ ရေထဲ အချခိုင်းလိုက်၏၊ ည လေမုန်တိုင်းကျသောအခါ ကပ္ပတိန်သစ် အုပ်ချုပ်သော သင်္ဘောမှတပါး ကျန်သင်္ဘောအားလုံး ရေနစ်ဆုံးရှုံးကြ၏၊ သင်္ဘောကုမ္ပဏီက တော်သော ကပ္ပတိန်ပါပေ၊ လေမုန်တိုင်း လာမည်ကို ကြိုတင်သိပါပေ၏ဟု ချီးကျူးကာ ဆုတော်လာဘ်တော် ပေးသနားသည်ဟူ၏။ ဤကား နားမလည်သော်လည်း အလုပ်တည့်သွား၍ ဆုရခြင်းပင်တည်း။ (မာ သု (မာဂဓ-ဦးသုမန) ပြော)

၁၉၇၀-ခု၊ ဧပြီလ (၃၀) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆုတ် ၉ ရက်) ကြာသပတေးနေ့

ဒေါ်ခင်နွယ် ဒေါ်ခင်သွယ် မသန်းခင်တို့ လာကြသည်၊ ကိုရင် ရဟန်းခံကိစ္စ လာစီမံခြင်း ဖြစ်၏။

ညနေ ၇-နာရီခန့်တွင် မိုးရော လေပါ သည်းထန်စွာ လာ၏၊ အသင့်အတင့်တော့ အေးသွားပေမည်၊ မိုးလေဝသဌာနမှ မိုးရွာရန် ဝေးသေးသည်ဟု ကြေညာ၏၊ ယနေ့ ရွာလာတော့သည်။

၁၉၇၀-ခု၊ မေလ (၃) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆုတ် ၁၂ ရက်) တနင်္ဂနွေနေ့

ကိုရင် ရဟန်းခံအတွက် တိစီဝရိက် ထီး ဒါး ဆပ်ပြာခွက်-ခဲစုံ မျက်နှာသုတ်ပုဝါ သွားတိုက်ဆေးဗူး ပရုပ်ဆီဗူး ထရစ်ပဲလ်ဆာလဖာဆေးဗူးများ လှူဒါန်းလိုက်၏။ ဆရာတော်ကလည်း တိစီဝရိက် သပိတ် ဖိနပ် အစုံ လှူပေသည်။

၁၉၇၀-ခု၊ မေလ (၄) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလဆုတ် ၁၃ ရက်) တနင်္လာနေ့

မုံရွာမှ ရဟန်းခံ လာကြ၏၊ ခါတိုင်း ဆွမ်းကျွေးလာနေကျ ပုဂ္ဂိုလ်များ အားလုံး ပါ၏၊ ကိုမြဂဲတို့ သားအဖနှင့် ဒွေးလှိုင်နှင့် မသောင်းချို သမီးများ ပိုလာ၏၊ တင်ဒွေးလည်း ပိုလာ၏၊ သူတို့ ကံကောင်း၍ ဖြစ်မည် ထင်၏၊ မိုးရွာလာသည်၊ ရွာမှ မကောင်း ဘုန်းကြီးများလည်း ပင့်လာကြ၏၊ သူတို့ဆီမှ သံဃာများလာသဖြင့် အစီမစဉ်အတိုင်း သံဃာ မပင့်တော့ဘဲ လျှော့၍ ပင့်ရ၏၊ နဂိုရ် အစီအစဉ်မှာ မန်းမှ ကိုးပါးပင့်ရန်ဖြစ်၏၊ ယခု ၆-ပါးသာ ပင့်ရတော့၏၊ အတိုး မခိုင်းလိုပါ၊ နဂိုရ်ကပင် လျှော့သင့်က လျှော့ရန် ကြိုတင် ပင့်မထားခြင်း ဖြစ်၏။

၁၉၇၀-ခု၊ မေလ (၅) ရက်၊ (၁၃၃၂-ခု၊ တန်ခူးလကွယ်) အင်္ဂါနေ့

ကိုရင် ရဟန်းခံတွင် အနုသာသကအဖြစ် ဆောင်ရွက်၏၊ တရားလည်း ဟော၏၊ ရာဓဖြေပုဏ္ဏဝတ္ထုကို ဟောခြင်းဖြစ်၏။

၁၉၇၀-ခု၊ မေလ (၈) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆန်း ၃ ရက်) သောကြာနေ့

ကြက်ခြေနီအစ ဟင်နရီဒူးနန့်က၊ ၁၈၅၉ ဆွစ်နိုင်ငံ ဂျီနီဗာမြို့သား ဟင်နရီဒူးနန့် တတိယမြောက်နပိုလီယံထံ သူ့ကိစ္စ ပြောကြားရန် အသွား အီတလီနိုင်ငံ ဆိုလ်ပဲရီနိုမြို့ စစ်ပွဲကြီးနှင့် ကြုံတွေ့ရ၍ စစ်ပွဲကြီး၌ ဒဏ်ရာရသူများကို ပြုစု သေသူများကို ကောင်းစွာမြှုပ်နှံ စသည်ဖြင့် စေတနာ့ဝန်ထမ်းများကို စုဆောင်းကာ ကူညီခဲ့သည်မှစ၍ ကြက်ခြေနီလုပ်ငန်း ပေါ်လာ၏၊ ယင်းပုဂ္ဂိုလ်သည် ၁၉၀၁-ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆု ရ၏။

၁၉၇၀-ခု၊ မေလ (၁၄) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆန်း ၉ ရက်) ကြာသပတေးနေ့

ကိုမြအုန်း လာသည်၊ ဦးဩဘာအကြောင်း လာမေးခြင်း ဖြစ်၏။

၁၉၇၀-ခု၊ မေလ (၁၅) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆန်း ၁၀ ရက်) သောကြာနေ့

နှစ်ဦး ရွာသော မိုးများအနက် ယနေ့နှင့် ည ရွာသောမိုးသည် အကြီးဆုံးဖြစ်၏၊ အပူဒီဂရီလည်း သိသိသာသာ ကျသွား၏၊ ညလည်း တညလုံးလိုလို ရွာသွန်းနေ၏၊ အဖိုးတန်လှပေသည်။

၁၉၇၀-ခု၊ မေလ (၁၆) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆန်း ၁၁ ရက်) စနေနေ့

ညက ရွာသောမိုးမှာ ယနေ့ မနက်ထိပင် မစဲသေး၊ ရွာတုန်း ရှိသေး၏။

ပေပင်ဆရာတော်က ကိုယ်တိုင် ဦးပဥ္စင်းတပါး လာအပ်၍၊ လက်ခံထားလိုက်သည်၊ အလှူ ခဏခဏ ပြန်လွှတ်မည်မဟုတ်ကြောင်းလည်း လျှောက်ထားလိုက်ရသည်။

မိုးမိတ်နေ မောင်ဉာဏကလည်း ရောက်လာ၍၊ စိတ် အနည်းငယ် ထွေလာ၍။

တိုင်းမှူးနှင့် တွေ့ရန် နန်းတွင်း သွားကြ၍၊ ကိုယ်စား ဗိုလ်မှူးကြီး(ဒု)က အတွေ့ခံ၍၊ လိုပစ္စည်းများကိုလည်း အတတ်နိုင်ဆုံး ကူညီမည်ဟူ၍။

၁၉၇၀-ခု၊ မေလ (၁၇) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆန်း ၁၂ ရက်) တနင်္ဂနွေနေ့

မောင်ဉာဏကကို ဦးဇင်းကောအား လိုက်အပို့ခိုင်းလိုက်ရသည်။

၁၉၇၀-ခု၊ မေလ (၂၀) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လပြည့်) ဗုဒ္ဓဟူးနေ့

ဒုလ္လဘရဟန်းခံရှိ၍၊ ၂-ပါးတွဲ ခံခြင်းဖြစ်၍၊ ကမ္မဝါဖတ်ရာ၌ ငုံ့ဖတ်ဟု ဖတ်ကြ၍၊ ကေဝုစ်အရှိအတိုင်း လုံးဝမပြင်ဘဲ ဖတ်ခြင်းဖြစ်၍၊ ၃-ပါး တတွဲ ဖတ်ကြရာတွင် ၂-ပါးက ပထမ-နာဂကို ငုံ့လျှင် ကျန်တပါးက ဒု-နာဂကို ငုံ့၍ ဖတ်ရ၍၊ ဤနည်းမှာ ဆရာနည်းဟူ၍၊ ပါဠိ အာဂမ-တို့က ပြောပြသဖြင့် ထိုအတိုင်းပင် ဖတ်ကြ၍၊ နောင်လူများ မှတ်ရစ်ကြစေရန် ရေးသားထားရ၍၊ ကျွန်ုပ်ကား သည်အကြိမ် ပထမ တွေ့ဘူးခြင်း ဖြစ်တော့၍။

ပါဠိက ဆုံးမရာတွင် "အယံ နာဂါ"ဟု ဝုစ်မညီဘဲ ခဏခဏ ဖတ်၍၊ လူလည်လုပ်ခြင်သော မာ(မာဂဓ)က ဤနေရာတော့ အားနာ၍လား, ဘုန်းကြီးသူဖြစ်၍ မပြောရဲ၍လား မသိ၊ လုံးဝ ကန့်ကွက်ခြင်း မရှိဘဲ ငြိမ်နေ၍။

၁၉၇၀-ခု၊ မေလ (၂၁) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆုတ် ၁ ရက်) ကြာသပတေးနေ့

I received eighty-five. မောင်ကျော်မြိုင်ကို အင်္ဂလိပ်စာ သင်ပေးလာရာ ငါးတန်း ပြဋ္ဌာန်းချက်ကုန်သွားပေပြီ၊ အဇ္ဈဝေးတူးကို စ၍ သင်ပေး၍၊ နဲနဲသာ သင်နိုင်ပေမည်။

၁၉၇၀-ခု၊ မေလ (၂၂) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆုတ် ၂ ရက်) သောကြာနေ့

ခါန်သျှသစ် ရေး အဘယာရာမ ဆရာတော်မှာ အလွန်စကားနဲသည်ဟူ၍၊ ဦးဇနကတို့လို တပည့်ရင်းများ ခရီးထွက် ပြန် ဝတ်ချလာသည်ကိုပင် အင်းတလုံးသာ ထွက်သည်ဟူ၍၊ ပြန်လာမလား သွားတော့မလား မမေး၊ ကျောင်းဒကာဒကာမများပင် ကိစ္စမရှိဘဲ ကျောင်းပေါ် မတက်ပါစေနှင့်ဟု ပြောထားသည်တဲ့၊ သို့ကြောင့် ဘုန်းလဲ နဲသည်ဟူ၍။

သာယာဝတီ သုံးဆယ်၌ ရွှေ ဒွါ သုဓမ္မာ ဂိုဏ်းကွဲလို့ ဒကာများက တဲ့အောင် စေ့စပ်ပေးသည်ဟူ၍၊ ရဟန်းခံစဉ်က မူရင်း ကမ္မဝါ မကွဲပြားပါဘဲနှင့် အခက်အလက်မှ ကွဲပြားနေသည်မှာ သဘာဝမကျကြောင်း လျှောက်၍ စေ့စပ်ပေးသည်ဟူ၍။

သံဂါယနာခေတ် သိမ်သမုတ်ရာတွင် ဒွါရက သိမ်တူမဝင်နိုင်ကြောင်း ပြော၍ ရွှေကျင်ဂိုဏ်းက သုဓမ္မာများနှင့် သိမ်တူ ဝင်သင့်/မသင့် ညှိနှိုင်းရာ **အနီစခမ်း**က ဝင်သင့်ကြောင်း ပြောသည်ဟု သိရ၏။ (အားလုံး လက်ရှိ ရွှေဂူဆရာတော် ပြောပြချက်)

ဆရာတော်နား အစောင့်လစ်လပ်၍ ဒုက္ခရောက်ရသည်ကို မြင်ရသဖြင့် စိတ်မကောင်း။

မကြျူး လာ၊ ကျွန်ုပ်နှင့် မတွေ့၊ ဦးသြဘာလည်း ပြန်လာ၏။

၁၉၇၀-ခု၊ မေလ (၂၃) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆုတ် ၃ ရက်) စနေနေ့

ဓမ္မကထိကတဦးက နတ်ပြည်၌ သုဓမ္မာဇရပ်ဟူ၍ ရှိကြောင်း ၎င်းမှ ဆင်းသက်၍ သုဓမ္မာဂိုဏ်းတွင် နေကြောင်း ရွှေကျင်ဇရပ်ဟူ၍ မရှိကြောင်း ရယ်ဖွယ်ပြောသည်ဟူ၏။

၁၉၇၀-ခု၊ မေလ (၃၀) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆုတ် ၁၀ ရက်) စနေနေ့

Ko Bo Lay came here. He donated 60-Kys.

၁၉၇၀-ခု၊ ဇွန်လ (၃) ရက်၊ (၁၃၃၂-ခု၊ ကဆုန်လဆုတ် ၁၄ ရက်) ဗုဒ္ဓဟူးနေ့

သြဿနက မဟုတ်ရာ ပိုင်းဖြတ် ဖျက်ထား၍ ပြန်အရိုက်ခိုင်းထားသည်ကို ပရိ(ပရိယတ္တိ)က ပြဿနာလုပ် ပြနေ၍ ရှင်ပြလိုက်ရသည်။

၁၉၇၀-ခု၊ ဇွန်လ (၅) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆန်း ၁ ရက်) သောကြာနေ့

ရေစင်ဟောင်းကို မည်သို့ ထားသင့်ကြောင်း ကျောင်းအမထံ သဘောထား သွားမေးကြ၏၊ သူက ဘုန်းကြီးများ သဘောဟု ပုံလိုက်၏၊ စိတ်ထဲကလည်း ထိုသို့ပင် ရှိမည်ထင်၏။

၁၉၇၀-ခု၊ ဇွန်လ (၉) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆန်း ၅ ရက်) အင်္ဂါနေ့

ဦးဓမ္မာနန္ဒ လာသည်၊ မတွေ့ရသည်မှာ ၅-နှစ်လောက် ရှိပြီ၊ တော်တော် နယ်စုံ ရောက်သူတည်း။

၁၉၇၀-ခု၊ ဇွန်လ (၁၂) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆန်း ၈ ရက်) သောကြာနေ့

နားပြည်ယို နားကိုက်၍ ဒေါက်တာကျော်ငြိမ်းထံ သွားဆေးထိုးရ၏၊ အရင် နားကိုက်စဉ် ဆေးတလုံးတည်းနှင့် ပျောက်ဖူး၏၊ ယခုကား မသိရသေး။

ဆရာတော်က မဟာစည်ထံ ပြန်စာရေးခိုင်း၍ အနည်းငယ် စထား၏။

၁၉၇၀-ခု၊ ဇွန်လ (၁၃) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆန်း ၉ ရက်) စနေနေ့

ဆေးဆက်ထိုးရသည်၊ ၈-ရက်ည တညလုံး ဖျား၏၊ ဒေါက်တာထံ ဆေးထိုးချိန် ညနေ ၄-နာရီ၌ပင် အဖျား ၁၀၁ ရှိသေးသည်၊ ဆေးများ အစွမ်းထက်မည် မထင်ကြောင်း ပြောပြ၍ ဆေးပြောင်းထိုး၏၊

စားဆေး TETRACYCLINE လည်း ဝယ်စားရ၏၊ ပြည်သူ့ဆိုင် ဖိ/ မှောင်ခို ၁၄ ကွာလှတော့၏၊ ယင်းဆေး ၂-တောင့် စားမိလျှင်ပင် ယူပစ်လိုက်သလို ပျောက်ကင်းသွားတော့၏၊ အစွမ်းထက်ပါပေသည်။

အဘိဓာန်ဌာနသို့ မသွားနိုင်၊ ဂဗ္ဘဝီသ အမိပ္ပါယ်ကိုကား ရေးပေးလိုက်၏၊ သဘောကျက ထည့်ရန် မကျက ပယ်ရန် စာပေးလိုက်သည်၊ ပယ်မည်က များ၏။

နားကိုက်၍ စာဝါများလည်း မချနိုင်၊ ဆရာတော် အမိန့်အရ မဟာစည်ထံ ပေးရန် စာကား ပြီးစီးသွားပြီ၊ တိုက်(ပ်) ရိုက်ရန်သာ လိုတော့၏။

၁၉၇၀-ခု၊ ဇွန်လ (၁၄) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆန်း ၁၀ ရက်) တနင်္ဂနွေနေ့

ဆေးဆက်ထိုးရသေး၏၊ ရှင်းရှင်းပျောက်ကင်းရန် ဖြစ်သည်၊ တက်ထရက်ဆိုင်ကလင်းကိုလည်း ဆက်စားရမည်ဟု ညွှန်၏။

ဂဗ္ဘဝီသ အမိပ္ပါယ်ကိုလည်း ရှည်သည်ဟု အကြောင်းပြ၍ ပယ်လိုက်သည်ဟူ၏၊ ကိုသု ရေးထားလိုက်သည်မှာ ရှတ်သည်၊ အရှည်နှင့် အရှတ် အရှတ်ကို ရွေးကြသည်၊ အံ့စရာပင်တည်း။

I received eighty-five.

၁၉၇၀-ခု၊ ဇွန်လ (၁၅) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆန်း ၁၁ ရက်) တနင်္လာနေ့

ဆေးထိုးရသေး၏၊ နောက် ထိုးရန် မလိုတော့ဟု ပြောလိုက်သည်၊ ၇-ရက်ခန့် ရှိလျှင် ပြန်ပြရန်လည်း ပြောလိုက်သေး၏၊ ဆေးထိုး ဆေးဖိုးအတွက် ၃၉-ကျပ် ကုန်ကျ၏၊ ခရီးစရိတ် ၇-ကျပ် ပေါင်း ၄၆-ကျပ်၊ အင်း သည်လိုဆိုတော့ ၄၆-ကျပ် ရောဂါဖြစ်သော နှစ်ဟု သတ်မှတ်ရမည်ပင်၊ ကျုပ်အဖို့ ရုတ်တရက် ရောဂါဖြစ်၍ ငွေကုန်များရသည်မှာ ၃၈-နှစ်အတွင်း သည်တခါ အများဆုံး ဖြစ်တော့၏။

ဒေါက်တာ ရဟန်းဒကာဒကာမများ ရှိ၏၊ ကျွန်ုပ် နေရာနှင့်လည်း နီး၏၊ သူတို့ဆီ သွား၍ ဆေးထိုးပါက ငွေမပေးရသည်မှာ သေချာ၏၊ ကျွန်ုပ်ကား ဒကာဒကာမနှင့် ပတ်သက်လျှင် မာနကြီးသူတည်း၊ မဖြစ်စလောက် ငွေကလေးကြောင့် ဘယ်တော့မှ အောက်ကျခံ သွားလိမ့်မည်မဟုတ်။

ယနေ့မှ စ၍ အဘိဓာန် စာတည်းအဖွဲ့တွင် ဘာမှ ဝင်၍ မဆွေးနွေးရန် ဆုံးဖြတ်ထား၏။

၁၉၇၀-ခု၊ ဇွန်လ (၂၃) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆုတ် ၄ ရက်) အင်္ဂါနေ့

နားပြည်ယိုသည်မှာ ရှင်းရှင်း မပျောက်တတ်သေး၍ ဒေါက်တာ ကျော်ငြိမ်းထံ ဆေးထိုးရသေး၏။

၁၉၇၀-ခု၊ ဇွန်လ (၂၄) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆုတ် ၅ ရက်) ဗုဒ္ဓဟူးနေ့

ဝိသုဒ္ဓါရုံအဖွဲ့မှ ပြုစုသည့် အဘိဓာန်များ ရရှိ၏။

၁၉၇၀-ခု၊ ဇွန်လ (၂၆) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆုတ် ၇ ရက်) သောကြာနေ့

ပဒည္ဟန်းအတွက် နမူနာစည်းကမ်းများ ရ၏၊ မာဂဓ အပြန်တွင် ပါလာခြင်း ဖြစ်သည်၊ သဘောမှာ မာက မနေနိုင် မထိုင်နိုင် သွား၍ ဆွေးနွေးခဲ့ဟန်တူ၏။

၁၉၇၀-ခု၊ ဇွန်လ (၂၇) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆုတ် ၈ ရက်) စနေနေ့
ဂျက်စတာနာ(စာကူးစက်) ဝယ် (၆၃၀)ကျပ် ပေးရ၏၊ ၂၉၀-ကျပ် ကျန်သေး၏။

၁၉၇၀-ခု၊ ဇွန်လ (၂၈) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆုတ် ၉ ရက်) တနင်္ဂနွေနေ့
ပဒညွှန်းအတွက် အဖွဲ့တွင်း စည်းဝေးပြုလုပ်ကြ၏၊ ဆွေးနွေးခဲ့သူ ကိုယ်စားလှယ်လည်း တချို့နေရာ၌ တိတိကျကျ နားလည်ဟန်မတူ၊ အချို့ကို ရှိရင်းအတိုင်း လက်ခံ၍ အချို့ကို ပြန်လည် ဆွေးနွေးရန် သဘောတူညီကြ၏၊ ရန်ကုန်မှ ကိုယ်စားလှယ် မပါဘဲ ပြီးစီးသည့်ကိစ္စ မဟုတ်၊ ဒက္ခိဏာဓာန်အဖွဲ့ကိုတော့ အတော် စိတ်ပျက်နေသူဟု ပြော၏၊ ကျွန်ုပ်တို့ အဖွဲ့ကိုလည်း ဘယ်လို သဘောထားမည် မသိရ။

၁၉၇၀-ခု၊ ဇွန်လ (၂၉) ရက်၊ (၁၃၃၂-ခု၊ နယုန်လဆုတ် ၁၀ ရက်) တနင်္လာနေ့
ပဒညွှန်းကို အစမ်းသဘော ရေးကြ၏၊ နှစ်ဖွဲ့သာ ခွဲ၍ ရေး၏၊ ကျွန်ုပ်ကား ကပ်သီးကပ်သပ် အဖွဲ့တွင် ပါဝင်နေရ၏၊ ကမူ ကဝဂ်မူလီ ကျမ်းညွှန်းမရှိ၍ စဝဂ်မူလီမှ စ၍ ရေး၏၊ ကစ္စည်းပုဒ်မှ စကြသည်။

၁၉၇၀-ခု၊ ဇူလိုင်လ (၈) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆန်း ၅ ရက်) ဗုဒ္ဓဟူးနေ့
စာမေးပွဲဂေဇက်များ ထွက်လာ၏၊ ကိုရင်လည်း အောင်သည်၊ တိုက်သစ်မှ ကျမ်းပြီး ၁၊ ကျမ်းစွဲ ၂၊ အကြီး ၁၊ အလတ် ၁၊ အငယ် ၉ ပါး အောင်၏၊ မြန်ဂုဏ်ထူး ၁ အောင်၏။

၁၉၇၀-ခု၊ ဇူလိုင်လ (၁၁) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆန်း ၈ ရက်) စနေနေ့
မုံရွာမှ ဆွမ်းကျွေးရက် ရွှေ့ပြောင်းကြောင်းစာ ရ၏၊ မောင်ဥာဏ်ထူး ကားမှောက်ရာတွင် ပါဝင်၍ ဒဏ်ရာရသောကြောင့် ဖြစ်၏။
သကျသီဟ ကျမ်းပြီးအောင် ပါဠိ ဦးပဒုမက ဆွမ်းကျွေး၏။

၁၉၇၀-ခု၊ ဇူလိုင်လ (၁၂) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆန်း ၉ ရက်) တနင်္ဂနွေနေ့
ဦးပညာဝံသ ဓမ္မကျောင်း ရွှေ့ အထိမ်းအမှတ် ဆွမ်းကျွေး၏။

၁၉၇၀-ခု၊ ဇူလိုင်လ (၁၃) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆန်း ၁၀ ရက်) တနင်္လာနေ့
စာသင်တန်းအောင် ၂-ပါးက (ပိဋက) ဆွမ်းကျွေး၏။
I received ninety.

၁၉၇၀-ခု၊ ဇူလိုင်လ (၁၆) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆန်း ၁၃ ရက်) ကြာသပတေးနေ့
သကျသီဟ စာချတန်း နံပါတ် ၁ အောင် အရှင်သိရိန္ဒက သင်္ကန်း ပိတ်ကောင်း ကေသီတထည် လာလှူ၏၊ ကျွန်ုပ်ထံ ၄-နှစ်ခန့် ဆက်၍ စာလိုက်ဖူးသည်ဟူ၏၊ သူကား ရွှေကျင်ဂိုဏ်းက ဖြစ်၏၊ သုဓမ္မာမှ ဆရာကို ဆရာအဖြစ် အသိအမှတ်ပြုသော ရွှေကျင်ဂိုဏ်သားကား ရှားလှပေ၏။

၁၉၇ဝ-ခု၊ ဇူလိုင်လ (၁၉) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၁ ရက်) တနင်္ဂနွေနေ့
ဝါဆိုသံဃာ ၉၂-ပါး ရှိ၏၊ ယမန်နှစ်က ၇၉-ပါးသာ ရှိခဲ့သည်၊ တနှစ်ထက်တနှစ် တိုးလာ၏။ ကျောင်းအမက သင်္ကန်း မရ၍ သင်္ကန်းဖိုးနှင့် လာကန်တော့၏၊ I don't believe that but I write as she say.

၁၉၇ဝ-ခု၊ ဇူလိုင်လ (၂ဝ) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၂ ရက်) တနင်္လာနေ့
My mother came to here. Her eye has comfort.

၁၉၇ဝ-ခု၊ ဇူလိုင်လ (၂၁) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၃ ရက်) အင်္ဂါနေ့
My mother came back her home. I gave her 310-Ks. Amount 3700.

၁၉၇ဝ-ခု၊ ဇူလိုင်လ (၂၃) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၅ ရက်) ကြာသပတေးနေ့
လောကမှာ အမိကိုမှ မချစ်ဖူး မရိုသေဖူး အမိအပေါ်ကိုသော်မှ ကျေးဇူး မသိတတ်ဖူး ဆိုတဲ့ လူတန်းစားမျိုးကား ဘယ်သူ့ကိုမှ ချစ်လိမ့်မည် ရိုသေလိမ့်မည် ဘယ်သူ့ ကျေးဇူးကိုမှ သိတတ်လိမ့်မည် မဟုတ်၊ တိုင်းပြည်ကိုလည်း ချစ်တတ်လိမ့်မည် ကျေးဇူးသိတတ်လိမ့်မည် မဟုတ်ပေ၊ (သုခ) ဆောင်းပါး ယနေ့ထုတ် လုပ်သား။

၁၉၇ဝ-ခု၊ ဇူလိုင်လ (၂၄) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၆ ရက်) သောကြာနေ့
တိုက်သစ်စာမေးပွဲ ဂေဇက် ထုတ်ပေးလိုက်၏၊ ကြီး ၁၊ လတ် ၂၊ ငယ် ၂၊ မူ ၁ အောင်ကြ၏၊ ဂရုစိုက် စာလုပ်ပေး၍ ကျောင်းမှ လူများလည်း အောင်ကြ၏။
ယနေ့ညမှ စ၍ ဤကျောင်းရှိ သံဃာများကို ကျောင်းတွင် စာပြန်ခိုင်းသည်၊ ရုံသီကျောင်းမှာ သံဃာ များလွန်းသည်က တကြောင်း ပေါ့လျော့သည်ဟု ယူဆသည်က တကြောင်းကြောင့် ဖြစ်၏၊ ပေါ့သည်ဟု ယူဆသည်မှာကား ကြာပြီ ဖြစ်၏။

၁၉၇ဝ-ခု၊ ဇူလိုင်လ (၂၆) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၈ ရက်) တနင်္ဂနွေနေ့
ပါဏာ အဒိန္နာဒါန် ကာမေသု သုရာမေ တို့သည် ငရဲကျရန် သေချာသော အကုသိုလ် မဟုတ်ကြ။ (ဇာ၊ဋ္ဌ၊၃၊၄၇၅ ဟရိတစဇာတ် နဝကနိပါတ် ကြည့်)
မဟာနာယက ၁-ပါးလား? ၄-ပါးလား? "ဓမ္မာစရိယ သာခါကို ကျောင်းထိုင် မတင်ရ"ဟု ဥပဒေ ရှိသလား စသည်ဖြင့် ဂန္ထထံ စာပစ်သည်ဟု ပိ(ပိဋ္ဌက)ထံမှ သိရ၏၊ အတော်ဆိုးသူများပါတကား။

၁၉၇ဝ-ခု၊ ဇူလိုင်လ (၂၇) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၉ ရက်) တနင်္လာနေ့
စာဝါများ စတင်ပို့ချကြပြီ၊ ကျွန်ုပ်ကား အဋ္ဌသာ(လိနီ)နှင့် ဋီကာကျော်ကို ပို့ချ၊

အင္ဂသာ(လိနီ)မှာ ယခင် ချဘူးရာမှ ဆက်၍ ပို့ချ၏၊ ပရိတ္တာရမ္မဏာတိက်က စတင်ချရသည်၊ ဋီကာကျော်မှာ အစကပင် ပို့ချ၏။

၁၉၇၀-ခု၊ ဇူလိုင်လ (၂၈) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၁၀ ရက်) အင်္ဂါနေ့

ဓာန်အဖွဲ့တွင် အဖွဲ့ဝင်ဦးရေ တပါးတိုးလာ၏၊ ပါဠိ ဦးပညာကြီးတည်း၊ သူလည်း ပ-သ-အ အတွင်းရေးမှူး (U Ba Hmi)ကို ကပ်၍ မူလရအောင် လုပ်သူတည်း၊ အခြေကား ရှိသူမဟုတ်၊ အရေအတွက်သာ တိုးလာခြင်း ဖြစ်၏၊ အရည်အချင်းကား ဖွတ်ချေးသာတည်း။

၁၉၇၀-ခု၊ ဩဂုတ်လ (၂) ရက်၊ (၁၃၃၂-ခု၊ ဝါဆိုလကွယ်) တနင်္ဂနွေနေ့

ဘုရား တရား သံဃာ ဂုဏ်တော်များကို တပါးလျှင် ၈၄၀၀၀ ကျ ပုတီးစိပ်လာရာ ယနေ့အောင်မြင်၏၊ ၂၄ လ စိပ်ရ၏၊ ဤကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရပါလို၏။

၁၉၇၀-ခု၊ ဩဂုတ်လ (၃) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၁ ရက်) တနင်္လာနေ့

ဘုရားဂုဏ်တော် ၉-ပါးကို တပါးလျှင် ၁၀၀၀၀၀ ကျ ပုတီးစိပ်ရန် စိတ်ပိုင်းဖြတ်ထား၏၊ စလည်း စထား၏။

၁၉၇၀-ခု၊ ဩဂုတ်လ (၈) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၆ ရက်) စနေနေ့

ဆရာတော် ဦးဉာဏ ပျံတော်မူခါနီးတွင် သူ့ကို လာပင့်နေကြပြီ လိုက်သွားရမလားဟု ခဏခဏ မိန့်သည်ဟူ၏၊ ပျံလွန်ပြီးနောက် နာရီစင်မှ ဝါဝင်းသော အလုံးကြီး ထွက်လာသည်ဟု ဦးကျော်ထွဋ်ပြောပြ၏။

ကျော် ဗိုလ် ငွေးတို့နှင့် ဆွေးနွေးကြသည်၊ ပဒည္ဆန်းအတွက် ဖြစ်၏၊ အတော်အသင့် ဆုံးဖြတ်ချက် ချနိုင်၏၊ အရေးကြီးသော ကျမ်းညွှန်းဂဏန်း မကျန်ခဲ့ရန် လိုရင်းဖြစ်၏။

၁၉၇၀-ခု၊ ဩဂုတ်လ (၉) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၇ ရက်) တနင်္ဂနွေနေ့

ဝန်ထောက်မင်းအိမ် မသွားဖြစ်၊ တွဲဘက် မလာ၍ ဖြစ်သည်။

၁၉၇၀-ခု၊ ဩဂုတ်လ (၁၀) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၈ ရက်) တနင်္လာနေ့

ဆန်းစာဝါ ချ၏၊ ဥပုသ်နေ့သာ ချရန် ဖြစ်သည်။

စာသင်ဘက် ပုဂ္ဂိုလ်မှာ နေထိုင် မကောင်း၍ ဝန်ထောက်မင်းအိမ် မသွားဖြစ်ပေ။

Home rule ကို အလယ်တန်းပြဆရာမတဦးက Home အိမ်၊ rule မဟုတ် room ဖြစ်ရမည်၊ room က အခန်းဟု ဘာသာပြန်ဆိုလိုက်သည်တဲ့၊ ကျွန်ုပ်တို့ နိုင်ငံ ဆရာဆရာမများ ရှော်လှချည်တကား၊ ဆရာဆရာမ ဖြစ်နေကြပါလျှက် သာမန်အရပ်သားတဦးလောက်မှ စာမဖတ်ကြသည်မှာ အံ့သြစရာ ကောင်းလှတော့၏။

၁၉၇၀-ခု၊ ဩဂုတ်လ (၁၅) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၁၃ ရက်) စနေနေ့

I received eighty

၁၉၇၀-ခု၊ ဩဂုတ်လ (၁၆) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၁၄ ရက်) တနင်္ဂနွေနေ့

ကိုချစ်တင် (အင်တိုင်း၊ မုံရွာ) သေဆုံးကြောင်း သတင်း လုပ်သားတွင် တွေ့ရ၏၊ ကျွန်ုပ်တို့ ရွာမှ မုံရွာနေသူများအနက် ပစ္စည်း အချမ်းသာဆုံးပင်တည်း။

၁၉၇၀-ခု၊ ဩဂုတ်လ (၂၁) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆုတ် ၄ ရက်) သောကြာနေ့

Monywa team came to here to give alms to Sanghas. They were Yahandaga, Yahanama, Ko Mya, Ma Than Khin, Khin May Than, Daw Khin Nwe, Daw Khin Thwe, Ma Win, Mya Mya Win, and Daw Thwe, Ko Ba Paw.

၁၉၇၀-ခု၊ ဩဂုတ်လ (၂၃) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆုတ် ၆ ရက်) တနင်္ဂနွေနေ့

Monywa team went back to their town. They gave kyazan to Sanghas this morning.

၁၉၇၀-ခု၊ ဩဂုတ်လ (၃၀) ရက်၊ (၁၃၃၂-ခု၊ ဝါခေါင်လဆုတ် ၁၃ ရက်) တနင်္ဂနွေနေ့

Ko Ba Hla took 200-Rs from me for a while.

၁၉၇၀-ခု၊ စက်တင်ဘာလ (၉) ရက်၊ (၁၃၃၂-ခု၊ တော်သလင်းလဆန်း ၉ ရက်) ဗုဒ္ဓဟူးနေ့

ရွှေရေးဆောင်ဆရာတော် (ဦးပဏ္ဍိဝ) ပျံလွန်တော်မူသည်ဟု သိရ၏၊ လဆန်း(၇)ရက်နေ့က စာချသေးသည်ဟူ၏၊ သာသနာ့လုပ်ငန်းကို ပျံတော်မူသည်အထိ ကြိုးစားပမ်းစား သည်ပိုးရွက်ဆောင်သွားသော ပုဂ္ဂိုလ်ပေတည်း၊ အတုယူဖွယ် ကောင်းလှ၏။

# ၁၉၉ဝ ဒိုင်ယာရီ

၁၉၈၉-ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်)
ဦးကောဝိဒ
BURMESE BUDDHIST TEMPLE
၁၀/A အီဒင် ဟော်စပီတယ်လ်ရုဒ်(ဒ်)
အစ်စ်မေလီယားဆေးရုံအနီး (ကာလကတ္တား)
ဖုံး ၂၇-၃၇၃၁။ ၇၁၀,၀၇၃

၁၉၈၉-ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်၊ အင်္ဂါနေ့ (၁၃၅၁-ခုနှစ်၊ နတ်တော်လကွယ်)

သစ်ပင်တောင်ဖျား၊ နေလေပြေးလည်း၊ မရှားရေရှ၊ တောင့်တမိုးရွာ၊ ပူဆာအိုက်ကင်း၊ ရှင်းသည့်အနာ၊ ကိလေသာဝေး၊ ညစ်ကြေးမရစ်၊ နံ့သာစစ်သို့၊ ခုနစ်ရေလှုအကျိုးတည်း။

သန့်ရှင်းကျော်ဇော၊ လွန်ပေါခြွေရုံ၊ လျှင်မြန်ဖျတ်လတ်၊ ရေငတ်ကင်းတည်၊ သက်ရှည်ဆင်းလှ၊ ခနချမ်းသာ၊ ပညာခွန်အား၊ လွန်ကြီးမားသည်၊ ဆယ်ပါးရေလှုအကျိုးတည်း။

၁၉၉၀-ခု၊ ဇန္နဝါရီလ (၁၇) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ ပြာသိုလဆုတ် ၇ ရက်)

ရန်ကုန် ကိုမြွေးလှိုင်တို့ ဇနီးမောင်နှံမှ ဖုန်းဆက်၊ ပတ်စပို့ အခြေအနေကောင်းဟု သိရ၊ မကျသေး။ လေယာဉ်လက်မှတ် ရောက်နေပြီဟူ၏။ ပတ်စပို့ကျလျှင် ဖေဖော်ဝါရီ(၁)ရက် သို့မဟုတ် ဒု-ပတ် အစ ထွက်ဖြစ်ကြမည်ဟူ၏။

၁၉၉၀-ခု၊ ဇန္နဝါရီလ (၃၀) ရက် အင်္ဂါနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆန်း ၅ ရက်)

ပတ်စပို့အတွက် ကမ္ဘာအေး ရောက်၊ ကျွန်ုပ်ရှေ့တွင် နိုင်ငံခြားရေးဌာနမှ ကျွန်ုပ်၏ နိုင်ငံခြား သွားရန် ပတ်စပို့ လျှောက်ထားခြင်းနှင့် ပတ်သက်၍ သာသနာရေးဌာန၏ ထင်မြင်ချက်တောင်းလွှာ ရောက်လာ၊ ကျွန်ုပ်သာ မသွားဖြစ်လျှင် ယင်းစာ ရောက်သေးမည်မဟုတ်၊ တိုင်းသံဃနာယက ထောက်ခံထားပါသည်ဟု ပါလျှက်ပင် မန်းတိုင်းသာသနာရေးမှူး မြို့နယ်သံဃနာယကတို့၏ ထောက်ခံစာများ လိုသေးဟု ဒုညွှန်မှူး မောင်လှကိုက ပြော၊ သူ့ရုံးခန်း ဖုန်းဖြင့် မန်း လှမ်းတောင်းလိုက်ရ၊ သက်ဆိုင်ရာရုံးမှ ၂၅-၁-၉၀ နေ့စွဲဖြင့် ထင်မြင်ချက် တောင်းထားသည်ကို ကျွန်ုပ်ကိုယ်တိုင် ဖတ်ခဲ့ရ။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၁) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆန်း ၇ ရက်)

မဟာနမျက်မှောက်တွင် နိုင်ငံခြား သွားမည့်သူတို့ ထုံးစံအတိုင်း ဝန်ခံလက်မှတ်ထိုးရ။ မန်းတိုင်း သာသနာရေးမှူး ကိုစောထွန်း လာသည်၊ ထိုကိစ္စမျိုး လက်မှတ်ထိုး မပေးခဲ့ဘူးကြောင်း ကေသရအား ပြောကြားသည်ဟု သိရ၊ နိုင်ငံခြားရေးရုံးသို့ အမြန်ပို့ပေးရန်လည်း ကမ္ဘာအေးကို ပြောခဲ့။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၈) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆန်း ၁၄ ရက်)

ကိုကျော်ခင်မြင့်ထံ ရောက်၊ နိုင်ငံခြားငွေ လဲရန်နှင့် အခြားကိစ္စတို့အတွက် လက်မှတ်ထိုးပေးခဲ့၊ ကမ္ဘာအေး ဒုဋ္ဌနှိမ့်မှူး လှကိုက သူ့ကို မကျေနပ်ကြောင်း ဖုန်းဆက်ပြောဟူ၏။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၁၀) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၁ ရက်)

ကိုကျော်ခင်မြင့်ထံ ရောက်၊ ၈-၂-၉၀ နေ့ ငွေတထောင် ပေးခဲ့ရာ ယနေ့ ငါးရာ ကျွန်ုပ် ပြန်ပေး။ ပထမသုတ် ပတ်စပို့ အင်္ဂါနေ့ ကျ-မလိုလို ပြော၊ ကျွန်ုပ်တို့အတွက် ပတ်စပို့ ၂၂ ရက်အတွင်း ကျအောင် ပြောထားဟူ၏။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၁၁) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၂ ရက်)

ကမ္ဘာအေး မဟာဘွဲ့နှင်းသဘင် တက်၊ ဘိနပ်နံပါတ်များနှင့် လုပ်လျှက်ပင် လွဲကြ ပျောက်ကြ၊ စိတ်ပျက်စရာ။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၅ ရက်)

သူတို့ ပေးထားသည့် ဖုန်းနံပါတ်အတိုင်း ဦးစိန်လွင်ထံ ဦးဇင်းကြီးအောင်ကို ဖုန်းဆက်ခိုင်း။ ပတ်စပို့ အတွက် ဆက်လုပ်နေကြောင်း နက်ဖြန် ဘုတ်ထိုင်စည်းဝေးရှိကြောင်း သိရ။ ကိုဌေးလှိုင်တို့လည်း ညနေ ရောက်လာ၊ သူတို့ မနက်ဖြန် ထွက်ဖြစ်ကြမည်ဟူ၏။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၁၅) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၆ ရက်)

သတိ/ ၇ ရက်နေ့ ဟောပြောချက် နှာ-၄ အောက်မှ ကြောင်းရေ-၆ ၌ အသေကောင်ဝယ် ဝေဒနာ ရှိသလိုလို ဟောထား၊ ၆-ရက် ဟောပွဲ နှာ-၂၁ ကြောင်းရေ အောက် ၁၀-၌ စိတ်(နာမ်)က ရုပ်အဖြစ်သို့ ပြောင်းသလိုလို ဟော။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၁၉) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၁၀ ရက်)

ပတ်စ်ပို့ ထုတ်ရန်သာ လိုတော့သလိုလို အကြောင်းကြား။

၁၉၉၀-ခု၊ ဖေဖော်ဝါရီ (၂၀) ရက်၊ အင်္ဂါနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၁၁ ရက်)

ယနေ့ ပတ်စ်ပို့ ထုတ်ရမည်ဆို၍ သွားရာ ထုတ်မရခဲ့ပါ၊ ၉-ဦးကျန်အနက် ၂-ဦးသာ ယမန်နေ့က ထုတ်ရ၊ မရေရာသော လုပ်ငန်းပေတကား။ မှူးကြီး ဝန်ကြီးဟောင်း (ဦး-မြင့်)လည်း ကျွန်ုပ်တို့နှင့်အတူ ဒုက္ခခံ စောင့်နေရှာ၏။ ဇန္နဝါရီ ၁၈-ရက်နေ့က တင်ခဲ့သော ပတ်စ်ပို့ ယနေ့ထိ မရေရာသေး။

၁၉၉၀-ခု၊ ဖေဖော်ဝါရီ (၂၁) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၁၂ ရက်)

ယနေ့ ပတ်စ်ပို့ သွားထုတ်ပြန်တော့လည်း ကြခတ်ဝိုင်းနှင့် သပိတ်အိုင်တို့ ပတ်စ်ပို့သာ ထုတ်ပေး။ ကျွန်ုပ်အတွက် သာသနာရေးမှ ထင်မြင်ချက်တောင်းလွှာ ပြန်မကျသေး၍ ထုတ်မပေးနိုင်ကြောင်း ပြောလိုက်။ သာသနာရေးရုံး ညွှန်မှူးချုပ်ထံ ချက်ချင်းသွားပြောရာ ၅-၂-၉၀ နေ့က စာပြန်ပြီးကြောင်း ဖိုင်လက်ကျန်မိတ္တူ ထုတ်ပြ၊ ပတ်စ်-ရုံး ဖုန်းဆက်ရာ သူတို့ဆီ မရောက်သေးဆိုသဖြင့် မိတ္တူကို ဖိုတိုစတက်ကူးပြီး ပို့လိုက်လဲ ရပါသည်ဆိုသဖြင့် ကူးပို့လိုက်။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၂၂) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပို့တွဲလဆုတ် ၁၃ ရက်)

ယမန်နေ့က သာသနာရေး ညွှန်မှူးရုံးမှ ဖိုတိုစတက် ကူးပို့သည့် မိတ္တူစာ ပတ်စ်ပို့ဌာနက သူတို့ထံ မရောက်သေးကြောင်း ပြောလိုက်သည်ဟူ။ နိုင်ငံရေးအမြင် နည်းပါးရာကြသော ရုံးသူရုံးသားများပေတကားဟု ညီးတွားရုံမှတပါး ဘာမျှ မတတ်နိုင်ပေ။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၂၄) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၁ ရက်)

ဝန်ကြီးများရုံးသွား၍ ပတ်စ်ပို့ ထုတ်ရ၊ သက်ဆိုင်ရာမှ စီစဉ်ပေးသဖြင့် လွယ်လွယ်ကူကူပင် ရလာ။

၁၉၉၀-ခု၊ ဖေဖော်ဝါရီလ (၂၆) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၃ ရက်)

ဗီဇာကိစ္စ အိန္ဒိယသံရုံးသာ ပြီး၏၊ ငွေလဲပြီးခဲ့၏၊ ဒီဖောင်းလည်း ပြီး။ နီပေါ ဘင်္ဂလားဒေ့ရှ် သံရုံးများအတွက် အလွယ်တကူပြီးရန် အချိတ်အဆက် လုပ်ထားခဲ့ကြ၏။ နောက်ရက်၌ ကျွန်ုပ် လိုက်စရာမလိုအောင် ဆက်ထားခဲ့ခြင်း ဖြစ်သည်။ မန်း ဖုန်းဆက်၍ ရွာသူရွာသား မြို့သူမြို့သား အချင်းချင်း န-ငနှင့်ပတ်သက်၍ ရန်မဖြစ်အောင် ထိန်းဖို့ ပြောရ။

၁၉၉၀-ခု၊ မတ်လ (၁) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၆ ရက်)

နိုင်ငံခြား ထွက်ဖြစ်၊ ရန်ကုန်လေဆိပ်မှ ၂:၅၀ နာရီခန့် ထွက်၊ ၃:၅၀ အချိန်လောက် ဒါကာ ရောက်၊ ဒါကာမှ ၆-နာရီလောက်ခန့် ထွက်၊ ကာလကတ္တား ၆:၃၀ နာရီ ရောက်၊ ကာလကတ္တား၌ ဆေးကောလိပ်အနီး ဗမာဘုန်းကြီးကျောင်း တည်း၊ ဘုန်းကြီးမှာ ညောင်လေးပင်ဇာတိ ဦးကောဝိဒ ဟူ၏၊ အိန္ဒိယ ရောက်နေသည်မှာ နှစ်ပေါင်း ၃၀ ကျော်ဟု သိရ။

၁၉၉၀-ခု၊ မတ်လ (၂) ရက်၊ သောကြာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၇ ရက်)

ကာလကတ္တား ပြတိုက် (မြစ်) ဝိတိုရိယ(ပြတိုက်) ဈေး ရုပ်ရှင်ရုံများ ဘုန်းကြီးကျောင်းမှ ဒကာတယောက် လိုက်ပို့။ ကာလကတ္တားမြို့ကား ကားကလည်း ထင်သလို မောင်း၊ လူကလည်း ထင်သလို သွား၊ သို့သော် မတိုက်မိကြ၊ လူတိုက်မိလျှင် လူထုက အရေးယူ၍ မတိုက်မိခြင်းဖြစ်။ မြို့တွင်းပြေးကား ခတ်ရထား မြို့ပတ်ရထား မြေအောက်ရထားများ လူ သိပ်မကျပ်လှ၊ တွယ်စီးတာမျိုးလည်း မတွေ့ရ၊ သယ်ယူပို့ဆောင်ရေး နိုင်ဟန်တူ။

၁၉၉၀-ခု၊ မတ်လ (၃) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၈ ရက်)

ကာလကတ္တား ဘူတာရုံကြီးမှ ဘုံဘေရထားစီး၊ ရထားပေါ် (၂)ည အိပ်ပြီးမှ ဘုံဘေရောက်မည်ဟု သိရ၏။

၁၉၉၀-ခု၊ မတ်လ (၄) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၉ ရက်)

ကာလကတ္တား ဘုံဘေ မီးရထားလမ်းတလျှောက် တောရွာ ကျဲလှသည်။ အိန္ဒိယကား မြို့များ၌ လူနေ စိပ်သလောက် တောရွာများ၌ လူနေ ကျဲဟန်တူ။ ရထားဆိုက်ရာ ဘူတာတိုင်း လျှပ်စစ်မီး ရှိပေသည်။ ရထားကား ကျွန်ုပ်တို့ မြန်မာပြည်မှ မြစ်ကြီးနားရထားလောက်နီးနီး လူကြပ်၏။

၁၉၉၀-ခု၊ မတ်လ (၅) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၁၀ ရက်)

နံနက် ၅-နာရီမထိုးမီ အီဂတ်ပူ ဘူတာရောက်၏။ ည ၈-နာရီကျော်ခန့် ဘုံဘေသို့ ဗမာတဖွဲ့လုံး ကားနဲ့ ပို့ပေး၊ ၁၂-နာရီကျော်ခန့် ရောက်။ အီဂတ်ပူ ဘုံဘေ ကားလမ်းကား တောင်ကြီးလမ်းနှင့် ခပ်ဆင်ဆင်၊ တောင်ကမ္ဘားရန် (တောင်ကမ်းပါးရံ) ကပ်၍ ဖောက်ထားသော လမ်း၊ တောင်ကြီးလမ်းကပင် အနည်းငယ် ကျယ်မည်ထင်၏။ ကားမောင်းကြမ်းလိုက်သည်မှာလည်း ပြောစရာ မရှိ။ ကိုယ့်ကိုယ်ကို သရဏဂုံတင် စီးရမည့် ကားလမ်းမျိုး။ ပွတ်၍ ကပ်၍ သပ်၍ ရှောင်ကြတိမ်းကြသည်။

၁၉၉၀-ခု၊ မတ်လ (၆) ရက်၊ အင်္ဂါနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၁၁ ရက်)

ဘုံဘေဂရုကြီးအိမ်မှာ တည်း၊ တမြို့လုံးလောက်နီးနီး ကားနဲ့ လိုက်ပို့၊ တနေကုန်သော်လည်း မြို့အနှံ့မရောက်၊ လူဦးရေ ၉-သန်းခန့် ရှိမည်ဟု မြို့ခံများက ပြောကြ၏။ ကာလကတ္တားလောက် မညစ်ပတ်သော်လည်း သိပ်တော့ သန့်ရှင်းမှုမရှိ။ ပင်လယ်ကမ်းခြေကလည်း နံစော်နေသည်။ လူဦးရေ များလွန်း၍ သန့်ရှင်းရေး နိုင်ဟန်မတူ၊ သယ်ယူပို့ဆောင်ရေးကား နိုင်ဟန်တူသည်။ မြို့တွင်းပြေးကားများ ရထားများ လူပြောလောက်အောင် မကြပ်၊ တွယ်စီးတာမျိုး မရှိ။ မြို့ပတ်ရထားများလည်း ၅-မိနစ် တစီးခန့် ဝင်လိုက်ထွက်လိုက်။

၁၉၉၀-ခု၊ မတ်လ (၇) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၁၂ ရက်)

ဘုံဘေ စာအုပ်ပြပွဲ သွားကြ။ ၁၀ ရာခိုင်နှုန်း လျှော့စျေးရောင်း။ ဂန္ဒီ နေရူး အတ္ထုပ္ပတ္တိ အင်္ဂလိပ် ဟိန္ဒီ ဝယ်ခဲ့။ ကလေးများအတွက် ရေးထားသောစာအုပ် ကလေးကြိုက် ဟိန္ဒီပုံပြင်တအုပ်လည်း ဝယ်ခဲ့။ ယနေ့ နေ့ဆွမ်း ဦးအောင်အောင် (ပြည်သား) သားသမီးများ ကပ်ကြ။ သူတို့အဖေ ဦးအောင်အောင် ကွယ်လွန် ၅-ရက်မြောက် အထိမ်းအမှတ် မြန်မာရဟန်းတော်များနှင့် ကြုံကြိုက်၍ ကပ်ခြင်းဖြစ်။

၁၉၉၀-ခု၊ မတ်လ (၈) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၁၃ ရက်)

ဘုံဘေကနေ ၂-နာရီခန့် ပြန်ထွက်၊ နေရစ်တော့ ဘုံဘေ။ အီဂတ်ပူရီ ၆-နာရီခန့် ရောက်၊ လမ်းတလျှောက် မြို့လေးများ၌လည်း ကားကြပ်။ ည ၈-နာရီ တရားစခန်း စဝင်ကြ။

၁၉၉၀-ခု၊ မတ်လ (၉) ရက်၊ သောကြာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆန်း ၁၄ ရက်)

ယနေ့ည ၇:၃၀ အချိန် တရား တရက်လုံးလုံးရ၊ အင်္ဂလိပ်လို ဟောပြောချက် နာ၊ နားလည်တချက် မလည်တချက်၊ နားမလည်သည်က များ။

၁၉၉၀-ခု၊ မတ်လ (၁၀) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တပေါင်းလပြည့်)

ယနေ့ ယမန်နေ့ကထက် ထိုင်လို့ သက်သာ၊ သမာဓိတန်ခိုးကြောင့် မဟုတ်၊ ကျင့်သားရ၍ သက်သာခြင်း ဖြစ်၊ တရားတခါထိုင် တနာရီအတွင်း ၁၀-မိနစ်ခန့်ပင် ထွက်သက်ဝင်သက်အာရုံ၌ မတည်ပါ။

၁၉၉၀-ခု၊ မတ်လ (၁၁) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၁ ရက်)

တရားထိုင် ၃-ရက် ရ၊ ကျေနပ်လောက်အောင် သမာဓိ မရပါ၊ သတိလည်း မထူထောင်နိုင်ပါ၊ ဖေဖော်ဝါရီ ၁၅-ရက်က ထွက်လာသော ပထမသုတ် ယနေ့ ဘုရားဖူး ထွက်သွားကြ။

၁၉၉၀-ခု၊ မတ်လ (၁၂) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၂ ရက်)

တရားထိုင် ၄-ရက် ရ၊ မထူးခြားလှ၊ သို့သော် ကြိုးစားရမည်သာ။

၁၉၉၀-ခု၊ မတ်လ (၁၃) ရက်၊ အင်္ဂါနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၃ ရက်)

တရားထိုင် ၅-ရက် ရ၊ ခြေကျင်မှုဝေဒနာကို အနည်းငယ် ခံနိုင်ရည် ရှိလာပြီ။ ရှုမှတ်၍လောပေ၍လော မခွဲခြားနိုင်ပေ။

၁၉၉၀-ခု၊ မတ်လ (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၄ ရက်)

တရားထိုင် ၆-ရက် ရ။

၁၉၉၀-ခု၊ မတ်လ (၁၅) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၅ ရက်)

တရားထိုင် ၇-ရက် ရသွားပြီ။

၁၉၉၀-ခု၊ မတ်လ (၁၆) ရက်၊ သောကြာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၆ ရက်)

တရားထိုင် ၈-ရက် ရသွားပြီ၊ မန္တလေးသား ဟိန္ဒီဆရာဝန်ကြီးတယောက် လာ၍ စကားပြော၏၊ (၁၉၃၈)ခုနှစ်က M-B-B-S အောင်သည်ဟူ၏၊ ဒေါ်ခင်ကြည်ပင် သူ ဆရာဝန်ဖြစ်စဉ်က သူ့ဆေးရုံ၌ နာ့စ်မ အဖြစ် အမှုထမ်းခဲ့သည်ဟူ၏။

၁၉၉၀-ခု၊ မတ်လ (၁၇) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၇ ရက်)

တရားထိုင် ၉-ရက် ရသွားပြီ၊ မထူးခြားလှ။ အစားအသောက် သည်းမခံနိုင်သည်ကလည်း တဒုက္ခ၊ ရိပ်သာဟင်းကို ၆-ရက်ခန့်သာ ကြိတ်မှိတ်စားလို့ ရ၏၊ ၆-ရက်ကျော်သည်ကစ၍ မြိုမကျတော့။

၁၉၉၀-ခု၊ မတ်လ (၁၈) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၈ ရက်)

တရားထိုင် ၁၀-ရက် ပြည့်၊ နံနက် ၁၀-နာရီတွင် တရားစခန်း သိမ်း။ စကားပြောခွင့် ပြုလိုက်သဖြင့် စားသောက်ဆောင်၌ပင် စကား ဆူညံနေအောင် ပြောကြ။ တရားစခန်း မသိမ်းမီ၌ကား စကားပြောသံ မကြားရပါ၊ လက်ဟန် ခြေဟန်ဖြင့် ပြောကြ ဆိုကြ၏။

၁၉၉၀-ခု၊ မတ်လ (၁၉) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၉ ရက်)

အီဂတ်ပူရီမှ နံနက် ၈-နာရီကျော်ထွက်၊ ဗာရာဏသီ နောက်ရက် မနက်မှ ရောက်မည်ဟူ၏။ လမ်းတလျှောက် သွေ့ခြောက်ရာသီလည်း တွေ့ရ၊ စိုပြေရာသီလည်း တွေ့ရ။ ဘူတာတိုင်း ရေ လွယ်လွယ်ကူကူ ရနိုင်အောင် စီစဉ်ပေးထား။

၁၉၉၀-ခု၊ မတ်လ (၂၀) ရက်၊ အင်္ဂါနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၁၀ ရက်)

နံနက် ၇-နာရီကျော် အလဟာဘတ်မြို့ ရောက်၊ နေရူး မွေးဖွားရာ မြို့ဖြစ်သဖြင့် စိတ်ဝင်စားမိ၊ ဂင်္ဂါ ယမုနာ သူရဿတီ မြစ်သုံးခု ဆုံရာဖြစ်၍ ဟိန္ဒူဘာသာရေးအရ အလွန်အရေးကြီးသောမြို့ဟူ၏။ နံနက် ၉-နာရီခန့် ဗာရာဏသီရောက်၊ ကော်ဇောစက်မှ ဒကာကြီးနှင့် ဗာရာဏသီ ဦးဂမ္ဘီရတို့ လာ ကြိုနေ၊ မြို့ထဲလည်၊ ဂင်္ဂါဆိပ်လည်း ရောက်။

၁၉၉၀-ခု၊ မတ်လ (၂၁) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၁၁ ရက်)

ဗာရာဏသီမှ နံနက်စောစော မိဂဒါဝုန် ဓမ္မစကြာဟောရာဌာန သွား၊ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်၊ ဗာရာဏသီတက္ကသိုလ်လည်း ရောက်။

၁၉၉၀-ခု၊ မတ်လ (၂၂) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၁၂ ရက်)

ဗာရာဏသီမှ နံနက်စောစော ထွက်၊ ညနေ ၅-နာရီခန့်မှ ဗုဒ္ဓဂယာ ရောက်၊ ည ဗောဓိပင်အောက်၌ တရားထိုင်၊ လက်ျာရစ်လည် မေတ္တာပွါး။

၁၉၉၀-ခု၊ မတ်လ (၂၃) ရက်၊ သောကြာနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၁၃ ရက်)

ရာဇဂြိုဟ် နာလန္ဒတို့ လျှောက်လည်၊ အပြန်လမ်း၌ ကားသမားများက ဆန္ဒပြသဖြင့် ခရီးဖင့်၊ ဒီမိုက ရေစီကို အလွဲသုံးစားပြု၍ ဆန္ဒပြခြင်း ဖြစ်သည်။

၁၉၉၀-ခု၊ မတ်လ (၂၄) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တပေါင်းလဆုတ် ၁၄ ရက်)

ဗုဒ္ဓဂယာမှ ဂေါရက်ပူ သွား ည ၁၂-နာရီခန့်မှ ရောက်။

၁၉၉၀-ခု၊ မတ်လ (၂၅) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၁-ခု၊ တပေါင်းလကွယ်)
ဂေါရက္ခပူရမှ လုမ္ဗနီ သွား၊ နံနက် ၉-နာရီ ထွက်၊ ၁၁-နာရီကျော် လုမ္ဗိနီ ရောက်၊ ဘုရား မွေးဖွား နေရာဖြစ်၍သာ၊ ဘာမျှမရှိ။ သာဝတ္ထိသွားရာ မျက်စိလည်၍ မရောက်။

၁၉၉၀-ခု၊ မတ်လ (၂၆) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တန်ခူးလဆန်း ၁ ရက်)
ကုသိနာရုံ သွား၊ နေ့ ၂-နာရီ ဂေါရက္ခပူရမှ ရထားနဲ့ ထွက်။

၁၉၉၀-ခု၊ မတ်လ (၂၇) ရက်၊ အင်္ဂါနေ့ (၁၃၅၁-ခု၊ တန်ခူးလဆန်း ၂ ရက်)
ကာလကတ္တား ၂-နာရီကျော် ရောက်၊ မြန်မာဘုန်းကြီးကျောင်းပင် တည်း။

၁၉၉၀-ခု၊ မတ်လ (၂၈) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၁-ခု၊ တန်ခူးလဆန်း ၃ ရက်)
ရန်ကုန်ပြန်၊ ကာလကတ္တားလေဆိပ် ၂-နာရီကျော်ခန့် ရောက်၊ ကျွန်ုပ်နှင့် (ကိုဝင်းသင်) ကိုစိန်လွင် တို့အတွက် ကာလကတ္တား ဒက္ကာသာ ရမည်၊ ဒါကာလေဆိပ်မှ စောင့်ရမည် ဆိုသဖြင့် တော်တော်ပြောကြ ရ၊ ဒါကာဟော်တယ် တည်းဖို့အတွက် တယောက် ရူပီး ၄၅၀ ပေးရသော်လည်း ခိုင်လုံသော ပြေစာ မပါသ ဖြင့် လေဆိပ်မှာ ၄၅၀ ဖိုး အိပ်ကြရ။ ကုလားများကား အတော်ဖျံကျ၏။

၁၉၉၀-ခု၊ မတ်လ (၂၉) ရက်၊ ကြာသပတေးနေ့ (၁၃၅၁-ခု၊ တန်ခူးလဆန်း ၄ ရက်)
ဒါကာမှ ၈-နာရီကျော် ထွက်၊ ရန်ကုန် ၉-နာရီကျော် ရောက်။

၁၉၉၀-ခု၊ ဧပြီလ (၂) ရက်၊ တနင်္လာနေ့ (၁၃၅၁-ခု၊ တန်ခူးလဆန်း ၈ ရက်)
ရန်ကုန်မှ နံနက်ရထားဖြင့် မန်း ပြန်၊ အချိန်နောက်ကျမှ မန်း ရောက်၊ ၉ ခွဲကျော်မှ ရောက်။

၁၉၉၀-ခု၊ ဧပြီလ (၇) ရက်၊ စနေနေ့ (၁၃၅၁-ခု၊ တန်ခူးလဆန်း ၁၃ ရက်)
မိုးကုတ် ပယ်မနေသူ အင်တိုင်းသား မောင်သန်းစိန် လာ၏၊ ကျွန်ုပ် တခါမျှ မတွေ့ဘူး၊ ပြောသံ လည်း မကြားဘူး၊ ဃောသိတနှင့် ကျောင်းနေဘက်ဖြစ်သဖြင့် အင်တိုင်းသား အမှန်ဖြစ်ကြောင်း သိရ၊ ငွေ တထောင် ချေးသွားသေးသည်၊ လိမ်တာ ဖြစ်ချင်လည်း ဖြစ်နိုင်။

၁၉၉၀-ခု၊ ဧပြီလ (၁၅) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၁-ခု၊ တန်ခူးလဆုတ် ၆ ရက်)
ဘုရားကြီး အောက်ကျင်း မာလကာခြံရပ် မီးလောင်၊ တော်တော်ဆုံးရှုံးဟန် တူ၊ ယမန်နှစ်ကလည်း သင်္ကြန်တွင် မီးလောင်ခဲ့၏။

၁၉၉၀-ခု၊ ဧပြီလ (၁၇) ရက်၊ အင်္ဂါနေ့ (၁၃၅၂-ခု၊ တန်ခူးလဆုတ် ၈ ရက်)
ဆွမ်းကျွေး ပရိတ်ရွတ်စသည် ကိစ္စများ၍ ကုသိုလ်ပင် နေ့တိုင်းလောက် မလုပ်ဖြစ်။

သာသနာပိုင်ရပ်ကွက် ဆုတောင်းပြည့်ဓမ္မာရုံတွင် မောင်ဌေး မကြူကြူတို့ တရားပွဲ၌ စံပြ ခေါင်းဆောင် (ဂဝေသီသုတ်)အကြောင်း ညတရားဟော။

၁၉၉၀-ခု၊ မေလ (၂၇) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၂-ခု၊ နယုန်လဆန်း ၄ ရက်)
တနိုင်ငံလုံးလောက်နီးနီး ပါတီစုံ ရွေးကောက်ပွဲ ပြုလုပ်၊ အစွမ်းကုန်ညစ်ပတ်သော်လည်း သူတို့ ဖေဘာပေး သော ပါတီ နိုင်ခြေမရှိ။

၁၉၉၀-ခု၊ မေလ (၂၈) ရက်၊ တနင်္လာနေ့ (၁၃၅၂-ခု၊ နယုန်လဆန်း ၅ ရက်)
မန်း တမြို့လုံး အဖွဲ့ချုပ် နိုင်ဟု သိရ။

၁၉၉၀-ခု၊ ဇူလိုင်လ (၁၀) ရက်၊ အင်္ဂါနေ့ (၁၃၅၂-ခု၊ ဝါဆိုလဆုတ် ၄ ရက်)
အဖွဲ့ချုပ်က ၁၉ ဇူလိုင်မှာ အေးအေးဆေးဆေးဖြစ်ဖို့ ကူညီရန် လာလျှောက်။ သာသနာရေးဌာန ဝန် ဟောင်းက ဘွဲ့အတွက်ဆိုကာ ထေရုပ္ပတ္တိတောင်း၊ မပေးလိုက်ပါ၊ သာသနာ ဖျက်နေသည်ဟု ယူဆ၍ မ ပေးလိုက်ခြင်း ဖြစ်။

၁၉၉၀-ခု၊ ဇူလိုင်လ (၁၈) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၂-ခု၊ ဝါဆိုလဆုတ် ၁၂ ရက်)
နိုင်ငံ တည်ထောင်လိုသောစိတ် (ဝါ) ကောင်းအောင် ပြုပြင်လိုသောစိတ်က လက်စားချေလိုတဲ့ ဒေါသစိတ်ကို လွှမ်းမိုးနိုင်အောင် ကြိုးစားကြရမည်။

၁၉၉၀-ခု၊ ဇူလိုင်လ (၁၉) ရက်၊ ကြာသပတေးနေ့ (၁၃၅၂-ခု၊ ဝါဆိုလဆုတ် ၁၃ ရက်)
ကျွန်ုပ် အသက် ၅၇-နှစ် တင်း ပြည့်သွားပြီ။ အာဇာနည်နေ့ ဖြစ်၊ လူထု နိုင်ငံရေးအသိဉာဏ် ရင့်သန် အောင် ၂ နေရာ တရားဟောရ၏။

၁၉၉၀-ခု၊ ဇူလိုင်လ (၂၀) ရက်၊ သောကြာနေ့ (၁၃၅၂-ခု၊ ဝါဆိုလဆုတ် ၁၄ ရက်)
အချင်းချင်း ဒေါသ အပြန်အလှန် ထားနေကြလျှင်ကား ၂-ဦးစလုံး ရှုံးမည်၊ အလျှော့အတင်း အပေးအယူလုပ်၍ စေ့စပ်ညှိနှိုင်းကြလျှင် ၂-ဦးစလုံး နိုင်မည်။

၁၉၉၀-ခု၊ ဇူလိုင်လ (၂၅) ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၅၂-ခု၊ ဝါခေါင်လဆန်း ၄ ရက်)
မစိုးရိမ်တိုက်မှ တင်းဝင် ဒါန်အိုးကြီး ၆၀ နှင့် ကျည်ဆံများ မိခြင်း ဟူသော သတင်းခေါင်းစီး တပ်မှု မျိုးသည် အပြုသဘော မဆောင်ကြောင်း ယခုမှ စဉ်းစားမိ၏။

၁၉၉၀-ခု၊ ဩဂုတ်လ (၂၁) ရက်၊ အင်္ဂါနေ့ (၁၃၅၂-ခု၊ တော်သလင်းလဆန်း ၂ ရက်)

မြန်မာနိုင်ငံ၏ နိုင်ငံရေး အကောင်းအဆိုးကို အဆုံးအဖြတ် ပေးနိုင်သည့် အင်အားသည် လူထုလက်တွင်းမှာသာ ရှိ၏၊ လက်နက်ကိုင်များ လက်၌ မရှိ။

၁၉၉၀-ခု၊ အောက်တိုဘာလ (၂၁) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၂-ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)

သံဃာထုကြားတွင် ကျွန်ုပ် ဩဇာ ကျဆုံးသွားသောနေ့။ သပိတ်လှန်ကံဆောင် လိုက်လျှင် ဩဇာကျဆုံးမည်ကို သိ၏၊ ဩဇာ ကျဆုံးချင် ဆုံးပါစေ၊ ကျွန်ုပ် လိုက်သည့်အတွက် သံဃာထု ဒုက္ခ အနည်းငယ်သက်သာ၏၊ လူငယ်သံဃာထုသည် ဖ/၉၀ ကြေညာချက်၏ အဓိပ္ပါယ် သဘောမပေါက်ကြ၊ သပိတ် တင်းခံနေလျှင် သာမဂ္ဂီဝင်ဖြစ်ပြီး အားလုံး လူဝတ်လဲရမည်၊ ကြေညာချက်သည် ပါရာဇိက ငါးမျိုး အသွင်ဆောင်နေ၏၊ ကျွန်ုပ်ကား သံဃာထုဘက်မှ ရပ်တည်၍ ပါရာဇိက ငါးပါး မဖြစ်သင့်ကြောင်း ရဲရဲပင် ပြောခဲ့ပါသည်၊ ကျွန်ုပ် ကြားဝင်သဖြင့် ၃-၄ ရက် ခဲပေါက်မှု မဖြစ်အောင် ဆွဲထားနိုင်ခဲ့၏၊ ကျွန်ုပ်အဖို့ ဒါသည်ပင် အမြတ်။

၁၉၉၀-ခု၊ နိုဝင်ဘာလ (၁၁) ရက်၊ တနင်္ဂနွေနေ့ (၁၃၅၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်)

အရီး ဒေါ်မြမေ (ကျွန်ုပ်ဖခင်ကြီး၏ နှမအရင်း) သေဆုံးကြောင်း ဖုန်းသတင်း ရ၊ ကျွန်ုပ် မလာနိုင်ကြောင်း ဖုန်းပြန်ဆက်လိုက်။

၁၉၉၀-ခု၊ နိုဝင်ဘာလ (၁၇) ရက်၊ စနေနေ့ (၁၃၅၂-ခု၊ နတ်တော်လဆန်း ၁ ရက်)

အာမန္တေတွာ ပုစ္ဆိတဒိဝသ။

၁၉၉၀ မှတ်တမ်း ပြီး။